www.burmeseclassic.com



# အောင်သင်း

# မျိုးဆက်သစ်တိုးတက်ရစ်ဖို့

၃+၄

www.burmeseclassic.com

www.burmeseclassic.com

လမ်းသစ်

[ ဤ 'မျိုးဆက်သစ် တိုးတက်ရစ်ဖို့' စာစုများကို ဦးစွာဖော်ပြခဲ့သော ခေတ်မြန်မာဂျာနယ်၊ အပတ်စဉ်ဆက်လက်ဖော်ပြပေးနေသော ဈေးကွက်ဂျာနယ်၊ မျိုးဆက်သစ်စာစုများကို ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေခွင့်ပြုသည့် ဆရာဦးအောင်သင်းနှင့် စာဖတ်ပရိသတ်များစွာ တို့အား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း လေးမြတ်မှတ်တမ်း တင်ပါရစေ။ ]

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

လမ်းသစ်စာအုပ် အမှတ် ၂၃

# အောင်သင်း

# မျိုးဆက်သစ်တိုးတက်ရစ်ဖို့

၃+၄

လမ်းသစ်စာအုပ်တိုက်
အမှတ် ၂၁၉(B)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၅၁၅၄ ၆၅၂

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

လမ်းသစ်

စာမူခွင့်ပြုချက်အမှတ် ၄၀၀၅၇၅၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၁၀၄၉၀၉၀၉

ထုတ်ဝေသည့်အကြိမ်

ပထမအကြိမ်၊ မေ၊ ၂၀၁၀၊ လမ်းသစ်စာအုပ်တိုက်

အုပ်ရေ (၅၀၀)

မျက်နှာဖုံးဒီဇိုင်း အောင်မြင့်နိုင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ဦးဇော်မြင့်ဝင်း(ကာလာဝံ အော့ဖ်ဆက်)

၁၀၄၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

ထုတ်ဝေသူ ဒေါ်ခိုင်းသဇင်ဌေးလှိုင်(အောင်ပိုင်မင်းစာပေ)

၂၂၂၊ ဈေးဝင်ရုံလမ်း၊ ဒေါပုံမြို့နယ်၊

ရန်ကုန်မြို့။

စာအုပ်ချုပ် ကိုမြင့်

အတွင်းဖလင် ပုံရိပ်ရှင်

ကွန်ပျူတာစာစီ ကိုနေလင်း

တန်ဖိုး ၂၀၀၀ ကျပ်

[illegible]

BURMESE CLASSIC .com

# မာတိကာ

| | | |
|---|---|---|
| ၁။ | ကျူရှိ | ၁ |
| ၂။ | ကိုယ့်ကိုကိုယ် ချစ်လား | ၄ |
| ၃။ | ဘာလုပ်ရမှန်းမသိဘူး | ၇ |
| ၄။ | ဘာလုပ်ရမှန်းမသိဘူး (၂) | ၁၀ |
| ၅။ | ဘာလုပ်ရမှန်းမသိဘူး (၃) | ၁၃ |
| ၆။ | ဘာလုပ်ရမှန်းမသိဘူး (၄) | ၁၆ |
| ၇။ | ဒိုက်ခုတ်စက် | ၁၉ |
| ၈။ | လှေကား | ၂၂ |
| ၉။ | စိတ်ကို အသင့်ပြင်ခြင်း | ၂၅ |
| ၁၀။ | မိမိကိုယ်ကို လှည့်ဖြားခြင်း | ၂၈ |
| ၁၁။ | အသိဉာဏ်ရှိးသားမှု | ၃၁ |
| ၁၂။ | ရေတိုစိမ်ကိန်း | ၃၄ |
| ၁၃။ | ရေတိုစိမ်ကိန်း (၂) | ၃၇ |
| ၁၄။ | မအေးမေဖို့ တာရားနာ | ၄၀ |
| ၁၅။ | ကြုံရမှာပဲ | ၄၃ |
| ၁၆။ | ရွှေမန်းအားတိုးဆေး | ၄၆ |
| ၁၇။ | နိုင်ငံခြားအားတိုးဆေး | ၄၉ |
| ၁၈။ | ကရုဏာရှင်ကလေးတွေ | ၅၂ |
| ၁၉။ | အနုမောဒနာပြုစရာ | ၅၅ |
| ၂၀။ | သမာအာဇီဝ လုပ်ကိုင်ကြ | ၅၈ |

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ၂၁။ ထီးမိုး ဖိနပ်ကိုင်တဲ့ | ၆၁ |
| ၂၂။ စိန်ခေါ်ရဲတဲ့သူ | ၆၅ |
| ၂၃။ စိန်ခေါ်ရဲတဲ့သူ (၂) | ၆၈ |
| ၂၄။ စိန်ခေါ်ရဲတဲ့သူ (၃) | ၇၁ |
| ၂၅။ တက်လူ ကျလူ | ၇၅ |
| ၂၆။ တက်လူ ကျလူ (၂) | ၇၈ |
| ၂၇။ အားမနာကြဲတော့ဘူးလား | ၈၁ |
| ၂၈။ အားမနာကြဲတော့ဘူးလား (၂) | ၈၄ |
| ၂၉။ ကြည်ညိုအပ်သော ကူလီ | ၈၇ |
| ၃၀။ ကြည်ညိုအပ်သော ကူလီ (၂) | ၉၀ |
| ၃၁။ ဘာစာဖတ်မလဲ | ၉၃ |
| ၃၂။ ဘာစာဖတ်မလဲ (၂) | ၉၆ |
| ၃၃။ ဘာစာဖတ်မလဲ (၃) | ၉၉ |
| ၃၄။ ဘာစာဖတ်မလဲ (၄) | ၁၀၂ |
| ၃၅။ ဘာစာဖတ်မလဲ (၅) | ၁၀၅ |
| ၃၆။ ဘာစာဖတ်မလဲ (၆) | ၁၀၈ |
| ၃၇။ ဘာစာဖတ်မလဲ (၇) | ၁၁၁ |
| ၃၈။ ဘာစာဖတ်မလဲ (၈) | ၁၁၄ |
| ၃၉။ စပ်စု၏ စပ်စု | ၁၁၇ |
| ၄၀။ စပ်စု၏ စပ်စု (၂) | ၁၂၀ |
| ၄၁။ စပ်စု၏ စပ်စု (၃) | ၁၂၃ |
| ၄၂။ စပ်စု၏ စပ်စု (၄) | ၁၂၆ |
| ၄၃။ ဘက်စုံ ထောင့်စုံ | ၁၂၉ |
| ၄၄။ ဘက်စုံ ထောင့်စုံ (၂) | ၁၃၂ |
| ၄၅။ ဘက်စုံ ထောင့်စုံ (၃) | ၁၃၅ |
| ၄၆။ ဘက်စုံ ထောင့်စုံ (၄) | ၁၃၈ |
| ၄၇။ ဘက်စုံ ထောင့်စုံ (၅) | ၁၄၁ |
| ၄၈။ ဘက်စုံ ထောင့်စုံ (၆) | ၁၄၄ |
| ၄၉။ တစ်ယောက်မှ တစ်ရာ | ၁၄၇ |
| ၅၀။ ကြို့ပမ်းအောင်မြင်မှု | ၁၅၀ |
| ၅၁။ ဝန်ထုပ်မြင့်မိုရ် | ၁၅၃ |
| ၅၂။ အလှအန္တရာယ် | ၁၅၆ |
| ၅၃။ မျိုးဆက်သစ်တို့ တို့ တက်မယ်စ်ဖို့တဲ့ | ၁၅၉ |
| ၅၄။ ကလေးကို ဖတ်ပြဖို့စာအုပ် | ၁၆၂ |
| ၅၅။ ကလေးကို ဖတ်ပြဖို့စာအုပ် (၂) | ၁၆၅ |
| ၅၆။ ကလေးကို ဖတ်ပြဖို့စာအုပ် (၃) | ၁၆၈ |
| ၅၇။ ဝါးလုံးရှည် | ၁၇၁ |
| ၅၈။ အားကျခြင်း၊ အားငယ်ခြင်း | ၁၇၄ |
| ၅၉။ အားကျခြင်း၊ အားငယ်ခြင်း (၂) | ၁၇၇ |
| ၆၀။ စက္ကူရာဇာ | ၁၈၀ |
| ၆၁။ စက္ကူရာဇာ (၂) | ၁၈၃ |
| ၆၂။ စက္ကူရာဇာ (၃) | ၁၈၆ |
| ၆၃။ စက္ကူရာဇာ (၄) | ၁၉၀ |
| ၆၄။ ပျော်ရွှင်မှု | ၁၉၃ |
| ၆၅။ ပျော်ရွှင်မှု (၂) | ၁၉၆ |
| ၆၆။ သမိုင်းဗဟုသုတ | ၂၀၀ |
| ၆၇။ သမိုင်းဗဟုသုတ (၂) | ၂၀၃ |
| ၆၈။ တရားနဲ့စကား | ၂၀၆ |
| ၆၉။ ကံကူလက်လှည့် | ၂၀၉ |
| ၇၀။ ကိုယ်မသိတာကို သိဖို့ | ၂၁၂ |
| ၇၁။ တစ်ကိုယ်တော် | ၂၁၅ |
| ၇၂။ တစ်ကိုယ်တော် (၂) | ၂၁၉ |
| ၇၃။ ပညာ (၄) | ၂၂၂ |
| ၇၄။ အရှေ့နှင့်အနောက် | ၂၂၅ |
| ၇၅။ ခေတ်ဆန်ခြင်း၊ ခေတ်မီခြင်း | ၂၂၈ |
| ၇၆။ မြင်တတ်ခြင်း၊ ပြင်တတ်ခြင်း | ၂၃၁ |
| ၇၇။ ကိုယ့်အမှားကို | ၂၃၄ |
| ၇၈။ ဖတ်ပြီး ဝင်စားကြည့်စမ်းပါ | ၂၃၉ |
| ၇၉။ ဖတ်ပြီး ဝင်စားကြည့်စမ်းပါ (၂) | ၂၄၀ |
| ၈၀။ ဖတ်ပြီး ဝင်စားကြည့်စမ်းပါ (၃) | ၂၄၃ |


www.burmeseclassic.com

www.burmeseclassic.com


၈၁။ စာကလေးတစ်စောင် ၂၄၆
၈၂။ ကိုယ့်ကိုကိုယ်သနားခြင်း ၂၄၉
၈၃။ လေ့လာမှတ်သားမှု ၂၅၂
၈၄။ လေ့လာမှတ်သားမှု (၂) ၂၅၅
၈၅။ လေ့လာမှတ်သားမှု (၃) ၂၅၈
၈၆။ အတို့အထောင် ၂၆၁
၈၇။ သူတို့နဲ့ငါတို့ ၂၆၄
၈၈။ ပညာ ၂၆၇
၈၉။ ပညာ (၂) ၂၇၀
၉၀။ ပညာ (၃) ၂၇၃




# ကျူးမိ

မကြာသေးမီက ငါ့စာအုပ်နှစ်အုပ် ထွက်သွားခဲ့ပါတယ်။ ငါ့ကို ရန်ထောင်တဲ့ စာတွေ ငါးစောင်လောက် ရှိနေပါပြီ။ ရန်မထောင်ဘဲ ကျိန်ဆဲနေတာတွေက ဘယ်လောက်များနေမလဲ ဆိုတာတော့ မပြောတတ်တော့ပါဘူး။

ငါ့ အရေးအသား၊ အကြောင်းအရာတွေကို မကျေနပ်လို့ မဟုတ်ကြပါဘူး။ ငါ့ကိုတော့ ကျေးဇူးတင်ကြောင်း၊ ကျေနပ်ဝမ်းသာကြောင်း ပြောတဲ့စာတွေ များပါပဲ။ ဘာကြောင့် ရန်ထောင်ကြသလဲဆိုတာကို ပြောလိုက်ရပါဦးမယ်။

တစ်စောင်က ဆရာရဲ့ 'အကြိုက်ဆုံး ဝတ္ထုတို' စာအုပ်ကို ဖတ်လိုက်ရတာ ဝတ္ထုသင်တန်းကြီးတစ်ခုကို တက်လိုက်ရသလို ကျေနပ်ပါတယ်။ ကျပ် ၆၅၀ တောင်ပေးလိုက်ရတာဆိုတော့ အင့်ခနဲတောင် နေမိပါတယ်။ ဒါပေမယ့် ဖတ်ချင်လွန်းနေတော့ ဝယ်လိုက်ရတာပါပဲတဲ့။ နောက်မှ ဖတ်ကြည့်လိုက်တော့ ချစ်ဦးညိုရဲ့ 'ဗျူ' ဝတ္ထုတိုက ပါမလာဘူး။ စာမျက်နှာကျော်နေတယ်။ ဆိုင်မှာ ပြန်လဲပြန်တော့လည်း ကျွန်တော်က အမြတ်တနိုး ပလတ်စတစ်နဲ့ ချက်ချင်း ချုပ်လိုက်မိတာကြောင့် လဲလို့ မရတော့ပါဘူးတဲ့။ ဒါကြောင့် အဲဒီအပိုင်းကို တခြားလူတစ်ယောက်ဆီမှာ ငှားပြီး ဖတ်လိုက်ရပါတယ်တဲ့။

သူ့နေရာကို မင်းလည်း စဉ်းစားကြည့်စမ်း။ ၆၅၀ ဆိုတာ နည်းတဲ့ ငွေလား။ ဖတ်ချင်လွန်းလို့သာ ဝယ်လိုက်ရရှာတာ။ အဲဒါ ဖတ်ကြည့်လိုက်တော့ မပြည့်စုံဘူး။ ဘယ်လောက်များ ဒေါသဖြစ်လိုက်မလဲ။ ငါဆိုရင်လည်း စာနဲ့ ရေးပြီး မရေးရင်တောင် စိတ်ထဲကတော့ ကျိန်ဆဲနေမှာပဲ။ ဒီလိုအဖြစ်မျိုး ငါလည်း ကြုံခဲ့ရဖူးတာ တစ်ကြိမ်မဟုတ်ဘူး။ တကယ့်ကို ခံပြင်းတာ။ ရုပ်ရှင် ကြည့်နေရင်း မြေပဲအပုပ်စေ့ကို ဝါးလိုက်မိတာက ပြန်ထွေးလိုက်လို့ ရသေးတယ်။ ခုတော့ စာအုပ်ကို လွှင့်ပစ်လိုက်ရအောင်ကလည်း ကျပ် ၆၅၀ တောင် ပေးထားရတာ။ အမြတ်တနိုး ဝယ်လိုက်တာ။ ဒီတော့ စာအုပ်ကို ကိုင်မိတိုင်း [illegible]ဖြစ်ကျိန်ဆဲနေမှာပေါ့။

**လမ်းသစ်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက 'မျိုးဆက်သစ် တိုးတက်ရစ်ဖို့-၂' အဲဒီစာအုပ်မှာလည်း မာတိကာမှာပါလျက်သားနဲ့ ဆောင်းပါးတွေ ပါမလာလို့တဲ့။ အဲဒါကလည်း ကျပ် ၂၀၀ တောင် ပေးဝယ်လိုက်ရတာ။ ဆောင်းပါးတချို့ ပါမလာလို့ ဒေါသဖြစ်နေတဲ့အထဲမှာ တချို့စာမျက်နှာတွေမှာ မင်းရောင်မှိန်လွန်းအားကြီးလို့ မနည်းကြီး ကြိုးစားဖတ်ယူရပါတယ်။ စက္ကူကလည်း ညံ့လွန်းပါတယ်တဲ့။ စာဖတ်ပရိသတ်ကို နှိပ်စက်သလို ဖြစ်နေပါတယ်တဲ့။

ကဲ- 'အဲဒါ ငါနဲ့ ဘာဆိုင်လဲ'လို့ ပြောလို့ဖြစ်မလား။ စာရေးဆရာတစ်ယောက်ရဲ့ စိတ်ညစ်ရတဲ့ဘဝကို မင်းတို့သိအောင် ပြောတာပါ။

အဲဒါတွေက ကျွန်တော်တို့နဲ့ဘာဆိုင်လို့ ရေးနေတာလဲလို့ မင်းတို့က မေးစရာရှိပါတယ်။ ဆိုင်ပုံကို ပြောပြပါမယ်။ လုပ်ငန်းကြီးတွေ လုပ်တဲ့သူတွေဟာ Q.C လို့ အတိုကောက်ခေါ်ကြတဲ့ Quality Control ကုန်ပစ္စည်း အရည်အသွေး ထိန်းသိမ်းမှုကို သိပ်ကို ဂရုစိုက်ကြတယ်။ အဲဒီအတွက် စစ်ဆေးဖို့ကိုပဲ သီးခြားတာဝန်ပေးထားတဲ့အဖွဲ့ ရှိရတယ်။ ကိုယ့်လုပ်ငန်း ကိုယ့်ကုန်ပစ္စည်းကို ဝယ်ယူအားပေးတဲ့သူတွေကို ရိုသေလေးစားတဲ့ သဘောပေါ့။

ငါတို့ မြန်မာလူမျိုးတွေဟာ အဲဒီဘက်မှာ အတော်ကြီးကို ပစ်စလက်ခတ်လုပ်လွန်းအားကြီးတယ်လို့ ထင်မိတယ်။ ဝယ်ယူသုံးစွဲသူကို မထေမဲ့မြင်ပြုရာရောက်မနေဘူးလား။ အစားအသောက် စတဲ့ ကုန်ပစ္စည်းတွေမှာလည်း ဒီလိုပဲ၊ နည်းနည်းလောက် နာမည်ရလာလို့ ရောင်းကောင်းလာပလား၊ လူကြိုက်များတာပလားဆိုရင် ဟိုဘက်မှာ ခိုလိုက်သလိုလို၊ ဒီဘက်မှာ လျှော့လိုက်သလိုလို လုပ်လာတတ်ကြတယ်။ **ဆုတ်ယုတ်နိမ့်ပါးခြင်းရဲ့ အကြောင်းတရားတွေပဲ။** ဒီထက် ထိထိမိမိ ပြောလိုက်ရရင်တော့ ကိုယ့်သေတွင်းကိုယ် တူးနေကြတာပဲ။

ကုန်စည်က ညံ့လာတော့ ဖောက်သည်ယူပြီး လက်လီရောင်းတဲ့သူမှာလည်း စားသုံးသူရဲ့ ရန်ထောင်တာကို ခံရတော့တာပဲ။ ခုပဲကြည့်လေ စာဖတ်သူတွေက ငါ့ကို လှမ်းပြီး ရန်ထောင်နေကြပြီ မဟုတ်လား။ ငါ့စာကြောင့် မဟုတ်ဘူး။ စာအုပ်ကြောင့်။ ဒီတော့ ငါလည်း မျက်နှာပူရတာပဲ။ စာနဲ့လှမ်းပြီး ရေးကြတာမို့သာကိုး။ အနားမှာလာပြီး ရန်ထောင်မယ်ဆိုရင် မျက်နှာပူတာနဲ့ ငါရတဲ့ ဝေစုစာအုပ်ထဲက ထုတ်ပြီး လဲပေးလိုက်မိမှာပဲ။

ခုမှ သတိရလို့ ပြောရဦးမယ်။ မျိုးဆက်သစ်-၂ ကို လက်ဆောင်ပေးလိုက်မိတာ၊ စာမျက်နှာလျော့နေလို့ လာပြောတာနဲ့ အသစ်တစ်အုပ် ထပ်ပေးလိုက်ရသေးဗျား။





ကြားဖူးတာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ အမေရိကမှာ ဖြစ်တာပါ။ ပုဆိန်လုပ်တာ နာမည်ကြီးတဲ့ ပန်းပုဆရာတစ်ယောက်ဆီမှာ ပုဆိန်သွားဝယ်တဲ့သူက တစ်ဒေါ်လာတန် အသင့်လုပ်ထားပြီးသားကို မလိုချင်လို့ နှစ်ဒေါ်လာပေးပါ့မယ်။ အကောင်းဆုံးလုပ်ပေးပါလို့ ပြောတယ်။ ပန်းပဲဆရာက နှစ်ဒေါ်လာပေးချင်လည်း ပေးပါ၊ အဲဒီ လုပ်ပြီးသားထဲက ကြိုက်တာကိုသာ ကောက်ယူသွားပါ။ အဲဒါတွေထက် ပိုကောင်းအောင်တော့ ကျုပ်မလုပ်တတ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်လုပ်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်တာချည်းပါပဲလို့ ပြန်ပြောလိုက်သတဲ့။

ဒီတော့ မင်းကိုလည်း လုပ်သမျှမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရင် အကောင်းဆုံးလူ ဖြစ်လာမှာပဲ။ တော်စွလျော်စွလုပ်ရင် တော်စွလျော်စွလူ ဖြစ်လာမှာပဲ။ မင်းတို့ကိုယ် မင်းတို့လည်း 'ကျူးစီ' လုပ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကိုကိုယ် ချစ်သလား

မကြာသေးမီက အံ့သြစရာကောင်းတဲ့ *(တကယ်တော့လည်း အံ့သြစရာ မဟုတ်တဲ့)* စကားတစ်ရပ်ကို ကြားလိုက်ရတယ်။ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ကြတဲ့ ဂိုဏ်းကြီးတွေမှာ ပါဝင်လှုပ်ရှားနေကြရတဲ့ လူငယ်တွေဟာ မူးယစ်ဆေးဝါး သုံးစွဲခွင့် လုံးဝမရှိဘူးဆိုပဲ။ တကယ်လို့ တစ်ယောက်ယောက် သုံးစွဲတာကို တွေ့သွားလိုက်ပြီဆိုရင် ချက်ချင်း သေဒဏ်ပေးပစ်လိုက်တာပဲတဲ့ သဘောက ဒီလူငယ်ဟာ လုံးဝ သုံးမရတော့ဘူး။ စိတ်မချရတော့ဘူးလို့ ယူဆ ကြတာကြောင့် ဖြစ်မှာပေါ့။ ဦးစီးသူတွေ ကိုယ်တိုင်ကလည်း မူးယစ်ဆေးကို လုံးဝ မသုံးစွဲကြဘူး။ သူတို့ သားသမီးတွေဆိုရင်တော့ အထူးပြောနေစရာ မလိုတော့ဘူး။ 'ရှောင်လေဝေးဝေး မူးယစ်ဆေး'ပေါ့။

ဒီစကားကို ကြားလိုက်ရတော့ မူးယစ်ဆေးစွဲရှာတဲ့ လူငယ်တွေဘက်က ငါ့မှာ တစိမ့်စိမ့် ရင်နာနေမိတယ်။

နံပါတ်ဖိုးလို့ခေါ်တဲ့ မူးယစ်ဆေးမျိုးသာ မဟုတ်ဘူး။ အခြားခြားသော အရက်သေစာစတဲ့ ပစ္စည်းတွေကို ထုတ်လုပ်ကြတဲ့ လူတွေဟာလည်း သူတို့ ကိုယ်တိုင်က ဘယ်တော့မှ အရက်သမားတွေ မဟုတ်ကြဘူး။ သူတို့သ မဟုတ်ဘူး။ သူတို့ရဲ့ သားသမီးများကိုလည်း အရက်သောက်ခွင့် မပေးကြဘူး [illegible] ကို သတိကြီးစွာထားပြီး တားမြစ်ကြတာပါပဲ။

အထူးသဖြင့် နံပါတ်ဖိုးလို့ခေါ်တဲ့ ဘိန်းဖြူကတော့ အညွန့်လေး တလူလူ နဲ့ လူငယ်တွေရဲ့ဘဝကို အညွန့်ကုံးသွားစေတာမို့ အန္တရာယ်ကြီးလှတယ်ဆိုတာ ကို အထူးပြောနေစရာတောင် မလိုတော့ပါဘူး။ ယခုတော့ဖြင့် ဒီထက်တော် အစွမ်းထက်တဲ့ 'လူငယ်ဖျက်ဆေးဝါး'တွေ ပေါ်နေတယ်လို့ ကြားနေရပြန်တယ် 'သြော် တက်လည်း တတ်နိုင်ကြပါပေ့၊ ရက်လည်း ရက်စက်နိုင်ကြပါပေ့' ညည်းလိုက်ဖို့သာ ကောင်းတော့တာပဲ။ သူတို့ဟာ သူတို့ရဲ့ စီးပွားရေးအတွ ကိုသာ ကြည့်ကြတော့တာပဲ။ လူငယ် သားပျိုလုလင်ပျိုများကို ဖျက်ဆီး ကြပြီလို့ တစ်ဖက်ကို လှမ်းပြီး တွေးချိန်ကို မရနိုင်ကြတော့ဘူး ထင်ပါ





ဟာကယ်ဆိုတော့ တက်သစ်စလူငယ်တွေကို ဖျက်ဆီးပစ်လိုက်တာဟာ နိုင်ငံတော် ကို၊ လူမျိုးကို ဖျက်ဆီးနေခြင်းသာလျှင် ဖြစ်တယ်။ လူငယ်တွေမရှိဘဲ အနာဂတ် နိုင်ငံတော်ဆိုတာ ရှိနိုင်ပါ့မလား။ လူငယ်ဆိုတာမရှိရင် လူမျိုးဆိုတာကော ရှိနိုင်ပါဦးမလား။ ဒီထက်ဆိုလိုက်ရရင် လူသားမျိုးနွယ်တစ်ရပ်လုံးကို ဖျက်ဆီး နေခြင်းဖြစ်တယ် မဟုတ်လား။

သူတို့ဟာ သူတို့ရဲ့ ချမ်းသာမှု၊ ငွေကြေးစီးပွား တိုးတက်မှုအတွက် လူငယ်တွေ ဘယ်လောက်ပဲ ပျက်စီးပြီး ဘယ်မျှပဲ ဘဝတုံးတုံး လုံးလုံးသတိ ပေးထားမိနိုင်ကြတော့ဘူး။ လူငယ်တွေကို ချစ်တဲ့စိတ် ကုန်ခန်းသွားခဲ့ကြပြီ။ သူတို့တစ်တွေ လူငယ်တွေကို မချစ်နိုင်ကြတော့ဘူး။ ချစ်ရကောင်းမှန်း၊ သနားရ ကောင်းမှန်း၊ သားချင်း သမီးချင်း စာနာရကောင်းမှန်း မသိနိုင်ကြတော့ဘူး။ ထပ်ပြီး ပြောလိုက်ပါရစေဦး။

သူတို့တစ်တွေ လူငယ်တွေကို မချစ်တတ်ကြတော့ဘူး။

သူတို့က လူငယ်တွေကို မချစ်တတ်ကြတော့ရင် လူငယ်တွေက ကိုယ့် ကိုကိုယ် ချစ်ကြရပေလိမ့်မည်။ သူတို့က လူငယ်တွေ ဘဝတုံးအောင် လုပ် နေကြရင် လူငယ်တွေက ကိုယ့်ဘဝကို အညွန့်တလူလူ ရှင်သန်နေအောင် အားထုတ်ကြရပါလိမ့်မယ်။

လူငယ်တွေ ကိုယ့်ကိုကိုယ် ချစ်ကြရလိမ့်မယ်လို့ ဆိုခဲ့ပါတယ်။ 'ကိုယ့် ကိုကိုယ် မချစ်ဘဲ နေပါ့မလား၊ ချစ်ကြသပေါ့' လို့ပြန်ပြီး စောဒကတက်စရာ အကြောင်းရှိပါတယ်။ မင်းတို့ဘက်က ပြောပြန်တော့လည်း ဟုတ်ပေတာပဲ။ မင်းတို့လည်း မင်းတို့ကိုယ် မင်းတို့ ချစ်ကြပေမှာပေါ့။ ဒါပေမယ့် ငါကလည်း မင်းတို့ကို ပြန်ပြီး မေးရဦးမှာပဲ။ မင်းတို့ကိုယ်မင်းတို့ တကယ်ချစ်ကြပါရဲ့လား။ မေးကြည့်စေချင်တဲ့ မေးခွန်းက မင်းရဲ့ကိုယ်ပိုင်အားလပ်ချိန်မှာ ဘာတွေလုပ်လေ့ ရှိသလဲ။ အားလပ်တဲ့ ကိုယ်ပိုင်အချိန်ကို ပြောတာနော်။ ကျောင်းသားဆိုရင်လည်း ကျောင်းအားချိန်၊ ကျောင်းပိတ်ရက်တွေလို အားလပ်ချိန်ကို ပြောနေတာ။ အဲဒီလို ကိုယ်ပိုင်အချိန်မှာ လုပ်လေ့ရှိတာတွေကို စာရင်းချကြည့်ပါ။ အဲဒီ စာရင်းထဲမှာ ပါတာတွေကို မင်းအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေတာ ဘယ်နှစ်ခုပါသလဲ ဆိုတာကို စစ်ဆေးကြည့်ပါ။ မင်းအတွက် ပေါ့ဖျင်း အကျိုးယုတ်စေတာ ဘယ် နှစ်ခုလောက် ပါနေသလဲဆိုတာကို စစ်ဆေးကြည့်ပါ။

ထပ်ပြီး အသေးစိတ်သဘော မေးရမယ်ဆိုရင် မင်း လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိသလား၊ ထိုင်ရင် တစ်နေ့ ဘယ်နှစ်ခါ ထိုင်သလဲ၊ တစ်ခါထိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ကြာတတ်သလဲ၊ ထိုင်ပြီး ဘာတွေ ပြောကြ ဆိုကြသလဲ၊ အဲဒီ ပြောကြ ဆိုကြတာတွေက မင်းအတွက် ဘယ်လောက် အကျိုးကျေးဇူးများသလဲ ဆိုတာမျိုးတွေကို ပြန်ပြီး စစ်ဆေးကြည့်ပါ။

ဒီလိုမှမဟုတ် အားလပ်ချိန်မှာ စာဖတ်တတ်သလား၊ ဖတ်တဲ့စာက ဘယ်လိုစာမျိုးတွေကို ဖတ်သလဲ၊ ကိုယ့်အတွက် ဖျော်ဖြေရေးသက်သက်လား၊ အသိပညာတိုးတဲ့ စာမျိုးတွေလား ဆိုတာတွေကို စစ်ဆေးကြည့်ပါ။

အတိုချုပ်ရင် မိကောင်းဖကောင်းများဟာ သားသမီးကို အရိပ်တကြည့်ကြည့်နေပြီး သားသမီးကို တိုးတက်အောင်၊ ဖွံ့ဖြိုးအောင် နည်းလမ်းအမျိုးမျိုး ရှာကြံပြီး မြေတောင်မြှောက်ပေးနေတာပဲ။ မကောင်းတဲ့အကျင့်၊ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားတဲ့အကျင့်ကို တွေ့လိုက်ရင်လည်း သတိပေးပြီး ဆုံးမစမြဲမဟုတ်လား။ 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်'ဆိုတာပေါ့။

ဒီတော့ မင်းတို့ကိုယ်မင်းတို့ တကယ်ချစ်ပါတယ်ဆိုရင် မိဘက သားသမီးကို ထိန်းကျောင်းသလို မင်းတို့ကိုယ်မင်းတို့ ထိန်းကျောင်းနေရမှာပဲ မဟုတ်လား။

အစကို ပြန်ကောက်လိုက်ကြရအောင်။

မူးယစ်ဆေး ကူးသန်းရောင်းဝယ်သူတွေဟာ သူတို့ သားသမီးများကျတော့ မူးယစ်ဆေးကို မသုံးမိကြလေအောင် ကွပ်ညှပ်ထိန်းကျောင်းကြတယ်။ ကောင်းပေ့ဆိုတဲ့ ကျောင်းတွေမှာ ထားပြီး ပညာသင်ကြားစေတယ်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေပေါ့။ သူတို့သားသမီးကို ချစ်ကြပေတာကိုး။

မင်းတို့ကိုယ်မင်းတို့ အဲဒီလို ချစ်ကြရဲ့လား။

မူးယစ်ဆေးတစ်ခုတည်းရယ် မဟုတ်ဘူး။ ဖြန့်ကြက် ဆ ါ်ခြင်ကြပြီး အစစမှာ ကိုယ့်ကိုကိုယ်ချစ်ဖို့ သတိရကြပါ။



# ဘာလုပ်ရမှန်းမသိဘူး

"ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘူး အဘရယ်"

အဲဒါက တပည့်ရင်းတစ်ယောက်ရဲ့ သားတစ်ယောက်က ငါ့ကို တိုင်တည်သလိုလို၊ ညည်းသလိုလို ပြောလိုက်တဲ့ စကားပါပဲ။ ဒါမျိုးလေးတွေကို လူငယ်တွေရဲ့ လောကမှာ မကြာခဏ ကြားနေရတတ်တာမို့ အဲဒီ မြေးတပည့်လေးကို ငါပြန်ပြောခဲ့တာတွေကို ရေးလိုက်ရပါဦးမယ်။ ငါပြောခဲ့တာ သင့်၏ မသင့်၏ မင်းတို့လူငယ်တွေအားလုံး စဉ်းစားကြည့်ကြစေချင်ပါတယ်။

"မင်းတို့ လူငယ်တွေဆီက ဒီစကားမျိုးတွေကို မကြာခဏ ကြားရတယ်။ ငါ့စိတ်ထဲမှာ ပထမဆုံး စဉ်းစားလိုက်မိတာကတော့ မင်းတို့တစ်တွေဟာ ထမင်းစားဖို့သောက်ဖို့အတွက်၊ နေဖို့အတွက် ပူပင်မနေရတဲ့အတွက်ကြောင့် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေကြတာပါ။ တကယ်လို့သာ ကိုယ်က မှီခိုအားထားစရာ မရှိတော့တဲ့ ဘဝမျိုးကိုသာ ရောက်လိုက်မယ်ဆိုရင် ဘာလုပ်ရမယ်ဆိုတာကို အပူတပြင်း ရှာကြတော့မှာ သေချာတယ်။ အဲဒီလို ရှာရင်လည်း တွေ့ကို တွေ့ရတော့မှာပဲ။ ဘာကြောင့်လဲဆိုတော့ မင်းက မတွေ့ရင် တွေ့အောင်ရှာရတော့မှာကိုး။ ဘဝက မင်းကို မောင်းနေပြီမဟုတ်လား"

"မင်း ငါပြောတာကို သေချာ စဉ်းစားကြည့်စမ်းပါ။ မင်းလို ညည်းနေကြတဲ့လူငယ်တွေဟာ စားရေး၊ နေရေးမှာ အဆုံးစွန်သော အခက်အခဲကို တစ်ယောက်မှ မရောက်ကြသေးဘူး။ တကယ်လို့ ရောက်သွားကြမယ်ဆိုရင် ထွက်ပေါက်ကို မရရအောင်ကို ရှာကြတော့မှာ အမှန်ပဲ။ အခုတော့ မင်းတို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာက အရွယ်ရောက်နေပြီဖြစ်လျက် အလုပ်မရှိဘဲ အိမ်မှာ ထိုင်စားနေရတာ လိပ်ပြာမလုံ ဖြစ်နေလို့ အလုပ်ရှိအောင်၊ အလုပ်ရှိအောင်လို့ ပြနိုင်အောင် ရှာနေကြတာမျိုးပါပဲ။ ကောင်းပြီ၊ မင်းကို ငါတစ်ခုမေးမယ်။ လက်တွေ့လုပ်ကိုင်နိုင်လောက်တဲ့ လုပ်ငန်းသင်တန်းတွေထဲက မင်းဝါသနာပါတဲ့ လုပ်ငန်းသင်တန်းတစ်ခုခု ငါ့ကို ပြောစမ်းကွာ။ ဥပမာ အီလက်ထရောနစ် ဘာညာဆိုတာမျိုး ဖြစ်ဖြစ်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလောက် စဉ်းစားနေပြီးတော့ သူက ပြောပါတယ်။

"ကျွန်တော် အီလက်ထရောနစ်ကိုတော့ သိပ်ဝါသနာမပါဘူး။ စက်ပြင်တာတို့လို ဘာလို ယန္တရားကိုတော့ ဝါသနာပါသလိုလိုရှိတာ အမှန်ပဲ။ ဟို လမ်းထိပ်မှာ ကားပြင်တဲ့ ဝပ်ရှော့တစ်ခုရှိတယ်။ အဲဒီမှာ ကျွန်တော် တစ်ခါတလေ သွားကြည့်နေမိရင် သိပ်စိတ်ဝင်စားတယ်။ အကြာကြီး ကြည့်နေမိတတ်တယ်။

"ဒါဖြင့် မင်းစက်ပြင်တာကို ဝါသနာပါလို့ပေါ့ကွ။ အဲဒီလို စက်ပြင်သင်တန်းတွေ ဘာတွေလည်း ဖွင့်ထားတာ ရှိနေသားပဲ မဟုတ်လား။ သွားပြီး တက်ပေါ့။ မကြာသေးမီကပဲ မဂ္ဂဇင်းတစ်စောင်က အင်တာဗျူးအခန်းမှာ တာမွေ လမ်းဆုံနားက 'မိုး' စက်ပြင်သင်တန်း အကြောင်းကို ဖတ်လိုက်ရသေးတယ်။ အင်တာဗျူးမှာ ဖတ်လိုက်ရသလောက်ဆိုရင် တတ်ကျွမ်းတဲ့ စက်ဆရာတွေက အတော်လေး စနစ်တကျ သင်ပေးနေတဲ့ လက္ခဏာ ပေါ်လွင်နေတယ်။ မာတ်ဆီအင်ဂျင်ရော၊ ဒီဇယ်အင်ဂျင်ကိုပါ အခြေခံကစပြီး ထိုက်သင့်သလောက် ကျွမ်းကျင်လာအောင် သင်ပေးနေတဲ့သင်တန်း ဖြစ်ပါလိမ့်မယ်။ ငါတော့ သေချာမသိပါဘူး။ အင်တာဗျူးတွေ့လို့ ကောက်ဖတ်လိုက်မိတာတာပါပဲ။

"နောက်ပြီး သတိထားမိသလောက်မှာ သင်တန်းကြေးကလည်း သင့်တင့်လျောက်ပတ်တဲ့ သင်တန်းကြေးမျိုးပါပဲ။ မင်း တကယ်ဝါသနာပါရင် သွားတက်ပေါ့ကွ။ တကယ် ဝါသနာပါတာမှန်ရင် တစ်ခုခုလည်း လုပ်ချင်နေတာမှန်ရင် အဲဒီမှာ မင်းဟာ ပျော်ကို ပျော်လာလိမ့်မယ်။ နောက်ပြီး ငါ မှတ်မိသလောက် သင်တန်းကာလဟာ နှစ်ချီပြီးကြာတာမျိုး မဟုတ်ဘူး။ အဲဒါ တက်လိုက်ပေါ့။ ငါက 'မိုး'စက်ပြင်သင်တန်းအကြောင်းကိုသာ သိလို့ 'မိုး'လို့သာ ပြောနေရတာ။ တခြားသင်တန်းတွေလည်း ရှိချင်ရှိနေဦးမှာပေါ့။ မင်း သွားလမ်းလာလမ်းက စလို့ ပိုပြီး အဆင်ပြေနိုင်တဲ့ သင်တန်းကို ရှာတန်ရင်လည်း ရှာပေါ့။

"သင်တန်းဆင်းပြီးတော့လည်း ဒီအတိုင်း ထိုင်နေလို့ ဘယ်မှာ ဖြစ်ပါ့မလဲ။ နီးစပ်ရာ ဝပ်ရှော့တစ်ခုခုမှာ ကူညီဝင်လုပ်ပြီး လက်တွေ့ပညာရှာရမှာပေါ့။ တကယ့် စက်ဆရာကြီးတွေဆီမှာ ချဉ်းကပ်ပြီး ပညာဆည်းပူးရမှာပေါ့။ နောက်ပြီး မင်းဟာ ဆယ်တန်းတောင် အောင်ထားပြီးပဲဥစ္စာ၊ အင်္ဂလိပ်စာ အခြေခံလောက်ကိုတော့ ဖတ်နိုင်ခဲ့ပြီပဲ။ ပညာရပ်ဆိုင်ရာ စာအုပ်တွေကိုလည်း ရှာဖွေပြီး ဖတ်ပေါ့။

"မင်းတို့ ပုံမှန်တွေ့လောက်မှာ စာဖတ်ဝါသနာပါတယ်ဆိုတာ ကဗျာ၊ ဝတ္ထု၊ မဂ္ဂဇင်းစတဲ့ ရသစာပေ ဖတ်တာ၊ ဗဟုသုတ စာပေဖတ်တာလောက်ကိုပဲ





စာဖတ်တယ်လို့ ပြောပြောနေကြတယ်။ လုပ်ငန်းဆိုင်ရာ စာပေတွေကိုလည်း ဖတ်ကြရတာပဲ။ အဲဒီလို လုပ်ငန်းဆိုင်ရာ စာပေတွေကို မဖတ်ရင် ဘယ်မှာ ဘယ့်တက်နိုင်ပါတော့မလဲ။

"ငါဆိုရင်လည်း ငါ့လုပ်ငန်းနဲ့ဆိုင်တဲ့ စာပေတွေကို မပြတ်ဖတ်နေရတာပဲ။ အဲဒီအပြင် ငါက ကွန်ပျူတာ ဝယ်ပြီးသုံးလိုက်မိလေတော့ ကွန်ပျူတာနဲ့ ဆိုင်တဲ့ စာတွေကိုလည်း ဖတ်လိုက်သေးတာပဲ။ ပထမတော့ အင်္ဂလိပ်လိုတွေကို ဖတ်ရတာပေါ့။ အခုတော့ ဆရာဦးအောင်မြင့်တို့လို ပညာရှင်တွေက ငါတို့လို လူပြိန်းတွေ နားလည်နိုင်အောင်ကို ရေးပြီး စာအုပ်တွေ ထုတ်လိုက်တော့ ဆရာဦးအောင်မြင့်ကိုပဲ ဆရာတင်ပြီး ကွန်ပျူတာနဲ့ အလုပ်လုပ်နေရတာပဲ။ ငါဆိုရင် ပထမဆုံး ကွန်ပျူတာ ဝယ်လိုက်စဉ်အခါက တပည့်တစ်ယောက်က ဖွင့်တာ ပိတ်တာလောက်သာသာပဲ သင်ပေးလိုက်တာပါ။ ခုတော့ ဦးအောင်မြင့်အားကိုးနဲ့ အလုပ်ဖြစ်ဒီဇိုင်းတွေတောင် ဆော့ချင်ဆော့နေတာ။ ဒါတွေကို ကြွား.ချင်လို့ ပြောနေတာ မထင်နဲ့။ ငါ့လို အဘိုးကြီးတောင်မှ လုပ်ချင်တာတွေ များလွန်းလို့ မမျှပလောက်နိုင် ဖြစ်နေတယ်။ မင်းတို့လို ငယ်ငယ်ရွယ်ရွယ်တွေက အချိန်များ ပိုနေပြီး အလကားထိုင်နေရင်း 'ဘာလုပ်ရမှန်း မသိဘူး'ဆိုတော့ ငါလည်း မင်းတို့ကို ကြည့်ပြီး 'ဘာလုပ်ရမှန်း မသိတော့ဘူး'လို့သာ ပြန်ပြီး ညည်းလိုက်ချင်တော့တာပဲ။ ဒီကိစ္စ ဆက်ကြဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

## ဘာလုပ်ရမှန်းမသိဘူး (၂)

ပြီးခဲ့တဲ့အပတ်က 'ဘာလုပ်ရမှန်း မသိဘူး အဘရယ်'ဆိုတဲ့ မြေးတပည့်လေး တစ်ယောက်ကို စက်ပြင်သင်တန်း ဝါသနာပါရင် တက်ကြည့်ဖို့ ပြောခဲ့တဲ့ အကြောင်းကို ရေးခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ဖြင့် ကိုယ့်သားအကြောင်းကို ရေးလိုက်ရဦးမယ်။ ၁၉၈၄ လောက်ကပါ။ ငါ့စိတ်ထဲမှာ အီလက်ထရောနစ် ခေတ်ကြီးထဲကို ငါတို့မြန်မာပြည်ဟာလည်း မလွဲမသွေ ဝင်ရတော့မယ်။ မြန်မာ ပြည်မှာ ကွန်ပျူတာတွေ ရောက်လာရတော့မယ်ဆိုတာကို ကြိုပြီး သဘောပေါက် ခဲ့တယ်။ ဒါကြောင့် သားဖြစ်သူကို ထရန်စစ္စတာ ရေဒီယိုသင်တန်းကို သွားတက် ပါလို့ ပြောပြီး သင်တန်းလိုက်အပ်ပေးခဲ့တယ်။ သင်တန်းကြေးက ကျပ် ၆၀၀၊ တစ်ဝက်သွင်းရတာမို့ ငွေကျပ် ၃၀၀ သွင်းပေးခဲ့ရတယ်။ နှစ်ပတ်လောက် တက်ပြီးတော့ ဝါသနာ မပါလို့ဆိုပြီး ဆက်မတက်တော့ဘူး။ ငွေကျပ် ၃၀၀ ရေထဲ ပစ်ချလိုက်သလိုပါပဲ။

အရင်တစ်ပတ်ကလည်း ငါကိုယ်တိုင်က ကွန်ပျူတာရောဂါလေး ရှိနေ ကြောင်းကို ပြောခဲ့ပါတယ်။ ကွန်ပျူတာကလည်း တစ်ခါတစ်ရံ နာမကျန်း ဖြစ်တတ်လေတော့ ကွန်ပျူတာ ပြုပြင်ရေးဆိုင်တွေကို သွားရတဲ့အခါလည်း ရှိပေတာကိုး။ ဒီတော့ လူနာနဲ့ ဆရာဝန် ဖောက်သည်ဖြစ်နေတတ်ကြသလို ငါ့မှာလည်း ကွန်ပျူတာ ဆေးခန်းတစ်ခု လက်စွဲထားရတယ်။ အဲဒီအလုပ်ခန်းမှာ ကြီးကြပ်နေတဲ့ သူငယ်က အသက်အားဖြင့် အစိတ်ကျော် သုံးဆယ်တစ်ဝိုက် လောက်ပါပဲ။ အတော်လေးကို ကျွမ်းကျင်ပါတယ်။ ဒါနဲ့ တစ်နေ့မှာတော့ သူ့ကို ကွန်ပျူတာစက်ပညာ ဘယ်မှာ သင်ခဲ့သလဲဆိုတာ မေးကြည့်လိုက်တော့

"ကျွန်တော်က ကွန်ပျူတာတက္ကသိုလ်တွေ ဘာတွေကို မတက်ဖူးပါဘူး ဆရာ။ မူလစမဲ့တာကတော့ ရေဒီယိုတို့ ကက်ဆက်တို့ပါပဲ။ နောက် တယ်လီ ဗီးရှင်းတွေ ပေါ်လာလိုက်တော့ တယ်လီဗီးရှင်းကို ဆက်ပြီး လေ့လာတာပေါ့၊ နောက် ဗီဒီယိုပြစက်တွေ ပေါ်လာပြန်တော့လည်း နောက်တစ်ဆင့်ပဲပေါ့။ ခုတော့ ကွန်ပျူတာကို လေ့လာပြန်တာပေါ့။ အီလက်ထရောနစ်ဆိုတော့ တစ်ကြော





ထဲတွေပေါ့ ဆရာရယ်။ ကျွမ်းကျင်တဲ့ ဆရာတွေဆီမှာလည်း ဆည်းပူးရတာပေါ့။ သက်ဆိုင်ရာ စာအုပ်တွေ ဘာတွေကိုလည်း ဖတ်ရတာပေါ့"

ငါ့မှာလေ ငါ့သားကို စိတ်ဆိုးခြင်းအသစ် ဖြစ်လိုက်မိသေးတယ်။ ကြည့် စမ်း ငါအစောကြီး ကြိုတင်ပြင်ဆင်ပေးပါလျက်နဲ့ ဒီကောင် အသုံးမကျလိုက် လေပေါ့။

ပဓာနထားပြီး ပြောချင်တာက 'ဘာလုပ်ရမှန်း မသိဘူး'ဆိုရင် ဘာလုပ် စရာမှ မတွေ့ဘဲ ပြီးသွားကြမှာပဲ။ ဘာလုပ်ရမလဲလို့ ရှာနေတဲ့သူကတော့ ဘာလုပ်ရမလဲဆိုတာ တွေ့သွားမှာပဲ။ ဘာမှ မလုပ်ဘဲ ခပ်ချောင်ချောင်လေး စားသောက်နေနိုင်လို့ ခပ်ပေါ့ပေါ့ ရှာနေတဲ့သူကတော့ ဘာလုပ်ရမှန်းကို သိမှာ မဟုတ်တော့ဘူး။ အလုပ်က ကိုယ့်ဆီကို လာတိုးတော့မှ လုပ်မယ့်လူစားမျိုး ဖြစ်နေတာကိုး။

မင်းတို့ သတိထားပြီး ကြည့်စေချင်တာတစ်ခုကို ပြောလိုက်ရဦးမယ်။

'ဘာလုပ်ရမလဲ'ဆိုတာကို ရှာတဲ့သူတွေ ပဓာနထားတာက (ငါ့စိတ်ထင်) လူတွေဟာ ဘာကို လိုအပ်နေသလဲဆိုတာကို လိုက်ရှာကြတာပါပဲ။ လူတွေ လိုအပ်နေတာကို ဖြည့်ဆည်းပေးလိုက်ရင် ကိုယ့်မှာလည်း အလုပ်ဖြစ်သွားတာ ပါပဲ။ ကမ္ဘာကျော် တီထွင်သူတွေ၊ သိပ္ပံပညာရှင်တွေဟာလည်း ဒါကို လုပ်သွား ကြတာပါပဲ။

တောကျေးလက်ဒေသမှာ စဉ်းတီတုံးဆိုတာမျိုးကို ဝယ်နေစရာ လိုတာ မဟုတ်ဘူး။ ဒါပေမယ့် ရန်ကုန်လို မြို့ကြီးတွေမှာကျတော့ စဉ်းတီတုံးတစ်ခုကို ဘယ်မှာသွားတောင်းမလဲ။ ရှာပျဉ်ပြားတစ်ချပ်ကို ကောက်ယူပြီး ဖြစ်သလို မှတ်စဉ်းနေကြရတာ။ အဲဒီလို ရန်ကုန်မှာ လူတွေ လိုအပ်နေတာကို သတိထား မြင်လိုက်တဲ့ လူက စဉ်းတီတုံးကို လိုက်ရောင်းတော့ အလုပ်ဖြစ်သွားတာပဲ။ အနောက်နိုင်ငံတွေမှာလို လုပ်ငန်းမှတ်ပုံတင်သာ ရှိမယ်ဆိုရင် အဲဒီ ပထမဆုံး ကိုပြုမိလိုက်တဲ့သူဟာ စဉ်းတီတုံးသူဌေးကြီးတောင် ဖြစ်နေလောက်ပြီ။ အခု တော့ဖြင့် နိုင်ငံခြားကလာတဲ့ ပလတ်စတစ်လား ဖိုင်ဘာလား မသိပါဘူး။ စဉ်းတီတုံးပြားလေးတွေတောင် ဝင်နေတာ တွေ့ရတယ်။ အဲဒါကလည်း လူများလိုအပ်နေတာကို ကြည့်ပြီး လုပ်လိုက်တာပါပဲ။

အဲဒီလိုပါပဲ ရန်ကုန်သိမ်ကြီးဈေးတစ်ဝိုက်ကို ကြည့်လိုက်ရင် အဝတ် ရောင်းတဲ့ လက်ရိုက်တုတ်ကလေးတွေ၊ ရေစစ်တွေ၊ ဓာတ်ဘူးဖော့ဆို့တွေ၊ ... အူတောင် ပါလိုက်သေး။ အဲဒါတွေ အားလုံးကို သတိထားကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ဘာလုပ်ရရင် ကောင်းမလဲဆိုတာကို ရှာနေခဲ့သူတွေရဲ့ တွေ့ရှိချက်တွေပဲလို့ ပြောရမှာပဲ။

မင်းတို့ကိုပြောချင်တာက ဘာလုပ်ရမှန်း မသိသေးတာဟာ မင်းကကို တကယ့်မရှာလို့ ဘာလုပ်ရမှန်း မသိသေးဘဲ ဖြစ်နေတာပါ။ ပတ်ဝန်းကျင်မှာ လုပ်စရာတွေက အများကြီးပါ။ မိဘအခြေအနေကောင်းလို့ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်စရာ မလိုဘူးဆိုရင်လည်း လေ့လာစရာတွေ ဆည်းပူးစရာတွေဟာ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပြည့်နှက်နေအောင် ရှိနေတာပါ။

'ပါပသမိံ ရမတိ မနော' (စိတ်သည် မကောင်းမှု၌မွေ့လျော်၏)ဆိုတာကို ကြားဖူးကြမှာပေါ့။ သူငယ်ချင်းတွေ စုမိလို့ 'ပျင်းလိုက်တာကွာ၊ ဘာလုပ်ရမှန်း မသိဘူး'လို့ ညည်းလိုက်မိရင် မကောင်းတစ်ခုခု လုပ်မိကြဖို့ အသံပေးအဆိုပြုလိုက်တာနဲ့ အတူတူပဲ။

ဘာလုပ်ရမှန်းမသိတာက အရေးမကြီးဘူး။ မကောင်းတာကို လုပ်မိသွားတတ်ကြလွန်းလို့ 'ဘာလုပ်ရမှန်း မသိဘူး'ဆိုတာကြီးကို ဖျောက်ပစ်နိုင်အောင် လုပ်စရာတစ်ခုခုကို ရှာပါ။ မရှာရင် အပေါင်းလက္ခဏာ မဖြစ်ရုံမက အနုတ်လက္ခဏာ ထွက်လာတတ်တာကြောင့် သတိပေးလိုက်ရတာပါ။



## ဘာလုပ်ရမှန်းမသိဘူး (၃)

ဒီကနေ့ လူငယ်တွေရဲ့ 'ဘာလုပ်ရမှန်း မသိဘူး'ပြဿနာကို ရေးခဲ့တာ နှစ်ပတ်ရှိသွားခဲ့ပြီ။ ဒီတစ်ပတ်လည်း ဆက်လိုက်ရဦးတော့မှာပဲ။ အရင် ရေးခဲ့တာတွေက ရန်ကုန်လို မြို့ကြီးနေ ကျောင်းသားတွေအတွက် ဦးတည်ထားသလို ဖြစ်နေတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း အဲဒီလို လူငယ်တွေသာ များနေလေတော့ သူတို့အကြောင်းကိုပဲ ရေးလိုက်မိတာပေါ့။ နောက်မှ တောကျေးလက်လို၊ နယ်မြို့လေးလိုမှာ ရှိနေကြတဲ့ လူငယ်တွေကော ဘယ်လိုလဲဆိုတာကို လက်လှမ်းမီသမျှ စူးစမ်းမေးမြန်း ကြည့်မိပါတယ်။

တွေ့တဲ့ ကြုံတဲ့လူလောက်ကိုသာ မေးမြန်းရတာဆိုတော့ ပြည့်ပြည့်စုံစုံ ကြီးတော့ဖြင့် မသိနိုင်ပေဘူးပေါ့လေ။ သိသော်လည်း ကြားရသိရသမျှလောက်နဲ့ ကောက်ချက်ဆွဲလိုက်ရရင်တော့ ကျောင်းပညာ ဟုတ်တိပတ်တိ မသင်ခဲ့ရတဲ့ ကလေးတွေမှာ ဘာပြဿနာမှ မပေါ်ဘူး။ 'ဘာလုပ်ရမှန်း မသိဘူး' ဆိုတာမျိုး မဖြစ်လာဘူး။ မိဘရိုးရာလုပ်ငန်းထဲကို အလွယ်တကူ ဝင်သွားခဲ့ကြတာပဲ များကြတယ်။ ကျောင်းပညာကို ထိုက်သင့်သလောက် သင်ခဲ့သူတွေ၊ တိုးလိုးတန်းလန်းနဲ့ ကျောင်းထွက်ခဲ့ရတဲ့သူတွေမှာသာ ပြဿနာပေါ်နေတာ ဖြစ်တယ်လို့ သိရတယ်။

ကျောင်းပညာဆိုတာဟာ အောင်လက်မှတ်ပြပြီး လုပ်ကိုင်စားသောက်ဖို့လို့ ထင်နေကြတဲ့ လူငယ်တွေရဲ့ ရင်ထဲက အစွဲကြီးဟာ ကြောက်စရာကောင်းလောက်အောင် ကြီးထွားလွန်းနေပြီ။ ဒီနေရာမှာ ပြောလိုက်ရပါဦးမယ်။ ပညာသင်ကြားပေးတဲ့ ဆရာကောင်းတစ်ယောက်ဟာ တပည့်ဖြစ်သူကို **သိချင်စိတ်ပြင်းပြလာအောင်၊ စနစ်တကျ စူးစမ်းတတ်အောင်** သင်ပေးလိုက်နိုင်ရင် ဆရာ့တာဝန် အတော်ကြီးကို ကျေပွန်သွားတယ်လို့ ဆိုနိုင်တယ်။ အဲဒီနှစ်မျိုးကို ရခဲ့ရင် ဘဝမှာ အောင်မြင်သွားတတ်ကြတာပါပဲ။ ဘာလက်မှတ် ဘာဘွဲ့ကြီးတွေပဲ ကိုင်ထား ကိုင်ထား အဲဒီအရည်အချင်းနှစ်ခု ပါမလာရင် 'ဘွဲ့ရငတုံး' ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပတ်ဝန်းကျင်မှာ ဘာတွေ လိုအပ်နေသလဲ၊ လိုအပ်ချက်တွေကို ကိုယ်က တီထွင်ဖြည့်ဆည်းပေးနိုင်သလား၊ ကိုယ့်မှာရှိနေတဲ့ ပစ္စည်းစွမ်းအားနဲ့ လုပ်လို့ရနိုင်သလားလို့ဆိုတာကို နေ့နေ့ညည စဉ်းစားရင်၊ ဦးနှောက်ကိုသုံးရင် တွေ့လာနိုင်မှာပေါ့။ အမှန်ပြောတာပါ၊ ငါတို့က တောကျေးလက်တွေနဲ့ မနီး စပ်ပါဘူး။ ဒီတော့ အကြံကောင်းဉာဏ်ကောင်းလည်း ဘယ်မှာ ပေးနိုင်ပါ့မလဲ။ မြက် ချဉ်ဖတ်လုပ်တာတွေ ဘာတွေဆိုတာကလည်း စာထဲမှာသာ ဖတ်ဖူးတာပါ။ ဒါပေမယ့် လုပ်အပ်တဲ့ကိစ္စတစ်ခု၊ အကျိုးရှိစေနိုင်တဲ့ ကိစ္စတစ်ခုဆိုတာကိုတော့ သဘောပေါက်လိုက်မိပါတယ်။ အဲဒီလိုပေါ့လေ၊ တောကျေးလက်တွေမှာ ကြုံရ တတ်တဲ့ ပြဿနာတွေဟာ ကိုယ့်အတွက် အခွင့်အလမ်းကို စဉ်းစားကြည့်လိုက် မယ်ဆိုရင် လုပ်နိုင်တဲ့အလုပ်တွေ တစ်ပုံကြီးပေါ်လာမယ် ထင်ပါတယ်။ နိုင်ငံတော် အစိုးရ စိုက်ပျိုးရေးဌာနတွေမှာ သွားပြီး အကြံဉာဏ်တောင်းရင်လည်း ရနိုင်တာ ပါပဲ။

မိတ်ဆွေတွေနဲ့ ဆုံကြတဲ့ စကားဝိုင်းတစ်ခုမှာ ဒီအကြောင်းတွေကို ပြောဖြစ်ကြပါတယ်။ ပြောနေရင်းကပဲ သတိရလာလို့ အဖြစ်အပျက်ကလေး တစ်ခုကိုလည်း ထည့်ပြောလိုက်မိပါတယ်။ အဲဒါက နိုင်ငံတကာမှာ ဟိုတယ် ကြီးတွေ တန်းစီပြီး ဖွင့်ထားတဲ့ သူဌေးကြီးတစ်ယောက်ကို "ခင်ဗျားကော ကျောင်းအားဖြင့် ၇ တန်း၊ ၈ တန်းလောက်သာ အောင်ခဲ့ပါလျက် ဒီလောက် ကြီးကျယ်တဲ့လုပ်ငန်းကို ဘယ်လိုလုပ်ပြီး အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ပါသလဲ" လို့ မေးကြည့်လိုက်တော့ သူ ဖြေလိုက်တာက "ကျုပ်က ပညာမတတ်ဘူးလေ၊ ဒီတော့ ဦးနှောက်ကိုပဲ ဖိသုံးရတော့တာပေါ့"တဲ့။

အဲဒီတော့မှ ဓနုဖြူဘက်က မိတ်ဆွေတစ်ယောက်က "ဆရာပြောမှ သတိရလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော် မကြာသေးခင်က ဓနုဖြူတောင်ပိုင်း ကို ခဏပြန်သွားခဲ့တယ်။ အဲဒီမှာ ကောင်လေးတစ်ယောက်ကို တွေ့ခဲ့တယ်။ ကောင်လေးဆိုပေမယ့် သိပ်တော့ မငယ်လှတော့ပါဘူး။ သုံးဆယ်လောက် ရှိရောပေါ့။ သူက ကျောင်းပညာ ဘာတတ်မှာလဲ၊ လွန်ရော ကျွံရော ၆ တန်း လောက်ပဲ ရှိမှာပေါ့"

အဲဒီမိတ်ဆွေ ပြောပြတာက အဲဒီ ချောက်တန်းမောင်မှာ ကူဘိုတာ စက်ကလေးတစ်လုံးရှိတယ်။ ခုတလော ရေနက်ကွင်း စိုက်ခင်းပေါ့မှာ ဒိုက်တော ကို ခုတ်ဖို့ရှင်းဖို့ လူငှားရတာကိုက ပြဿနာကြီးတစ်ခုလို ဖြစ်နေတယ်ဆိုပဲ၊ စရိတ်လည်း အင်မတန်ကုန်သတဲ့။ ဒီတော့ ချောက်တန်းမောင်က ဘာလုပ်





သလဲဆိုရင် သစ်စက်တွေက လွှကျိုးတွေကို သွားဝယ်၊ ဓားသွားသေးလေးလေး တွေဖြစ်အောင် သူ့ဘာသာ တံစဉ်းနဲ့ဖြတ်၊ အဲဒါလေးတွေကို ကူဘိုတာမှာ ဟပ်တယ်။ တပ်တာမှာတော့ဖြင့် ဂဟေသမားတွေ ဘာတွေကို ခိုင်းရမှာပေါ့။ ဘယ်နေရာမှာ ဘယ်လိုတပ်တယ်ဆိုတာကိုတော့ မိတ်ဆွေကလည်း ကိုယ်တိုင် သေချာလေ့လာခဲ့ရတာ မဟုတ်လို့ မပြောနိုင်ဘူး။

လိုရင်းပြောရရင်တော့ အဲဒီဓားသွားတပ် ကူဘိုတာစက်ကို ဒိုက်တော ထဲမှာ မောင်းပြီးဖြတ်လိုက်တာ တစ်ခေါက်လောက်ကို ခဏလောက်ပဲ လုပ်ရ ဟယ်လို့ ပြောပါတယ်။ ဒိုက်ကွင်းတွေမှာ ရေတွေနဲ့ဆိုတော့ ဘယ်လိုလုပ် မောင်းသလဲလို့ မေးကြည့်လိုက်မိတယ်။ အဲဒါကို သူက ပိုလို့တောင် သဘောကျ သေးဆိုပဲ။ ဘာကြောင့်လဲဆိုတော့ ဝါးဖောင်ကလေးနဲ့ တင်ဆွဲလိုက်ရတော့ ပိုပြီး သက်သာသတဲ့။ တစ်ပတ်တစ်ပတ်မှာ သောင်းချီပြီး ဝင်နေတယ်ဆိုပဲ။

သူကလည်း ချောက်တန်းပဲ အောင်ခဲ့လေတော့ ဦးနှောက်ကို ဖိသုံးရတာ ဖြစ်မှာပေါ့။ ဒီတော့ ဘာလုပ်ရမှန်း မသိတဲ့ လူတွေဟာ များသောအားဖြင့် **ကိုယ့်ကို ခိုင်းမယ့်လူလောက်ကိုသာ လိုက်ရှာနေကြတာမို့ ဖြစ်ပါလိမ့်မယ်။** ကိုယ့်ပတ်ဝန်းကျင်ကို သေသေချာချာ ဂရုစိုက်ကြည့်လိုက်မယ်ဆိုရင် လုပ်စရာတွေ အများကြီး တွေ့ရမှာပါပဲ။

သေချာကြည့်ပြီး သေချာစဉ်းစားကြမယ်ဆိုရင် တွေ့လာမှာပါ။ ကျောင်း ပညာကို ခဏလောက် ခေါက်ထားပြီး **'ဘဝကျောင်းတော်ကြီးထဲက၊ ဘဝ ပညာ'**ကို ဆည်းပူးကြည့်စမ်းပါလို့ တိုက်တွန်းလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဘာလုပ်ရမှန်းမသိဘူး (၄)

အရင်တစ်ပတ်က ကျောင်းသင်ပညာကို ခဏလောက်ခေါက်ထားပြီး ဘဝ ကျောင်းတော်ကြီးထဲက ဘဝပညာကို ရနိုင်သလောက် သင်ယူစမ်းပါလို့ တိုက်တွန်းခဲ့ပါတယ်။ အလွတ်ကျက် အာဂုံဆောင်ဆိုတဲ့ 'ကျက်ပညာ'နဲ့ ကြီးလာခဲ့ကြတာဆိုတော့ ဦးနှောက်ကို သုံးရကောင်းမှန်း မသိကြတော့ဘူး။ ဖက်ဆစ်ဂျပန်တွေ လက်ထက်က အမှောင်ခန်းထဲမှာ လပေါင်းများစွာ ပိတ်အထားခံလိုက်ရတဲ့ လူတွေဟာ အမှောင်ခန်းက လွတ်လာတော့ လုံးဝ မျက်စိကန်းသွားတာကို တွေ့ကြရသတဲ့။ မျက်စိဆိုင်ရာ ပစ္စည်းအားလုံးက သူတို့အလုပ်ကို မေ့သွားကုန်ကြတာပေါ့။

စိတ်ပညာသိပ္ပံရဲ့ နောက်ဆုံးတွေ့ရှိချက်အရ ဦးနှောက်ရဲ့ ဝဲဘက်ပိုင်းက အလီပေါင်းတို့၊ သင်ပုန်းကြီးတို့၊ သတ်ပုံတို့လို ကိစ္စရပ်မျိုးတွေကို မှတ်တဲ့အလုပ်ကို လုပ်တယ်တဲ့။ ဦးနှောက်ရဲ့ ညာဘက်ပိုင်းကတော့ စိတ်ကူးယဉ်တာတို့၊ စိတ်ကူးစိတ်သန်းနဲ့ တွေးခေါ်မြော်မြင်တာတို့ကို လုပ်တယ်ဆိုကိုး။ ကျောင်းသင်ပညာတွေကို ကျက်ရမှတ်ရတာနဲ့ပဲ ကလေးတွေဟာ စိတ်ကူးစိတ်သန်း ခြောက်ခန်းကုန်ပြီလားလို့၊ ထွင်ဉာဏ်တွေ တုံးကုန်ပြီလားလို့ အမေရိကမှာရှိတဲ့ ပညာရေးစိတ်ပညာရှင်တွေက မေးခွန်း ထုတ်လာနေကြပြီ။

ငါက ပညာရှင်ကြီး မဟုတ်ပါဘူး။ ဒါပေမယ့် မင်းတို့တစ်တွေကို ကျောင်းသင်ပညာလေး တစ်ခုထဲမှာ ပတ်ချာလည်ပြီး စဉ်းစားမနေဘဲ အပြင်ကို ထွက်လာအောင် နှိုးဆော်နေတာပါ။ ပြဿနာတစ်ရပ်ကို ခဲ့ရဲ့ဝံ့ဝံ့ သေချာစူးစမ်းပြီး ရင်ဆိုင်နိုင်အောင် လေ့ကျင့်ကြစေချင်လို့ ပြောနေရတာပါ။ လယ်တီဆရာတော်ကြီး မိန့်တော်မူခဲ့တဲ့ 'မျက်မြင်မှာ ဉာဏ်တွဲလို့၊ အနည်းနည်းရှုပါ'ဆိုသလိုပေါ့။ အနည်းနည်းဆိုတာက 'အနည်းနည်း'ပေါ့။ အဲဒီလို အမျိုးမျိုး ကြံစည်တတ်အောင် အလေ့အကျင့် လုပ်ကြစေချင်ပါတယ်။ သတ္တိကောင်းဖို့ လိုပါတယ်။ စိတ်ကို ခါးတောင်းကျိုက်ထားဖို့ လိုပါတယ်။





အမေရိကပြည်နယ်လေးတစ်ခုမှာ ဖြစ်ခဲ့တာလေးကို စာစောင်တစ်ခုမှာ ဖတ်ခဲ့ဖူးလို့ ဖောက်သည်ချ တင်ပြလိုက်ချင်ပါတယ်။

မီးခြစ်ကုမ္ပဏီတစ်ခုက ကြော်ငြာတယ်။ သူတို့မီးခြစ်ဟာ ထုတ်လိုက်သမျှ ကုန်ပါတယ်။ ဒါပေမယ့် အမြတ်အစွန်းက နည်းလွန်းနေပါတယ်။ ဒါကြောင့် အကြံဉာဏ်ပေးပါ။ အောင်မြင်ထမြောက်ရင် အကြံပေးသူကို ထိုက်ထိုက်တန်တန် ဆုပေးမယ့်အပြင် အစုဝင်အဖြစ်ပါ အသိအမှတ်ပြုပါ့မယ်ပေါ့။

ဘီယာဘားမှာ ဘီယာသောက်နေတဲ့ လူတစ်ယောက်က ဒီကြော်ငြာကို တွေ့လိုက်တော့ စိတ်ဝင်စားသွားပြီး အဲဒီ မီးခြစ်တစ်ဘူးကို ဝယ်လိုက်တယ်။ မီးခြစ်ဆံတွေကို တစ်ဆံပြီးတစ်ဆံ အားလုံးကုန်သွားအောင် ခြစ်ပစ်လိုက်တယ်။ ပြောက်ပြီးမှ ဆိုင်က ကလောင်တံနဲ့ စက္ကူကိုတောင်းတဲ့ပြီး အကြံပေးစာတစ်စောင်ရေးလိုက်တယ်။ အဲဒီနောက် လေးငါးလလောက်ကြာတော့ ဒီလူက ကုမ္ပဏီက ဆုကိုရော၊ အစုဝင်အဖြစ်ကိုရော ရသွားခဲ့ပါတယ်။

သူပေးလိုက်တဲ့ အကြံဉာဏ်က–

*'ခင်ဗျားတို့ မီးခြစ်ဆံကို ကျူပ် စီးကရက်မီးညှိကြည့်ပါတယ်။ စီးကရက်ပေးလိပ်ထိအောင်တောင် ညှိနိုင်ပါတယ်။ လူတွေဟာ စီးကရက် မီးညှိကြရင် များသောအားဖြင့် တစ်လိပ်နှစ်လိပ်ပါပဲ။ အလွန်ဆုံး သုံးလိပ်ပါ။ ဒါကြောင့် မီးခြစ်ဆံကို သုံးပုံတစ်ပုံလျှော့ပြီး တိုပစ်လိုက်ပါ။ မီးခြစ်ဘူးကလည်း တိုသွားပေမှာပေါ့။ နောက်ပြီး မီးခြစ်တဲ့ယမ်းကို ခင်ဗျားတို့ကို နှစ်မျက်နှာ ထည့်ထားပေမယ်။ ကျူပ်မီးခြစ်ဆံ အကုန်ခြစ်ကြည့်လိုက်တာ တစ်မျက်နှာတောင် မကုန်ပါဘူး။ ယမ်းတစ်မျက်နှာဟာ သက်သက်ပိုနေပါတယ်။ ဒါကြောင့် ယမ်းတစ်မျက်နှာ သုတ်ပါ။ သုတ်တဲ့အခါမှာတော့ ညာဘက်မှာ သုတ်ပါ။ ညာသန်က များလို့ ဖြစ်ပါတယ်"*

အဲဒါဟာ စိတ်ကူးပါပဲ။ လက်တွေ့ကျသော စိတ်ကူးပေါ့။ အဲဒီလို မှုမဲ့ရှာဖွေပြီး တွေ့အောင်ရှာသလို မရှာဘဲတွေ့လိုက်တာကို သတိထားလိုက်မိရင်လည်း ဟန်ကျပန်ကျ ဖြစ်သွားနိုင်တာပါပဲ။ ငါ ခပ်ငယ်ငယ်က စာစောင်တစ်ခုမှာ ဖတ်ခဲ့ဖူးလေးတာကို ပြန်ပြောလိုက်ရဦးမယ်။

အမေရိကမှာပါ။ လင်မယားနှစ်ယောက်က ကပွဲကို သွားကြတော့မယ်။ မယားကျော်က အသင့်ဖြစ်နေပြီ။ မိန်းမက ပြင်လို့ဆင်လို့ မပြီးသေးဘူး။ ဒါနဲ့ မယားကျော်က မှန်တင်ခုံနားမှာ ထိုင်ပြီး စောင့်နေရင်း မိန်းမရဲ့ ဆံညှပ်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ကိုင်ပြီး ကွေးလိုက် ကောက်လိုက် ဖြောင့်လိုက်လုပ်ပြီး လက်ကမြင်းနေမိတယ်။ မိန်းမက ဆံညှပ်တွေ ကောက်ထိုးလိုက်တော့ ဆံညှပ်တစ်ချောင်းက ပုံပျက်နေလို့ စိတ်ဆိုးသေးတယ်။ ဒါပေမယ့် အဲဒါပါ ကောက်ပြီး ထိုးရတာပါပဲ။

အဲဒါနဲ့ ကပွဲရောက်သွားပြီး ဖြောင်းဆန်အောင် ကလိုက်ကြတာ သန်းခေါင်းကျော် လင်းအားကြီးကျမှ အိမ်ပြန်ရောက်ကြတယ်။ အဲဒီမှာ ကြည့်လိုက်တော့ မိန်းမရဲ့ခေါင်းမှာ ဆံညှပ်တစ်ချောင်းမှ မကျန်တော့ဘူး။ ခင်ပွန်းဖြစ်သူက ကောက်ကွေးထားလို့ တွန့်နေတဲ့ ဆံညှပ်တစ်ချောင်းပဲ ကျန်နေတော့တယ်။ အဲဒီမှာတင် ယောက်ျားက အတွန့်ပါတဲ့ ဆံညှပ်ကို မှတ်ပုံတင်ပြီး လုပ်ရောင်းလိုက်တာ အတော်လေးကို စားသာသွားသေးတယ်ဆိုပဲ။

ဒီတော့ လိုအပ်ချက်ကို ရှုစမ်းတာမျိုး၊ မတော်တဆ တွေ့လိုက်တာကို သတိထားပြီး မိမိရရ ဆုပ်ကိုင်လိုက်တာမျိုးလည်း လုပ်လို့ရနိုင်တာပဲဆိုတာကို ပြောချင်တာပါ။

အရေးကြီးတာကတော့ ကျောင်းသင်ပညာကိုချည်း အားကိုးမနေပါနဲ့။ ဒါပါပဲ။



# ဒိုက်ခုတ်စက်

'ဈေးကွက်ဂျာနယ်' အမှတ် ၁၂၈ (၁၃-၈-၉၉) 'မျိုးဆက်သစ် တိုးတက်ရစ်ဖို့' ကဏ္ဍ 'ဘာလုပ်ရမှန်း မသိဘူး(၃)'မှာ ခနော်ဖြူကျေးလက်က လူတစ်ယောက်က ဒိုက်ခုတ်စက်ကလေးတစ်လုံးကို တီထွင်လိုက်တဲ့အကြောင်း ရေးလိုက်ပါတယ်။ ရည်ရွယ်ချက်တော့ ပညာတတ် လူငယ်လေးတွေဟာ ကျောင်းသင်ပညာကို အတုံးလိုက် အတစ်လိုက် သုံးဖို့ကိုချည်း စဉ်းစားမနေဘဲ ကျောင်းသင်ပညာကို ခေတ္တလောက်မေ့ထားပြီး ပတ်ဝန်းကျင်မှာ ဘာတွေ လိုအပ်နေသလဲ ဆိုတာကို ကြည့်ပြီး ကိုယ်လုပ်နိုင်လောက်တာကို ကြိုးစားလုပ်ကိုင်ကြဖို့ အကြံပေး၊ အားပေး ရေးလိုက်တာပါ။ ဒါပေမယ့် အဲဒီဆောင်းပါး ပါလိုက်တာနဲ့ 'ဈေးကွက်'ကို ယူမ်းပြီး တယ်လီဖုန်း ဆက်ကြတယ်။ ဈေးကွက်ကလည်း ဘယ်ဖြေနိုင်ပါ့မလဲ။ သူဟိုလည်း သိမှ သိကြဘဲကိုး။ တကယ်ဆိုတော့ ငါကိုယ်တိုင်လည်း ဘာမှ သေသေချာချာ မသိပါဘူး။ ဒီအကြောင်းကို ပြောလိုက်တဲ့သူက ကဗျာဆရာ 'မောင်ခိုင်တည်'ပါ။

မောင်ခိုင်တည်က ဒီအကြောင်းကို 'စာဖတ်သူ'ဂျာနယ်က အမှုဆောင် တာကည်း 'သာရတ္တ'ကိုလည်း ပြောပြလိုက်တယ်။ သာရတ္တကတော့ ဒီအကြောင်း ကို သူကိုယ်တိုင် သိချင်တာနဲ့ ခနော်ဖြူဘက်ကို ကိုယ်တိုင်လိုက်သွားတယ်။ ဒီအကြောင်းကို 'စာဖတ်သူဂျာနယ်' အတွဲ ၃၊ အမှတ် ၃၀ (၁၃-၈-၉၉) စာမျက်နှာ(၆)မှာ 'ကိုယ့်အားကိုယ်ကိုး တီထွင်ကြသူများ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြထားပါတယ်။ ဈေးကွက်မှာ ဖော်ပြလိုက်ခဲ့မိတာ ဖြစ်လေတော့ လှမ်းပြီး မေးကြတဲ့သူတွေကို ဖြေကြားဖို့လည်း တာဝန်ရှိနေပြန်ပါတယ်။ ဒါကြောင့် 'စာဖတ်သူ'ဂျာနယ်ထဲက ဆောင်းပါးကို မတွေ့လိုက်တဲ့ 'ဈေးကွက်'ပရိသတ် အတွက် ထပ်ပြီး ဖော်ပြလိုက်ရပြန်ပါတယ်။ ဆောင်းပါးရှင် သာရတ္တ ရေးထား တာက—

ခနော်ဖြူမြို့နယ် တော်ဝကျေးရွာသို့ ရောက်ခဲ့စဉ်က ကိုယ်ထူကိုယ်ထ ဒိုက်ခုတ်စက် တီထွင်ကာ ရေနက်ကွင်း စပါးခင်းများအတွက် စပါးခိုက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းရှင်း ဒိုက်ဖြတ်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ရင်စို့ခန့်ရှိသော ရေထဲတွင် လူအားဖြင့် ခုတ်ထွင်ရှင်းလင်းရသည့် အလုပ်အား တရုတ်နီ အင်ဂျင်စက်တစ်လုံးဖြင့် စပါးရိတ်စက်မှ ဓားသွားများကို အသုံးပြု၍ အင်ဂျင်အားဖြင့် ရိတ်ဖြတ်ခြင်းဖြင့် အချိန်ကုန် လူပန်း သက်သာစေသည့်ပြင် တစ်နေ့လျှင် (၁၀)ဧကနီးပါး ရိတ်ဖြတ်နိုင်သဖြင့် ကျေးရွာပတ်ဝန်းကျင်မှ လယ်ယာဦးကြီးများ အထူး စိတ်ဝင်စား၍ အလုအယက် လာရောက်ငှားရမ်းနေသည်ဟု သိရပါသည်။ တီထွင်ကြသည့် လယ်သမားများမှာ ကိုကြာဖော်၊ ကိုကျော်မြင့်နှင့် စက်ဆရာ ကိုဝင်းနိုင်ဆိုသူတို့ဖြစ်ကြောင်း။

ကိုင်း...ကြားကြလား ကိုရွှေမျိုးဆက်တို့၊ ငါမှန်းကြည့်ရသလောက် ဒီကျေးလက်က လူတွေဟာ မင်းတို့လောက် ကျောင်းသင်ပညာ အခြေခံရှိနေကြဟန် မတူပါဘူး။ (အေး-ရှိချင်လည်း ရှိခဲ့ကြမယ်ပေါ့လေ) ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သေချာပေါက်ပြောနိုင်တာ တစ်ခုကတော့ သူတို့က ဘာလုပ်ရမယ်ဆိုတာကို သိသွားကြတဲ့ လူတွေဖြစ်တယ်။ ဘာကြောင့် သိသွားကြရသလဲ။ သူတို့ ပတ်ဝန်းကျင်ကို စိတ်ဝင်စားတယ်။ ပတ်ဝန်းကျင်မှာ ဘာတွေလိုအပ်နေသလဲဆိုတာကို စူးစူးစမ်းစမ်း ကြည့်တယ်။ ကြည့်တော့ တွေ့တာပါပဲ။

ဒီတော့မှ ငါတို့တတ်နိုင်တာလေးတွေ၊ ငါတို့မှာရှိတဲ့ ပစ္စည်းလေးတွေနဲ့ ဘယ်လိုလုပ်နိုင်မလဲဆိုတာကို စဉ်းစားကြတယ်။ ကိုင်း ကြည့်စမ်း- လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဆိုတာတွေကို လက်တွေ့လုပ်ဆောင်လိုက်တဲ့ သူတွေ ဖြစ်မသွားပေဘူးလား။ သာရတ္ထရဲ့ သတင်းဆောင်းပါးမှာ ပါသလောက်နဲ့ ခန့်မှန်းကြည့်လိုက်တော့ တစ်ယောက်တည်းလုပ်တာ မဟုတ်ဘူး။ ပူးပေါင်းပြီး တီထွင်လုပ်ဆောင်ကြတာ ဖြစ်နေတယ်။

ကောင်းပြီ- မင်းတို့ကော အဲဒီလို မလုပ်နိုင်ကြပေဘူးလား။ ကိုယ်တစ်ယောက်တည်း မတတ်နိုင်ဘူးလို့ ထင်လိုက်ရင် တတ်နိုင်လောက်တဲ့သူကို အကူအညီတောင်းကြရမှာပေါ့။ အဲဒီလို ပူးပေါင်းဆောင်ရွက်လိုက်တော့ ငွေကြေးအင်အား၊ အတတ်ပညာအင်အား စသည်ဖြင့်လည်း ပိုပြီး တောင့်တင်းခိုင်မာလာတတ်ပြန်တာပေါ့။

အရေးကြီးတာက ခဏခဏပြောခဲ့သလိုပါပဲ။ ကျောင်းသင်ပညာကို အသုံးချပြီး ဟိုကုမ္ပဏီက ခိုင်းနိုးနိုး၊ ဒီကုမ္ပဏီမှာ အလုပ်ရနိုးနိုး ဆိုတာမျိုးလောက်ကိုသာ တွေးမနေပါနဲ့။ ပတ်ဝန်းကျင်မှာ ဘာတွေလိုအပ်သလဲ၊ ဘယ်သူတွေ ဘာအတွက် အခက်အခဲ တွေ့နေသလဲ၊ ဘယ်လိုဖြေရှင်းလိုက်ရင် ရနိုင်





သလဲဆိုတာမျိုးကို လေ့လာကြည့်ကြစေချင်တယ်။ စင်စစ်မှာတော့ **'စီးပွားရေးလုပ်ငန်း'ဆိုတာတွေဟာ သူတစ်ပါးရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးတာတွေချည်းပါပဲ။** တစ်ပါးသူရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးလိုက်တော့ ငွေကြေးစတဲ့ ကိုယ်လိုအပ်တဲ့ အရာတွေကို ရလာပြန်တာပေါ့။ အထက်မှာ ဖော်ပြခဲ့တဲ့ ဒိုက်ခုတ်စက်ကို သေချာစဉ်းစားကြည့်လိုက်ရင် ဒီအချက်ဟာ အလွန်ကို သိသာနေတာပဲ မဟုတ်လား။

လက်တွေ့ပြောလိုက်ရရင် ငါ ဆောင်းပါးတွေ ရေးနေပုံကို ကြည့်လိုက်ပါလား။ မင်းတို့ ပညာတတ်လူငယ်တွေ ယောင်ချာချာဖြစ်နေပုံကို ကြည့်ပြီး အားပေးအားမြှောက်ရေးနေတာပဲ မဟုတ်လား။ ဒီတော့ ငါလည်း စာမူခ ငွေလေးကြေးလေးတွေ ရလာပြန်တာပဲပေါ့။ ဒီလိုပြောလိုက်တော့ ရယ်စရာလည်း အကောင်းသား။



www.burmeseclassic.com

www.burmeseclassic.com

## လှေကား

ဆရာကြီးရွှေဥဒေါင်းက ရတနာပုံဝတ္ထုကြီးကို သတင်းစာမှာ အခန်းဆက် ရေးနေတော့ ပရိသတ်ကလည်း စောင့်ဖတ်နေကြရတာပေါ့။ ဝတ္ထုကြီးကလည်း အလွန်ဆွဲဆောင်မှုအား ကောင်းလေတော့ စာဖတ်သူတွေဟာ အချင်းချင်း ဒီဝတ္ထုအကြောင်းကို ပြောကြဆိုကြပေါ့။ သူတို့ခေတ်က ဘတ်စ်ကားခေတ် မဟုတ်ဘူး။ လော်ကယ်ရထားခေတ်။ ဒီတော့ ရထားပေါ်မှာ ခရီးသည်အချင်းချင်း သူ့ဝတ္ထုအကြောင်းကို ပြောဆိုနေကြတာ ကြားရတော့ ပီတိဖြစ်မိတဲ့အကြောင်း ရေးခဲ့ဖူးပါတယ်။

နောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့အတူ မီးရထားနဲ့ ခရီးသွားကြတဲ့အခါမှာ မုံရွာဘက်ကို ရောက်တော့ ဆရာကြီးရွှေဥဒေါင်းက "ချောင်ဦးဆယ်ရွာက၊ ပြောင်းဖူးသည် မယ်ညာတို့ကိုလည်း မတွေ့ပါလား"လို့ ဆရာကြီးမှိုင်းရဲ့စာကို ရွတ်ပြီး ပြော လိုက်တော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလည်း ပြုံးပြီး ပီတိဖြစ်သွားပုံ ရတယ်တဲ့။ စာရေးဆရာဆိုတာ ကိုယ်ရေးလိုက်တဲ့စာကို ပရိသတ်က နှစ်နှစ် သက်သက် ရှိကြတယ်ဆိုရင် ပီတိဖြစ်စမြဲပါပဲ။

ပြီးခဲ့တဲ့ ၂၀-၃-၉၉ နေ့က အင်းစိန်-ဆူးလေ ဘတ်စ်ကားနဲ့ မြို့ထဲ ဘက်ကို လိုက်လာခဲ့ပါတယ်။ မတ်တတ်ပဲလိုက်ခဲ့ရတာပါ။ လက်တန်းကို ကိုင်လျက်ပဲ အမှတ်မထင် နောက်ကို လှည့်ကြည့်လိုက်တော့ ကျောချင်း တစောင်းကပ် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ မျက်မှန်ကလေး နဲ့။ သူက ဖျတ်ဆို သူ့အဖော် မိန်းကလေးတစ်ယောက်ကို လှည့်ပြီး တစ်ခုခု ပြောလိုက်ပုံရတယ်။ ဟိုမိန်းကလေးကလည်း လှမ်းကြည့်တယ်။ ဒါနဲ့ အမှတ် မထင်လိုပဲ နေလိုက်ပါတယ်။ ၁၅ လမ်းလောက်ရောက်တော့ အနားက လူ တစ်ယောက် ဆင်းသွားတယ်။ ကိုယ်မထိုင်မီ အဲဒီ မိန်းကလေးကို ထိုင်ပါလို့ ပြောလိုက်တော့မှ သူက ရှေ့မှတ်တိုင် ဆင်းမယ်လို့ ပြောပြီး "ဆရာကြီး ဦးအောင်သင်းပါလားတဲ့"။ ဟုတ်ပါတယ်လို့ ပြောလိုက်တော့ ခပ်သွက်သွက်





မိန်းကလေးမို့ "ဆရာ့စာတွေကို ဖတ်တယ်၊ အခွေတွေကိုလည်း နားထောင် တယ်၊ ဈေးကွက်ကိုလည်း စောင့်ဖတ်နေတယ်"နဲ့ ရွှန်းရွှန်းဝေသွားအောင် ပြောတာပဲ။ ဒါနဲ့ ဘယ်မှာနေသလဲဆိုတာကို မေးလိုက်မိတယ်။ သူက ချက်ချင်း ကိုပဲ ရင်းရင်းနှီးနှီး သိဟောင်းကျွမ်းဟောင်း အမူအရာလေသံနဲ့ "သမီးက တက္ကသိုလ်ဒုတိယနှစ်ပါ။ လှည်းတန်းဈေးထဲမှာ စာအုပ်အငှားဆိုင် လုပ်နေ တယ်။ ဆရာပြောသလို ကိုယ့်ကိုကိုယ် နိုင်းထားရတယ်လေ။ ဆင်းတော့မယ် ဆရာ၊ လှည်းတန်းဈေးဘက်ရောက်ရင် သမီးဆိုင်ကို ဝင်ခဲ့နော်"လို့ အပြေး အလွှားပြောပြီး ဆင်းသွားတယ်။

ဆရာ့ဆရာကြီးများလို ပီတိဖြစ်မိတာပါပဲ။ ဒါပေမယ့် တစ်ခုပိုရတာက ကိုယ့်စာကို ညွှန်းလိုက်တာအပြင် လူငယ်လေးတွေ ကိုယ့်ဘဝကိုယ် ထူထောင် ကြဖို့အတွက် ကိုယ့်စာဟာ အားဆေးတစ်ခွက် ဖြစ်နေပါလားဆိုတဲ့ ပီတိပါပဲ။ တကယ်ဆိုတော့ လူငယ်တွေဟာ တက်ချင်ကြတာပါပဲ။ ကျချင်တဲ့လူငယ်ရယ်လို့ ဘယ်မှာ ရှိပါ့မလဲ။

အဲဒီနောက် ၂၁-၃-၉၉ နေ့မှာ တိပိဋကကျောင်းမှာလုပ်တဲ့ မင်္ဂလာ ဆွမ်းကျွေးတစ်ခုကို သွားခဲ့ရသေးတယ်။ သတို့သမီးရဲ့ဖခင်က ညီငယ်တစ် ယောက်လိုဖြစ်တဲ့အပြင် တောင်တွင်းကြီးအဆက်တွေဆိုတော့ ဆွေစုမျိုးစုပြန်ပြီး ဆုံလိုက်ရသလို တကယ့် ပျော်စရာပွဲကြီးပါပဲ။ ကလေးတွေကလည်း တစ်ပြုံကြီး ပါပဲ။ ညှိခံပွဲ လူစဲချိန်အထိ အချင်းချင်း ပြောကြဆိုကြ ရယ်ကြမောကြပေါ့။ ကလေးတွေဆိုတာကတော့ မျောက်လွှဲကျော်ခုတ်လိုက်နေသလား အောက်မေ့ရ တယ်။ အထူးသဖြင့် ကျောင်းလှေကားကို ပြေးတက်လိုက်ကြ၊ ပြန်ပြေးဆင်းလိုက် ကြနဲ့၊ အပျော်ကြီး ပျော်နေကြတယ်။ သူငယ်ချင်းတစ်ယောက်က "အဲဒီကောင် တွေ လှေကားပဲ တက်နေကြတယ်"လို့ ပြောလိုက်တယ်။ သူငယ်ချင်းက ဟက်ဟက်ပက်ပက် ရယ်တဲ့ပြီး "ဟုတ်တယ်၊ သူတို့အိမ်က လုံးချင်းမြေပေါ်က အိမ်၊ လှေကားမရှိဘူး"တဲ့။ မင်းတို့ သတိထားမိကြပါလိမ့်မယ်။ လှေကားမရှိတဲ့ အိမ်က ကလေးတွေဟာ လှေကားရှိတဲ့အိမ်ကို အလည်ရောက်သွားရင် လှေကား ကိုပဲ မက်မောနေကြတော့တာပဲ။ တက်ချင်တာကိုး။

အဲဒီလို တက်ချင်တာဟာ မွေးကတည်းက သွေးထဲသားထဲမှာကို ပါလာ တဲ့ သဘာဝလားလို့တောင် အောက်မေ့မိပါတယ်။

မင်းတို့လူငယ်တွေ အားလုံးဟာလည်း တက်ချင်ကြတာပဲ။ ကြီးပွား ချင်ကြတာပဲ။ တက်စရာလှေကားကို အမြဲရှာနေကြတာပါပဲ။ ခုနက လှေကား



www.burmeseclassic.com

www.burmeseclassic.com



တက်နေကြတဲ့ ကလေးတွေကို ထပ်ပြီး စဉ်းစားကြည့်ရအောင်။ ကျန်းမာလို့ တက်နိုင်ကြတာ မဟုတ်လား။ မကျန်းမာရင် ဘယ်မှာတက်နိုင်ပါ့မလဲ။ ဒီတော့ မင်းတို့လည်း လေ့ကား မတွေ့သေးရင်တောင်မှ အသင့်ပြင်ထားဖို့ လိုပါလိမ့်မယ်။ လေ့ကားအခွင့်အရေးက ပေါ်လာမှာပါ။ (Fortune knocks at every man's door once in a life) ဆိုတဲ့ အင်္ဂလိပ်စကားပုံလို *အခွင့်အရေးကောင်း ဆိုတာ ဘယ်သူ့ဘဝမှာမဆို ပေါ်လာစမြဲပါ။* ဒါပေမယ့် အမေရိကန်စာရေး ဆရာကြီး မာ့ခ်တွိန်းပြောတဲ့ စကားလေးကိုလည်း မှတ်ထားဦး–

'Fortune Knocks at every man'door once in a life, but in a good many cases the man is in a neighbourig sloon and does not hear her.'

*'တစ်သက်တစ်ခါ၊ ကောင်းကြမ္မာ၊ တံခါးလာ၍ ခေါက်စမြဲ'* သို့သော် များသောအားဖြင့် လမ်းထိပ်က ဘုံဆိုင်ရောက်နေသောကြောင့် တံခါးခေါက်သံ ကို မကြားလိုက်မိကြချေတဲ့။ မင်းတို့လည်း...



## စိတ်ကို အသင့်ပြင်ခြင်း

ကျောင်းသားလူငယ်လေးတွေဟာ သင်္ကြန်မှာ စိတ်ကြိုက် ပျော်ခဲ့ကြပြီးပြီ။ ပျော်ပြီးတာနဲ့ တစ်ပြိုင်နက် အလုပ်စခန်းကို ပြန်ဝင်ကြရပြန်ပြီ။ ကျောင်းသား လူငယ်တွေရဲ့ အလုပ်စခန်းလို့ ဆိုလိုက်တော့ ကျောင်းသင်ခန်းစာပဲဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။

နယ်မြို့ငယ်လေးတွေမှာတော့ဖြင့် မပြောတတ်ပေဘူး။ မြို့ကြီးတွေမှာ တော့ဖြင့် ဆယ်တန်းတက်တဲ့ ကျောင်းသားလူငယ်တွေဟာ ပြေဆန်းကတည်းက ကျူရှင်တွေတက်ပြီး ဆယ်တန်းစာမေးပွဲအတွက် ပြင်ဆင်နေကြပြီ။ ရန်ကုန်မှာ တော့ဖြင့် ပြောမနေနဲ့တော့။ လမ်းဘေးသစ်ပင်တွေကို ကြည့်လိုက်ရင် ကျူရှင် ကြော်ငြာ လွတ်လပ်တဲ့သစ်ပင်ရယ်လို့ တစ်ပင်မှ မရှိဘူး။ ကောင်လေး၊ ကောင် မလေးတွေဟာဆိုရင်လည်း မနက်ခင်းဆိုရင် ရုံးစုရုံးစုနဲ့ ကျူရှင်သွားကြ ပြန်ကြ တာဟာ ဆန်းတဲ့မြင်ကွင်း မဟုတ်တော့ဘူး။ စာမေးပွဲအတွက် ပြင်ဆင်နေကြ တာတွေပေါ့။ သူတို့ကို မြင်လိုက်ရင် အားတက်စရာလည်း ကောင်းတယ်၊ ကြင်နာ ကြည်ညိုစရာလည်း ကောင်းတာ အမှန်ပေပဲ။

ဒါပေမယ့် သူတို့ကို အနီးကပ် လေ့လာကြည့်လိုက်တဲ့အခါမှာ–

သူတို့ဟာ သင်ခန်းစာတွေကို အသင့်ပြင်ဆင်တယ်၊ အချိန်ဇယားတွေ ကို အသင့်ပြင်ဆင်တယ်၊ စာအုပ်စာတမ်းတွေကို အသင့်ပြင်ဆင်တယ်။ ဒါပေမယ့် စိတ်ကို အသင့်ပြင်ဖို့ မေ့နေကြတယ်လို့ ထင်မိတယ်။ အခု ဒီစာဖတ်နေတဲ့သူ ဟာ ကျောင်းသား/ကျောင်းသူ (အထူးသဖြင့် ဆယ်တန်းတက်မယ့်သူ) တစ် ယောက်ဖြစ်နေမယ်ဆိုပါတော့။ မင်းကော စိတ်ကို အသင့်ပြင်ဆင်ထားပြီးပြီလား လို့ မေးလိုက်ချင်ပါတယ်။ ဆိုလိုတာကို အတိုချုပ်ပြီး စကားတစ်လုံးတည်းနဲ့ ပြောလိုက်ရမယ်ဆိုရင် ဒီနှစ်စာမေးပွဲမှာ အဆင့်မြင့်မြင့် အောင်ကိုအောင်ရမယ် ဆိုတဲ့ အဓိဋ္ဌာန်ခိုင်ခိုင်မာမာ ချပြီးပြီလားလို့ မေးလိုက်ချင်ပါတယ်။

ကျောင်းသားအများစုဟာ မိဘတိုက်တွန်းချက်နဲ့ အများသူငါ လုပ်နေ ကြသလို ကျောင်းတက် ကျူရှင်တက် ပြင်ဆင်နေကြတာကိုသာ တွေ့ရတော့တ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ငါကိုယ်တိုင်ကလည်း ကျောင်းသားတွေနဲ့ နီးနီးကပ်ကပ် နေရတာ များလေတော့ သူတို့ကို ရင်းရင်းနှီးနှီး မေးကြည့်မိပါတယ်။ အများစုဟာ စာအုပ်တွေ၊ သင်ခန်းစာတွေကိုသာ ပြင်ဆင်နေကြတာ၊ စိတ်ကို အသင့်ပြင်ဆင် ထားတာမျိုး မတွေ့ရဘူး။

**စိတ်ကို အသင့်ပြင်ဆင်တယ်** ဆိုတာက ဒီနှစ် တစ်နှစ်လုံးအဖို့ စာမေးပွဲ အောင်ဖို့ကလွဲလို့ တခြားအရေးကြီးတာ ဘာဆို ဘာမှမရှိဘူး။ ငါ့ဘဝမှာ အရေးအကြီးဆုံး ကိစ္စကြီးတစ်ခုကို ရင်ဆိုင်တော့မှာဖြစ်တယ်။ အသက်ကို ရင်းပြီး ရင်ဆိုင်ရတဲ့ တိုက်ပွဲကြီးတစ်ခုလောက် သဘောထားနိုင်ပါရဲ့လား။

ဒီစာမေးပွဲအောင်တော့ ဘာဖြစ်မှာလဲ စတဲ့ ဘာဘာညာညာ အတွေးတွေ စိတ်ကူးတွေ မေးခွန်းတွေကို ကိုယ်နဲ့ဘာမှ မဆိုင်သလို မေ့ထားလိုက်။ ရှေ့ လက်ငင်း လုပ်ရမှာကိုသာ ရှုးရှုးစိုက်စိုက် ဇွဲဇွဲစားစား လုပ်သွားရတယ်။ နိဗ္ဗာန် ရောက်ကြောင်း၊ မဂ်ဖိုလ်ရကြောင်းမှာသာ ပစ္စုပ္ပန်သက်သက်ကို ကြည့်ရတာ မဟုတ်ဘူး။ လောကီကြီးပွား တိုးတက်ကြောင်းတွေမှာလည်း ပစ္စုပ္ပန်သက်သက် ကို ကြည့်ရတဲ့အခါမျိုးတွေရှိတယ်။ 'ရှေ့တစ်ခေါ် မျှော်ကြည့်၊ နောက်တစ်လှည့် ပြန်ကြည့်'ဆိုတဲ့ စကားပုံမျိုးတွေ ရှိတာလည်း မှန်ပါတယ်။ ဒါပေမယ့် No body is allowed to read another page of life. (မည်သူမျှ ဘဝစာမျက်နှာကို ကျော်ဖတ်ခွင့်မရ)ဆိုတဲ့ စကားလည်း ရှိတာပဲ မဟုတ်လား။ တစ်ခါတစ်ရံမှာ 'ရှေ့တစ်ခေါ် မျှော်ကြည့်'လို့ကို မရနိုင်တဲ့ အခါမျိုးတွေ ကြုံကြရတတ်ပါတယ်။ ကမ်းမမြင်တဲ့ ပင်လယ်ထဲမှာ မဟာဇနက လက်ပစ်ကူးနေတာဟာ ပေါကြောင် ကြောင်အလုပ် မဟုတ်ဘူး။ အသက်ငွေ့ငွေ့ ရှိနေသမျှ ကာလပတ်လုံး ပစ္စုပ္ပန် သက်သက်ကို ကြည့်ပြီး အားထုတ်နေတဲ့ သဘောပါပဲ။ သူ့ကိုတော့ ဘုရား လောင်းမို့ မဏိမေခလာနတ်သမီးက ကယ်တာပေါ့လို့ ပြောစရာ ရှိပါတယ်။ မင်းတို့ ငါတို့မှာလည်း ပစ္စုပ္ပန်သက်သက်ကို ကြည့်ပြီး ကိုယ်လုပ်စရာရှိတာကို လုပ်သွားရင် မဏိမခေလာကယ်သလို အခွင့်အလမ်းတွေ ပေါ်ပေါ်လာတတ်တာ ပါပဲ။ ဘယ်သူ့ အတ္ထုပ္ပတ္တိ စာအုပ်ကိုပဲ ကောက်ဖတ်ဖတ် အဲဒီလို မထင်မှတ်တဲ့ အခွင့်အလမ်းတွေ (စိတ်ကူးနဲ့ ရေးထားတဲ့ ဝတ္ထုထဲကလို) အံ့အားသင့်လောက် အောင် ပေါ်လာတဲ့ အကွက်တွေကို တွေ့ရမြဲပါ။ ငါကိုယ်တိုင်လည်း ဒါမျိုး တွေကို မကြာခဏ ကြုံခဲ့ရဖူးပါတယ်။ အရေးကြီးတာက လက်ငင်းလုပ်ရမယ့် အလုပ်ကို တစိုက်မတ်မတ်လုပ်နေဖို့ အရေးကြီးတာပါပဲ။ ကြီးပွားတယ်ဆိုတာ အဲဒီလိုလုပ်သူတွေ ခံစားရတဲ့ ရလဒ်ပါပဲ။





ပြောချင်တာက မင်းတို့ဟာ စာမေးပွဲအတွက် စာအုပ်စာတမ်းတွေ၊ မြန်ဇယားတွေကို ပြင်ဆင်နေကြတာ မှန်ပါတယ်။ ဒါပေမယ့် စိတ်ကိုကော အသင့်ပြင်ဆင်ထားပြီးကြပြီလားလို့ မေးလိုက်ရပါတယ်။ စာတွေက ဘာမှ မခက်ပါဘူး။ စိတ်က ခက်တာပါ။ စာတွေက ဘာမှမခက်လို့ စာမေးပွဲတွေ မအောင်နေကြတာပေါ့။ မင်းအဖို့မှာလည်း စာက မခက်ဘူး၊ ဘာပြဿနာမှ မဟုတ်ဘူး၊ မင်းသာလျှင် ပြဿနာဖြစ်တယ်။ မင်းကိုယ်မင်း 'အောင်နိုင်'တာနဲ့ တစ်ပြိုင်နက် ဘာမဆို အောင်မြင်နိုင်ပြီလို့ ယုံကြည်စေချင်ပါတယ်။

အခု စာသင်နှစ်အတောအတွင်းမှာ စာမေးပွဲကိစ္စ၊ ပညာကိစ္စကိုသာ လျှင် အာရုံပြုပါတော့မယ်။ စာမေးပွဲကိစ္စ၊ ပညာကိစ္စကို အနှောင့်အယှက် ဖြစ်စေမယ့် ကိစ္စဟူသမျှကို ရှောင်ရှားငြင်းပယ်မယ်ဆိုတဲ့ 'စိတ်အသင့်ပြင်ဆင်မှု' ရှိပြီလားလို့ မေးလိုက်ရပါတယ်၊ ရပါတယ်ဆိုရင် နှစ်ပေါက်သည်အထိ ခံနိုင်ရည်ရှိပါရဲ့လားလို့ ထပ်ပြီး မေးလိုက်ရပါတယ်။ ဟုတ်ကဲ့လို့ ရနေပါပြီ၊ နှစ်ပေါက်အောင်လည်း ခံနိုင်ရည်ရှိပါပြီဆိုရင်တော့ မင်းဟာ ဆယ်တန်းသာ မဟုတ်ဘူး၊ ဘဝမှာကို အောင်မြင်တော့မယ့် သူပဲလို့ ကျိန်းသေ နိမိတ်ဖတ်လိုက် ရပါတယ်။

လမ်းသစ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မိမိကိုယ်ကို လှည့်ဖြားခြင်း

အရင်တစ်ပတ်က စာမေးပွဲအတွက် စိတ်ကိုအသင့် ပြင်ဆင်ခြင်းအကြောင်းကို ရေးခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ဖြင့် ပညာရရှိမှုအတွက် ကြောက်စရာ အကောင်းဆုံး အန္တရာယ်တစ်ခုအကြောင်းကို ရေးလိုက်ပါဦးမယ်။

တကယ်တမ်း ပညာကို လေးလေးနက်နက် ရှာကြပြီဆိုရင် အလွန့်ကို **ရိုးသားမှု** ရှိရပါတယ်။ ကိုယ်မသိတာ နားမလည်တာကို မသိကြောင်း၊ နားမလည်ကြောင်း နိုးနိုးကြားကြား လက်ခံအသိအမှတ်ပြုထားလိုက်ရပါတယ်။ သိယောင်ကား လုပ်မထားရဘူး။ တစ်ပါးသူတွေအပေါ်ကို သိယောင်ကား ဟန်ရေးပြတာဟာ မကောင်းဘူးဆိုတာ လူတိုင်းနားလည်နိုင်ကြပါတယ်။ ဒါပေမယ့် ပိုပြီး ကြောက်စရာကောင်းတာက မိမိကိုယ်မိမိ သိယောင်ကား လှည်းဖြားနေခြင်းဖြစ်တယ်။

ဟိုစာကို ရပြီးသားလိုလို၊ ဒီပုစ္ဆာကို တွက်နိုင်ပြီးသားလိုလို တကယ် မရဘဲ မတွက်နိုင်ဘဲ လှည့်ဖြားနေခြင်းဟာ ပညာ တကယ်တတ်ချင်တဲ့ သူများ အတွက် ကြောက်စရာကောင်းလှတဲ့ အန္တရာယ်ကြီး ဖြစ်ပါတယ်။ ငါကိုယ်တိုင် ကြုံခဲ့ဖူးတာကလေး တစ်ခုကို ပြန်ပြောလိုက်ရပါဦးမယ်။ တြိဂံတစ်ခုရဲ့ အနား နှစ်ဖက် ထက်ဝက်ပိုင်းမျဉ်းဟာ အောက်ခြေမျဉ်းရဲ့ ထက်ဝက်နဲ့ ညီမျှတယ် ဆိုတဲ့ 'သီအိုရမ်'ဟာ ဘာမှ ခက်တာမဟုတ်ပါဘူး။ မခက်တော့ လွယ်လွယ် လေးပဲလို့ သဘောထားလိုက်တာပါပဲ။ ပိုင်ပိုင်နိုင်နိုင် သေချာ လုပ်မကြည့်လိုက် ပပါဘူး။ စာမေးပွဲမှာ မေးချလိုက်တော့ ခပ်ပေါ့ပေါ့ လွယ်လွယ်လေးဆိုပြီး ကိုင်လိုက်တာ ပတ်ချာလည်နေပါလေရော။ ၁၅ မိနစ်လောက်ကုန်တော့မှ မဖြစ် ချေတော့ဘူးဆိုပြီး တခြားမေးခွန်းတွေကို ပြောင်းကိုင်ခဲ့ရတယ်။

ငါသာမဟုတ်ဘူး၊ အငြိမ်းစားသင်္ချာပါမောက္ခ ဒေါက်တာခင်မောင်ဝင်း ကိုယ်တိုင်လည်း သင်္ချာပုစ္ဆာတွေကို ဖတ်ပြီး တွက်နည်းကို သဘောပေါက်လိုက် ရင် နားလည်သွားပြီလို့ သဘောထားပြီး လက်တွေ့ချ မတွက်ခဲ့တာကြောင့် အမှတ်ပြည့်ရနိုင်ပါလျက် မရခဲ့ကြောင်း ဆောင်းပါးတစ်စောင်မှာ ဝန်ခံဖြီး





ရေးခဲ့ဖူးတယ်။ အဲဒါဟာဆိုရင် မိမိကိုယ်ကို လှည့်ဖြားပြီး နားလည်ချင်ဟန် ဆောင်တာ မဟုတ်သေးဘူး။ အလေ့အကျင့် မလုပ်မိတာ။ အလေ့အကျင့် မလုပ်မိတာတောင် အဲဒီလို ဖြစ်နိုင်ပါသေးရင် တကယ်နားမလည်ဘဲ နားလည် သယောင် မိမိကိုယ်ကို လှည့်ဖြားထားတာဟာ ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ အထူးပြောနေဖို့ မလိုတော့ပါဘူး။

ဒီတော့ အကောင်းဆုံးက တကယ်ပိုင်ပိုင်နိုင်နိုင် သိ,မသိ မိမိကိုယ်ကို စာမေးပွဲစစ်နေသလို လေ့ကျင့်တွက်ချက်နေဖို့ လိုပါတယ်။ တစ်စုံတစ်ခုကို ပိုင်ပိုင်နိုင်နိုင် နားလည်သွားလိုက်ရတဲ့ အရသာဟာ အလွန်ပီတိဖြစ်စရာ ကောင်း ပါတယ်။ သိယောင်ကားအဖြစ်က လွန်မြောက်ရတဲ့ ပီတိကို နှစ်သက်ကြစေ ချင်ပါတယ်။

တချို့ကျောင်းသားတွေဟာ စာမေးပွဲလို့ ဆိုလိုက်တာ ဘယ်လို ခိုးချ လိုက်ရမလဲဆိုတာကိုပဲ အကွက်ရိုက် စဉ်းစားကြတော့တာပဲ။ အလွန် ကြေကွဲ စရာကောင်းတဲ့ အဖြစ်ပါပဲ။ မိမိကိုယ်ကို လှည့်ဖြားရုံသာမကဘဲ ရိုးသားစွာ ကြိုးကြိုးစားစား ဖြေနေကြတဲ့ သူတွေကိုပါ ထိပါးစော်ကားရာ ရောက်နေတယ် ဆိုတာကို မတွေးကြတော့ဘူးလားလို့ မေးကြည့်လိုက်ချင်ပါတယ်။ အဲဒီ ကျောင်းသားဟာ လူကြီးဘဝကို ကောက်ကျစ်စွာ နိဒါန်းပျိုးပြီး ဝင်လာတာ ပါပဲ။ သူ့ကိုယ်သူတော့ဖြင့် လည်လှပြီ၊ ပါးနပ်လှပြီလို့ ထင်နေလေဦးမှာပဲ။ ဒါပေမယ့် တစ်ခုရှိတာက ဘဝကို လိမ်လို့မရဘူး။ သူဟာ တကယ့်ကို အရည် အချင်းပြည့်မီတဲ့သူတစ်ယောက် မဟုတ်ဘူး။ သူ့ကိုယ်သူတော့ မီတယ်လို့ ထင်နေတော့မှာ အမှန်ပဲ။

မိမိကိုယ်ကို လှည့်ဖြားမှုဆိုတာ အဲဒါမျိုးကို ပြောတာ။

အဲဒီလို လှည့်ဖြားမှုတွေ၊ မိမိကိုယ်ကို ရိုးသားမှုတွေ အကြောင်းကို တကယ်ပြောရရင် လေးနက်သိမ်မွေ့လွန်းလှပါတယ်။ ဆိုပါစို့ အနုပညာရှင် တစ်ယောက်ဟာ အနုပညာပစ္စည်း စစ်စစ်တစ်ခုကို ဖန်တီးတော့မယ်ဆိုရင် ကိုယ်တိုင် ဖန်တီးရတယ်။ အဲဒါ တကယ့်အနုပညာပစ္စည်း ဖြစ်လာတယ်။

ဒါတွေကို ထားလိုက်ပါတော့။ ပြောချင်တာက မိမိကိုယ်ကို လှည့်ဖြား ခြင်း၊ ရိုးသားမှုမရှိခြင်းဆိုတာဟာ ဘဝအောင်မြင်မှုအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိအောင်လို့သာ အမြွက်မျှ ရေးလိုက်တာပါ။

မင်းတို့ ကျောင်းသားလူငယ်တွေမှာတော့ဖြင့် ကိုယ်မရသေးတဲ့စာကို ရလေယောင်၊ ကိုယ်မပိုင်သေးတဲ့ သင်္ချာကို ပိုင်လေယောင် မိမိကိုယ်ကိုလှည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြားမထားကြလေနဲ့။ စာမေးပွဲအတွက်လို့သာ သဘောမထားနဲ့။ **ပညာဆည်းပူးနေတာ**လို့ သဘောထားပါ။ "ကျွန်တော်တို့ ပညာသင်နေတာဟာ ပညာဆည်းပူးနေတာမဟုတ်လားဆရာ"လို့ မေးစရာရှိပါတယ်။ ငါကလည်း "ဟုတ်ရဲ့လား၊ မင့်စိတ်က တကယ့်ကို ပညာရှာနေတဲ့စိတ်လား၊ စာမေးပွဲအတွက် သက်သက်လုပ်နေတာလား'လို့ ပြန်မေးရလိမ့်မယ်။ ငါ့ကိုဖြေဖို့ မလိုပါဘူး။ မင်းကိုမင်း မလှည့်ဖြားဘဲ ရိုးရိုးသားသား ဖြေကြည့်ဖို့ပေါ့။

နောက်မေးခွန်းက မင်းကော စာမေးပွဲတွေမှာ ခိုးချတာပဲလား။ ကိုယ့်ဟာကိုယ် ဖြေကြည့်ပေါ့။

မင်းက "တခြားလူတွေလည်း ခိုးချနေတာပဲဥစ္စာ"လို့ ဆင်ခြေပေးမယ်ထင်တယ်။

ခပ်ညံ့ညံ့ တခြားလူတွေလိုပဲ မင်းလည်း ခပ်ညံ့ညံ့ပဲ ဖြစ်နေချင်ရင်တော့ ခပ်ညံ့ညံ့လူတွေကိုပဲ အတုခိုးပေါ့လို့ ပြောလိုက်ရတော့မှာပဲ။ ဘဝမှာ ကြီးကျယ်အောင်မြင်လာသူတွေမှန်သမျှဟာ ခပ်ညံ့ညံ့ လူတွေကို ဘယ်တော့မှ အတုမခိုးတဲ့ပြင် ရွတ်ချစိတ်နဲ့သာ ကြည့်တတ်ကြတယ်။ ကိုယ်မရထိုက်တာကို ဘယ်တော့မှ မယူကြဘူး။ ကိုယ်မရသင့်တာကို ဘယ်တော့မှ မမက်မောဘူး။ စာမေးပွဲမှာ ခိုးချတတ်တဲ့သူတွေဟာ ကိုယ်မရထိုက်တာကို အရယူလိုတဲ့သူတွေသာ ဖြစ်တယ်။ စာမေးပွဲဆိုတာက ကိစ္စသေးသေးလေးပါ။ ဘဝအောင်မြင်မှုဟာ ခိုးချလို့မရဘူး။ အရေးကြီးတာက မိမိကိုယ်ကို မလှည့်ဖြားမိဖို့သာ ဖြစ်ပါတယ်။



## အသိဥာဏ်ရိုးသားမှု

၂၇-၄-၉၉ နေ့ ၁၂ နာရီလောက်မှာ ကိုဝင်းငြိမ်းနဲ့ အလင်းတန်း ကြည်လင်အေးတို့ နှစ်ယောက်သား ပျာပျာပျာပျာနဲ့ ပေါက်လာကြပါတယ်။ အကြောင်းက တေးဂီတစာဆို စိုင်းခမ်းလိတ် အသက် ၅၀ ပြည့် ရွှေရတုသဘင် အခမ်းအနားကိုတက်ရောက်ဖို့ လာဖိတ်တာပါ။ ဖိတ်စာကို ဖတ်ကြည့်လိုက်တော့ မန္တလေး ကက္ကသိုလ်များ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးစီးကျင်းပတာ ဖြစ်နေတာကို တွေ့ရပါတယ်။ နေရာက မန်းတက္ကသိုလ်ခမ်းမှာရုံ။ အချိန်က ၂၈-၄-၉၉ ညနေ ၇း၃၀ မှ ၉း၃၀။

နားလည်လိုက်လို့ကို မရတာ အမှန်ပါပဲ။ စိုင်းခမ်းလိတ်နဲ့ တစ်ခါမှလည်း မတွေ့ဖူးဘူး။ သိလည်း မသိဖူးဘူး။ ဘာကြောင့် အရေးတယူ ဖိတ်တာလဲ။ ဒါနဲ့-

"ကိုဝင်းငြိမ်း တကယ့်ကို ကျွန်တော် နားမလည်လို့ မေးတာပါ။ ဘာကြောင့် ကျွန်တော့်ကို ဖိတ်ရတာလဲ။ ကျွန်တော်နဲ့ စိုင်းခမ်းလိတ် သိလည်း မသိဖူးဘူး။ ဘယ်လိုအကြောင်းကြောင့်လဲ ဆိုတာက"

"ဟုတ်တယ်…ကျွန်တော်လည်း အံ့သြနေတယ်။ တခြားလည်း သိပ်မဖိတ်ဘူး။ ကျွန်တော်ကတော့ ကျန်းမာရေးကြောင့် မလိုက်နိုင်ဘူး။ ဆရာ့ကိုတော့ "ဆရာကြီး ဦးအောင်သင်းကို ဆက်ဆက်လာဖို့ ဖိတ်ပေးပါ"ဆိုတာ သူ့သမီး နန်းခမ်းနွံ့လိတ်က နေ့ရော ညရော တယ်လီဖုန်းဆက်နေတာ သုံးရက်လောက်ရှိနေပြီ။ ဖိတ်စာကို ချောနဲ့ပို့လိုက်တာကလည်း တနင်္ဂနွေခံနေလို့လား မသိဘူး၊ မရောက်သေးတော့ 'ဟဲ့…နန်းခမ်းနွံ့ရဲ့၊ ဖိတ်စာမပါဘဲ ဘယ်ကိုသွားပြောရမှာလဲ'လို့ ပြန်ပြောရတယ်။ မနေ့က ညနေစောင်းမှာ ဖိတ်စာရောက်လာလို့ အခု ဆရာ့ဆီ ပြေးလာခဲ့တာပဲ"

တိုတိုပြောလိုက်ရရင်တော့ အဲဒီနေ့ညမှာပဲ ကားနဲ့ မန္တလေးကို လိုက်သွားခဲ့ပါတယ်။ အခမ်းအနားကိုလည်း တက်နိုင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဖိတ်သလဲ။ ငါနဲ့ အကြောင်းစပ်မရှိသလဲ ဆိုတာကို ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ ဘာမဟုတ်တဲ့ အသေးအဖွဲလေးတစ်ခုကို သွားပြီး သတိရမိတယ်။ အဲဒါကိုလည်း တပည့်ဖြစ်သူ မြန်မာစာဦးမျိုးအောင်(ငြိမ်းမင်း) က ပြောပြဖူးတာပါ။

"ဆရာရေ–ခုမှ သတိရမိလို့ ပြောလိုက်ရဦးမယ်။ စိုင်းခမ်းလိတ်က သူ့သီချင်းတွေဟူသမျှမှာ သူများစကားလုံးကို ဘယ်တော့မှ ယူမသုံးခဲ့ဘူး။ တစ်ခါပဲ ဆရာဦးအောင်သင်းရဲ့ ကဗျာထဲက **'ဆန္ဒက အင်္ဂုလ္လာဝါ၊ ကမ်းရှာလို့ မတွေ့၊ ကျွဲလူးအိုင်ပမာမျှ၊ ရတဲ့လေ'** ဆိုတာလေးကို ကြိုက်လွန်းလို့ သူ့သီချင်း တစ်ပုဒ်ထဲမှာ ထည့်ပြီး သုံးလိုက်ဖူးတယ်လို့ ပြောတယ်။ အဲဒါကိုလည်း အမှတ်မထင် ဆရာ့တပည့်တစ်ယောက်ဆီက ရတာလို့ ပြောတယ်"

"အေး...ဟုတ်ပါလိမ့်မယ်။ အဲဒါက ၁၉၆၁–၆၂ လောက်ဆီက ငါ ရေးခဲ့တဲ့ ကဗျာရှည်ကြီးထဲက အပိုဒ်ကလေး တစ်ပိုဒ်ပါ။ တချို့တပည့်တွေက ကြိုက်ကြတော့ ကူးယူတတ်ကြတယ်။ သူတို့ဆီက ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် စိုင်းခမ်းလိတ်ရဲ့ ရိုးသားမှုကိုတော့ ငါသဘောကျမိတာ အမှန်ပဲ။ intellectual sincerity(အသိဉာဏ် ရိုးသားမှု)ရှိတယ်လို့ ဆိုရမှာပေါ့။ အမှန်ပြောရရင် ငါ့ကိုယ်ပိုင်လို့ ပြောရမှာလည်း ခပ်ခက်ခက်ပါပဲ။ ရောဘတ်ဘရောင်နင် ရေးတဲ့ နောက်ဆုံးအကြိမ် အတူတကွ မြင်းစီးခြင်း (The Last Ride Together by Robert Brownng) We want vast, but get little. ဆိုတာလေးကို ကြိုက်လွန်းလို့ လုပ်လိုက်တာပါ။ အင်္ဂုလ္လာဝါတို့ ကျွဲလူးအိုင်တို့ ဆိုတာကတော့ ငါ ထည့်လိုက်တာလေးတွေ ဆိုပါတော့"

ပြန်ပြီး တတ်အားသမျှ စဉ်းစားကြည့်လိုက်တော့ စိုင်းခမ်းလိတ်နှင့် ပတ်သက်သမျှ ဒါလေးလောက်ပဲ မှတ်မှတ်သားသား ရှိခဲ့ဖူးသည်။

ရောက်သွားလို့ စကားစပ်မိကြတော့ သမီးဖြစ်သူ နန်းခမ်းနွံ့က "ဖေဖေက အဲဒီအကြောင်းကို ခဏခဏ ပြောဖူးတယ်ဆရာ။ အဲဒါလေးကို ဖေဖေ ခဏခဏ ပြောပြတာကြောင့် သမီးတို့တောင် မှတ်မိနေတယ်"လို့ ပြောပါတယ်။

မွေးနေ့ပွဲကို ဖိတ်လိုက်တာကတော့ ဒါလေးကြောင့်သာ မဟုတ်ဘဲ တခြားဟောပြောချက်တွေ စာတွေကြောင့်လည်း ပါတာပေါ့လေ။

ဒါနဲ့ပတ်သက်ပြီး မင်းတို့ လူငယ်တွေကို ပြောချင်တာက အသိဉာဏ် ရိုးသားမှုဆိုတာ အလွန် အရေးကြီးပါတယ်။ တစ်ဖက်သားအပေါ်မှာသာ





ရိုးသားတာမဟုတ်ဘူး၊ မိမိကိုယ်မိမိလည်း ရိုးသားရာ ရောက်တယ်။ ဒါကြောင့် သိပ်အရေးကြီးတယ်လို့ ပြောလိုက်ရတာပါ။ ငါကိုယ်တိုင်လည်း တတ်နိုင်သမျှ သတိထားပါတယ်။ ကုန်ကုန်ပြောလိုက်မယ်။ စင်ပေါ်မှာ ဟောပြောတာတောင်မှ ဘယ်သူဘယ်ဝါ ပြောဖူးပါတယ်လို့ ထည့်ပြီး ပြောချိန်ရရင် (စကားစဉ် ထောင့် မသွားရင်) ထည့်ပြောလိုက်တာချည်းပါပဲ။ စာရေးပြီဆိုရင်တော့ ဘယ်တော့မှ မထိန်ချန်ဘူး။ ထည့်ရေးလိုက်တာချည်းပါပဲ။

နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော်ရဲ့ ဟောစဉ်တွေ အများဆုံးဟာ ဓမ္မကထိက ဦးလှသိန်းရဲ့အကွက်တွေကို အများဆုံး ယူသုံးသွားခဲ့တာပဲ။ သူ ဝန်ခံခဲ့သလား၊ ခပ်တည်တည်ပဲ သူ့ကိုယ်ပိုင်လို လုပ်သွားသလားဆိုတာ တော့ ငါလည်း ကောင်းကောင်း မသိပါဘူး။

ငါတို့ စာရေးဆရာလောကမှာလည်း သူ့စာခိုးချ၊ ငါ့စာခိုးချ ပြဿနာ တွေမကြာခဏ ပေါ်တတ်တာ အထူးပြောစရာ မလိုတော့ပါဘူး။

မင်းတို့လည်း သူများဆီက ခိုးချပြီး စာမေးပွဲအောင်လာခဲ့ရင် ကိုယ့်ကို ကိုယ် အဟုတ်ကြီးထင်မနေနဲ့။ ငါဟာ သူခိုး၊ တေုံးလို့ ကိုယ့်ကိုကိုယ် ရိုးသားစွာ ဝန်ခံကြပေတော့။ အဲဒီရိုးသားမှုကို ငယ်ငယ်ကတည်းက လေ့ကျင့်ကြ။



www.burmeseclassic.com

www.burmeseclassic.com

# ရေတိုစီမံကိန်း

'ရေတိုစီမံကိန်း'လို့ ဆိုလိုက်တာကြောင့် နိုင်ငံတော်စီမံကိန်းကြီးတွေ ဘာတွေ လျှောက်တွေးမနေလိုက်ပါနဲ့။ လူငယ်တို့ရဲ့ ဘဝစီမံကိန်းကို ဆိုလိုတာ သမိုင်းဆရာကြီး မစ္စတာတွိုင်းဘီး(A.J.Toynbee)ပြောဖူးတဲ့ စကားလေး သတိရမိတာကြောင့်လည်း စီမံကိန်းဆိုတာကို သုံးလိုက်ရတာပါ။ သူပြော က–

'We have been god-like in our planned breeding of our domesticated plants and animals, but we have been rabbit-like in o unplanned breeding of ourselves'

စီမံကိန်းချပြီး ကိုယ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ရင် ကျွန်တော်တို့ ဘုရားသခင်တစ်ပိုင်းပါပဲ။ အဲ–စီမံကိန်းမရှိဘဲ ကိုယ့်ကိုကိုယ် မွေးမြူပြီဆို တော့ ယုန်ပေါက်စလေး ဖြစ်သွားတော့တာပဲ။

မစ္စတာတွိုင်းဘီးကတော့ ကမ္ဘာ့စားနပ်ရိက္ခာ စီမံကိန်းနဲ့ ပတ်သက် ပြောခဲ့တာပါ။ ဒါပေမယ့် လူငယ်တွေအတွက်လည်း သတိပေးချင်တာကြေ ဒီဆောင်းပါးကို ရေးလိုက်ရတာ။ တစ်သက်တာ ရေရှည်စီမံကိန်းကြီးတွေ မဆိုလိုပါဘူး။ လူငယ်တွေအဖို့မှာ နွေရာသီကျောင်းပိတ်ရက်လို ကျောင်း ရှည် အားလပ်နေတဲ့ အခါမျိုးတွေမှာ ကိုယ့်ဘဝ တိုးတက်ဖို့အတွက် ဘာလ မလဲဆိုတာမျိုး ရေတိုစီမံကိန်းလောက်တော့ ချထားသင့်ကြပါတယ်။

ငွေကြေး ရှာနိုင်ဖွေနိုင်လောက်တဲ့ အတတ်ပညာရပ်တစ်ခုခု ကိုယ် တတ်နေပြီးသားဆိုရင်တော့လည်း ကျောင်းအားရက်တွေမှာ လုပ်ကိုင်စုဆော ရမှာပေါ့။ ရှာလို့ ဖွေလို့ရတဲ့ ငွေကြေးကိုလည်း ရေတိုစီမံကိန်း ချထားရမှာ ရပကောရယ်လို့ လျှောက်သုံးနေလို့တော့လည်း ဘယ်မှာ ကောင်းနိုင်ပါ့မ ဘဝအတွက် အရင်းအနှီးတစ်ခု ဖြစ်လာနိုင်လောက်အောင် ရှေ့ရေးကို ကြို ပြင်ဆင်ရမှာပေါ့။

ကိုယ့်မှာ အဲဒီလို အတတ်ပညာမျိုး မရှိသေးရင်တော့လည်း ကိုယ သင့်လျော်တဲ့ အသက်မွေးမှုအတတ်ပညာ တစ်ခုခုကို ရှာပြီး သင်ယူကြရ





ပါ။ တချို့လူငယ်တွေဆိုရင် အဲဒီလိုပဲ ကွန်ပျူတာ၊ စာရင်းကိုင်စတဲ့ သင်တန်းတွေတက်ကြ၊ စာမေးပွဲတွေ ဖြေကြနဲ့ လုပ်ကိုင်နေကြတာတွေကို တွေ့နေရတာပဲ။ အလွန်ချစ်စရာ၊ အားကိုးစရာကောင်းတဲ့ သားငယ် သမီးငယ်လေးတွေလို့ ဆိုသင့်ပါတယ်။ သို့သော်လည်း သူတို့တစ်တွေကို သေချာမေးမြန်း ကြည့်လိုက်ရင်တောင်မှ သူတို့ဟာ ဘဝစီမံကိန်းနဲ့ မဟုတ်ဘူး။ အချိန်အားနေတဲ့အခါမှာ အလကား မနေချင်တာကြောင့် ဒီသင်တန်းတွေကို လိုက်တက်နေတာဖြစ်ကြောင်း တွေ့နေရတတ်တယ်။ သို့သော် ဘာပဲဖြစ်ဖြစ် သူတို့ဟာ အလကားနေရင်း လက်ဖက်ရည်ဆိုင်မှာ အချိန်တွေကို သတ်ပစ်နေကြတဲ့ လူငယ်တွေနဲ့စာရင် လွန်ကို တန်ဖိုးရှိတယ်လို့ ဆိုရမှာပါ။ တကယ်ဆိုတော့ ကိုယ်လုပ်နေတာတွေကို ဘယ်အချိန်လောက်မှာ ဘာဖြစ်ရမယ်ဆိုတဲ့ ရေတိုစီမံကိန်းလောက်တော့ ချထားသင့်တယ် မဟုတ်လား။

ကောင်းပြီ။ အဲဒီလို သင်တန်းတွေ ဘာတွေကို လိုက်ပြီး တတ်နိုင်လောက်တဲ့ အင်အားမရှိတဲ့ လူငယ်တွေကျတော့ ဘာလုပ်မလဲ။ ဘာလုပ်ပါလို့ မပြောချင်တော့ပါဘူး။ မျက်စိအောက်မှာ မြင်နေရတဲ့ ရေတိုစီမံကိန်းနဲ့ လုပ်တဲ့ သူတွေကိုပဲ နမူနာပြလိုက်ချင်ပါတော့တယ်။ ပြလိုက်ရပြန်တော့လည်း မြန်မာလူမျိုးစတဲ့ တိုင်းရင်းသားတွေ မဟုတ်ဘူး။ အိန္ဒိယလူငယ်တွေက များတယ်။ သူတို့ဟာ သူတို့ကိုယ်သူတို့ သတိမထားလိုက်မိဘဲနဲ့ ဘဝစီမံကိန်းချပြီး အလုပ်လုပ်သူတွေ ဖြစ်လာနေကြတာကို တွေ့ရတယ်။ လုပ်ချင်လွန်းလို့၊ ဒီလို စီမံကိန်းလုပ်ရမယ်ဆိုတာကို သိနေကြလို့ မဟုတ်ဘူး။ ဘဝကကို သူတို့ကို သွန်သင်ပေးလာတာ။ လမ်းတစ်လျှောက်မှာ သံတိုသံစတွေကို အော်ဟစ်ပြီး လိုက်ဝယ်နေတဲ့ ကောင်လေးတွေဟာ တစ်သက်လုံး ဒါဒီလိုပဲ ဘဝမှာ နေသွားမယ်ဆိုတဲ့ ရုံမျိုး ဘယ်မှာရှိနိုင်ပါ့မလဲ။ တစ်နေ့မှာ သူသွားပြီး သံတိုသံစ သွင်းနေရတဲ့ ဆိုင်မန်းမျိုးလေးတစ်ခုတော့ ဝယ်နိုင်အောင်ဆိုတာမျိုး စိတ်ထဲက အမှတ်မထင် မှန်းထနေမှာပေါ့။ အဲဒါဟာ ဘဝစီမံကိန်း တစ်ပိုင်းတစ်စပဲ မဟုတ်လား။

ဂါလေ ဘက်ထရီအိုးအဟောင်းတွေကို သုံးလို့ဖြစ်တဲ့ တစ်ပတ်ရစ်အိုး ဖြစ်အောင် လုပ်နေကြတဲ့ အိန္ဒိယအမျိုးသားလူငယ်လေးတွေကို မြင်လိုက်ရင် ဖြစ်စေ၊ လျှပ်စစ်မီးခလုတ်တို့၊ ပန်ကာတို့ကို ပြုပြင်နေတဲ့ ကောင်လေးတွေကို မြင်လိုက်ရင်ဖြစ်စေ၊ ဒိုင်နမိုပတ်နေတဲ့ ကောင်လေးတွေကို မြင်လိုက်ရင်ဖြစ်စေ သူတို့ကို စိတ်ထဲက သိပ်ချီးကျူးမိတာပဲ။ သူတို့ကို ချီးကျူးမိသလောက် ကိုယ့်အမျိုးသား လူငယ်တွေကိုလည်း အားမလိုအားမရ သိပ်ကိုဖြစ်မိတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အမှတ်မထင်ဖြစ်စေ၊ အမှတ်ထင်ထင်ဖြစ်စေ ဘဝစီမံကိန်း ကြိုးစားနေသူတွေ ဖြစ်တယ်လို့ ဆိုနိုင်တယ်။ နောက်ပြီး သူတို့ဟာ များသော အားဖြင့် ကျောင်းသင်ပညာကို ဟုတ်တိပတ်တိတတ်ခဲ့သူတွေ မဟုတ်ဘူး။ တချို့ဆိုရင် ကျောင်းတောင် ကောင်းကောင်းနေခဲ့ကြရဟန် မရှိဘူး။ ဒါပေမယ့် သူတို့ဘဝကို သူတို့ လှလှပပကြီး တည်ဆောက်နိုင်နေကြပြီ။ မိဘအပေါ် မှီခိုနေရတာမျိုး မဟုတ်တော့ဘူး။

အဲဒီလို ဘဝကနေပြီး ဒိုင်နမိုတို့၊ မော်တော်ကား ကတ်တောက်တို့ ထိအောင် ဆိုင်ကလေးဖွင့်ပြီး ပြင်ဆင်နေတဲ့ ကောင်လေးတစ်ယောက်ကို ငါ 'အင်တာဗျူး'လုပ်ဖို့ ချဉ်းကပ်ကြည့်ဖူးတယ်။ သူက စာတွေ ဘာတွေကို သိပ် မဖတ်တော့ အင်တာဗျူးဆိုတာကို သိပ်သဘောမပေါက်ဘူး။ ဒီတော့ တယ်ပြီ လုပ်ချင်တဲ့ လက္ခဏာမရှိဘူး။ ဒါကြောင့် အဲသာနောက်ဆုတ်လိုက်ရတယ်။ သို့သော်လည်း တစ်နေ့နေ့မှာတော့ တစ်ယောက်ယောက်ကို အင်တာဗျူးလုပ်နိုင် ခွင့်ရမှာပါပဲ။

ပြောချင်တာကတော့ သူတို့တစ်တွေ ဒီလောက်အဆင့်ထိအောင် ရောက် လာခဲ့ကြတာဟာ သူတို့ကိုယ်သူတို့တောင် သတိမထားလိုက်မိဘဲ ဘဝစီမံကိန်း ဆွဲထားလိုက်မိလို့ပဲ ဆိုတာကို မင်းတို့ သဘောပေါက်ဖို့ တင်ပြလိုက်တာပါ။ ဒီတော့ မင်းတို့လည်း ဘဝတစ်ခုလုံးအတွက် မဟုတ်တောင်မှ လေးလတွက် ခြောက်လတွက် ဆိုတာမျိုး ရေတိုစီမံကိန်းလေးတွေလောက်ကိုတော့ ချပြီး လုပ်ဆောင်သင့်တယ်လို့ တိုက်တွန်းလိုက်ရပါတယ်။



# ရေတိုစီမံကိန်း (၂)

အရင်တစ်ပတ်က လူငယ်တွေဟာ ကျောင်းပိတ်ရက်လို အားလပ်တဲ့ အချိန်ခါ မျိုးမှာ ကိုယ့်ဘဝတိုးတက်မှုအတွက် သုံးလ၊ လေးလ စသည်အားဖြင့် ရေတို စီမံကိန်းကလေးတွေကို ချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်သင့်ကြောင်းကို ပြောခဲ့ ပါတယ်။ သံတိုသံစလိုက်ဝယ်တဲ့ ကောင်လေးတွေ၊ ပလတ်စတစ်လိုက်ကောက် တဲ့ ကောင်လေးတွေမှာတောင် သူတို့ မသိစိတ်မှာ စီမံကိန်းလေးတွေတော့ ရှိနေကြမှာပဲလို့ ပြောခဲ့ပါသေးတယ်။ ပဓာန အချက်ကြီးကတော့ အချိန်ကို သတိထားမိကြဖို့သာလျှင် ဖြစ်ပါတယ်။

'အချိန်ဟာ ရွှေထက် တန်ဖိုးရှိတယ်၊ ကုန်ဆုံးသွားပြီးသော အချိန်ကို စိန်တွေ ရွှေတွေ ဘယ်လောက်ပဲပေးပေး ပြန်မရနိုင်တော့ဘူး'ဆိုတဲ့ စကားမျိုး တွေကို ခဏခဏ ကြားရတတ်ပါတယ်။ ငါ့အမြင် ပြောရရင်တော့ အဲဒီအချိန်ကို သုံးပုံသုံးနည်းပေါ်မှာ မူတည်နေတယ်လို့ ထင်မိတယ်။ အဖိုးတန်အောင် သုံးရင် အဖိုးတန်တာပါပဲ။ အလကားထားလိုက်ရင်လည်း အလကား ဖြစ်သွားတာပါပဲ။ အကျိုးယုတ်အောင် သုံးရင်လည်း အကျိုးယုတ်တာပါပဲ။ ဒီတော့ သုံးတဲ့လူ အပေါ်မှာသာ မူတည်နေတယ်လို့ပဲ ပြောရမယ် ထင်ပါတယ်။

သတိရလို့ ငါကြားဖူးတဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို ပြောလိုက်ရဦးမယ်။

တစ်ခါက ငါတစ်ယောက်ဟာ ဘုရင့်ဥယျာဉ်တော်ထဲမှာရှိတဲ့ ရေကန် မှာ ညအခါ တိတ်တဆိတ်သွားပြီး ငါးခိုးဖမ်းလေ့ ရှိသတဲ့။ ဘုရင့်ဥယျာဉ်တော် ဆိုတာမျိုးက မင်းတို့ငါတို့ သိနေကြတဲ့ ဥယျာဉ်မျိုး မဟုတ်ဘူး။ မိုင်ပေါင်း များစွာကို သစ်တောကြိုးဝိုင်း သတ်သလို ပိုင်းခြားထားတာ။ အဲဒီအထဲမှာ သားကောင်တွေကို မွေးထားတာ။ ဘုရင် တောကစားလိုတော်မူတဲ့အခါမှာ သားကောင်တွေ အသင့်ဖြစ်နေအောင်ပေါ့။ ဒီလိုနေရာမျိုးမှာ ငါးသွားဖမ်းတယ် ဆိုတာ နည်းတဲ့ ရာဇဝတ်မှုမှ မဟုတ်တာ။

ဥယျာဉ်တော်စောင့် မင်းချင်းတွေက ရေကန်တော်နားက ခြေရာလက်ရာ တွေကို ကြည့်ပြီး တစ်စုံတစ်ယောက်ဟာဖြင့် ငါးခိုးပြီး ဖမ်းနေပြီဆိုတာ ရိပ်မိ



www.burmeseclassic.com

www.burmeseclassic.com



လာကြတယ်။ ဒါနဲ့ညအခါမှာ ကင်းပုန်းစောင့်ကြတယ်။ တစ်ညမှာတော့ဖြင့် အမှောင်ကို အားပြုပြီး တံငါက ငါးဖမ်းပါလေရော။ ရေသံကိုကြားတော့ မင်းချင်းတွေက မီးတုတ်မီးစည်းတွေနဲ့ ဝိုင်းကြပါလေရော။ တံငါလည်း မပြေးသာ မရှောင်သာဆိုတော့ ကြံမိကြံရာ အခြားသော တရားအားထုတ်တတ်ကြတဲ့ ယောဂီ သူတော်စင်ကြီးများပုံသွင်နဲ့ သစ်ပင်တစ်ပင်အောက် ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်နေလိုက်တာပေါ့လေ။ မင်းချင်းတွေက သူ့ကိုတွေ့တယ်။ ဒါပေမယ့် ယောဂီ တစ်ယောက်ပဲလို့ ထင်မိတာကြောင့် မသင်္ကာမဖြစ်ကြဘူး။ သို့သော်လည်း ငါးခိုးသူဟာ ပိုက်ကွန်စတဲ့ သူ့ပစ္စည်းတွေကိုတော့ မုချပြန်လာယူလိမ့်မယ်ဆိုပြီး ကင်းပုန်းဆက်စောင့်ကြတယ်။

တံငါယောက်ျားလည်း နေရာက မထဝံ့ဘူး။ ဒီတော့ ဆက်လို့ပဲ ထိုင်နေရတော့တာပေါ့။

ဒါပေမယ့် ခက်နေတာက သူက တကယ့်ယောဂီမှ မဟုတ်တာကလား။ ဟန်ဆောင်ပြီး ထိုင်နေရတာကိုး။ ဒီတော့ ခဏရှိရင်ပဲ ညောင်းတာကတစ်မျိုး၊ ထုံတာကျဉ်တာကတစ်ဖုံ ဖြစ်လာတာပေါ့။ ဒီကြားထဲမှာ တောထဲဆိုတော့ ခြင်တွေကလည်း တဝီဝီ တစီစီ၊ သည်းမခံနိုင်လောက်အောင် ဖြစ်လာတယ်။ ဒါပေမယ့် နားရွက်တောင် မခတ်ဝံ့ဘူး။ အသက်ဘေးက စောင့်နေတယ်မဟုတ်လား။

အဲဒီလို ဖြစ်နေတုန်းမှာ သူ့စိတ်ထဲမှာ အသိကလေးတစ်ခု ဝင်လာတယ်။

'ငါဟာ မလွဲသာမရှောင်သာ ထိုင်နေရပြီ။ ညောင်းတာ၊ ထုံတာ၊ ကျဉ်တာ၊ ခြင်ကိုက်တာကိုလည်း သည်းအတိုင်း ခံနေရပြီ။ ဒီလိုထိုင်နေရတာ အတူတူ အကျိုးရှိအောင် ထိုင်လိုက်ရရင် ကောင်းပေမှာပဲ'လို့ တွေးလိုက်မိတာနဲ့ သူကြားဖူးနာဝ ရှိထားခဲ့တဲ့ ထွက်လေ၊ ဝင်လေ ဖြစ်ပျက်သဘောကို အာရုံစိုက် အားထုတ်လိုက်တာ အဲဒီနေရာမှာတင်ကိုပဲ သောတာပန်အဆင့်ကို ရသွားသတဲ့။

ကဲ-ငါတို့ ဒီဝတ္ထုကလေးကို သုံးသပ်ကြည့်ကြရအောင်။

ဒီတံငါဟာ ငါးတွေကို ခိုးပြီး ဖမ်းနေခဲ့တယ်။ အဲဒီ ငါးဖမ်းတဲ့အခါမှာလည်း အချိန်ကို သုံးနေခဲ့ရတာပဲ။ အကျိုးရှိသလားလို့ မေးရင် သူ့ရဲ့ သားကျွေးမှု၊ မယားကျွေးမှုဘက်က ကြည့်လိုက်ရင် အကျိုးရှိတယ်လို့ပဲ ဆိုရမှာပေါ့။ ဒါပေမယ့် ကုသိုလ် အကုသိုလ်သဘောနဲ့ တွက်လိုက်ရင်တော့ အကျိုးယုတ်နေပြီလို့ ဆိုရပေမှာပဲ။

အချိန်ကို အလကားထားရင်လည်း အလကားပဲလို့ အောက်မေ့ပြီး တရား





ထိုင်လိုက်တဲ့အချိန်ကတော့ တကယ့်ကို တန်ဖိုးဖြတ်လို့ မရနိုင်တော့တဲ့ အချိန် ဖြစ်သွားတာပဲ။ သံသရာပြတ်သွားပြီ မဟုတ်လား။

ကောင်းပြီ။ သူဟာ တရားထိုင်ဖို့ဆိုတဲ့ သဒ္ဓါစိတ်နဲ့ တောထဲကို ဝင်လာတာလား။ ရာဇဝတ်ဘေးကို ကြောက်လို့သာ ကြိတ်မှိတ်ပြီး ထိုင်နေခဲ့ရတာ မဟုတ်လား။ နောက်မှ အချိန်ကို တန်ဖိုးရှိအောင် သုံးသင့်တယ်ဆိုတဲ့ သတိတရား ရသွားတာ။

မင်းဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်ဘူးဆိုပါတော့၊ ဒီပုံပြင်ကို ယုံချင်မှ ယုံပါလိမ့်မယ်။ ပုံပြင်ကို ယုံချင်မှ ယုံပါ။ ဒါပေမယ့် ဒီဝတ္ထုလေးက ပေးလိုက်တဲ့ သဘောတရားကိုတော့ဖြင့် မင်းငြင်းလို့ မရနိုင်ပေဘူး။

ဒီတော့ မင်းဟာ ဘယ်လိုအခြေအနေမှာပဲ ရောက်နေသည်ဖြစ်စေ မင်းမှာ အချိန်တော့ဖြင့် ရှိနေတာပါပဲ။ အဲဒီအချိန်တွေကို တန်ဖိုးရှိအောင် လုပ်နိုင်တာလည်း မင်းပါပဲ။ အကျိုးယုတ်အောင် လုပ်နိုင်တာလည်း မင်းပါပဲ။

'ရေတိုစီမံကိန်း' လုပ်သင့်တယ်လို့ တိုက်တွန်းခဲ့တာဟာ အချိန်ကို တန်ဖိုးရှိရှိ သုံးတတ်တဲ့ အလေ့အကျင့်ကလေး ထူထောင်မိသွားစေချင်လို့ပါ။ သုံးလ၊ လေးလ စသည်အားဖြင့် စီမံကိန်းကလေး ချထားလိုက်တော့ အချိန်ကို အမြဲသတိထားနေမိတယ်။ အချိန်ကို မျက်ခြည်မပြတ်ဘူး။ စာမေးပွဲမှာ ခွင့်ပြုချိန် သုံးနာရီဆိုတော့ မင်းတို့ဟာ နာရီတကြည့်ကြည့် ဖြစ်နေရတယ် မဟုတ်လား။ အဲဒီသဘောမျိုး ဘဝနဲ့ အချိန်ကို တွဲပြီး မပြတ်ဆင်ခြင်မိနေစေချင်တယ်။ ဒါဟာ ဘဝကြီးပွားအောင်မြင်မှုအတွက် တကယ့် သော့ချက်ကြီး ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# အေးစေဖို့ တရားနာ

ဆေးတက္ကသိုလ် နောက်ဆုံးနှစ် ရောက်နေပြီဖြစ်တဲ့ တပည့်မလေး တစ်ယောက်နဲ့ တွေ့ပါတယ်။ သူ့မိဘတွေနဲ့ကစပြီး အလွန် ရင်းနှီးပါတယ်။ သူ့ဖခင်ဆိုတာလည်း တပည့်ရင်းတစ်ယောက်ပါပဲ။ သူက ငါ့ကို 'ဘဘ'လို့ ခေါ်ပါတယ်။ ဒီကလေးမလေးက အလွန်ကို ရိုးသားပါတယ်။ စိတ်နေသဘောထားလည်း အလွန်ကို ဖြူစင်ပါတယ်။ ဒီတစ်ခါ တွေ့တာမှာတော့ စကားစမြည် ပြောကြဆိုကြရင်း အမှတ်မထင် မေးခွန်းလေးတစ်ခုကို မေးလိုက်ပါတယ်။ ယောကျ်ားလေး။ (အထူးသဖြင့်) မိန်းကလေးတွေ သိသင့်တယ် ထင်မိတာကြောင့် တို့များ ပြောကြ ဆိုကြတာတွေကို ပြန်ရေးလိုက်ရပါတယ်။ သူမေးတာက–

"ဘဘ အိမ်ထောင်ဘက်ရွေးရင် ဘယ်လိုလူမျိုးကို ရွေးရမလဲဟင်"

သူ့အမူအရာမှာ ရှက်ကိုးရှက်ကန်း ဆိုတာမျိုးလည်း မရှိဘူး၊ ပျင်းလို့ မေးတာမျိုးလည်း မဟုတ်ဘူး၊ တကယ်ကို သိသင့် ဆွေးနွေးသင့်တယ်လို့ ထင်တာကြောင့် မေးနေနည်းမျိုးပဲ။

"သမီးလည်း ပညာတွေသင်ခဲ့လို့ ဒီအဆင့်ထိအောင် ရောက်လာခဲ့ပြီ၊ စာတွေပေတွေလည်း ဖတ်လာခဲ့ပြီ။ ဒီတော့ သမီးကိုယ်တိုင်လည်း အိမ်ထောင်ဘက် လင်ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ အရည်အသွေးတွေကို ယိုက်သင့်သလောက် မှန်းဆတွက်ချက်ပြီး ဖြစ်နေမှာပေါ့။ ကိုယ်တိုင်က ဆေးပညာ သင်ယူနေတာဆိုတော့ ကျန်းမာရေး ကောင်းရမယ်၊ အသိပညာ ရှိရမယ်၊ ရိုးသားရမယ် ဆိုတာမျိုးတွေကို စိတ်ထဲမှာ အမှတ်မထင်ဖြစ်စေ သတ်မှတ်ပြီး ဖြစ်နေမှာပါ။

"အဲဒါတွေဟာလည်း လိုအပ်တယ်လို့ ဘဘ သိပါတယ်။ ဒါကြောင့် အဲဒီလို ယေဘုယျ သိထားနှင့်ပြီးတွေကို ဘဘ ပြောမနေတော့ဘူး။ အရေးကြီးတာတစ်ခုလောက်ကိုပဲ ပြောလိုက်ပါရစေတော့။ ဒီမယ်သမီး...ကျန်တဲ့ အရည်အချင်းတွေ ဘယ်လောက်ပဲ ပြည့်စုံနေစေဦးတော့ တာဝန်သိစိတ်၊ တာဝန်ယူတတ်တဲ့စရိုက် မပါရင် အဲဒီလူကို မရွေးပါလေနဲ့။ လူတစ်ယောက်ဟာ





မိုးပျံအောင် တော်နေပစေ၊ တာဝန်သိစိတ်၊ တာဝန်ကို ကြိုးစားပမ်းစား ထမ်းဆောင်တတ်တဲ့ စိတ်နေစရိုက် ပါမလာရင် ဘယ်နေရာမှ သုံးလို့ မရတော့ပါဘူး။ သူ့ကို အားမကိုးပါလေနဲ့၊ ဘဝအဖော်အဖြစ် လက်မတွဲပါလေနဲ့"

နားထောင်နေရင်း သူဟာ ခဏကလေး ငြိမ်သွားတယ်။ ပြီးမှ တွေတွေငေးငေးလေး လုပ်ပြီး–

"ဟုတ်တယ်နော်၊ သမီးလည်း အိမ်ထောင်ဘက်ကို ဘယ်လို လူစားမျိုး ဖြစ်သင့်တယ်ဆိုတာကိုတော့ စဉ်းစားတာပေါ့။ ဒါပေမယ့် အခု ဘဘပြောတဲ့ အချက်ကို သိသိကြီး ထည့်ပြီး မစဉ်းစားမိဘူး။ အခု ဘဘပြောလိုက်တော့မှ ဒါဟာ အလွန်အရေးကြီးတဲ့အချက်ပဲလို့ တွေးမိလာတယ်"

"အရေးကြီးတာပေါ့ သမီးရယ်။ ကျန်တဲ့ အရည်အချင်းတွေ ဘယ်လောက်ပဲ ကောင်းနေနေ အဲဒါမပါတော့ဘူးဆိုရင် ကျန်တာတွေဟာ သမီးအတွက် ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ နောက်ပြီး အိမ်ထောင်ပြုဖို့ စဉ်းစားလိုက်ကြပြီဆိုရင် များသောအားဖြင့် တူနှစ်ကိုယ်အတွက်ကိုပဲ စဉ်းစားမိတတ်ကြတယ်။ နောင်အခါ ရလာမယ့် သားသမီးတွေကို လှမ်းပြီး စဉ်းစားတဲ့သူ အလွန်နည်းတယ်။ ကိုယ့်ကြင်ဖက်က တာဝန်မဲ့တတ်သူဖြစ်နေရင် ကိုယ့်သားသမီးတွေဟာ တာဝန်မဲ့တဲ့ ဖခင်ရဲ့ သားသမီးတွေအဖြစ် ကြီးပြင်းလာရတော့မှာ။ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ။ တာဝန်မဲ့တဲ့ သားသမီးရဲ့ မိဘဖြစ်ရတယ်။ ကံဆိုးမိုးမှောင်ကျခြင်းပါပဲ။ အဲ တာဝန်မဲ့တဲ့ မိဘရဲ့သားသမီး ဖြစ်ရတာကျတော့ ပိုပြီး နက်ရှိုင်းတဲ့ ကံဆိုးမိုး မှောင်ပဲ။

"သမီးစဉ်းစားကြည့်လေ၊ သမီးတို့ ဒီလောက်ထိအောင် ငြိမ်းငြိမ်းချမ်းချမ်း ပညာသင်ခဲ့ရတာ သမီးတို့ ဖေဖေနဲ့မေမေက တာဝန်ယူတတ်တဲ့စိတ် ရှိလို့သာ မဟုတ်လား။ အဲဒီထောင့်က လှမ်းပြီး တွက်ကြည့်ပါလား။ သမီးအဖေ၊ သမီးအမေ တစ်ယောက်ယောက်ကသာ တာဝန်မဲ့တဲ့သူ ဖြစ်နေရင်"

"ဟုတ်တယ်နော် ဘဘ...သေချာပေါက် အရေးပါလေပဲ"

"ဘယ့်နှယ်မပါဘဲ ရှိပါ့မလဲ။ ဆိုကြပါစို့...သမီးက တာဝန်သိတတ်ယူတတ်တဲ့လူနဲ့ အိမ်ထောင်ကျပြီဆိုပါတော့။ သားသမီးတွေ ရလာပြီးပြီ။ သူတို့ အရွယ်မရောက်မီမှာဘဲ သေရတော့မယ် ဆိုပါတော့။ ကဲ–ကလေးတွေအတွက် နောက်ဆံ ဖကင်းရတော့ဘူးပေါ့ သမီးရဲ့။ တာဝန်မဲ့တဲ့သူ ဖြစ်နေရင် သေတောင် အေးအေးဖြောင့်ဖြောင့်မှာမဟုတ်ဘူး"

"ဟုတ်တယ် ဘဘ...သူဟာ တာဝန်ကျေတတ်သလား၊ မေးပေါ့ဆဆ



www.burmeseclassic.com

www.burmeseclassic.com



နေတတ်သူလားဆိုတာကို သူ့မိဘပတ်ဝန်းကျင် စသည်အားဖြင့် သတိထားကြည့်ရမှာပေါ့နော်"

"ဒါတွေကို သမီးနားလည်ပါပြီ။ အိမ်ထောင်ရေးမှာသာ မဟုတ်ဘူး သမီးရဲ့၊ ဘယ်နေရာမှာမဆို တာဝန်သိစိတ်မရှိတဲ့ လူနဲ့နေရတာဟာ အမြဲစိုးရိမ်ပူပန်နေရတတ်တယ်။ သမီး မှတ်မိဦးမှာပေါ့။ ဘဘတို့ တောင်တွင်းကြီးမှာ လောင်ခဲ့တဲ့ မီးကြီးဟာလေ၊ သမီးတို့အိမ်၊ ဘဘတို့အိမ် တစ်မြို့လုံးကို ပြုတ်သွားခဲ့တယ်။ တာဝန်မဲ့တတ်သူတစ်ယောက်က နေ့လယ်တစ်နာရီလောက်မှာ ကလေးကို ဘဲဥအကြော်ခိုင်းတာကစပြီး လောင်သွားခဲ့တာပဲ။ ဒီတော့ အိမ်ထောင်ရေးမှာလည်း 'ဇစေဖို့ တရားနာ ပူဇာစာအကျိုး'ဆိုတာလို ဖြစ်သွားတတ်တာပေါ့"

"ဘဘ စကားဖြတ်ပြီး မေးလိုက်ရဦးမယ်။ အဲဒီစကားကို ခဏခဏကြားဖူးတယ်၊ အဓိပ္ပာယ်ကိုလည်း သိသလိုလိုပါပဲ။ အဲဒါက ဘာလဲ"

"ဒါကတော့ ဘုန်းကြီးက 'ပူဇာစ ပူဇာနေယျာနံ' ပူဇော်ထိုက်သောသူကို ပူဇော်ရခြင်းသည်လည်းကောင်း ဟောတာကို ဇစေဖို့ တရားနာပါတယ်၊ ပူဇာစကို ဟောနေတယ်လို့ ဟာသ လုပ်ထားတာကလေးပါ"



# ကြုံရမှာပဲ

ဒီတစ်ပတ်တော့ဖြင့် ငါ့စိတ်ထဲမှာ အောင့်သက်သက် ဖြစ်နေတာလေးတွေကိုပဲ ရေးလိုက်ပါရစေတော့။ မင်းတို့နဲ့ ဘာမှ မဆိုင်ဘူးလို့ ပြောမယ်ဆိုရင်လည်း ပြောနိုင်ပါတယ်။

ဒီလိုပါ။ ငါဟာ လူငယ်တွေ တိုးတက်ရာ တိုးတက်ကြောင်းကို ရေးလာခဲ့တာ ဆယ်နှစ်တောင် မကတော့ပါဘူး။ ရေးရုံသားရုံတင် မကပါဘူး။ ဟောပြောပွဲတွေမှာဆိုရင်လည်း လူငယ်တွေအတွက်ကို ဦးစားပေး ရှေ့တန်းတင်ပြီး ဟောပြောလာခဲ့တာ ၁၉၈၁–၈၂ လောက်ကစပြီး ပြောခဲ့တာဆိုတော့ ခုဆိုရင် နှစ်ပေါင်း နှစ်ဆယ်လောက်တောင် ကြာနေခဲ့ပါပြီ။ ဒါကို လူငယ်တွေကရော လူကြီးတွေကပါ လက်ခံနှစ်သက်ကြပါတယ်။ ဒါကြောင့်လည်း ဟောပြောဖို့ ဟိုကဖိတ်၊ ဒီကဖိတ် ဆိုတာမျိုးလို ဖိတ်ကြတာပါပဲ။ စာအုပ်တွေကို ဖတ်ကြတယ်၊ လှမ်းပြီး စာရေးကြတယ်။ သူတို့ကိုယ်ရေးကိုယ်တာ သမီးရည်းစားအရေး၊ အိမ်ထောင်ရေး၊ သားသမီး–မိဘဆက်ဆံရေးကအစ ယုံယုံကြည်ကြည် လှမ်းပြီး အကြံဉာဏ် တောင်းတတ်ကြပါတယ်။ ငါကလည်း တတ်နိုင်သမျှ ဉာဏ်စွမ်းရှိသမျှ အကြံဉာဏ်ပေးမှုကလေးတွေကို လုပ်ခဲ့လေ့ ရှိပါတယ်။

အဲဒါကို စာရေးဆရာတစ်ယောက်၊ နှစ်ယောက်က ထိကပါး ရိကပါး လှမ်းပြီး ဆောင်းပါးရေးနေတာကို တွေ့တွေ့နေရတယ်။ ငါ့နာမည်ကိုတော့ တိုက်ရိုက်မရေးပေဘူးပေါ့။ သို့သော် ငါ့ကို ရေးမှန်းတော့ သိသာနေတာပေါ့လေ။ ရေးပုံက အောင်သင်းက လူငယ်တွေကြိုးစားဖို့၊ တိုးတက်အောင်လုပ်ဖို့ အမျိုးမျိုးတိုက်တွန်းနေတယ်ပေါ့။ သို့သော်လည်း ဒီလိုလုပ်ပေး ပြောပေးရုံနဲ့ လူငယ်တွေရဲ့ဘဝ ကြီးပွားတိုးတက်သွားနိုင်ပါ့မလား ဆိုတာမျိုးတွေ ရေးတာပါပဲ။ ဒါကလည်း ကိုယ့်ကို ထိကပါးရိကပါး ရေးနေမှန်းတော့လည်း အသိသားပဲ၊ ဒါပေမယ့် ငါက ဘာမှ ပြန်မရေးခဲ့ပါဘူး။ မရေးတတ်လို့ မဟုတ်ပါဘူး။ ဘာမှ အကျိုးအမြတ် ထွက်မလာနိုင်တဲ့ လုပ်ငန်းမျိုးကို မလုပ်ချင်တော့လို့ မရေးတာပါပဲ။ စာဖတ်သူတွေကိုလည်း ဒီလိုအကျိုးမရှိတဲ့ အမှိုက်သရိုက် [illegible]တွေကို မဖတ်စေချင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဘာကြောင့် ဒီဆောင်းပါးကို ရေးနေရသလဲလို့ မေးစရာရှိတယ်။ အဲဒါလေးကို ရှင်းပြလိုက်ချင်လို့ပါ။ ငါဟာ နိုင်ငံရေးလှုပ်ရှားမှုကြီးများလို လူငယ်ထုကြီးတစ်ရပ်လုံး တက်ကြွလှုပ်ရှားလာအောင် လုပ်ဆောင်နေတာ မဟုတ်ဘူး။ ကိုယ့်စာကလေးကို ဖတ်မိလိုက်ကြတဲ့ လူငယ်တစ်ဦးချင်းမှာ လိမ္မာရေးခြားရှိတဲ့ သားသမီးတွေ ဖြစ်လာအောင်၊ တက်ကြွကြိုးစားတဲ့ ကျောင်းသားကောင်းကလေးတွေ ဖြစ်လာကြလေအောင်၊ ပျက်စီးရာလမ်းကြောင်းထဲကို ရောက်မသွားကြလေအောင်၊ ကိုယ့်ဘဝရှေ့ရေးကလေးကို လှမ်းမျှော်ဆင်ခြင်ပြီး ကိုယ့်ကိုကိုယ် ထိန်းသိမ်းချင်စိတ် ပေါက်လာအောင်သာလျှင် ရည်မှန်းချက်ထားတာ ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ကို ပြီးပြည့်စုံအောင် ပေါက်မြောက်သလားဆိုတော့လဲ ဘယ်မှာ အဲဒီလောက်ထိအောင် ပေါက်မြောက်နိုင်ပါ့မလဲ။ သို့သော်လည်း တစ်ယောက်ရလည်း အမြတ်၊ နှစ်ယောက်ရလည်း အမြတ်ဆိုတာမျိုးလို လုပ်ကြရတဲ့ လုပ်ငန်းမဟုတ်ပါလား။

ဒါဖြင့် အဲဒီလောက် ပမာဏထိအောင်တော့ အောင်မြင်သလားလို့ မေးရင် ကောင်းကောင်းကြီးကို အောင်မြင်တယ်လို့ ပြောလိုက်ချင်ပါတယ်။ ဆိုကြပါစို့၊ လောလောလတ်လတ် ကြုံရတာလေးကို ပြောချင်ပါတယ်။ အခု ဒီရက်ပိုင်းကလေးမှာ အထက်မြန်မာပြည်ကို ရောက်သွားတော့ မြို့ကြီးတစ်မြို့ကို ရောက်သွားတယ်။ မိဘတွေက သူတို့သားသမီးလေးတွေကို အချိန်ရသမျှလေး တွေ့ဆုံပြီး စကားပြောပေးဖို့ မရမက လာခေါ်ကြတယ်။ ငါ့မှာ အချိန်မရတဲ့ကြားက တွေ့ဆုံပြီး စကားပြော ဆွေးနွေးပေးလိုက်ရသေးတယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အဲဒီမှာ ဆယ်တန်းကျောင်းသူလေး တစ်ယောက်ကို သူတို့ဆရာမက ငါ့ဆီခေါ်လာခဲ့ဖူးတယ်။ ပညာလေးကောင်းပါလျက်နဲ့ စိတ်အားငယ်တတ်ပြီး ကိုယ့်ကိုကိုယ်ယုံကြည်မှု နည်းပါးနေတဲ့ ကလေးဖြစ်နေလို့ပါပဲ။ ငါနဲ့ နာရီဝက်နီးပါးလောက် စကားပြောလိုက်ရတယ်။ ရန်ကုန်ပြန်ရောက်တော့ စာကလေးတစ်စောင်လှမ်းပြီး ရေးလိုက်ပါတယ်။ အဲဒီစာကို သူ့စာကြည့်စားပွဲရှေ့မှာ ကပ်ထားပြီး မပြတ်ဖတ်တယ်။ သူ့ကိုယ်သူ ယုံကြည်လာတယ်။ သူ့အောက်က မောင်လေးတွေကိုပါ စံပြလုပ်ကိုင်ပြသွားတယ်။ ခုတော့ ဆေးတက္ကသိုလ် ဒုတိယနှစ်မှာ ရောက်နေပါပြီ။ ဒီတော့ နီးစပ်ရာ မိဘတိုင်းက သူတို့သားသမီးတွေကို ငါနဲ့ စကားပြော ဆွေးနွေးစေချင်ကြတယ်။ လူငယ်ထုကြီး တစ်ရပ်လုံး အုံကြွနိုးကြားလာအောင် လုပ်တာမျိုးမှ မဟုတ်ဘဲ၊ ဒီလောက်ပဲ တတ်နိုင်တာပေါ့။

မနေ့တစ်နေ့က တပည့်မလေးတစ်ယောက်က ပြန်ပြောတာလေးတွေ





ကို ဖောက်သည်ချလိုက်ရဦးမယ်။ ငါရေးတဲ့ စာအုပ်ကလေး သုံးလေးအုပ်ကို အဲဒီတပည့်မလေးကို လက်မှတ်ထိုးပြီး လက်ဆောင်ပေးထားတယ်။ သူကလည်း ကိုယ့်ဆရာပေးတဲ့ လက်ဆောင်စာအုပ်ကလေးတွေဆိုတော့ အမြတ်တနိုးထားချင်တာမို့ စာအုပ်ချုပ်ဆိုင်မှာ ပလတ်စတစ် သွားဖုံးတာပေါ့။ တပည့်မလေးပြန်ပြောတာက "အဲ့ဒီစာအုပ်ချုပ်တဲ့ မိန်းကလေးက စာလည်း ဖတ်ပုံရတယ်ဆရာ၊ ဆရာ့စာတန်းကလေးနဲ့ လက်မှတ်ကလေးကို တွေ့လိုက်တော့ 'ဆရာဦးအောင်သင်းရဲ့တပည့်ဖြစ်ရတာ ကံကောင်းလိုက်တာ၊ ကျွန်မလေ ဆရာ့ကို ညအိပ်ရာဝင်တိုင်း ရည်မှန်းပြီး ကန်တော့တယ်'တဲ့။ သမီးလေ သူပြောတာ ကြားလိုက်ရတော့ ဆရာအတွက် ကြည်နူးလိုက်တာ ဆရာရယ်"တဲ့။ အမှန်ပြောရရင် ငါလည်း အလွန်ကို ကြည်နူးသွားလိုက်မိပါတယ်။ ငါရေးတဲ့ စာတွေကို ဖတ်ပြီး သူ့မှာလည်း အကျိုးထင်တဲ့ ဘဝအတွေးအမြင်လေး တစ်ခုခုကို ရလိုက်လို့ ဖြစ်ပေမှာပေါ့။ ငါ့အဖို့လည်း ကောင်းမှုလေး တစ်ခုပဲပေါ့။

ဒါပေမယ့် မင်း ဘယ်လောက်ပဲ ကောင်းတာတွေကို လုပ်နေစေဦးတော့ မင်းကို အပြစ်ရှာတဲ့သူကတော့ ပေါ်လာနေဦးမှာပဲဆိုတာ ဘဝတစ်သက်တာမှာ နိယာမတရားအဖြစ်နဲ့ မျှော်မှန်းထားရဦးမှာပဲ။ ဒါမျိုးကို တွေ့လိုက်ရုံနဲ့ ကိုယ့်ကောင်းမြတ်တဲ့ ရည်မှန်းချက်ကို ပျောက်မသွားစေနဲ့။ စိတ်ရှုပ်ချင်ရှုပ်ပါ၊ စိတ်မပျက်ပါလေနဲ့။ အဲဒါလေးကို ပြောချင်တာကြောင့် ဒီဆောင်းပါးလေးကို ရေးလိုက်ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေမန်း အားတိုးဆေး

လွန်ခဲ့တဲ့ (၁၇–၃–၂၀၀၀) ဈေးကွက်မှာ 'ကြုံရမှာပဲ'ဆိုတဲ့ ဆောင်းပါး လေး တစ်စောင်ကို ရေးခဲ့ပါတယ်။ ရေးလိုက်တဲ့ အကြောင်းအရာကတော့ တိုတို ပြောရရင် စာရေးဆရာ တစ်ယောက်နှစ်ယောက်က အောင်သင်းဟာ လူငယ်တွေ တိုးတက်ဖို့အတွက်တော့ ရေးပါရဲ့၊ ဒါပေမယ့် တစ်ယောက်ချင်းအတွက်သာ ဖြစ်နေတယ်၊ လူငယ်ထု တစ်ရပ်လုံးအတွက် ထိရောက်မှု မရှိဘူးပေါ့လေ။ သူတို့က နိုင်ငံရေးမှာ ပါဝင်ခဲ့ဖူးသူတွေ ဖြစ်လေတော့ နိုင်ငံရေး လေသံ ကလေးတွေ ပါနေတတ်ပါတယ်။ အောင်သင်းရယ်လို့တော့ နာမည်အတိအကျ ဖော်မရေးပါဘူး။ (တကယ်တော့ ရေးဝံ့ဟန်လည်း မရှိပါဘူး။ မထိတထိလောက်ပဲ လုပ်ဝံ့ကြသူတွေပါ) အဲဒီဆောင်းပါးမှာ ငါဟာ လူငယ်အင်အားထုကြီးတစ်ရပ် လုံးကို လှုပ်ရှားတက်ကြွလာအောင် ရေးနေတာ၊ လှုံ့ဆော်နေတာ မဟုတ်ဘူး၊ လူငယ်တွေ မမှားသင့်တာ မမှားအောင်၊ ဘဝတိုးတက်မှုအတွက် ကြိုးစားချင် စိတ် ပေါ်လာအောင် ရေးနေတာသာဖြစ်တယ်။ ဒါပေမယ့် လောကမှာ ဘယ်လောက်ပဲ ကောင်းတာကို လုပ်နေစေဦးတော့ အဲဒီလို အပြစ်တင် ဝေဖန် တာမျိုးကို ကြုံရမှာပဲ။ မင်းတို့လည်း ဒါမျိုးကို ကြုံလာရင် စိတ်ရှုပ်ချင် ရှုပ်ပါ၊ စိတ်မပျက်ပါနဲ့လို့ ရေးလိုက်ပါတယ်။

အဲဒီဆောင်းပါးနဲ့ ပတ်သက်ပြီး မန်းနေပြည်က စာကလေး တစ်စောင် ရောက်လာပါတယ်။ သူ့စာရဲ့ ရက်စွဲကို ကြည့်လိုက်တော့ ၁၇–၃–၂၀၀၀ တဲ့။ ဂျာနယ်ထွက်တဲ့ နေ့ပဲပေါ့။ သူ့ခမျာ ငါ့ဆောင်းပါးကို ဖတ်ပြီးပြီးချင်း ကောက်ရေးလိုက်ဟန်ရှိတယ်။ ဒါပေမယ့် ငါကလည်း ဈေးကွက်မရောက်၊ သူတို့ကလည်း မေ့လိုက်ကြလို့ အခုမှ ဖတ်လိုက်ရတော့တယ်။ အမှန်တော့ ကာယကံရှင်ရဲ့ ခွင့်ပြုချက်မယူဘဲ နာမည်ကို မထည့်သင့်ပါဘူး။ သို့သော်လည်း ဘယ်သူ့ကိုမှ မထိခိုက်ဘဲ မှတ်သားစရာလေးတွေ ပါနေတာကြောင့် နာမည် ထည့်လိုက်ပါတယ်။ ဦးကျော်စိုးတဲ့။ ၂၂ လမ်း၊ ရွှေမန်းလက်ဖက်ရည်ဆိုင်၊ မန္တလေးတဲ့။ သူ့စာက–





ဆရာဦးအောင်သင်းခင်ဗျား။ ၁၇–၃–၂၀၀၀ ထုတ် ဈေးကွက် ဂျာနယ်မှာ ပါတဲ့ ဆရာ့ဆောင်းပါး 'ကြုံရမှာပဲ'ကိုဖတ်ပြီး ကျွန်တော် လည်း မစူးမရဲ ဖြစ်မိပါတယ်။ အဲဒါကြောင့် ဒီစာကို ရေးရခြင်းပါ။ ဆရာရေ လောကကြီးမှာ ဒီလိုတွေ ရှိတတ်ပါတယ်နော်။ ကိုယ်လည်း လိုင်းသစ်ထွင်ပြီး မရေးတတ်ဘူး။ သူများလုပ်ပြန်တော့ အပြစ်မြင်တတ် သူတွေ စာပေလောကတင် မကပါဘူး၊ စီးပွားလောက၊ အနုပညာ လောက စတဲ့ နေရာစုံမှာ ရှိတတ်ပါတယ်။

လယ်တီဆရာတော်ဘုရားကြီးက အမဲသား မစားအပ်ကြောင်း တရားဟောတော့ တချို့တွေက နွားမှ အသက်ရှိတာလား၊ ကျန်တဲ့ တိရစ္ဆာန်တွေတော့ အသက်မရှိတာ ကျနေတာပဲလို့ ပြောကြသတဲ့။ ဒီတော့ ဆရာတော်ကြီးက 'အေး...ငါက နွားကို တာဝန်ယူနေတော့ ကျန်တဲ့ တိရစ္ဆာန်တစ်မျိုးစီကို တာဝန်ယူလိုက်ကြရင် ပြီးတာပဲ'လို့ မိန့်ဆိုဖူးပါသတဲ့။ သူများကို ဝေဖန်မနေဘဲ ကိုယ်လည်း ပါဝင်ပြီး ဆရာ့လို တာဝန်ယူလိုက်ရင် လူငယ်တွေအားလုံး အပြတ်ကို တိုးတက် လာနိုင်မှာ သေချာသလောက်ပါနော်။

အဲဒီနောက် ဦးကျော်စိုး ဆက်ပြောထားတာက 'ဘုရားရှင် ကိုယ်တော်တိုင် က ဘုရားတစ်ဆူ တစ်ဆူ ပွင့်လိုက်ရင် ကျွတ်တမ်းဝင်သူ သတ္တဝါ ပမာဏ ဟာ လက်သည်းခွံပေါ်မှာ တင်ထားတဲ့ မြူမှုန်မျှလောက်သာရှိပြီး ကျန်တဲ့ သတ္တဝါက မဟာပထဝီမြေကြီးပမာဏလောက် ရှိတယ်လို့ မိန့်တော်မူပါ တယ်'တဲ့။ သူ့စာမှာ နောက်ဆုံး နိဂုံးချုပ်ထားလိုက်တာကလေးက–

"ကဲ–မြတ်စွာဘုရားတောင် ဒီလိုဆိုပြီပဲ။ ဘယ်သူကော လူငယ်ထု အားလုံးကောင်းအောင် တာဝန်ယူနိုင်ပါ့မလဲ ဆရာ။ ဆရာ့ကို ဝေဖန်သူ တွေကို နောက်ဆုံးမေးခွန်းတစ်ခု မေးလိုက်ချင်ပါတယ်။ ကိုယ့်သားသမီး တွေကိုတောင် ကိုယ်က အားလုံးကောင်းအောင် လုပ်နိုင်ပါရဲ့လား။ ဒါပါပဲ"

အဲဒါက ဦးကျော်စိုး ရေးလိုက်ဘဲ့စာပါပဲ။ စာဖတ်သူတွေဟာ စာရေးချင် မှ ရေးမယ်ပေါ့။ ဒါပေမယ့် သူတို့ဟာလည်း ဝေဖန်နိုင်စွမ်းရှိတယ်၊ ပြောရေးဆို ခွင့် ကြုံလာရင်လည်း အချက်ကျကျ ပြောတတ်တယ်ဆိုတာ ပေါ်မလာပေဘူး လား။ ငါသာ ဟိုလူတွေရေးတဲ့ စာမျိုးကို ရေးလိုက်မိလို့ ဦးကျော်စိုးလို လူမျိုးနဲ့ ဆုံမိပြီး အဲဒီလို မေးခွန်းမျိုး အမေးခံလိုက်ရရင် အင်း...ဟိုဟို...အဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြက်ကြီးကို လည်လိမ်ထားသလို ဖြစ်နေမယ်ထင်တယ်။ ဟုတ်တယ်လေ-ကိုယ်က ရူးသလိုလို ပေါသလိုလိုလုပ်ပြီး ရှောင်တတ် တိမ်းတတ်တဲ့ ပညာကို လည်း ကျွမ်းမှ မကျွမ်းတာ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ငါ့အဖို့မှာတော့ဖြင့် 'ရွှေမန်းအားဆေးလေး တစ်ခွက်'သောက်လိုက်ရတာ လူကို စိတ်လက်ပေါ့ပါး ရွှင်လန်းသွားမိပါတယ်။ ကဲ-ကိုကျော်စိုးကြီးရေ၊ အားဆေးအတွက် ကျေးဇူးတင်လှပါတယ်။ နာမည်ကို ခွင့်မတောင်းဘဲ ထည့်လိုက်တာကိုတော့ဖြင့် ခွင့်လွှတ်ပါလို့ တောင်းပန်လိုက် ရပါတယ်။



# နိုင်ငံခြား အားတိုးဆေး

အရင်တစ်ပတ်က 'ရွှေမန်း အားတိုးဆေး' ဆိုတာကို ရေးခဲ့ပါတယ်။ မန်းရွှေမြို့တော်က လှမ်းပြီးရေးလိုက်တဲ့ အားပေးစာ တစ်စောင် အကြောင်းကို ရေးခဲ့တာပါ။ ဒီနေ့မနက်စောစောမှာ အမှတ်မထင် တိုလီမိုလီ မြတ်နိုးရာရာ ပစ္စည်းလေးတွေ တည့်ထားတဲ့ အံဆွဲကို ဖွင့်ကြည့်မိလာတာကြောင့် ဒီတစ်ပတ်တော့ဖြင့် 'ပြည်ပအားတိုးဆေး' ကလေးတွေအကြောင်း ရေးလိုက်ရပါဦးမယ်။

အကြောင်းအားလျော်စွာ ပြည်ပမှာ အလုပ်လုပ်နေကြတဲ့ မြန်မာတွေ၊ ဟိုင်းရင်းသားလူငယ်ကလေးတွေကလည်း အတော်လေးများတယ် ထင်ပါရဲ့။ သူတို့ကလည်း မြန်မာစာအုပ်စာတမ်းကလေးတွေကို ဖတ်ပြီး အလွမ်းဖြေကြရဟာ မဟုတ်လား။ ဒီတော့ သူတို့ဟာ ကိုယ်မွေးရပ်မြေက စာရေးဆရာတွေကို မျက်ခြည်မပြတ် သိနေကြတာပဲ။ သိရုံမဟုတ်ဘူး အဆင်သင့်လို့ လူကြုံကောင်းကောင်း တွေ့ရင် တိုလီမိုလီ လက်ဆောင်ပစ္စည်းကလေးတွေကိုပါ လှမ်းပြီး ပို့တတ်ကြပါတယ်။ ချစ်စရာ ဘောလ်ပင်ကလေးတွေ၊ ချစ်စရာ သော့ချိတ်ကလေးတွေ၊ မီးခြစ်ကလေးတွေ ဆိုတာမျိုးတွေပါပဲ။ များသောအားဖြင့်တော့ ဘောလ်ပင်ကလေးတွေကို ပို့ပေးတတ်ကြပါတယ်။ စာရေးဆရာဆိုတော့ 'စာရေးစရာ'ကိုပဲ ပို့ပေးလိုက်ကြတာဟာ သဘာဝကျပေတာပေါ့လေ။

မနေ့တစ်နေ့ကပဲ ဘောလ်ပင် ဆယ်ချောင်းလောက်ပါတဲ့ အထုပ်ကလေးတစ်ထုပ် လာပေးသွားပါသေးတယ်။ သူက ကိုယ့်လိပ်စာကို သိတာမှမဟုတ်ပါဘဲကလား၊ ဒီတော့ လူကြုံကလည်း စာပေတိုက်တစ်ခုကို ဝင်ပေးသွားတာပေါ့။ ဒီလိုပေးတာ ငါ့တစ်ယောက်ကိုသာ မဟုတ်ပါဘူး၊ တခြားစာရေးဆရာ သုံးလေးယောက်အတွက်ကိုလည်း ပို့လိုက်တာပါတဲ့။ ငါ့အဖို့တော့ ရပ်ဝေးမှာက် မြေးကလေးက လှမ်းပို့လိုက်တဲ့ ပစ္စည်းကလေးတွေမို့ အမြတ်တနိုးပါပဲ။ သူတို့ဟာ ကိုယ့်စာတွေကို ဖတ်ပြီး သူတို့မေတ္တာကို တုံ့ပြန်ကြပေတာ မဟုတ်လား။ တွေးလိုက်တိုင်း ဒီကလေးတွေကို တကယ်ချစ်မိ၊ ကျေးဇူးတင်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဘောလ်ပင် အထုပ်ကလေးကို ထုတ်ပြီးကြည့်နေတုန်း သမီးကြီးက မွေးတဲ့ မြေးအလတ်ကောင်က ရောက်လာတယ်။ သူက ငါးတန်းအောင်လို့ ခြောက်တန်းတက်တော့မှာလေ။ ငယ်ငယ်တုန်းက လက်ထဲမှာ ပလတ်စတစ် သေနတ်ကနှလုံး ကိုင်တဲ့ပြီး 'ဟိတ်ကောင်ဘိုးဘိုး လက်မြှောက်'ဆိုတဲ့ အကောင် ပေါ့။

"ဟာ...ဘိုးဘိုး ဘောပင်တွေ အများကြီးပဲ၊ ဘိုးဘိုး ဘယ်က ရတာလဲ"

"ဝယ်တာပေါ့ကွ"

"အမယ် ဘိုးဘိုး မညာနဲ့နော်။ ဘိုးဘိုး ဒါမျိုးတွေ ဘယ်တော့မှ မဝယ်ဘူး၊ သားသိတယ်နော်။ ဘယ်သူပေးတာလဲ မှန်မှန်ပြော"

"အောင်မယ် မင်းက ငါ့များ မှန်မှန်ပြောလေး ဘာလေးနဲ့"

"ဟုတ်တယ်လေ၊ ဘိုးဘိုး မဟုတ်တာ ပြောနေတာကို သားသိနေတာပဲ"

"နိုင်ငံခြားရောက်နေတဲ့ မြေးလေးတစ်ယောက်က ပို့လိုက်တာပဲ"

"ဘယ်မြေးလေးလဲ၊ ဘယ်သူလဲ"

"ဘယ်သိမလဲကွ၊ ဘဘဦးအောင်သင်းသို့လို့ ရေးပြီး ပို့လိုက်တာပဲ"

"ဒါဆို ကျွန်တော်လည်း ဘိုးဘိုးမြေးပဲ၊ ကျွန်တော့်ကို တစ်ချောင်းပေး၊ ဒါလေးကို ယူမယ်နော်"

"ဟေ့ကောင် မလုပ်နဲ့ကွ၊ ဘိုးဘိုး မင်းကို သပ်သပ်ဝယ်ပေးပါ့မယ်"

အဲဒီလိုနဲ့ သူ့ကို ဘောလ်ပင်တစ်ချောင်း ဝယ်ပေးလိုက်ရသေးတယ်။ ဘာပဲဖြစ်ဖြစ် ရပ်ဝေးမြေခြားက အမှတ်တရပေးလိုက်တာဆိုတော့ သူတို့ကို ပေးရင်တောင်မှ ကိုယ်တိုင် တစ်လ ကိုးသီတင်းဆိုသလို သုံးပြီးမှပဲ သူတို့ကို ပေးချင်တယ်။ နောက်ပြီး ဒီဘောလ်ပင်ကလေးတွေကို သူတို့စိတ်ထဲမှာ သာမန် ချစ်စရာဘောလ်ပင်လေးတွေ အဖြစ်လောက်ပဲ သိနေတာ မဟုတ်လား။ သူတို့ ဘိုးဘိုးအတွက် 'အားတိုးဆေး'တွေ တစ်ပြုံတစ်မကြီးပါလာတယ် ဆိုတာကို သူတို့ ဘယ်မှာ နားလည်နိုင်ပါဦးမလဲ။

မင်းတို့သိတဲ့အတိုင်း ငါက မျိုးဆက်သစ်လူငယ်တွေအတွက် ငါ့စွမ်းအားရှိသမျှ ဟောမယ်၊ ပြောမယ်၊ ရေးမယ်၊ သွားမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ လုပ်နေခဲ့တာ အခုမှ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက် ကတည်းက လုပ်လာခဲ့တာပါ။ ကိုယ်ရည်မှန်းတဲ့ လူငယ်ပရိသတ်က ကိုယ့်စာကို ဖတ်ပြီး အမြတ်တနိုး အသိအမှတ်ပြုပြီး လက်ဆောင်လေးတွေ ပေးတယ်





ဆိုတော့ ဒီထက်ပျော်စရာ အားတက်စရာ ကောင်းတာ ဘယ်မှာ ရှိဦးပါဦးတော့ မလဲ။

နောက်ပြီး တစ်ခုစဉ်းစားမိတာက လူငယ်တွေဟာ တချို့လူတွေ ပြောနေသလောက် မဆိုးကြပါဘူးဆိုတဲ့ အချက်ပါပဲ။ 'ဒီနေ့ လူငယ်တွေ ပျက်စီးကုန်ပြီ'ဆိုတဲ့ စကားမျိုး မကြာခဏ ကြားရတယ်။ ပျက်စီးတဲ့ လူငယ်တွေကို တွေ့နေရတာတော့လည်း အမှန်ပါပဲ။ ဒါပေမယ့် ငါတို့လမ်းထဲမှာရှိတဲ့ လူငယ်စာရင်းကို ချကြည့်လိုက်ကြပြီး ဘယ်နှစ်ယောက် ပျက်စီးသလဲဆိုတာမျိုး မေးသေချာချာ တွက်ကြည့်လိုက်တော့ ထင်နေကြသလောက် မများပါဘူး။

ကိုင်း...မင်းတို့လမ်း၊ ရပ်ကွက်မှာ အဲဒီလို ရှာပြီး တွက်ကြည့်စမ်း။ ပျက်စီးတဲ့လူငယ် ဘယ်နှစ်ယောက်ရှိသလဲ။ အဲဒီထဲ မင်းတော့ မပါပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com

# ကရုဏာရှင်ကလေးတွေ

အရင်တစ်ပတ်က စာအုပ်အတွက် ကုန်ကျတဲ့ စရိတ်ဟာ တခြား အပိုကုန်တာတွေနဲ့ စာလိုက်တော့ ဘာမျှ မပြောပလောက်ကြောင်းကို ရေးခဲ့ပါတယ်။ အဲဒါရေးပြီးတဲ့အခိုက်မှာပဲ မုံရွာနယ်၊ အရာတော်မြို့နယ်က ကျေးလက်မူလတန်းကျောင်း၊ ကျောင်းအုပ်ကလေးတစ်ယောက် ရောက်လာပါတယ်။ တိုတိုပြောလိုက်ရရင်တော့ ကျေးလက် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းကလေးအတွက် စာအုပ်စာတမ်းကလေးတွေ အလှူခံဖို့ လာတာပါပဲ။ ခုမှလာဖူးတဲ့သူ မဟုတ်ပါဘူး၊ အရင်ကလည်း 'အရာတော်မြို့နယ်မဂ္ဂဇင်း'အတွက် စာမူတောင်းခံဖို့ လာခဲ့ဖူးတာကြောင့် သိကျွမ်းပြီး ဖြစ်နေပါတယ်။

သူ့ခမျာမှာ ကျေးလက်ကျောင်းတွေရဲ့ တည်နေရာကို မြေပုံတွေ ဘာတွေနဲ့ သေချာပြင်ဆင်ပြီး ယူလာရှာတာပါ။ အဲဒါတွေ ဒီလောက် မဟုတ်သေးဘူး။ ကျောင်းလေးတွေနဲ့ ကလေးတွေရဲ့ အခြေအနေကို ပြောပြလိုက်တော့ အတော်လေးကို စိတ်မကောင်းဖြစ်မိသွားပါတယ်။ ဒီလိုပါ–

ဒီကျေးလက်ကလေးတွေက ရွာလို့တောင် မပြောနိုင်ပါဘူး။ ကျေးရွာစာရင်းမှာ မပါကြသေးဘူး။ လုပ်ငန်းအရ စုပြီး နေကြ ထိုင်ကြတဲ့ အစုလေးတွေလို့ပဲ ပြောရတော့မယ် ထင်ပါရဲ့။ သို့သော်လည်း ဒီအစုလေးတွေက ခိုင်နေပြီ။ သားသမီးတွေနဲ့ ပွားစီးလာခဲ့ကြပြီ။ အနီးဆုံး ကျေးလက်မူလတန်းကျောင်းက လေးငါးမိုင်လောက် ဝေးနေလေတော့ ကလေးတွေကို ဘယ်မှာ ကျောင်းထားနိုင်ကြပါတော့မလဲ။ ဒီလိုနဲ့ပဲ ဘာစာမှ မတတ်ကြတော့ဘူး။ ဘုန်းကြီးကျောင်းဆိုတာကလည်း အစုတိုင်းမှာတောင် ရှိကြတာမဟုတ်ဘူး။ အဲဒီလို အစုလေးတွေဟာ မနည်းလှပေဘူး။ ဒါကိုကြည့်ပြီး မနေနိုင်တဲ့ မူလတန်းကျောင်း ဆရာလေးတွေက ဒီအစုလေးတွေကို နီးစပ်ရာ တွဲပြီး ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းကလေးတွေ လုပ်ပေးကြတယ်။ ဆရာလေးတွေ ရှာပြန်တော့လည်း အလယ်တန်းအောင်လေးတွေလောက်ပဲ လုပ်ပေးမယ့်သူ ရှိတာပေါ့။ ဆရာလခကိုလည်း များများ မပေးနိုင်ကြပေဘဲကိုး။ တချို့ဆိုရင် လခ လေးငါးရာလောက်နဲ့





လုပ်ပေးနေကြတာ။ အဲဒီအိမ်စုကလေးတွေကလည်း ဆင်းရဲကြရှာတယ်။

ဒီတော့ ကလေးတွေမှာ စာအုပ်တောင် ကိုယ်စီမရှိကြပါဘူး။ ဆရာက ရေးပြဖို့ သင်ပုန်းတောင် မရှိတော့ သေတ္တာပျက် ပုံးပျက်တွေက သုံးထပ်သားပြားပေါ်မှာ ရေးပြီး သင်ကြရတယ်။ အထူးသဖြင့် စိတ်မကောင်းစရာ တွေ့လိုက်ရတာက စာအုပ်အလှူစာရင်း၊ ငွေအလှူစာရင်းပါပဲ။ အဲဒီစာရင်းမှာ 'ကိုဘယ်သူ၊ မဘယ်ဝါ–ခဲတံတစ်ချောင်း။ မောင်ဖြူ–ဗလာစာအုပ်–၁'ဆိုတာမျိုးတွေကိုပါ ပါနေသေးတယ်။ ငါ့စိတ်ထဲမှာ ရယ်စရာလို့ အောက်မေ့လိုက်ရင်က ဒါဟာဖြင့် ရယ်စရာ မဟုတ်ဘူး၊ ငိုစရာလို့ တွေးလိုက်မိပါတယ်။ ဧည်းစားကြည့်ပေါ့။ ဖတ်စရာ စာအုပ်တောင် မရှိဘဲနဲ့ စာသင်နေရတဲ့ အဖြစ်ဟာ ဘယ်လိုလုပ် အောင်မြင်နိုင်ပါ့မလဲ။ ဒါပေမယ့် အဲဒီလူငယ်လေးတွေဟာ တတ်နိုင်သမျှ ရုန်းကန်ကြိုးစားနေကြရှာပါတယ်။ ဒါနဲ့ ငါလည်း ဖူးစကက် ၅၀၀ ထုပ်တစ်ထုပ် စာအုပ်ကလေး သုံးလေးအုပ်၊ ကလေးစာစီစာကုံး ၂၀ နဲ့ ငွေကျပ် ၁၀၀၀ လှူလိုက်ပါသေးတယ်။ သူတို့ကတော့ ဂျာနယ်မဂ္ဂဇင်းကစလို့ စာအုပ်စာတမ်းဆိုရင် ရသမျှယူကြတာပါပဲ။

ကလေးတွေအတွက် ဗလာစာအုပ်ချို့တဲ့တာနဲ့ ပတ်သက်ပြီး 'မင်းတို့ကျောက်သင်ပုန်း မသုံးကြဘူးလား'လို့ မေးကြည့်လိုက်တော့ သူတို့ကိုယ်တိုင်က ကျောက်သင်ပုန်းကို မေ့နေကြပြီ။ တကယ်ဆိုတော့ မူလတန်းငယ်ကလေးတွေမှာ ကျောက်သင်ပုန်း သုံးသင့်တယ်လို့ ငါတော့ ထင်မိတာပဲ။ ကျောက်သင်ပုန်းဆိုတာက ရေးလိုက်လို့ စိတ်တိုင်းမကျရင် အလွယ်တကူပြန်ဖျက်လို့ရတယ်။ ကလေးမှာ စိတ်မညစ်ရဘူးပေါ့။ စက္ကူဆိုတာကတော့ စိတ်တိုင်းမကျရင် ခဲဖျက်နဲ့ဖျက်။ ခဏခဏဖျက်ရတော့ စာရွက်က ညစ်ပတ်လာပြန်ရော။ အဲဒါ ပေါင် စက္ကူက ကောင်းပါဦးမှ၊ စက္ကူက ညံ့နေရင် ပေါက်ပြဲကုန်ပါလေရော၊ ဒီတော့ ကလေးစိတ်ညစ်သွားပြီး ဖြစ်သလို ထားလိုက်မိတော့တာပေါ့။ ဒါနဲ့ 'မင်းရန်ကုန်က ကျောက်သင်ပုန်းလေးတွေ ဝယ်သွားပါလား'လို့ အကြံပေးလိုက်ရသေးတယ်။

အဲဒီလို ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်တတ်နိုင်သမျှ လုပ်ပေးနေကြတဲ့ လူငယ်လေးတွေကို ငါဖြင့် တကယ့်ကို ချီးကျူးမိပါတယ်။ ကိုယ့်ကို ဒီလိုသွားပြီး လုပ်စမ်းပါဆိုရင် ကိုယ်လည်း မလုပ်နိုင်ဘူး မဟုတ်လား။ ကိုယ်မလုပ်နိုင်တဲ့ အလုပ်ကို လုပ်ပေးနေကြလေတော့ ကိုယ်ကလည်း သူတို့ကို တတ်နိုင်သမျှ ကူညီသင့်ပေတာပေါ့။ သူတို့လုပ်နေကြတာဟာ သူတို့ကိုယ်ကျိုးအတွက်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လူသားအချင်းချင်း ထောက်ထားစာနာတဲ့ စိတ်နဲ့ လုပ်ပေးနေကြတာပါပဲ။

အဲဒီရွာလို့ မခေါ်နိုင်သေးတဲ့ ကျေးလက်အစုလေးတွေ အားလုံးကို ပြန်စုကြပြီး 'ဇုန်'ရယ်လို့ ဖွဲ့ထားကြတယ်။ အဲဒီ'ဇုန်'ရဲ့ ဥက္ကဋ္ဌကတော့ ဦးလှမြင့်တဲ့။ ငါ့ဆီကို လာသွားတာသူပါပဲ။ သူကတော့ ဒီအကြောင်းကို ကြော်ငြာပေးဖို့ စကားတောင် စပ်မသွားပါဘူး။ ငါကကို မနေနိုင်လို့ ရေးလိုက်ရတာ။

ကဲ-ထားလိုက်ပါတော့ကွာ။ မင်းတို့ကို အဲဒီလို လုပ်ငန်းမျိုးသွားပြီး လုပ်စမ်းပါဆိုလည်း လုပ်နိုင်ကြမှာ မဟုတ်ပါဘူး။ ဒီတော့ မင်းတို့ သဒ္ဓါပေါက်ရင် မင်းတို့လက်ဖက်ရည်ဖိုးလို၊ အပျင်းပြေသုံးတဲ့ ပိုက်ဆံလိုထဲက ဖဲ့ပြီး လှူချင်ရင် လှူနိုင်အောင် လိပ်စာလေးတော့ ပေးလိုက်ပါ့မယ်။ ခဲတံတစ်ချောင်း ဗလာစာအုပ် တစ်အုပ်လောက်ကိုတောင် ဝမ်းမြောက်ဝမ်းသာ စာရင်းထိုးပြီး လက်ခံနေကြတာ ဖြစ်လေတော့ ငွေအများကြီးတော့ မလှူလိုက်ကြပါနဲ့၊ ဝမ်းသာလုံးဆို့ပြီး သေကုန်လို့ ငါ့လာပြီး အမှုပတ်နေပါဦးမယ်။ လိပ်စာတော့ပေးလိုက်ပါတယ်။

ဦးလှမြင့်(ရေယဉ်သာ)
တစ်ဆင့်/ဦးကျော်မြင့်၊ ကျောင်းအုပ်၊
အ-မ-က(၁)၊ အရာတော်မြို့။



## အနုမောဒနာပြုစရာ

'ဈေးကွက်' အမှတ် ၁၄၂ (၁၉-၁၁-၉၉)မှာ 'ကရဏာရှင်ကလေးတွေ'ဆိုတဲ့ ဆောင်းပါးကို ရေးလိုက်ပါတယ်။ ရေးလိုက်တဲ့ အကြောင်းအရာ မှရှာနယ်၊ အရာတော်ပိုင်း ဝေးလံခေါင်ဖျားတဲ့ ရွာလို့ မခေါ်လောက်တဲ့ အိမ်စုလေးတွေက ကလေးတွေမှာ ပညာသင်ခွင့် မရကြတာကြောင့် စာမတတ် ပေမတတ် ဖြစ်နေတာကို ကြည့်မနေစိမ့်နိုင်တဲ့ ကျောင်းဆရာလေးတွေက တတ်နိုင်သမျှ စာလေးပေလေး ဖတ်တတ်အောင်၊ အပေါင်းအနုတ်ကလေးက စပြီး တွက်တတ်ချက်တတ်ရှိအောင် အသွင်သွင်အမျိုးမျိုးနဲ့ ကြိုးစားပမ်းစား သင်ကြားပေးကြပုံကို ရေးလိုက်တာပါပဲ။ အဲ-ဆောင်းပါးအဆုံးသတ်မှတော့ဖြင့်-

"မင်းတို့ကို အဲဒီလို လုပ်ငန်းမျိုးသွားပြီး လုပ်စမ်းပါဆိုလည်း လုပ်နိုင်ကြမှာ မဟုတ်ပါဘူး။ ဒီတော့ မင်းတို့ သဒ္ဓါပေါက်ရင် မင်းတို့ လက်ဖက်ရည်ဖိုးလို၊ အပျင်းပြေသုံးတဲ့ ပိုက်ဆံလိုထဲက ဖဲ့ပြီး လှူချင်ရင် လှူနိုင်အောင် လိပ်စာကလေးတော့ ပေးလိုက်မယ်။ ခဲတံတစ်ချောင်း ဗလာစာအုပ် တစ်အုပ်လောက်ကိုတောင် ဝမ်းမြောက်ဝမ်းသာ စာရင်းထိုးပြီး လက်ခံနေကြတာ ဖြစ်လေတော့ ငွေအများကြီးတော့ မလှူလိုက်ကြပါနဲ့၊ ဝမ်းသာလုံးဆို့ပြီး သေကုန်လို့ ငါ့လာပြီး အမှုပတ်နေပါဦးမယ်"

အဲဒီလို ရေးလိုက်ပါတယ်။ အလှူငွေလေး ဘာလေး လှမ်းပြီး ပို့ချင်ရင် ပို့နိုင်အောင် လိပ်စာလည်း ထည့်ပေးလိုက်ပါတယ်။ ပထမဆုံး ဝမ်းသာစရာ တွေ့လိုက်ရတာက ဈေးကွက်ဂျာနယ်ကိုပဲ အဲဒီလူ နောက်တစ်ခေါက်လာရင် ပြောစမ်းပါ၊ သူတို့လည်း လှူချင်ပါတယ်တဲ့။ အခုတော့ လှူချင်တဲ့ သူတွေက ဈေးကွက်ကို လာပြီး မကြာခဏ စုံစမ်းနေကြတယ်။ သူတို့ကလည်း ဘာမှ ပိုင်ပိုင်နိုင်နိုင် မပြောနိုင်ကြဘူးပေါ့။ နောက်ပြီး ငွေကြေးလှူတာလောက်ဆိုရင် တော့ ငွေလွှဲပြီး ပို့လိုက်ရင် ဖြစ်ပေမယ့် စာအုပ်စာတမ်းလေးတွေ၊ ခဲတံ စတဲ့ ပစ္စည်းပစ္စယလေးတွေ လှူချင်တာမျိုးဆိုရင်တော့လည်း အခက်သားကိုးတဲ့။ အဲဒါနဲ့ အခုတော့ဖြင့် ဈေးကွက်ကိုပဲ 'တာဝန်ခံပြီး ယူထားလိုက်ကွာ၊ မောင်



www.burmeseclassic.com

www.burmeseclassic.com



လှမြင့်တို့ဆီကို ငါလှမ်းပြီး စာရေးလိုက်ပါ့မယ်။ သူလာတော့မှ အလှူရှင်နဲ့ တွေ့ပေးလိုက်တာပေါ့’လို့ ပြောထားလိုက်ရတယ်။

အရာတော်ဇုန်မှာ ဦးဆောင်ဦးရွက်လုပ်တဲ့သူတွေကလည်း အလှူပစ္စည်းလေးတွေကို ယူသွားရုံသာ မဟုတ်ဘဲ၊ ဘယ်ကလေးတွေကို ဘယ်လိုလှူပါတယ်ဆိုတာ (ဖြစ်နိုင်ရင် ဓာတ်ပုံလေးတွေပါ ထည့်ပြီး) အလှူရှင်တွေဆီ ပို့ပေးနိုင်ရင် အလှူရှင်တွေအဖို့ ‘ပရစေတနာ’ပွားနိုင်ပြန်တာပေါ့။ နောက်ထပ် လှူချင်တဲ့ သဒ္ဓါတရား တိုးနိုင်တာပေါ့။

အဲဒီမှာ မင်းတို့ သတိထားလိုက်သင့်တာက ငါတို့ မြန်မာလူမျိုးတွေဟာ ပညာနဲ့ ပတ်သက်လာရင် အလွန်ကို ရက်ရက်ရောရော လှူချင်ကြတယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒါ ဘာကြောင့်လဲဆိုတော့ ပညာကို တန်ဖိုးထားတတ်ကြလို့ပဲ။ ဖြစ်လေရာ ဘဝမှာ ဉာဏ်ပညာကြီးချင်တယ်၊ အဲဒီအတွက် ပညာပါရမီ ဖြည့်ဆည်းရမယ်၊ ပညာအလှူပြုရမယ်ဆိုတာ သွေးထဲသားထဲမှာ စိမ့်ပြီး ဝင်နေတယ်လို့ ထင်မိတာပဲ။

အရင်ကလည်း ပြောခဲ့ဖူးတာလေးကို ထပ်ပြီး ပြောလိုက်ရပါဦးမယ်။ ဟိုး–ရှေးခေတ် ဘုန်းကြီးကျောင်းပညာရေးကတည်းက ကျောင်းသားလေးတစ်ယောက် ပညာကို ထက်ထက်သန်သန် လိုလားရင် ရှင်ပြုပေးချင်တဲ့လူတွေက ဝိုင်းနေတော့တာပဲ။ ကိုရင်လေးတစ်ပါး စာတော်လှချည်ရဲ့လို့ ကျော်လာရင် ရဟန်းဒကာ လုပ်ချင်သူတွေက အလုအယက် ဖြစ်လာကြတာပြန်ပဲ။ ကုန်ကုန် ပြောလိုက်မယ်၊ မိဖုရားခေါင်နဲ့ အိမ်ရှေ့မင်းတောင် သာမဏေကျော်လုကြတာ အမှုကြီးဖြစ်လို့ ရှင်ဘုရင်တောင် မတတ်နိုင်ဘဲ သံဃာ့ခုံရုံးက အမှုစစ်ပေးခဲ့ရဖူးတယ်။ အဲဒီလောက်ထိအောင်ကို ပညာရေးကို အားပေးခဲ့ကြတယ်။ ရဟန်းဘဝမှာ ပညာတတ်ပြီးတော့ မပျော်ပိုက်တော့တာကြောင့် လူထွက်ပြီဆိုရင်လည်း စိတ်မကောင်းဖြစ်စေဦးတော့ မငြိုငြင်ကြဘူး။ တချို့ဆိုရင် လူဝတ်ကြောင်ဘဝမှာ တင့်တင့်တယ်တယ် ရပ်တည်နိုင်အောင် အထောက်အပံ့တောင် ပေးလိုက်ကြသေးတယ်။ အဲဒီလို ရဟန်းဒကာတွေကြောင့် လူပြန်တော်ပညာရှိတွေ ပေါ်လာခဲ့ရတာပဲ။ ရှေးခေတ်ကဆိုရင်တော့ ရွှေနန်းတော်ထဲက ပညာရှိဟူသမျှဟာ လူပြန်တော်တွေချည်းပဲဆိုတာ ပြောနေစရာ မလိုတော့ပါဘူး။

ကိုလိုနီခေတ်ရောက်တော့လည်း လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးတို့၊ တက္ကသိုလ်က ဆရာကြီးဦးလင်းတို့၊ ဆရာပွားတို့၊ တို့များရဲ့ဆရာ ပါဠိပါရဂူ ဆရာဦးအောင်မိုးတို့ဆိုတာတွေဟာ အားလုံး လူပြန်တော်တွေချည်းပါပဲ။ စာပေ





လောကမှာ ကြည့်လိုက်မယ်ဆိုရင်လည်း သွားလေသူ ဆရာကြီးဦးသော်ဇင်တို့၊ ဆရာ ဦးဆန်းထွန်းတို့၊ ဒဂုန်ဦးစန်းငွေတို့၊ သက်ရှိစာရေးဆရာကြီး ပါရဂူတို့ အားလုံးဟာ လူပြန်တော်တွေချည်းပါပဲ။ စဉ်းစားကြည့်လိုက်တော့ ပညာရေးကို အလွန်အားပေးတတ်ကြတဲ့ ငါတို့လူမျိုးရဲ့ ပညာသဒ္ဓါတရားကြောင့် ဒီလိုပညာရှိတွေ ပေါ်လာခဲ့ရတယ်ဆိုတာ မထင်မရှားပေဘူးလား။

ဒါကြောင့် အခု ‘ဈေးကွက်ဂျာနယ်’ ဆောင်းပါးကြောင့် လှူချင်တမ်းချင်ကြတဲ့ စေတနာရှင်တွေမှာလည်း ဘဝအဆက်ဆက်မှာ ပညာပါရမီဖြည့်ဝကြပါစေ၊ သင်လိုက်လျှင်၊ မြင်လိုက်လျှင် တစ်ခဏချင်း တတ်မြောက်ကြပါစေ၊ မိမိတတ်သော ပညာကိုလည်း သူတစ်ပါးအား လွယ်ကူသက်သာစွာ သင်ပေးနိုင်စွမ်းသော ဆရာပါရမီကြီးရင့်သော လူမွန်လူချွန်များ ဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သမာအာဇီဝ လုပ်ကိုင်ကြ

'သမာအာဇီဝ လုပ်ကိုင်ကြ'ဆိုတာဟာ စင်စစ်မှာ ငါ့ကိုယ်ပိုင် ခေါင်းစဉ် မဟုတ် ပါဘူး။

'ဈေးကွက်' အမှတ် ၁ဝ၈ (၁၉-၃-၉၉)မှာပါလာတဲ့ 'ဒေါက်တာ သက်လွင်'ရဲ့ ဆောင်းပါးတိုကလေး ခေါင်းစဉ်ကို ယူထားလိုက်တာပါ။ အ လည်း သူ့ဆောင်းပါးလေးကို အခြေပြုပြီး ရေးသွားမှာပါပဲ။

တစ်ခုတော့ဖြင့် ကြိုတင်ပြီး ပြောလိုက်ချင်ပါသေးတယ်။ 'အောင်သင်' ဆိုတဲ့ ငါဟာ ထူးချွန်လှသူ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ စိတ်အားငယ်မိသလိုလ တောင် ဖြစ်မိအောင် ညံ့တဲ့သူပါ။ တကယ်ဆိုတော့ ငါဟာ 'ခတ်ဆီ'လ အကောင်မျိုးပါ။ ခတ်ဆီလို့ ဆိုလိုက်တော့ လူရွှင်တော် 'ခတ်ဆီ ခတ်စ ဆိုတာမျိုး မထင်လိုက်လေနဲ့ဦး။ တကယ့်လောင်စာဆီ 'ခတ်ဆီ'ကို ပြောတာပါ ခတ်ဆီဆိုတာမျိုးဟာ သူ့ဘာသာ မီးမတောက်နိုင်ဘူး။ ဖျတ်ခနဲ မီးပွင့်ကလေ တစ်ခုလောက် ပေါ်လာလိုက်မှ မီးတောက်နိုင်စွမ်းရှိတာ မဟုတ်လား။ ဆိုလ တာက ကိုယ်ပိုင်စွမ်းစရှိသူ မဟုတ်ပါဘူး။ တခြားသူတစ်ယောက်ယောက်ရဲ အတွေးစတစ်ခုကို ရလိုက်မှ ပြန်ပြောတတ်တာမျိုးသာ ဖြစ်ပါတယ်။

အခုလည်း ဒေါက်တာသက်လွင်ရဲ့ 'သမာအာဇီဝ လုပ်ကိုင်ကြ'ဆိုတဲ ဆောင်းပါးကို ဖတ်လိုက်ရလို့ ဒီစာကို ရေးဖြစ်တာပါ။ ဒေါက်တာသက်လွင်က သူ့အတွေ့အကြုံလေးတွေကို ထုတ်ပြသွားတာပါ။ သူ့ရဲ့ကျောင်းနေဘက် ဆရာဝ သူငယ်ချင်းတစ်ယောက်က ဆေးမကုတော့ဘူး။ 'နီဂရိုးမဒံပေါက်' ဆိုပြ ဒံပေါက်ဆိုင်ဖွင့်ပြီး ရောင်းနေတယ်။ ပင်ပန်းပေမယ့် သီချင်းတအေးအေးနဲ ပျော်နေတာပဲ။ နောက်တစ်ယောက်ကတော့ သူ့ဆရာဖြစ်ခဲ့တဲ့ ဆရာဝန်ကြီး။ သူကလည်း ပင်စင်ယူပြီးတော့ ဆေးမကုတော့ဘူး။ ရတနာမျိုးဝင် အညံ့ပန် ကျောက်တွေကို အနယ်နယ်မှာ သွားရှာပြီး ကျောက်ဆစ် ပန်းပုရုပ်တုမျိုးကို လုပ်ကိုင်ရောင်းချနေတယ်။ သူကလည်း အောင်မြင်တာပဲ။ အရောင်းရတွင်ကျယ် ဆိုကိုး။





ဒေါက်တာသက်လွင်က သူတို့ သမာအာဇီဝဘဝကို ဂုဏ်ပြုလိုက်တဲ့ ဆောင်းပါးပါပဲ။ ဆောင်းပါးလေးက တိုနံ့နံ့လေးပေမယ့် အလွန်ကောင်းတာမို့ ဈေးကွက်ဂျာနယ်ရဲ့ ချောင်ခပ်ကျကျ စာမျက်နှာမှာ ဖြစ်နေတာကြောင့် စာတည်း အဖွဲ့ကိုတောင် စိတ်ထဲငြိုငြင်မိသလိုလို ဖြစ်လိုက်ပါသေးတယ်။ သို့သော်လည်း သူတို့မှာလည်း အခက်အခဲရှိပေဦးမှာပေါ့လေ။ ထားလိုက်ပါတော့။ ငါ့အဖို့ ဟ်ကူးဆန့်လိုက်မိတာက ဒေါက်တာဒံပေါက်ကလည်း သူ့နီဂရိုးမနဲ့ ထွေးလား ပ်လား ပျော်နေမှာ သေချာတယ်။ ဟိုဆရာဝန်ကြီးတော့ ပိုလို့တောင် ပျော်နေ လိမ့်ဦးမယ်။ စဉ်းစားကြည့်လေ။ ငါ့မှာ ဒေါက်တာသက်လွင်ရဲ့ ဆောင်းပါးကို က်ပြီး ဆရာကြီးဘဝကို စိတ်ကူးကြည့်နေမိတယ်။ ဆရာဝန်ကြီး ဖြစ်လာခဲ့ ဟာက သူ့ဘဝကို သူ့ဘာသာ ပြဋ္ဌာန်းခဲ့တာ ဟုတ်ချင်မှဟုတ်မှာပေါ့။ ပတ်ဝန်း ကျင်ကြောင့်၊ ခေတ်ကြောင့် ဖြစ်ချင်လည်း ဖြစ်နေမှာကိုး။ အခု ကျောက်ဆစ် န်းပုဆိုတာကတော့ သူ့ဘာသာသူ ရွေးချယ်ပြဋ္ဌာန်းလိုက်တာ သေချာတယ်။

အဲဒီထက် သေချာတာ တစ်ခုကတော့ သူတို့နှစ်ယောက်လုံးဟာ **ကိုယ့်ကို ကိုယ် သနားနေတဲ့ လူမျိုးတွေ မဟုတ်ဘူး။ ကိုယ်စွန့်ကျန်းမာမှုက ခွင့်ပြုရင် သေမချင်း တစ်ခုခုကို လုပ်ချင်နေတဲ့ လူတွေပဲ။** ဒေါက်တာဒံပေါက်ကကော။ ရာဝန်ဖြစ်အောင် ဆေးကျောင်းတက်ခဲ့ပါတယ်ဆိုမှ တစ်နေ့ကျရင် ဒံပေါက် ိုင်ဖွင့်မယ်ဆိုတဲ့ စိတ်ကူးအိပ်မက်မျိုး ဘယ်မှာ ရှိပါ့မလဲ။ ဟိုဆရာကြီးကတော့ ကျောက်ဆစ်ပန်းပုကို စိတ်ကူ့ခဲ့ပါလိမ့်မယ်။

ဒါပေမယ့် လူနာတွေ၊ တပည့်တွေ တရုန်းရုန်းနဲ့ ဘာမှ လုပ်ခဲ့နိုင်ဟန် ကူဘူး။ 'အင်း...ခုမှပဲ'ဆိုတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့။

Your happiness lies not in doing what you like but in liking what you have to do.

***ကိုယ်ကြိုက်တာလုပ်နေခြင်းသည် သုခ မဟုတ်၊ ကိုယ်လုပ်ရမည်ကို ကြိုက်မှ သုခဖြစ်၏*** တဲ့။

ဘယ်သူပြောတာလဲ၊ ဘယ်ထဲမှာတွေ့တာလဲ မေးမနေနဲ့တော့။ ငါလည်း မေ့နေပြီ။ ပြန်လည်း မရှာနိုင်တော့ဘူး။

အခုပြောချင်တာက အဲဒီဆရာကြီး ဆရာလေးနှစ်ယောက်ဟာ သူတို့ ုပ်ရမှာ၊ လုပ်သင့်တာကို ကြိုက်နေကြပြီ။ ဘဝသုခဆိုတာ ဒါပါပဲ။ ထင်ကြ ားကြရအောင်–



www.burmeseclassic.com

www.burmeseclassic.com



လူတို့မူလ ရည်မှန်းခဲ့တဲ့ ဘဝမျိုး၊ လုပ်ငန်းမျိုးမဟုတ်တာ သေချာတယ် နော်။

ကောင်းပြီ။ ရည်မှန်းတိုင်းဖြစ်တာ ဘယ်လောက်များသလဲ၊ ဆရာကြ ရွှေဥဒေါင်း ပြောသလို မထင်မှတ်ဘဲ ဖြစ်လာတာ အံ့သြစရာမဟုတ်ဘဲ ထင်သ အတိုင်းဖြစ်လာမှ အံ့သြရမည်ကဲ့သို့ ရှိသည်တဲ့။ သူတို့နှစ်ယောက်ဟာ ဖြစ်လ တာကို အသာတကြည် လက်ခံလိုက်ပြီး ကိုယ်လုပ်ရမှာကို ကြိုက်သွားသူ ပါပဲ။

ကောင်းပြီ။ ဒေါက်တာသက်လွင်က ဘာကို ချီးကျူးဂုဏ်ပြုသလဲ သမာအာဇီဝတဲ့။ ကောင်းသော အသက်မွေးမှုပေါ့။ ကောင်းရောင်းကောင်းဝယ် ရတဲ့ပစ္စည်း။ ဘယ်လောက် သန့်စင်သလဲ။ လာဘ်စားထားတာ မဟုတ်ဘူး နိုးဝှက်လုယူထားတာ မဟုတ်ဘူး။

ငါတို့မျက်စိအောက်မှာ မတရားချမ်းသာနေသူတွေကို တွေ့နေနိုင်သ ပဲ။ ဆိုလိုတာက 'မတရားတဲ့နည်းနဲ့' ချမ်းသာနေသူတွေကို ပြောချင်တာပါ ဒေါက်တာသက်လွင်က အဲဒါမျိုး မဟုတ်ဘူးလို့ ချီးကျူးဂုဏ်ပြုလိုက်တာပါ

ဘာပဲပြောပြောပေါ့လေ။ ဒေါက်တာသက်လွင်ရေးတဲ့ 'သမာအာဇီ လုပ်ကိုင်ကြ'ဆိုတဲ့ ဆောင်းပါးလေးက အထက်က ပြောခဲ့သလို တိုနံ့နံ့ကလေးပါ ဒါပေမယ့် ဆန့်လိုက်ရင် . . .။



## 'ထီးမိုး ဖိနပ်ကိုင်'တဲ့

မနေ့က စာလေးတစ်စောင် ရောက်လာတယ်။ စာရဲ့ ရက်စွဲကို ကြည့်လိုက်တော့ ၂၂-၁-၂၀၀၀ ဖြစ်နေတာကို တွေ့ရတယ်။ စာရေးသူက ရန်ကုန်ကရေးတာ ဖြစ်ပေမယ့် 'ယနေ့မန္တလေးစာအုပ်တိုက်'က တစ်ဆင့် ထည့်လိုက်တာ ဖြစ်လေ တော့ ယနေ့မန္တလေးတိုက်က ရန်ကုန်ကို လှမ်းပို့လိုက်မှ ဖတ်ရတာကိုး။ ါကြောင့် ၂ လပိုင်း ၂၀ ရက်ကျမှ စာကို ဖတ်ရတော့တာပေါ့။ ထားပါတော့ မင်းတို့ လူငယ်တွေအတွက် အရေးကြီးတာကို ပြောပြပါတော့မယ်။

သူ့စာထဲမယ် ရှေ့ပိုင်းမှာ ရေးထားတာကတော့ မျိုးဆက်သစ်လူငယ်တွေ က်သန်စွာ ကြိုးစားလာကြအောင် တိုက်တွန်းရေးသားနေတဲ့အတွက် ဝမ်းသာ ကြောင်းနဲ့ နိဒါန်းပျိုးထားပါတယ်။ သူ့စာထဲမှာ ပါတာတွေထဲက မင်းတို့ ့တွက် အရေးကြီးတာလေးတွေကို ထုတ်နုတ်တင်ပြလိုက်ရပါဦးမယ်။

ကျွန်တော်တွေ့ရတဲ့ လူငယ်အချို့ အသက် ၂၀-၃၀ ဝန်းကျင် လောက်၊ မေးလိုက်ရင် အလုပ်ရှာနေတယ်၊ အရောင်းအဝယ်လုပ်တယ်၊ သင်တန်းတက်နေတယ်လို့ အမျိုးမျိုးကြားရပါတယ်။ အဲဒီတော့ ကဲ- ဘာအလုပ် လုပ်နေလဲ၊ ဘာအရောင်းအဝယ် လုပ်နေလဲ၊ ဘာပညာသင် နေပြီး ဘယ်လို အသုံးချမလဲလို့ မေးပြန်ရင် ယောင်ဝါးဝါးပဲ ဖြေကြ ပါတယ်။ ဒီထက်ပိုဆိုးတဲ့ လူငယ်တွေကတော့ လက်ဖက်ရည်ဆိုင်ထိုင်၊ သူများအလုပ်လုပ်တဲ့ဆီ ဝိုင်းအုံကြည့်၊ ကျွေးမယ့်မွေးမယ့် လူတစ်ယောက် ယောက်နောက် ထီးမိုးဖိနပ်ကိုင်လုပ်ရင်း ဟေးလားဝါးလား လုပ်ရင်း တစ်နေ့ တစ်နေ့ အချိန်ကုန်နေတာ တွေ့ရပါတယ်။

ငါဖြင့်လေ 'ကျွေးမယ့် မွေးမယ့် လူတစ်ယောက်ယောက် နောက်က ီး.ုိ.ဖိနပ်ကိုင်လုပ်ရင်း' ဆိုတာကို ဖတ်လိုက်ရတော့ ရင်ထဲမှာ ကျင်ခနဲကို ာင့်သွားလိုက်တာ အမှန်ပါပဲ။ ဒါပေမယ့် သူပြောတာတွေကလည်း အမှန် ပဲ မဟုတ်လား။ မင်းတို့ ပတ်ဝန်းကျင်မှာကော အဲဒီလူငယ်တွေကို မတွေ့ ူးလား။ ဆက်ဖတ်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံးက ကိုယ့်ထမင်းကိုယ်ရှာစားဖို့ အလုပ်တစ်ခုခု လုပ်ပါလားဆိုတော့လည်း ဘယ်အလုပ်မှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်တတ်တာကို တွေ့ရတယ်။ မေးလိုက်ရင်တော့ ကျွန်တော် ၁၀ တန်းအောင်တယ်၊ 'အင်တာ'အောင်တယ်၊ ဘွဲ့ရတယ်၊ ကွန်ပျူတာ သင်တန်းတက်ပြီးပြီ၊ (speaking)တက်နေတယ် ဆိုတာမျိုးကို ၉၀ ရာခိုင်နှုန်းလောက်က ပြောပါတယ်။ ဘာလုပ်တတ်လဲ ဆိုရင်တော့ ကကြီးကစပြီး သင်ပေးရမယ့် သဘောပါပဲ။

ကျွန်တော် အခု ပြည်တွင်းမှာရော၊ နိုင်ငံခြားမှာရော အလုပ်သမားလိုအပ်တဲ့ လုပ်ငန်းရှင်တွေဆီကို လုပ်သားတွေ ရှာဖွေစုဆောင်းပေးဖို့ အဆက်အသွယ်တွေ ရပါတယ်။ ဒါပေမယ့် လုပ်ငန်းရှင်တွေ လိုချင်တာက တစ်ခုခုကို တကယ်ကျွမ်းကျင်အောင် လေ့လာသင်ယူတတ်ကျွမ်းထားတဲ့ လူမျိုးကိုမှ လိုချင်တယ်။

ကားကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သလား၊ နောက်တစ်ဆင့်က ပြင်တတ်သလား၊ ဘယ်လောက်ထိတတ်သလဲ၊ တတ်ရင် တတ်သလောက်လစာ တစ်ဆင့်ထက် တစ်ဆင့် ရနိုင်တယ်။ ဒီလိုပဲ သံချည်သံကွေးတတ်သလား၊ ပန်းရန်၊ အုတ်စီ၊ ပလာစတာ ကိုင်တတ်သလား၊ အင်ဂျင်ပြင်တတ်သလား၊ လျှပ်စစ်ပညာတတ်သလား၊ အချက်အပြုတ်တတ်သလား၊ စက်ချုပ်တတ်သလား စသည်ဖြင့်ပေါ့။ တစ်ခုခုကိုသာ ကျွမ်းကျွမ်းကျင်ကျင် တတ်ပါစေ အလုပ်ရဖို့ လွယ်ပါတယ်။

ကျွန်တော်တို့ လူငယ်တွေက ဒါမျိုးကို အောက်တန်းကျတယ်ဆိုပြီး မသင်ချင်ဘူး၊ မသင်တော့ မတတ်ဘူး၊ မတတ်တော့ အသုံးမခံရဘူးပေါ့ဆရာ။ နိုင်ငံခြားမှာ ဒါမျိုး တစ်မျိုးမျိုးကိုသာတတ်၊ တစ်လကို မြန်မာငွေ တစ်သိန်းက တစ်သိန်းခွဲလောက်အထိ ရပါတယ်။

နောက်တစ်ခုက ဆရာပြောပြောနေတဲ့ ကျန်းမာရေး။ တစ်နေ့ကို အလုပ်ချိန် ပုံမှန် ရှစ်နာရီ၊ အချိန်ပိုက (မလုပ်မနေရ) လေးနာရီ၊ စုစုပေါင်း ၁၂ နာရီ၊ တစ်ပတ်မှာ ခြောက်ရက် လုပ်ရမယ်။ ကျွန်တော်တို့ မြန်မာလူငယ်တွေ လုပ်နိုင်ပါ့မလား။ မတ်တတ်လုပ်ရတဲ့ အလုပ်ရှိတယ်၊ ထမ်းပိုးရတဲ့ အလုပ်ရှိတယ်၊ ဒဏ်ခံနိုင်ပါ့မလား။ သာမန်လူတစ်ယောက် ခံနိုင်တဲ့ စွမ်းအား၊ ကျန်းမာရေး၊ ခွဲ၊ လုံ့လကတော့ အပြည့်အဝရှိနေဖို့





လိုပါ တယ်။ ဒါကို ဆရာ့အနေနဲ့ မီးမောင်းထိုးပြပြီး တပ်လှန့်ပေးစေချင်ပါတယ်။

အလုပ်ရရင် အနည်းဆုံး နှစ်နှစ်အမှုထမ်းရမယ်၊ အိမ်ကို ခွဲပြီးနေနိုင်ရဲ့လား၊ နေနိုင်ရဲ့လား၊ မြန်မာလူငယ်တွေ ကိုယ့်ကိုကိုယ် လေ့လာစမ်းပါ။ ခွဲသတ္တိ တကယ်ရှိရဲ့လားလို့။ ခိုးရှောင်ခိုးဝှက် မသွားရဘူး၊ တရားဝင် သွားရမယ်၊ သတ်မှတ်တဲ့ငွေ တစ်လ တစ်သိန်းဝန်းကျင်ရမယ်။ စုတတ်ဆောင်းတတ်ရင် နှစ်နှစ်မှာ ၁၅ သိန်း၊ သိန်း ၂၀ ရမယ်။ ပေးသူ အသင့်ရှိတယ်၊ ယူမယ့်ဘက်က တာလုံရဲ့လား။ ကျန်းမာရေးကောင်းရဲ့လား၊ လုပ်ငန်းခွင် ပညာဆည်းပူးထားရဲ့လား၊ ခွဲသတ္တိရှိရဲ့လား၊ ပြည်ပမှာ ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်ရဲ့လား။

အခုတင်ပြခဲ့တာတွေကတော့ အောက်ခြေသိမ်း လုပ်ငန်းတွေပေါ့ဆရာ။ ဂျီတီအိုင်တို့၊ ဝိုင်အိုင်တီတို့က ဒီပလိုမာတွေ၊ ဘွဲ့တွေရပြီးသူတွေကျပြန်တော့လည်း သင့်ရာ တော်ရာ အခွင့်အရေးတွေကို ပိုမိုရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေကို အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို တတ်အောင် သင်ကြဖို့ ဆော်ဩပေးစေချင်ပါတယ် ဆရာ။

ကဲ–မောင်ရင်တို့ ဘယ်လိုသဘောရကြသလဲ။ သူ့စကားလုံးတွေက တချို့နေရာတွေမှာ အတော်ကလေးကို ရှတတဖြစ်နေတာ အမှန်ပဲ။ ဒါပေမယ့် မင်းတို့ ကစ်ကွေအတွက် မခံချင်စိတ်၊ အားမလိုအားမရဖြစ်နေတဲ့ စေတနာတွေ တစ်ပုံကြီး ပါနေတာကိုတော့ မင်းတို့ ဝန်ခံကြရလိမ့်မယ်။ ထီးမိုးဖိနပ်ကိုင်ဆိုတဲ့ စကားလုံးဟာ အတော်ကို ပြင်းထန်တယ်လို့ ဆိုရမယ်။ ဒါပေမယ့် အဲဒီလို အဖြစ်ကို ရောက်နေရင်တော့ အဲဒီလိုပဲ အပြောခံရမှာပဲ။

သူ့စကားတွေထဲမှာ အထူးသတိပြုသင့်တာကတော့ ကျန်းမာရေးပဲ။ နိုင်ငံခြားမှ ဆေးကုသစရိတ်က ကြောက်ခမန်းလန့်ခမန်း ကြီးမြင့်တယ်။ နှစ်ရက်လောက် ဆေးရုံဆေးခန်း သွားလိုက်ရင် တစ်လလောက်လုပ်ထားတာ ကိစ္စချောသလောက် ဖြစ်ဖြစ်သွားတတ်တယ်လို့ ပြောကြတယ်။ နောက်ပြီး ရပ်ဝေးမြေခြားမှာ တစ်ကိုယ်တော်နေရခိုက် မကျန်းမာလိုက်ရင် စိတ်အားလည်း ငယ်သွားတတ်တာပေါ့။ ဒါကြောင့် ကျန်းမာရေးကို သေချာခိုင်မာအောင် ပြင်ဆင်ထားသင့်ပါတယ်။ နောက်ပြီး နိုင်ငံခြားရောက်သွားရင် ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်ပါ့မလား ဆိုတာတွေကလည်း စိတ်ကို ကြိုတင်ပြင်ဆင်ထားကြရမှာ ဖြစ်ပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိပ်စာကိုတော့ မပေးလိုက်တော့ပါဘူး။ မင်းတို့ ကိုယ်တိုင်က လိုအပ်တဲ့ အရည်အချင်းနဲ့ ပြည့်ဝလို့ ဆက်သွယ် စုံစမ်းချင်ပါတယ်ဆိုရင် 'ဈေးကွက်'ကိုသာလှမ်းပြီး မေးလိုက်ပါတော့။ ဘာမှမဟုတ်ဘဲတော့ ဟိုခများကို အလွန်ရှုပ်အောင် မလုပ်ကြပါနဲ့ကွာ။



## စိန်ခေါ်ရတဲ့သူ

၃-၃-၉၉ နေ့က ကျောက်ကုန်းမေဒိနီ စာသင်တိုက်မှာ ပြုလုပ်တဲ့ ရဟန်းခံ ရှင်ပြုပွဲ တစ်ခုကို ရောက်သွားခဲ့ပါတယ်။ အမှန်ပြောရရင် တယ်ပြီး စိတ်မပါ ခဲ့ပါဘူး။ ကိုယ့်မှာလည်း အလုပ်တွေ ကြွေးတင်နေတာမို့ အချိန်ကို နှမြောတာ ကြောင့်ပါပဲ။ ဒါပေမယ့် သွားလိုက်မိတဲ့အတွက် တကူးတက ဖိတ်ကြားခဲ့တဲ့ မိတ်ဆွေကို ကျေးဇူးအထပ်ထပ် တင်နေမိပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့-

ဆွမ်းတွေ ဘာတွေကပ်၊ ထမင်းစားသောက်ပြီးတဲ့အခါမှာ ပြန်ကြဖို့ပါပဲ။ ယောက်လည်း မိသားစုကလည်း မိတ်ဆွေများနဲ့ စကားလက်ဆုံ ကျနေကြပြန် တယ်။ နည်းနည်းလည်း အိုက်သလိုလို ရှိနေလို့ ဆွမ်းစားဇရပ် အပြင်ဘက်မှာ ရှိတဲ့ တန်းလျားကလေး တစ်ခုပေါ်မှာ သွားထိုင်နေမိတယ်။ အဲတူပါလာတဲ့ တက္ကသိုလ်က ဆရာလေးတစ်ယောက်ကလည်း အတူလာထိုင်ပြီး နှစ်ယောက် သား အေးအေးဆေးဆေး စကားပြောနေကြတယ်။

အဲဒီအခိုက်မှာ လူရွယ်လေးတစ်ယောက်အနားကို ကပ်လာပြီး လက်အုပ် ကလေး ချီလိုက်ရင်း "ဆရာကြီး ဦးအောင်သင်းပါလားခင်ဗျာ"လို့ မေးပါတယ်။ အသားလတ်လတ်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်၊ အသားအရေ တင်းတင်းရင်းရင်းနဲ့ အသက်ကတော့ သုံးဆယ်လောက်ရှိမယ် ထင်ပါတယ်။

"ဟုတ်ပါတယ်"လို့ ပြောလိုက်တော့-

"ခပ်စောစောကတည်းက ဆရာကြီးပဲလို့ ထင်တာကြောင့် လာပြီး စကားပြောချင်နေတာ ရတ်တရက် မလာဝံ့ဘူး။ ဒါကြောင့် အဝေးကပဲ လှမ်း ကြည့်နေရတာ"

အဲဒီအခိုက်မှာပဲ တခြားမိတ်ဆွေတစ်ယောက်က လာပြီး စကားပြော ရင်းဆက်နေပြန်လေတော့ အဲဒီသူငယ်ကလေးကလည်း နောက်ကိုယို့ပြီး ဆုတ် သွားပါတယ်။ မိတ်ဆွေထွက်သွားတော့ ဒီကလေးဟာ အတော်စကားပြောချင် နေပုံပဲလို့ အောက်မေ့တာကြောင့် သူ့ကို လှမ်းခေါ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဝမ်းသာအားရ ရောက်လာပြီး တန်းလျားကပ်လျက်ရှိနေတဲ့ အုတ်လှေကားထစ်ကလေးပေါ်မှာ ထိုင်လိုက်တယ်။

"အေး၊ မင်းစကားပြောချင်နေပုံရတယ်။ ဘာပြောချင်လို့လဲ ပြောပါ"

သူလည်း ဝမ်းသာအားရ ရှေ့ကိုနည်းနည်းထပ်ပြီး တိုးလိုက်ပြီး–

"ဒီလိုပါဆရာ...ကျွန်တော် ဆရာကြီးကို သိပ်တွေ့ချင် ပြောချင်နေတာပါ။ ဆရာတို့လို လူကြီးတွေနားကို ကပ်ရမှာလန့်တာလည်း ပါ၊ အားနာတာလည်း တစ်ကြောင်းမို့ ဆရာကြီးအိမ်ကိုလည်း မလာဝံ့ဘူး။ ဆရာကြီးကလည်း ကျွန်တော့်ကို သိတာမှမဟုတ်ဘဲ။ အခုတောင် ဆရာကြီးရဲ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ကြီးလွန်းတဲ့အကြောင်း၊ နောက်ပြီး ဆရာကြီးကို ဝမ်းသာစေချင်လွန်းလို့..."

အခု သူ့စကားတွေကို ပြန်ရေးထားတာက စာဖတ်တဲ့သူ နားလည်အောင် ချောအောင် ပြန်ရေးထားတာပါ။ တကယ်တော့ သူပြောနေတာက အဓိပ္ပာယ် နားလည်ရုံလောက်ပဲ ရှိပါတယ်။ တောင်တစ်ခွန်း မြောက်တစ်ခွန်း ဆိုတာမျိုးပါ။ ပြောချင်တာတွေက များနေတော့ စကားတွေက အလုအယက် ထွက်နေတဲ့ သဘောပါပဲ။

"အေးအေး...ပြောပါဦး"

"ဒီလိုဆရာ...ဆရာကြီးရဲ့ စာတွေ၊ ဟောပြောချက်တွေက ကျွန်တော့်ဘဝကို ပြောင်းပစ်လိုက်တာပါ။ ဒီလိုပါ ဆရာကြီးရယ်။ ကျွန်တော်က သိပ်ဆိုးပါတယ်။ ကျောင်းပြေးလိုက်၊ အိမ်က ထွက်ပြေးလိုက်၊ ဆေးလိပ်သောက် ဘာလုပ်–အိုစုံနေတာပါပဲ။ အတိုချုပ်ပြောရရင်တော့ မိဘအော့ကြောလန်၊ ဆွေမျိုးအော့ကြောလန်၊ တစ်ရပ်ကွက်လုံး အော့ကြောလန်တဲ့ ကောင်တွေ ဆိုပါတော့။ အဲဒီထဲမှာ ကျွန်တော်အဆိုးဆုံး ထင်တာပါပဲ။ အမေဆိုရင်လည်း ဒီသားလေးတော့ဖြင့် သုံးမရအောင် ဆုံးရပြီ၊ ငါသေရင်တောင် အသေမဖြောင့်နိုင်တော့ဘူးဆိုပြီး မျက်ရည်နဲ့ မျက်ခွက်ပါ။ ကျွန်တော်ကလည်း ဆိုးမြဲပေမြဲပါပဲ။ ကိုယ့်အဖြစ်ကိုယ်လည်း မကြိုက်ဘူး၊ ဘာလုပ်ရမှန်းလည်း မသိဘူး၊ နောက်တော့ ကျွန်တော့်အဖေက နှင်ချလိုက်ပါလေရော။

"အဖေက နှင်ချလိုက်လို့ ဆွေမျိုးတွေအိမ်ကို သွားလိုက်ပြန်တော့လည်း ဘယ်ဆွေမျိုးကမှ လက်မခံဘူး ဆရာကြီးရယ်။ ဒါကြောင့် ဆွေမျိုးအော့ကြောလန်လို့ ကျွန်တော်ပြောခဲ့တာပါ။ အဲဒီတုန်းမှာ တစ်နေ့တော့ ကျွန်တော်မြို့ထဲမှာ ကိစ္စတစ်ခုကြောင့် အတော်ကြာကြာကြီး စောင့်နေရတယ်။ အချိန်ဖြုန်းချင်လို့





ရုပ်ရှင်ကြည့်မယ်လို့ အောက်မေ့လိုက်ပြန်တော့ ငွေက တစ်ရာလောက်ပဲပါတယ်။ ရုပ်ရှင်ကြည့်လိုက်ရင် တခြားဘာမှ သုံးစရာရှိတော့မှာ မဟုတ်ဘူး။ အဲဒါနဲ့ ဘယ်လိုအချိန် ဖြုန်းရပါ့မလဲလို့ စဉ်းစားနေရင်း အမှတ်မထင် စာအုပ်ဆိုင်တစ်ခုကို ဝင်ပြီး တောင်ကြည့် မြောက်ကြည့် ကြည့်လိုက်တော့ ဆရာကြီးရေးတဲ့ 'မျိုးဆက်သစ်တိုးတက်ရစ်ဖို့'ဆိုတဲ့ စာအုပ်ကို သွားတွေ့တယ်။ ဆရာကြီးစာအုပ်ဖိုးက အဲဒီတုန်းက လေးဆယ့်ငါးကျပ်ရယ်ဆိုတော့ ကျွန်တော် ဝယ်လိုက်ပါတယ်။

"ဩော်...မေ့ကျန်ခဲ့တာလေးကို ပြောလိုက်ရဦးမယ်။ ကျွန်တော်က မြောက်ဥက္ကလာမှာ နေတာဆိုတော့ လေယာဉ်ကွင်းနားက ကြံခင်းစုမှာ ဆရာကြီးဟောပြောတာကို နားထောင်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ ဘာရယ်လည်း မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း အလေးအနက် နားထောင်ဖို့လာတာ မဟုတ်ပါဘူး။ ဒီတော့ ဘာမှ မည်မည်ရရ နားမထောင်လိုက်မိပါဘူး။ ဒါပေမယ့် ဆရာကြီးကိုတော့ သိသွားတာပေါ့။ ဒါကြောင့် ဆရာကြီးစာအုပ်ကို အချိန်ဖြုန်းဖို့ ဝယ်လိုက်တာပါပဲ။

"သူ့စကားကို ဖြတ်ပြောလိုက်ရဦးမယ်။ ငါ့စာအုပ်ကို အချိန်ဖြုန်းဖို့ ဝယ်လိုက်တာဆိုပဲ။ သူကတော့ မရှိမသေရာရောက်မှာ စိုးလို့ထင်ရဲ့ ထည့်ပြော မသွားပါဘူး။ နောက်ပိုင်းစကားတွေနဲ့ ဆက်စပ်ကြည့်လိုက်တော့ သူ့ချစ်သူ ကောင်မလေး ကျောင်းဆင်းချိန်ကို စောင့်တာနဲ့ တူပါတယ်။ သူ့စကားကို ဆက်ပါဦးမယ်"

"အဲဒါနဲ့ ဆရာ့စာအုပ် မျိုးဆက်သစ်တိုးတက်ရစ်ဖို့ကို ကိုင်ပြီး ဆူးလေဘုရားပေါ်သွားပြီး ဖတ်တာပါပဲ"

စာဖတ်သူကို အားနာပါတယ်။ ဂျာနယ်က ပေးနိုင်တဲ့ နေရာလောက်ကိုသာ ရတာပါ။ တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတာမို့ ဆက်ဖတ်စေချင်ပါတယ်။ ဝတ္ထုတိုလေး တစ်ပုဒ်လိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## စိန်ခေါ်ရဲတဲ့သူ (၂)

မိဘဆွေမျိုးအော့ကြောလန်၊ ရပ်ကွက်အော့ကြောလန် ကောင်လေးတစ်ယောက်က ဆူးလေဘုရားပေါ်မှာ အချိန်ဖြုန်းဖို့ 'မျိုးဆက်သစ်တိုးတက်ရစ်ဖို့' စာအုပ်ကို ဖတ်ခဲ့ကြောင်း အရင်တစ်ပတ်က ရေးခဲ့ပါတယ်။ မင်းတို့ လူငယ်စာဖတ်သူတွေ ကို ပြောချင်တာက 'ဆရာရယ်...ဆရာ့ဟောပြာပွဲကို နားထောင်ရလို့၊ ဆရာ့ စာအုပ်ကို ဖတ်ရလို့ ကျွန်တော့်မှာ၊ ကျွန်မမှာ ဘယ်လို...' ဆိုတာမျိုးတွေ 'ဆရာ့ဟောပြောပွဲကို နားထောင်ရလို့ ကျွန်မသားလေး ဘယ်လို...'ဆိုတာမျိုး တွေကို မကြာခဏ ကြားခဲ့ရဖူးပါတယ်။ ဒီလူငယ်လေးရဲ့အဖြစ်ကတော့ ထူးထူး ခြားခြား ပီတိဖြစ်ရာကောင်းတာကြောင့် ရေးနေရတာပါ။ သူပြောတာကို နားထောင်ကြည့်စမ်းပါ။

"အဲဒါနဲ့ 'မျိုးဆက်သစ်တိုးတက်ရစ်ဖို့'ကို ဖတ်လိုက်တော့ ဆရာရယ် ကျွန်တော့်စိတ်တွေ ပြောင်းသွားတယ်။ ကျွန်တော့်စိတ်ကို အထိခိုက်စေဆုံး အချက်က နှစ်ချက်ပါဆရာ။ ပထမအချက်က 'သေရဲတာမှ သတ္တိမဟုတ်ဘူး နေရဲတာလည်း သတ္တိပဲ'ဆိုတာရယ်၊ 'စိန်ခေါ်ပစ်လိုက်စမ်းပါ'ဆိုတာရယ်။ အဲ အချက်နှစ်ချက်ပါပဲ။

"တကယ်တော့ ကျွန်တော်ဟာ မနေရဲဘဲ ဖြစ်နေတော့တာကိုး။ မိဘ ဆွေမျိုးကလည်း လက်မခံ၊ အရပ်ထဲမှာလည်း အော့ကြောလန် ဖြစ်နေလေတော့ ကျွန်တော့်ဘာသာ လိပ်ပြာငယ်လာတော့ပေါ့။ ဒီတော့ လူက မနေရဲသ ဖြစ်လာတော့တာပေါ့ ဆရာကြီးရယ်။ အဲဒါနဲ့ ငါဟာ ဘာကြောင့် မနေရဲမှာ ဓနဝံ့အောင်လုပ်ရင် နေရဲမှာပေါ့။ နေရဲအောင်လုပ်မယ်ဆိုပြီး ကျွန်တော့်အဖေ ပထမဆုံး စိန်ခေါ်ပစ်လိုက်တာပါပဲ"

"ဟေ...အဖေကို စိန်ခေါ်ပစ်လိုက်တယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ စိန်ခေါ်တယ်ဆိုတာက ဒီလိုပါ။ ကျွန်တော် ဆယ်တန်းစာမေးပွဲကို အောင်,အောင်ကို ပြန်ဖြေမယ်ဆိုပြီး အိမ်ပြန်သွားပေ အဖေက လက်မခံဘူး၊ တကယ်ကို စာကြိုးစားပြီး ဖြေမယ်ဆိုတာကိုလည်း





မယုံဘူး။ ဒါနဲ့ ကျွန်တော်က 'စာမေးပွဲကျရင် ဒီအိမ်ကို တစ်သက်လုံး ပြန် မလာက်တော့ဘူး စိတ်သာချ'လို့ပြောပြီး စိန်ခေါ်လိုက်တာပါ။ ဒီတော့မှ အိမ်မှာ မနေခွင့်ရပါတယ်။ ကျွန်တော်လည်း ဘဝစိန်ခေါ်ပွဲကြီး စပြီဆိုပြီး အစွမ်းကုန်ချ ရတော့တာပါပဲ။ အဲဒီမှာ ဆရာရယ် သင်္ချာနဲ့ ဓာတုက ကောင်းကောင်းကြီးကို မှကူပေးတော့တာပါပဲ။ ကျွန်တော့်မှာ သိပ်ခက်နေတာကိုး ဆရာကြီးရဲ့။ ဒါပေ မယ့် ဆရာကြီးပြောသလို စိန်ခေါ်မိရင် ထွက်မပြေးရဘူး၊ ထွက်ပြေးတဲ့သူဟာ တယ်တော့မှ အောင်မြင်မှုကို မရနိုင်ဘူးဆိုတဲ့အတိုင်း ကျွန်တော်လည်း ခွတ်တိုး မှတ်တွက်ဆိုသလို တွယ်ရတော့တာပဲ။ ပင်ပန်းလိုက်တာလည်း မပြောနဲ့တော့ ဆိုဟာမျိုးပေါ့ ဆရာကြီးရယ်"

"အေးပေါ့ကွ၊ အဲဒီလိုလုပ်မှလည်း တိုးတက်နိုင်မှာပေါ့။ စာမေးပွဲကော အောင်လိုက်ရဲ့လား"

"အောင်ပါတယ်ဆရာကြီး။ အဲ–အောင်လည်းပြီးရော၊ ပြဿနာလည်း တက်တော့တာပဲ"

"ဟေ...ဘာဖြစ်လို့လဲကွ"

"ကျွန်တော်က မိန်းမခိုးပြေးလို့ပါ ဆရာကြီး"

အနားက ထိုင်နားထောင်နေတဲ့ တက္ကသိုလ်က ဆရာလေ.တောင် ဣန္ဒြေ မဆောင်နိုင်တော့ဘူး။ အားလုံး ရယ်လိုက်မိကြတယ်။

"အဲဒီမှာတင် ဆယ့်တန်းအောင်ပြီးရုံရှိသေး ငယ်ငယ်ရွယ်ရွယ် အိမ်ထောင် ကြရမလားဆိုပြီး နှစ်ဖက်လုံး ပစ်ထားလိုက်ကြသေးတယ်။ နောက်တော့ ..ရဲ့မယားနဲ့ ဖြစ်လာပြီမို့ တက္ကသိုလ်ကို တက်နေရင်းကပဲ တစ်ဖက်က ..ကျက်မျက်လုပ်ငန်းကလေးတွေ လုပ်ပြီး ကြိုးစားပမ်းစား စီးပွားရှာလိုက်တာ ..က်လေးပဲ ဖြစ်ဖြစ်ထွန်းထွန်း ရှိလာတယ်ဆိုပါတော့ ဆရာကြီးရယ်"

"အေး...အေး...ကြားရတာ ဝမ်းသာပါတယ်ကွယ်"

"ကျွန်တော် ဆရာကြီးကို ဝမ်းသာစေချင်တာက အဲဒါမဟုတ်ပါဘူး ..ကြီး"

"ဟေ...ဘာအတွက် ဝမ်းသာစေချင်တာလဲ၊ ငါ့စာကြောင့် မင်းတစ် ..ယ် လူကောင်းသူကောင်းဖြစ်ပြီး တိုးတက်လာတာအတွက် ဝမ်းသာစေ ..လား"

"မဟုတ်သေးပါဘူး ဆရာကြီး"

"ဟဲ...ကဲ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ့မယ်ဆရာကြီး၊ အခု ကျွန်တော် အင်္ဂလန်သွားဖို့ ဗီဇာကျပါပြီ"

"ဟုတ်လား...ကျောက်မျက် ရောင်းဝယ်ရေးအတွက်လား"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျောင်းသွားတက်မှာပါ။ ပညာသင်သွားမှာပါ"

ငါ့မှာကျွာ အံ့အားသင့်၊ မင်သက်မိပြီး တော်တော်နှင့် စကားမပြောနိုင်ဘဲ သည်ကောင်လေးကို ကြည့်နေမိတယ်။ တကယ့်ကို အံ့အားသင့်မိတာပါ။

"နေပါဦး၊ ငါဖြင့် မျက်စိတွေ ဘာတွေတောင် လည်ကုန်ပါပြီ။ ဘာ ပညာသင်မှာလဲ၊ ဘယ်မှာသင်မှာလဲ၊ ဘယ်လို..."

"ကျွန်တော်သင်မှာက Marketing (ဈေးကွက်ပညာ)ပါဆရာ။ L.S.M (London School of Management)မှာ ကျောင်းဝင်ခွင့်ရပြီးပါပြီ။ ဗီဇာကျဖို့ စောင့်နေတာပါ။ ခုတော့ ဗီဇာကျပြီမို့ ကျွန်တော် မကြာခင်မှာပဲ လန်ဒန်ကို သွားရပါမယ်။ ဆရာကြီးက ပညာကို ကြိုးစားကြဖို့၊ ပညာအရေးကြီးကြောင်း အမြဲပြောတယ် မဟုတ်လား။ ကျွန်တော် ဆရာကြီးပြောသလို ကြိုးစားပါတယ်။ ကျွန်တော် ဆရာကြီးကို ပြောချင်တာမှ အူယားနေတာပဲ။ ဆရာကြီးသိရင် ဝမ်းသာမှာပဲလို့လည်း ယုံနေတယ်။ ဆရာကြီးကို ဘယ်မှာသွားပြောရမှန်းလည်း မသိဘူး။ ဒီနေ့တော့ဖြင့် တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာကြောင့် ပြောပြရတာပါ ဆရာကြီး"

စာဖတ်သူ လူငယ်တွေကို အားနာလှပါတယ်။ ဒါပေမယ့် မင်းတို့လို လူငယ်တစ်ယောက်ရဲ့ ကြိုးပမ်းမှုကို မုဒိတာစိတ်နဲ့ တစ်ပတ်လောက် စောင့် ဖတ်ကြစေချင်ပါတယ်။



## စိန်ခေါ်ရဲတဲ့သူ (၃)

မိဘ ဆွေမျိုး ရပ်ကွက် အောက်ခြေလန် ကောင်လေးတစ်ယောက် အင်္ဂလန်ကို ပညာသင်သွားမည့်အကြောင်း၊ ဗီဇာကျပြီ ဖြစ်ကြောင်းကို ယခင်တစ်ပတ်က ရေးခဲ့ပါသည်။ ကျွန်တော့်ကိုယ်တိုင် အံ့အားသင့်ပြီး စကားမပြောနိုင်လောက် အောင် မင်သက်မိခဲ့ကြောင်းကိုလည်း ရေးခဲ့ပါသည်။ သူ့စကားကို ဆက်ပြီး နားထောင်စေချင်ပါသည်။

"နေစမ်းပါဦး၊ မင်း ပညာသင်စရိတ်ကို..."

"ဘယ်သူ့ဆီက အထောက်အပံ့မှ မယူပါဘူးဆရာကြီး၊ ကိုယ့်စရိတ်နဲ့ ကိုယ်သင်မှာပါ"

"ဟေ..."

ကျွန်တော် ဘာဆက်ပြောရမှန်း မသိအောင်ကို အံ့အားသင့်သွားပါသည်။ သည်ကောင်လေးကို ကြည့်နေရင်း ခေတ်ဆိုခေတ်စံ ပြက်လုံးထဲက 'ငါ– ဒီကုလားမ ကြည့်နေရင်း ကြည့်ရင်း ကြောက်လာပြီ'ဆိုတာမျိုး ဖြစ်လာပါတော့ သည်။

"နေစမ်းပါဦး၊ မင်းကို အဲဒီကျောင်းက လက်ခံလိုက်တာက..."

"ဆရာကြီးရယ်၊ ဆရာကြီးလည်း သိသားပဲ။ ဒီမှာ သက်ဆိုင်ရာ သူတို့ စာမေးပွဲတွေကို ကျွန်တော် ဖြေရသေးတယ်လေ။ အဲဒါတွေကို အောင်ခဲ့လို့ လက်ခံတာပါ"

"အေး၊ အင်္ဂလန်ကိုသွားမှာဆိုတော့ ပညာရပ်ဆိုင်ရာကိုသာ မဟုတ်ဘူး။ မင်း သူတို့ဘာသာစကားနဲ့ ပတ်သက်လို့ ပြင်ဆင်မှု..."

"ကျွန်တော် ပြင်ဆင်ပါတယ်ဆရာကြီး။ ဗြိတိသျှကောင်စီက ဖွင့်တဲ့ အင်္ဂလိပ်စာသင်တန်း နှစ်တန်းအောင်ပြီးပါပြီ ဆရာကြီး"

"အေး၊ အဲလောက်ဆိုရင် ကောင်းကောင်း အလုပ်ဖြစ်ပြီ။ အဲဒီသင်တန်း တွေအကြောင်း ငါကောင်းကောင်းသိတယ်။ ဒါထက် နေဦးလေကွ၊ ခုထက်ထိ မင်းလုပ်မည်ကို မမေးရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ကျော်ကျော်ပါ ဆရာကြီး"

"အေး၊ အောင်ကျော်ကျော် ဟုတ်ပြီ။ မင့်အင်္ဂလန် သင်တန်းက ဘယ်လောက်ကြာကြာ တက်ရမှာလဲ"

"သုံးနှစ်ပါ ဆရာကြီး"

"အဲဒီသုံးနှစ်အတွက် အိမ်က ပို့ပေးရမှာပေါ့"

"ဟုတ်ပါတယ်။ ကျွန်တော့်ဇနီးကိုပြောပြီး စီစဉ်ပြီးသားပါ။ ဆရာကြီးပြောတယ်လေ၊ ပညာမတတ်ရင် သူများခိုင်းတာကို ခံနေရမှာပဲ။ ငယ်ငယ်မှာကိုယ့်ကိုကိုယ် ခိုင်းပါဆိုတာတွေ၊ ကျွန်တော် စွဲနေပြီ ဆရာကြီး။ ဒါကြောင့်မိန်းမကိုလည်း ပြောပြထားတယ်။ သူများ လက်ညှိုးထိုး ခိုင်းတာကိုချည်းခံနေရတဲ့ ဘဝမျိုးမှာ ငါမနေပါရစေနဲ့လို့ပြောပြီး ပညာကို ရှာပါရစေလို့..."

"ငွေတော့ အတော်လေးကို ကုန်မယ်"

"ကုန်ပလေ့စေ ဆရာကြီး၊ တစ်နှစ်ကို ဒေါ်လာသောင်းနှစ်ထောင်ကျော်ကုန်မယ်"

ဤနေရာတွင် ကျွန်တော် သေချာမမေးခဲ့မိ။ သူ့မိသားစုက ပြန်ကြရန်ကားထဲပင် ရောက်နေပြီ။ တစ်သောင်းနှစ်ထောင်ဆိုတာ ပေါင်လား၊ ဒေါ်လာလား မသေချာ။ နောက်ပြီး ပညာသင်စရိတ် သက်သက်လား၊ နေစရိတ် စားစရိတ်ရော ပါသလား မမေးလိုက်မိ။ အမှန်ပြောရလျှင် ကျွန်တော်ကိုယ်တိုင်လည်း အံ့အားသင့် ဝမ်းသာလွန်းအားကြီးသောကြောင့် ထူပူနေခဲ့ပါသည်။

"အေးကွာ၊ ငါဖြင့် ဝမ်းသာလုံးဆို့ပြီး ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"ဆရာက ဝမ်းသာတယ်ဆိုလို့ ကျွန်တော့်အမေအကြောင်းကို ပြောလိုက်ရဦးမယ်။ ကျွန်တော့်အမေက ကျွန်တော့်ကြောင့် အသေမှ ဖြောင့်ပါ့မလားလို့မျက်ရည်နဲ့မျက်ခွက်လို့ ဆရာ့ကို ပြောခဲ့သားပဲ။ အမေက လည်ချောင်းမှာအနာဖြစ်တယ်ဆရာ။ အဲဒါ ခွဲစိတ်ကုသထားရပါတယ်။ အသက်ရှူဖို့ လည်ချောင်းမှာ ပြွန်တပ်ထားရတာပါ။ အဲဒါ တစ်နေ့က ဗီဇာကျပြီဆိုတာကို သွားပြောလိုက်တော့ အမေက 'သားငယ်ရယ် အမေ ခုချက်ချင်း သေရရင်တောင်သေပျော်ပြီ'လို့ ပြောပါတယ်ဆရာ"

ဒီစကားတွေပြောနေရင်း အောင်ကျော်ကျော် မျက်ရည်ဝိုင်းလာသည်။ ကျွန်တော်ကိုယ်တိုင်လည်း ရင်ထဲမှာ ဆို့သွားပါသည်။ အနားက တက္ကသိုလ်ဆရာလေးကလည်း မျက်ရည်ဝိုင်းလိုက်လို့။





ပြီးမှ အောင်ကျော်ကျော်က မျက်ရည်လည်ရွဲနှင့်ပင် ရယ်လိုက်ရင်း–

"ဆရာရေ၊ အဲဒီ လည်ချောင်းပြွန်တပ်ပြီး အသက်ရှူနေရင်းကပဲ ကျွန်တော်ပညာသင်ဖို့ ဗီဇာကျပြီဆိုတာ ဆွေမျိုးတွေအိမ်ကို တစ်အိမ်တက်ဆင်းလိုက်ကြွားနေတာ ဆွေမျိုးတွေကုန်ပြီ ဆရာရေ"

ကျွန်တော့်မှာ ရင်ဆို့သွားရပြန်သည်။

"ကြွားပါစေ အောင်ကျော်ကျော်ရယ်၊ ကြွားစမ်းပါစေ။ မင့်အမေ ကြွားစမ်းပါစေ။ ဒီမယ် အောင်ကျော်ကျော် ကြွားလောက်တဲ့ သားသမီးရှိတဲ့ မိခင်အဖြစ်ဆိုတာ ရတောင့်ရခဲ ဒုလ္လဘတစ်ခုပါ။ မိဘကြွားလောက်တဲ့ သားသမီးတစ်ယောက်အဖြစ်ဟာလည်း ဒုလ္လဘတစ်ခုပါ။ မင်းတို့သားအမိဟာ ပျော်စရာကောင်းပါပေတယ်။ ငါ့အဖို့လည်း ရင်ဆို့လောက်အောင် ကောင်းမြတ်တဲ့မင်္ဂလာသတင်းပါပဲ။ ဝမ်းသာလိုက်တာလို့ ပြောရုံနဲ့ မလုံလောက်တဲ့ ဝမ်းသာစရာသတင်းကောင်းပါပဲ"

"ကျွန်တော်လည်း ဆရာကြီးကို ဝမ်းသာစေချင်လို့ လာပြီး ပြောရတာပါ"

"အေးကွာ၊ မင့်အကြောင်းကို ကြားလိုက်ရတာ ငါဖြင့် ဒီစာတွေကိုရေးရကျိုးနပ်တယ်လို့ အောက်မေ့မိတယ်။ တကယ့်ကို ဝမ်းသာတာပါကွာ"

"ဆရာကြီး ရေးရကျိုးနပ်ပါတယ်။ ကျွန်တော့်လိုကောင်တွေ ရှိသေးတယ်။ သူတို့လည်း အော့ကြောလန်ဘဝက ကျွတ်လွတ်သွားတာတွေပါ။ သူတို့ကလည်း ဆရာကြီးကို သိပ်တွေ့ချင်ကြတာ။ ဆရာကြီးပြောတာတွေကို နီးနီးကပ်ကပ် နားထောင်ချင်ကြတာ။ ဘယ်လိုလုပ်ရမှန်းကို မသိကြလို့ပါ။ ကဲ–ဆရာကြီး ကျွန်တော် သွားတော့မယ်နော်"

အောင်ကျော်ကျော် လက်အုပ်ကလေးချီတဲ့ပြီး နှုတ်ဆက်၍ သူ့မိသားစုဆီသို့ အပြေးလေး ထွက်သွားသည်။ ကျွန်တော် သူတို့ကားလေးကို မျှော်ကြည့်ရင်း အတွေးတွေ တဝေဝေနှင့် ကျန်ရစ်ခဲ့သည်။

သူသည် ကျောက်မျက်လုပ်ငန်းနှင့် အတော်လေး စီးပွားဖြစ်ခဲ့ပါလိမ့်မယ်။ စီးပွားဖြစ်သူ အတော်များများကို ကျွန်တော် တွေ့ဖူးသည်။ စီးပွားဖြစ်လာလိုက်သည်နှင့် အပျော်အပါး၊ အကြွားအဝါ မျိုးစုံအောင်လိုက်စား မူးမေ့သွားတတ်ကြသည်။ အောင်ကျော်ကျော်ကတော့ ပညာဆိုတာကြီးကို မျက်ခြည်ပြတ်ဟန် မရှိခဲ့။

ထိုရဟန်းခံရှင်ပြုပွဲသို့ ကဗျာဆရာ ကံထွန်းသစ်နှင့် မောင်စိုးတည်



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း လာကြသည်မို့ ဒီအကြောင်းကို သူတို့ သိလိုက်ကြရသည်။

ကံထွန်းသစ်က–

"ငှသူရော ရသူပါ ပီတိဖြစ်လောက်တဲ့ ပွဲပါပဲဆရာ"တဲ့။

မောင်ခိုင်တည်က–

"ဆရာက စာရေးနေရင်း ရောမ ကုသိုလ်ကြီးတွေ ရနေတာပါပဲ"တဲ့



# တက်လူ ကျလူ

'တက်လူ'ဆိုတာလေးကို အားလုံးကြားဖူးကြပါတယ်။ တို့များ ခပ်ငယ်ငယ် ရှစ်နှစ်ကိုးနှစ်လောက်ဆီက ခေတ်စားလာခဲ့တဲ့ စကားလုံးကလေးပါပဲ။ အခု ပြန်ပြီး စဉ်းစားကြည့်လိုက်တော့မှ သဘောပေါက်လာတာက အဲဒီခေတ်က လူငယ်တွေ (ဆယ့်ရှစ်၊ ဆယ့်ကိုး၊ နှစ်ဆယ် အစိတ်အရွယ် ပညာတတ် လူငယ်တွေ)က ဗြိတိသျှအစိုးရနှင့် ဆက်ဆံပူးပေါင်းပြီး လုပ်ကိုင်နေကြတဲ့ လူကြီးတွေကို အားမရဘူး။ နောက်တော့ သူတို့တစ်တွေဟာဖြင့် 'ကျလူ'တွေသာလျှင် ဖြစ်တယ်။ ငါတို့ကသာလျှင် ရှေ့မှာ တက်လာရမယ့် 'တက်လူ'တွေဖြစ်တယ် ဆိုဟာမျိုးတွေကို ကြွေးကြော်လာကြတယ်။ အဲဒီမှာတင် 'တက်ခေတ်''တက်လူ' ဆိုတဲ့ စကားတွေဟာ လူငယ်လောကမှာ ကျွက်ကျွက်ညံအောင် ရေပန်းစားခဲ့ပါတယ်။

နောက်တော့ အဲဒီအချိန်မှာ တက်ခေတ်လူငယ်တစ်ယောက် ဖြစ်နေတဲ့ 'မောင်သိန်းဖေ'ဆိုတဲ့ ကောလိပ်ကျောင်းသားလေးတစ်ယောက်က 'တက်ဘုန်းကြီး'ဆိုတဲ့ ဝတ္ထုတစ်အုပ်ကို ထုတ်လိုက်တယ်။ ခုထက်ထိ မှတ်မိနေတာလေး တစ်ခုကို ပြောလိုက်ရဦးမယ်။ တို့များက အရုပ်ကြည့်ပြီး အရုပ်နဲ့အတူပါတဲ့ စာမျိုးလေးလောက်ကိုသာ ဖတ်တတ်တဲ့ အရွယ်ပါ။ သတင်းစာ ကြော်ငြာမှာ ပါလာတဲ့ အရုပ်က ဘုန်းတော်ကြီးတစ်ပါးက သပိတ်နဲ့ ဆွမ်းရပ်နေတယ်။ နောက်က ဘုန်းကြီးကျောင်းသားလေးက ဆွမ်းဟင်းဇုပ်ကလေးကို ခေါင်းမှာ ရွက်ပြီး အော်လိုက်တဲ့ စကားလုံးက 'ဆွမ်းတော်ဇို'တဲ့။ အောက်မှာ ရေးထားတဲ့ စာက "လရက်နေ့ ဆွမ်းခံချိန်တွင် 'တက်ဘုန်းကြီး'ထွက်လာပါတော့မည်"တဲ့။ စာအုပ်ထွက်မယ့်နေ့ကို ကြော်ငြာတာပါပဲ။ 'တက်ခေတ်၊ တက်လူ'ဆိုတာတွေ ခေတ်စားနေချိန်မှာ 'တက်ဘုန်းကြီး'ဆိုတာ ဖတ်လိုက်ရတော့ ငါတို့လို ကလေး တွေတောင် ရယ်မိကြပါတယ်။

အဲဒီမှာတင် မောင်သိန်းဖေကလည်း 'တက်ဘုန်းကြီး သိန်းဖေရယ်'လို့ နာမည်တွင်သွားတော့တာပဲ။ အဲဒီနောက်မှာတော့ 'တက်ခေတ်နတ်ဆိုး' ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကာလသားရောဂါ တိုက်ဖျက်ရေးစာအုပ်ကို ရေးလိုက်သေးတယ်ဆိုတာကိုတော့ အားလုံးသိကြပြီး ဖြစ်ပါတယ်။

အခု ဒီဆောင်းပါးမှာ ပြောချင်တာက 'တက်လူကျလူ'အကြောင်းကို ပြောချင်တာပါ။ လောကမှာ အသက်ငယ်သူတွေဟာ တက်လာကြပြီး အသက် ကြီးလာရင် ကျသွားမြဲဓမ္မတာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်း အစရှိတဲ့ လူငယ် တွေဟာ အဲဒီအချိန်က တကယ့်တက်လူတွေပါပဲ။ သူတို့က မကျေမနပ် လှမ်း ကြည့်နေခဲ့ကြသူတွေဟာလည်း ဒေါက်တာဘမော်တို့၊ ဦးဘဘောတို့ဆိုတဲ့ လူကြီး တွေပါပဲ။ ဒါပေမယ့် နောင်အခါ ဂျပန်ခေတ်ရောက်တော့ ဒေါက်တာဘမော် ကိုပဲ အဓိပတိ တင်ရပြန်တယ်။ ဦးဘဘောကိုလည်း 'ဘကြီးဘဘော'ရယ်လို့ တရိုတသေခေါ်ပြီး ချဉ်းကပ်ရပြန်တာပဲ။

ငါကိုယ်တိုင်လည်း ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ ဆရာကြီးဦးအေး မောင်လို အသက်ရှစ်ဆယ်ကျော်ပြီဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးကို ချဉ်းကပ်ပြီး ပညာယူခဲ့ ရတယ်။ အင်တာဗျူး လုပ်ခဲ့ရတယ်။ သူတို့ဟာ အသက်အရွယ်ကို ပဓာန ထားပြီး ပြောရမယ်ဆိုရင် 'ကျလူ'တွေပါပဲ။ တကယ်ကော မဟုတ်ဘူးလား ဆိုတော့ ဟုတ်ပါတယ်။ အိုမင်းလာကြပြီ၊ ငယ်ငယ်တုန်းကလောက် ဖျတ်လတ် သွက်လက်မှု မရှိကြတော့ဘူး။ ကျန်းမာရေး ဆိုတာကလည်း ကိုယ့်အသက် ကလေး မြဲနေအောင် အစားအသောက်၊ အနေအထိုင်ကစပြီး မနည်းကြီး သတိ ထားနေရတာ။ ဆရာကြီး ဦးတက်တိုးတို့ဆိုရင်လည်း အသက်က ကြီးကြပြီ၊ ဒါပေမယ့် သူတို့ရဲ့ အဖိုးတန်ဆောင်းပါးတွေကို မဂ္ဂဇင်းတွေမှာ တွေ့နေရဆဲ ပါပဲ။

ဒီမှာ လူငယ်မျိုးဆက်သစ်တွေ စဉ်းစားသင့်တာ တစ်ချက်ကို တင်ပြချင် ပြန်ပါတယ်။ အချိန်ရဲ့ တိုက်စားမှုကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ ဇရာကို ဘယ်သူမှ အန်မတုနိုင်ဘူး။ အချိန်တန်ရင် အိုရတာပဲ၊ 'ကျလူ'ဖြစ်သွားတာပဲ။ တစ်ခါက လူငယ်တွေ၊ သူတို့ကိုယ်သူတို့ 'တက်လူ'ပါလို့ ကြွေးကြော်ခဲ့တဲ့ လူငယ်တွေလည်း 'ကျလူ'တင်မဟုတ် 'ကြွလူ'ပါ ဖြစ်သွားခဲ့ကြပြီ။

ဒီနေ့ထိ စာရေးနေကြတဲ့ ဆရာကြီးဦးအေးမောင်၊ ဆရာကြီး ဦးတက်တိုး ဆရာမကြီး ဒေါ်အမာတို့ကို ကျလူ စာရေးဆရာကြီးများရယ်လို့သာ ပြောရတော့ မှာပေါ့။ အမှန်အားဖြင့် ဆိုရင်တော့ တကယ့်ကို 'ကျလူတွေ'ဖြစ်ကုန်ကြပြီ ဆိုတာ သူတို့ကိုယ်တိုင်ရေးတဲ့ စာတွေထဲမှာကို ပါနေတာပဲ။ ဆရာမကြီး ဒေါ်အမာရဲ့ 'အမေ့ရှေးစကား'ဆိုတဲ့ ခေါင်းစဉ်ကိုက 'ကျလူ'ဖြစ်ကြောင်း ဝန်





နေတာပဲ။ ဒါပေမယ့် စာတွေက မကျတဲ့အပြင် တက်လာလိုက်သမှ ဖတ်လို့ မငြီးနိုင်အောင်ပါပဲ။

စာပေနယ်ပယ်မှာလိုပဲ အခြား စီးပွားရေး၊ ပညာရေး စတဲ့ နယ်ပယ်တွေ မှာလည်း အသက်ကြီးလေ တက်လာလေဖြစ်တဲ့ တက်လူကြီးတွေကို ကောင်း ကောင်း တွေ့နိုင်ပါတယ်။

ကိုယ်ခန္ဓာအားဖြင့် တက်ခြင်းကျခြင်းဟာ သဘာဝကြီးအတိုင်းပဲ။ ဘာမှ မတတ်နိုင်ဘူး။ ဒီတော့ ဘယ်လောက်ပဲ ငယ်ရွယ်နုနယ်နေစေဦးတော့ တက်ကြွ လက်သန်မှု၊ လောကအပေါ် ချစ်ခင်မှု၊ အကျိုးပြုလိုမှု၊ ကြိုးပမ်းအားထုတ်မှု ဆိုတာတွေ မရှိတော့ရင် ကျလူဖြစ်သွားတာပဲဆိုတာ ထင်ရှားနေတာပါပဲ။

ဒီတော့ မင်းဟာ 'တက်လူလား ကျလူလား'။



www.burmeseclassic.com

www.burmeseclassic.com

## တက်လူ ကျလူ (၂)

'တက်လူ ကျလူ' အကြောင်းကို ဆက်လိုက်ပါရစေဦး။ အလွန် တက်ကြ ထက်သန်ကြမြ အရွယ်ဖြစ်တဲ့ လူငယ်တချို့ဟာ ပိုက်ဆံငွေကြေးတတ်နိုင်ရင် ပျော်ပွဲစားတွေမှာ၊ သိပ်မတတ်နိုင်ရင် လက်ဖက်ရည်ဆိုင်တွေမှာ အချိန်ကုန်နေ ကြတာကို တွေ့နေရမြဲဖြစ်တော့ မကြာခဏ စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ။ ဒါပေမယ့် သေသေချာချာ နီးနီးကပ်ကပ် လေ့လာကြည့်လိုက်တော့ လူငယ် (အများစုမဟုတ်ရင်တောင်) တချို့လူငယ်တွေဟာ ဘဝကို တကယ် ရဲရဲရင့်ရင့် ရင်ဆိုင်နေကြတယ်ဆိုတာကို တွေ့လာရပြန်ပါတယ်။

***'လူတစ်ယောက်ရဲ့ ပင်ကို စရိုက်ကိုသိချင်ရင် သူ့ရဲ့ အားလပ်ချိန်က ဘယ်လိုအသုံးပြုသလဲဆိုတာကို ကြည့်ပါ'*** ဆိုတဲ့စကားရှိတယ် မဟုတ်လား။ တကယ်ကိုကောင်းတဲ့ စကားလေးပါပဲ။ လူငယ်အများစုဟာ ပညာဆည်းပူးနေတဲ့ ကျောင်းသားအရွယ်တွေ ဖြစ်လေတော့ နွေရာသီလို ကျောင်းပိတ်ရက်ရှည်ကြီး တွေမှာ သူတို့ ဘာလုပ်ကြသလဲဆိုတာကို ကြည့်လိုက်ရင် သူတို့စရိုက်တွေဟာ ထင်ထင်ရှားရှားပေါ်လာကြတော့တာပါပဲ။ ကျောင်းပိတ်စမှာတော့ဖြင့် စာမေးပွဲ လေးလံတဲ့ ဝန်ထုပ်ကြီးချပြီးစမို့ သူသူကိုယ်ကိုယ် ပျော်ပျော်ပါးပါး ပေါ့ပေါ့ လွှင်လွှင် နေတတ်ကြစမြဲပဲပေါ့။ တကယ်တိုးတက်ချင်တဲ့ လူငယ်တွေကတော့ အလွန်ဆုံးတစ်ပတ်လောက်ပဲ အနားယူတယ်။ ပြီးတာနဲ့ လေ့လာမှုတစ်ခုခုကို လုပ်ကြတော့တာပဲ။

ခေတ်ကြီးကလည်း တို့များငယ်ငယ်ကခေတ်နဲ့ ဘာမှမဆိုင်တော့ဘူး။ လေ့လာစရာ ဆည်းပူးစရာ နည်းပညာတွေက သောက်သောက်လဲအောင် များနေတဲ့ခေတ် မဟုတ်လား။ ကျောင်းဆရာလုပ်သက်က ရင့်လာလေတော့ တပည့်တပန်း အသိအကျွမ်းကလည်း များလာပါတယ်။ ဒါကြောင့် တပည့် ဟောင်း ကျောင်းသားတွေကိုတွေ့လို့ "မင်း ကျောင်းအားရက်မှာ ဘာလုပ် နေလဲ"လို့ မေးလိုက်ရင် သူတို့ လေ့လာဆည်းပူး နေကြတာဟာ ပညာမျိုးစုံပါပဲ လား။ ဘယ်လိုပညာရပ်တွေ၊ ဘယ်လိုအကြောင်းအရာတွေဆိုတာ ငါတို့လည်း





များပလည်တော့ဘူး။ ဒါကြောင့် သူတို့ကို **ဆစ်ဆစ်ဖုဖု** တပည့်ခံပြီး မေးမြန်း မေးလာနေရပြန်ပါတယ်။ အဲဒီလို ကျောင်းသားလူငယ်တွေကို တွေ့လိုက်ပြန် တော့လည်း အနာဂတ်တိုင်းပြည်အတွက် သိပ်ပြီး အားတက်မိတာပဲ။

တစ်ခါ ပိုက်ဆံငွေကြေးလောက်ကိုသာ အာရုံထားပြီး ဖြုတ်စားလတ်စား အချောင်ပွဖို့ကိုသာ အကွက်ချောင်းနေတဲ့ ကျောင်းသားလူငယ်တွေကို တွေ့ လိုက်ပြန်တော့လည်း စိတ်မကောင်း ဖြစ်မိပြန်တာပေါ့လေ။ တိုင်းပြည်အတွက် မဟုတ်ပါဘူး၊ သူတို့ဘဝ ရေရှည်အတွက်ပါ။ အချောင်သမားဆိုတာဟာ ရေရှည် ခံတာမှ မဟုတ်ပါဘဲကလား။ ခဏတဖြုတ် **'နှုတ်ခမ်းစို ဆီစိုစို'** စားရသောက် ရရုံလောက်ပဲ ရှိမှာပေါ့။ တကယ်တော့ဖြင့် သူတို့ဟာ အသက်ပင် ငယ်ကြ သေးသော်လည်း တက်လူမဟုတ်ကြဘူး၊ ကျလူတွေဖြစ်နေကြပြီလို့ စိတ်ထဲက အောက်မေ့လိုက်မိပါတယ်။

တစ်ခါတစ်ရံမှာလည်း ရပ်ဝေးရပ်ခြား တိုင်းတစ်ပါးမှာ ဝမ်းစာရှာဖွေ နေကြတဲ့ လူငယ်တွေကိုလည်း တွေ့ရတတ်ပါတယ်။ သူတို့ တယ်ပြီး ဗဟုသုတ ပြည့်ဝကြတာကိုး။ ဒီတော့ အတွေးအမြင်ကလည်း ကျယ်ပြန့်နက်ရှိုင်းလာပြန် တာပေါ့။ သူတို့နဲ့ တွေ့လိုက်ပလားဆိုရင် ကိုယ်ကပြောဖို့ မေ့နေပြီး သူတို့ ဆီကပဲ အတွေ့အကြုံ ဗဟုသုတတွေကို မေးမြန်းဆည်းပူး နေရတော့တာပဲ။ တိုင်းတစ်ပါးက ပြန်လာလို့ ငွေလေးကြေးလေး ဖောဖောသီသီ သုံးနိုင်တာလောက် ကိုသာ လူတွေက မြင်ကြတာ။ ဟိုမှာ ဘယ်လောက် စိတ်ပင်ပန်း၊ ကိုယ်ပင် ပန်းခံခဲ့တယ်ဆိုတာကို ဘေးလူတွေက သိကြတာ မဟုတ်ဘူး။ သူတို့ 'ရင်း' ခဲ့ရတာက နည်းနည်းနောနောမှ မဟုတ်ဘဲ။

ငွေရေးကြေးရေး အမြတ်ထွက်လာတာထက် ကြီးမားတဲ့ အကျိုးကျေး ဇူးက 'ဘဝသတ္တိ' ခိုင်မာလာခြင်းပါပဲ။ သူတို့ရဲ့ ပြောဆိုပုံကို သေချာကြည့် လိုက်ရင် မိမိကိုယ်ကို ယုံကြည်နေတဲ့ဟန် အပြည့်အဝရှိနေတယ်။ ဘယ်လို အခက်အခဲမျိုးတွေ့တွေ့ ဘာကိုမဆို ရင်ဆိုင်ဝံ့တယ်ဆိုတဲ့ ရဲရင့်မှုမျိုးကို တွေ့ နေရတယ်။ အဲဒါဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးအမြတ်ပဲလို့ အောက်မေ့ မိကယ်။ တကယ့် 'တက်လူ'တွေပါပဲ။

သူတို့လို တိုင်းတစ်ပါးကိုသွားမှ မဟုတ်ပါဘူး။ ကိုယ့်တိုင်းကိုယ့်ပြည်မှာ ပဲ အကျိုးရှိရာရှိကြောင်း လေ့လာဆည်းပူးနေတဲ့ လူငယ်တွေမှာလည်း အဲဒီလို ယုံကြည်မှု သွင်ပြင်ကို တွေ့နေရတာပါပဲ။ နွေရာသီ ကျောင်းရှည်ပိတ် ကာလ မျိုးမှာ ဘဝရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေနဲ့ လှုပ်ရှားနေတဲ့ လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရတာ ပြိုင်မြင်းတွေကို ကြည့်နေရသလို အားတက်နေမိတယ်။ ပူပြင်းတဲ့ နွေရာသီမှာ 'ကျောင်းပိတ်'ထားသော်လည်း 'ခေါင်းမပိတ်ဘူး'ဆိုတဲ့ 'ဦးနှောက်ရှင်'တွေ မဟုတ်လား။ 'ဦးနှောက်ရှင်'ဆိုတာက 'ဦးနှောက်သေ' မဟုတ်ဘူးလို့ ပြောချင်တာပါ။

လက်ဖက်ရည်ဆိုင်တွေ၊ ယမကာဆိုင်တွေလောက်မှာ အချိန်ကုန်နေတဲ့ လူငယ်တွေကို ကြည့်ပြီး အနာဂတ် ငါတို့တိုင်းပြည်အတွက် ရင်လေးသယောင်ယောင် ဖြစ်မိတာ အမှန်ပါပဲ။ အခုလို 'တက်လူ'တွေ၊ 'ဦးနှောက်ရှင်'တွေကို တွေ့လိုက်တော့ 'အနာဂတ်ကို ဒီကောင်လေးတွေ ဒီကောင်မလေးတွေက ဦးဆောင်မှာပဲ၊ ဟိုအကောင်တွေက ဘာတတ်နိုင်မှာမှတ်လို့၊ သူတို့ခိုင်းတာ လုပ်ရမယ့် ကောင်တွေပဲ'လို့ တွေးပြီး တကယ်အားတက်မိပါတယ်။

ငါတို့များ ငယ်ငယ်ကသာ မဟုတ်ဘဲ 'တက်လူ'ဆိုတာ ဘယ်ခေတ်မဆို ရှိနေတာပါပဲ။ အဲဒီလိုပဲ 'ကျလူ'ဆိုတာလည်း ဘယ်ခေတ်မဆို ရှိနေတာပဲ။ ဪ ဒါထက်မေးရဦးမယ်– မင်းက 'တက်လူ'လား 'ကျလူ'လား။



## အားမနာကြတော့ဘူးလား

"'လာဘ်စားတယ်ဆိုတာကတော့ လကမ္ဘာမှာတောင် ရှိနေမှာပဲကွ' အဲဒါ ရာထူးဌာနန္တရ အတော်ကို ကြီးမြင့်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ပြောတဲ့စကားပါပဲ ဆရာ"

"အေးပေါ့လေကွာ၊ အဲဒါ သူ့အမြင်ဖြစ်မှာပေါ့။ နောက်ပြီး သူ့အကျင့်လည်း ဖြစ်မှာပေါ့။ သူ့စရိုက်၊ သူ့ကိုယ်ကျင့်တရားကို အာပတ်လွှတ်လေယောင် ပြောလိုက်တာလည်း ဖြစ်မှာပေါ့"

"ရိုးသားတယ်ဆိုတာ ဘာကို ပြောတာလဲ ဆရာ။ အဲဒီ ရိုးသားမှုဆိုတာကလည်း စဉ်းစားလိုက်ရင် ဘယ်လိုပြောရမှန်း မသိလေအောင် ရှုပ်ထွေးနေတယ်လို့ ထင်တာပဲ"

"အေးကွ...မင်းပြောတာလည်း ဟုတ်တာပဲ။ ကိုယ့်ကျင့်တရားဆိုင်ရာ ပြဿနာတွေဟာ အလွန် သိမ်မွေ့လေတော့ စဉ်းစားလိုက်ရင် ဦးနှောက် ခြောက်စရာပေါ့ကွာ။ ဒါပေမယ့် လက်တွေ့ကျင်သုံးဖို့အတွက် လွယ်လွယ်ကူကူ စဉ်းစားတဲ့ နည်းလေးတစ်ခုတော့ ရှိပါတယ်"

"ပြောပါဦးဆရာ"

*"ကိုယ်မရသင့် မရထိုက်တာကို မယူတာပါဘဲ။ ကိုယ်မရသင့်တာကို မရသင့်မှန်း သိနေပါလျက် ဖြစ်တဲ့နည်းနဲ့ ယူလိုက်ကြလို့ ရိုးသားမှုပျောက်ကွယ်သွားရတာ မဟုတ်လား။ မင်းခုန ပြောခဲ့တဲ့ လာဘ်စားမှုဆိုတာတွေကို သေချာဆန်းစစ် ကြည့်လိုက်မယ်ဆိုရင် လာဘ်ပေးသူကသော်လည်းကောင်း၊ လာဘ်ယူသူကသော်လည်းကောင်း၊ နှစ်ဦးစလုံးကသော်လည်းကောင်း ကိုယ်မရထိုက် မရသင့်တာကို ရချင်ယူချင်လို့ လာဘ်ပေးလာဘ်ယူ လုပ်ကြတာပဲ မဟုတ်လား"*

"ဆရာပြောသလို စဉ်းစားလိုက်ပြန်တော့လည်း ဟုတ်တာပဲ။ ဒါမေယ့် ပတ်ဝန်းကျင် တစ်ခုလုံးက..."

"တော်ကွာ...ဆက်မပြောနဲ့တော့၊ အဲဒီစကားမျိုးကို ကြားလိုက်ရတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းတကာလည်ပြီး အိုးတိုက်ဖွဲပြာ လိုက်ရောင်းတဲ့ မိန်းကလေးတွေကို သိ
အားနာတာပဲ။ တချို့လူတွေဆိုရင်လည်း ရေအိုးတွေ၊ သင်ဖျူးဖျာတွေ၊ ဒူးရင်
သီးတွေလို လေးပေ့ဆိုတဲ့ ဝန်ထုပ်ကြီးတွေကို ထမ်းပြီး တစ်လမ်းဝင်၊ တစ်လမ်း
ထွက် လှည့်ရောင်းနေကြတာကို မင်း မတွေ့ဖူးဘူးလား။ ရိုးရိုးသားသား လုပ်
ကိုင်စားနေတဲ့ လူတွေကို မင်းတို့ အားမနာကြတော့ဘူးလား။ တကယ်ဆိုတော့
ရိုးသားတဲ့ လူတွေက ပိုများပါတယ်။ မင်းနေတဲ့ ရပ်ကွက်ထဲ လမ်းထဲမှာ
တဲ့လူတွေ အားလုံးကို ပြန်ပြီး စစ်ဆေးကြည့်စမ်းပါ။ ရိုးရိုးသားသား လုပ်စား
နေတဲ့သူတွေက ပိုများပါတယ်။

"သို့သော်လည်း တစ်ခုရှိတာက ဆိုပါစို့ကွာ၊ ကဲ-မင်းကို မေးမယ်။
မင်း ကုသိုလ်ဖြစ် ရေအိုးစင်က သောက်ရေခွက်ကို ခိုးဖူးလား"

"ဟာ...ဆရာကလည်း၊ ကြံကြံစည်စည်"

"အေး-ဟုတ်ပါတယ်။ ဘယ်ခိုးပါ့မလဲ၊ ငါလည်း မခိုးဖူးပါဘူး။ မင်း
မခိုးဘူး၊ ငါမခိုးဘူး။ ဒါပေမယ့် ခိုးတဲ့လူတစ်ယောက်တလေ ရှိနေပြန်တော့
အလကားတည်တဲ့ ရေအိုးစင်မှာ သောက်ရေခွက်ကို သံကြိုးချည်ထားရတယ်
မဟုတ်လား။ နိုင်ငံခြားသားတွေ အဲဒါကို မြင်ရင်လို့ တွေးလိုက်မိတဲ့အခါတိုင်း
ငါ့စိတ်ထဲမှာ ရှက်နေမိသလိုလိုပဲ။ ဒါပေမယ့် မြန်မာပြည်က လူတွေဟာ
အားလုံးသူခိုးချည်းပဲလို့တော့ ဘယ်နိုင်ငံခြားသားမှ တွေးမှာ မဟုတ်ပါဘူးရယ်
လို့ ပြန်ပြီး တွေးရတာပေါ့။ ဆက်ပြီး မေးလိုက်ရဦးမယ်။ အဲဒီလို သောက်ရေအိုး
စင်တွေမှာ မင်းကော ရေဝင်သောက်ဖူးလား"

"သောက်ဖူးပါတယ်ဆရာ၊ နွေဘက်ဆိုရင် မကြာခဏ သောက်မိတာ
ပါပဲ"

"အဲဒီလိုသောက်တဲ့အခါမှာ ခွက်ကို သံကြိုးချည်ထားတာဟာဖြင့် ရေ
သောက်တဲ့လူကို စော်ကားတာပဲလို့များ စိတ်ထဲမှာ ခံစားမိဖူးသလား"

"မခံစားမိပါဘူးဆရာ။ ကုသိုလ်ရှင်ကလည်း ရေခွက်ကို ဘယ်မှာ ခဏ
ခဏ ဝယ်ထည့်ပေးနိုင်ပါ့မလဲ။ 'လူတွေကလည်း ဆိုးပါ့ကွာ။ ရေကိုလည်း
သောက်သေး၊ ပလတ်စတစ်သောက်ရေခွက်ကိုလည်း ခိုးသွားသေး'လို့ တွေးပြီး
ခိုးတဲ့သူကိုတောင် စိတ်ထဲက ကျိန်ဆဲမိတတ်ပါသေးတယ်"

"အဲဒီတော့ မကောင်းတဲ့ အကျင့်ပျက်တစ်မျိုးကို တွေ့တာနဲ့ လောက
ကြီးတစ်ခုလုံး မကောင်းတဲ့လူတွေချည်းပဲ ဆိုတာမျိုးတော့ မတွေးသင့်ပါဘူး။
ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့ဆိုတာမျိုးလည်း တွေးရမှာပေါ့





အကြောင်းကိုသာ ပြန်ပြီး ဆောင်းပါးရေးလိုက်ရင် ငါ့ကို ကြီးကြီးကျယ်ကျယ်
ပြောရမလားလို့ ကွယ်ရာမှာ မေးငေါ့ကြမှာ ဆဲကြမှာ အမှန်ပါပဲ။ ဒါပေမယ့်
ဒီ ဆဲတဲ့လူတွေထဲမှာ သူတော်ကောင်း တစ်ယောက်မှ ပါမှာ မဟုတ်ဘူး
ဆိုတာကိုလည်း ငါက သိနေပြီးသားပါပဲ။ ဘာပဲပြောပြောကွာ ခုခေတ်ကြီးမှာ
ရိုးနေလို့ မဖြစ်ဘူးဆိုတဲ့ စကားမျိုးကို ပြောမယ် ကြံလိုက်တိုင်း အိုးတိုက်
ဖွဲပြာရောင်းနေတဲ့ မိန်းကလေးတွေကိုတော့ လှမ်းပြီး အားနာလိုက်စမ်းပါ။
'သူတို့လောက် ကိုယ်ကျင့်မဖြူပါလား'လို့ ရှက်လိုက်စမ်းပါလို့ ပြောချင်တာ
ပဲ။ ဟုတ်တယ်လေ အဲဒီကောင်မလေးတွေက လူပုံကတော့ညစ်နေတာ အမှန်ပဲ။
ဒါပေမယ့်..."

"အေးကွာ...ထားလိုက်ပါတော့၊ ဆက်ပြီး ပြောချင်တာက..."



www.burmeseclassic.com

www.burmeseclassic.com

## အားမနာကြတော့ဘူးလား (၂)

‘ဒီခေတ်ကြီးမှာ ရိုးသားနေရင် ငတ်သေဖို့ပဲ ရှိတယ်’ ‘အများမိုးခါးရေ သောက် နေလို့မှာ ကိုယ်မသောက်ရင် အရူးဖြစ်နေမှာအမှန်ပေါ့’ ‘လကမ္ဘာပေါ်မှာတောင် လာဘ်ပေး လာဘ်ယူက ရှိနေမှာပဲ’ စသည်ဖြင့် ပြောသူတို့သည် လမ်းတကား လည်ပြီး အိုးတိုက်ဖွဲပြာရောင်းနေသော မိန်းကလေးကို အားနာသင့်ကြောင်း လူငယ်တစ်ယောက်နှင့် ပြောဆိုခဲ့ပုံများကို ယခင်တစ်ပတ်က ရေးခဲ့ပါသည်။ သူက–

“ဆရာပြောတာ ဟုတ်တော့ ဟုတ်ပါတယ်ဆရာ။ ဒါပေမယ့် ခက်နေ တာက ‘သီအိုရီ’အရသာလျှင် ဟုတ်တယ်လို့ ပြောရမလိုလိုပဲ”

“ဒါကို ငါက အကြောက်အကန် မငြင်းပါဘူး။ တစ်ခုတော့ မင်းကို ပြောလိုက်ချင်ပါသေးတယ်။ ‘ဆာရစ်ချက်လစ် ဗင်းစတုန်း’ဆိုတဲ့ ပါမောက္ခကြီး တစ်ယောက် ပြောဖူးတဲ့ စကားလေးတစ်ခွန်းကို ငါဖြင့် နှစ်နှစ်ခြိုက်ခြိုက် သဘောကျမိတယ်။ **လူ့ဘောင်ကြီးရဲ့ ကိစ္စများစွာတို့မှာ ကိုယ်လုပ်ချင်တိုင်း၊ ကိုယ်ဆန္ဒရှိတိုင်းလုပ်လို့ မဖြစ်နိုင်တာတွေ အများကြီးပါ**တဲ့။ ဆိုလိုတာကကွာ မင်းမှာ ပင်ကိုယ် အသံမကောင်းလို့ရှိရင် အဆိုတော် ဖြစ်နိုင်ဖို့ အခွင့်အလမ်း မရှိတော့ဘူးပေါ့။ ပင်ကိုမွေးရာပါ ကျန်းမာရေး မကောင်းလို့ရှိရင် ကမ္ဘာကျော် လက်ဝှေ့သမား၊ အပြေးသမား မဖြစ်နိုင်ဘူးဆိုတာမျိုးပေါ့။ ဒါပေမယ့် ‘ရိုးသားမှု’ ဆိုရင်တော့ ကာယကံရှင်ကိုယ်တိုင်ကသာ တကယ့်ကို ရိုးသားချင်ပါတယ်ဆိုရင် ကြိုက်သလောက် ရိုးသားလို့ ရပါတယ်တဲ့။ ဘဝပါရမီတစ်ဋ္ဌေ့မှ မလိုပါဘူးတဲ့။ ဘဝပါရမီတစ်ဋ္ဌေ့မှ မလိုပါဘူးတဲ့။ ကဲ–မင်း အဲဒီစကား မဟုတ်ဘူးလား ဟုတ်သလား စဉ်းစားကြည့်ပါလား။ အဆင်းရဲမခံနိုင်တာ၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေချင်တာ စတဲ့ ဖိမ်ခံချင်စိတ်တွေကြောင့် မရိုးမသား ဖြစ်ကုန် ကြတာပဲ။ စဉ်းစားပေါ့ကွာ”

* * *

ထိုလူငယ်နှင့် ထိုစကားများကို ပြောခဲ့ပြီးနောက် ကျွန်တော့်စိတ်တွင်





ထိုအတွေးများမှာ တဝဲလည်လည် ကျန်နေရစ်ခဲ့ပါသည်။ ထိုည၌ပင် ကမ္ဘာ ကျော် ရုပ်ရှင်ဒါရိုက်တာကြီး ‘အာကီရို ကူရိုဆာဝါ’ကွယ်လွန်သွားရှာပြီ ဖြစ် ကြောင်း သတင်းကြားလိုက်ရပါသည်။ ‘ရာရှိုမွန်’ဟူသော ရုပ်ရှင်ဇာတ်ကား တစ်ခုတည်းနှင့်ပင် ကမ္ဘာကျော်သွားလျက် ရုပ်ရှင်ကားပေါင်း သုံးဆယ်ခန့် ရိုက်ကူးခဲ့ရာ တစ်ဝက်ကျော်မှာ ဂန္ထဝင်များ ဖြစ်လာသည်ဟု ဆိုကြလောက် အောင် အနုပညာ ပါရမီကြီးရင့်သူ ဖြစ်ပါသည်။ ကျွန်တော်က ရုပ်ရှင်ပညာကို နားသိသူမဟုတ်ပါ။ သူ့အတွေးအမြင် တစ်ခုကြောင့် သူ့ကို ရိုသေနေခြင်း ဖြစ်ပါသည်။ ၂၆–၁–၇၆ ထုတ် ‘နယူးစ်ဝိခ်’ မဂ္ဂဇင်းတွင် သတင်းထောက် ...ကာဘားနက်စရစ်ရှနာက တွေ့ဆုံမေးမြန်းခန်း (အင်တာဗျူး)ပါလာပါသည်။ ...တ်ကြည့်ပါ။

...ရစ်ရှနာ ။ ။ အားလုံးကို ခြုံပြီး ပြောမယ်ဆိုရင် ဆရာကြီးရဲ့ ရုပ်ရှင်ကား တွေဟာ ဘာအဓိပ္ပာယ်ကို ဆောင်နေပါသလဲ’

ကူရိုဆာဝါ ။ ။ လူတွေဟာ လူ့လောကမှာ ဒီထက်ပိုပြီး ပျော်ပျော် ရွှင်ရွှင် နေနိုင်ခွင့်ရပါလျက် ကိုယ့်ဘာသာကိုယ် သောကပရိဒေဝ မရောက်ရောက်အောင် ဖန်တီးနေကြတယ်ဆိုတာကို တင်ပြဖို့ ကြိုးစားခဲ့ပါတယ်။

...ရစ်ရှနာ ။ ။ ဆရာကြီး နောက်ရိုက်မယ့် ရုပ်ရှင်ဇာတ်ကားမှာ ဘယ်လို အမြင်မျိုးကို တင်ပြဖို့ ရည်ရွယ်ပါလဲ။

ကူရိုဆာဝါ ။ ။ ဒီနေ့ ဂျပန်နိုင်ငံဟာ နိုင်ငံရေးအရရော၊ လူမှုရေး အရပါ ကမောက်မက ကောက်ကောက်ကွေ့ကွေ့ ဖြစ်နေကြတယ်။ အဲဒါတွေကို ဖြောင့်ပစ်ကြရမှာပဲ။ ကျုပ်တို့ ဂျပန်တွေဟာ ဘာသိဘာသာ နေလွန်အား ကြီးနေတယ်။ အဂတိလိုက်စားမှု တွေ၊ မတရားမှုတွေကို မျက်စိအောက်မှာ တွေ့နေလျက်သား နဲ့တောင် လက်ပိုက်ပြီး ကြည့်နေစိမ့်ကြတယ် မဟုတ်လား။

ကျွန်တော့်စိတ်ထဲတွင် သူ့အဖြေတွေကို ဖတ်လိုက်ရသောအခါ ကမ္ဘာ ကျော်လောက်သော အတွေးအမြင်တွေပါပဲဟု အောက်မေ့လိုက်မိပါသည်။ သူ ...ပြောခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပါပြီ။ ဂျပန်ပြည်မှာလည်း ထိပ်တန်း ...ခေါင်းဆောင်ကြီးများ အဂတိလိုက်စားမှုကြောင့် မရှုမလှ ကျဆုံးခဲ့ရသည်ကို ...ဖတ်သူတို့လည်း ကြားလိုက်ရပါလိမ့်မည်။ ယခု ‘မြဝတီ’က တင်ဆက်နေ ...သော ‘ပြည်သူ့တရားရှင်’ဇာတ်လမ်းတွဲကို ကျွန်တော် အလွန်စွဲမက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အာကီရို ကူရိုဆာဝါ'၏ နောက်ဆုံး ရုပ်ရှင်ကားကို အကောင်းဆုံးဟု ပြောကြပါသည်။ ထိုကားမျိုးကို မြန်မာပြန်နှင့်တကွ တင်ဆက်လျှင် ကောင်းလေစွဟု တောင့်တမိပါသည်။



# ကြည်ညိုအပ်သော ကူလီ

မှတလော အလုပ်တွေများနေတာကြောင့် 'ဈေးကွက်' အမှတ် ၁၀၁ မှာ ဆောင်းပါး အချိန်မမီလိုက်လို့ ပါမသွားခဲ့ဘူး။ 'ဈေးကွက်' စာတည်းတွေက ဖိုင်.ပြောကြတယ်။ 'ဆရာရယ် မနက် ၅ နာရီမှာ ဖြန့်လိုက်တယ်၊ ၆ နာရီ လောက်ကစပြီး တယ်လီဖုန်း တဂွမ်ဂွမ်မြည်တော့တာပဲ၊ ကောက်ကိုင်လိုက်ရင် ဆရာ ဦးအောင်သင်း ဘာကြောင့်မပါတာလဲ၊ ဘာဖြစ်လို့လဲချည်းပဲ။ ဒီတော့ ဆရာ့မှာ တာဝန်ရှိလာပြီနော်'တဲ့။ ကြည့်စမ်း–သူတို့က ငါ့ကို ဖမ်းချုပ်လိုက်တာ။ 'ဆရာ–ဆောင်းပါးပြတ်လို့ မဖြစ်ဘူးနော်'လို့ ဖမ်းချုပ်လိုက်တာပဲ မဟုတ်လား။ ဒါပေမယ့် 'ချိုမြညင်သာသော ချစ်လက်ထိပ်လေ'။

စာရေးဆရာတစ်ယောက်အနေနဲ့ ပရိသတ်က စောင့်ဖတ်နေတာကို သိလိုက်ရရင် ပီတိဖြစ်စရာ၊ ဒီထက်ပြောလိုက်ရရင် 'ဘဝင်မြင့်စရာ'ပေါ့။ ဒါပေမယ့် ငါ့မှာ ဘဝင်မြင့်ချိန် မရှိတော့ဘူး။ ပီတိဖြစ်ချိန်ပဲ ရှိပါတော့တယ်။ ငါ့စိတ်ထဲမှာ 'ဟယ်–တချို့လူကြီးတွေက ကောင်လေးတွေ ကောင်မလေးတွေကို စိတ်ပျက်နေသလိုလို ပြောနေကြပေမယ့် ကြည့်စမ်း–ငါရေးနေတာတွေကို မေသချာကြည့်လိုက်ရင် သူတို့အပေါ်မှာ သြဝါဒပေးနေတာ၊ ဆရာကြီး လုပ်နေတာ။ ဒါကို တမြတ်တနိုးဖတ်နေတာ ထောက်လိုက်တော့ လူငယ်တွေဟာ သူတို့အပေါ် လူလည်လုပ်နေတာကို မကြိုက်သော်လည်း တကယ့်ကို ချစ်ချစ်ခင်ခင် စေတနာ့ကောင်းနဲ့ပြောဆိုရင် ဆဲဆဲဆိုဆို 'ရပါတယ်ဆိုတဲ့ သတ္တဝါလေးတွေပါလား'လို့ အောက်မေ့လိုက်ပြီး ဒီနေ့ကလေးတွေကို ကြည်ညိုလိုက်မိသေးများ။

'ကြည်ညိုတယ်'ဆိုတဲ့ စကားလုံးကို သုံးလိုက်တာကို တချို့လူငယ်တွေကတော့ အံ့သြလေမလား မသိဘူး။ ငါ့အဖို့မှာတော့ ရိုးနေပြီ။ သားသမီးနဲ့မိဘ၊ ဆရာနဲ့တပည့် ဆက်ဆံရေးတွေမှာ ချစ်ရတာရှိတယ်၊ ကြည်ညိုရတာရှိတယ်။

'သြော်...ဒါဖြင့် ငါ့အဖေ.'.ငါ့အမေပါလားရယ်လို့'လို့ ချစ်နေရရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာ မဟုတ်ဘူး။ 'သြော်...ငါ့အဖေဟာဖြင့် ကိုယ်ကျင့်သိက္ခာကစပြီး မြင့်မြတ်စင်ကြယ်ပါကလား'ရယ်လို့ ကြည်ညိုရမှ ကောင်းတာ မဟုတ်လား။ ဒီတော့ ဆရာတပည့်မှာလည်း ဒီအတိုင်းပဲပေါ့။ နောက်ပြီး ငါကိုယ်တိုင်လည်း စာဖတ်ပရိသတ် လူငယ်တွေကို သူတို့အသုံးမကျပုံတွေကို မဆဲရုံတမယ် ရေး ခဲ့တာပဲ။ အဲဒါလိုပဲ သူတို့က လိုလိုချင်ချင် နားထောင်နေကြတယ်ဆိုတော့ ဒီလူငယ်တွေကို မကြည်ညိုဘဲကို မနေနိုင်နိုင်တော့ဘူး။

သတိရလို့ ပြောလိုက်ရဦးမယ်။ ၁၉၈၅–လောက်မယ် ကျောက်မြောင်း ဘက်က စာပေဟောပြောပွဲတစ်ခုမှာ ခါတိုင်းလိုပဲ လူငယ်တွေရဲ့ အချိန်ဖြုန်း ပုံတွေ၊ ညံ့ကွက်တွေကို ရယ်စရာ မောစရာလေးတွေ ညှပ်ပြီး ပြောနေခဲ့မိတယ်။ ပွဲခင်းနဲ့ သပ်သပ်ခြားနေတဲ့ မြောင်းပေါင်လေးပေါ်မှာ လူငယ် လေးငါး ခြောက်ယောက်လောက်က ထိုင်တဲ့ပြီး တဝါးဝါး တဟားဟားနဲ့ သဘောကျပြီး လက်ခုပ်တီးလိုက်ကြ၊ ရယ်လိုက်ကြ လုပ်နေတာကို တခြား ပရိသတ်ကတောင် သတိပြုမိလာကြတယ်။ ငါကလည်း အဲဒါနဲ့ သူတို့ကို လှမ်းပြီး–

"ဟေ့ကောင်တွေ–အဟုတ်ထင်ပြီး သဘောကျမနေကြနဲ့၊ ငါအခုပြော နေတာတွေဟာ စကားလုံး ကြမ်းကြမ်းတမ်းတမ်း မပါပေမယ့် မင်းတို့တစ်တွေ ကို သိမ်းကျုံးဆဲနေတာ နားလည်လား"လို့ ပြောလိုက်တော့၊ အဲသည်ကောင်တွေ က ပြန်ပြီး လှမ်းအော်သဗျား– "ဆဲစမ်းပါဆရာရေ–ဆဲစမ်းပါ၊ အဲဒီလို ဆဲတာ မျိုးတော့ မိုးလင်းသွားပါစေ၊ နားထောင်ပါ့မယ်"တဲ့။

အဲဒီပွဲမှာ ချစ်ဦးညိုကလည်း ပါတာကိုး။ ပွဲပြီးလို့ စင်ပေါ်က ဆင်းလာ တော့ ချစ်ဦးညိုက "မြိုင်လိုက်ပါပေ့ ဆရာသင်းရယ်၊ စင်ပေါ်စင်အောက် အပေးအယူ လုပ်နေလိုက်ကြတာများ"လို့ ရယ်မောပြီး ပြောပါတယ်။

အဲဒီအတွေ့အကြုံမှာ သင်ခန်းစာကြီး တစ်ခုကို မှတ်မှတ်ထင်ထင် ရလိုက်တာက လူငယ်တွေဟာ သူတို့အပေါ် တကယ်ကို စေတနာသန့်သန့်နဲ့ ပြောတယ်လို့ ယုံကြည်ရင် ဆဲတာတောင် ပန်းနဲ့ပေါက်တယ်လို့ ထင်နေတတ် ကြပါလား ဆိုတဲ့ အချက်ပါပဲ။

စင်စစ်မှာတော့ ဒါလည်း သဘာဝကျတဲ့ အချက်ပါပဲ။ မကြီးပွားချင်တဲ့ လူငယ်၊ မတိုးတက်ချင်တဲ့လူငယ်၊ မကျော်စောချင်တဲ့ လူငယ်ရယ်လို့ ဘယ်မှာ ရှိပါ့မလဲ။ ကြီးပွားတိုးတက်ချင်တာချည်းပဲပေါ့။ ကိုယ့်ဘဝကိစ္စ အခြေအနေ အရပ်ရပ်က အခွင့်မပေးလို့သာ စိတ်သွားတိုင်း ကိုယ်မပါ၊ ဆန္ဒသွားတိုင်း စိတ်မပါ၊ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဖြစ်နေကြရတာကိုး။ အမှန်ကတော့ သူတို့





ကိုယ် သူတို့လည်း မကျေနပ်လို့ ကျိတ်ပြီး ကိုယ့်ကိုကိုယ် ပြန်ဆဲနေမိကြတာ ကလား။ ဒီအချိန်မှာ ငါကဆဲလိုက်တော့ (အပြစ်တွေထောက်ပြလိုက်တော့) ယား ရာကို တို့လိုက်သလို ဖြစ်သွားကြတာပါပဲ။

အခုလည်း ဈေးကွက်ကို စောင့်ဖတ်နေကြတဲ့ လူငယ်တွေဟာ ကြီးပွား ချင်ကြတယ်၊ တိုးတက်ချင်ကြတယ်။ ဒါပေမယ့် ရုံဖန်ရံခါ ကိုယ့်ကိုကိုယ် မယုံနိုင်ဘူး၊ အားမရဘူး။ အဲဒါတွေကို ပြင်ပစ်လိုက်ချင်တယ်။

'ကြည်ညိုအပ်သော ကူလီ'အကြောင်းကို မရောက်တော့ဘူး။ စောင့် ပြီး ဖတ်စေချင်ပါတယ်။ တကယ်ကို မှတ်သား ကြည်ညိုလောက်တဲ့ ကူလီ တစ်ယောက်အကြောင်းကို ရေးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

# ကြည်ညိုအပ်သော ကူလီ (၂)

ရန်ကုန်မှာ 'သာသနာ့ဝန်ဆောင်အဖွဲ့'ဆိုတာ ရှိတယ်။ အဲဒီအဖွဲ့ကို ကမကထ ပြုပေးနေတဲ့ နာယကကြီးက 'ဘဘကြီး ဦးထိန်ဝင်း'ဆိုတာပါပဲ။ သခင်ထိန်ဝင်း ဦးထိန်ဝင်းပါပဲ။ အဖွဲ့မှာ စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်နေကြ လူငယ် ယောကျ်ားလေး၊ မိန်းကလေးတွေကတော့ မြတ်နိုးကြည်ညိုစွာ 'ဘဘကြ ဦးထိန်ဝင်း'လို့ ခေါ်ကြပါတယ်။

မကြာသေးမီက ကွယ်လွန်သွားရှာတဲ့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဗလ အစ်ကိုအရင်းပါပဲ။ သူကိုယ်တိုင်က နိုင်ငံရေးလောကမှာ တိုင်းသိပြည်သိ ပုဂ္ဂိုလ် ကြီးတစ်ယောက်အဖြစ် ထင်ရှားတာ မဟုတ်သော်လည်း လှုပ်ရှားမှုတွေ နောက်ကွယ်က သူပါခဲ့တာများတယ်။ ပါခဲ့တယ်ဆိုတာ မနေ့တစ်နေ့က မဟုတ်ဘူး၊ သူ လူပျိုပေါက်သာသာ တို့ဗမာအစည်းအရုံး တည်စကတည်း ပါခဲ့တာ။ နဂါးနီစာအုပ်တိုက်မှာ အလုပ်ဝင်လုပ်ခဲ့တာဆိုရင် မှန်းလို့ရလော ပါပြီ။ နိုင်ငံရေးလောကထဲရောက်၊ လူပေါင်းစုံနဲ့တွေ့၊ ရှင်ကြီးဝမ်းလည်း ဝင် ရှင်ငယ်ဝင်းထဲလည်း ဝင်ခဲ့ပြီးမှ နှာခေါင်းပိတ်ပြီး ထွက်လာတဲ့ သူလို့ပဲ ပြော ရစေတော့။

နိုင်ငံရေးလောကမှာ ထွေးလားလုံးလား ပါနေရင်းက အဲဒီလောက သူ စိတ်ပျက်လာခဲ့မိတယ်။ နိုင်ငံနဲ့လူမျိုးကို တကယ်အဆင့်မြင့်လာစေဖို့အတွ ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှင်သန်ထွန်းကားလာအောင် လုပ်ရမယ်လို့ လိုက်လံ ယုံကြည်လာမိတာကြောင့် ဘာသာရေး ယဉ်ကျေးမှု ပြန့်ပွားအောင် အစွမ်းက ကြိုးစားခဲ့တယ်။ ထိုက်ထိုက်တန်တန်လည်း အောင်မြင်ခဲ့တယ်လို့ ဆိုနိုင် တယ်။

ဒီဆောင်းပါးမှာ ရေးချင်တာက အဲဒီအကြောင်းအရာတွေ မဟုတ်ပါ သူငယ်ငယ်က စာကြည့်တိုက်ကလေးတစ်ခု ဖြစ်မြောက်အောင် ကြိုးပမ်းခဲ့ပုံ ပြောချင်တာပါ။ သူ့ဖခင်က မြေတိုင်းစာရေးတစ်ယောက်မျှသာ ဖြစ်တာကြေ ငွေကြေးဖောဖောသီသီ မသုံးနိုင်ခဲ့ပါဘူး။ သူကိုယ်တိုင်တောင်မှ ၆ တန်





အောင်ခဲ့ပါတယ်။ ဒါပေမယ့် ကံကောင်းတာတစ်ခုက သူ့ဖခင်က စာဖတ်ဝါသနာ ပါလေတော့ အိမ်မှာ စာအုပ်တွေ ပေါတယ်။ ဒါကြောင့် စာအုပ်တွေကြားမှာ ကြီးပြင်းခဲ့ရတယ်။ ဒီတော့ စာကို ချစ်တတ်တယ်။ စာဖတ်ခြင်းရဲ့ ကျေးဇူးကို ငယ်ငယ်ကလေးကတည်းက သိလာခဲ့တယ်။ ထွက်သမျှ စာနယ်ဇင်း အသစ် အသစ်တွေကို ဖတ်ချင်တယ်။ ဒါကြောင့် စိတ်သဘောတူ သူငယ်ချင်းတွေ စုကြပြီး စာကြည့်သင်းကလေးတစ်ခု ထောင်လိုက်ကြတယ်။ နေရာအတွက် ကတော့ လပွတ္တာလို တောမြို့လေးတစ်ခုမှာ မခက်လှဘူးပေါ့။ လူကြီးတွေက အခန်းလေးတစ်ခုကို သုံးတော့လို့ ပေးတယ်။

အခန်းကတော့ ရပါပြီ။ ဘယ်မလဲ ပိုက်ဆံ။ သူတို့ရတဲ့ မုန့်ဖိုးပဲဖိုး ဆိုတာကလည်း ဖြစ်လောက်တာမှ မဟုတ်ပါဘဲကလား။ နောက်ဆုံး စာကြည့် အသင်းအတွက် ကူလီထမ်းမယ်လို့ ဆုံးဖြတ်ကြတယ်။ ဒါပေမယ့် တကယ် လုပ်ကြတော့မယ်ဆိုတော့ ရှက်နေကြမိသေးတယ်။ အဲဒီခေတ်က ကူလီအလုပ်မျိုး ကို မြန်မာတွေ လုပ်ချင်ကြတာ မဟုတ်ဘူး။ အိန္ဒိယလူမျိုးတွေကသာ လုပ်ကြ တာ။ သခင်ထိန်ဝင်းကလည်း အသက် ၁၇-၁၈ လောက်ဆိုတော့ သူလည်း ငပ်ရှက် ရှက်ပဲပေါ့။

တစ်နေ့မှာ အိမ်နီးချင်း ဒေါ်ဖွားစိန်ဆိုတဲ့ မိန်းမကြီးက သဘော်ဆိပ်ကို ပန်းစည်စလယ်တွေနဲ့ ဆင်းမယ်လုပ်နေတာကို မြင်လိုက်တော့ မောင်ထိန်ဝင်းက "ဒေါ်ဒေါ် သဘော်ဆိပ်ကို ကျွန်တော် ကူလီလိုက် သယ်ပေးပါရစေ။ ကူလီခ လိုချင်လို့ပါ"ဆိုတော့ ဟိုအဒေါ်ကြီးခမျာမှာ အံ့အားတွေများ သင့်လို့ပေါ့။ နောက် မောင်ထိန်ဝင်းက ရှင်းပြလိုက်တော့မှ ရယ်ကာမောကာ ကြည်ကြည်ဖြူဖြူ ကူလီငှားလိုက်တယ် ဆိုပါတော့။ ကူလီခ ပိုက်ဆံတစ်မတ် ရလိုက်တော့ ဝမ်းမြောက်ဝမ်းသာ စာကြည့်တိုက် ရန်ပုံငွေကလေးထဲ ကျောက်ခနဲ ထည့်လိုက် တာပေါ့။ ပိုက်ဆံတစ်မတ်ဆိုတာဟာ အဲဒီခေတ်က လက်ဖက်ရည်သောက်ရင် ငါးခွက်လောက် သောက်နိုင်တယ်။ တောမြို့ထမင်းဆိုင်မှာ လူနှစ်ယောက် စားနိုင်တယ်။ အဲဒီခေတ်က ကာလပေါ်ဝတ္ထုတစ်အုပ် ဝယ်နိုင်တယ်။

သူကသာ အဲဒီလို ကူလီထမ်းလိုက်တာ၊ သူငယ်ချင်းတွေက ရှက်နေကြ သေးတယ်။ နောက်မှ သူစည်းရုံးလို့ တစ်စတစ်စ ပါလာကြတယ်။ နောက်တော့ အရပ်ထဲက သာရေးနာရေး ဆိုတာမျိုးတွေမှာ ပင်ပင်ပန်းပန်း အလုပ်ကြမ်းတွေ ဘာတွေ ဝင်လုပ်ကြတာနဲ့ စာကြည့်တိုက်ကလေးဟာလည်း မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စာကြည့်တိုက်ကလေး စည်ပင်နေရုံနဲ့ မပြီးသေးဘူး။ တခြ မြို့နယ်ကျေးလက်တွေကိုပါ စာကြည့်အသင်းတွေ ထူထောင်လာကြအော စည်းရုံးလှုံ့ဆော်တယ်။ ဖြစ်လည်း ဖြစ်လာကြတာပါပဲ။

ဆရာကြီးဦးဘကြည် ရေးဆွဲတဲ့ ရုပ်စုံဗုဒ္ဓဝင်စာအုပ်ဟာ သူ မဖြစ်မ ကြိုးပမ်းခဲ့တဲ့ စာအုပ်ပါပဲ။

ငယ်ငယ်တုန်းက စာကြည့်တိုက်အတွက် မရှက်မကြောက် ကုလီထမ်း သလိုပါပဲ သူယုံကြည်တဲ့ ဘာသာရေး ယဉ်ကျေးမှု ပြန့်ပွားရေးအတွက်ဆိုရ ဘယ်ပညာရှင်ကိုမဆို ခြေသလုံးဖက်ပြီး တောင်းပန်တိုးလျှိုးဖို့ ဝန်မလေးဘူ ဘယ်လောက် ပင်ပင်ပန်းပန်း ဘယ်လောက် အောက်ကျို့ရကျို့ရ တစ်စက် ဝန်မလေးဘူး။

ဘာကြောင့်လဲဆိုတာကို စဉ်းစားကြည့်လိုက်တော့ ကိုယ်ကျိုးအတွ လုပ်တာမဟုတ်လို့ လိပ်ပြာမငယ်ဘဲ လုပ်ဝံ့တာပဲလို့ ဆုံးဖြတ်မိပါတယ်။ ကို ကောင်းဖို့ဆိုတာဟာ လူတိုင်းလုပ်ကြတာပါ။ အများကောင်းဖို့ဆိုတာမျိုး လူတိုင်းလုပ်နိုင်ကြတာ မဟုတ်ပေဘူး။ ဒါကြောင့် 'ကြည်ညိုအပ်သော ကုလ လို့ ပြောရတာပါ။



## ဘာစာဖတ်မလဲ

'မျိုးဆက်သစ်တိုးတက်ရစ်ဖို့'ကို ရေးနေခဲ့တာ အတော်လေးကို ကြာခဲ့ပြီ။ စာများများ ဖတ်ဖို့ကိုလည်း မကြာခဏ တိုက်တွန်းခဲ့ဖူးပါတယ်။ ဒါပေမယ့် ဘယ်စာတွေကို ဖတ်ရမယ်ဆိုတာမျိုး ရေရေရာရာ တစ်ခါမှ မပြောခဲ့ဖူးသေးဘူး လို့ ဆိုနိုင်ပါတယ်။ ခုတော့ဖြင့် အဲဒီလို စာပေဖတ်မှုတွေအကြောင်းကို လှည့် လိုက်ဦးမယ်လို့ အောက်မေ့လိုက်ပါတယ်။

စာဖတ်ဝါသနာဆိုတာ များသောအားဖြင့် ခပ်ငယ်ငယ်ကတည်းက ပါလာတတ်လေ့ ရှိပါတယ်။ သတိထားမိသလောက်မှာတော့ မိဘအိမ်သား တွေ မိသားစုပတ်ဝန်းကျင်က စာဖတ်ဝါသနာပါရင် ကိုယ်လည်း စာဖတ်ပါသနာ ပါလာလေ့ ရှိတတ်ပါတယ်။ ကိုယ့်အိမ်က ဝါသနာမပါရင်တောင်မှ အိမ်နီးချင်း လူတစ်ယောက်ယောက်က ဝါသနာပါနေရင်၊ သူကလည်း သဘောကောင်းရင် ဝါသနာကူးစက်လာတတ်ပါပဲ။

အရွယ်သဘာဝအတိုင်း ကလေးဘဝမှာတော့ဖြင့် ရုပ်ပြပုံပြင်တွေ၊ ဟာသ တွေကို ပိုလို့ဝါသနာပါလေ့ ရှိကြတာပေါ့။ အတော်လေး အရွယ်ရောက်လာတဲ့ အခါကျတော့ စွန့်စားခန်းတွေ၊ သည်းထိတ်ရင်ဖိုတွေကို ကြိုက်လာကြပြန်တာပဲ။ နောက်တော့ဖြင့် အချစ်ဝတ္ထုတွေကို အာသာငမ်းငမ်း ဖတ်လာမိကြပြန်တာပေါ့။ ဒီစာဖတ်နေတဲ့ လူငယ်တစ်ယောက်ဟာ ခုဆိုရင်ဖြင့် အချစ်ဝတ္ထုတွေကိုသာမက ဘဝနဲ့ပတ်သက်တဲ့ အတွေးအခေါ်တွေ၊ သုတစာပေတွေကိုပါ ဖတ်နေပြန်ပြီပေါ့။ ဒါကြောင့် ဒီဆောင်းပါးကို ဖတ်နေတာ မဟုတ်လား။

လူငယ် တော်တော်များများက 'ဘယ်စာတွေကို ဖတ်ရမလဲ'လို့ မေးတာ ကို ခဏခဏ ကြုံခဲ့ရတယ်။ အတော်လေးကို အဖြေရခက်တဲ့ မေးခွန်းဖြစ်ပါ တယ်။ ဆရာဇေယျကတောင် အဲဒီအကြောင်းကို ဆောင်းပါးတစ်ပုဒ် ရေးထား ခဲ့ဖူးပါသေးတယ်။ မေးသူက ဘယ်လိုအကြောင်းအရာမျိုးမှာ စိတ်ဝင်စားမှန်း မသိဘဲ ဘယ့်နှယ်လုပ် အကြံပေးလို့ ဖြစ်နိုင်ပါ့မလဲ။ သို့သော်လည်း သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ အကြံပြုချက်ဟာ မင်းတို့အတွက်လည်း သင့်လော်မယ်ထင်တာကြောင့် ရေးလိုက်ပါဦးမယ်။

ဒီဆောင်းပါးမှာ ဝတ္ထု၊ ကဗျာ စတဲ့ စိတ်ကူးစာပေတွေ(fictions) အကြောင်းကို မပြောပါဘူး။ အတွေးအမြင် သုတစာပေ(nonfiction)အကြောင်းကို ပြောမှာ ဖြစ်ပါတယ်။

ပထမဆုံး မဂ္ဂဇင်းတွေထဲက ဆောင်းပါးတွေကို ဖတ်စေချင်ပါတယ်။ ရုပ်ရှင်အကြောင်း၊ မင်းသမီးမင်းသားတွေအကြောင်း၊ ရုပ်ရှင်ဗီဒီယိုကား ကြော်ငြာတွေအကြောင်းတွေကို စာရင်းထည့် မပြောပါဘူး။ ရုပ်ရှင်အကြောင်းကိုလည်း ရေးတယ်ထားဦးတော့ ရုပ်ရှင်အနုပညာဆိုင်ရာ ဗဟုသုတကိုပေးတဲ့ ဆောင်းပါးမျိုးကိုသာ စာရင်းသွင်းသင့်ပါတယ်။ ဆိုလိုတာက အတွေးအခေါ်၊ ဗဟုသုတစာပေစတဲ့ ဆောင်းပါးတွေကို လိုက်ရှာပြီး ဖတ်ပါ။ ခုနေအခါမှာ အငှားဆိုင်တွေမှာလည်း မဂ္ဂဇင်းဟောင်းတွေကို ငှားပြီး ဖတ်နိုင်တာမို့ တစ်လလောက်ဆိုရင် မဂ္ဂဇင်းစောင်ရေ အတော်များများ ဖတ်ပြီးသွားနိုင်ပါတယ်။ ဆောင်းပါး အတော်များများကိုလည်း ဖတ်မိပြီး ဖြစ်သွားတော့မှာပေါ့။

အဲဒီလို ဖတ်လာရင်းက မိမိကိုယ်တိုင်ဟာ ဘယ်လို အကြောင်းအရာတွေမှာ ပိုမိုစိတ်ဝင်စားသလဲဆိုတာ သတိထားမိလာပါလိမ့်မယ်။ အဲဒီအပြင် ဘယ်စာရေးဆရာတွေဟာ ဘယ်လိုအကြောင်းအရာမျိုးတွေကို ရေးလေ့ရှိတယ်ဆိုတာကိုလည်း သိလာပါလိမ့်မယ်။ အဲဒီထက်မက ဘယ်စာရေးဆရာတွေဟာ လေးနက်သလဲ၊ ဘယ်စာရေးဆရာဟာ ပေါ့တန်သလဲဆိုတာကိုလည်း အလိုလို သိလာပါလိမ့်မယ်။ စာရေးဆရာတွေထဲမှာလည်း စာကို စာနဲ့တူအောင် ကြိုးစားတဲ့ စာရေးဆရာရှိသလို၊ စာဖြစ်တယ်ဆိုရုံ ရေးတတ်တဲ့ စာရေးဆရာတွေလည်း ရှိနေသေးတယ် မဟုတ်လား။ အဲဒါတွေကို အလိုလိုနေရင်း သိလာပါလိမ့်မယ်။ အတိုချုပ် ပြောလိုက်ရရင်တော့ 'စာကင်းပါး'လာပါလိမ့်မယ်။

အဲဒီလို ဆောင်းပါးတွေကို ဖတ်နေရင်း တကူးတက ရှာဖွေပြီး ဖတ်ရမယ့် စာအုပ်တွေကိုလည်း မင်း သိလာလိမ့်မယ်။ သိရုံတင်မကဘဲ မင်းကိုယ်တိုင်က ရှာဖြို၊ မဖတ်ရရင် မနေနိုင်အောင် ဖြစ်လာလိမ့်မယ်။ အဲဒီလိုနည်းနဲ့ စာဝါရင့် မှန်းမသိ ရင့်လာလိမ့်မယ်။

အဲဒီအပြင် နောက်တစ်ဆင့် တိုးလာလိုက်တာက မင်းကိုယ်မင်း မသိ လိုက်ကဲ့ အတွေးအခေါ် ဗဟုသုတ ရင့်ကျက်လာလိမ့်မယ်။ အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ စကားပြောကြရာမှာ မင်းက ဦးဆောင်ဆွေးနွေးသူ ဖြစ်မှန်း





မသိ ဖြစ်လာလိမ့်မယ်။ နောက်ဆုံးမှာ တစ်စုံတစ်ခု ပြဿနာပေါ်လာရင် မင်းကို အားကိုးတကြီး တိုင်ပင်တဲ့ အခြေအနေမျိုး ဖြစ်လာလိမ့်မယ်။ မင်းရဲ့ အဆုံးအဖြတ်ကို လေးစားစွာ တောင်းဆိုလာကြလိမ့်မယ်။

အဲဒီလို အခြေအနေမျိုးကိုရောက်ဖို့ အချိန် သိပ်ကြာကြာကြီး စောင့်နေရမယ်လို့ မထင်လေနဲ့။ မင်းက တကယ် ဇွဲကောင်းကောင်းနဲ့ စနစ်တကျ ဖတ်မယ်မှတ်မယ်ဆိုရင် တစ်နှစ်လောက် အတောအတွင်းမှာကို အဲဒီလို အခြေအနေတွေကို ရောက်သွားနိုင်ပါတယ်။

တကယ် 'ဖတ်မယ် မှတ်မယ်' ဆိုရင်လို့ အထက်မှာ ဆိုခဲ့ပါတယ်။ ကိုယ်ဖတ်တဲ့ စာတွေထဲက ကောင်းနိုးရာရာတွေကို မှတ်စုထုတ်ထားလိုက်သင့်တယ်။ တကယ်လို့ မင်းဟာ ငွေကြေးအတန်အသင့် ချောင်ချောင်လည်လည် သုံးနိုင်တဲ့သူဖြစ်မယ်ဆိုရင် ကိုယ်မှတ်ချင်တာလေးတွေကို မိတ္တူဆွဲထားလိုက်ပေါ့။ ငါတို့ ငယ်ငယ်ကတော့ ခုခေတ်လို စက်ပစ္စည်းမရှိသေးတာမို့ လက်နဲ့ အကုန်ကူးခဲ့ကြရတာ။ အဲဒီလို မိတ္တူဆွဲထားလိုက်ပြီး ဆိုင်ရာ ဆိုင်ရာ သမိုင်း၊ ယိမ်ပွဲ၊ ကဗျာ စသည်အားဖြင့် မျိုးတူစုကလေးတွေ ခွဲထားလိုက်ပြီး မကြာခဏ ပါလေးတွေကို ပြန်ပြီး ဖတ်ရပါတယ်။ ဒီလိုနဲ့ နောက်တော့ မင်းဟာ အပေါင်းအသင်းတွေ ကြားထဲမှာ ခေါင်းတစ်လုံး မြင့်တဲ့သူတစ်ယောက် ဖြစ်လာပါလိမ့်မယ်ဆိုတာကို ငါ အာမခံဝံ့ပါတယ်။ စမ်းကြည့်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

# ဘာစာဖတ်မလဲ (၂)

အရင်တစ်ပတ်က မဂ္ဂဇင်းဆောင်းပါးတွေကို သေချာဖတ်ပြီး မှတ်သင့်မှတ်ထိုက်ရာတွေကို လက်နဲ့ကူးလို့ဖြစ်စေ၊ မိတ္တူဆွဲလို့ဖြစ်စေ သိမ်းထားသင့်ကြောင်းကို ရေးခဲ့ပါတယ်။ ဆောင်းပါးတွေကို ဖတ်နေရင်းက တခြား ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်တွေကို ခြေရာခံမိလာလိမ့်မယ်ဆိုတဲ့ အကြောင်းကိုလည်း ရေးခဲ့ပါတယ်။ ဒီတစ်ပတ်တော့ဖြင့် မင်းတို့အတွက် အလွန်ကို အကျိုးဖြစ်ထွန်းစေမယ့် စာအမျိုးအစားတွေကို ရေးလိုက်ရပါဦးမယ်။

ပထမ အမျိုးအစားကတော့ဖြင့် အတ္ထုပ္ပတ္တိစာပေ ဖြစ်ပါတယ်။ အတ္ထုပ္ပတ္တိစာပေမှာ နှစ်မျိုးရှိပါတယ်။ ဘေးလူတစ်ယောက်က ရေးတဲ့ အတ္ထုပ္ပတ္တိနဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ဖြစ်ပါတယ်။ နှစ်မျိုးလုံးဟာ ဖတ်နိုင်ရင် ကျေးဇူးဖြစ်ထွန်းတဲ့ စာပေမျိုးဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဖတ်လို့ကောင်းတာ မကောင်းတာကတော့ ရေးသူရဲ့ အပေါ်မှာလည်း အတော်လေး တည်ပါတယ်။ မြန်မာစာပေလောကမှာတော့ဖြင့် ရသစာပေ စာရင်းထဲ သွင်းလောက်အောင် ကောင်းတာတွေက ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေ ဖြစ်တယ်လို့ အောက်မေ့မိပါတယ်။

ပထမဆုံး အတ္ထုပ္ပတ္တိတွေကို ဖတ်လိုက်ရခြင်းရဲ့ အကျိုးကျေးဇူးကို ပြောချင်ပါတယ်။ အတ္ထုပ္ပတ္တိဆိုတဲ့အတိုင်း စိတ်ကူးစာပေ မဟုတ်ပါဘူး။ တကယ်ဖြစ်ခဲ့၊ ကြုံခဲ့တာတွေကို ရေးထားတာ ဖြစ်ပါတယ်။ ချက်ချင်းရတဲ့ ကျေးဇူးတရားကတော့ သက်ဆိုင်ရာ အတ္ထုပ္ပတ္တိရှင်ရဲ့ ခေတ်ကာလကို လှမ်းပြီး သိလိုက်ရခြင်းပါပဲ။ တစ်နည်းအားဖြင့်ဆိုရင် သမိုင်းဆိုင်ရာ အသိကို ပေးလိုက်တယ်လို့ ဆိုရပါမယ်။

မင်းတို့တစ်တွေနဲ့ ရင်းနှီးနေတဲ့စာတွေထဲက အတ္ထုပ္ပတ္တိ စာပေတွေကို ပြောလိုက်ရမယ်ဆိုရင် ကိုးတန်း၊ ဆယ်တန်းမှာ မင်းတို့သင်နေရတဲ့ 'ရာဇကုမာရ်' 'သိဃ်သူ့သမီး'၊ 'မိဖုရားဖွားစော' စတဲ့ ကျောက်စာတွေဟာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ တစ်ပိုင်းတစ်စလို့ ဆိုကြရမှာပေါ့။ အဲဒါတွေကို ဖတ်လိုက်ရင် ပုဂံခေတ်က လူမှုရေး၊ ဘာသာရေး၊ အသုံးအဆောင်ပစ္စည်းတွေ၊ ထုံးတမ်းစဉ်လာ





ယဉ်ကျေးမှုတွေကို သိလာရတာပဲ မဟုတ်လား။ နောက်တစ်ဆင့် တက်လိုက်တော့ ကျောက်စာရေးထိုးသူရဲ့ စိတ်နေစရိုက်တွေကို သိလာနိုင်ပြန်တာပဲ။

ဒီခေတ်မှာပေါ်တဲ့ အတ္ထုပ္ပတ္တိ စာပေတွေမှာတော့ ကျောက်စာလို တိုတိုကလေး မဟုတ်တော့ဘဲ အတော်ကို ရှည်လျားပြည့်စုံနေတာမို့ သက်ဆိုင်ရာခေတ်ကြောင်းကို အတော်ကြီး သိနိုင်ခွင့်ရပါတယ်။ အဲဒီအပြင် အကြောင်းအားလျော်စွာ ပါဝင်လာတဲ့ လူပုဂ္ဂိုလ်တွေရဲ့ စိတ်နေစရိုက်တွေကိုလည်း သိနိုင်တာပဲ။ သူတို့ စိတ်နေစရိုက်တွေကို သိလာတော့ ဘာများ တန်ဖိုးရှိသလဲလို့ မေးစရာအကြောင်း ရှိပါတယ်။ သူတို့ဟာ လူတွေပဲ မဟုတ်လား၊ လူတွေရဲ့အကြောင်းကို သိဖို့ မလိုအပ်ဘူးလား။ လူ့လောကကြီးမှာ လူတွေရဲ့အလယ်မှာ နေပြီး လူတွေရဲ့အကြောင်းကိုမှ ထိုက်သင့်သလောက် မသိဘူးဆိုရင် အလွန်တုံးတဲ့သူတစ်ယောက် ဖြစ်သွားမှာပေါ့။ အဲဒီအပြင် တခြားလူတွေအကြောင်း၊ တခြားလူတွေရဲ့ စိတ်နေစရိုက်ကို သတိထားရာကနေပြီး မိမိရဲ့ စိတ်နေစရိုက်ကိုလည်း ပြန်ပြီး သတိထား ဆင်ခြင်လာနိုင်ပြန်တာပေါ့။ အဲဒီလို ဖြစ်လာတာဟာ နည်းနည်းနောနော ကျေးဇူးမှုမဟုတ်ဘဲ။ ဒါကြောင့် အတ္ထုပ္ပတ္တိစာပေကို ဖတ်သင့်တယ်လို့ အကြံပေးလိုက်ရတာပါ။

ပထမဆုံး ညွှန်းလိုက်ချင်တာကတော့ ဆရာကြီးရွှေဥဒေါင်းရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်တဲ့ 'ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ဆိုတဲ့ စာအုပ်ဖြစ်ပါတယ်။ ဘာကြောင့် ဒီစာအုပ်ကို ညွှန်းလိုက်ရသလဲဆိုရင် (၁) ပတ်ဝန်းကျင်မှာရှာရင် အလွယ်တကူ တွေ့နိုင်တဲ့ စာအုပ်ဖြစ်ပါတယ်။ (၂) စာရေးအလွန်ကောင်းတဲ့ ဆရာကြီးကိုယ်တိုင်ရေးတာမို့ ဖတ်လို့ အလွန်ကောင်းပါတယ်။ ဆွဲဆောင်မှုအား သိပ်ကောင်းပါတယ်။ (၃) အတွေ့အကြုံတွေကလည်း စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။ (၄) အဲဒီအတွေ့အကြုံတွေကို ရေးလိုက်တဲ့အခါမှာလည်း သရုပ်ပီအောင် ဖော်နိုင်တာကြောင့် အဲဒီခေတ်ကို ကိုယ်တိုင်မြင်နေရသလို ခံစားမိစေနိုင်ပါတယ်။ (၅) အတွေ့အကြုံတွေကို သုံးသပ်ကောက်ချက်ချလိုက်တဲ့ အတွေးအခေါ်တွေကလည်း အလွန်ကျိုးကြောင်းညီမှာတယ်။ (၆) အထူးသဖြင့် သူ့ကိုယ်သူ ပြန်လည်သုံးသပ်ဆင်ခြင်လိုက်ပုံတွေဟာ လူငယ်တွေ အထူးတလည် ဖတ်ရှုမှတ်သားသင့်တာတွေ ဖြစ်ပါတယ်။ အဲဒါတွေကြောင့် ဒီစာအုပ်ကို ထိပ်ဆုံးကထားပြီး ညွှန်းလိုက်ရတာ ဖြစ်ပါတယ်။

ဆရာကြီးက အဲဒီစာအုပ်ကို ပထမဆုံးထုတ်တော့ လေးတွဲခွဲပြီး ထုတ်ခဲ့ပါတယ်။ ပထမတွဲကတော့ မင်းတို့အကြိုက်ဆုံးဖြစ်မှာ သေချာပါတယ်။ လူငယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာဝ အချစ်ဇာတ်လမ်း ယောင်ယောင်ကလေးလည်း ပါနေတာမို့ ပိုလို့ စိုစို ပြည်ပြည် ရှိနေပါတယ်။ ဒါပေမယ့် မင့်ရင်ထဲမှာ စွဲကျန်ရစ်ခဲ့မှာက အဲဒီဇာတ်လမ်း မဟုတ်ဘဲ သူ့ရဲ့အတွင်းစိတ်သန္တာန်ကို ဖန်တီးပေးလိုက်တဲ့ အတွေ့အကြုံကြီး တွေကို သုံးသပ်ပြထားတဲ့ အခန်းဖြစ်ပါတယ်။ စာရေးကလည်း ကောင်းတယ် မဟုတ်လား။ ငါတို့မှာ အဲဒီစာအုပ်ကို ဖတ်စဉ်ကဆိုရင် လက်က မချနိုင်ခဲ့ဘူး ဆိုပါတော့။ တက္ကသိုလ် ကျောင်းသားဘဝ စာသမား သူငယ်ချင်း အချင်းချင်း ဆုံမိလိုက်ရင် အဲဒီစာအုပ်အကြောင်းကိုပဲ ပြောမိနေအောင် ကြိုက်ခဲ့ စွဲခဲ့ရတဲ့ စာအုပ်ပါပဲ။ ငါ့သူငယ်ချင်းတစ်ယောက် ပြောတာကို ပြန်ပြောလိုက်ရဦးမယ်။ သူက အခုတော့ဖြင့် ညွှန်ကြားရေးမှူးအဖြစ်က အနားတောင် ယူသွားပါပြီ။ သူပြောတာက "ကိုအောင်သင်းရေ…ကျွန်တော်တို့ရဲ့ စာရိတ္တကို ပုံလောင်းပေး ခဲ့တဲ့ လူတွေထဲမှာ ဆရာကြီးရွှေဥဒေါင်းဟာလည်း တစ်ခန်းတစ်ကဏ္ဍ ယူခဲ့ တယ်နော်"တဲ့။ ငါကလည်း သွက်သွက်ကြီး ခေါင်းညိတ် သဘောတူခဲ့ပါတယ်။ အခုတော့ ငါကိုယ်တိုင်ကလည်း စာရေးဆရာတစ်ယောက် ဖြစ်လာနေပြီ မဟုတ် လား။ ဒီတော့ 'ဩော်…ဆရာကြီးရွှေဥဒေါင်းသာ ဒီစကားလေးတွေကို ကြား လိုက်ရရင် ဘယ်လောက်များ ပီတိဖြစ်နိုင်ရှာလေမလဲ'လို့ စာရေးဆရာချင်း ကိုယ်ချင်းစာပြီး တွေးလိုက်မိပါသေးတယ်။ စဉ်းစားကြည့်လေ၊ စာရေးဆရာ တစ်ယောက်ဟာ သူ့စာကြောင့် စာဖတ်သူ တစ်ယောက်ယောက်မှာ တစ်စုံ တစ်ခုသော အကျိုးကျေးဇူး ရှိသွားတယ်ဆိုရင် အလွန်ပီတိ ဖြစ်တာကလား။ အခုလို စာရိတ္တကိုတောင် ပုံလောင်းနိုင်ခဲ့ပါပေတယ်လို့ ဝန်ခံလိုက်တာ ဖြစ်လေ တော့ ဘယ်လောက်အထိ အောင်မြင်ခဲ့တဲ့ ကလောင်လဲ။

ဒါကြောင့် မင်းတို့ကိုလည်း ဖတ်ဖြစ်အောင် ဖတ်ကြစေချင်ပါတယ်။ ဘဝအတွက် ပြဋ္ဌာန်းထားတဲ့စာအုပ်လို့ သဘောထားပြီး ဖတ်ကြပါလို့ တိုက် တွန်းလိုက်ရပါတယ်။



# ဘာစာဖတ်မလဲ (၃)

အရင်တစ်ပတ်က ဆရာကြီးရွှေဥဒေါင်းရဲ့ 'တစ်သက်တာမှတ်တမ်းနှင့် အတွေး အခေါ်များ'ဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်စမ်းပါလို့ တိုက်တွန်းခဲ့ပါတယ်။ တကယ့် ကို အလေးအနက် တိုက်တွန်းတာ ဖြစ်ပါတယ်၊ စာဖတ်တော့မယ်ဆိုရင် မဖတ် မှုဘူး မဖြစ်သင့်တဲ့ စာအုပ်မို့ ပြောလိုက်ရတာပါ။ ဘဝမှတ်တမ်း သက်သက် မျှသာ မဟုတ်ဘဲ အတွေးအခေါ်တွေပါ ပါနေတာကြောင့် အထပ်ထပ် တိုက်တွန်း နေရခြင်း ဖြစ်ပါတယ်။

နောက်တစ်အုပ် ပြောချင်တာကတော့ ဖြစ်နိုင်လို့ရှိရင် ဆရာကြီး 'ပီ– မိုးနင်း၏ ပီ–မိုးနင်း'ကို ဖတ်ကြည့်စေချင်ပါတယ်။ အလွန်ကို ထူးဆန်းတဲ့ ဘဝဖြစ်စဉ်မို့ ဖတ်ကြည့်စေချင်တာပါပဲ။ ရေးသွားပုံကလည်း သူ့ဘဝအကြောင်း ကို တကယ့်ကို ရိုးရိုးစင်းစင်းလေး ပြောသွားတာမို့ အလွန်ဖတ်လို့ ကောင်းလှ ပါတယ်။

အတ္ထုပ္ပတ္တိစာပေ နောက်တစ်မျိုးကို ပြောချင်ပါသေးတယ်။ အဲဒါကတော့ ကိုယ်တိုင်ရေးမဟုတ်ဘဲ ဘေးလူတစ်ယောက်က ရေးတဲ့ အတ္ထုပ္ပတ္တိစာပေမျိုး ဖြစ်ပါတယ်။ စင်စစ်မှာ ရာဇဝင်သမိုင်းတွေမှာပါတဲ့ မင်းဧကရာဇ်တွေ၊ စစ်သူကြီး တွေ၊ ပညာရှိ မှူးမတ်ကြီးတွေရဲ့ အကြောင်းတွေဟာလည်း အတ္ထုပ္ပတ္တိစာပေလို့ ခေါ်နိုင်တာပါပဲ။ သို့ပေမယ့် အဲဒါတွေမှာတော့ဖြင့် နိုင်ငံအရေးအခင်းတွေက များနေတာမို့ အတ္ထုပ္ပတ္တိရယ် ခံစားမိနိုင်ဖို့ ခက်ပါတယ်။ နောက်ပြီး ကိုယ် ရောက်နေတဲ့ခေတ်နဲ့ ဝေးလွန်းနေတာကြောင့် စိတ်ဝင်စားမှုရှိဖို့ မလွယ်လှပေ ဘူး။ မူလကကို သမိုင်းကို စိတ်ဝင်စားသူ ဖြစ်နေရင်တော့ ဖတ်လို့ ကောင်း မှာပေါ့။

လောလောဆယ် သတိရမိသလောက်ကို ပြောလိုက်ရမယ်ဆိုရင်တော့ ပျူနယ်ကျော် မမလေးရဲ့ 'သူလိုလူ'ဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်စမ်းပါလို့ ညွှန်းလိုက်ရပါတော့မယ်။ ဒေါ်မမလေး သူ့ခင်ပွန်းဖြစ်သူ ဦးချစ်မောင် အကြောင်းကို ရေးထားတာပါပဲ။ ဒေါ်မမလေး ကိုယ်တိုင်က စာရေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ၊ အမြင်စူးသူတစ်ယောက် ဖြစ်လေတော့ ဖတ်လို့အလွန်ကောင်းတဲ့ပြင် ဂျာနယ်ကျော်ဦးချစ်မောင်ရဲ့ ရုပ်လုံးဟာ ကြွတက်လာတယ်လို့ ဆိုရအောင် သရုပ်ပီပြင်နေတာကို တွေ့ရပါလိမ့်မယ်။ ဒါတင်မကဘဲ သူတို့ခေတ်က နိုင်ငံရေးအကြောင်း၊ စားဝတ်နေရေးဘဝ၊ သတင်းစာလောက စတဲ့ ပတ်ဝန်းကျင် အဖုံဖုံဟာလည်း ဒီစာအုပ်ထဲမှာ ထင်ဟပ်နေတာကို တွေ့ကြရပါလိမ့်မယ်။

ဒီဘက်နောက်ပိုင်းမှာဆိုရင် တက္ကသိုလ်စိန်တင်ဟာ အတ္ထုပ္ပတ္တိတွေ အတော်များများကို သေချာစူးစမ်းပြီး ရေးနေတာကို တွေ့ရတယ်။ အောင်ဆန်း၊ သူရိယ ဗိုလ်တိုက်ချွန်းတို့လို စာမျိုးတွေပေါ့။ အဲဒါမျိုးတွေကို ဖတ်ကြည့်လိုက်ရင် သက်ဆိုင်ရာ ပုဂ္ဂိုလ်ရဲ့ အကြောင်းသာမက သူ့ခေတ်သူ့အခါက နိုင်ငံရေး အခြေအနေ၊ သာမန်ပြည်သူတို့ရဲ့ ယေဘုယျဘဝ၊ ကြုံလာရတဲ့ အရေးအခင်းတွေ၊ စွန့်စားခန်းတွေ၊ ဘေးအန္တရာယ်တွေ စသည်အားဖြင့် စုံနေအောင် တွေ့နိုင်ပါတယ်။ အတ္ထုပ္ပတ္တိရေးတဲ့သူက ကလောင်စွမ်းထက်ရင် ထက်သလောက် ဖတ်နေရသူမှာလည်း စိတ်ကူးနဲ့ ရေးထားတဲ့ ဝတ္ထုကောင်းကြီး တစ်ပုဒ်ကို ဖတ်နေရသလို ရသမျိုးစုံ ခံစားရတာပါပဲ။

ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာရင်းမှာ သွင်းမယ်ဆိုရင် သွင်းလို့ ရနိုင်တဲ့ စာပေတစ်မျိုးကို ပြောလိုက်ရပါဦးမယ်။ အဲဒါတွေကတော့ ကိုယ်တိုင်ကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေ၊ လှုပ်ရှားမှုတွေ၊ အရေးအခင်းတွေကို ဖော်ပြထားတဲ့ စာပေတွေပါပဲ။ သူတို့က သူတို့အတ္ထုပ္ပတ္တိကို ရေးတာတော့ မဟုတ်ဘူး။ သူတို့ ပါဝင်ပတ်သက်တဲ့ ဖြစ်ရပ်ကြီးတွေအကြောင်းကို ပြန်ရေးတာပဲ။ သို့သော်လည်း သူတို့ဘဝဇာတ်ကြောင်းကလည်း မလွဲသာ မရှောင်သာ ပါလာရပြန်တာပေါ့။ ဒါကြောင့် အဲဒီလို စာမျိုးတွေကိုလည်း အတ္ထုပ္ပတ္တိ စာပေစာရင်းမှာ သွင်းမယ်ဆိုရင် သွင်းလို့ ရနိုင်ပြန်တာပေါ့။ ဥပမာအားဖြင့် သခင်တင်မြရေးတဲ့ 'ဘုံဘဝမှာဖြင့်'ဆိုပါစို့။ သခင်တင်မြက သူ့အတ္ထုပ္ပတ္တိကို ရေးတာမဟုတ်ဘူး၊ လွတ်လပ်ရေးလှုပ်ရှားမှုကြီး အကြောင်းကို မှတ်တမ်းတင်တာပဲ။ သို့သော်လည်း သူ့အကြောင်း သူ့အတ္ထုပ္ပတ္တိကလည်း ပါလာပြန်ရတာပဲ။ သို့သော်လည်း အဲဒီစာအုပ်မျိုးကို မညွှန်းချင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ မင်းတို့ စိတ်ဝင်စားကြမှာ မဟုတ်ဘူး၊ နိုင်ငံရေးတွေက များလွန်းတယ်။ မင်းတို့ ဖတ်ကြည့်သင့်တာက မြတ်ထန်ရဲ့ 'တိုင်းပြည်ကနန မုန်တိုင်းကထန်ထန်'ဆိုတာမျိုးကို ဖတ်ကြည့်သင့်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အနှံ့အပြားမှာ သောင်းကျန်းသူ ရောင်စုံသူပုန်တွေနဲ့ တပ်မတော်ရင်ဆိုင်နေခဲ့ ရစဉ်က တပ်မတော်အရာရှိတစ်ဦးနဲ့ သူ့တပ်ထဲက





ရဲဘော်တွေရဲ့ စွန့်စားခန်း တွေ၊ ကြေကွဲစရာတွေ၊ အားတက်စရာတွေ စသည်တို့ကို ခံစားရမှာဖြစ်တယ်။ စာရေးသူကတော့ အဲဒီအခါကာလက တပ်မတော်ရဲ့ လှုပ်ရှားမှုတွေကို ပြန်ရေးတာပါပဲ။ သို့သော်လည်း သူ့ဘဝဇာတ်ကြောင်း တစ်ပိုင်းတစ်စဟာလည်း မလွှဲသာ အောင် ပါလာပြန်တာပေါ့။

သူ့လိုပဲ အဲဒီ ရောင်စုံသူပုန်ခေတ်အကြောင်းကို ရေးတဲ့သူတစ်ယောက် ရှိသေးတယ်။ သူကတော့ 'မိုးမိုးတာရောစန်'ဆိုသူပါပဲ။ ဘာကွန့်အညွန့် အဖွဲ့အနွဲ့တွေမပါဘဲနဲ့ 'အရိုင်းတုံး'ကလေးအကိုင်း လှနေတဲ့ စာမျိုးလို့သာ ပြောလိုက်ချင်တာပါပဲ။ သူရေးတဲ့ 'မုန်တိုင်းကိုမမှု အန်တုလေသော်'ဆိုတာ ရှာလို့ ရနိုင်မယ် ထင်ပါတယ်။

အဲဒီနောက်မှာတော့ အခုလက်ငင်း လွယ်လွယ်ကူကူ ရနိုင်တဲ့ စာတစ်အုပ်ကို ပြောလိုက်ရပါဦးမယ်။ အဲဒါကတော့ သိန်းဖေမြင့်ရဲ့ 'စစ်အတွင်းခရီးသည်' ဆိုတဲ့ စာအုပ်ပါပဲ။ မကြာသေးမီကမှ တတိယအကြိမ်အဖြစ် ထွက်လာတာမို့ ရှာလို့လည်း လွယ်ပါလိမ့်မယ်။ စာအုပ်ဈေးတွေက ကြီးနေပေတော့ ကိုယ်ပိုင် ဝယ်ဖတ်ဖို့ဆိုတာကတော့ မလွယ်လှပေဘူးပေါ့။ (ဒါကြောင့် မင်းတို့တစ်တွေ စာကြည့်အသင်း မထောင်ရင်တောင်မှ စာဖတ်အုပ်စုကလေး လုပ်ပြီး ဝယ်ကြ ဖတ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါက စကားစပ်မိလို့ ပြောလိုက်တာပါ) ဆိုလက်စကို ပြန်ကောက်ရရင် ဦးသိန်းဖေမြင့်ကတော့ စာရေးဟာကိုက အလွန် ကောင်းတဲ့ သူပဲ၊ ပါရမီရှင်လို့ဆိုလောက်တဲ့သူ။ သတိရလို့ ပြောလိုက်ရဦးမယ်။ ပုပ္ပဝမဂ္ဂဇင်းမှာ အခန်းဆက် ဆောင်းပါးရှည်ကြီးအဖြစ် ပါလာကတည်းက ဖတ်ခဲ့တာ လုံးချင်းထွက်တော့လည်း ဖတ်လိုက်မိသေးတာပဲ။ အဲဒီမှာ သူရေး လိုက်တဲ့ ရခိုင်က 'ကျောက်တော်တညင်းသီး' စားချင်လိုက်တာ ခုထက်တိုင် ပါလေရောဗျား။ အဲဒီလောက်ကို စာရေးကောင်းတဲ့ ဆရာကြီးပါပဲ။

အချုပ်ကို ပြောလိုက်ရရင်တော့ မင်းတို့ဟာ ဝတ္ထုလောကမှာတင် ရပ် မနေပါနဲ့။ အတ္ထုပ္ပတ္တိစာပေတွေကိုလည်း ဖတ်ကြည့်စမ်းပါဦးလို့ တိုက်တွန်း နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ဘာစာဖတ်မလဲ (၄)

အရင်တစ်ပတ်က အတ္တုပ္ပတ္တိစာပေနဲ့ ပက်သက်လို့ သခင်တင်မြ၊ ဦးသိန်းဖေမြင့်၊ မြတ်ထန်၊ မိုးမိုးတာရောစန် စတဲ့ သူမျိုးတွေရဲ့ စာတွေကိုလည်း ဖတ်သင့်ကြောင်း ပြောခဲ့ပါတယ်။ အဲဒီလိုပဲ နိုင်ငံရပ်ခြား ခရီးသွားတဲ့ မှတ်တမ်းတွေ တိုင်းတစ်ပါးမှာ ခေတ္တသွားရောက်နေခဲ့ရတဲ့ ပညာတော်သင်တွေရဲ့ အတွေ့အကြုံတွေကိုလည်း အတ္တုပ္ပတ္တိ စာပေထဲမှာထည့်လို့ ရနိုင်တာတွေပါပဲ။ မကြာသေးမီကပဲ ရင်မောင်(ဆရာတိုင်းအုပ်)ရေးတဲ့ 'ဂျပန်ပြည်မှာ ရက်ပေါင်း ထောင့်သုံးရာ' ဆိုတဲ့ စာအုပ်ကို ဖတ်လိုက်မိသေးတယ်။ စာအုပ်က အထူကြီးပါပဲ။ ဒီတော့ တစ်ရှိန်ထိုး ဖတ်လို့ မရဘူး။ စားပွဲဘေးနားမှာထားပြီး အလုပ်အားတဲ့ အချိန်မှာ ကောက်ဖတ်လိုက်၊ အလုပ်ရှိလာရင် ချထားလိုက်နဲ့၊ နားနားနေနေ ဖတ်ရတယ်။ ဂျပန်ပြည်အကြောင်း၊ ဂျပန်လူမျိုးတွေအကြောင်း၊ ဂျပန်ယဉ်ကျေးမှုအကြောင်းကို အတော်လေး ပေါ်လွင်လာအောင် ရေးနိုင်တဲ့ ပုဂ္ဂိုလ်ပါပဲ။

ဆရာတိုင်းအုပ်ဟာ အမြင်ဖူးရုံသာမကဘူး စာရေးသရုပ်ဖော်ထားပုံတွေကလည်း အရေးအသား ပါရမီရှိတဲ့သူ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ တိုင်းတစ်ပါးမှာ ပညာသွားရောက် သင်ယူကြသော်လည်း ကိုယ်သင်တဲ့ ပညာရပ်လောက်ကိုသာ အလေးမှုတတ်တဲ့ သူမျိုးတွေလည်း ရှိတာပဲ။ တချို့ကျတော့ ပြည်တော်ပြန်မှာ မော်တော်ကား ဘာညာဆိုတာမျိုးတွေ ပါဖို့လောက်သာ စိတ်စောနေတာတို့ စသည်အားဖြင့် အမျိုးမျိုး ရှိကြပေတာကိုး။ ဒီတော့ သူတို့မှာ ပြောစရာစကားများများ ပါမလာတတ်ဘူး။ ဒီတော့ စိန်၊ ကြောင်၊ နီလာ၊ ပတ္တမြား စသည်အားဖြင့် ကျောက်မျက်ရတနာမျိုးစုံထွက်တဲ့ ဝေဘူလ၊ ဝေဘာလ တောင်မှာကို ရောက်ပါလျက် မီးခတ်ကျောက် (အင်ကြင်းကျောက်)လောက်ကို အမြတ်[illegible]က်ပြီး ပြန်ခဲ့သလိုပေါ့။ ဦးတိုင်းအုပ်တို့လို လူတွေက အခွင့်အရေး [illegible]မှာ လက်တစ်ဖောင်ဆုံးအောင် နှိုက်ပြီး ရသလောက် ယူချင်တဲ့လူမျိုးတွေ၊ [illegible]သူတွေ၊ သူတို့လို လူမျိုးတွေရဲ့ စာတွေကို မင်းတို့ [illegible] ဖတ်စေချင်တာပဲ။





အဲဒီလို ဗဟုသုတတွေအပြင် ကျားကုတ်ကျားခဲ ခွဲနဲ့အသည်းနဲ့ ကြိုးပမ်းမှ အောင်မြင်မှုကို ရနိုင်တယ်။ အဲဒီလို ကြိုးပမ်းလို့ ရလိုက်တဲ့ အသီးအပွင့်ဟာ ဘယ်လောက် ချိုမြိန်တယ်ဆိုတာတွေကို ခံစားမိလာနိုင်တယ်။ မင်းတို့လူငယ်တွေမှာ အဲဒီလို စိတ်ဓာတ်မျိုး တဟုန်းဟုန်း တောက်နေစေချင်တယ်။ ဒါကြောင့် အဲဒီလို စာအုပ်မျိုးကို ဖတ်ပေးစမ်းပါလို့ တိုက်တွန်းလိုက်ရတာ။

နောက်ပြီး ဒီလူတွေဟာ များသောအားဖြင့် မျိုးချစ်စိတ် ဘာညာဆိုတဲ့ နိုင်ငံရေးစကားလုံးတွေကို တယ်ပြီး စိတ်ဝင်စားကြတာ မဟုတ်ဘူး။ ပညာသင်ဖို့လောက်ကိုသာ ငမ်းငမ်းတက် ဖြစ်နေကြတာ။ ဒါပေမယ့် တိုင်းတစ်ပါးရောက်သွားလိုက်တော့ မိမိတည်းဟူသော အကြောင်းကြောင့် ကိုယ့်လူမျိုးကို ထင်သေးကြမှာ သိပ်စိုးရိမ်တာပဲ။ အဲဒီလိုမဖြစ်အောင် အသေအလဲကို ကြိုးစားကြတာကလား။ တခြားသူတွေတော့ဖြင့် မသိဘူး၊ ငါဖြင့်လေ အဲဒီလို သူတို့တစ်တွေ အားသွန်ခွန်စိုက် အမျိုးဂုဏ်ကို ထိန်းသိမ်းကြတာ ဘယ်လို ကြည်ညိုမိမှန်း မသိဘူး။

အဲဒီလိုပါပဲ 'ဂျပန်ခေတ် လေကြောင်းပညာတော်သင်တစ်ဦး' ဆိုတဲ့ စာအုပ်မျိုးတွေပေါ့။ တိုက်တိုက်ဆိုင်ဆိုင် ပြောလိုက်ရဦးမယ်။ အဲဒီ စာအုပ်ကို ရေးသူကကလည်း နာမည်ချင်းခပ်ဆင်ဆင် ဗိုလ်ဉာဏ်မောင်တဲ့။ သူ့စာအုပ်ကို ဖတ်လိုက်ရတော့လည်း စစ်ကြီးအတွင်း ဂျပန်ပြည်မှာ ဆင်းဆင်းရဲရဲ နေခဲ့ရတာတွေ၊ လေသူရဲတစ်ယောက်ဖြစ်ဖို့အတွက် ဂျပန်တွေနဲ့ နင်လားငါလား အကြိတ်အနယ် ပြိုင်ဆိုင်ရတာတွေဟာ တကယ့်ကို ဝတ္ထုကောင်းကြီးတစ်ပုဒ်ကို ဖတ်နေရသလိုပါပဲ။

ဝတ္ထုအသွင်မျိုး ရေးထားတဲ့ အတ္တုပ္ပတ္တိစာပေတွေလည်း ရှိပါသေးတယ်။ လွယ်လွယ်ကောက်ကာငင်ကာ ပြောလိုက်ရမယ်ဆိုရင် ပြေ(ဆေး-၂)ရဲ့ 'နယ်ခွန်းပြည်ဖြစ် ဘီရမာဝတ္ထုများ' ဆိုတဲ့ စာအုပ်မျိုးပေပဲ။ ပြေ(ဆေး-၂)ကလည်း မာရာဝန်တစ်ယောက်ပေပဲ။ ဒါပေမယ့် သူက စွန့်စားခန်းကို ဝါသနာပါတဲ့ ဖိုးလေးက ပါလာတော့ နိုင်ငံရပ်ခြားကို ပိုက်ဆံရှာဖို့သက်သက်မဟုတ်ဘဲ သွားချင်လို့ကို သွားလိုက်သေးတာ။ သူတို့စကားလုံးနဲ့ ပြောလိုက်ရရင်တော့ 'သိုက်တိုးပဂေးဆန်' အိုးတိုက်ပန်းကန်ဆေးပဲပေါ့။ သူတွေ့ကြုံခဲ့ရတာတွေကို မြင်းအတိုင်းကို ဖောက်သည်ချပစ်လိုက်တာ။

အထူးသဖြင့် မင်းတို့ကို ဖတ်စေချင်တာက အတ္တုပ္ပတ္တိ စာပေတွေ၊ ခရီးသွားစာပေတွေ၊ တိုင်းတစ်ပါး အတွေ့အကြုံတွေ စသည်အားဖြင့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို စာမျိုးတွေကို များများကြီး ဖတ်စေချင်တယ်။

မင်းတို့ကို တစ်ခုပြောချင်တာရှိတယ်။ ငါဟာ ရသစာပေသမားပါ။ 'အကြိုက်ဆုံးဝတ္ထုတို'ဆိုတာမျိုးကို လုပ်ခဲ့တာလောက်နဲ့ကိုပဲ ငါ့ကို မှန်းလို့ ရလောက်ပါတယ်။ ဒါပေမယ့် မင်းတို့ကို ပြောလိုက်မယ်နော် 'ဝတ္ထုကောင်း ဆိုတာ ဘဝအကြောင်းကို ပြောတာမှန်သော်လည်း ဘဝကို ပက်ပင်းပြနိုင်တာက အတ္ထုပ္ပတ္တိ စာပေကွေ့သာဖြစ်တယ်'ဆိုတာကို မမေ့ကြလေနဲ့။ အထူးသဖြင့် ဘဝအတွေ့အကြုံကိုသာလျှင်မက အတွေးအမြင်ကိုပါ ကောက်ချက် မှတ်ချက် ကောင်းကောင်း ပေးနိုင်တဲ့ အတ္ထုပ္ပတ္တိစာပေတွေ၊ ခရီးသွားမှတ်တမ်းတွေဟာ စိတ်ကူးဝတ္ထုတွေထက် အဆမတန် တန်ဖိုးရှိတယ်ဆိုတာကို ကျပ်ကျပ်ကြီး သတိထားကြပါလို့ ပြောလိုက်ချင်ပါတယ်။



## ဘာစာဖတ်မလဲ (၅)

အရင်တစ်ပတ်က အတ္ထုပ္ပတ္တိတွေ၊ ကိုယ်တွေ့မှတ်တမ်းတွေကို ရှာဖွေပြီး ဖတ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ခုတစ်ပတ်တော့ဖြင့် သမိုင်းတွေကို ဖတ်ဖို့ တိုက်တွန်း လိုက်ချင်ပါတယ်။ ကမ္ဘာ့သမိုင်းကို ထားလိုက်ဦး၊ မင်းတို့တစ်တွေက မြန်မာ့ သမိုင်းကိုတောင် ကောင်းကောင်းသိကြတာ မဟုတ်ဘူး။ လူမှုရေးဘာသာတွဲ အကျက် သမိုင်းကိုတော့ ကျောင်းမှာသင်ခဲ့ကြတာပဲ။ စာမေးပွဲလည်း အောင်လာ နိုင်ကြတာပါပဲ။ ဒါပေမယ့် သမိုင်းဘာသာက ပေးလိုက်တဲ့ သမိုင်းအတွေးအမြင် (သမိုင်းထဲက နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုတာတွေ ကျိုးကြောင်းဆက်စပ် မှု)တွေကို မဆိုထားနဲ့တော့ ဘယ်မင်း ဘယ်ရှင်ဘုရင်၊ ဘယ်မှူးမတ်ဟာ ဘယ်ခေတ်မှာ ပေါ်ခဲ့တယ်ဆိုတာကိုတောင် ရေရေရာရာ မသိကြဘူး။ ဒါတွေကို အရှင်းပြောတာ မဟုတ်ဘူး။ ငါက မသိချင်အဆုံးကို သိနေရတာ။ ဦးပုညဟာ ဘယ်ခေတ်မှာ ပေါ်ခဲ့တာလဲဆိုတာကို ပုဂံခေတ်လို့ ပြောချင်ပြောနေကြတာ။ မင်းတုန်းမင်းကြီးဟာ ဘယ်ခေတ်လဲလို့ မေးလိုက်ရင် အင်းဝခေတ်လို့ ပြောချင် ပြောကြတာ။

ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသမိုင်းကို ထိုက်သင့်သလောက်တော့ သိနေ သင့်တာပေါ့။ ဆယ်တန်းဖြေထားတဲ့ ကျောင်းသားတွေကို အခုလို နွေရာသီ ကျောင်းပိတ်ရက်မျိုးမှာ သမိုင်းကို ဖတ်ကြည့်ကြဖို့ တိုက်တွန်းလိုက်ချင်ပါတယ်။ ဖတ်ဖို့ စာအုပ်ကိုလည်း ညွှန်းလိုက်ချင်ပါသေးတယ်။ ဒေါက်တာသန်းထွန်းတို့လို သမိုင်းသုတေသီပညာရှင်ကြီးတွေရဲ့ စာအုပ်မျိုးတွေကို သွားမကိုင်လေနဲ့။ သူတို့က တစ်ဖက်လောက်ကလေးကို နိုက်နိုက်ချွတ်ချွတ် စေ့ငုံပြီး ရေးထားတာ။ ကိုယ့်မှာ သမိုင်းအခံ ဘာမှ မရှိသေးဘဲ သွားကိုင်လိုက်ရင် ကျောက်ခဲကျားဝါးသလို ဖြစ်နေမယ်။

ဒီတော့ 'ဦးဘသန်းရဲ့ ကျောင်းသုံးမြန်မာရာဇဝင်'ကို ဖတ်ကြည့်ကြစေ ချင်ပါတယ်။ ဖတ်တဲ့အခါမှာ စာမေးပွဲဖြေဖို့ မဟုတ်ဘူး၊ သိကိုသိချင်လို့ဆိုတဲ့ စိတ်ကလေးကိုထားပါ။ သိကို သိချင်လို့ ဖတ်တာဖြစ်သော်လည်း အအေးစိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မှတ်မနေပါနဲ့။ ပထမဆုံး တစ်ခေါက်ဖတ်တဲ့အခါမှာ ဝတ္ထုဖတ်သလိုသာ တော
လျှောက်ဖတ်သွားလိုက်ပါ။ အရေးမကြီးတဲ့ ရှင်ဘုရင်တွေ ဘာတွေအကြောင်း
သိပ်ပြီး အားစိုက်မနေနဲ့။ ဒီအတိုင်း ပေါ့ပေါ့ပါ့ပါးပါးသာ ဖတ်သွားပါ။ အဲဒီ
ဖတ်ပြီးတဲ့နောက်မှ ခေတ်တွေ ခွဲချလိုက်၊ အဲဒီခေတ်တွေမှာ ပေါ်ပေါက်ခဲ့
ရှင်ဘုရင်တွေကို ခုနှစ်အလိုက် စာရင်းဇယား ချပစ်လိုက်။ ထင်ရှားတဲ့ ရှင်
မှုုးမတ်တွေကို သူ့ခေတ်ထဲမှာ တွဲထည့်ထားလိုက်။

ပြီးပြီဆိုရင် နောက်တစ်ခေါက် ထပ်ပြီးဖတ်။ အဲဒီလို ဖတ်တဲ့အခါ
တော့ တစ်ခန်းပြီးတိုင်း အဲဒီခေတ်ကြီး တစ်ခုလုံးကို ဆရာကြီးဦးဘသ
ကောက်ချက်ဆွဲ သုံးသပ်ပြတာတွေကိုပါ သေချာဖတ်။ အဲဒီမှာကျတော့ သ
ကျိုးကြောင်းဆက်စပ် တွေးတောထားတာတွေကို တွေ့လိမ့်မယ်။ အဲဒီမှာကျ
ကိုယ်တိုင်လည်း သေချာစဉ်းစားပြီး ဖတ်သင့်ပါတယ်။ ငါတို့ မြန်မာလူ
အကြောင်း အတ္ထုပ္ပတ္တိကြီး မဟုတ်လား။ အရင်တစ်ပတ်က ဖတ်ဖို့ ညွှန်းခဲ့တာ
လူတစ်ယောက်ချင်းရဲ့ အတ္ထုပ္ပတ္တိတွေ၊ အခုဟာက တစ်မျိုးသားလုံးရဲ့ အတ္ထုပ္ပ
ကြီး။ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာပေါ့။ ပိုပြီး သိဖို့ကောင်းတာပေါ့။

ကိုင်း...နောက်တစ်ခေါက်ထပ်ပြီး ဖတ်လိုက်ကြဦးစို့။ ဒီတစ်ခါမှာ
ဖြင့် ဆရာကြီးဦးဘသန်းက စာလုံး အသေးကလေးတွေနဲ့ ထည့်ပြီး ရေးသွား
မှတ်ချက်ကလေးတွေ၊ ခက်ဆစ်ကလေးတွေကိုပါ သေချာဖတ်ပေတော့။ မှ
ထုတ်ဖို့ ကောင်းတာလေးတွေဆိုရင်လည်း မှတ်စုလေးတွေ ထုတ်ထားလို
ဥပမာအားဖြင့် ရှေးခေတ်မြန်မာ့တပ်မတော် ဖွဲ့စည်းပုံတို့လို၊ ရှေးခေတ်
'အသည်၊ အလာ၊ ကပ္ပါး' ဆိုတာမျိုးလို ဗဟုသုတ ဖြစ်စရာတွေကို မှ
ကူးချင်ကူးထားလိုက်ပေါ့။

နောက်တစ်ခုက ဖတ်နေရင်း သတိပြုသွားသင့်တာကလေးတွေပါ
အဲဒါတွေကတော့ စကားလုံး အသုံးအနှုန်းကလေးတွေပါပဲ။ 'မိမိအား စက
နှိပ်စက်ဆိုဖူးသည်ကို နှလုံးမပြေရှိသဖြင့် ထိုမင်းလွန်သော် ထိုမိဖုရားမှ သားတေ
တစ်ပါးမြင်၏' ဆိုတာမျိုးကလေးတွေကို သတိထားပြီး မှတ်ယူလိုက်သင့်
တယ်။ သမိုင်းရေးတဲ့သူတွေဟာ များသောအားဖြင့် စာအရေးအသား အလ
ညက်ညောပြေပြစ်ကြတယ်။ စကားအသုံးအနှုန်းလည်း လိမ္မာကျွမ်းကျင်
တယ်။

သမိုင်းဆိုတာဟာ လူတွေရဲ့အကြောင်း၊ လောကကြီးအကြောင်း
ဒါကြောင့် သမိုင်းထဲမှာ အကြောင်းအရာမျိုးစုံအောင် တွေ့နိုင်တယ်။ ပထ





မနေ့အထားရဲ့ အကျိုးသက်ရောက်မှု၊ ရာသီဥတုရဲ့ အကျိုးသက်ရောက်မှုက
ပြီး လူတစ်ယောက်ရဲ့ ခံပြင်းမှု၊ လူတစ်ယောက်ရဲ့ သည်းခံခွင့်လွှတ်မှုဆိုတာ
တွေကိုပါ တွေ့လိုက်နိုင်တယ်။ အလွန်ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းတဲ့
ဖြစ်အပျက်တွေ စသည်ဖြင့် ဗဟုသုတတွေ တိုးလာနိုင်ပါတယ်။

နာမည်ကြီး ဝတ္ထုရေးဆရာတစ်ယောက်က ဆရာကြီး ဒေါက်တာ
သန်းထွန်းကို "ဆရာ...သမိုင်းကို ဘာကြောင့် သင်ရတာလဲ'လို့ မေးလိုက်
တယ်။ သူမေးလိုက်ပုံက သမိုင်းဆိုတာတွေကို သိနေတော့ ဘာလုပ်မှာလဲဆိုတဲ့
သဘောမျိုးနဲ့ မေးလိုက်တာ။ ဆရာဒေါက်တာသန်းထွန်း ပြန်ပြီး ဖြေလိုက်တာက
တိုတိုကလေးပါပဲ။ ဘယ်လိုဖြေလိုက်သလဲ သိလား။ "မအ,အောင်လို့"တဲ့။
ပါလည်း မင်းတို့ကို သမိုင်းအဖတ်ခိုင်းနေတာ...



www.burmeseclassic.com

www.burmeseclassic.com

# ဘာစာဖတ်မလဲ (၆)

အရင်တစ်ပတ်က ဆရာကြီးဦးဘသန်းရဲ့ ကျောင်းသုံးမြန်မာရာဇဝင်ကို ဖ ကြည့်ဖို့ တိုက်တွန်းခဲ့တဲ့အပြင် ဖတ်ပုံဖတ်နည်းကိုပါ အကြံပေးလိုက်ခဲ့ပါသေ တယ်။ ဒီတစ်ပတ်တော့ဖြင့် ရှေးခေတ်ဦးသမိုင်းစာအုပ်တွေကို ဖတ်ကြည့်ကြ တိုက်တွန်းချင်ပါတယ်။ ဥပမာအားဖြင့် 'ဦးကုလားရာဇဝင်'တို့၊ 'မှန်နန်းရာဇဝ တော်ကြီး'တို့လို စာအုပ်မျိုးတွေ ဖတ်ကြည့်စေချင်တယ်။ ဘာကြောင့် အဲ တွေကို အဖတ်ခိုင်းရသလဲဆိုရင် ထူးထူးဆန်းဆန်း လူ့သဘာဝတွေ၊ ထူးထ ဆန်းဆန်း ဖြစ်ရပ်တွေကလည်း စိတ်ဝင်စားစရာ ကောင်းနေတာကြောင့်ပါပဲ မင်းတို့က တစ်ခါမှ ဖတ်မကြည့်ကြသေးလို့ပါ။ ဖတ်ကြည့်လိုက်ရင် တကယ် စိတ်ဝင်စားသွားမှာပါ။ အခုတော့ မင်းတို့က ပြဇာတ်တွေ အလော စည်သူမင်းကြီးတို့၊ ပုဂံသူရဲကောင်းလေးဦးတို့လောက်ကိုသာ သိနေကြတ မဟုတ်လား။ အဲဒီထက် စိတ်ဝင်စားစရာတွေ အများကြီးပါနေတာကို မင်း ဖတ်ကြည့်စေချင်လို့ တိုက်တွန်းနေရတာပါ။

နောက်တစ်ခုက ဝတ္ထု၊ ကဗျာ စတဲ့ မြန်မာစာပေကို ဖတ်လိုက်ပြီဆို သမိုင်းကြောင်းနဲ့ ပတ်သက်တဲ့၊ သို့မဟုတ် သမိုင်းဦးပုံပြင်နဲ့ ပတ်သက် စကားတွေကို တွေ့လာရစမြဲ ဖြစ်ပါတယ်။ ဒီတော့ ရှေးခေတ်သမိုင်းတွေ လည်း သိထားသင့်တာပဲ မဟုတ်လား။ ဆိုကြပါစို့ ကံရာဇာကြီး၊ ကံရာဇာငယ တို့အကြောင်းတွေကို မင်းတို့ မသိကြတော့ဘူး။ မောင်ပေါက်ကျိုင်းအကြော ကိုတောင် မင်းတို့ သေသေချာချာ မသိကြတော့ဘူး။ မိဖုရားစောလုံ အကြော ဆိုရင် နာမည်တောင် ကြားမှ ကြားဖူးပါလေရဲ့လား သံသယဖြစ်မိတယ ပြီးခဲ့တဲ့ သင်္ကြန်တွင်းမှာ ကလေးတစ်ယောက်ကို သင်္ကြန်တွင်းမှာ ရေကစ ကြမ်းမိတာကြောင့် နန်းတွင်း လုပ်ကြံမှုကြီး ဖြစ်ခဲ့ဖူးကြောင်းကို ပြောပြလို တော့ သူတစ်ခါမှ မကြားဖူးဘူးလို့ ဝန်ခံပါတယ်။ အဲဒီလိုပဲ မင်းကြီးရန်နော လို သူ့ရဲကောင်းကြီးတွေအကြောင်းကိုလည်း အများသူငါ သိနေသင့်ကြတ ပါပဲ။





အမှန်တော့ဖြင့် အမျိုးသားပညာဝန် ဦးဖိုးကျားရေးတဲ့ **'မြန်မာ့ဂုဏ်ရည်'** ဆိုတဲ့ စာအုပ်မျိုးလေးကို ဖတ်လိုက်ရရင် မင်းတို့ အတော်လေးကို စိတ်ဝင်စား ကြမှာ အမှန်ပါပဲ။ ငါတို့ မြန်မာလူမျိုးတွေ ဂုဏ်ယူလောက်တဲ့ သမိုင်းထဲက လူမျိုးလူမွန်တွေအကြောင်းကို ထုတ်ပြီး ရေးထားတာပါပဲ။ ငါတို့က အဲဒီလို စာအုပ်တွေကိုဖတ်ပြီး ကြီးပြင်းလာခဲ့ရတာဆိုတော့ သမိုင်းကို ဖတ်ချင်စိတ် ငယ်ငယ်ကတည်းက ရှိလာခဲ့တယ်။ ခုတော့ဖြင့် အဲဒီစာအုပ် နောက်ထပ် ရိုက် သေးသလား မသိတော့ဘူး။ ငါတော့ဖြင့် မတွေ့မိသေးဘူး။ ဒီစာအုပ်မျိုး ကလေးတွေ ထပ်ပြီးထွက်လာရင် ကောင်းမှာပဲလို့ တွေးနေမိတယ်။

နောက်ပြီး မွန်ဝန်ကြီး ဗညားဒလရေးတဲ့ 'ရာဇာဓိရာဇ် အရေးတော်ပုံ ကျမ်း'ဆိုရင် ဘယ်လိုဖတ်လို့ ကောင်းမှန်းမသိဘူး။ ငါဖြင့် မကြာခဏ ကောက် ပြီး ဖတ်မိတတ်ပါတယ်။ မင်းတို့ ဒသမတန်း စကားပြေထဲမှာပါတဲ့ ဗညားနွဲ့နဲ့ ဗညားနွဲ့တို့ရဲ့ 'စီးချင်းတိုက်ပွဲ'ဆိုတာဟာ အဲဒီထဲက ကောက်နုတ်ထားတာပေါ့။ အဲဒီ 'ရာဇာဓိရာဇ်အရေးတော်ပုံ'ထဲက တိုက်ဆင်ကြီး 'ဇကမတ်'နဲ့ ဆင်ဦးစီး 'ငမျ'တို့အကြောင်းဆိုရင် စိတ်ထဲမှာ ခုထက်ထိအောင် စွဲနေတော့တာပဲ။ ဒီဆင်နဲ့ ဆင်ဦးစီးတို့ တစ်ဦးကိုတစ်ဦး အပြန်အလှန် ချစ်ကြပုံ နားလည်ကြပုံဟာ ပုံပြင်လို့ ထင်ရလောက်အောင်ကို ဆန်းကြယ်ပေတာကိုး။ အဲဒီစာအုပ်ကို တွေ့ရရင် အဲဒီအခန်းကို ရှာပြီး ဖတ်ကြည့်စမ်းပါ။ 'ဆရာဦးအောင်သင်းက ညွှန်းလောက်လို့ကို ညွှန်းပေတာကိုး'လို့ သိလာပါလိမ့်မယ်။

ဘုရင့်နောင်အကြောင်းဆိုရင် မင်းတို့က သူ့ရဲ့ နိုင်ငံရေးခေါင်းဆောင်မှု လောက်ကိုသာ သိနေကြတာ။ သူ့ကို လူတစ်ယောက်အဖြစ် ဘာမှ များများ စားစား မသိကြဘူး။ အဲဒီလို ရာဇဝင်ကြီးတွေကို ဖတ်ကြည့်လိုက်မှ ဒါမျိုးတွေကို သိခွင့်ရကြတာ။ ဒီလိုပဲ အလောင်းဘုရားအကြောင်းဆိုရင်လည်း မင်းတို့ သင် ခဲ့ရတာတွေက နိုင်ငံတော်ခေါင်းဆောင်အဖြစ်လောက်သာ သိနေကြရတာ။ 'အလောင်းဘုရားအရေးတော်ပုံ'ကို ဖတ်လိုက်တော့မှ သူ့စိတ်နေသဘောထား ပုံစံကို အကဲခတ်လို့ ရနိုင်တော့တာ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သမိုင်းတွေကို ဖတ်ကို ဖတ်ကြည့်ကြသင့်ပါတယ်။ ပထမအချက်က ကိုယ့်လူမျိုးသမိုင်းကြောင်း၊ ကိုယ့်ဘိုးဘွားဘီဘင်တွေအကြောင်း ကိုက်သင့်သလောက်တော့ လူစဉ်မှီမီ သိထားဖို့ လိုအပ်တာကြောင့်ပါပဲ။ ဒုတိယ အချက်ကတော့ လူ့သဘော လူ့သဘာဝတွေကို အတော်များများ တွေ့လာနိုင် တာကြောင့်ပါ။ တတိယအချက်ကတော့ ဘာသာစကားနဲ့ ပတ်သက်ပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



နေရာနဲ့သူ ဝေါဟာရသုံးစွဲပုံ တိုးတက်လာနိုင်ပါတယ်။ ငါက ဆယ်တန်းကလေး တွေကို အမြဲထိတွေ့နေရတာ ဖြစ်လေတော့ သူတို့ရဲ့ ဝေါဟာရနယ်ပယ် ကျဉ်း မြောင်းပုံကို အသေအချာကြီးကို သိနေပါတယ်။ 'ဘုရင်မင်းမြတ်သည် အိပ်တော် မူ၏'လို့ ရေးချင် ရေးပစ်တာ။ 'စက်တော်ခေါ်သည်'ဆိုတဲ့ စကားကို မသုံးတတ် ကြတော့ဘူး။ အထက်ပိုင်းမှာ ပြောခဲ့သလို သမိုင်းဆရာတွေဟာ များသောအား ဖြင့် စာအရေးအသား ကောင်းကြတယ်။ ဝေါဟာရတွေကို နိုင်နိုင်နင်းနင်း ရှိကြတယ်။ ငါဟာ မင်းတို့သိတဲ့အတိုင်း မြန်မာစာဆရာ၊ စာရေးဆရာတစ် ယောက်ပါ။ ငါကိုယ်တိုင် သူတို့ရဲ့ သုတေသနစာတမ်းတွေကို အမြဲဖတ်မှတ် ဆည်းပူးနေရတာပါ။ ဒါကြောင့် မင်းတို့ကိုလည်း သမိုင်းကို ဖတ်ဖို့ တိုက်တွန်း နေတာ ဖြစ်ပါတယ်။



# ဘာစာဖတ်မလဲ (၇)

'ဘာစာဖတ်မလဲ'ကို ရေးလာလိုက်တာ ခုနစ်ပတ်တောင် ရှိသွားပြီ။ လူငယ် များဟာ စာဖတ်ချင်ကြပေမယ့် ဘယ်လိုစာမျိုးတွေကို ဖတ်ရမလဲဆိုတာ ယောင် ပါးပါး ဖြစ်နေကြတာကို တွေ့ရတယ်။ ငါတို့ငယ်ငယ်ကတော့ စာကြည့်အသင်း တို့၊ ဘာတို့ကို ဦးဆောင်တဲ့ လူကြီးတွေက ဦးဆောင်ညွှန်ပြသွားတတ်ကြတာမို့ မင်းတို့ထက် ကုသိုလ်ကောင်းတယ်လို့ ဆိုရမယ် ထင်ပါတယ်။ မင်းတို့ခေတ် ကတော့ အငှားဆိုင်ခေတ် ဖြစ်နေပြီ။ သူတို့ကလည်း များသောအားဖြင့် မင်းတို့ သည်းခြေကြိုက် ဝတ္ထုစာပေတွေလောက်ကိုသာ ဆိုင်မှာတင်ထားတော့ စာကောင်း မှန်မှန်ဖတ်ခွင့် မကြုံနိုင်အောင် ဖြစ်လာနေတာကိုး။ ဒါကြောင့် ငါက စိတ်ကူး ပေါက်သမျှကို ရေးပေးနေရတာပါ။

ဒီတစ်ပတ်လည်း သမိုင်းဖတ်ဖို့ကို ရေးလိုက်ရဦးမှာပါပဲ။ ဒါပေမယ့် 'ကဗ္ဘာသမိုင်းနဲ့' ပတ်သက်တာကို ရေးလိုက်ချင်ပါတယ်။ ဆရာကြီးဦးစံထွန်းရဲ့ **'မလာကီထုတ်ပတ် လူတို့ဇာတ်'** ဆိုတာကို ဖတ်ကြည့်စေချင်ပါတယ်။ အားလုံး အပိုင်း ၄-တွဲ ရှိပါတယ်။ အဟောင်းဆိုင်တွေမှာ သွားဝယ်ရင် မှာထားရင် ရနိုင်ပါလိမ့်မယ်။ အထူးသဖြင့် ဒုတိယတွဲနဲ့ တတိယတွဲကို မင်းတို့ ပိုပြီး ကြိုက်ကြလိမ့်မယ်လို့ ထင်မိပါတယ်။

ဆရာကြီးဦးစံထွန်းကလည်း ဆရာကြီးဦးဘသန်းလိုပဲ အလွန် စာရေး ကောင်းပါတယ်။ သူ့စာတွေကို ဖတ်ရတာ ရှင်းလင်းကြည်လင်ပြီး စကားလုံး သုံးပုံ၊ ရွေးချယ်ပုံတွေဟာလည်း အလွန် အတုခိုးလောက်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါ တယ်။ ဆရာကြီးက သမိုင်းတစ်အုပ်ကို ယူပြီး ဘာသာပြန်တာမျိုး မဟုတ်ပါဘူး။ အင်္ဂလိပ်လို ရေးထားတဲ့ သမိုင်းအစောင်စောင်ကိုယူပြီး သင့်အောင် စီစဉ် ဘာသာပြန်ထားတာမျိုးပါ။

အဲဒီသမိုင်းစာအုပ်ကို ဖတ်လိုက်ရင် ရှေးခေတ် ဂရိသမိုင်းတွေ၊ ရောမ နိုင်ငံတော်ကြီး သမိုင်းတွေအကြောင်းကို သိလာပါလိမ့်မယ်။ အလွန်ကို စိတ်ဝင် စား[illegible]မှာ သေချာပါတယ်။ ရောမခေတ်က ဂျူးလိယက်ဆီဇာတို့၊ သြဂတ်စတပ်



www.burmeseclassic.com

www.burmeseclassic.com



ဆီဇာတို့လို ထူးခြားတဲ့သူတွေရဲ့အကြောင်းတွေ၊ ရောမနိုင်ငံတော်ကြီးကို ဖျက်ဆီးပါ့မယ်လို့ ကလေးဘဝမှာ နတ်ဘုရားရှေ့မှောက်မယ် အကြိမ်ကြိမ် သစ္စာဆိုခဲ့ပြီ တာကယ့်ကို ရောမနိုင်ငံတော်ကြီးကို နှစ်ပေါင်းများစွာ ဒုက္ခပေးခဲ့တဲ့ 'ကာသေ့ဂ် စစ်သူရဲကောင်းကြီး ဟန်နီဘော်လ်'တို့ရဲ့ အကြောင်းတွေဆိုရင် မင်းတို့ အလွန်ကို စိတ်ဝင်စားကြမှာ ဖြစ်ပါတယ်။

ဥရောပအလယ်ခေတ်ကို ရောက်လာလိုက်ပြန်တော့ ကရူးဆိတ်စစ်ပွဲကြီးတွေရဲ့ အကြောင်းတွေကို ဖတ်လာရဦးမှာပဲ။ အဲဒီစစ်ပွဲတွေမှာ အလွန်ကျော်စောခဲ့တဲ့ အင်္ဂလန်ပြည့်ရှင် ဘုရင်ရစ်ချတ်အကြောင်းကို မင်းတို့ စိတ်ဝင်စားကြမှာ အမှန်ပါပဲ။ သူ့ကို (Richard the Lion-Hearted)လို့ ခေါ်လေ့ရှိကြတယ်။ မြန်မာလို ဆိုရင်တော့ 'သီဟသူရစ်ချတ်'လို့ ဆိုရမှာပေါ့။ ဆရာကြီးဦးစံထွန်းက 'ခြင်္သေ့တရဲထည် လက်ရုံးရည်ရှိသော ရစ်ချတ်'လို့ ရေးတယ်။ တရဲထည်ဆိုတာက 'ကဲ့သို့နှင်နှင်'ပဲ ဆိုပါတော့။ ဆရာကြီးတွေက မြန်မာစာကိုလည်း တယ်ပြီး နိုင်နင်းကြပေတာကိုး။ ငါ့မှာ အဲဒီသမိုင်းတွေ တစ်အုပ်မှ မရှိတော့ဘူး။ ဒါပေမယ့် ခုထက်ထိ မှတ်မိနေတာတွေ ရှိနေသေးတယ်။ အလက်ဇန္ဒာသဂရိတ်ဆိုတာ ကြားဖူးကြမှာပေါ့။ စစ်တိုက်လေသမျှမှာ တစ်ပွဲမှ မရှုံးဖူးတဲ့ စစ်ဘုရင်ရယ်လို့ ကမ္ဘာ့ည်းတင်တဲ့သူပေါ့။ တစ်ညမှာတော့ အောင်ပွဲသောက်စားမူးယစ်နေတုန်းမှာ တပ်မှူးတစ်ယောက်က ရယ်စရာပြောလိုက်တာမှာ အမျက်ထွက်ပြီး လှံနဲ့ ထိုးလိုက်တာ ပွဲချင်းပြီး သေသွားခဲ့ရရှာတယ်။ အမှန်က ဒီတပ်မှူးလေးဟာ အောင်ပွဲအလီလီ ဆက်ခဲ့တဲ့ သူရဲကောင်းလေးတစ်ယောက်ပါ။ နောင်အခါ အမူးပြေတော့မှ ဒီအကြောင်းကို သိလိုက်ရတော့ အလက်ဇန္ဒာဘုရင်က စိတ်ထိခိုက်လွန်းလို့ ပြောလိုက်ပုံကို ဆရာကြီးဦးစံထွန်း ရေးထားလိုက်ပုံက 'ငါသည် စစ်ပွဲပေါင်း မြောက်မြားစွာကို အောင်နိုင်ခဲ့လင့်ကစား ငါ၏ စိတ်ဆင်ရိုင်းကို မအောင်နိုင်လေတကား'တဲ့။ ငါ့မလေ အဲဒါလေးက ခုထက်ထိ ရင်ထဲမှာ စွဲကျန်နေရစ်တယ်။

ဒါကြောင့် သမိုင်းကို ဖတ်တာဟာ သမိုင်းကြောင်းတွေကို သိရုံသာ မဟုတ်ဘူး၊ ကိုယ့်ဘဝအတွက် ဆင်ခြင်စရာတွေ၊ သင်ခန်းစာယူစရာတွေကိုပါ ရနိုင်တာကြောင့် မင်းတို့ကို ဖတ်ကြည့်ကြစေချင်တာပါ။ နောက်ပြီး စာအရေးအသားကို အလွန်နိုင်နင်းတဲ့ သူတွေရဲ့ စာတွေကို ဖတ်ရဖန်များလာတော့ သွေးကူးလာသလိုဖြစ်ပြီး ကိုယ်တိုင်လည်း စာအရေးအသား ကောင်းလာတတ်တာ သဘာဝပါပဲ။





မင်းတို့ ဘဝကို စဉ်းစားကြည့်ပေါ့။ မင်းဟာ ဘာလုပ်ငန်း၊ ဘာစီးပွားရေးကြီးကို လုပ်သည်ဖြစ်စေ၊ သမိုင်းကြောင်းတွေကို သိရမယ်၊ စကားပြောရမယ်၊ စာရေးရမယ်။ မင်းတို့ကို သမိုင်းစာအုပ်တွေဖတ်ဖို့ ညွှန်းနေတာက သမိုင်းဘာသာရပ်မှာ စာမေးပွဲဖြေဖို့၊ ဂုဏ်ထူးထွက်စေချင်လို့ တိုက်တွန်းနေတာ မဟုတ်ဘူး။ လူဖြစ်သန်စေချင်လို့ တိုက်တွန်းနေတာ။ ဖတ်တဲ့အခါမှာလည်း စာမေးပွဲအတွက် ဖတ်တာမျိုး မလုပ်လေနဲ့။ အဲဒီလို သဘောထားနေမယ်ဆိုရင်တော့ အချိန်ကုန်တာ သက်သက်ပါပဲ။ ဖတ်မနေပါနဲ့တော့လို့ ပြောလိုက်ပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com

## ဘာစာဖတ်မလဲ (၈)

'ဘာစာဖတ်မလဲ'ကို ရေးလာလိုက်တာ အမှတ်စဉ်(၈)ကိုတောင် ရောက်လာခဲ့ပါပြီ။ ဒါပေမယ့် ဆက်ပြီး ရေးလိုက်ရပါဦးမယ်။

မင်းတို့ လူငယ်တွေဟာ အလကားရတဲ့ ပစ္စည်းလို့ သဘောထားပြီး တန်ဖိုးမထားတတ်ကြဆုံးဟာ ကျန်းမာရေးပဲ။ ကိုယ်က ကျန်းကျန်းမာမာ၊ သန်သန်စွမ်းစွမ်း စိတ်သွားတိုင်း ကိုယ်ပါနေကြလေတော့ ကျန်းမာရေးကို တန်ဖိုးမထားတတ်ကြဘူး။ **တန်ဖိုးမထားရင် တန်ဖိုးရှိတဲ့ပစ္စည်းကို ဆုံးရှုံးသွားတတ်တယ်နော်။ ကျန်းမာရေးကို ဆုံးရှုံးပြီးမှ မတောင့်တလေနဲ့၊ ပုံမှန်မူရင်းအတိုင်းရဖို့ အလွန်ကို မလွယ်ကြောင်းကို မင်းတို့ ကျပ်ကျပ်သတိထားကြပါ။ 'သင်မျက်မမြင် ဖြစ်သွားလိုက်သောအခါတွင် အတောင့်တဆုံးအရာ ဘာဖြစ်မည်နည်း။ အတောင့်တဆုံးအရာသည် မျက်စိအလင်းပင် ဖြစ်ပေတော့မည်။ ယခု သင့်မှာ ထိုမျက်စိအလင်း ရှိနေလေပြီ၊ ဘာများ အားငယ်စရာ လိုပါသနည်း၊ သင်လုပ်ချင်တာ အကုန်ဖြစ်နိုင်သည်'** ဆိုတဲ့ စကားလေးကို ငယ်ငယ်က ဖတ်ခဲ့ဖူးတယ်။ ဘယ်ထဲမှာ ဖတ်ခဲ့ရတာလဲ၊ ဘယ်သူပြောတဲ့ စကားလဲဆိုတာတွေကိုတော့ မေးမနေကြနဲ့တော့ကွာ။ ဘယ်လိုလုပ် မှတ်မိနိုင်တော့မှာလဲ။ 'လုလင်ငယ်သွေး ကလေးသာသာအရွယ်က' ဖတ်ခဲ့ဖူးတာတွေ မဟုတ်လား။ မှတ်ဉာဏ်မီးတောက်နေတုန်းက ဖတ်ခဲ့တာပေါ့။

ဘယ်လောက်ပဲ ကျန်းမာရေးကောင်းနေနေ အသက်ကလေး ထောက်လာတော့ တယ်ပြီး မဟုတ်ချင်တော့ဘူး။ တစ်နေ့ရွှေ၊ တစ်နေ့ငွေလို့ လူကြီးတွေပြောတာ မင်းတို့ ကြားဖူးကြပါလိမ့်မယ်။ ဆိုလိုတာက ကျန်းမာရေးက ငယ်ငယ်ကလို မဟုတ်တော့ဘူး၊ ယိုင်တီးယိုင်တိုင် ဖြစ်လာပြီလို့ ပြောလိုက်တာပါပဲ။

မင်းတို့ကို ငါပြောချင်နေတာက မှတ်ဉာဏ်အကြောင်းကို ပြောချင်တာပါ။

ငါဟာ (ကြွားတယ်မထင်လေနဲ့) မှတ်ဉာဏ်သိပ်ကောင်းတဲ့ သူရယ်လို့ ငယ်ပေါင်းကြီးဖော်တွေက ချီးကျူးခဲ့ကြပါတယ်။ ထပ်ပြီး ကြွားလိုက်ပါရစေဦး။ တစ်ခါတစ်ရံမှာဆိုရင် ဇာတ်ပွဲထဲမှာ ဆိုသွားတဲ့ သီချင်းကို မှတ်မိခဲ့တယ်။





…ဆယ်လောက်ထိအောင် မှတ်ဉာဏ်အရာမှာ ထက်မြက်ခဲ့တဲ့သူပါ။ ဒါပေမယ့် …ပုလေးတို့ရေ- အဲဒါပြီးသွားပြီ၊ ခေတ်ဟောင်းတေး ဖြစ်သွားပြီ။ ခုဆိုရင် တစ်ခါတလေမှာ ကိုယ်ရေးတဲ့ ဆောင်းပါးတွေကိုတောင် ကိုယ်မေ့နေလို့ …လန့်တကြား ဖြစ်မိတာ မကြာခဏပါပဲ။ ဒီတော့ မှတ်ဉာဏ်ဆိုတာဟာလည်း …ပါရနော်။ တစ်သက်လုံး မှတ်ဉာဏ်ကောင်းနေလိမ့်မယ် မထင်လိုက်ကြလေနဲ့။

ပဓာနထားပြီးပြောချင်တဲ့အချက်က အခုမှ ရောက်လာတာပါ။ ငါကိုယ်တိုင် မှတ်ဉာဏ်ထက်မြက်နေတဲ့အချိန်မှာ ဂန္ထဝင်ကျမ်းဟောင်း ကျမ်းကောင်း…တွေကို ကြိုးစားပြီး ဖတ်ခဲ့တယ်။ ဖတ်ရုံသာမကဘူး မှတ်လည်း မှတ်ခဲ့တယ်။ …ဟ်တာမှ မှတ်စုထုတ်ပြီးတော့ကို မှတ်ခဲ့တာပါ။ တစ်ခါတစ်ရံ စိတ်လိုလက်ရ…အားလပ်တဲ့အခါမှာ ကိုယ့်မှတ်စုတွေကို ပြန်ပြီးဖတ်ရတာ ဘယ်လို အရသာရှိမှန်း…မသိဘူး။ အဲဒီလိုထပ်ပြီး ဖတ်လိုက်ပြန်တော့ ဗဟုသုတတွေဟာ မှတ်ဉာဏ်မှာ …ပ်ပြီး ခိုင်သွားပြန်ပါလေရော။ ဖတ်ခဲ့တာတွေက 'ဓမ္မပဒဝတ္ထု' စွယ်စုံကျော်ထင်၊ '…ပါဟာရလိနတ္ထပကာသနီ'၊ 'ကဝိလက္ခဏာဒီပနီ' ဆိုတာမျိုးတွေပါပဲ။ …ကြောင့် ဒါတွေကို ရှာဖတ်ခဲ့သလဲဆိုရင် ကိုယ်နဲ့နီးစပ်တဲ့ စာသမားကြီးတွေက …ဒီစာအုပ်တွေအကြောင်း စကားစပ်ပြီး ပြောသကြားတာလည်း ပါတယ်။ …ကပြီး ဆရာကြီးမဟာဆွေရဲ့ ဇာတ်လိုက်တွေက အဲဒီ စာအုပ်တွေအကြောင်းကို မကြာခဏ ထည့်ထည့်ပြီး ပြောတတ်တယ်။ ဒါကြောင့် သူတို့ကို အားကျပြီး …ဖတ်မိတာလည်း ပါပါတယ်။

အဲဒီလို ငယ်ငယ်ရွယ်ရွယ်မှာ ဖတ်ခဲ့မိတာတွေက မှတ်ဉာဏ်ထဲမှာ …ယ်ပြီး ခိုင်တာကလား။ နောင်အခါ တက္ကသိုလ်၊ မြန်မာစာဌာနမှာ ဆရာဖြစ်…လာတော့ သင်ကြားပို့ချတဲ့အခါမှာ ဒီလိုဖတ်ခဲ့၊ မှတ်ခဲ့တာတွေက တယ်ပြီး …အသုံးဝင်တာကိုး။ အဲဒီအခါမှာသာမက စာပေဟောပြောပွဲတွေမှာ၊ ဆွေးနွေးပွဲ…တွေမှာ ဒါတွေက ခွန်အားကြီးတစ်ခု ဖြစ်လာတော့တာပါပဲ။ တကယ်ဆိုတော့ …ရောက်ပိုင်း ဖတ်မိတာတွေဟာ မှတ်ဉာဏ်မှာ သိပ်ပြီး မခိုင်မြဲလှပါဘူး၊ …ဟ်တလော ရေးဖို့ပြောဖို့လောက်သာ အသုံးဝင်တာကို တွေ့ရတယ်။ မကြာ…သေးမီက 'အကြိုက်ဆုံး ဝတ္ထုတိုများ'ကို ပြန်ထုတ်ခဲ့ပါတယ်။ အဲဒီစာတွေကို 'သဘင်မဂ္ဂဇင်း'ထဲမှာ ၁၉၈၂-၈၃ လောက်က ရေးခဲ့တာပဲ။ ဘာကြာသေးတာ …က်လို့။ ဒါပေမယ့် အဲဒီစာမူတွေကို ကွန်ပျူတာစာစီထားတာ ပြန်ဖတ်ကြည့်…လိုက်တော့ 'ငါ ဒါတွေ ရေးခဲ့မိပါလား'လို့ မကြာခဏ အံ့သြမိတယ်။ ဆိုလို…တာက မေ့နေပြီ။ နှစ်ပေါင်းလေးငါးခြောက်ဆယ်က မှတ်ထားခဲ့တဲ့ စာတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဉာဏ်ထဲမှာ ခုထက်ထိ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေသေးတယ်။ မနေ့တစ်နေ့ကမှ ရေးခဲ့တာတွေကို မေ့နေပြီ။

ဒီတော့ အထက်ပိုင်းမှာပြောခဲ့သလို အသက်ကြီးလာပြီဆိုရင် ကျန်းမာရေးကသာ ယိုင်လာတာ မဟုတ်ဘူး၊ မှတ်ဉာဏ်ကလည်း ယိုင်လာတတ်တာပဲ။ မင်းရဲ့မှတ်ဉာဏ်ဟာ ထာဝရ ဒီအတိုင်းကြီး ကောင်းနေလိမ့်မယ် မထင်ပါလေနဲ့။

အိုမင်းမစွမ်းဖြစ်လာတဲ့အခါမှာ အေးအေးလူလူ နေထိုင်နိုင်ဖို့ ငယ်ငယ်ရွယ်ရွယ် ရှာဖွေနိုင်တုန်းမှာ ငွေကြေးပစ္စည်း စသည်တို့ကို စုကြဆောင်းကြရတယ်။ အဲဒီလိုပဲ မှတ်ဉာဏ်မီးတောက်တုန်းမှာ စာကောင်းပေမွန်တွေကို ဖတ်ကြမှတ်ကြရတယ်။ အိုစာမင်းစာ ပညာကို ရှာကြ၊ မှတ်ကြ။ ကိုယ့်ခေါင်းကို အမှိုက်တောင်း လုပ်မပစ်ကြနဲ့။



## စပ်စု၏ စပ်စု (၁)

မြန်မာစာပေလောကမှာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေ အတော်များများလေး ရှိပါတယ်။ ‘ပီမိုးနင်း၏ ပီမိုးနင်း’၊ ရွှေဥဒေါင်း၏ ဘဝတစ်သက်တာ မှတ်တမ်း’ စသည်အားဖြင့်ပေါ့။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိရေးတဲ့ သူတွေဟာလည်း တိုင်းပြည်မှာ တစ်နည်းနည်းနဲ့ ထင်ရှားနေသူများသာ ဖြစ်ပါတယ်။ ငါတို့က တက္ကသိုလ်ကျောင်းသားကြီးဘဝ ၁၉၅၉ လောက်မှာ ‘စပ်စု၏ စပ်စု’ဆိုတဲ့ စာအုပ်ကလေး တစ်အုပ် ထွက်လာတာကို တွေ့တယ်။ စာအုပ်ဆိုင်တွေပေါ် ရောက်ဟန် မတူပါဘူး။ အဲဒီတုန်းက ငါက စစ်ကိုင်းဆောင်မှာ နေတာကိုး။ စစ်ကိုင်းဆောင် ယဟာယနှင့် စာဖတ်သင်းက စာကြည့်တိုက်မှာ တွေ့တာပါ။ အဲဒီအချိန်မတိုင်မီ ၁၉၄၆ လောက်ကစပြီး ‘ရန်ကုန်သတင်းစာ’မှာ ဆရာမြို့မမောင်က ‘စပ်စုမောင်’ ဆိုတဲ့ နာမည်နဲ့ နေ့စဉ်ဆောင်းပါးတွေ ရေးနေတာကိုး။ ဒါနဲ့ မြို့မမောင်ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများလားလို့ ကောက်ဖတ် ကြည့်လိုက်တော့ တရုတ်တစ်ယောက်ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်နေတယ်။ ခပ်ကြွားကြွား ရေးထားတာမို့ ခပ်ကြောင်ကြောင်ပါပဲလားလို့ အောက်မေ့လိုက်မိပါတယ်။ ရေးတာကလည်း ကိုယ်တိုင်မဟုတ်ဘဲ တခြားလူတစ်ယောက်ကို အရေးခိုင်းတာမှန်း သိသာပါတယ်။ တစ်နေရာမှာ လေးဆစ်ကလေးလား၊ ဒွေးချိုးကလေးလား ကဗျာလေးပါ ထည့်လိုက်တော့ ‘တန်တော့ ဆရာကြီးဦးရန်အောင်’ ရေးပေးလိုက်တာဖြစ်မှာပဲလို့တောင် မှန်းလိုက်မိပါသေးတယ်။

အဲဒီနောက်မှာတော့ စာအုပ်အဟောင်းဆိုင်တွေမှာ ‘စပ်စုစာအုပ်’ကလေးကို တွေ့နေရပါသေးတယ်။ ခုတော့ဖြင့် ဒီစာအုပ်ကလေးကို မတွေ့ရတော့ဘူး။ ပြန်ပြီး ဖတ်ချင်တာနဲ့ စာအုပ်ဟောင်းသမား ‘ဖိုးသင်းနိုင်’ကို ရှာစမ်းကွာလို့ ခိုင်းလိုက်တာ ‘ဦးစပ်စု၏ ထူးတဲ့စာအုပ်’ ၂–၃ နှစ်အုပ်တွဲကို ရှာလို့ရပါတယ်။ ပထမဆုံးထုတ်ခဲ့တဲ့ ‘စပ်စု၏ စပ်စု’ကိုတော့ မတွေ့သေးဘူး။

‘ဦးစပ်စု၏ ထူးတဲ့စာအုပ်’ ပထမတွဲကိုတော့ ဦးစပ်စုကိုယ်တိုင် နှုတ်က ပြောတာကို ဆရာဦးရန်အောင်ရဲ့တပည့် ကိုလေးမောင်က လိုက်ရေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(ငါ့မိတ်ဆွေကြီး ဖိုးသောကြာ ကိုးလေးမောင် ဖြစ်မှာပါပဲ) အဲဒါကို ကိုခင် မော်ဇော် (တက္ကသိုလ်ထင်ရှား)နဲ့ ဆရာ ဦးရန်အောင်က တည်းဖြတ်ပါတယ်။ ဒုတိယတွဲကိုတော့ ဦးမြင့်ထွန်းက လိုက်ရေးပြီး ဆရာဦးရန်အောင်ကပဲ တည်း ဖြတ်ပါတယ်။

ပထမဆုံးဖတ်ခဲ့ရတဲ့ 'စပ်စု၏ စပ်စု'စာအုပ်ထက် တင်ပြပုံ ပိုကောင်း ပါတယ်။ သပ်ရပ်မှုလည်းရှိတယ်။ ဦးစပ်စုရဲ့စရိုက်နဲ့ လေသံလည်း ပိုပြ ပါလာတယ်လို့ ထင်မိတယ်။ သူ့စာအုပ်ကို ခုချိန်မှ သေချာဖတ်ကြည့်တော့ အတော့်ကို မှတ်သားစရာ၊ သတိပြုစရာတွေ ပါပါကလားလို့ အောက်မေ့မြ ကိုယ်မတွေ့လိုက်ဘူးတဲ့ 'အောင်ခေချောင်း'ခေါ် 'ဦးစပ်စု'ကို လွမ်းသလိုလိုတော ဖြစ်မိပါတယ်။

ဦးစပ်စုရဲ့ စာအုပ်ကို ဖတ်ပြီး အကဲခတ်ရသလောက်ကို ပြောရရင် အတော်လေးကို ထူးခြားတဲ့ လူပါပဲ။ တစ်ခုခုကို မဖြစ်မနေ လုပ်တတ်တဲ့လူ ကြံရည်ဖန်ရည် ကောင်းသူဖြစ်ပါတယ်။ တိုင်းသိပြည်သိ ကျော်ကြားတဲ့ သူတွေ ရင်းနှီးကျွမ်းဝင်ချင်တယ်။ သူတို့ရဲ့ အသိအမှတ်ပြုခြင်းကို ဂုဏ်ယူတယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးတွေရဲ့ ချီးကျူးခြင်းကိုခံရဖို့အတွက် မအိပ်မနေ ပြေးပြေးလွှားလွှ ကြိုးစားလုပ်ကိုင်မယ်။ အဲဒီလို လုပ်ပေးလိုက်ရတာကိုလည်း သူဘယ်လို လုပ် ရကြောင်း၊ အဘယ်မျှ ခက်ခဲကြောင်းပြောပြီး ဂုဏ်ယူမယ်။ တစ်နည်းအားဖြ 'ကြွားတယ်'လို့လည်း ပြောနိုင်ပါတယ်။ ကြွားတယ်လို့ ပြောစေဦးတော ရိုးသားစွာကို ကြွားနေတာလည်း အမှန်ပဲ။ ကိုယ်ကျိုးရှာ အမြတ်မထုတ်ဘူး အပေးအကမ်း အထူးသဖြင့် အကျွေးအမွေး ရက်ရောတယ်။ လူကြီးသူကြ တွေကို ခမ်းခမ်းနားနား ထမင်းပွဲကြီးတွေနဲ့ ဧည့်ခံရတာကို ဝါသနာအလွန်ကြ တယ်။ ကိုယ်ကျိုးကိုယ်စီးပွားရေးအတွက် မျှော်လင့်ချက်နဲ့ ဧည့်ခံတာမျိ မဟုတ်ဘူး။ အဲဒီလူကြီးတွေနဲ့ ကျွမ်းဝင်ရင်းနှီးရတာကို ဂုဏ်ယူလို့ ဧည့်ခံတာ စွန့်စားဖို့ လိုအပ်ရင်လည်း ဝန်မလေးဘူး။ ဗိုလ်ချုပ်အောင်ဆန်းကို သိ ကြည်ညိုတာ။ တရုတ်ဖြစ်သော်လည်း မြန်မာပြည်ကို သိပ်ချစ်တယ်။ အဲဒီ စရိုက်တွေဟာ သူ့စာအုပ်မှာ ထင်ထင်ရှားရှား ပေါ်လွင်နေတယ်။ ကြွားတာတော အမှန်ပဲ။ သို့သော်လည်း သူ့စိတ်ရင်းစေတနာမှန်ကန်မှုကို ဖတ်နေရင်း ရိပ် လာတော့ သူ့ကြွားသံကလေးကိုတောင် နားဝင်ချိုသလို ထင်လာမိတယ်။

သူက ဟိုစပ်စပ် ဒီစပ်စပ်နဲ့ အတော်လေးကို နှံ့စပ်ဟန်လည်း တူပါတယ် ဘယ်နေရာမဆို လူကြီးတွေက လိုအပ်လို့ ခိုင်းလိုက်ရင်လည်း ဖြစ်အော





လုပ်ပေးတတ်တယ်နဲ့တူပါတယ်။ ဒါကြောင့် သူ့ကို 'စပ်စု'လို့ နာမည်ပေး ထားကြတာ ဖြစ်ပါတယ်။ ပေးပုံကိုကြည့်ပြီး ပြည်ထဲရေးဝန်ကြီး(ချုပ်) ဆာဦးဘရဲ့ ထမင်းပွဲမှာ အောင်ခေချောင်းကို စပ်စုအမည်ပေးသင့်ကြောင်း သူဌေးဦးကေဘာ ကြီးနဲ့ ဦးကျင်မှိန်တို့က အဆိုတင်တယ်။ စပ်စုအမည်ပေးသင့်ကြောင်း ဝတ်လုံ တော်ရ ဦးကျော်ခံနဲ့ ရှမ်းပြည်နယ်အတိုင်ပင်ခံ အိုင်စီအက်စ်ဦးတင်က ထောက်ခံ တယ်။ အားလုံးတိုင်ပြည်မျက်နှာဖုံး မင်းပရိသတ်က သြဘာပေးပြီး အတည်ပြု လက်ခံဆွဲနှုတ်ကြတယ်။ ဒီတော့ သူက အသက်သုံးဆယ်သာသာလောက်ပေါ့။ အဲဒီ အမည်ပေးတာက ၁၉၃၄ ဒီဇင်ဘာ ၂၉ ရက်နေ့၊ ၁၉၅၉ ဒီဇင်ဘာ ၂၉ ရက်တော့ 'စပ်စု'သက်တမ်း (၂၅)နှစ်မြောက် ငွေရတုသဘင် လုပ်ပါတယ်။ ဆက်ပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

## စပ်စု၏ စပ်စု (၂)

‘စပ်စု၏ စပ်စု’အကြောင်းကို ရေးတာ နှစ်ပတ်ရှိသွားပါပြီ။ မျိုးဆက်သစ်ကို ပြောပြချင်တဲ့ အကြောင်းတွေရှိနေလို့သာ ဒီစာအုပ်အကြောင်း ရေးနေတယ် ဆိုတာတော့ ပြောစရာမလိုတော့ပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်ပြည်သွားစဉ်က ရောက်သွားတဲ့ တရုတ်ပြည်က ‘အမွိုင်’ဆိုတဲ့ မြို့ကလေးကို သတိရကြမှာပါ။ အဲဒီက သင်္ဘောခရီး တစ်နာရီလောက်ဝေးတဲ့ ‘ကျိုင့်ခေါက်’ဆိုတဲ့ ရွာကလေးဟာ ဦးစပ်စုရဲ့ ဇာတိပါ။ အလွန်အံ့သြဖို့ကောင်းတဲ့ ရွာကလေးပါပဲ။ အဲဒီရွာက လူတွေဟာ ဖိလစ်ပိုင် အင်ဒိုနီးရှား၊ မလေးရှားစတဲ့ နိုင်ငံတွေမှာ တကယ့်သူဌေးကြီးတွေအဖြစ် ကြီးပွား သွားကြတယ်။ မြန်မာပြည်မှာဆိုရင်လည်း အခု ယဉ်ကျေးမှုတက္ကသိုလ် လုပ်ထားတဲ့ ချင်းချောင်းနန်းတော်(ကမ္ဘောဇနန်းတော်)ကို ဆောက်ခဲ့တဲ့ သူဌေးကြီး ချင်းချောင်းရဲ့ဖခင် ‘လင်စွီယန်’ဟာ အဲဒီ ကျိုင့်ခေါက်ရွာဇာတိပဲ။ အခု လှိုင် တက္ကသိုလ်နေရာ အတော်များများကို အရင်က ကေဘာကြီးခြံလို့ ခေါ်ကြတာ မှတ်မိနေပါသေးတယ်။ အလုံထဲမှာ ချန်မာဖီလမ်းဆိုတာ ရှိတယ်။ အဲဒီ ‘ချန်မာဖီ’ ဆိုတဲ့ သူဌေးဟာလည်း အဲဒီရွာ ဇာတိပါပဲ။ ချန်မာဖီရဲ့ မြစ်တော်သူကလေး တွေကို ငါကိုယ်တိုင် စာသင်ပေးဖူးပါသေးတယ်။

ဦးစပ်စုရဲ့ မိဘများက မချမ်းသာပါဘူး။ သာမန် ဆင်းရဲသားပါပဲ။ အသက်ခုနစ်နှစ်လောက်အရွယ်ကစပြီး ကွန်ဖြူးရှပ်ရဲ့စာတွေကို သင်ခဲ့ရတယ်။ သုံးနှစ်လောက်ရှိတော့ ဆွန်ယက်ဆင်တို့ရဲ့ မန်ချူးဘုရင် တော်လှန်ရေးကြီး ကြောင့် တောင်ပြေး မြောက်ပြေးနဲ့ စာသင်ပျက်သွားတယ်။ မြန်မာပြည်ကို ထွက်လာတော့ အသက်ဆယ့်လေးနှစ်လောက်ရှိပြီ။ သူ့ဆရာက တရုတ်ခေတ် ဟောင်းရာဇဝင် ၅၀၀၀ က စာအုပ်လေးတွဲကို ပေးလိုက်တယ်။ တစ်တွဲကို (၁၂)အုပ်ပါတယ်။ ဒီစာအုပ်တွေကို အထပ်ထပ်ဖတ်၊ စဉ်းစား၊ သင်ခန်းစာထုတ် ဆိုတာမျိုးတွေအပြင် ပေါင်းသင်းဆက်ဆံနည်း၊ အင်္ဂါရပ် အကဲခတ်နည်းစတာ တွေကိုလည်း သင်ပေးလိုက်တယ်။





သူ မြန်မာပြည်ထွက်လာတော့ ပါလာတာတွေက ဆရာကြီးပေးလိုက်တဲ့ စာအုပ်လေးတွဲ၊ ဂုန်နီအိတ်တစ်ခု၊ တရုတ်သားရေကို လုပ်ထားတဲ့ ခေါင်းအုံးက တစ်လုံး၊ စောင်တစ်ထည်၊ ဖျာတစ်ချပ်၊ အနက်ရောင်ဘောင်းဘီ၊ အကျီ လေးစုံ။ အဲဒါအကုန်ပဲ။ ရန်ကုန်မှာ ဆယ်ရက်လောက်နေပြီ ကျုံးမငေးနဲ့ လပွတ္တာကြားမှာရှိတဲ့ ကန်ဘဲဆိုတဲ့ ရွာကလေးကို သွားရတယ်။ အဲဒီကတစ်ဆင့် ပီတွတ် ဆိုတဲ့ ရွာကလေးကို သွားရပြန်တယ်။ အဲဒီမှာ သူတို့ အမျိုးတစ်ယောက်ရဲ့ ကုန်စုံဆိုင်ကလေးမှာ အလုပ်လုပ်ရတာပါ။ အဲဒီရွာကလေးမှာ နေရတာကို သူ အလွန်ပျော်ခဲ့ပုံရပါတယ်။ သူ့ထက် အသက်သုံးနှစ်လောက်ကြီးတဲ့ မခင်စိန် ဆိုသူ ကောက်စိုက်သမလေးနဲ့ အိမ်ထောင်ကျတယ်။ သူမ မခင်စိန်လို့ ခေါ်တယ်။ မမစိန်က သူ့ကို ခေါင်းရိတ်ပေးတယ်။ လေးနှစ်လောက်ရှိတော့ မမစိန် ကွယ်လွန်သွားတယ်။ သူလည်း ရန်ကုန်ကို ထွက်လာခဲ့တော့တယ်။ သူဟာ ယေသည်အထိ ဘိုကေမထားတော့ဘူး။ မမစိန်သဘောကျတဲ့အတိုင်း ခေါင်းတုံး သာသာ ဆံပင်ကေလေးကိုပဲ ထားတော့တယ်။

ဂျပန်ခေတ်မှာ တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် ဗြန်ဟပ်ဘွေ့ အသင်းကြီးက တပ်မတော်ထောက်ပံ့ရေးအတွက် ဆက်သွယ်ရေးအမှုဆောင် အဖြစ် ဦးစပ်စုကို တာဝန်ပေးလိုက်ပါတယ်။ သည်တော့ သူက ဗိုလ်ချုပ် အောင်ဆန်းနဲ့ သွားပြီးတွေ့ရတာပေါ့။ ဗိုလ်ချုပ်အောင်ဆန်းက ခေတ်ဟောင်း တရုတ်ရာဇဝင်တို့၊ စစ်ပါရဂူကြီး ဆွန်ဇုတို့အကြောင်းတွေ ပြောပြတော့ သူက ပိုပြီး အထင်ကြီးလာမိတယ်။ ဗိုလ်ချုပ်နဲ့ စကားပြောပုံလေးကို ကြည့်ပါ။

“ဦးစပ်စုကို မြန်မာတပ်မတော် ထောက်ပံ့ရေးကော်မတီ လူကြီး ခန့်တာ အင်မတန် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်တယ်။ မြန်မာ့တပ်မတော်က အစည်းအဝေး ဖိတ်စာရရင် ဘယ်လိုပဲ လေယာဉ်ပျံလာ၍ ဗုံးလာချချ မပျက်မကွက် တက်ရောက်ရမယ်။ ကြောက်သည့်စိတ် ဟာလည်း နည်းနည်းလေးမှ မထားရဘူး။

“ယောက်ျားပီပီ တာဝန်ယူပြီးသည့်နောက်မှာ ဘယ်လိုပဲ ခဲရာခဲဆစ် ဖြစ်ဖြစ် ရဲရဲဝံ့ဝံ့နှင့် ရင်ဆိုင်ပြီး (ဥပမာ-မျက်စိရှေ့က တောင်ပြိုကျပြီး နောက်ကလည်း ကျားကြီးလိုက်လာပါစေ မကြောက်မရွံ့နဲ့ မျက်နှာထား တစ်စိမပျက်ရဘူး။

“ယောက်ျားပီပီ တိုင်းပြည်တစ်ခုလုံး၏ ခေါင်းဆောင်လုပ်မည် ဆိုလျှင် တိုင်းပြည်မှာ အဆိုးဆုံးတွေ့လာလျှင် ကိုယ်က ရှေ့ဆုံးနေသွား



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ အကောင်းဆုံးတစ်ခုကို တွေ့လာလျှင်လည်း ကိုယ်က နောက်မှာ နေရမယ်”

ဗိုလ်အောင်ဆန်းပြောသည့် စကားဟာ မှန်နေပြီ။ အဆိုးဆုံးကိုတွေ့တော့ ရှေ့ကသွားတဲ့ ဗိုလ်အောင်ဆန်းဟာ သေရှာပြီ။ အကောင်းဆုံးကိုတွေ့တော့လည်း ဗိုလ်အောင်ဆန်းက နောက်ချန်နေရစ်ခဲ့ပြီ။



## စပ်စု၏ စပ်စု (၃)

ဦးစပ်စုအကြောင်းကို ရေးရတာ သုံးပတ်ရှိသွားပါပြီ။ အမှန်ပြောရရင် ဦးစပ်စုရဲ့ သားသမီးတွေဟာ ဒီစာအုပ်ကို မှုရင်းမပျက် ပြန်ပြီး ရိုက်ကြစေချင်လို့ ဒီဆောင်းပါးကို ရေးနေတာလည်း ဖြစ်တယ်။ သူတို့တစ်တွေ ဂုဏ်ယူကြရမယ့်သူ ဖြစ်တယ်။ သူဟာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ရင်းနှီး ကျွမ်းဝင်ရတာကို အလွန် မက်မောတယ်။ အရူးအမူး နှစ်သက်တယ်။ အဲဒီလို ရင်းနှီးရအောင် အပန်းတကြီး ကြိုးစားတယ်။ အမှန်ပြောရရင် ငါကိုယ်တိုင်လည်း ကျောင်းသား ဘဝက သူ့ကို ခပ်လှောင်လှောင် ရယ်မောနေမိခဲ့ပါသေးတယ်။ ခုတော့ ငါက သူ့ကို ချစ်နေမိတယ်။ သူဟာ လုံးဝ ကိုယ်ကျိုးရှာ မသွားခဲ့ဘူး။ သူဟာ တကယ်လို့ ရှာချင်မယ်ဆိုရင် သူ့မှာ အခွင့်အရေးတွေ ကြိမ်ဖန်များစွာ ရခဲ့တာ ကလား။ အခွင့်အရေးလိုချင်လို့ လူကြီးတွေနဲ့ နီးစပ်အောင် အကြံအဖန် လုပ်ကြ သူတွေကိုလည်း သူက အတော်ကလေး အထင်သေးပုံရတာကို သူ့စာအုပ်မှာ မကြာခဏ တွေ့ရတယ်။

သူ့သားသမီးတွေက ဒီစာအုပ်ကို ပြန်ပြီးရိုက်စေချင်တာက သူတို့ အတွက်သာ မဟုတ်ဘူး။ မြန်မာ့သမိုင်းအတွက်ပါ လိုအပ်မယ် ထင်လို့ပါ။ ဦးစပ်စုဟာ မြန်မာ့သမိုင်းမှာ အရေးပါတဲ့သူ မဟုတ်ပါဘူး။ ဒါပေမယ့် အရေး ပါတဲ့ သူတွေနဲ့ ရင်းနှီးတယ်။ သမိုင်းအပြောင်းအလဲ ကိစ္စကြီးတွေမှာ သူက ‘ရစ်သီရစ်သီ’ ပါလေ့ရှိတယ်။ ဆိုကြပါစို့–ဖက်ဆစ်တော်လှန်ရေးမှာ သူဟာ ဗိုလ်ချုပ်အောင်ဆန်းကို ကြိုးစားပမ်းစား အကူအညီပေးခဲ့တယ်။ ဖက်ဆစ် တော်လှန်ရေးက နီးနေပြီ။ တပ်မတော်သားတွေဟာ တောကြီးအုံကြားကို သွားကြ ရတော့မယ်။ ဒါပေမယ့် ဖိနပ်မရှိဘူး။ ဒီတော့ ဦးစပ်စုကို အကူအညီ တောင်း တယ်။ သူ့ဉာဏ်အတိုင်း ရိုးရိုးသားသား ခပ်ကြွားကြွားလေး ရေးလိုက်ပုံကို ဖတ်ကြည့်ပါဦး–

*အဲဒီတော့ ကျွန်ုပ်ဟာ ဖိနပ်ချုပ်တတ်သည့် တရုတ်အားလုံးကို ချုပ်ခ သုံးဆပေးပြီး ချုပ်ခိုင်းလိုက်သည်။ စက်နှစ်ခုရှိရင်လည်း တစ်ခုကို*



www.burmeseclassic.com

www.burmeseclassic.com



ငှားလိုက်သည်။ အဲဒီလို ချုပ်လို့ ရက်(၂၀)လောက်လည်းကျရော သားရေ ကုန်သွားတယ်။ ချုပ်တဲ့ လူလည်းရှိ၊ စက်လည်းရှိပြီး သားရေမရှိလို့ မချုပ်ရတော့သည့် ဘဝသို့ ရောက်ရှိသွားပါသည်။ ဘာနဲ့တူသလဲဆိုတော့ အိုးလည်းရှိပြီး ထင်းလည်းရှိပြီး ဆန်မရှိတဲ့ဘဝနဲ့ တူနေတော့တာပါပဲ။ ဒီတော့ ကျွန်ုပ်ဟာ ထပ်ပြီး အကြံဉာဏ် ရှိလာပါတယ်။ ဂျပန်တွေရဲ့ ဂိုဒေါင်တွေထဲမှာရှိတဲ့ သားရေတွေကို ပိုက်ဆံများများပေး၍ အယူခိုင်း တယ်။ ပိုက်ဆံများများပေးပြီး အယူခိုင်းလို့ သားရေတွေလည်းရရော ဖိနပ်တွေကို လုံလုံလောက်လောက်ချုပ်ပေးနိုင်၍ ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့မတိုင်မီ ရဲဘော်တွေဟာ လုံလုံလောက်လောက် စီးနိုင်ပြီး ဂျပန်တွေကို ရဲဝံ့စွာနဲ့ တော်လှန်နိုင်ခဲ့ကြပါတယ်။

တော်လှန်ရေး အချိန်မနှောင်းမီ ကျွန်ုပ်ရှာဖွေချုပ်လုပ်ပေးသည့် ဖိနပ်တွေကို တပ်မတော်သားတွေစီးပြီး ကိုင်းတော၊ လယ်တော၊ ချုံတော တွေကို လျှောက်နိုင်ဖို့နှင့် ဂျပန်ကို တော်လှန်ဖို့အရေးကို အားကြိုး မာန်တက် မရမနေ ပင်ပင်ပန်းပန်းရအောင် ရှာဖွေပေးခဲ့တယ်။ ကျွန်ုပ် ဦးစပ်စု ရှာဖွေလုပ်ကိုင်ပေးခဲ့သည့် ဖိနပ်တွေကြောင့်လည်း တပ်မတော် သားတွေဟာ ဂျပန်တွေကို ရင်ဆိုင်ပြီး တိုက်ကြသည့်အခါမှာ ဂျပန်ကို အပြတ်အသတ် အပွဲပွဲမှာ အနိုင်ရခဲ့ပါတယ်။

* * *

ဘာပဲပြောပြော ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဖက်ဆစ်တော်လှန် ရေးကိုပါ ဖွင့်ဟတိုင်ပင်ပြီး အကူအညီတောင်းခဲ့ရတာ အမှန်ပါပဲ။ သူကလည်း မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ပေးခဲ့ပါတယ်။ ပေးရုံမကသေးဘူး သူက ဒီလို လုပ်ပေးခဲ့ကြောင်းကို ထောက်ခံစာတော့ ရအောင်ယူလိုက်သေးတယ်။ အဲဒီထောက်ခံစာကိုလည်း စာအုပ်ထဲမှာ ဘလောက်လုပ်ပြီး ဖော်ပြထားလိုက် ပါသေးတယ်။ အခွင့်အရေးယူဖို့ မဟုတ်ဘူး။ ကြွားဖို့။ ဦးစပ်စုဟာ ချစ်စရာ မကောင်းပေဘူးလား။ ကြွားချင်တာကတော့ သူ့ဉာဉ်ပေးကိုး။ ဒါပေမယ့် အပြော ကင်းစင်လှပါတယ်။

ထောက်ခံစာယူလိုက်ရုံသာ မကသေးဘူး။ 'ဖိနပ်စပ်စု' လို့လည်း ဘွဲ့သစ်ကို ခံယူလိုက်သေးတယ်။ သူ့ဘွဲ့တွေကလည်း အများသား။ 'ပိုးထည် စပ်စု'တဲ့။ 'ရခိုင်စပ်စု'တဲ့၊ 'ကရင်စပ်စု'တဲ့၊ 'ခြောက်လုံးပြူးစပ်စု'တဲ့၊ 'စော်ဘွား စပ်စု'ဆိုတာတောင် ပါလိုက်သေးတယ်။ အကြောင်းမဲ့ ဘွဲ့ခံတာတော့ တစ်ခုမှ မပါဘူး။

ဦးစပ်စု ကြွားတတ်တယ်ဆိုတဲ့စကားလုံး သုံးသင့်တယ်လို့တောင် မထင် ပါဘူး။ အလွန်အမင်း ဂုဏ်ယူတက်တယ်လို့သာ ပြောသင့်တယ် ထင်မိပါ တယ်။ ဖက်ဆစ်တော်လှန်ရေးကြီးဟာ လွတ်လပ်ရေးရဲ့ အုတ်မြစ်ပါပဲ။ အဲဒီ အုတ်မြစ်ချတာမှာ သူပါခဲ့တယ်လို့လည်း ပြောလိုက်ပါသေးတယ်။

ဘာပဲပြောပြော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေထဲမှာ အတော့်ကို ထူးခြား နေဟာ အမှန်ပဲ။ ဒါကြောင့်လည်း အများသိအောင် ထုတ်ဖော်တင်ပြလိုက် ရတာပါ။





လမ်းသစ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## စပ်စု၏ စပ်စု (၄)

'စပ်စု၏ စပ်စု' စာအုပ်ကြောင်းကို မြသန်းတင့် ပြောပြတော့ သူက တပြုံးပြုံး နှာထောင်နေပြီးတော့ "ခင်ဗျား အဲဒီစာအုပ်အကြောင်းကို ရေးသင့်တယ်ဗျ" လို့ ပြောတယ်။ စာအုပ်က မတွေ့တော့ဘူးလို့ဆိုတော့ "ရအောင်ရှာပါ တွေ့မှာပါ" လို့ ပြောပါတယ်။

ဦးစပ်စုဟာ အလွန်ကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ချီးကျူးစရာ ကောင်းတာတွေကလည်း တစ်ပုံကြီးပါပဲ။ လွတ်လပ်ရေးရပြီးစမှာ သွင်းကုန် ထုတ်ကုန်လုပ်ငန်းတွေ အတော်ကြီးကို ဖွံ့ဖြိုးခဲ့ပါတယ်။ ရန်ကုန်မြို့လယ်မှာ ဆိုရင် 'ဦးဘယ်သူ'၊ ''ဒေါ်ဘယ်ဝါ' 'သွင်းကုန်ထုတ်ကုန်နှင့် အထွေထွေ ကုန်သည်ကြီး'ဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေဟာ လက်ညှိုးထိုးမလွဲပါ။ များသော အားဖြင့်တော့ အာဏာရှိသူတွေနဲ့ ကပ်ပေါင်းပြီး လိုင်စင်ရအောင်လုပ်၊ နောက်ပြီး တော့ တရုတ်၊ ကုလားစတဲ့ သူဌေးတွေဆီ လိုင်စင်ကို ရောင်းစားလိုက်ကြတာ ပါပဲ။ နိုင်ငံခြားသားတွေကလည်း အဲဒီအခါက အာဏာရှိတဲ့ နိုင်ငံရေးသမား တွေကို ကပ်ပေါင်းကြတယ်။ ခေါင်းပေါင်း၊ တိုက်ပုံစတဲ့ မြန်မာဝတ်စုံတွေကို ဝတ်ပြီး သူတို့လည်း တိုင်းပြည်ကို ချစ်ပါတယ်ဆိုတာမျိုးလုပ်ကြတယ်။ တစ်ချို့ ကတော့လည်း တကယ်ကို စိတ်ပါလက်ပါ တိုင်းရင်းသား စိတ်ရှိမှာပါပဲ။ များသောအားဖြင့်ကတော့ စီးပွားရေးအတွက် ဟန်ဆောင်ကြတာပါ။ အဲဒီလူတွေ ကို ဦးစပ်စုက သိပ်ကို ရှုတ်ချလှောင်ပြောင်ပြီး ရေးထားတာ တွေ့ရတယ်။ သူကိုယ်တိုင် ကျင့်ကြံပုံနှင့် ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ စာလေး တစ်ပိုဒ်ကို ထုတ်ပြလိုက်ဦးမယ်။

*ကျွန်ုပ် ဦးစပ်စုဟာ ဗိုလ်ချုပ်အောင်ဆန်းပြောသည့် စကားနှစ်ခွန်း ကို ကတိခံထားမိသည့်အတွက် အဆိုးဆုံးကိုတွေ့ရင် ရှေ့က ဦးဆောင် မယ်။ အကောင်းဆုံးကိုတွေ့ရင် ကျွန်ုပ်နောက်က လိုက်မယ်။ ဒါမှလည် ခေါင်းဆောင် ပီသမည်။ ဒါကြောင့်လည်း ကျွန်ုပ်မှာ အိမ်ပိုင်တစ်လုံး ကားပိုင်တစ်ခု မရှိသေးပါဘူး။ ကျွန်ုပ် ယခု လမ်းသွားလမ်းလာရတာ*





*လည်း ဘတ်စ်ကား၊ သို့မဟုတ် လမ်းမတော် တက္ကစီကျစ်ကားနှင့် သွား လာနေရပါသည်။ ငွေလည်း အမြောက်အမြား မရှိပါဘူး။ အလုပ်လုပ်ဖို့ နည်းနည်းပါးပါးနှင့် စားလောက်ရုံပဲ ရှိပါသည်။ ကျွန်ုပ်ဟာ ကျွန်ုပ်နှင့် ကြိုတင်ပေါင်းထားသည့် အစိုးရထိပ်တန်းလူ၊ ဒုတိယတန်းလူများနှင့် ပေါင်းသင်းပြီး အခွင့်အရေးယူမည်ဆိုရင် ကျွန်ုပ်မှာ ယခုအချိန်အခါ သိန်း ၁၀၀ ထက်မနည်း အသာလေး ရှိပါတယ်။ ကျွန်ုပ်ပြောတာကို မယုံကြည်ခဲ့လျှင် စသုံးလုံးရုံးမှာ ကျွန်ုပ်၏နာမည်၊ တိုင်းရင်းသားထဲမှ သန်းခေါင်းစာရင်းနဲ့ သားမယားနာမည်များကို အချိန်မရွေး ဒီစာယူပြီး ရှီစွရှီရုံးမှာ သွားရောက် စုံစမ်းစစ်ဆေးနိုင်ပါတယ်။ ကျွန်ုပ်ဟာ ဘာတွေ ဝယ်တယ်၊ မဝယ်ဘူး ဆိုတာရယ်၊ ရှိတယ် မရှိဘူးဆိုတာတွေကို သေချာစွာ သိနိုင်ပါတယ်။ ဘဏ်တိုက်မှာလည်း ကျွန်ုပ်၏ ငွေဝင် ငွေထွက်စာရင်းကို စစ်ဆေးနိုင်ပါသေးတယ်။ ဒါတင်မကသေးဘူး၊ ဘဏ်တိုက်မှာထားသည့် အာမခံပစ္စည်းသေတ္တာတွေကို လိုက်ပြီး စုံစမ်း စစ်ဆေးသည့်အခါမှာ ဦးစပ်စုနာမည်နှင့် သားမယားနာမည်နှင့် တွေ့ရှိ ပါသလား။ အကယ်၍ စုံစမ်းလို့ တွေ့ပြီ၊ ကျွန်ုပ်မှာ ယခုထက်ထိ တိုက်ပိုင်၊ ခြံပိုင်၊ ကားပိုင်တွေရှိခဲ့လျှင် ကျွန်ုပ်ကို ဖမ်းပြီးတော့ အာဏာနည် ကုန်း ကျွန်ုပ်၏ ဆရာဟောင်း စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းဂူရှေ့ မှာ သတင်းစာဆရာတွေ၊ ရေဒီယိုအသံလွှင့်ဌာနမှ ကြိုတင်၍ တိုင်းသိ ပြည်သိ ကြေညာပြီး ကျွန်ုပ်ကိုယ်ကျွန်ုပ် ရင်ခွဲသတ်ပြပါမည်။*

ဦးစပ်စုရဲ့ ရဲရဲတောက်ကြေညာစာတမ်းလို့ ဆိုရမယ်ထင်တယ်။ "ကျွန်ုပ် ၏ဆရာဟောင်း ဗိုလ်ချုပ်အောင်ဆန်းဂူရှေ့မှာ" ဆိုတာလေးကို ဖတ်လိုက်ရတော့ ပြုံးလည်း ပြုံးမိတယ်။ "ဩော်...သူ့ခမျာ ဗိုလ်ချုပ်အောင်ဆန်းကို တကယ် ကြည်ညိုရှာတာပါကလား" လို့လည်း အောက်မေ့လိုက်မိတယ်။

ကဲ-အထက်မှာ ပြောခဲ့တဲ့အတိုင်း ဦးစပ်စုဟာ ချစ်စရာကောင်းမနေဘူး လား။ ဆရာရန်အောင်က တည်းဖြတ်တဲ့အခါမှာ ဦးစပ်စုရဲ့ လေသံအတိုင်း ပါစေချင်တာကြောင့် များသောအားဖြင့် သူ့မူရင်းအတိုင်းပဲ ထားလိုက်ပါတယ် လို့ အမှာစာရေးထားတယ်။ အဲဒါဟာလည်း ဆရာကြီး ဦးရန်အောင် အမြော် အမြင်ကြီးတယ်လို့ ဆိုရမှာပါပဲ။ အထက်က စာပိုဒ်မှာဆိုရင် သဒ္ဒါအားဖြင့် အထားအသို အသုံးအနှုန်း မှားနေတာလေးတွေကို တွေ့ရပါလိမ့်မယ်။ ဟိုလူငယ်တွေတော့ဖြင့် မသိဘူး။ ငါကတော့ဖြင့် အဲဒီအမှားလေးတွေကို



www.burmeseclassic.com

ဖြည့်ဖတ်နေရတာကိုပဲ တစ်မျိုးအရသာ တွေ့နေမိသလိုပါပဲ။

ကိုင်း–"ဦးစပ်စုဟာ ကိုယ့်အတ္တုပ္ပတ္တိကို ပြန်ရေးလောက်တဲ့ ပုဂ္ဂိုလ်ဟုတ်ပါရဲ့လား"လို့ မင်းတို့ကို မေးရင် ဘယ်လို ဖြေကြမလဲ။

## ဘက်စုံထောင့်စုံ (၁)

လူငယ်တွေကို ဘက်စုံထောင့်စုံ စဉ်းစားကြည့်တဲ့ အလေ့အကျင့်ကလေး နှံ့ကြားကြား ထူထောင်ကြည့်ကြစေချင်လို့ ဒီခေါင်းစဉ်ကလေးကို ရွေးလိုက်ရတာ ဖြစ်ပါတယ်။

မင်းတို့လည်း သတိထားမိကြလိမ့်မယ် ထင်ပါတယ်။ အကုန်လုံးတော့ မမှတ်မိပါဘူး။ မှတ်မိသမျှလေးကို ရွတ်ပြလိုက်ပါမယ်။ "ရတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနဲ့ လှအောင်ဝတ်XXXXX ပြိုင်လာရင် အရှုံးပေး နှလုံးအားကဲ့ဆေး"ဆိုတဲ့ ဆောင်ပုဒ်ကလေးဟာ အလွန်ကို နားဝင်ချိုလှပါတယ်။ စိတ်ကို ငြိမ်းချမ်းသွားစေတယ်လို့တောင် ထင်လိုက်ရပါတယ်။ အဲဒီစာတန်းကလေးကို ဟိုမှာဒီမှာ ကပ်ထားတတ်လို့ မကြာခဏလည်း မြင်နေမိပြန်လေတော့ ငါ့မှာ မကြာခဏ စဉ်းစားစရာ ပြန်ဖြစ်လာနေတာပေါ့။

ငါ့အဖို့ မျိုးဆက်သစ်လူငယ်တွေကို အားကိုးတကြီး၊ မျှော်လင့်တကြီး အာရုံစိုက်နေမိတာဖြစ်လေတော့ ဒီစာတန်းလေးဟာ လူငယ်တွေအတွက် ဘယ်လောက် အသုံးဝင်သလဲဆိုတဲ့ ထောင့်ကပဲ အလိုလို တွက်မိလျက်သား ဖြစ်နေမိတာပေါ့။ လူငယ်တစ်ယောက်ဟာ အဲဒီအတိုင်း ကျင့်သုံးသင့်ပါရဲ့လားပေါ့။

ငါ့သဘောအတိုင်း ပြောရမယ့်ဆိုရင်တော့ 'ရတာလေးနဲ့ ဝအောင်စား'၊ ဟုတ်ပြီ။ 'မရရင် ဘယ်လိုလုပ်မလဲ၊ မဝရင် ဘယ်လိုလုပ်မလဲ'ဆိုတဲ့ မေးခွန်းတွေက ထွက်လာပြီ။ မဖြေနဲ့ဦး။ ခဏထားလိုက်ဦး။ ဆက်ပြီး စဉ်းစားကြဦးစို့။

'ရှိတာလေးနဲ့ လှအောင်ဝတ်'တဲ့။ ဟုတ်ပြီ။ 'မရှိရင် ဘာကို ဝတ်မလဲ၊ ရှိနေတဲ့အဝတ်က မလှရင် ဘယ်လိုလုပ်မလဲ။ 'ဟော–မေးခွန်းတွေ ပေါ်လာပြန်ပြီ။ နောက်ပြီး 'ပြိုင်လာရင် အရှုံးပေး'တဲ့။ ဘယ်နေရာမျိုးတွေမှာ အရှုံးပေးရမှာလဲ။ ဘောလုံးပွဲမှာ အရှုံးပေးလို့ မဖြစ်ဘူးဆိုတာကတော့ ရှင်းနေတာပေါ့။ ပွဲကိုက ပြိုင်ပွဲဟုတ်လား။ ပြိုင်ပါတယ်ဆိုတဲ့နောက် နိုင်အောင်ကို လုပ်ရမှာမဟုတ်လား။

ဒီဆောင်ပုဒ်ကလေးဟာ စားဖို့၊ ဝတ်ဖို့၊ နေဖို့အတွက် မပူပင်ရတဲ့ …ဖို့တွေအတွက်တော့ဖြင့် အသုံးတည့်လေမလား မသိဘူး။ လေ့လာရမှာက်



လမ်းသစ်စာအုပ်တိုက်

www.burmeseclassic.com



တွေကို တတ်နိုင်သမျှပယ်၊ အတ္တမာနတွေကို တတ်နိုင်သမျှ ချိုးနှိမ်ဖို့ သတိ
ပေးနေတယ် မဟုတ်လား။ တစ်ခုက စာတစ်အုပ်ထဲမှာ ဖတ်လိုက်မိတာလေးကို
သွားပြီး သတိရမိတယ်။ လူ့ဘဝမှာ လိုလားအပ်တဲ့ ရောဂါတွေ ရှိတယ်တဲ့။
အသက်ကြီးလာလို့ သွားကျိုးတာဟာ လိုလားအပ်တဲ့ ရောဂါတဲ့။ ဘာကြောင့်
လဲဆိုတော့ ဝမ်းတွင်းပါစကာ မီးဓာတ်က မကောင်းတော့ဘူး။ ဒါကြောင့် ခဲ
တဲ့အစာတွေကို မစားမိအောင် သွားတွေကို ချိုးပေးလိုက်တာတဲ့။ အဲဒီလို
အပြင်က ဘာဘာညာညာတွေကို စိတ်ဝင်မစားနဲ့။ ကိုယ့်အတွင်းသန္တာန်ကိုသာ
စိတ်ဝင်စားဖို့ လိုအပ်တာကြောင့် မျက်စိကို မှုန်ပေးလိုက်တာတဲ့။ ခါးကုန်းလာ
တာလည်း ဒါမျိုးကြောင့်သာ ဖြစ်တယ်တဲ့။ ဒါကြောင့် စားဝတ်နေရေး မပူပ
ရတဲ့ လူကြီးတွေ၊ အသက်ကြီးလာသည်အထိ လောဘကို မသတ်နိုင်ဘဲ ဖြစ်နေ
လူကြီးတွေ အဖို့တော့ဖြင့် အတော်လေးကောင်းတဲ့ စာတန်းလေး ဖြစ်ကော
ဖြစ်နိုင်ပါလိမ့်မယ်။

သို့သော်လည်း လူငယ်တွေအတွက် လှမ်းပြီး စဉ်းစားကြည့်လိုက်သော
'ရတာလေးနဲ့ ဝအောင်စား'၊ မရရင် ဘာလုပ်မလဲ။ ရအောင်လုပ်ရမှာပေါ့
ဝဝလင်လင်စားရအောင် လုပ်မှာပေါ့။ အရေးကြီးတာက မဟုတ်တမ်းတရ
နည်းနဲ့ ရတာမျိုးမဖြစ်ဖို့ဘဲ။ နောက်ပြီး လူငယ်တစ်ယောက်ဟာ ကိုယ့်ဆီ
တသီကြီးရောက်လာမယ့် တာဝန်တွေအတွက် အသင့်ပြင်ဆင်နေရမှာပဲ။ တစ်
တခြား အသက်ကြီးလာတဲ့မိဘတွေ အိုမင်းမစွမ်းဖြစ်လာတဲ့အခါမှာ ပြုစုစော
ရှောက်ရမည့် တာဝန်၊ ကိုယ့်အပေါ်မှာ မှီခိုလာမယ့် ဇနီးမယား၊ သမီးတာဝ
လောကပတ်ဝန်းကျင်ကို တတ်အားသမျှ စောင့်ရှောက်ရမယ့်တာဝန် စသ
စသည် အားဖြင့် နည်းတဲ့ တာဝန်တွေလား။ ဒီလိုတာဝန်မျိုးတွေက မင်း
ငါတို့လို လူဝတ်ကြောင်တွေကို မဆိုထားနဲ့ ဝတ်ကြောင်ကို လွတ်အောင်ရ
ပါတယ်ဆိုတဲ့ ရဟန်းတော်များမှာတောင်မှ တာဝန်က လွတ်နိုင်တာမဟုတ်ဘူ
စာသင်တိုက်ကြီးတစ်ခုရဲ့ ဦးစီးပဓာနနာယက ဆရာတော်ကြီးတစ်ပါးရဲ့ တာဝ
ဟာ ကြောက်ခမန်းလန့်မခန်း ကြီးပါတယ်။ ကဲ–ထားလိုက်ပါတော့။ မင်း
လူငယ်တွေဆိုတာဟာ တာဝန်ထမ်းဖို့ ပြင်နေတဲ့ကာလ မဟုတ်လား။ ပညာသ
တယ်ဆိုတာကပဲ-တာဝန်ထမ်းဆောင်နိုင်ဖို့ လေ့ကျင့်ပြင်ဆင်နေတာ မဟုတ်
ဘူးလား။

ကောင်းပြီ။ ပညာသင်ကြတယ်။ ကျောင်းပညာသင်ကြတယ်ဆိုရင်
စာမေးပွဲဆိုတာကို မလွှဲမသွေ ကြုံကြရပြီ။ အပြိုင်အဆိုင် ဖြေကြရပြီ။ "ပြိ





ရင် အရှုံးပေးလို့ နလုံးအေးမတဲ့လား"၊ သူ့ထက်ငါ အမှတ်ကောင်းအောင်
နပန်းညည ကြိုးစားနေရတာ ဘာကြောင့်လဲ။ ဘဝတစ်ခုလုံးအတွက် ပြိုင်ဆိုင်
ကြရတာမို့ပဲ မဟုတ်လား။

ဒီဆောင်ပုဒ်ကလေးကို မှားနေတယ်လို့ ပြောနေတာမဟုတ်ဘူးနော်။
'တက်စုံထောင်စုံ' စဉ်းစားမှု သဘောလေးကို ပြောချင်တာပါ။ ဆက်ပါရစေဦး။



www.burmeseclassic.com

www.burmeseclassic.com

# ဘက်စုံထောင်စုံ (၂)

လူငယ်တွေ ပညာသင်တယ်ဆိုတာဟာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ပြင်ဆင်နေခြင်း ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ရေးခဲ့ပါတယ်။ နောက်ပြီး သက်ကြီးရွယ်အို မိဘများကို စောင့်ရှောက်နိုင်စွမ်းရှိဖို့၊ မိသားစုတာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိဖို့ စသည်အားဖြင့် တာဝန်တွေ တသီကြီးက လူငယ်တွေကို စောင့်နေတယ်ဆိုတဲ့အကြောင်းကိုလည်း ရေးခဲ့ပါသေးယ်။

အဲဒီလို ပြဿနာတွေကြောင့် လူငယ်တွေကို စိတ်အားတက်ကြွစေချင်တယ်။ အသင့်အနေအထားမှာ ရှိနေစေချင်တယ်။ အရှုံးပေးတဲ့စိတ်မျိုး တစ်စွန်းတစ်စ တောင်မှ ဝင်မလာစေချင်ဘူး။ ဘယ်လောက်ပဲ အခက်အခဲ တွေ့ကြုံနေရပါစေ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်သုံးပြီး ကိုယ့်ရည်မှန်းချက်ပေါက်မြောက်အောင် ကြိုးစားမယ်ဆိုတဲ့ ဖွဲ့သတ္တိမျိုး ရှိလာကြစေချင်တယ်။ ဒါကြောင့် 'ဝအောင်စားနိုင်ဖို့ ရကိုရအောင် လုပ်နိုင်ကြရမယ်။ လှတာဝတ်နိုင်ဖို့ ရှိကိုရှိအောင် လုပ်ရမယ်'။ လူငယ်တွေမှာ အဲဒီသတ္တိမျိုး မရှိရင် အမျိုးပါ တုံးသွားတော့မှာပေါ့။

အထူးသဖြင့် ပညာသင်ကြားမှုမှာ တကယ့်ကို ကြံကြံခိုင်ခိုင် ဖွဲ့သတ္တိမျိုးနဲ့ သင်ယူဖို့ လိုအပ်ပါတယ်။ ပညာသင်ယူလေ့လာမှုဆိုတာဟာ အနာဂတ်မှာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုပဲ မဟုတ်လား။ **ကြိုတင်ပြင်ဆင်မှုကောင်းလေလေ တာဝန်ကြီးကြီးထမ်းနိုင်လေပေါ့**။ အလွယ်တကူ သာဓက ပြလိုက်ရမယ်ဆိုရင် လေးတန်းသာ အောင်တဲ့သူနဲ့ ဆယ်တန်းအောင်တဲ့သူ ယှဉ်လိုက်ရင် ဆယ်တန်းအောင်တဲ့သူက တာဝန်ကြီးကြီး ပိုထမ်းနိုင်မှာပေါ့။ ဘာကြောင့်လဲဆိုတော့ သူက တာဝန်ထမ်းဖို့ ကြိုတင်ပြင်ဆင်မှုမှာ ပိုပြီး အချိန်ပေးလေ့ကျင့်ခဲ့တာကိုး။ ဒီလိုပဲ စစ်တပ်ထဲမှာဆိုရင်လည်း သာမန်ရဲဘော်တစ်ယောက်နဲ့ ဗိုလ်တစ်ယောက် ယှဉ်လိုက်ရင် ဗိုလ်(အရာရှိ)က ပိုပြီး တာဝန်ကြီးကြီး ထမ်းနိုင်မှာပေါ့။ သူတို့ရဲ့ ပညာသင်ကြားမှု (ကြိုတင်ပြင်ဆင်မှု)ကလည်း ယှဉ်ကြည့်ပါလား။ ဗိုလ်တစ်ယောက်က ဘွဲ့ရသည်အထိ ကျောင်းပညာ





[illegible]ခဲ့ရသေးတယ်။ ပြီးမှ ဗိုလ်သင်တန်းကို တက်ရတာ မဟုတ်လား။

သည်တော့ ကြိုတင်ပြင်ဆင်မှုကောင်းလေလေ တာဝန်ကြီးကြီး ထမ်းနိုင်[illegible]လေပေါ့။ နောက်တစ်ဆင့် တက်ပြီး စဉ်းစားလိုက်ပြန်တော့ တာဝန်ကြီးလေ [illegible]ယူးကြီးလေ လုပ်ပိုင်ခွင့်ပိုလေ ဖြစ်လာတာပဲပေါ့။

ဒီနေရာမှာ ကျောင်းသင်ပညာလောက်ကိုသာ ပညာလို့ ပြောနေတာ မဟုတ်ဘူးဆိုတာကို နားလည်နေကြပြီး ဖြစ်သင့်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ [illegible]င်ရှားခဲ့တဲ့၊ လူ့လောကကြီးကို ကူညီစောင့်ရှောက်ခဲ့တဲ့ လူချွန်လူမွန်တွေ [illegible]မှာ ဟုတ္တိပတ္တိ ကျောင်းမနေခဲ့ဘူးသူတွေ အများကြီးရှိပါတယ်။ အရေးကြီး[illegible]ာက 'ဆန္ဒမီးတောက်' တဟဲဟဲတောက်နေဖို့သာ အရေးကြီးတယ်။ ယောက်ျား[illegible]ကောင်း၊ မိန်းမလူစွမ်းကောင်းဆိုတာ အဲဒါပါပဲ။ 'ဆန္ဒမီးတောက်'က [illegible]ယောင်သွားလိုက်ရင် ဖွဲ့သတ္တိကလည်း အလိုလိုကောင်းလာပြီး ဉာဏ်မီးလည်း [illegible]ောက်လာတာပါပဲ။ အဲဒါဟာ မင်းတို့ငါတို့ လောကီလူသားတို့ ပညာဥစ္စာ [illegible]ာဖွေရာမှာသာ မဟုတ်ပါဘူး။ လောကုတ္တရာ ပညာရှာဖွေရာမှာလည်း သည် [illegible]တိုင်းပါပဲ။

BURMESE CLASSIC

တစ်မဂ် တစ်ဖိုလ် ရအောင် ကြိုးပမ်းတဲ့ ယောဂီဆိုတာမျိုးရဲ့ ဖွဲ့သတ္တိကို [illegible]ပေါ့သေးသေး မအောက်မေ့နဲ့။ လောကီစီးပွားရေးကိစ္စ၊ ရာထူးကိစ္စတွေမှာ [illegible]ပေါက်အလမ်းမတည့်လို့၊ ထင်တိုင်းမပေါက်လို့ စိတ်ညစ်ညစ်နဲ့ ဘုန်းကြီး[illegible]ကျောင်းသွားပြီး တောင်တွေးမြောက်တွေး တွေးနေတာမျိုး မဟုတ်ဘူး။ ဘုရား[illegible]ကောင်းရဲ့ ဖြစ်တော်ပေါင်းတွေမှာ တောထွက်သွားတဲ့ ဖြစ်ရပ်တွေ အများကြီး [illegible]တာပဲ။ သေချာဖတ်ကြည့်စမ်းပါ။ စိတ်ညစ်လို့ထွက်ပြေးတာ တစ်ခုမှ မပါဘူး။ '[illegible]ောကီစည်းစိမ်အောင်မြင်မှုတို့သည်ကား အနှစ်သာရ ကင်းမဲ့လေစွ၊ ငါ၏ [illegible]ကိုယ်နှင့် နာမ်တရားတို့သည်ပင်လျှင် အနှစ်သာရ ကင်းမဲ့လေစွ'လို့ [illegible]စိမ့်စိမ့်ကြောက်ပြီး 'သစ္စာတရား'ကို မရမချင်း၊ အရိုးကျေကျေ အရေခန်းခန်း [illegible]မယ်ဆိုတဲ့ သံမဏိအဓိဋ္ဌာန်နဲ့ တောထွက်သွားတာ။ အဲဒီသတ္တိမျိုးက [illegible]မှာ ရှိနိုင်တာ မဟုတ်ဘူး။ စိတ်ညစ်ညစ်နဲ့ မိန်းမကို ကလေးတွေနဲ့ [illegible]ပြီး ငါတော့ဖြင့် အေးရာအေးကြောင်း နေတော့မယ်ဆိုတဲ့ 'လုံ့နမ [illegible]လန်းနဲ့၊ ဉာဏ်ဖွ မန်းလိုက်တဲ့၊ ဒုလ္လဘ ရဟန်း'အဖြစ် 'ပြိုင်လာရင် အရှုံးပေး[illegible]တဲ့ဆေး'တစ်ခွက် ကမန်းကတန်း သောက်ပြီး ထွက်ပြေးတာမျိုး မဟုတ်ဘူးဆိုတာကို ပြတ်ပြတ်သားသား သဘောပေါက်ထားသင့်တယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ မင်းတို့မှာ ထမ်းဆောင်ရမယ့် တာဝန်တွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်သီကြီး ရောက်လာလိမ့်မယ်။ မင်းတို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည့်ဖြစ်စေ ထမ်းကို ထမ်းကြရလိမ့်မယ်။ မထမ်းချင်လို့ ဘုန်းကြီးလုပ်ရင်လည်း 'ဘုရားဥပဒေတော်ကြီး'နဲ့အညီ တာဝန်ထမ်းဆောင်ဦးမှာပဲ။ ရှောင်လို့မရ၊ တိမ်းလို့ မရတဲ့ တာဝန်တွေပဲ။ ဘဝဆိုတာကြီးကိုက အဲဒီအတိုင်းပဲ။ ဒါကြောင့် ထိတ်လန့်ခြင်း သံဝေဂဖြစ်သွားလို့ မဂ်ဖိုလ်ရဖို့ တောထွက်ချင်သပဆိုလည်း ထွက်တော်မူပေရော့။ မထွက်ရင်တော့ 'ယောကျ်ားဘသား'လို့ ခါးတောင်းကျိုက်ပေရော့ဗျား။ လက်ခမောင်းခတ်ပြီး ယောကျ်ားကောင်းတို့ရဲ့ တာဝန်တသီကြီးကိုထမ်းဖို့ ကြိုးစားပေရော့။

ကဲ-ဒီထိအောင် ပြောခဲ့သမျှကို ပြန်ချုပ်ပြီး လိုရင်းကိုပြောရရင် ရှေ့ပိုင်းက တင်ပြခဲ့တဲ့ ဆောင်ပုဒ်စာတန်းလေးနဲ့ ပတ်သက်ပြီး ထောင်စုံဘက်စုံ လှမ်းပြီး စဉ်းစားတတ်တဲ့ အလေ့အကျင့်ကလေးကို ထူထောင်ကြစေချင်လို့ ရေးလိုက်ရတာပါ။ ငါရဲ့ ရှုထောင့်တွေကိုလည်း ပုံသေမှန်ပြီလို့ မပြောနိုင်ပေဘူးပေါ့။ သင့်၏မသင့်၏ ဆက်ပြီး ချင့်ချိန်ကြည့်ကြပေါ့။



## ဘက်စုံထောင့်စုံ (၃)

'ဘက်စုံထောင့်စုံ'ကို ရေးနေရင်း ပါမောက္ခ 'ဒေါက်တာသန်းထွန်း'ရဲ့ 'ခေတ်ဟောင်းမြန်မာရာဇဝင်'စာအုပ်မှာ ဆရာရေးထားတဲ့ နိဒါန်းထဲက ထုတ်ပြလိုက်ချင်ပါသေးတယ်။ မြန်မာခေတ်ဟောင်း ရာဇဝင်ကို သေသေချာချာကြီး သုတေသနလုပ်ပြီး ရေးထားတာကို ပဓာနထားပြီး ပြောချင်တာ မဟုတ်ပါဘူး။ သုတေသနတန်ဖိုးအားဖြင့်ဆိုရင် သမိုင်းလေ့လာလိုသူများအတွက် မဖတ်မဖြစ် ဖတ်ကိုဖတ်ကြရမယ့် စာအုပ်ပါပဲ။ ခုပြောချင်တာက ဆရာရဲ့နိဒါန်းက အတွေးအမြင် အရေးအသားကို ပြောချင်တာပါ။

ငါဖြင့် အဲဒီအမှာစာကို ဖတ်မိတာ ဘယ်နှစ်ခေါက် ရှိနေပြီလဲ မသိဘူး။ အမှန်ပြောရရင် တချို့နေရာတွေမှာ အလွတ်ကို ရနေပါတယ်။ ဖတ်နေရင်း ငါတစ်ယောက်တည်း မကြာခဏပြုံးမိတာလည်း အကြိမ်ကြိမ်ပါပဲ။ ဟာသမြောက်လို့လားဆိုတော့လည်း မဟုတ်ဘူး။ သူက ဟာသဖြစ်အောင်ရေးတာမဟုတ်ဘူး။ သရော်စာလားဆိုတော့လည်း သရော်စာရေးတဲ့သူမျိုး မဟုတ်ဘူး။ ဘက်စုံထောင့်စုံတွေးရင် သူ့စိတ်ထဲမှာကိုက ကလိကလိ ဖြစ်နေအောင် ရယ်ချင်လာလို့ အလိုလိုထက်သွားတဲ့ အရေးအသားမျိုးတွေပါပဲ။ အဲဒါမျိုးတွေကို ရယ်လိုက်ရတာ ဖတ်တဲ့သူလည်း မနေနိုင်ဘဲ ပြုံးမိတော့တာပေါ့။

ရေးခေတ်မြန်မာတို့ရဲ့ ဘိသိက်ခံပွဲအကြောင်းလေးကို ပြောချင်ပါတယ်။

ဆရာက ရှေးခေတ် မြန်မာရာဇဝင်ဆရာများဟာ သမိုင်းမှာ တကယ်မရှိတာကို အရှိလုပ်၊ တချို့တကယ်ရှိတဲ့ ဖြစ်ရပ်တွေကို ချန်ထားခဲ့တာရှိကြောင်းကိုလည်း မညှာမတာ ဝေဖန်ထောက်ပြတယ်။ တချို့နေရာတွေမှာ ပိုပိုသဲသဲလုပ်ပြီး ရေးတတ်ကြောင်းကိုလည်း ပြောပြတယ်။ သို့သော်လည်း မြန်မာရာဇဝင်ဆရာတွေဟာ အလွန်ဘုန်းတန်ခိုးကြီးလှတဲ့ သိကြားမင်းကြီးလို ရှင်ဘုရင်လိုတောင်မှ သေခါနီးမှာ နလုံးမသာမယာ ဖြစ်ခဲ့ရပုံတွေကို ပုံပမာထပ်ပြီး မိမိကိုယ်မိမိ လူတကာထက်သာ၍ နတ်တမျှ တန်ဖိုးရှိသည်ဟု ထင်ရောက်နေမည်ဖြစ်သော မင်းကို လူ့ဘဝသို့ ဖွတ်ပြန်၍ ဆွဲချခြင်း (Hu-



www.burmeseclassic.com

www.burmeseclassic.com



manization) ပင် ဖြစ်ပါသည် ဆိုတာမျိုးတွကို ဖတ်လိုက်ရတဲ့အခါ ဆရာရဲ့ ဘက်စုံထောင့်စုံ လှမ်းကြည့်တတ်ပုံကို နှစ်သက်အားကျလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပြန်တာပါပဲ။

ဘိသိက်ဆရာတွေလည်း ရာဇဝင်ဆရာတွေရဲ့ လုပ်ငန်းကို အကူအညီ ပေးပါတယ်လို့ ပြောပြီး ဆရာရေးသားပုံလေးကို ကြည့်စေချင်ပါတယ်။

> *'မင်းအဖြစ်ကို ခံယူသည့် ဘိသိက်ပွဲမှာပင် 'အပေးအယူ'သဘော ထည့်သွင်း၍ ကောင်းကောင်းအုပ်ချုပ်ပါဟု သတိပေးလိုက်၏။ ဆို လျှင် ဆိုးသည့်အလျောက် ဒဏ်ခံရမည်ဟု ကျိန်စာတိုက်လိုက်သေး၏။ ဘိသိက်ပွဲအပြီးတွင် သူကြွယ်တို့က မင်းကို အောက်ပါအတိုင်း ရှင်းရှင်း ပြောလိုက်၏။*
>
> *ဆိုသောစကားအတိုင်း ကျင့်ဆောင်တော်မူ၍ ပြည်သူ တုတ်ခွ ဆယ်ဘို့တစ်ဘို့ ခံယူစားသုံးတော်မူလျက် မင်း၏စည်းစိမ်ကို ခံစံပြီးသော် ပြည်သူကို စောင့်ရှောက်တော်မူပါလော့။ ရှင်မင်းကြီး ကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပ သံသရာ နှစ်ဖြာအကျိုးတက်တိုးစေလျက် တက်သစ်သော ဆန်းသစ်သောလကဲ့သို့XXXXX သက်တော်ရာကျော် စံတော် ရသည် ဖြစ်စေသောဝ်။ ယင်းသို့မဟုတ် အကျွန်ုပ်တို့ဆိုသော စကားအတိုင်း မတည်၊ မင်းကောင်း မင်းမြတ်တို့ ဝန်ခံအပ်သော ဘိသိက်သစ္စာပျက်ပစေသော် ကမ္ဘာဆူလျက် လေမုန်တိုင်းဆ လျှင်တော်လည်း မြေကြီးကွဲ၍ ရေမီးလျံ ဝင်းဝင်းပြောင်ပြော တောက်လောင်ကျော့ကြ သူပျက်သူလောင်ထောင်ထောင် ထာ ထား ခိုးသားတန္တ စသည်ထွေထွေ နေလတံခွန် ငှက်ပျံငှက်ယုတ် စုန်းဘုတ်သဏ္ဌေ နန်းထက်နေ၍ မွေမွေလှန့်ခြောက် မြွေဟောက် ငန်းကျား တက်၍ စားသည် ဖြစ်စေသောဝ်။*
>
> *ဟူ၍ ဘိသိက်စကား ဆိုလိုက်၏။ ယခုခေတ်လူတို့သည် ဘိသိက် စကားဟူသည် အကောင်းစကား မင်္ဂလာစကားဖြစ်သည်ဟု အထင်ကြီး နေကြသည်။ စင်စစ် ဘိသိက်စကားမှာ မင်းနှင့်ပြည်သူ အပေးအယူ စာချုပ်ကြသော (Social Contract)ပင် ဖြစ်၏။ မင်းက ပြည်သူ စည်ပင်သာယာအောင် ထိန်းသိမ်း၏။ ပြည်သူကို မညှဉ်းဆဲလျှင် ပြည်သူ တိုင်းက မိမိ တစ်နှစ်ဝင်ငွေ၏ ဆယ်ဘို့တစ်ဘို့ကို ပေးမည်။ မင်းက စကားမတည် ပြည်သူကို ညှဉ်းလျှင် ဘေးသင့်၍ သေပါစေဟု ကျိန်စာ တိုက်လိုက်ခြင်းပင် ဖြစ်ပါသည်။*





အမှန်ပြောရရင် အဲဒီ ဘိသိက်စကားတွေကို ငါတို့လည်း ဖတ်ဖူးတာပါပဲ။ ရှင်ဘုရင်က မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပါမယ်လို့ အလေးအနက် ဝန်ခံ ကတိပြုတာပါပဲ ဆိုတာမျိုးလောက်အထိသာ တွေးခဲ့မိဖူးပါတယ်။ အခုလို မင်းနဲ့ပြည်သူ အပေးအယူ စာချုပ်တဲ့ (Social Contract)ဆိုတာမျိုးလောက် အထိ တစ်ခါမှ မတွေးခဲ့မိဘူး။ ဆရာတွက်ပြလိုက်တော့မှ အဲဒီ ရှုထောင့်ကို လှမ်းပြီး မြင်လိုက်မိပါတော့တယ်။

'ဘက်စုံထောင့်စုံ' လှမ်းပြီး ကြည့်တတ်မြင်တတ်အောင် ကြိုးပမ်းသင့် ကြောင်း ရေးလာခဲ့တာ သုံးပတ်ရှိသွားပါပြီ။ ကောင်းပြီ။ ဆရာ ဒေါက်တာ သန်းထွန်း တွေးခေါ်သွားပုံကို ကြည့်ကြရအောင်။

ပထမ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို တတ်နိုင်သမျှ စုဆောင်း ဆည်းပူးတယ်။ ပြီးတော့မှ ကိုယ်စွဲဆန္ဒစွဲခွာပြီး ဘက်စုံထောင့်စုံ မြင်နိုင်အောင် သုံးသပ်တယ်။

BURMESE CLASSIC .com

အမှန်ပြောရရင် အဲဒီ နိဒါန်းကလေးကိုချည်း စာအုပ်ပေါက်စလေး တစ်အုပ်ဖြစ်အောင် ထုတ်ပစ်လိုက်ချင်စိတ် ပေါက်မိပါတယ်။ 'ဘက်စုံထောင့်စုံ မကြွးနည်းလမ်းညွှန်'လေးတစ်ခု ဖြစ်နေတာကြောင့်ပါပဲ။

လက်လှမ်းမီရင် ဆရာရဲ့ 'ခေတ်ဟောင်း မြန်မာရာဇဝင်' နိဒါန်းလေးကို ကိုယ်တိုင်ဖတ်ကြည့်ကြစမ်းပါလို့ အလေးအနက် တိုက်တွန်းလိုက်ရပါတယ်။ ဒီ နိဒါန်းအကြောင်းကို ဆက်ချင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဘက်စုံထောင့်စုံ (၄)

သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ 'ဘက်စုံထောင့်စုံ' ကြည့်မြင် တတ်ပုံပညာကြီးကို ဆက်ပြီး တင်ပြလိုက်ချင်ပါသေးတယ်။ အမှန်ပြောရရင် 'ခေတ်ဟောင်းမြန်မာရာဇဝင်' စာအုပ်နိဒါန်းကြီးကို တစ်ခုလုံးသာ ဒီ'ဈေးကွက်' ဂျာနယ်မှာ ထည့်ပေးလိုက်ချင်တော့တာပဲ။ အဲဒီလောက်ထိအောင်ကို ဖတ်လို့ ကောင်းပါတယ်။

ရေးခေတ် မြန်မာပညာရှိတွေ ရေးခဲ့တဲ့ သမိုင်းတွေမှာ တကယ်မဖြစ်ခဲ့ တာတွေကို တကယ်ဖြစ်ခဲ့သလို ထည့်ရေးခဲ့တာတွေ၊ တကယ်ဖြစ်ခဲ့တာတွေကို ချန်ထားခဲ့တာတွေ အားလုံးကိုလည်း မညှာမတာ ထောက်ပြလိုက်တာပဲ။ အင်္ဂလိပ်တွေရေးတဲ့ မြန်မာသမိုင်းကျပြန်တော့လည်း မြန်မာရှင်ဘုရင်တွေကို ခပ်နှိပ်နှိပ်လုပ်ပြီး သူတို့ 'အင်ပီးရီးယယ်'လုပ်ငန်းကြီးကို ကောင်းလေဟန် ထင်လာအောင် ရေးတာမျိုးတွေကိုလည်း တစ်တစ်ခွခွ ထောက်ပြထားပါတယ်။ ငါတို့တစ်တွေက သမိုင်းစာအုပ်ဆိုတာတွေကို ပညာရှင်တွေလောက် ဘယ်မှာ ဖတ်ဖူးနိုင်ပါ့မလဲ။ သူ့နိဒါန်းကို ဖတ်လိုက်တော့မှ တအံ့တသြ သိစရာတွေ ပေါ်လာတော့ဟော့။ ဆရာကြီး ရေးထားတာလေး တစ်ခုလောက်ကို ဖတ်ကြည့် စမ်းပါ။

*မြန်မာရာဇဝင်ကို ဦးကုလားရေး၏။ ရေးပြန်တော့ 'ဒီသူယေ အလွန်တော်တယ်။ ကျုပ်တပည့်ပေါ့'ဟူသော လေသံမျိုးကို မည်သူ ကုလားရာဇဝင်ဆရာမျှ မရှောင်နိုင်ဟုပင် ဆိုချင်ပါသည်။ သည်အယူက ကုလားအား ဆရာတင်ရသည်၊ သည်နည်းကို ကုလားထံတွင် တပည့် သည်၊ သည်စကားကို ကုလားထံမှ ရသည်ဟု တစ်မိုးလုံး ဖျောက်ဆိ ဖြစ်၍ လာပါသည်။ အရှေ့တိုင်းယဉ်ကျေးမှု မှန်သမျှ ကုလားတွ ရေသောက်မြစ်ဖြစ်သည်ဟု ထင်ရှားအောင် သုတေသနပြုရန် သူတို့တွ မဟာအိန္ဒိယအသင်း Greater India Society ဟုပင်ရှိသည် ပါမောက္ခ နီလာကန္တသျှပ်စထရီတို့ ခေါင်းဆောင်၏။ ရန်ကု*





*တက္ကသိုလ် ရာဇဝင် ပါမောက္ခဖြစ်ဖူးသော မြန်မာနိုင်ငံတွင် အနှစ်အစိတ်မျှ နေသွားသည့် ဒဗလျူအက်စ်ဒေဆိုင်းပင် ထိုဂိုဏ်းဝင် ဖြစ်ပါသည်။*

ဒဗလျူအက်စ်ဒေဆိုင်းရေးတဲ့ မြန်မာရာဇဝင် စာအုပ်အကြောင်းကိုလည်း မြန်မာစာလည်း မတတ်၊ မြန်မာရာဇဝင် အထောက်အထားတွေကို မကြည့်ဘဲ အင်္ဂလိပ်လူမျိုးတွေရေးတဲ့ မှတ်တမ်းတွေကိုသာ အားကိုးပြီး ရေးထားတယ်လို့ တစ်တစ်ခွခွ ဝေဖန်ပစ်လိုက်တယ်။ ဆရာ စကားလုံးသုံးပုံ ဝံ့စားရဲရင့်တယ်လို့ ပြောရင်လည်း ရတယ်။ တချို့နေရာတွေမှာ ရင့်သီးတယ်လို့ ပြောမယ်ဆိုရင် လည်း ပြောလောက်တယ်။

ဆရာ့စာတစ်ပုဒ်လုံးကို ခြုံပြီး ကြည့်လိုက်မယ်ဆိုရင်တော့ အထောက် အထား ခိုင်ခိုင်မာမာ မရှိဘဲ ပြောတာတွေ၊ ဆန္ဒစွဲနဲ့ ကိုယ်လိုရာ ဆွဲပြီး ပြောတာတွေကို ပစ်ပစ်ခါခါ ရှုတ်ချထားတာပါပဲ။

ဒီလို ပြောနည်း ရေးနည်းတွေကို ရှုတ်ချထားသော်လည်း တကယ်ကို ချီးမွမ်းရှိသလောက်သူများကိုတော့လည်း တကယ် ရှိရှိသေသေ ချီးမွမ်းပြန် တာပါပဲ။ ဒါကြောင့် 'ဘက်စုံထောင့်စုံ' ကြည့်တတ်တဲ့ ဆရာကြီးလို့ ပြောလိုက် ရတာပါ။ သူကိုယ်တိုင်က ဘက်စုံထောင့်စုံ ကြည့်တတ်လေတော့ သူ့လိုပဲ ဘက်စုံထောင့်စုံကြည့်ပြီး 'ဘက်မလိုက်ဘဲ' တည့်တည့်မတ်မတ် ပြောတတ်သူ တွေကို အလွန်လေးစားတယ်။ အထူးသဖြင့် ယောအတွင်းဝန် ဦးဖိုးလှိုင်ကို လေးလေးနက်နက် ချီးကျူးထားတာ တွေ့ရတယ်။ ယောမင်းကြီးရဲ့ 'ရာဇဓမ္မ သင်္ဂဟ'ကျမ်းကို ချီးကျူးရာမှာ–

*ထိုကျမ်း၌ မင်းတုန်းမင်းသည် မိမိကိုယ်ပိုင်ပစ္စည်းကိုလွန်၍ တိုင်းပြည် ပိုင်ဘဏ္ဍာကိုပါယူလျက် မလှူသင့်ဘဲ လှူသည်ကို ရည်ညွှန်းကာ အောက်ပါအတိုင်း ရေးခဲ့လေသည်။*

*ကောင်းမွန်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ရအောင်၊ လယ်ယာ လုပ်ဆောင်ရအောင် စောင့်ထိန်းစေမည့် စောင့်ထိန်းရန်ဖို့ပေးသည့် အခွန် အတုပ်ကို ယူပြီးလျှင် အလိုရှိရာ လှူဒါန်းပေးကမ်းခြင်းကို မလုပ်သင့်။ စောင့်ထိန်းရန်ပေးသော အခွန်အတုတ်ကို ယူ၍ စားသောက်သုံးဆောင် သော မင်း၊ မှူးမတ်၊ ရဲမက် လက်နက်ကိုင်တို့သည် ကုန်သည်လယ်လုပ် တို့ ဘေးရန်မရှိ ကူးသန်းရောင်းဝယ် လုပ်ဆောင်နိုင်အောင် စောင့်ရှောက်သင့်သည်။ မစောင့်မရှောက် အလိုရှိရာ လှူဒါန်းပေးကမ်း*



www.burmeseclassic.com

www.burmeseclassic.com



သုံးစားလျှင် ခိုးခြင်း ၂၅ ပါးတို့တွင် လိမ်လည်လှည့်စား၍ ယူသော ကူဋဝဟာရ၊ နှိပ်စက်၍ယူသော ပသယှ ပဝဟာရတို့မှ လွတ်နိုင်ရန် အကြောင်းမရှိ။ (ရာဇဓမ္မ သင်္ဂဟကျမ်း၊ စာမျက်နှာ-၃၅)xxxxx

ထို့ကြောင့် ဦးဖိုးလှိုင်က အမြွက်မျှ ဖော်ထုတ်သည်ကို မြန်မာမင်းတို့ မရှိသည့်နောက် ပုဂံဦးတင်က 'မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း' တတိယ တွဲတွင် ထင်ရှားလေအောင် ပထမ မန္တလေးနန်းတည်မင်းလက်ထက် အရပ်ရပ် အလှူငွေအတွက် ကုန်ငွေ ၂၆ နှစ် သိဋ္ဌာချုပ်သည့်အခါ ၂၂-ကုဋေ၊ ၆-သန်းကျော်ကုန်သည်။ ထိုကဲ့သို့ လှူဒါန်းခြင်းမှာ ကိုယ်ပိုင် ငွေကို လှူဒါန်းလျှင် ကုသိုလ်ရသည်။ နိုင်ငံစောင့်ရှောက်ရန်ငွေက လှူဒါန်း သုံးစွဲလျှင် ခိုးခြင်း ၂၅-ပါးတွင် ပါဝင်သည့် လိမ်လည်၍ယူခြင်း၊ နှိပ်စက်၍ ယူခြင်းအမှုကို ပြုရာရောက်သောကြောင့် မင်းကျင့်တရား ပျက်သည်။

ဟု ရှင်းလင်းလိုက်ပါသည်။ ထိုဆရာများကား မင်းကိုသော်မျှ မညာတာ မှန်ရာကိုရောက်အောင် ရေးပေသည်။ မြန်မာရာဇဝင်ရေးရန် ထိုဝါဒသာလျှင် မှန်သည်ဟု နေ့စဉ်ဘုရားဝတ်ပြုအပြီးတွင် ယင်းတို့ကို ရည်မှန်း၍ ဦးသုံးကြိမ် ချထိုက်သူများ ဖြစ်ပါသည်။

ကဲ-ယောအတွင်းဝန်ဦးဖိုးလှိုင်တို့၊ ပုဂံဝန်ထောက်မင်းတို့၊ ဆရာကြီး ဒေါက်တာသန်းထွန်းတို့ အချက်အလက်စုဆောင်းပုံ၊ ကောက်ချက်ဆွဲပုံတွေကို ကြည့်လိုက်ရင် 'ဘက်စုံထောင့်စုံ'ဆိုတဲ့ သဘောကြီးကို ထင်ထင်ရှားရှား မတွေ့ ကြရပေဘူးလား။



# ဘက်စုံထောင့်စုံ (၅)

ဘက်စုံထောင့်စုံ(၃)နဲ့ (၄)မှာ သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ ဘက်စုံထောင့်စုံ၊ တွေးပုံရေးပုံကို တင်ပြခဲ့ပါတယ်။ အမှန်ကတော့ ဒီအကြောင်း တွေကို အဲဒီလောက်နဲ့ ရပ်လိုက်ဖို့ပါပဲ။ ဒါပေမယ့် ဆက်ပြီး ရေးဖို့ အကြောင်း ပေါ်လာပြန်လို့ ရေးလိုက်ရပါဦးမယ်။

လှည်းတန်းဘက်မှာ အင်္ဂလိပ်စကားပြော သင်တန်းကျောင်းလေးတစ်ခု ရှိပါတယ်။ အဲဒီကျောင်းကို ဦးစီးဦးရွက်လုပ်တဲ့ ဆရာက သင်တန်းသားတွေ အသိအမြင်ကျယ်ပြန့်အောင် တစ်လမှာ တစ်ကြိမ်လောက် အပြင်က အသိပညာ ရှင်တွေကို ဖိတ်ကြားပြီး ဟောပြောမှုလေးတွေ ပြုလုပ်ပေးလေ့ရှိပါတယ်။ ကျောင်းသားတွေကလည်း သူတို့ သိချင်တာလေးတွေရှိရင် မေးကြမြန်းကြပေါ့။ များသောအားဖြင့်တော့ စာရေးဆရာတွေကို ပင့်ဖိတ်လေ့ရှိပါတယ်။ မြသန်းတင့် တို့ ပါတို့ကိုယ်တိုင်လည်း ဟောပြောခဲ့ကြဖူးပါတယ်။

လွန်ခဲ့တဲ့ ၁၈-၆-၉၈ နေ့ကတော့ ဒေါက်တာသန်းထွန်း ဟောပြောပါ တယ်။ ဟောပြောတဲ့ အကြောင်းဆရာကတော့ တိုတိုပြောရရင် 'ပညာရေး'လို့ပဲ ဆိုပါစို့။ ဆရာ ဟောပြောအပြီးမှာ မေးခွန်းတွေ (စင်ပေါ်တက်ပြီး)မေးကြတော့ ပထမဆုံး ငါက စပြီး မေးပါတယ်။ ကျောင်းသားလူငယ်တွေကလည်း ငါ့ကို အဲဒီလို မေးစေချင်ကြတယ်။ အရင်ကလည်း ဒီလိုမေးပေးခဲ့လေ့ ရှိပါတယ်။

ငါမေးလိုက်တဲ့ မေးခွန်းက 'အိတ်ချ်၊ ဂျီ၊ ဝဲလ်' ရေးတဲ့ ကမ္ဘာ့သမိုင်း အကျဉ်းချုပ်စာအုပ်ထဲမှာ အိမ်မှာ ကြက်တွေကိုမွေးတာ မြန်မာပြည်က စတင်ခဲ့တယ် ဆိုတဲ့အကြောင်း တွေ့ရဖူးပါတယ်။ အထောက်အထားခိုင်ခိုင်မာမာ ရှိပါသလား ဆိုတာလေးကို မေးလိုက်ပါတယ်။

ဆရာက ရှေးဟောင်းပစ္စည်းတွေကို တူးဖော်ကြတဲ့အခါမှာ လူအရိုးစုနဲ့ အတူ တိရစ္ဆာန်အရိုးစုတွေကို တွေ့ရတတ်ကြောင်း၊ လူတို့ သတ်ဖြတ်စားသောက် ထားတဲ့ တိရစ္ဆာန်ရိုး လူနဲ့အတူနေ တိရစ္ဆာန်အရိုးစုတို့ကို သိပ္ပံနည်းနဲ့ စစ်ဆေး ကြည့်လိုက်ရင်လည်း ဘယ်ခေတ် ဘယ်အခါလောက်ဆီက အရိုးဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်ကြောင်း ရှင်းပြပါတယ်။ အခု ဒီဆောင်းပါးမှာ ရေးချင်တာကို ရောက်ပါပြီ။ ဆရာက စကားစပ်မိလာလို့ လူတွေ အိမ်မွေးတိရစ္ဆာန်အဖြစ် စမွေးတာကတော့ ခွေးပဲဖြစ်ဟန်ရှိကြောင်း ပြောပါတယ်။ ပြီးမှ ခပ်ပြုံးပြုံးကြီး လုပ်ပြီး ဆက်ပြီး ပြောတာက–

"အဲဒီမှာလည်း လူက ခွေးကို မွေးတာလား၊ ခွေးက လူကိုမွေးတာလားဆိုတာ ပြောဖို့ ခပ်ခက်ခက်ပဲ။ ခွေးကလူကို မွေးတာတော့ ဖြစ်နိုင်တယ်" တဲ့။

ကျောင်းသားတွေဆို ဝေါခနဲနေအောင် ပွဲကျသွားတယ်။ ဒါပေမယ့် အဓိပ္ပာယ်ရှိရှိ ပြောနေတယ်ဆိုတာ ရိပ်မိတော့ ချက်ချင်း ငြိမ်ကျသွားပြီး ဆရာ ဆက်မယ့်စကားကို စောင့်ကြပြန်တယ်။

"ဒီလိုလေ။ လူကလည်း အမဲတွေ ဘာတွေ လိုက်တယ်မဟုတ်လား။ အမဲကောင်ကို ရလာပြီး စားပြန်တော့ သူက တစ်ကောင်လုံး ကုန်အောင် စားချင်မှ စားနိုင်မှာပေါ့။ တချို့ အရိုးအရင်းတွေကို လွှင့်ပစ်ခဲ့မှာပေါ့။ ဒီတော့ ခွေးက စားရတာပေါ့။ စားရုံတင်မဟုတ်ဘူး၊ လူဆိုတဲ့ အကောင်နားကပ်နေရင် အရိုးအရင်း အရွတ်ဆိုတာမျိုးတွေ စားရတယ်ဆိုတာ သဘောပေါက်ပြီး လူနား နီးနီးကပ်ကပ် နေခဲ့တာ ဖြစ်မှာပေါ့။ နောက်တော့ သူကလည်း လူက အမဲလိုက်တဲ့အခါ ကူညီပြီး လိုက်ပေးမှာပေါ့။ ဒီလိုနဲ့ လူကလည်း ဒီသတ္တဝါကို ကျွေးမွေးထားရတာ မဆိုးဘူး၊ အသုံးတည့်တယ် ဆိုတာမျိုးနဲ့ မွေးမှာပေါ့။ ဒီတော့ သေသေချာချာ စဉ်းစားလိုက်ရင် ခွေးကစပြီး လူကိုမွေးတာ မဖြစ်နိုင်ပေဘူးလား"

ကျောင်းသားတွေဆိုတာ သဘောကျလွန်းလို့ တဝါးဝါး ဖြစ်နေတော့တာပါပဲ။

ငါကတော့ ရယ်မောနေရင်းကပဲ မောင်စိန်ဝင်း(ပုတီးကုန်း)ကိုသွားပြီး သတိရလိုက်မိတယ်။ သူ့ကို ငါက ညီလေးတစ်ယောက်လို ချစ်တာမို့ တစ်ခါတလေ 'ခွေးရူး'လို့ ခေါ်ချင် ခေါ်တာ။ တခြားကြောင့် မဟုတ်ဘူး။ ခွေးတွေ တစ်ပြုံကြီးမွေးထားပြီး အဲဒီခွေးတွေကို အရိပ်တကြည့်ကြည့်နဲ့ ရူးနေအောင် ချစ်တတ်လို့ ခွေးရူးလို့ ခေါ်တာပါ။ သူ့ခွေးတွေက အယ်လ်ဖေးရှင်းနဲ့ ဒိုဘာမင်တွေရောပါပဲ။ ခွေးတွေအကြောင်းများ ပြောနေရရင် မောတယ်လို့ မရှိဘူး။ တကယ်လည်း စိတ်ဝင်စားဖို့ကောင်းတာ အမှန်ပဲ။ သူက ပြောဖူးတယ်





"ဆရာ အယ်လ်ဖေးရှင်းတို့၊ ဒိုဘာမင်တို့ဆိုတဲ့ ကောင်တွေဟာ လုံးဝ 'မှီခို'ဖြစ်သွားကြပြီ။ သူတို့ဟာ လူမရှိရင် မနေနိုင်တော့ဘူး။ သူတို့ဘာသာ သူတို့ ရှာမစားနိုင်တော့ဘူး။ လုံးဝ လူကို မှီခိုနေရတာ"

ဒေါက်တာသန်းထွန်းရဲ့စကားကို ကြားလိုက်ရတော့ တခြားသူတွေ ရယ်သလို ရယ်လိုက်မိတဲ့ပြင် ငါ့မှာ မောင်စိန်ဝင်းကို သတိရပြီး ပြုံးလိုက်မိသေးတယ်။ ဘာကြောင့်လဲဆိုတော့ မောင်စိန်ဝင်းက ခွေးတွေကို မွေးတာလား၊ ခွေးတွေက မောင်စိန်ဝင်းကို မွေးတာလားဆိုတာမျိုး တွေးလိုက်မိလို့ပါပဲ။

ကဲ – ဘက်စုံထောင့်စုံ တွေးတယ်ဆိုတာ သဘောပေါက်ရောပေါ့။ ဆရာကြီး ဒေါက်တာသန်းထွန်း ပြောတာကို မင်း ငြင်းချင်သေးသပဆိုရင် ထပ်ပြီး တွေးပေဦးတော့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

## ဘက်စုံထောင့်စုံ (၆)

'ဘက်စုံထောင့်စုံ'ကို ရပ်တော့မယ်ရယ်လို့ အောက်မေ့နေရင်း တစ်ဆက်တည်း ရေးချင်နေတာလေးတွေပေါ်လို့ ဆက်လိုက်ပါရစေဦး။

'ဘက်စုံထောင့်စုံ' စဉ်းစားတယ်ဆိုတာ အပြောလွယ်သလောက် တကယ် လက်တွေ့ကျင့်သုံးဖို့ကြတော့ အလွန်ခက်တယ်ဆိုတာ တွေ့လာကြပါလိမ့်မယ်။ ခက်ပကောရယ်လို့ အလုပ်ပဲထားလို့ကလည်း မဖြစ်ပြန်ဘူး။ ဒီတော့ တွေးတော စဉ်းစားတဲ့အခါမှာ တတ်နိုင်သမျှ ကြိုးစားကျင့်သုံးနေကြပြန်ကာပါပဲ။

ဥပမာအားဖြင့် 'မောင်ဖြူ'က 'မောင်နီ'အကြောင်းကို လာပြောတယ် ဆိုပါစို့။ သူပြောတာတွေဟာ ဟုတ်လောက်၏၊ မဟုတ်လောက်၏ (ကိစ္စအရေး ကြီးလျှင် ကြီးသလို) စဉ်းစားရတော့မယ်။ လာပြောတဲ့ မောင်နီရဲ့ အလေ့စရိုက် ကို ထည့်တွက်ရမယ်။ သူ့အကျင့်က မလိုတမာပြောတတ်သလား၊ တွန်းတတ် တိုက်တတ်တဲ့သူလား၊ မောင်ဖြူကို သူက မုန်းနေသလား ဆိုတာမျိုးတွေပေါ့။ နောက်တစ်ခါ မောင်ဖြူရဲ့ စရိုက်ကိုလည်း ထည့်စဉ်းစားရဦးမှာပဲ။ မောင်နီ ပြောသလိုမျိုး လုပ်တတ်သလား စသည်အားဖြင့်ပေါ့။ အဲဒီတင် မကသေးဘူး ကိုယ့်အခြေအနေကိုလည်း ပြန်တွက်ရလိမ့်မယ်။ ကိုယ်က မောင်ဖြူကို ချစ်သလား မုန်းသလား။ လူ့ဘဝကိုက ကိုယ်ချစ်တဲ့သူရဲ့ ကောင်းသတင်းဆိုရင် ယုံချင်စိတ် ပေါ်နေတယ်။ ကိုယ်မုန်းတဲ့သူရဲ့ မကောင်းသတင်းဆိုရင်လည်း လက်ခံချင်နေ တယ်။ ကိုယ်စွဲနဲ့ ဆုံးဖြတ်ချင်နေတတ်တယ် မဟုတ်လား။ ဒါတွေက ဘဝကိစ္စ တွေမှာ နေ့စဉ် ကြုံတွေ့နေတတ်တာမျိုးတွေကို ပြောတာပါ။

နောက်တစ်ခါ ကိုယ်က အထင်ကြီးနေတဲ့ လူတစ်ယောက်ယောက်က ပြောလိုက်ရင်လည်း အလွယ်တကူ လက်ခံယုံကြည်လိုက်ဖို့ ဝန်မလေးပြန်ဘူး။ တကယ်ကို အထင်ကြီးလောက်တဲ့ သူမျိုးဆိုရင်တော့လည်း လက်ခံသင့်တာ အမှန်ပါပဲ။ ဆိုလိုတာက ဘာမှ သိပ်စဉ်းစားမနေဘဲ ချက်ချင်း လက်ခံလိုက်ကြ တာကို ပြောတာပါ။

ငါတို့ကိုယ်တိုင်လည်း ဒီလိုဖြစ်ခဲ့ဖူးတာပါပဲ။ ကိုယ်အထင်ကြီး ကိုးကွယ်





နေတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်က ပြောလိုက်တာဆိုရင် ချက်ချင်းကို (ဘုရားဟောလို) လက်ခံပစ်လိုက်တော့တာပဲ။ အခုနောက်ပိုင်း အသက်ကလေး ရလာတော့မှ ပြန်ပြီး တွေးလိုက်တော့ 'ငါ တော်တော်ကို တုံးပါလား'လို့ ပြန်ပြီး ပြုံးမိတာတွေ အများကြီးပါပဲ။ ပြန်ပြောရရင် ငါတို့ငယ်ငယ်က သတင်းစာထဲ ပါတိုင်း ယုံလိုက်မိလို့ ပေါက်တတ်ကရ ဖြစ်ခဲ့တာပါ ပြောရမလို ဖြစ်နေတယ်။ လူတွေဟာ အမှန်ကိုချည်းပြောတာ မဟုတ်ဘဲကိုး။ သတင်းစာဆရာတွေ၊ စာရေး ဆရာတွေ အားလုံးကလည်း အမှန်တွေကိုချည်း ပြောတာမှ မဟုတ်ဘဲ။ သူက တကယ့်ကို မှန်တယ်ထင်လို့ ပြောလိုက် ရေးလိုက်တာပဲ ထားဦးတော့။ တကယ် မှန်ရဲ့လား ဆိုတာလည်း သံသယပဲ။ ဒီတော့ ဘက်စုံထောင့်စုံလှည့်ပြီး စဉ်းစားတဲ့ အလေ့က မထူထောင်ချင်လို့ မဖြစ်ဘူး။ ဆုံးဖြတ်ချက် မချမီ ခဏလောက် ရပ်ပြီး စဉ်းစားတာမျိုးတော့ လုပ်ကိုလုပ်ရမှာပဲ။

အဲဒီကနေပြီး နောက်တစ်ဆင့် တက်လိုက်တော့ ကိုယ့်တိုင်းပြည် ကိုယ့် လူမျိုးအကြောင်း တိုင်းတစ်ပါးသားတစ်ယောက်က စာအုပ်ရေးလိုက်တယ်။ ကိုယ့်တိုင်းကိုယ့်ပြည်ကို ချစ်တဲ့ စိတ်အခြေခံက ရှိနေလေတော့ မကောင်းတာ ရေးရင် မကြိုက်ဘူး။ ကောင်းတာရေးရင် ကြိုက်လိုက်တာပဲ။ တကယ်ဆိုတော့ မကောင်းတာရေးရင်လည်း 'သူပြောတာဟုတ်သလား၊ ငါတို့လူမျိုးမှာ ဒီချို့ယွင်း ချက်မျိုး တကယ်ရှိသလား'ဆိုတာကို ပြန်ပြီး စဉ်းစားရမှာပဲ မဟုတ်လား။

တရားသူကြီးတစ်ယောက်က တရားလိုရဲ့ စွပ်စွဲချက်၊ တရားခံရဲ့ ထုချေ ချက်၊ တရားလိုသက်သေ အထောက်အထားတွေကို စေ့စေ့စပ်စပ် ကြည့်သလို ငါတို့စဉ်းစားရာမှာလည်း ပြဿနာနဲ့သက်ဆိုင်တဲ့ အချက်အလက်မှန်သမျှကို ပိုပြီးသားဖြစ်နေအောင် ကြိုးစားရမှာပဲ။ သဘောကတော့ အကြားအမြင် များ-နိုင်သမျှ များအောင် လုပ်ကြရမှာပဲ။ ခုတလောဆိုရင် အချိုမှုန့် အန္တရာယ်ကို ကျန်းမာရေးဌာနက ပညာရှင်တွေက သတိပေးနေပြီ။ အဲဒီလို အကြားအမြင် မျိုးက စပြီး သမိုင်းဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ စတဲ့ အကြားအမြင်တွေကိုလည်း မပြတ်ဆည်းပူးနေကြရမှာပဲ။ တရားသူကြီးတစ်ယောက်က ချစ်ခြင်း၊ မုန်းခြင်း စတဲ့ အဂတိလေးပါး မလိုက်စားသလို အဂတိမပါဘဲ တွေးတတ်အောင် လေ့ကျင့်ကြရမှာပဲ။

တရားရုံးမှာ ဥပဒေနဲ့အညီ မပြောတတ် မဆိုတတ်တော့ ပြောတာပဲ မဟုတ်တဲ့ ရှေ့နေငှားရသလို ပြဿနာတစ်ခုကို ကိုယ်စွမ်းကိုယ်စနဲ့ မလုပ် တတ်တော့ဘူးဆိုရင် အဲဒီလို ပြဿနာမျိုးကို နားလည်သော၊ သဘောရှိသော



www.burmeseclassic.com

www.burmeseclassic.com



လူကြီးလူကောင်းများဆီမှာ အကူအညီတောင်းရမှာပဲ၊ အကြံဉာဏ်တောင်းရမှာပဲ။ ဒါမှမဟုတ် အဲဒါမျိုးတွေကို ရှင်းလင်းတင်ပြထားတဲ့ စာအုပ်တွေကို ဖတ်ရတော့မှာပဲ။ နောက်ဆုံးချုပ်လိုက်တော့ အကြားအမြင် ဗဟုသုတများဖို့ရယ် ကိုယ်စွဲကင်းတဲ့ စဉ်းစားနည်းရယ်ပါပဲ။



## တစ်ယောက်မှ တစ်ရာ

'ဈေးကွက်'ထဲက 'မျိုးဆက်သစ်'ကို စိတ်ဝင်စားစွာ စောင့်ဖတ်နေတဲ့သူဆိုရင် 'မျိုးဆက်သစ် တိုးတက်မယစ်ဖို့'ဆိုတဲ့ ဆောင်းပါးကို ဖတ်လိုက်မိပြီး ဖြစ်ပါလိမ့်မယ်။ စာဖတ်သူတစ်ယောက်က ရေးလိုက်တဲ့ စာလေးအကြောင်းကို သတိရကြပါလိမ့်မယ်။ အဲဒီစာကို ရေးလိုက်တဲ့သူကတော့ လက်ရေးကိုတော့ သည်းခံပြီး ဖတ်ပါတော့တဲ့။ အသက်က ၇၃ နှစ်ရှိပြီမို့ လက်က စိတ်သွားတိုင်း မပါတော့ပါဘူးတဲ့။ ကြည့်စမ်း–အဲဒါ 'မျိုးဆက်သစ်'လား၊ အသက်က ၇၃ နှစ်ရှိနေပြီ။ ငါတို့လို 'မျိုးဆက်သစ်ဟောင်းကြီး'လို့ ဆိုရတော့မှာပေါ့။ မင်းတို့သိကြတဲ့အတိုင်း 'မင်း–ငါ'ဆိုတဲ့ စကားသုံးတွေနဲ့ ကလေးတွေကို ဆုံးမသလို၊ စာသင်ခန်းထဲမှာ ပြောနေသလို ရေးခဲ့တာပါပဲ။ အဲဒါကို အဲဒီ အသက် ၇၃ နှစ်ရှိပြီဖြစ်တဲ့ အဘိုးကြီးက အမြဲစောင့်ဖတ်နေကြောင်း ပြောပါတယ်။ သူက ငါ့ဆီက အဆုံးအမပညာကို လိုချင်လို့ ဘယ်ဟုတ်နိုင်ပါ့မလဲ။ သူ့လိပ်စာကြည့်လိုက်တော့ ရန်ကုန် ပုန်းခြံလမ်း(ဘားလမ်း)လိပ်စာ၊ ရန်ကုန်မြို့လယ်ကောင် လိပ်စာ။

စဉ်းစားကြည့်ပေါ့။ လူ့လောက အတွေ့အကြုံ ဘယ်လောက်တောင်များခဲ့ပြီလဲ၊ ဘယ်လောက် အသိအမြင် နှံ့စပ်နေပြီလဲဆိုတာ မှန်းလို့ရနိုင်တယ်။ နောက်ပြီး ခုအသက်အရွယ်တိုင်အောင် စာဖတ်တုန်း ဘယ်လောက်သိချင်စိတ်၊ သည်းပူးချင်စိတ် များတဲ့သူလဲဆိုတာ မှန်းလို့ရပါတယ်။ ဆိုလိုတာက ငါရေးနေတဲ့ အကြောင်းအရာမျိုးတွေ၊ သြဝါဒတွေကို သူလည်း ပြောတတ်မှာပေါ့။ ဟောပြောပွဲတွေမှာ ငါပြောနေကျစကားနဲ့ ပြောလိုက်ရရင် "အောင်သင်းတို့ လောကအကြောင်း သိတယ်ဆိုတာက ကျောင်းဆရာသိ၊ အရေပြားပေါ်မှာ မယားပြေရုံသိတာမျိုး၊ သူတို့သိတာက အသဲ(အသည်း)နှလုံးမှာ ကျွဲပခုံးထအောင် သိတာမျိုး"လို့ ဆိုရမှာပါ။ ဘာကြောင့် ဒီလိုလူကြီးတွေက (ကလေးလေးဟုတ် သူငယ်မဟုတ်) ငါ့စာတွေကို စောင့်ဖတ်နေသလဲ။ ငါ့သြဝါဒတွေကို နာခံချင်လွန်းလို့၊ လိမ္မာရေးခြားရှိလွန်းလို့လား။ ဘယ်ဟုတ်နိုင်ပါ့မလဲ၊ သူ့မြေး



www.burmeseclassic.com

www.burmeseclassic.com



'မျိုးဆက်သစ်' ကလေးတွေကို အောင်သင်း သွန်နေတာကို ပီတိဖြစ်လွန်းလို့ စောင့်ဖတ်နေတာ ဖြစ်မှာပေါ့။ ပြီးမှ 'ဟဲ့...ငါ့မြေး၊ ဈေးကွက်ထဲက အောင်သင်း ရေးတာလေး ဖတ်ကြည့်စမ်း'လို့ ပြောချင်ပြောမှာပေါ့။ အရင်တစ်ပတ်က အရက် သေစာ မူးယစ်ဆေးဝါး မတော်တရော် ရုပ်ရှင်ဝတ္ထု စတဲ့ အနုပညာတွေနဲ့ လူငယ်တွေပျက်စီးရာ ပျက်စီးကြောင်းလုပ်ပြီး ကိုယ်ကျိုးစီးပွားရှာတတ်သူ လူကြီး လူယုတ်မာတွေကို သတိထားဖို့အကြောင်း ရေးခဲ့ပါတယ်။ တကယ်ဆိုတော့ အဲဒီလူကြီး လူယုတ်မာတွေက အလွန်နည်းပါတယ်။ လူငယ်တွေကို ကြီးပွား စေချင်တဲ့ လူကြီးသူတော်ကောင်းတွေက များပါတယ်။ သို့သော်လည်း ဘုရား ကျောင်းကန်တစ်ရာ ရှိနေလို့ လူငယ်သူတော်ကောင်းတစ်ရာ မပေါ်ရင်သာ ရှိရမယ်၊ အရက်ဆိုင်တစ်ဆိုင်၊ ဘိန်းခန့်တစ်ခုရှိရင် လူငယ်တစ်ရာလောက် ပျက်စီးသွားနိုင်တယ် မဟုတ်လား။ ဒါကြောင့် လူကြီးလူယုတ်မာတွေကို သတိ ထားလို့ ရေးခဲ့တာပါ။

မနေ့က ၁၈-၂-၉၉ နေ့က ငါသူငယ်ချင်းကြီး မြသန်းတင့် နှစ်ပတ်လည် ပွဲအပြီး ပန်းဆိုးတန်း စာအုပ်ဟောင်းဆိုင်တွေဘက်ကို လျှောက်သွားခဲ့ပါတယ်။ လူရွယ်တစ်ယောက်က ငါ့ကိုသိတဲ့ပုံမျိုးနဲ့ ကြည့်လာတာကို သတိထားမိလိုက် ပါတယ်။ လူချင်းကပ်မိလာတော့ သူကပြုံးပြီး "ဆရာကြီး ဦးအောင်သင်း ပါလားခင်ဗျာ"တဲ့။ "ဟုတ်ပါတယ်"လို့ ပြောလိုက်တော့-

"ဆရာကြီးနဲ့ မမျှော်လင့်ဘဲ တွေ့လိုက်ရတာ ဝမ်းသာလိုက်တာဆရာ၊ ဒီလိုပါဆရာ...ကျွန်တော်က ဇင်းကျိုက်ကပါ။ ဆရာကြီးက စာကြည့်အသင်းတွေ လုပ်ကြဖို့အကြောင်း မကြာခဏ ရေးတယ်မဟုတ်လား။ ကျွန်တော်က ဆရာဝန် တစ်ယောက်ပါ။ ဇင်းကျိုက်မှာ ဆေးခန်းလေး ဖွင့်ထားပါတယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်စပြီး လူငယ်အပေါင်းအသင်းတွေကို စည်းရုံးပြီး 'ဗညားဒလ စာကြည့်တိုက်'ဆိုတဲ့ စာကြည့်အသင်းကလေး ထောင်ခဲ့ပါတယ်။ ခုဆိုရင် ကျွန်တော်တို့ စာကြည့်တိုက်မှာ စာအုပ်တစ်သောင်းကျော်သွားပါပြီ။ အဲဒါ ဆရာကြီးကို မုဒိတာ ဖြစ်စေချင်လို့ ပြောပြရတာပါ"

"ဟ...တစ်သောင်းကျော်ဆိုတော့ မနည်းပါလားကွ။ စာကြည့်တိုက် ကလေး မဟုတ်တော့ဘူး။ စာကြည့်တိုက်ကြီးလို့တောင် ခေါ်ရမလိုဖြစ်နေပြီကွ။ ဇင်းကျိုက်ကို ငါရောက်ဖူးသားပဲ။ မြို့ငယ်လေးပါ။ ရွာသာသာမြို့လေးပါပဲ။ ဒါပေမယ့် စာကြည့်အသင်း၊ စာကြည့်တိုက် ရှိလာပြီဆိုရင် အိမ်ခုနစ်လုံးပဲရှိ မြို့ပဲကွ။ အိမ်ခြေတစ်သိန်းလောက် ရှိနေဦးတော့ စာမဖတ်ရင် အဲဒါ 'ကျေးရွာ





ပဲကွ။ အေး...ဝမ်းသာလိုက်တာကွာ။ နေစမ်းပါဦး၊ မင်းက ဇင်းကျိုက်ဇာတိ လား"

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော့်မိဘတွေက တပ်မတော်ဝန်ထမ်း၊ ကျွန်တော့်ဇာတိက 'လွယ်လင်'လို့ ပြောရမှာပါ။ ဒါပေမယ့် ရန်ကုန်မှာပဲ ကြီးပြင်းခဲ့ရပါတယ်"

"ဒါဖြင့် ဇင်းကျိုက်က"

"သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီး ဇင်းကျိုက်မှာ ဆေးခန်းဖွင့် ဖြစ်သွားတာပါပဲဆရာ။ အခုလည်း ရန်ကုန်ရောက်သခိုက် ကောင်းနိုးကောင်းရာ စာအုပ်ကလေးတွေရှာဖို့ စာအုပ်တန်းကို လာခဲ့တာပါ"

"အေးကွာ၊ မင်းတို့လူစု တော်ကြပါပေရဲ့။ စာကြည့်အသင်းဆိုတာ တည်ထောင်နိုင်ဖို့ ခက်တယ်။ ကြာရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ကျတော့ အဆတစ်ရာလောက် ပိုခက်တယ်။ စံပြ 'ဗညားဒလ'ဖြစ်အောင် လုပ်ကြကွာ"

ကိုင်း...ကြည့်စမ်း၊ ဆရာဝန်နဲ့ စာကြည့်တိုက်နဲ့ ဘာဆိုင်လဲ။ ရှေ့ပိုင်းမှာ ပြောခဲ့သလိုပါပဲ။ လူကြီး လူရွယ်တွေမှာလည်း သူတော်ကောင်းတွေ၊ 'မျိုးဆက် သစ်ကို တိုးတက်ရစ်'စေချင်တဲ့ လူတွေတစ်ပုံကြီးပါပဲ။ ဒီတော့ မင်းတို့ အပေါင်း အသင်းမမှားဖို့သာ အရေးကြီးတာပါ။ လူကြီးသူတော်ကောင်းတွေကို အလေး အမြတ်ပြုတတ်ဖို့ လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကြိုးပမ်းအောင်မြင်မှု

"ဘိုးဘိုး ဒီမှာကြည့်စမ်း၊ ကျွန်တော် နိုင်လာခဲ့တာကွ"

ငါ့မြေးလေးက သူနိုင်လာခဲ့တဲ့ ပလတ်စတစ်ရုပ်ကလေးတွေကို လာပြ ပါတယ်။ အရုပ်ကလေးတွေက အမျိုးမျိုးပါပဲ။ အရောင်တွေကလည်း စုံနေတာ ပါပဲ။ သူ့မှာ အဲဒီအရုပ်လေးတွေ တကိုင်ကိုင်နဲ့ အလွန်ကို ပီတိဖြစ်နေပုံရပါ တယ်။ ကျပ်ကျပ်အိတ်ကလေးတစ်လုံးနဲ့ ထည့်ထားပြီး တော်ကြာရင်း ထုတ် ကြည့်လိုက်၊ ရေလိုက်၊ ပြန်ထည့်လိုက်နဲ့ပေါ့လေ။

မင်းတို့ငါတို့ အဖို့မှာတော့ဖြင့် ဒီအရုပ်ကလေးတွေဟာ ဘာမှတန်ဖိုး မရှိဘူးပေါ့။ သူ့အဖို့မှာတော့ဖြင့် တန်ဖိုးမဖြတ်နိုင်လောက်အောင်များ ဖြစ်နေ လေသလား မသိတော့ဘူး။ အဲဒီမှာ ငါဆက်ပြီး စဉ်းစားမိတာလေးကို ပြော လိုက်ချင်တာပါပဲ။ ဆက်ပြီး စဉ်းစားမိတာက ဒီလိုပါ။

သူဟာ ဒီအရုပ်ကလေးတွေကိုပဲ သက်သက်တပ်မက်နေတာလား၊ သူ ကိုယ်တိုင် တခြားကလေးတွေနဲ့ အပြိုင်အဆိုင် ဂေါ်လီပစ်ပြီး အနိုင်ရလာတာ တန်ဖိုးထား တပ်မက်နေတာလားဆိုတဲ့ အချက်ပါပဲ။ နောက်ပြီး သူ့အဖေအမေ သို့မဟုတ် အဘိုးဖြစ်သူ ငါက ဒီအရုပ်မျိုးကလေးတွေကို ဝယ်ပေးလိုက်ရင် သူဟာ ဒီလောက်ပီတိ ဖြစ်ပါ့မလားဆိုတာကို တွေးနေမိပါတယ်။

အဲဒီမှာ တစ်ချက်တွေးလိုက်မိပြန်တာက ကလေးတွေ ခပ်ငယ်ငယ်မှာ ကုလားထိုင်ပေါ် မရ ရအောင် တက်တတ်တာလေးတွေပါပဲ။ မင်းတို့လည်း သတိထားမိကြမှာပါ။ မင်းတို့ရဲ့ ညီလေး ညီမလေးတွေ၊ တူ တူမလေးတွေဟာ ကုလားထိုင်ပေါ်ကို အလွန်တက်ချင်ကြတာကို တွေ့ခဲ့ရပါလိမ့်မယ်။ လိမ့်က တာလည်း ခဏခဏ၊ ငိုတာလည်း ခဏခဏ။ ဒါပေမယ့် ကုလားထိုင်က တက်ပြန်တာပဲ။ အဲဒီမှာ ကုလားထိုင်ပေါ်ကိုအောင် အောင်အောင်မြင်မြင် ထိုင် လိုက်တဲ့အချိန်မှာ သူတို့ ပီတိဖြစ်နေပုံကို မင်းတို့ သတိထားမိရဲ့လား။ ငါကတော့ သတိထားမိတဲ့အပြင် ပြန်ဆင်းတာကို ချောင်းကြည့်မိတတ်ပါသေးတယ်။

စကားစပ်လာလို့ ပြောလိုက်ရဦးမယ်။ မင်းတို့ သစ်ပင်တက်ဖူးသလား၊





ရန်ကုန်လို မြို့ကြီးပြကြီးက လူငယ်တွေကို မေးလိုက်တာပါ။ တောကျေးလက်က လူငယ်တွေနဲ့ မဆိုင်ပါဘူး။ ငါ့ကိုယ်တွေ့ကို ပြောလိုက်ရရင်တော့ သစ်ပင် မြင့်မြင့်ကို တက်လိုက်မိပလားဆိုရင် တက်ရတာကလည်း ခက်ပါတယ်။ ဒါပေ မယ့် ဒဏ်ရာအနာတရ မဖြစ်အောင် ဆင်းရတာက အတော်လေးကို ပိုခက်ပါ တယ်။ သစ်ပင်ကို ဖက်ထားရင်း ခြေထောက်က အောက်ဘက်သစ်ကိုင်းကို လှမ်းပြီးစမ်းရတာ၊ လက်က လွတ်မသွားအောင် မြဲမြဲကိုင်ထားရတာတွေဟာ ယစ်ပင်တက်နေကျသူမဟုတ်ရင် အလွန်ကို ကြောက်စရာ ကောင်းပါတယ်။ ဒါကြောင့် ကလေးတွေ ကုလားထိုင်ပေါ်က ပြန်ဆင်းတာကို သတိထားပြီး ကြည့်မိတာပါ။ ငါတွေ့မိသလောက် ကလေးတွေဟာ များသောအားဖြင့် ကုလား ထိုင်ပေါ်က ပြန်ဆင်းတဲ့အခါမှာ မဆင်းနိုင်လို့ အော်ငိုကြတာ များပါတယ်။ လူကြီးတွေက ရယ်မောပြီး ပြန်ချပေးရတာပေါ့။ ဘာပဲပြောပြော ကလေးတွေဟာ ကိုယ်ပိုင်အောင်မြင်မှုကို လိုချင်တတ်ကြကြောင်း ထင်ရှားနေတာပါပဲ။

နောက်တစ်ခု မင်းတို့ သတိထားမိကြပြီးတာလေးကို ပြောလိုက်ချင်ပါ သေးတာ။ စက်ဘီးစီးတတ်စမှာ စက်ဘီးပေါ်ကကို မဆင်းချင်ကြတော့ဘူး မဟုတ်လား။ ကိုယ့်ဘာသာ စက်ဘီးစီးနိုင်တာကို အလွန်ကို သဘောကျတာပဲ မဟုတ်လား။ မော်တော်ကားကို မောင်းတတ်သွားတဲ့အခါမှာ ဖြစ်လာတဲ့ပီတိဟာ ကလေးဘဝ စက်ဘီးစီးတတ်တဲ့အခါမှာ ဖြစ်လာတဲ့ ပီတိလောက် မကြီးမား ဘူးလို့ ထင်မိပါတယ်။

အခု ငါတို့မျက်မှောက်ခေတ်မှာ ကြီးပွားအောင်မြင်ပြီး ကျိကျိတက် များသာနေတဲ့ လုပ်ငန်းရှင်ကြီးတွေ၊ ကုန်သည်ကြီးတွေကို တွေ့နေကြရတယ် မဟုတ်လား။ တချို့လူတွေက "ဒီလူတွေဟာ အငမ်းမရ လောဘတကြီးရှာဖွေ နေကြတာ ကိုယ်သေတော့ ပါလာမှာကျနေတာပဲ" ဆိုတာမျိုး ပြောတတ်ကြ တယ်။ ငါ့စိတ်ထဲမှာ ပစ္စည်းတပ်မက်တဲ့ လောဘကြောင့်ချည်းသက်သက် ရှာဖွေ နေကြတယ်လို့ မထင်မိဘူး။ ကလေးတွေ ကုလားထိုင်ပေါ်တက်တာမျိုးလို ကိုယ့် စွမ်းအားကို စမ်းချင်၊ အသုံးချကြည့်ချင်တာကြောင့်လည်း ဖြစ်တယ်လို့ ထင်နေ မိတယ်။ ဥစ္စာပစ္စည်းကို မက်မောတာထက် ကြိုးပမ်းအောင်မြင်မှုကို မက်မော ကြတာလို့လည်း ထင်နေမိတယ်။ ငွေကြေးချမ်းသာ ကြွယ်ဝတာထက် အဲဒီ လောက် ငွေကြေးချမ်းသာအောင် လုပ်နိုင်စွမ်းရှိကြောင်း 'ပြစား'ချင်တာက ပိုလေသလားလို့ ထင်မိတယ်။

ဒါဖြင့်ရင် ပစ္စည်းဥစ္စာ မက်မောမှု လောဘသက်သက်ကြောင့်အငမ်းမရ



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနေတဲ့သူတွေကော မရှိဘူးလားလို့ မေးစရာအကြောင်း ရှိပါတယ်။ ရှိနိုင်တာပါပဲ။ ကိုယ်တိုင်က ကောင်းကောင်းကို စားချင်လို့၊ ကောင်းကောင်းကို နေချင်လို့၊ ရုပ်ဝတ္ထုပစ္စည်းတွေကို ဖောဖောသီသီကို ခံစားချင်လို့ လုပ်နေတဲ့ သူတွေလည်း ရှိမှာပေါ့။

အဲဒီလို လူနှစ်မျိုးနှစ်စားကို သေချာသတိထားပြီး ကြည့်လိုက်မယ်ဆိုရင် အတန်သင့်တော့ ကွဲပြားနေတယ်လို့ ထင်မိတာပဲ။ လူစွမ်းလူစ'အားစမ်း'တဲ့ သူတွေဟာ ကိုယ်တိုင်ဇိမ်ခံတာတွေ ဘာတွေကို တယ်ပြီး မက်မက်မောမော မ တတ်ကြဘူး။ သူတို့ဟာ မိမိစွမ်းရည်အားဖြင့် သူတစ်ပါးကိုကူညီနိုင်ကြခြင်း မှာ ပီတိဖြစ်တတ်ကြတယ်။ ကုန်ကုန်ပြောလိုက်ရရင် ကိုယ့်မိသားစု ပျော်ရွှင် ရေးကို ဂရုစိုက်သလို ကိုယ့်အလုပ်သမား မိသားစုတွေရဲ့ ပျော်ရွှင်ချမ်းမြေ့ရေး ကိုလည်း မျက်ခြည်မပြတ် ဂရုစိုက်တတ်ကြတယ်။ သူတို့မှာ အတ္တမရှိဘူးလား ဆိုတော့ ရှိကြတာပဲပေါ့။ သို့သော်လည်း သူတို့အတ္တက လောကပတ်ဝန်းကျင် ကို မစဖော့ရှောက်နိုင်စွမ်းရှိတယ်ဆိုတာကိုပြချင်တဲ့ အတ္တမျိုးလို့ ဆိုသင့်တယ် ဒါကြောင့် သူတို့ရဲ့ စည်းစိမ်ချမ်းသာတွေကို လောကကောင်းကျိုးအတွက် အတတ်နိုင်ဆုံး အသုံးပြုပေးရှိကြတယ်။ တချို့သူတွေဟာဆိုရင် သံသရာ ဆိုတာတွေ၊ ကုသိုလ်ကောင်းမှုဆိုတာမျိုးတွေကိုတောင် တည်မစဉ်းစားကြဘူး ကုသိုလ်ရတာဟာ သူ့ဘာသာ သူရနေမှာပဲဆိုတာမျိုး အောက်မေ့လိုက်ကြတာ

ငါတော့ဖြင့် အဲဒီလိုလူမျိုးတွေကို သိပ်ပြီးအထင်ကြီး အားကျမိတာပဲ သူတို့တစ်တွေ နေတာထိုင်တာကို ကြည့်လိုက်ရင်လည်း ဘာမှ ထူးထူးခြားခြား မရှိလှဘူး။ စားတာသောက်တာ ဆိုရင်တော့ဖြင့် လုပ်ငန်းသဘောအရ ဧည့်သည် တွေ အပေါင်းအသင်းတွေကို ဟိုတယ်ကြီးတွေမှာ တခမ်းတနား ဧည့်ခံကျွေး တာမျိုးတွေတော့ ရှိတာပေါ့။ သို့ပေမယ့် သူတို့ဘာသာ အိမ်မှာ အေးအေး သက်သာ စားပြီဆိုရင် ဘာမှ ခမ်းခမ်းနားနား မရှိကြတော့ဘူး။ သူတို့ခံတွင် တွေ့တဲ့ စားစရာကလေးတွေကို သက်သာလွယ်ကူစွာ စားလိုက်ကြတာပါပဲ

ဒီတော့ ပစ္စည်းဥစ္စာသက်သက်ကို လောဘရမ္မက်ကြီးသူနဲ့ လူစွမ်းလူ ပြချင်သူတွေဟာ နည်းနည်းတော့ ကွာနေတယ် ထင်မိတာပဲ။ ဒါဟာလည်း ငါ့အတွေ့အကြုံနဲ့ ထင်မြင်ချက်ကို ပြောလိုက်ရတာဖြစ်လေတော့ တစ်ထစ် မှန်နေပြီလို့ မပြောပါဘူး။ မင်းတို့ကိုယ်တိုင်လည်း လှုံ့စားကြည့်ဖို့၊ မင်းတို့ကို မင်းတို့လည်း အကဲဖြတ်ကြည့်ဖို့ ပြောတာပါ။



# ဝန်ထုပ်မြင်းမိုရ်

တစ်နေ့က 'ဈေးကွက်'ကနေ တစ်ဆင့်ပေးလိုက်တဲ့ စာတစ်စောင်ကို ရပါတယ်။ ဖတ်ပြီ့စိတ်မကောင်းဖြစ်နေမိတာ ဒီနေ့တိုင်ပါပဲ။ စိတ်မကောင်းဘူးဆိုတာထက် ယူကျုံးမရခြင်း၊ ဒေါသဖြစ်ခြင်း၊ ခံပြင်းခြင်း ဆိုတာမျိုးတွေပါပဲ။

စာရေးလိုက်သူက သူ့သူငယ်ချင်းတစ်ယောက် ကြုံနေရတဲ့ ဒုက္ခ အကြောင်းကို ရေးထားတာပါပဲ။ သူ့သူငယ်ချင်းက သမာဓိဝလုပ်ငန်းနဲ့ကိုပဲ မွေးမြူကောင်းသူတစ်ယောက်ပါ။ ဇနီးသားသမီးတွေပေါ်မှာလည်း ဝတ္တရား ကျေသူတစ်ယောက်ပါ။ သူ့ယောက္ခမ အဘွားကြီးက ဆုံးသွားပါပြီ။ ပြဿနာ ဖြစ်နေတာက ယောက္ခမ အဘိုးကြီးပါပဲ။ သူ့စာထဲက အတိုင်းသာဆိုရင်တော့ ရိုက်သတ်ချင်လောက်အောင်ကို ဆိုးတယ်လို့ ပြောရတော့မှာပါ။ ဒီစာထဲမှာ ထည့်ရေးလိုက်ဖို့ မဆိုထားနဲ့ အပြင်မှာ စကားထဲ ထည့်ပြောဖို့တောင် မကောင်း ပါဘူး။

အဲ–အခုပြောတဲ့ သမက်ခမျာမှာ ကြိုးစားပမ်းစား ငွေရှာပြီး ဇနီးသည် အတွက် အထူးသဖြင့် သားသမီးတွေ ရှေ့ရေးအတွက် အိပ်မက်ကလေးမြင်ပြီး တိုက်ခန်းလေးဝယ်တယ်၊ တင့်တင့်တယ်တယ်နေတယ်။ အဘိုးကြီးက တောင် လုပ်မြောက်လုပ်နဲ့ သူ့အိမ်ခန်းကမရှိတော့ဘူး။ ဒီတော့ သမီးကိုအကြောင်း ပြုပြီး သူ့အိမ်ခန်းမှာ လာနေတယ်။ နေပြန်တော့လည်း ကောင်းကောင်း မနေနိုင် ဘူး။ စရိုက်တွေက ပျက်လာသေးတယ်။ စရိုက်ပျက်ရုံမကဘူး ဗိုလ်ကျအနိုင့်ကျင့် ချင်သေးတယ်။ နောက်ပိုင်း ရန်ဖြစ်ကြတော့ အိမ်ကဆင်းသွားတယ်၊ အေးအေး ဆင်းသွားတာမျိုး မဟုတ်သေးဘူး၊ ဘေးကနေပြီး အမျိုးမျိုး ပျက်စီးရာ ပျက်စီးကြောင်းကြံနေသေးတယ်။ သမက်ခမျာ လုပ်ငန်းကိစ္စနဲ့ ခရီးထွက်ရရင် တောင် ဇနီးအတွက် အထူးသဖြင့် ရင်သွေးလေးတွေအတွက် စိတ်မချနိုင် လောက်အောင် ဖြစ်နေတာပေါ့။ သူရေးလိုက်တာက "အမှန်တော့ ဆရာရယ် ကျွန်တော့် သူငယ်ချင်းက ခပ်စပ်စပ်ကလေး တစ်ချက်လောက် တီးလွှတ်ရင် ပျက်ကို့မလုပ်ဝံ့ပါဘူး၊ ဟိုအကောင်က မိန်းမကိုထောက်ပြီး မိဘဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ခံနေရတာဆိုတော့ နိုင်လို့ရတဲ့လူမို့ သက်သက် အနိုင်ကျင့်နေတာပါ။ ဒီတော့ ဆရာရယ် ကျွန်တော့် သူငယ်ချင်းခများမှာ ဝန်ထုပ်ကြီးပိုးထားနေရတာပေါ့။ ဒါပေမယ့် အဲဒီဝန်ထုပ်က မြင်းမိုရ်တောင်ကြီးလေ ဆရာရာရဲ့”တဲ့။

သူပြောချင်တဲ့ ပဓာနအချက်ကြီးကတော့ မိဘဆိုတာ အနန္တောအန ဂိုဏ်းဝင်၊ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားပြီး ရိုသေရမယ် ဆိုပေမယ့် ဒီလို မိ မျိုးကတော့ကော ဆရာရယ်လို့ ပြောလိုက်တာပါပဲ။ ဘာပဲဖြစ်ဖြစ် မိဘဟာ မိဘပဲဆိုတာမျိုးကလည်း ရှိနေသေးတယ် မဟုတ်လား။ ဒီတော့ ကုန်းခံနေ တော့တာပါပဲ။ နူနူရွဲ့ရွဲ့ မိဘဟာ မိဘပဲ၊ ကျိုးကျိုးကန်းကန်း မိဘဟာ မိဘ ဆိုတာမျိုးမှတော့ မှန်ပေတာပေါ့။ ချစ်ရမှာပေါ့။ ရိုသေရမှာပေါ့။ ပြုစုရ ပေါ့။ ဒါပေမယ့် အခု အဘိုးကြီးလိုဟာမျိုးကျတော့ အနိုင်ကျင့်နေတာ။ သူ့ ဘောကြောင်တဲ့လူတွေဟာ ဒီအတိုင်းပါပဲ။ ကိုယ်ပြုသမျှခံရမယ့် သူတွေအပေါ် အလွန်အနိုင်ကျင့်ချင်တတ်ကြပါတယ်။ ကိုယ့်ကို ခပ်စပ်စပ်ပြန်တီးမယ့် လူမျိုး ကျတော့ ချော့ပေါင်းတတ်ကြတယ်။

အမှန်ပြောရရင် အဲဒီသူငယ်ကို ငါ သနားမိတယ်။ ဟောပြောပွဲတွေမှ ဆိုရင် ဒီအကြောင်းကိုယှဉ်ပြီး ပြောမိတတ်ပါတယ်။ “တာဝန်မဲ့တဲ့ သားသမီး မိဘဖြစ်ရတာလည်း လောကငရဲပဲ။ တာဝန်မဲ့တဲ့မိဘရဲ့ သားသမီးဖြစ်ရတာ ကျတော့ ပိုကြီးတဲ့ လောကငရဲ”လို့ မကြာခဏ ပြောမိတတ်ပါတယ်။ တကယ် လည်း အမှန်ပါပဲ။ သားဆိုးသမီးဆိုးတွေကြောင့် မိဘဒုက္ခရောက်တတ်တာ အမှန်ပါပဲ။ ဒါပေမယ့် မိဆိုးဖဆိုးတွေကြောင့်သား သမီးတွေ ဒုက္ခရောက်ရတာက ပိုပြီးကြီးတယ်လို့ ထင်နေမိပါတယ်။

ဒီလူက ငါ့ဆီကို ဘာကြောင့် ဒီစာကို ရေးလိုက်ရသလဲဆိုတာက ပြောရဦးမယ်။ သူရေးထားတာက–

“ဆရာ(ဦး)အောင်သင်း ခင်ဗျား၊ ကျွန်တော့် အသက်က ၄၀ ကျော်ပါ ပြီ။ ဆရာရေးနေတဲ့ မျိုးဆက်သစ်တိုးတက်ရစ်ဖို့ ဆောင်းပါးတွေကို ကျွန်တော် အမြဲစောင့်ဖတ်နေပါတယ်။ မျိုးဆက်သစ်သာမဟုတ်ပါ၊ ဆရာရေးတဲ့ တခြား စာအုပ်တွေကိုလည်း ဖတ်ပါတယ်။ မဖတ်မဖြစ်လို့ ကျွန်တော် သတ်မှတ်ထား တဲ့ စာရေးဆရာ တစ်ဒါဇင်လောက်မှာ ဆရာလည်း တစ်ယောက်အပါအဝင်ပါ။ မျိုးဆက်သစ်လူငယ်တွေအပေါ်မှာ ဆရာထားတဲ့ စေတနာဟာ အလွန်ပေါ်လွင် လှပါတယ်။ ဒါပေမယ့် ဆရာရေ...အဲဒီမျိုးဆက်သစ်ငွေ့ဟာလည်း တစ်ချိန် ကျရင် အသက်တွေကြီးပြီး မျိုးဆက်ဟောင်းတွေ ဖြစ်လာတော့မှာပါ။ ဆရာက





ဆရာလုပ်တယ်လို့ မထင်ပါနဲ့ဆရာ။ ကျွန်တော် အနူးအညွတ် တောင်းပန်ပြီး ရေးပါရစေ။ ဆရာက သားကောင်းသမီးတွေ ဖြစ်လာအောင် လူငယ်တွေကို ဆုံးမပေးနေတာ မိဘတစ်ယောက်အနေနဲ့ ကျေးဇူးတင်လှပါတယ်။ ဒါပေမယ့် သူတို့ကို ရိုသေအပ်တဲ့၊ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး ကိုးကွယ်အပ်တဲ့ မိဘမျိုးဖြစ်လာအောင်လည်း သင်ကြားပေးပါဦးဆရာ။ ဘုရားစင်ပေါ်မှာ နေချင်ရင် အနိမ့်ဆုံး ညောင်ရေအိုးလောက်တော့ မဖြစ်သင့်ပေဘူးလားဆရာ။ ဘာကြောင့် ဒီစာကိုရေးလိုက်ရသလဲဆိုတော့ ကျွန်တော်ကိုယ်တိုင် တွေ့နေရတဲ့ သာဓကတစ်ခုကြောင့်ပါ။ အဲဒါက...”

ကဲ–ဒီလောက်ဆို မင်းတို့လည်း သဘောပေါက်ကြပါပြီ။ မိဘအပေါ်မှာ လည်း မဆိုးကြပါနဲ့။ မိဘဖြစ်လာရင်လည်း သားသမီးတွေအပေါ် ကိုယ် နိုင်ချင်တိုင်းနိုင်လို့ရတယ်ဆိုပြီး အနိုင်မကျင့်ကြနဲ့ပေါ့။ အဲဒါက သူ့ရဲ့ဘော ကြောင်တဲ့ လက္ခဏာတစ်ရပ်ဖြစ်လို့ အလွန်ရှက်စရာကောင်းတယ်ဆိုတာ စွဲစွဲ မြဲမြဲကြီး မှတ်ထားသင့်ပါတယ်။

သူ့ဆီကိုတော့ “ကျွန်တော့်စာတွေကို ဖတ်နေတဲ့ ကလေးတွေဟာ အဲဒီလို မိဘမျိုး ဖြစ်မလာနိုင်ပါဘူး”လို့ စာပြန်လိုက်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

# အလှအန္တရာယ်

အလှဆိုတာမျိုးဟာ တစ်ခါတစ်ရံမှာ အလှပိုင်ရှင်ကိုပါ အန္တရာယ်ပြုတ
ကြောင်းကို ရေးခဲ့ဖူးပါတယ်။ ဥဒေါင်းတွေကို သာဓကတင်ပြီး ရေးခဲ့ပါတယ
လူတွေဟာ ဒေါင်းတွေကိုသတ်ကြတာဟာ အသားကိုမက်မက်မောမော စား
လွန်းလို့ မဟုတ်ကြပါဘူး။ သူတို့ရဲ့ ကျက်သရေဆောင်အမြီးကို လိုချင်
သတ်ကြတာဖြစ်ကြောင်းကို ပြောခဲ့ဖူးပါတယ်။ မိန်းကလေးတွေမှာလည်း ဒီ
ပါပဲ၊ လှရင်ချောရင် လူချစ်လူခင်ပေါသလောက် အန္တရာယ်လည်း များတာပါ

ဒီတစ်ခါမှာရေးလိုက်ချင်တာကတော့ ငါကိုယ်တိုင် မကြာခဏသ
ထားမိတတ်တဲ့ အန္တရာယ်ပါပဲ။ ကျောင်းဆရာဘဝမှာ နှစ်ပေါင်းများစွာ က
လည်လာခဲ့ရတော့ ယောကျာ်းလေးတပည့်၊ မိန်းကလေးတပည့် စုံနေအေ
တွေ့ရတာဟာ အဆန်းမဟုတ်ပေဘူးပေါ့။ စိတ်ညစ်စရာ သို့မဟုတ် သနားစ
ကောင်းတဲ့ တပည့်တွေကတော့ နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးက
သူတို့မိဘတွေက တကယ့်ကို ဩဇာအာဏာ တန်ခိုးတေဇာ ဝေဖြာတဲ့သူ
ဖြစ်တာပါပဲ။ မိဘကလည်း ဖူးဖူးမှုတ်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလ
အရူးလုပ်ထားတဲ့ မိန်းကလေးတွေပဲပေါ့။ သူတို့ဟာ သူတို့အလိုကိုပဲ သိ
တယ်။ စာသင်တဲ့ ဆရာကအစ ပတ်ဝန်းကျင်တစ်ခုလုံးက သူတို့အလို
လိုက်စေချင်တယ်။ တစ်ခုရှိတာက မိဘအပေါ်မှာလည်း အများကြီးတည်
တာကို လာတွေ့ရတတ်ပြန်ပါတယ်။ ထားလိုက်ပါတော့၊ အခုပြောချင်တာ
အလှအန္တရာယ်ကို ပြောချင်တာပါ။

လှတဲ့မိန်းကလေးတွေဟာ အလွန်ကိုမျက်နှာပွင့်ကြတာ မင်းတို့ငါ
အားလုံးသတိထားမိကြပါတယ်။ ငါကိုယ်တိုင်လည်း လှတဲ့မိန်းကလေးတွေ
သတိထားမိခဲ့တာပါပဲ။ ငါတို့ယောကျာ်းတွေကို မဆိုထားနဲ့ သူတို့မိန်းက
အချင်းချင်းမှာတောင် လှတဲ့မိန်းကလေးကို ပိုပြီးဂရုစိုက်ကြတယ်မဟုတ်လ

မိန်းမချောလေးတွေမှာ အန္တရာယ်နှစ်မျိုး ရှိတတ်ပါတယ်။ ပ
အန္တရာယ်ကတော့ သူတို့ကိုယ်သူတို့ လှတယ်ဆိုတာကို သိနေတာကြောင့်





အလှကို 'ပြစား'လိုသော အန္တရာယ်ပါပဲ။ ဆိုလိုတာက သူတို့အလှမှာ သူတို့ကိုယ်တိုင် ယစ်မူးနေပြီးတော့ သူတို့ကိုယ်သူတို့ လှသည်ထက်လှအောင်၊ အများက စိတ်ဝင်စားအောင် အားထုတ်နေတတ်ခြင်းဖြစ်တယ်။ ဓာတ်ပုံတွေအမျိုးမျိုးရိုက်မယ်၊ အဝတ်အစား အဆန်းအသစ်တွေ အမျိုးမျိုးဝတ်မယ်။ အဲဒီလိုဝတ်ဆင်ပြီးတော့ ပွဲလမ်းသဘင်တွေကိုသွားမယ်။ သူ့စိတ်ထဲမှာ သူ့အလှကို ပြင်ဆင်မွမ်းမံနေဖို့ကလွဲလို့ ဘာကိုမှ ဟုတ်တိပတ်တိ စိတ်ဝင်စားမှုမရှိတော့ဘူး။ ရုပ်ရည်ချောမောတာကြောင့်၊ စန်းပွင့်တာကြောင့် လင်ကောင်းသားကောင်းရရင်တောင်မှ သူတို့ဟာ အိမ်ရှင်မ တစ်ယောက်အနေနဲ့ အောင်မြင်မှု မရတာတ်ကြဘူး။ မိဘတစ်ယောက်အနေနဲ့လည်း သားသမီးတွေကို ထိန်းသိမ်းပျိုးထောင်ရာမှာ လိမ်မာမှုနည်းတတ်ကြတယ်။ အလိမ္မာတရားကိုပေးတဲ့ စာတွေပေတွေကို စိတ်ဝင်စားမှု နည်းပါးခဲ့တယ်မဟုတ်လား။ အဲဒါကတော့ ပထမအမျိုးအစား အန္တရာယ်ပါပဲ။ သူတို့ဟာ ကျောင်းစာသင်ကြားမှုမှာ ဆုံးခန်းတိုင်ရောက်လို့ ဘွဲ့တွေဘာတွေ ရသွားလိုက်စေဦးတော့ ပညာကို ချစ်လို့မဟုတ်ဘူး၊ မျက်နှာငယ်မှာစိုးလို့ ပညာကို သင်ကြတာ ဖြစ်နေတတ်တယ်။

ဒုတိယအမျိုးအစား အန္တရာယ်ကတော့ ပတ်ဝန်းကျင်အလိုလိုက်မှုကြောင့် ကလေးဆိုးကြီးတွေလို ပျက်စီးသွားတဲ့ အန္တရာယ်ပါပဲ။ သူ့ကိုယ်သူသာလျှင် စိတ်ဝင်စားပြီး ပတ်ဝန်းကျင်တစ်ခုလုံးက သူ့အလိုကို လိုက်စေချင်တာမျိုးပေါ့။ လူ့လောကကြီးမှာနေရတာက အပေးအယူ သဘောမျိုးတွေနဲ့ ဆက်ဆံကြရတာကိုး။ ကိုယ်ယူရမှ၊ ရရမှာဆိုတာမျိုး အယူသမားသက်သက် ဖြစ်နေလို့ရှိရင် မပျော်စရာကောင်းတဲ့ဘဝမျိုးကို ဘယ်မှာထူထောင်နိုင်ပါတော့မလဲ။ ကိုယ်ကရမှ သုခမဟုတ်ဘဲ၊ ကိုယ်ကပေးနိုင်တာဟာလည်း သုခဆိုတာကို နားလည်သင့်ကြတယ် မဟုတ်လား။ အကူအညီတောင်းခံရတာထက် ကူညီနိုင်တာက ပိုပြီးကောင်းတယ်မဟုတ်လား။ ကိုယ့်ကိုကိုယ်သာလျှင် ဗဟိုထားမိပြီး စဉ်းစားတတ်တဲ့အကျင့်ကြီးပါသွားလို့ရှိရင် 'ရုပ်ချော မနော်ကောင်း' ဘယ်မှာဖြစ်နိုင်ပါ့မလဲ။ စိတ်ကပါလှနေဖို့လည်း လိုအပ်တယ်မဟုတ်လား။ စိတ်လှတယ်ဆိုတာရဲ့ လိုရင်းသဘောကိုလှမ်းပြီး စဉ်းစားလိုက်ရင် မိမိကြောင့် သူတစ်ပါးဆင်းရဲခြင်း မဖြစ်စေဘဲ၊ မိမိကြောင့် သူတစ်ပါးမှာ ချမ်းသာခြင်း ဖြစ်စေတာပါပဲ။

လှပင်လှသော်လည်း မိမိအလှကို အမှတ်မထင်ထားပြီး သူလိုငါလို နေသွားတတ်တဲ့ မိန်းကလေးတွေဟာ လူမှုဘဝ၊ အိမ်ထောင်သည်ဘဝ၊ မိခင်ဘဝ စတဲ့ ဘဝအားလုံးမှာ အောင်အောင်မြင်မြင် ဖြစ်သွားတတ်တာကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရလေ့ရှိပါတယ်။ သူတို့ရဲ့ သားသမီးတွေကျတော့လည်း လိမ်မာရေးခြားရှိကြတာကို တွေ့ရပြန်တာပဲ။ ကိုယ့်အလှကိုယ်ယစ်မူးခဲ့တဲ့ မိန်းကလေးတွေကျတော့ သူတို့ဘဝမှာ တင့်တင့်တယ်တယ် ဖြစ်သွားပေမယ့် သားသမီးတွေကို ထွန်းထွန်းပေါက်ပေါက် ဖြစ်လာအောင် ပျိုးထောင်ပေးနိုင်မှု နည်းပါးတတ်တယ်။

တကယ်စဉ်းစားကြည့်လိုက်ရင် ရုပ်ဘယ်လောက်ပဲ လှနေနေ အရွယ်ကိုတားလို့ဆီးလို့ရတာမှ မဟုတ်ပါပဲကလား။ ရုပ်အလှဆိုက ကာလကန့်သတ်မှုရှိနေတာကိုး။ စိတ်အလှ၊ ပညာအလှကသာလျှင် ရေရှည်ခံတယ်မဟုတ်လား။ ရုပ်သာလှပြီး စိတ်ကမလှရင် ရုပ်လှတာက မှေးမှိန်သွားတတ်စမြဲ ဆိုတာကို သိနေဖို့ လိုအပ်ပါတယ်။



## ‘မျိုးဆက်သစ်တို့ တိုးတက်မယစ်ဖို့’တဲ့

‘ဈေးကွက်’ကတစ်ဆင့် စာလေးတစ်စောင် ရောက်လာပါတယ်။ ထည့်လိုက်တာကကြာပါပြီ။ ၁ လပိုင်းက ထည့်လိုက်တာပါ။ စာရောက်နေတာလည်း ကြာပါပြီ။ ဈေးကွက်တိုက်ကို မရောက်ဖြစ်လေတော့ စာတည်းအဖွဲ့ကလည်း ပေးမိဘူးပေါ့။ အဲဒါကြောင့်ကို စာကို ဒီနေ့ ၁၁–၂–၉၉ ကျမှပဲ ဖတ်ရပါတော့တယ်။ စာအကြောင်း ပြောပါ့မယ်။

‘ဈေးကွက်’မှာတဲ့ ‘မျိုးဆက်သစ်တိုးတက်ရစ်ဖို့’ ဆောင်းပါးတွေကို ပြုတ်ဖတ်ခဲ့ကြောင်း၊ လူငယ်တွေ အကျိုးကျေးဇူးအတွက် ခုလိုရေးနေတာ အလွန်ဝမ်းသာပါကြောင်း စသည်ဖြင့် နိဒါန်းပျိုးထားပါတယ်။

ဆက်ပြီး ရေးထားတာတွေကတော့–

*ကျွန်တော်သည် နေထိုင်ရာအိမ်မှ နေ့တိုင်းလိုလို မဟာဗန္ဓုလပန်းခြံတစ်လျှောက် လမ်းလျှောက်လေ့ရှိပါသည်။ မဟာဗန္ဓုလလမ်းတစ်လျှောက်က စားသောက်ဆိုင်အများစုသည် စည်ဘီယာရပြီ၊ နောက်တစ်ခါ စည်ဘီယာတစ်ခွက် ၇၅/–ဆိုတဲ့ စာတန်းတွေကို တွေ့ရပါသည်။ အဲဒီမှာ ကျွန်တော်သဘင်မကျချင်တော့ဘူး။ ဘီယာဆိုသည်မှာလည်း ဘာဘီယာ၊ ညာဘီယာ၊ ဟိုဘီယာ၊ ဒီဘီယာ နာမည်တွေစုံနေပါတော့သည်။ စီးပွားရေးသမားကတော့ ကိုယ့်စီးပွားရေး တိုးတက်အောင် ကြော်ငြာပြီး ရောင်းမှာပါ။ ဒါပေမယ့် ကျွန်တော်ငယ်ငယ်က သင်ခဲ့ရတဲ့ ဒေါင်းတံဆိပ်ဖတ်စာအုပ်ထဲက (ဘိန်းဘင်းကဖော်၊ ပျော်စားသောက်စား၊ ပြုသူများ၊ စီးပွားပျက်မည်သိ) ဆိုတဲ့ စာကိုသတိရမိပါသည်။ မူးယစ်ဆေးဝါးထဲမှာ ဘီယာမပါဘူးလား။ ကျွဲရိုင်းတို့ လစ်ပိုတို့အမျိုးမှန့်တို့တောင်မှ များများသောက်ရင် အန္တရာယ်ရှိကြောင်း သက်ဆိုင်ရာက ပြောပေးထားလေတော့ ဘီယာတို့ အရက်တို့ကိုသောက်ရင်လည်း အန္တရာယ်ရှိမှာမှချပါပဲ။ ဒီတော့ ဦးအောင်သင်းအနေနဲ့ ‘မျိုးဆက်သစ်တို့ တိုးတက်မယစ်ဖို့’ စာနယ်ဇင်း အဖြာဖြာက သတင်းလွှာလေးတစ်ပုဒ်လောက်တော့ ရေးမစချင်ပါသည်တဲ့။*



www.burmeseclassic.com

www.burmeseclassic.com



'မျိုးဆက်သစ်တို့ တိုးတက်မယစ်ဖို့'ဆိုတာလေးကို ဖတ်လိုက်ရတော့ 'ရစ်'နဲ့ 'ယစ်'ခွဲထားကို ငါတောင် မစဉ်းစားမိပါလို့တွေးပြီး ပြုံးလိုက်မိပါသေးတယ်။

တကယ်ဆိုတော့ ယစ်စေတာမှန်သမျှဟာ ကျန်းမာရေးကို သေသေချာချာ ထိခိုက်နိုင်ကြောင်း သေသေချာချာ သိနေကြပြီး ဖြစ်ပါတယ်။ ကြော်ငြာတွေကတော့ ကြော်ငြာကြမှာပဲ။ ဒုတိယကမ္ဘာစစ်ကြီးပယောဂကြောင့် လူတွေအရက်သောက်အကျင့်ပါသွားတဲ့အကြောင်း တစ်ခါတလေ ရေးခဲ့ဖူးပါသေးတယ်။

စစ်မဖြစ်မီ ငါတို့ငယ်ငယ်ခေတ်က အရက်သောက်တတ်တဲ့လူဆိုရင် စာရိတ္တပျက်တဲ့လူအဖြစ် ပတ်ဝန်းကျင်က အထင်သေးရှုတ်ချတဲ့အကြည့်နဲ့ ကြည့်ကြတယ်။ အရက်မူးလာတဲ့လူဆိုရင် ပြောမနေနဲ့တော့။ ငါတို့ငယ်ငယ်က အရက်သောက်နေတဲ့ဝိုင်းကို မမြင်ဖူးခဲ့ပါဘူး။ ခေါက်ဆွဲဆိုင်တွေ ဘာတွေမှာ ဆိုရင်လည်း မမြင်ရအောင် သေချာကာရံထားတယ်။ သောက်တဲ့လူတွေက လည်း လူမြင်မခံဘူး။ ငါတို့တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာတဲ့အချိန် (၁၉၅၉–၆၀)မှာတောင် နာမည်ကြီး 'တာဟူဘား'ဆိုတာမှာတောင် မမြင်ရအောင် ကာရံထားတယ်။ ကလေးလူငယ်တွေ အတုမြင် အတတ်သင် မဖြစ်အောင်ပေါ့။

ရုပ်ရှင်စတဲ့ ပွဲလမ်းသဘင်ထဲမှာတောင် လူဆိုးတွေသာ အရက်သောက်တာ၊ ဇာတ်လိုက်မင်းသားက အရက်သောက်ပြလေ့မရှိဘူး။ ဇာတ်လိုက်က အရက်သောက်ပြီဆိုရင် အဲဒီအရက်ကြောင့် မှားယွင်းဒုက္ခရောက်ရတဲ့ ဇာတ်လမ်းကြီးသာ ဖြစ်လာတာပါပဲ။ အနုပညာသမားတွေရဲ့ စောင့်စည်းမှုလို့ ဆိုရမှာပေါ့။ စာပေလောကကို ကြည့်လိုက်ရင်လည်း ဒီလိုပဲ စောင့်စည်းကြတယ်။ ဆရာကြီး ပီမိုးနင်းဟာ သူကိုယ်တိုင်က အရက်သောက်တာ မှန်သော်လည်း အရက်သောက်တာ 'မမှန်ဘူး'လို့ ယုံကြည်တယ်။ ဒါကြောင့် စာဖတ်သူတွေက အရက်ဘက်မှာစိတ်ညွတ်သွားအောင် ဘယ်တော့မှ မရေးခဲ့ဘူး။ အဲဒီအကြောင်းကို ဆရာဦးသိန်းဖေမြင့်က အမှတ်တရ လေးလေးစားစား ချီးကျူးဖူးပါတယ်။

နောက်ပိုင်းမှာတော့ စာရေးဆရာတစ်သိုက်ဟာ အချစ်ကြောင့် အသည်းကွဲ၊ ကွဲတဲ့အသည်းကို အရက်နဲ့ စိမ်တယ်ဆိုတာမျိုးတွေ အများကြီးရေးခဲ့ကြတယ်။ အဲဒီစာရေးဆရာ အတော်များများဟာလည်း အရက်ထဲမှာနစ်ပြီး ဘဝပျက်သွားရတာကို တွေ့ရတာပါပဲ။ အဲဒီနောက်ပိုင်းမှာတော့ အနုပညာ





လူငယ်လေးတချို့ဟာ အရက်ထက် တစ်ဆင့်တက်ပြီး အဆင့်မြင့် မူးယစ်ဆေးထိအောင် လှမ်းသွားတော့တာပဲ။

ထားလိုက်ပါတော့လေ– ခုနက ပေးစာထဲမှာပါသလိုပါပဲ။ စီးပွားရှင်တွေကတော့ ရုပ်ရှင်သရုပ်ဆောင်တွေ၊ အဆိုတော်တွေ၊ မော်ဒယ်တွေကို ပိုက်ဆံပုံပေးပြီး မင်းတို့သောက်ချင်လာအောင် ကြော်ငြာမှာပဲ။ သရုပ်ဆောင်တွေ မော်ဒယ်တွေကလည်း ပိုက်ဆံရရင် (မင်းတို့တစ်တွေ ဘာဖြစ်ကုန်ကုန်)လုပ်ကြမှာပဲ။

တစ်ခုတည်းရှိတာကတော့ မင်းဟာ တိုးတက်တဲ့ လူငယ်တစ်ယောက်ဖြစ်ချင်သလား၊ ဘဝမှာ ကြီးပွားချင်သလား၊ ကြွံခိုင်တဲ့မိသားစုနဲ့ မျိုးဆက်သစ်ကြီးကိုထူထောင်ချင်သလားဆိုတာကို ကျကျနန စဉ်းစားပါ။ အဲဒီလို ဖြစ်ချင်ပါတယ်ဆိုရင်တော့ သာမန်မော်ဒယ်ကို ထားလိုက်တော့၊ တာဝတိံသာက နတ်သမီးလေးတစ်ယောက်ဆင်းလာပြီး မော်ဒယ်လုပ်ကြော်ငြာထားရင်တောင် မဆိပ်ရေသောက်ဖို့ မြူဆွယ်တာပဲလို့ သတိပြုနိုင်စေရပါမယ်။ ပိုက်ဆံရလို့ လုပ်နေကြတဲ့ ကြော်ငြာမော်ဒယ်တွေကို သွားမေးကြည့်ပါလား၊ သူတို့ကြော်ငြာတဲ့ အရက်တို့ ဘီယာတို့ကို "ခင်ဗျားတို့ သားချင်းတွေ၊ မောင်လေးတွေ၊ သားသမီးတွေကိုလည်း သောက်ကြစေချင်သလားလို့" ဒီအဖြေကို မင်းတို့သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ကလေးကို ဖတ်ပြဖို့စာအုပ်

ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တစ်ခုက ကလေးတွေကို ဖတ်ပြဖို့ စာအုပ်ပြပွဲစုရေး အဖွဲ့ငယ်မှာ ငါက အမှတ်မထင်ပါနေတယ်။ ငါတို့ဆီမှာ ကလေးစာပေ စာစောင်လေးတွေ အတော်ကို များများရှိပါတယ်။ ရုပ်ပြစာအုပ်တွေလည်း ထွက်ပါတယ်။ ဒါပေမယ့် ကလေးတွေကို ဖတ်ပြဖို့ စာအုပ်က မရှိသလောက်ပါပဲ။ ဒါကြောင့် အဲဒီလို စာအုပ်မျိုးကလေး နှစ်အုပ်ကို ထုတ်ကြည့်လိုက်တယ်။ လူကြီးတွေက ကောက်ကိုင်ပြီး ပြန်ချပစ်ခဲ့ကြတာပါပဲ။ ဒီစာအုပ်မျိုးအကြောင်းကို နားလည်တဲ့ လူကြီးမိဘ အလွန်နည်းနေတဲ့သဘောပါပဲ။

ဒီစာအုပ်မျိုးက ဇာတ်လမ်းဇာတ်ကွက်တွေရယ် မဟုတ်ဘူး။ ကလေးငယ်တစ်ယောက် ကျောင်းကိုသွားတယ်၊ လမ်းမှာ ဘဲလေးတွေ၊ ကြောင်လေးတွေ၊ နွားတွေကို တွေ့တယ်။ ဘဲက သုံးကောင်၊ ကြောင်နှစ်ကောင်၊ နွားကတစ်ကောင် ဆိုတာမျိုးလောက်ကိုပဲ ပြောရတယ်။ စာလည်း နည်းရတယ်။ စာက လူကြီးက ဖတ်ပြဖို့သာ ရေးထားသာ၊ ကလေးဖတ်ဖို့ မဟုတ်ဘူး။ ကလေးက စာသင်တဲ့အရွယ်မဟုတ်ဘူး။ အခါလည်သာသာလောက် အရွယ်ပဲ ရှိသေးတာ။ အဲဒီအရုပ်တွေ၍ကိုပြပြီး ကလေးကို စာဖတ်ပြရတယ်။ ဆိုကြပါစို့ 'မဖြူက ကျောင်းကိုသွားတယ်' စာက ဒီလောက်ပဲပါတာ။ အရုပ်ကတော့ မဖြူကျောင်းသွားတဲ့ပုံပေါ့။ အရုပ်ကို တတ်နိုင်သမျှ ရှင်းရှင်းလေး ရေးရတယ်။ ဘောကရဲတဲ့ ပစ္စည်းတွေကလည်း ကလေးတွေ့ဖူးမြင်ဖူးနေတဲ့ ပစ္စည်းမျိုးတွေ ဖြစ်ရတယ်။ သစ်ပင် ပန်းပင်တို့၊ လိပ်ပြာတို့ စသည်ဖြင့်ပေါ့။

နောက်တစ်ခန်းရောက်တော့ ဘဲကလေးနှစ်ကောင်ကို တွေ့တယ်။ အဲဒီမှာလည်း စာက 'ဘဲလေးနှစ်ကောင်ကို တွေ့တယ်'။ ဒါပဲရေးထားတာ။ အဲဒါကိုလူကြီးက ဖတ်ပြရတယ်။ ဘဲလေးတွေ ဘယ်မှာလဲလို့ ကလေးကို မေးရတယ်။ သူက ဘဲလေးတွေကို ရှာလိမ့်မယ်။ ဘယ်နှစ်ကောင်လဲလို့ထပ်မေးပြီး 'ဟော ဒီမှာကြည့်–တစ်ကောင်–နှစ်ကောင်'လို့ လက်ထောက်ပြီး ပြရတယ်။ ဒီလိုနဲ့ အရေအတွက်ကို ကလေးနဲ့ မိတ်ဆက်ပေးရတယ်။





နောက်ပြီး စာကိုဖတ်တော့လည်း စာကို လက်ကထောက်ပြီး ဖတ်ပြရတယ်။ ဒီတော့ အမှတ်မထင်နဲ့ပဲ စာအရေးအသားဆိုတာကို ကလေးက သဘောပေါက်လာတယ်။ နောက်ပြီး ဒီစာတွေကို သူကိုယ်တိုင် ဖတ်ချင်လာတယ်။ အဲဒါဟာ ဒီစာအုပ်တွေရဲ့ ပဓာန ရည်မှန်းချက်ကြီးပါပဲ။ ကလေးရဲ့ သိချင်စိတ်၊ ပညာလိုလားစိတ်ကို နှိုးလိုက်တာလေ။ ဟုတ်တယ်မဟုတ်လား။

အဲဒါလေးကိုသိလိုက်ပြီးရင် ကလေးဟာ ဒီစာအုပ်ကို ချစ်လာတယ်။ စာအုပ်ကိုကိုင်တဲ့ပြီး အရုပ်တွေကို ကြည့်ရင်း သူ့ဘာသာသူ စိတ်ကူးနေတော့ဟာ။ သူတို့စိတ်ကူးတွေဟာ မင်းတို့ငါတို့ လူကြီးတွေထက် ဆန်းဆန်းကြယ်ကြယ် ဖြစ်နေတာကို မကြာခဏ တွေ့ရတတ်တယ်။ နည်းနည်းလောက်ကလေး စကားပြောတတ်တယ်ဆိုရင် သူတို့ကကို ရမေးခွန်းတွေ မေးလာတတ်တယ်။ တစ်ခါတစ်ရံမှာလည်း သူတို့ဘာသာသူတို့ ပုံပြင်ကလေးလို ဆက်ပြီးပြောချင်ပြောတတ်တယ်။ စာအုပ်ကိုကိုင်ပြီး စာအုပ်ထဲမှာပါတဲ့ ဇာတ်ကောင်လေးနဲ့ စကားပြောချင်လည်း ပြောနေတတ်တယ်။

စာအုပ်ဟာ သူ့ရဲ့အဖော် ဖြစ်မှန်းမသိ ဖြစ်လာတယ်။ ဒါဟာ အလွန်အရေးကြီးတဲ့အချက် ဖြစ်တယ်။ အခုလို ခေတ်ကြီးမှာ ပိုပြီး အရေးကြီးတယ်။ မိဘနှစ်ပါးလုံးက အလုပ်လုပ်နေရပြီဆိုတော့ ကလေးရဲ့အဖော် အခါခပ်သိမ်း မဖြစ်နိုင်တော့ဘူး။ ရှေးကတော့ အဘိုးအဘွားက ကလေးတွေ မြေးတွေရဲ့ အဖော်ဖြစ်နိုင်သေးတယ်။ ခုအခါမှာတော့ဖြင့် အဘိုးအဘွားနဲ့ နီးနီးနားနား နေနိုင်ဖို့ဆိုတာကတောင် အတော်ကိုခက်တဲ့ ကိစ္စဖြစ်နေတယ် မဟုတ်လား။

ဒီတော့ မင်းတို့ လူငယ်လူရွယ် မျိုးဆက်သစ်တွေအတွက် ငါတတ်အားသမျှ စာတွေပေတွေ ရေးနေသလို၊ စာရေးခြင်းအားဖြင့် မင်းတို့နဲ့ အဖော်လုပ်နေသလို မင်းတို့ကကော မင်းတို့ရဲ့ ညီလေး ညီမလေးတွေ၊ တူလေး တူမလေးတွေရဲ့ အဖော်မဖြစ်ချင်ဘူးလား။ တစ်ကြိမ်တစ်ခါလောက်မျှဖြစ်စေ စမ်းကြည့်စေချင်ပါတယ်။ သူတို့ကလည်း မင်းအတွက် အပြစ်ကင်းသော၊ ချစ်စရာကောင်းသော အဖော်လေးတွေ ဖြစ်လာပါလိမ့်မယ်။

ဒီလိုလုပ်ပေးတဲ့အတွက်ကြောင့် ပေါ်ပေါက်လာတဲ့အကျိုးကျေးဇူးတွေကို ပြောလို့မကုန်နိုင်ပါဘူး။ မင်းရင်ထဲမှာ ကလေးတွေကိုချစ်တတ် နားလည်လာတဲ့ မေတ္တာတရား ပေါ်လာလိမ့်မယ်။ လောကကို မေတ္တာထားတတ်လာလိမ့်မယ်။ အဲဒီစိတ်မျိုးကိန်းအောင်လာခြင်းဟာ မင်းရဲ့တစ်သက်တာမှာ ပျော်မွေ့အောင် အရင်းအနှီး ရလိုက်တာပါပဲ။ ကလေးတွေနဲ့ ချစ်ချစ်ခင်ခင်



www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီးနေတတ်သူတွေဟာ သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ တစ်ဖက်သားကို နားလည်အောင်ကြိုးစားတတ်တဲ့ စိတ်တွေဝင်လာရှိတယ်။ ဒါကြောင့် ညီလေးညီမလေးတွေရဲ့ အဖော်လုပ်ကြည့်ပါလို့ တိုက်တွန်းလိုက်ရတာပါ။

ကလေးတွေဘက်၍ ကြည့်လိုက်ရင်တော့ဖြင့် သူ့ဘဝမှာ မေတ္တာနွေးထွေးမှုရတာကြောင့် လောကကို၊ လူတွေကို၊ အစ်ကြီး အစ်မကြီးကို ယုံကြည်ချစ်ခင်တဲ့စိတ်မျိုး ရသွားစေတယ်။ စိတ်ဓာတ်လုံခြုံမှု ရှိလာစေတယ်။ ဒါတွေဟာ အလွန်ကိုလိုအပ်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ဖြစ်တယ်ဆိုတာ မင်းတို့ နားလည်နိုင်ပါတယ်။

အားလုံးကိုခြုံပြီး ပြောလိုက်ရမယ်ဆိုရင် မင်းတို့မိဘတွေက ကြိုးကြိုးစားစား စီးပွားရှာနေချိန်မှာ မင်းတို့က ပျော်စရာကောင်းတဲ့ မေတ္တာထွန်းတဲ့ မိသားစုလေးတစ်ခုဖြစ်အောင် ဝိုင်းဝန်းကူညီထူထောင်ပေးလိုက်တာပါပဲ။



## ကလေးကို ဖတ်ပြဖို့စာအုပ် (၂)

စာနည်းနည်းဖတ်တတ်နေတဲ့ ကလေးတွေအတွက်ရေးတဲ့ ရုပ်ပြနဲ့ (၁)နှစ်သား (၂)နှစ်သားလောက်အရွယ် ကလေးတွေကို ဖတ်ပြဖို့ စာအုပ်ဟာ မတူကြဘူး။ ကလေးပေါက်စတွေအတွက်ရေးတဲ့စာအုပ်က သူတို့ဖတ်ဖို့မဟုတ်ဘူး၊ လူကြီးမိဘက ဖတ်ပြဖို့ ရေးရတာ။ ဇာတ်လမ်းတွေ ဘာတွေက အရိုးအစင်းဆုံး၊ သူတို့နားလည်နိုင်စွမ်း ရှိသလောက်ကိုသာ ရေးရတာ။

မင်းတို့ ဒီသဘောကို နားလည်လောက်အောင် တကယ့်ဖြစ်ရပ်ကလေးတစ်ခုကို တင်ပြလိုက်ရဦးမယ်။ ငါ့မှာ မောင်ဉာဏ်စစ်လို့ခေါ်တဲ့ မြေးလေးတစ်ယောက်ရှိတယ်။ သူ(၂)နှစ်သားလောက်မှာ ငါကသူ့ကို ပုံပြောဖူးပါတယ်။ ငါတို့မြေးအဘိုးနှစ်ယောက် ပုံပြောတာကို နားထောင်ကြည့်စမ်းပါ။ သူ့ကို ဉာဏ်ဉာဏ်လို့ပဲ ခေါ်ကြပါတယ်။

*   *   *

*"ဟိုး…အရင်တုန်းက ဉာဏ်ဉာဏ်ဆိုတဲ့ကောင်လေး တစ်ယောက်ရှိသတဲ့။ တစ်နေ့မှာတော့ အဲဒီဉာဏ်ဉာဏ်လေးက သူတို့လမ်းအောက်ထိပ်က ဆိုင်မှာ ဗယာကြော်ဝယ်ဖို့ သွားရောတဲ့"*

*"ဗယာကြော် မဝယ်ချင်ဘူး၊ ဟို…ဟို…အိကြာကွေးဝယ်မယ်"*

*"အေးအေး…အဲဒါနဲ့ ဉာဏ်ဉာဏ်လေးက အီကြာကွေးဝယ်ဖို့သွားရောတဲ့။ အဲဒီလိုတုန်းမှာ ကျီးကန်းကြီးတစ်ကောင်က 'အား…အား…အား…ဉာဏ်ဉာဏ်လေးရေ ဘယ်သွားမလို့လဲကွ'လို့ မေးလိုက်သတဲ့။ ဒီတော့ ဉာဏ်ဉာဏ်လေးက 'ငါ…အောက်ထိပ်မှာ အီကြာကွေးတွေဝယ်မလို့ကွ'လို့ ပြောလိုက်သတဲ့။ ဒီတော့ ကျီးကန်းကြီးက 'အား…အား…အီကြာကွေးကို [illegible]ဝယ်ကွ'လို့ ပြောသတဲ့(ဒီနေရာမှာ ကျီးကန်းသံကိုရော ပြောသံကိုရော [illegible] လုပ်ပြရတာပေါ့)ဒါနဲ့ပဲ ဉာဏ်ဉာဏ်လေးက ဆက်သွားတော[illegible]ခွေး*



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ကောင်နဲ့တွေ့သတဲ့။ ခွေးက 'ဝုတ်...ဝုတ်...ညဏ်ညဏ်လေးရေ ဘယ်သွားမလိုလဲ'လို့ မေးသတဲ့။ ဒီတော့ ညဏ်ညဏ်လေးက 'ငါ အီကြာကွေး သွားဝယ်မလို့ကွ'လို့ ပြန်ပြောလိုက်တာပေါ့။ ခွေးကြီးက 'ဟာ...သိပ်ကောင်းတာပေါ့ကွ'လို့ပြောသတဲ့။ ဒီတော့ ညဏ်ညဏ်လေးက 'ကောင်းတော့ ကောင်းပါရဲ့ကွာ၊ ငါ အီကြာကွေး ဝယ်ပြီးပြန်လာရင် ကျီးကန်းကြီးက လုစားမယ်လို့ ပြောနေတယ်ကွ' ဒီတော့ ခွေးကြီးက 'ဝေါင်း...ဝေါင်း...ဝေါင်း အောင်မာ ခွေးကျီးကန်း၊ နွားကျီးကန်း၊ ဝက်ကျီးကန်း သတ္တိရှိရင် လုကြည့်စမ်းပါလား၊ ဟောဒီလို...ဟောဒီလို နှုတ်သီးနဲ့ ဆွဲပြီးခါလိုက်ရင် ကျီးကန်း အမြီးတိုကြီးနဲ့ ပျံသွားရမယ်'လို့ပြောသတဲ့"

"အဟီ...ဟီ...ဟီ...၊ ပြောလေ ဆက်ပြောဦး"

"ဒါနဲ့ ဆက်ပြီးလာလိုက်တော့ ကြောင်လေးတစ်ကောင်နဲ့တွေ့တာပေါ့။ ကြောင်ကလေးက 'ညောင်...ညောင် ညဏ်ညဏ်လေးရေ ဘယ်သွားမလို့လဲကွ'လို့ မေးသတဲ့။ ဒီတော့ ညဏ်ညဏ်လေးက 'အောက်ထပ်မှာ အီကြာကွေး သွားဝယ်မလို့ကွ၊ ဒါပေမယ့် ငါအီကြာကွေးဝယ်လာရင် ဟိုကျီးကန်းကြီးက လုစားမယ်လို့ပြောနေတယ်ကွ'လို့ ပြောလိုက်တော့ ကြောင်ကလေးက စိတ်ဆိုးသွားပြီး 'ခွီး...ခွီး...ဘာကွ၊ ညဏ်ညဏ်ကို ဒီလိုပြောသလား၊ ဒီကျီးကန်းစုတ်၊ အမြီးတန်းပြုတ်သွားအောင် လှမ်းခုပ်လိုက်မှာပေါ့ကွ'လို့ ပြောသတဲ့"

"အဟီ...ဟီ...ကောင်းတယ် ကောင်းတယ်"

(အဲဒီလိုပဲပေါ့ကွာ လမ်းထဲမှာရှိတဲ့ ကြက်တွေရော၊ စာကလေးတွေရော သူ့ဘက်ကရပ်တည်နေတဲ့ပုံမျိုး ပြောသွားရတာပေါ့။ ဆက်ပြီးနားထောင်ကြည့်ဦး၊ မင်းတို့လုံးဝမထင်တဲ့ အကွက်တွေဝင်လာလိမ့်မယ်)

"ကြက်ဖကြီးကလည်း 'အောက်အီးအွတ်...ငါ...ဒီကျီးကန်းကို မျက်စိနောက်နေတာတော်တော်ကြာပြီ။ လာစမ်းပစေ၊ ညဏ်ညဏ့် အီကြာကွေးကိုသာ လာလုလိုက်ရင် ငါ့အတက်ကို သူ့ဖင်ခေါင်းထဲဝင်သွားအောင် ခွပ်ပစ်လိုက်မယ်"

အဟီ...ဟီ၊ သိပ်ကောင်းတာပဲ။ နောက်ပြီး မျောက်နဲ့လည်း တွေ့သေးတယ်"

"အေးအေး..."

(အဲဒီလိုပဲ မျောက်နဲ့တွေ့တာကိုလည်း ထည့်လိုက်ရပြန်တာပေါ့)

"အဟီ...ဟီ...ပြီးတော့ မိကျောင်း မိကျောင်း"





"ဟာ...မိကျောင်းကတော့ ဒီလမ်းထဲမှ ဘယ်ရှိမလဲကွ"

"ရှိတယ်လေ ဘိုးဘိုးရဲ၊ အောက်ထပ်က မြောင်းထဲမှာ"

"အေး...အေး...ဘိုးဘိုးက မေ့သွားလို့"

* * *

ကဲ...ဒီလောက်ဆိုရင် ငါတို့ မြေးအဘိုးပုံပြောခန်းကို သဘောပေါက်ရောပေါ့။ သူတို့စိတ်ကူးစိတ်သန်းကို သတိထားကြည့်ပေါ့။ မျောက်တွေ၊ မိကျောင်းတွေကို သူက တီဗွီတွေ ဘာတွေထဲမှာ မြင်ဖူးနေတာကိုး။ ဒါကြောင့် သူက အထည့်ခိုင်းနေတာ။ ဇာတ်လမ်းကတော့ သူပြန်လာတဲ့အခါမှာ ကျီးကန်းက ဝင်လုဖို့လုပ်တယ်။ သူ့အပေါင်းအဖော်တွေက ဝိုင်းပြီး ကိုက်လိုက်ကြ၊ ခွပ်လိုက်ကြလုပ်တာတွေ၊ စာကလေးတွေက ကျီးကန်းအမွေးတွေကို ဆွဲနှုတ်လိုက်ကြလို့ ကျီးကန်း ခေါင်းပြောင်ကြီးဖြစ်သွားတာတွေ ပြောလိုက်တော့ တခစ်ခစ်နဲ့ သဘောကျရုံတင်မကဘူး လက်ခုပ်တွေ ဘာတွေတီးပြီး ခြေထောက်တွေ ဘာတွေတောင် ယက်ကန်ယက်ကန် လုပ်လိုက်သေးဗျား။

မင်းတို့ကတော့ ကြဲကြဲဖန်ဖန်လို့ ထင်ကောင်းထင်မယ်ဗျား။ ငါ့အဖို့မှာတော့ အလွန်ကိုအောင်မြင်တဲ့ ဇာတ်လမ်းကြီးပါပဲ။ "ဘိုးဘိုး...ပြန်ပြောပါဦး"လို့ ပွဲတောင်းတာနဲ့ ပြန်ပြန်ပြောရတာ တစ်ညမှာ သုံးခါလောက် ပြောရကာယ်။ သူ့မှာတော့ဖြင့် ရိုးကိုမရိုးနိုင်ဘူး။ နောက်ဆုံး "ဘိုးဘိုး စာရေးစရာ ရှိသေးလို့ပါ"လို့ တောင်းပန်ယူရပါတယ်။ မင်းတို့လည်း ညီလေး ညီမလေးတွေကို အဲဒီလိုပုံမျိုး ပြောကြည့်စမ်းပါ။ အရင်တစ်ပတ်က ရေးခဲ့သလို ပျော်စရာကောင်းတဲ့ မိသားစုတစ်ခုအဖြစ် တည်ဆောက်ရာမှ ပါဝင်ကြည့်ကြစမ်းပါလို့...။



www.burmeseclassic.com

www.burmeseclassic.com

## ကလေးကို ဖတ်ပြဖို့စာအုပ် (၃)

အရင်အပတ်က ငါ့မြေးလေး ဉာဏ်ဉာဏ် နှစ်နှစ်သားအရွယ်က သူ့ကို ပုံပြောပြ ခဲ့တဲ့အကြောင်းကို ရေးခဲ့ပါတယ်။ အကြောင်းတိုက်ဆိုင်လာလို့ ဆက်ပြီး ရေးလိုက်ရပါဦးမယ်။ သူက အခုတော့ ပထမတန်းကြီးများတောင် ရောက်သွား ပါပြီ။ လွန်ခဲ့တဲ့ အပတ်က သူနေမကောင်းဖြစ်လိုက်တယ်။ သာမန် ရာသီပြောင်း ဥတုပြောင်း ဖျားတာနာတာမျိုးပဲလို့ ခပ်ပေါ့ပေါ့ပဲ အောက်မေ့လိုက်ကြတာ နောက်တော့ ကလေးဆေးရုံကြီးကို သွားပြလိုက်ရတဲ့အဆင့်ကို ရောက်သွားတယ်။ တိုက်ဖွိုက်ဆန်ဆန်ဖြစ်သွားပေတာကိုး။ မင်းတို့သိတဲ့အတိုင်း တိုက်ဖွိုက်ဆန်တာ ဖြစ်လေတော့ အစာကို လုံးဝမကျွေးရဘူးမဟုတ်လား။ အရည်လေးလောက်ကိုပဲ သောက်နေရတာ။ လူကတော့ နေကောင်းသွားပြီ။ ဒါပေမယ့် အိပ်ရာထဲမှာပဲ နေရတာပေါ့။ အားလည်း နည်းနေသေးတာပေါ့။ အဲဒီကျတော့မှ 'စာအုပ်စာပေ သူ့မိတ်ဆွေ' ဖြစ်လာတော့တာပဲ။ သူကိုယ်တိုင်စာဖတ်တာတော့ မဟုတ်ဘူးပေါ့။ ခုမှ သူငယ်တန်းက တက်စဆိုတော့ ဘယ်မှာ ကောင်းကောင်းဖတ်နိုင်ပါဦးမလဲ။ အိမ်မှာ သူ့အစ်မဝမ်းကွဲ တစ်ယောက်ရှိတယ်။ သူက မမနုလို့ ခေါ်တယ်။ သူက ပုံပြင်ဝတ္ထုတွေကို ဖတ်ပြရတယ်။ ရုပ်ပြစာအုပ် မဟုတ်ဘူး။ သူကြိုက် လောက်မယ့် ပုံပြင်စာအုပ်တွေကို ဖတ်ပြရတာ။ ဉာဏ်ဉာဏ်က အိပ်ရာထဲက သေချာနားထောင်နေတာပဲ။ အဲဒီ မမနုကို အပျောက်မခံဘူး။ "မမနု...မမနု" နဲ့ အော်ခေါ်နေတော့တာ။ အိပ်ရာကနိုးရင် မိုင်လို၊ အိုဗာတင်း ဆိုတာမျိုး အရည် လေးသောက်၊ ပြီးရင် စာဖတ်ပြရတော့တာပဲ။ အိပ်ရာပေါ်မှာ လဲနေတဲ့သူတစ် ယောက်အဖို့ ဘေးလူတစ်ယောက်က စာဖတ်ပြတာ အလွန့်ကို တန်ဖိုးရှိပါတယ်။

ငါတို့မြန်မာလူမျိုးတွေမှာ လူတစ်ယောက် မမာမကျန်းဖြစ်ရင် လူမမာ မေးတယ်ဆိုတာမျိုး လူမမာဆီကို သွားလေ့သွားထ ရှိကြတယ်။ ငါသတိထား မိသလောက် အင်္ဂလိပ်လူမျိုးတွေမှာတော့ မိတ်ဆွေတွေက လူမမာကို စာဖတ် ပြလေ့ရှိကြတယ်။ ခုဆိုရင်တော့ ကက်ဆက်တွေဘာတွေ ရှိလာပြီပေါ့။ ဒါပေမယ့် ကက်ဆက်ဖွင့်ပြီး နားထောင်ရတာနဲ့ လူကိုယ်တိုင်စာဖတ်ပြတာ ဘယ်တူနိုင်ပါ





မလဲ။ လူကိုယ်တိုင် ဖတ်ပြတာက မေတ္တာကရုဏာသဘောပါနေပြီ မဟုတ်လား။

အဲဒါကြောင့် အရင်တစ်ပတ်က မင်းတို့လူငယ်တွေ ကိုယ်တိုင်က ကိုယ့် ညီလေး၊ ညီမလေး တူ တူမလေးတွေကို စာဖတ်ပြတာ၊ ပုံပြောပြတာမျိုး အလေ့အထ လုပ်ပေးစမ်းပါလို့ တိုက်တွန်းခဲ့ရတာပါ။ မင်းတို့ငါတို့ ကိုယ်တိုင် လည်း ငယ်ငယ်က ပုံပြောပြတတ်တဲ့ အဘိုး၊ အဘွား၊ ဦးလေး၊ ကြီးဒေါ်ဆိုတာ မျိုးတွေကို မချစ်ခင်ကြဘူးလား။ အခုမှ ပြန်ပြီး စဉ်းစားမိတာက ကလေးတွေကို ပုံပြောပြတတ်တဲ့သူတွေဟာ မေတ္တာတရား အတော်ကြီးမားကြတာ အမှန်ပါပဲ။ ကလေးတွေကို ချစ်ကို ချစ်တတ်ကြလို့ အဖော်လုပ်ပေးတာပေါ့။

သတိရလာလို့ ပြောလိုက်ရဦးမယ်။ ဟိုးအရင်ခေတ်က 'ဘော်စတယ်' လို့ခေါ်တဲ့ ကလေးထောင်မှ လုပ်ခဲ့ဖူးတဲ့ ကျောင်းဆရာတစ်ယောက်နဲ့ အတော် မလေးကို ရင်းရင်းနှီးနှီး ရှိခဲ့ဖူးပါတယ်။ အဲဒီအပြင် ငါကိုယ်တိုင် ရောင်စုံ ယောင်းကျန်းသူတွေခေတ်က သရက်လောင်ထဲမှာ နေခဲ့ရစဉ်ကလည်း 'ဦးကြီး မောင်'ဆိုတဲ့ 'ဘော်စတယ်လ်'က ဝန်ထမ်းကြီးနဲ့ ရင်းရင်းနှီးနှီး နေခဲ့ရဖူးတယ်။ သူတို့ပြောပြတာက အဲဒီကလေးထောင်က ဝန်ထမ်းတွေဟာ ဆရာဖြစ်သင် တန်းမပွဲအောင်ရတယ်။ အဲဒါတွေအပြင် အရေးအကြီးဆုံး အရည်အချင်းက 'ပုံပြောကောင်းရတယ်'ဆိုကိုး။ ကလေးအရွယ်မို့ ကလေးအချင်းချင်း လက်လွန် ခြေလွန်ဖြစ်သွားလို့ ကလေးထောင်ကို ရောက်လာပြန်တော့ အိမ်ကို လွမ်းတာ ပေါ့။ ငိုတာပေါ့။ စာသင်ခန်း အတန်းထဲမှာလည်း ငိုတာပဲပေါ့။ ဒါပေမယ့် ပုံပြောပြန်တော့လည်း နားထောင်ချင်သေးတာပဲပေါ့။ ကလေးမဟုတ်လား။ ဒီလိုနဲ့ပဲ ကလေးထောင်မှာ (လူငယ်ပြုပြင်ရေးစခန်းမှာ) ပျော်တယ်ရယ်မဟုတ် ပေမယ့် နေသားကျသွားတာပေါ့။ ပြောချင်တာက 'ပုံပြောခြင်း'ဟာ ကလေး တွေအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတဲ့ အချက်ပါပဲ။

နောက်ပြီး မင်းတို့ရဲ့ ညီလေး၊ ညီမလေး၊ တူလေး၊ တူမလေးတွေကို လူရာဝင်လာစေချင်ရင် လူရာသွင်းပါ။ လူရာသွင်းမှ လူရာဝင်တတ်ပါတယ်။ မိသားစုတစ်ယောက်လို့ အသိအမှတ်ပြုပါ။ အဲဒီလို ပုံပြောခြင်းအားဖြင့် သူတို့ ဟာ မင်းကို အသိအမှတ်ပြုလာလိမ့်မယ်။ မင့်ကို ကျေးဇူးတင်လာလိမ့်မယ်။ ဆိုလိုတာက မင်းဟာ သူ့ဘဝအတွက် အရေးပါသောသူတစ်ယောက်လို့ (သူတို့ ကိုယ်သူတို့မသိဘဲ) လက်ခံလာလိမ့်မယ်။ မင်းက အကြောင်းကြောင်းကြောင့် တစ်ရပ်တစ်ကျေး ခရီးထွက်နေတဲ့အခါမျိုးမှာ သူတို့က မင်းကို လွမ်းနေလိမ့် မယ်။ 'အစ်ကိုကြီးကလည်း ပြန်မလာတော့ဘူး' 'မမကြီးက ဘယ်တော့ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ’ ဆိုတာမျိုးတွေနဲ့ တမ်းတလာလိမ့်မယ်။ ပြန်လာရင် အူယားဖားယား ဝမ်းသာကြလိမ့်မယ်။ ဒါတွေဟာ မိသားစု စည်းလုံးချစ်ခင်ဖို့ အခြေခံအုတ်မြစ်တွေပဲ မဟုတ်လား။ မင်းတို့ အဲဒီလို နေကြည့်လိုက်စမ်းပါ။ များများ မဟုတ်ပါဘူး။ တစ်လလောက်ပဲ နေကြည့်လိုက်စမ်းပါ။ မင်းတို့ကိုယ်တိုင်ကကို ချမ်းမြေ့ကြည်နူးလာပါလိမ့်မယ်။ မင်းဟာ ကျောင်းသားဘဝမို့ အလုပ်အကိုင်မရှိသေးပါဘူးဆိုရင် ဒီလို မိသားစုတာဝန်ကို မင်းတို့က ယူပေးလိုက်စေချင်တယ်။ ‘အစ်ကိုကြီးအဖရာ’ ‘အစ်မကြီးအမိအရာ’ဆိုတဲ့ စကားဟာ အဲဒီလို အစ်ကိုကြီး၊ အစ်မကြီးတွေကို ပြောတာပါ။



## ဝါးလုံးရှည်

၁

မနေ့တစ်နေ့က သင်္ကြန်ပွဲသဘင်ကြီး ပြီးသွားခဲ့ပါပြီ။ တို့များလည်း ငယ်ငယ်ကလေးဘဝတုန်းက သင်္ကြန်ပွဲဆိုရင် တယ်လည်း ပျော်တာကလား။ သင်္ကြန်ပွဲရောက်တဲ့အချိန်အခါကို မပြောနဲ့တော့ မရောက်မီမှာကိုပဲ ‘သင်္ကြန်ကျတော့မယ်၊ သင်္ကြန်ကျတော့မယ်’ ဆိုတဲ့အတွေးနဲ့ ရင်ထဲမှာ တုတ်တုတ်မြည်နေတယ်လို့ ထင်ရအောင် ပျော်ခဲ့တာမဟုတ်လား။ ဒါကြောင့် ခုတော့ မြေးငယ်လေးတွေကို ပလတ်စတစ် ရေသေနတ်ကလေးတွေ ဝယ်ပေးရ၊ စတီးပိုက်ရေပြွတ်ကလေးတွေ ဝယ်ပေးရပေါ့။ သူတို့လည်း ကိုယ်ကလေးငယ်ဘဝက ပျော်ချင်သလို ပျော်ချင်ရှာမှာပဲ မဟုတ်လား။

အဲဒီနောက် လူပျိုပေါက်ဘဝလောက် ရောက်လာတော့ ကောင်မလေးတွေကို ရေလိုက်ပက်ရတာ တယ်ပြီး အရသာတွေ့တာကလား။ နောက်တော့ ရေပက်ခံထွက်တာတို့ဘာတို့ ဖြစ်လာတာပေါ့လေ။ တကယ်ဆိုတော့ မင်းတို့တွေလည်း ငါတို့လို ဖြစ်လာကြတာပါပဲ။ နောက်တော့လည်း ငါတို့လိုပဲ သင်္ကြန်ပွဲမှာ အိမ်ထဲကအိမ်ပြင် မထွက်ချင်တော့တာမျိုး၊ သို့မဟုတ် ဘုရားကျောင်းကန်သွားပြီး တရားစခန်းဝင်တာမျိုး ဖြစ်လာဦးမှာပါပဲ။

ပြောချင်တာက သင်္ကြန်ပွဲမှာ လူငယ်တွေ၊ လုံမငယ်တွေ ပျော်ကြရွှင်ကြဆိုတာဟာ အဆန်းမဟုတ်ပါဘူးလို့ ပြောချင်တာပါပဲ။ ဘယ်ခေတ်မဆို ရှိနေတာပါပဲ။ နောင်လည်း ရှိနေဦးမှာပါပဲ။ ဒါပေမယ့်–

မနေ့တစ်နေ့က ငါ့တပည့် လူငယ်စာသမားလေး တစ်ယောက်က စိတ်ပျက်လက်ပျက် ပြောသွားပါတယ်။

သူပြောတာကို အတိုချုပ်လိုက်ရရင်တော့ တချို့လူငယ် လုံမငယ်တွေဟာ သင်္ကြန်တွင်းမှာ မူးမူးရူးရူးနဲ့ တော်တော်ကို အဖြစ်ဆိုးတယ်လို့ ပြောပါတယ်။ သူပြောပုံအရဆိုရင် မြင်မကောင်းရှုမကောင်းလို့ ဆိုရလောက်အောင် ဖြစ်ကြတယ် ထင်ပါရဲ့။ သူပြောလိုက်တဲ့စကားလုံးက “ခေတ်က မကောင်းတော့ပါဘူးဆရာရယ်၊ လူငယ်တွေဟာ ပျက်စီးခြင်းမက ပျက်စီးကုန်ပါပြီ” လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှတ်ချက်အကြောင်းကို ပြောချင်တာပါပဲ။ ဒါနဲ့ပဲ ငါက သူ့ကို ဆက်ပြီး မေးပါတယ်။ အဲဒီလို ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာ ဘယ်လောက်များ တွေ့ရသလဲ။ လူ ၁၀၀ လောက်ရှိသလား၊ လူ ၂၀၀ လောက်ရှိသလား၊ ၃၀၀လောက် ရှိသလား စသည်အားဖြင့် သူ့ကိုပြန်ပြီး စဉ်းစားကြည့်စမ်းပါလို့ ပျက်စီးတဲ့ လူငယ်ဦးရေရဲ့ ကိန်းဂဏန်းမှန်းခြေကို သေချာစဉ်းစားခိုင်းကြည့်ပါတယ်။ သေချာတွက်ကြည့်လိုက်တော့ သူတွေ့ခဲ့တာ အလွန်ဆုံး သုံးလေးဆယ်ထက် မပိုနိုင်ပါဘူး။ သို့ပေမယ့် ဒါမျိုးဆိုတာဟာ ထင်ရှားမြင်သာလွန်းနေတဲ့အပြင် ကိုယ်က စက်ဆုပ်မုန်းတီးခြင်းနဲ့ ကြည့်လိုက်တော့ ရင်ထဲမှာ ထင်းထင်းကြီး စွဲသွားတော့တာပေါ့။ ညအချိန်မတော်မှာ 'မီး…မီး'လို့ အော်သံကြားတဲ့အခါမှာ ထပြီး ကြည့်လိုက်မိသလိုပေါ့။ ညကြီးမှောင်မှောင်ဆိုတဲ့ မီးရောင်ကြီးကို ထင်နေအောင်မြင်ရတယ်မဟုတ်လား။ ဒီတော့ ကိုယ့်အိမ်နဲ့ သိပ်ပြီး ဝေးတယ်လို့ မထင်မိဘူး။ အတော်ကြီးကို နီးနေတယ်လို့ ထင်မိတတ်ကြတာပါပဲ။ ဒီသဘောပါပဲ။

အဲဒါနဲ့ သူ့ကိုပြောပြလိုက်တာတွေကို မင်းတို့လည်း ကြားသင့်တယ် ထင်မိတာကြောင့် ရေးလိုက်ရတာပါ။ သူ့ကို ပြောပြလိုက်တာတွေကို အတိုချုပ် လိုက်ရမယ်ဆိုရင်–

"သင်္ကြန်ပွဲမှာ တွေ့ခဲ့ရတဲ့ အဲဒီလိုကောင်လေးတွေ ကောင်မလေးတွေကြောင့် ဒီခေတ်လူငယ်တွေ ပျက်စီးကုန်ပါပြီလို့ ပြောတယ်နော်။ မင်းပြောတဲ့ သင်္ကြန်ပွဲပျော်ပါးတဲ့ လူငယ်တွေတိုင်း အဲဒီလိုအားလုံး ဖြစ်သွားကြသလား။ အားလုံး တစ်ယောက်မကျန် ဖြစ်သွားတာ မဟုတ်ပါဘူး။ အနည်းစုပါ၊ ရာခိုင်နှုန်းနဲ့ တွက်လိုက်မယ်ဆိုရင် မဖြစ်လောက်တဲ့ ကိန်းပမာဏမျှသာ ဖြစ်ပါတယ်။ ကောင်းပြီ…အဲဒီ သင်္ကြန်ပွဲတော်အတွင်းမှာ လူငယ်အားလုံး တစ်ယောက်မကျန် ရေပက်ကစား ပျော်ပါးနေကြသလား။ ဆိုပါစို့ကွာ…သက်ကြီးပူဇော်ပွဲလုပ်ဖို့ လှုပ်ရှားလုပ်ကိုင်နေသူ လူငယ်တွေကော မရှိဘူးလား၊ ရှိနေတာပါပဲ။ မိန်းကလေးတွေထဲမှာ ကြည့်လိုက်ဦးမလား၊ အမျိုးသားတွေ ဒုလ္လဘရဟန်း တက်သလို သီလရှင်ဝတ်တဲ့ မိန်းကလေးတွေလည်း တစ်ပုံကြီးပါပဲ။ မိန်းကလေးတွေဆိုတာ သူတို့ဆံပင်ကလေးကို တသသနေတတ်ကြတာ။ အလွန်နှမြောကြတာပါ။ အဲဒါကိုအဆုံးခံပြီး ခေါင်းတုံးကလေးနဲ့ နေရတာ။ အမှန်ပြောလိုက်ရရင် တို့များ ခပ်ငယ်ငယ်က မိန်းကလေးတွေ သီလရှင်ဝတ်တယ်ဆိုတာ မရှိသလောက် ရှားပါတယ်။ အဲဒီလို စဉ်းစားကြည့်လိုက်မယ်ဆိုရင် ရှုံးမူးပျက်စီးနေတဲ့ လူငယ်တွေထက် တိုးတက်ကောင်းမွန်လာတဲ့ လူငယ်တွေက ပိုလို့တောင်များလာတယ်လို့ မထင်ရပေဘူးလား။





မင်းတွေ့ခဲ့ရတဲ့ လူငယ်မျိုးတွေဟာ မော်တော်ကားနဲ့ ဘာနဲ့လည်း ရေပက်ခံထွက်နိုင်သေးတယ်၊ အရက် စတဲ့ မူးယစ်ဆေးဝါးတွေ ဘာတွေကိုလည်း သုံးစွဲနိုင်သေးတယ်။ ခေတ်ပေါ်တစ်ခါသုံး သင်္ကြန်အဝတ်အထည်တွေကိုလည်း ဝတ်နိုင်သေးတယ်ဆိုတော့ ငွေဖောဖောသီသီ သုံးနိုင်တဲ့သူတွေပေါ့။ ဒါပေမယ့် သူတို့တစ်တွေဟာ များသောအားဖြင့် ဘဝရည်မှန်းချက် မည်မည်ရရ မရှိတာတွေ များတတ်ပါတယ်။ အဲဒီလို မရှိတာကလည်း မိဘကိုယ်တိုင်က ပိုက်ဆံပဲရှိပြီး ဉာဏ်မရှိတာတွေ များတတ်ပါတယ်။ ဒါမှမဟုတ်လည်း **Unhappy Family** လို့ခေါ်တဲ့ သောကစံအိမ်က လူငယ်တွေပါ။ တကယ်ဆိုတော့ မုန်းစရာကောင်း ဟာထက် သနားစရာကောင်းတာတွေ များတတ်ပါတယ်။

ထားလိုက်ပါတော့ ငါပြောချင်တာက ဘယ်နေရာမှာမဆို ကောက်ချက် ဖွဲ့ဟာ မမြန်စေချင်ဘူး။ စောစောက မင်းပြောလိုက်သလိုမျိုးပေါ့။ အဲဒီလို ပြင်မတော်ရှုမကောင်း လူငယ်၊ လုံမငယ်လေး နှစ်ဒါဇင်လောက်ကို တွေ့လိုက် ရုံနဲ့ ဒီခေတ်လူငယ်တွေ မကောင်းတော့ပါဘူးဆိုတာမျိုး အရေးတကြီး ကောက် ချက်ဆွဲတတ်တဲ့ အကျင့်ကြီး ပါမသွားစေချင်ဘူး။ အဲဒါကို ယုတ္တိဗေဒ (**Logic**) မှာတော့ဖြင့် **Immediate Conclusion** (အမြန်ကောက်ချက်ဆွဲခြင်း)လို့ ခေါ် တယ်။ ငါတို့ အရပ်သုံး လွယ်လွယ်ပြောရရင်တော့ 'ဝါးလုံးရှည်နဲ့ သိမ်းကျုံး ရမ်းခြင်း' ဆိုပါတော့ကွာ။

ငါအခုပြောနေတာက ဒီကိစ္စလေးတစ်ခုကို ပြဿနာလုပ်ပြီး ပြောနေ တာမဟုတ်ဘူး။ ငါတို့တစ်တွေ အကျင့်ပါနေတာကြီးကို မင်းသတိထားတတ်ဖို့ ပြောနေတာ။ ဆိုကြပါစို့ 'မိန်းမဆိုတာ ဆောင်းလေပမာညီ၊ အတွင်းသဘော ကယ်မတည် ပြောင်းလဲတတ်သည်'ဆိုတဲ့ သီချင်းမျိုးတွေ၊ 'ကိုယ်ကကျူး ကိုယ့် မူးတောင် မယုံနဲ့'ဆိုတဲ့ စကားပုံမျိုးတွေ အားလုံးဟာ ဝါးလုံးရှည်စကားတွေ ပဲကွ။ ဒီလောက်တင်မကသေးဘူး၊ လူတစ်ယောက်ကို တစ်နေရာလေးမှာ ညံ့လိုက် တာနဲ့ ဘယ်နေရာမှ သုံးရမယ့်ကောင်မဟုတ်ဘူးလို့ ကောက်ချက်ချလိုက်တတ် တာမျိုးတွေဟာ မှန်မှန်ကန်ကန်ဖြစ်အောင် စဉ်းစားတဲ့နေရာမှာ အလွန် အနှောင့် အယှက်ဖြစ်တတ်ကြောင်း သတိပေးလိုက်တာပါပဲ။ နောက်တစ်ခုက မင်းလည်း ဘဝရည်မှန်းချက်ကလေး သတ်သတ်မှတ်မှတ်မရှိရင် သူတို့လိုင်းထဲ ဝင်သွားမှာ ပါပဲ။ သတိဆိုတာ မပိုဘူးပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## အားကျခြင်း၊ အားငယ်ခြင်း

မင်းတို့ ငါတို့တစ်တွေဟာ ကလေးဘဝကပြီး ကိုယ့်ကိုကိုယ် မသိလိုက်မိဘဲ အမှတ်မထင် တစ်ယောက်ယောက်ကို အားကျသွားမိတတ်ပါတယ်။ သီချင်းအဆိုကောင်းတဲ့သူတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ အကကောင်းတဲ့သူတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ ဗလကောင်းတဲ့သူတစ်ယောက် ဖြစ်ချင်လည်းဖြစ်မယ်။ အားကျမှု အမျိုးမျိုး ဖြစ်နိုင်တာပေါ့လေ။ ဒါပေမယ့် ကိုယ့်ဘဝပေးအခြေအနေအရ လုံးဝ မဖြစ်နိုင်တာမျိုးကိုကျပြန်တော့လည်း 'ငါနဲ့ မဆိုင်ပါဘူးလေ'ဆိုပြီး လက်လျှော့ ပစ်လိုက်ပြန်တာပေါ့။ ဆိုကြပါစို့…ကိုယ်က အရုပ်အမောင်း မကောင်းဘူးဆိုရင် ဘော်လီဘောချန်ပီယံ ဖြစ်နိုင်ဖို့ကိစ္စကို ထည့်မတွက်တော့ဘူးပေါ့။ နောက်မှ ကိုယ်အဖြစ်ချင်ဆုံး အားကျမှုတွေထဲမှာ ဖြစ်နိုင်တာကို ရှာရတော့တာပဲမဟုတ်လား။ ဒါတွေဟာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရင်ဆိုင်ကြရတာပဲလေ။

အခု ဒီဆောင်းပါးမှာပြောချင်တာက အားကျခြင်းကြောင့် အားငယ်ခြင်း ဖြစ်လာတတ်ပုံကို ပြောပြချင်တာပါ။ သူတစ်ပါးတွေ ခေတ်ပေါ် အဆန်းဆန်း အပြားပြား အင်္ကျီတွေကို ဝတ်လိုက်ရင် ကိုယ်ကလည်း ဝတ်ချင်တယ်။ သူတစ်ပါးတွေက ခေတ်ပေါ်စားသောက်ဆိုင်တွေမှာ ကာရာအိုကေတွေ ဆိုကြ၊ စားကြ သောက်ကြတာကို မြင်လိုက်ရပြန်တော့ သူတို့ကို အားကျမိပြန်တယ်။ သူတို့လို ပျော်ပျော်ပါးပါး စားလိုက်သောက်လိုက် သုံးလိုက်ဖြုန်းလိုက် လုပ်နေချင်မိပြန်တယ်။ အားကျမိပြန်တယ်။ တစ်ပါးသူတွေက နောက်ဆုံးခေတ်ပေါ် ဆိုင်ကယ် ဆန်းဆန်းကို စီးတာကိုမြင်လိုက်ပြန်တော့ ကိုယ်လည်း အဲဒီလို ဆိုင်ကယ်မျိုးကို စီးလိုက်ချင်ပြန်တယ်။ မိန်းကလေးတွေကျပြန်တော့လည်း ခေတ်ပေါ် မော်တော်ကားလှလှကလေးတွေနဲ့ ကြော့ကြော့မော့မော့လေး သွားချင်လာချင်ကြပြန်တယ်။ စိတ်ကူးအိပ်မက်တွေထဲမှာ အဲဒါတွေကိုချည်း မြင်နေတော့တယ်။ မိန်းကလေးတွေမှာတော့ဖြင့် ဒီလိုအားကျမှုမျိုးတွေဟာ ပိုလို့တောင် များတယ်၊ အားကြီးတယ်လို့ ထင်နေမိပါတယ်။





အဲဒီလို အားကျမိတာထိအောင်ဟာ အရေးမကြီးသေးပါဘူး။ ဒါပေမယ့် ရောက်နေတာက ဘဝအခြေအနေက ကိုယ်အားကျသလို ဖြစ်မလာရင် အားငယ် လာတတ်တာဟာ ကိုယ့်ဘဝအတွက် အန္တရာယ်ဖြစ်လာတတ်ပါတယ်။ အားငယ် လာတာဟာ မကောင်းပါဘူး။ အားငယ်လာလိုက်တာနဲ့ တစ်ပြိုင်နက် သူ့ဘဝ ဟာ သူ့အတွက် ဝဋ်ခံရသလို၊ ကျိန်စာသင့်သလို ဖြစ်သွားတတ်ပါတယ်။ အသက်ရှင်နေရတာကြီးကို မကျေနပ်နိုင်တော့ဘူးဆိုတဲ့နောက် ဘယ်မှာ ကောင်း နိုင်ပါတော့မလဲ၊ ဘယ်မှာ ပျော်နိုင်ပါတော့မလဲ။

အဲဒီမှာ ဘယ်လိုဟာမျိုးတွေကို အားကျမိတတ်ကြသလဲဆိုတာကို သေသေချာချာ ပြန်ပြီး စဉ်းစားမိလာပြန်တယ်။ အဲဒါတွေကို ဒီဆောင်းပါးမှာ ဆွေးနွေးချင်တာပါပဲ။

မင်းတို့ ငါတို့တစ်တွေဟာ ဘုရားရဟန္တာမဟုတ်တဲ့ ပုထုဇဉ်တွေဖြစ် ကြတဲ့အတိုင်း ကာမဂုဏ်ငါးပါးကို တပ်မက်ကြတာတွေချည်းပါပဲ။ ကာမဂုဏ် ငါးပါးဆိုတာက ကောင်းတာလေးကို မြင်ချင်တာ၊ ကောင်းတာလေးကို စားချင် တာ၊ ကောင်းတာလေးကို ကြားချင်တာ ဆိုတာမျိုးတွေပေါ့။ ဒီတော့ အဲဒါမျိုး တွေကို စိတ်ကြိုက်ခံစားနိုင်ခွင့်ရတာကိုလည်း အားကျမိတာပေါ့။ ဒါတွေကို ငါကိုယ်တိုင်လည်း တပ်မက်အားကျမိတာ အမှန်ပါပဲ။ ငါမှမဟုတ်ပါဘူး။ ဘယ်သူမဆို အားကျမိကြမယ်လို့ပဲ ထင်မိပါတယ်။ ဒါပေမယ့် ထက်ထက် မြက်မြက် မက်မက်မောမောကြီး အားကျမိတဲ့သူနဲ့ သာမန် အမှတ်မထင် အားကျ မိတာမျိုးလောက်သာရှိတဲ့သူ ကွာကြလိမ့်မယ်လို့ ထင်မိပါတယ်။

တချို့ကျတော့ အဲဒီကာမဂုဏ်အာရုံခံစားနိုင်ခြင်းကို ထက်ထက်မြက်မြက် ကြီးကို အားကျမိတော့တာ။ အဲဒီလို အားကျမိတာကြောင့် အဲဒီလိုခံစားနိုင်အောင် ပါးကုန်ယမ်းကုန် အားထုတ်ကြတော့တာပဲ။ ဘဝပေးအခြေအနေအရပ်ရပ်ကြောင့် ပင်သလိုဖြစ်မလာခဲ့ရင် အားကျစိတ်ကြောင့် အားငယ်စိတ်ဝင်သွားပြန်ပါလေ ရော။

ဒီတော့မှ အားကျမိခြင်းဆိုတာမှာ **'အားကျမှုပြင်းအား'** ကွာတယ်ဆိုတာ ကို တွက်မိလာတယ်။

ဆိုကြပါစို့…ပျော်ပွဲစားထွက်ကြတဲ့အခါမှာ သီချင်းဆိုကောင်းလို့ တစ်ဖွဲ့ လုံးက ဝိုင်းပြီး ချီးကျူးသြဘာပေးခြင်း ခံလိုက်ရသူကို မင်းကိုယ်တိုင်က သူ့လို ဖွမ်းရည်ရှိရင် ကောင်းမှာပဲလို့ မင့်စိတ်ထဲမှာ အားကျခြင်း ဖြစ်ကောင်းဖြစ်လိုက် မိမှာပေါ့။ ဒါပေမယ့် ဒါဟာ ယာယီအမှတ်မထင် ဖြစ်သွားလိုက်တဲ့ အားကျ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကလေးပဲ။ ကြာရှည်ခံတာ မဟုတ်ဘူး။ နောက်တစ်နေ့ကျတော့ မရှိတော့ဘူး။ 'ပြင်းအား' မကြီးဘူး။ တကယ်လို့ မင့်မှာ နေ့နေ့ညည စွဲနေလောက်အောင် စိတ်ဓာတ်ထက်သန်နေမယ်ဆိုရင်တော့ မင်းရဲ့ အားကျမှုပြင်းအား အတော်ကြီးပြီလို့ ဆိုနိုင်ပါလိမ့်မယ်။

အဲဒီလိုပဲ 'အားကျမှုပြင်းအား' ကွာသလို **'အားကျတဲ့ဂုဏ်'** လည်း ကွာနိုင်ပြန်တာပါပဲ။

မင်းတို့ ငါတို့လို သာမန်တွေကို မဆိုထားနဲ့၊ ရှင်သာရိပုတ္တရာလောင်း လျာတို့လို ပုဂ္ဂိုလ်တွေဟာတောင် အနောမဒဿီဘုရားရှင်ကို တွေ့ပါလျက်နဲ့ သဗ္ဗညုမြတ်စွာဘုရားရှင်ကို အားမကျဘဲ ဘုရားရှင်က ဉာဏ်တော် ဧတဒဂ်ပါပဲလို့ ချီးကျူးတဲ့ လက်ယာရံအဖြစ် အားကျဆုတောင်းခဲ့မိသေးတယ် မဟုတ်လား။

ဒီလိုပဲ ဖခင်က သူဌေးကြီး၊ ကုန်သည်ပွဲစားကြီး၊ ဒါပေမယ့် သားဖြစ်သူက ပန်းချီဆရာ ဖြစ်ချင်နေတယ်။ ဖခင်က ပါရမီရှင် ကဗျာဆရာကြီး။ သားဖြစ်သူက ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်ချင်နေတယ်။ ဒီလို ဘာကြောင့် ကွဲပြားလာရသလဲဆိုတာ ငါလည်း မပြောတတ်ဘူး။ **'အားကျတဲ့ဂုဏ်'** မတူကြဘူးပေါ့။ ဆက်ရဦးမှာပါ။



## အားကျခြင်း၊ အားငယ်ခြင်း (၂)

ပြီးခဲ့တဲ့အပတ်က 'အားကျမှုပြင်းအား' အကြောင်းကိုလည်း ရေးခဲ့ပါတယ်။ 'အားကျတဲ့ဂုဏ်' အကြောင်းကိုလည်း ရေးခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အားကျတဲ့ ဂုဏ်အကြောင်းကို ဆက်ပြီး ရေးလိုက်ချင်ပါတယ်။

ဂေါတမမြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရားကို ဖူးတွေ့လိုက်ရတဲ့အချိန်မှာ သူ့ပါရမီဟာ ကျွတ်တမ်းဝင်နိုင် လောက်အောင် ရင့်ကျက်နေခဲ့ပြီဖြစ်သော်လည်း ဒီပင်္ကရာဘုရားရှင်ကို အားကျ မိလိုက်တာကြောင့် ဘုရားဆုကို ပန်လိုက်မိတာပါပဲ။ ဒါကြောင့် သံသရာမှာ ဆက်မျှောရပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရတယ်။ သဗ္ဗညုတ ဘုရားအဖြစ်ဆိုတဲ့ဂုဏ်ကို အားကျမိလိုက်တာပေါ့။

မကြာသေးမီက 'ပဲခူးမဂ္ဂဇင်း' တစ်စောင်မှာ ဖတ်လိုက်ရတာလေးကို ဟိရလာပြန်လို့ ထည့်ရေးလိုက်ရဦးမယ်။ မိတ်ဆွေတစ်ယောက်အိမ်ကို အလည် သွားရင်း စားပွဲပေါ်မှာတွေ့လို့ ကောက်ဖတ်လိုက်မိတာပါ။ မှတ်မိသလောက်ပဲ ပြန်ရေးလိုက်ပါရစေ။ ရေးတဲ့သူက 'ဒေါက်တာကျော်စိန်'ပါ။ ပဲခူးသားဖြစ်လေ မဟာ ငယ်ငယ်က ပဲခူးမှာ ကျင်လည်ခဲ့ရပုံလေးတွေကို ပြန်ရေးထားတာပါ။ ပဲခူးဦးစိန်ဝင်းဆိုတာ အဲဒီခေတ်က တစ်ပြည်လုံးကျော်စောအောင် ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ပါပဲ။ သူ့ခြံမှာ မြစ်ကမ်းပါးပြိုလိုက်တော့ စိန်ရွှေရတနာ အိုးကြီးတွေ ပေါ်လာလို့ ချမ်းသာသွားတယ်၊ ဘာညာနဲ့ပြောကြတာကို ဒေါက်တာ ကျော်စိန် ကြားဖူးတယ်။ ဒါပေမယ့် အားကျခြင်း မဖြစ်လိုက်မိဘူး။ တအံ့တသြ ဖြစ်တာလောက်ပဲ ရှိခဲ့တယ်။ တစ်နေ့မှာတော့ တောကျေးလက်က သူ့ဦးကြီး တစ်ယောက်က 'ဦးဖိုးနီး'ရဲ့ သားငယ်တစ်ယောက်ဟာဆိုရင် ပညာသိပ်ကြီးတဲ့ အကြောင်း၊ ဒေါက်တာဘွဲ့ဟာဆိုရင် ဒေါက်တာဆိုတဲ့ဘွဲ့ကို တစ်ခုသာ ရကြောင်း၊ အဲဒီ ဦးဖိုးနီးရဲ့သားက အဲဒီလို ဒေါက်တာဘွဲ့ လေးငါးခုလောက် ကောင်ရကြောင်း၊ အခုဆိုရင် ရန်ကုန်မှာ ဒီသာပါမောက္ခဆရာကြီးတောင် ဖြစ် နေကြောင်း၊ အဲဒီလိုဖြစ်အောင် ပညာရှချွန်စေလိုကြောင်း ပြောပြတယ်။ ဒီတော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကျော်စိန်က အားကျလာတော့တာ။ အားသာကျလိုက်မိတာ အဲဒီ 'ဦးဖိုးနီး'ရဲ့ သားငယ်ဆိုတာ 'ဒေါက်တာထင်အောင်'ဆိုတာ သူမသိလိုက်ဘူး။ ဒါပေမယ့် 'ဒီသာပါမောက္ခ'ဆိုတာ တစ်လုံးနဲ့ပဲ အားကျဖို့လုံလောက်သွားပြီပေါ့။

ဒေါက်တာကျော်စိန်ရဲ့ ဦးလေးကြီးပြောတဲ့ 'ဒီသာပါမောက္ခ'ဆိုတာက 'ပါမောက္ခချုပ်'ကို ပြောတာဖြစ်မှာပေါ့။ 'ဒီသာပါမောက္ခ'ဆိုတာ 'အရပ်လေးမျက်နှာတို့ရဲ့ဆရာကြီး'ဆိုတဲ့ အဓိပ္ပာယ်ကိုဆောင်တယ်။ ငါ့မှာ အဲဒီဆောင်းပါးကို ဖတ်နေရင်း ဒေါက်တာကျော်စိန်လည်း 'ပါမောက္ခချုပ်'လုပ်သွားခဲ့ရသေးတာ သတိရလိုက်မိတော့ သူလည်း ငယ်ငယ်က အားကျမိခဲ့တဲ့အတိုင်း 'ဒီသာပါမောက္ခကြီး' ဖြစ်သွားခဲ့ပါသေးကလားရယ်လို့ စာဖတ်နေရင်း ပြုံးလိုက်မိပါသေးတယ်။ (အဲဒီ ဒေါက်တာကျော်စိန်ရဲ့ဆောင်းပါးကို ဖတ်ချင်ရင်တော့ မင်းတို့ဘာသာ ရှာဖတ်ကြပေတော့ကွာ။ မကြာသေးမီကထွက်တဲ့ ပဲခူးမဂ္ဂဇင်းထဲမှာ ပါလေရဲ့)

ဒီနေရာမှာ ငါသတိထားလိုက်မိတာက ပညာနဲ့ပတ်သက်ပြီး အားကျမှုတွေမှာ ဝန်တိုခြင်း၊ အားငယ်ခြင်း မဖြစ်ဘူးဆိုတဲ့ အချက်ပါပဲ။ ဒါဖြင့် ပညာရှိတွေမှာ ဝန်တိုခြင်း၊ အားငယ်ခြင်း လုံးဝမရှိဘူးလားလို့ မေးစရာရှိတယ်။ သူတို့လည်း ပုထုဇဉ်တွေပဲဟာ ရှိနိုင်ကာပေါ့။ ဒါပေမယ့် ပညာအရာမှာမဟုတ်ဘဲ ရာထူးကိစ္စ၊ အကျော်အစောကိစ္စတွေမှာ ဆိုရင်တော့ဖြင့် ဒီလိုသဘောတွေ ရှိလာနိုင်တယ်လို့ အောက်မေ့မိပါတယ်။ ဒါတွေကျတော့ ပညာကိစ္စ မဟုတ်တော့ပြန်ဘူးလေ။

ငါ့ကိုယ်ငါလည်း ပြန်ပြီး စဉ်းစားကြည့်မိပါတယ်။ ဆရာကြီး ဦးရွှေအောင်တို့၊ ဆရာကြီး ဦးဖေမောင်တင်တို့၊ ဆရာဖေယျတို့၊ ဆရာဇော်ဂျီတို့ကို သိပ်အားကျမိတာပဲ။ ဒါပေမယ့် ဝန်တိုခြင်းလည်း တစ်စက်မှ မဖြစ်ဘူး။ အားငယ်ခြင်းလည်း မဖြစ်တဲ့ပြင် သူတို့ရေးသွားတဲ့စာတွေကို ဖတ်နေရလို့ သူတို့ ကျေးဇူးကြီးလှပါပေတယ်လို့ စိတ်ထဲက ကန်တော့နေမိတာ အကြိမ်ကြိမ်ပါပဲ။

အလွန်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ အမွေကို သက်ဆိုင်သူ သားသမီး စသူတွေကသာ ခံစားနိုင်တာမဟုတ်လား။ ဒီလို ပညာရှိကြီးတွေရဲ့ အမွေကျတော့ မင်းတို့ငါတို့အားလုံး ကြိုက်သလောက် ခံစားနိုင်ကြတယ်လေ။ ဒီတော့ ဘာမှ ဝန်တိုနေစရာမလိုဘူး။ သူတို့ရဲ့သားသမီးတွေနဲ့ တန်းတူခံစားခွင့်ရနေတော့တာကိုး။ ကိုယ်က ပိုပြီးရှိသေလိုက်စားရင် သူတို့သားသမီးတွေထက်တောင် ကိုယ်က ပိုလို့ရလိုက်နိုင်သေးတယ် မဟုတ်လား။

လမ်းသစ်စာအုပ်တိုက်



ဒီတော့ ဝန်တိုတာ၊ အားငယ်တာဆိုတာတွေဟာ ပကာသနပစ္စည်း အဆောင်အယောင်တွေ၊ ရာထူးဌာနန္တရဆိုတာတွေကို အားကျမိလိုက်ရင် ပိုပြီး ပေါ်လာတတ်တယ်လို့ ထင်နေမိပါတယ်။

ဒါကြောင့် မင်းတို့တစ်တွေလည်း ပညာကို အားကျစေချင်တယ်။ ပညာပြီးတဲ့သူတွေကို အားကျစေချင်တယ်။ ငါကတော့ စာပေသမားတစ်ယောက်ဖြစ်နေတာမို့ စာပေပညာရှင်တွေကို အားကျမိတာပေါ့။ စာပေပညာလိုပဲ၊ သိပ္ပံပညာဘက်မှာ၊ စီးပွားရေးပညာဘက်မှာ၊ သမိုင်းပညာဘက်မှာ အားကျစရာ၊ အတုယူစရာပညာရှင်တွေ တစ်ပုံကြီးပါပဲ။ သူတို့ကို အားကျစေချင်တယ်။ ဒီလို ပညာရှင်ကြီးတွေကို အားကျလိုက်မိရင် မင်းဟာ ပကာသန ပစ္စည်းအဆောင်အယောင်ဆိုတာတွေကို မက်မောစိတ်တောင် ပျောက်သွားနိုင်တယ်။ ပါပဲ။

လမ်းသစ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## စက္ခုရာဇာ

'သုဘရာဇာ' ဆောင်းပါးတွေ ပြီးသွားပြန်တော့ 'စက္ခုရာဇာ'လို့ လုပ်လာပြန်ပြီ။ အကြံအဖန်တွေ များလှချည်လားလို့ မထင်လိုက်ပါလေနဲ့။ ဖတ်မိလာတော့ သိလာပါလိမ့်မယ်။

တစ်နေ့မှာ အပြင်ကနေ အိမ်ပြန်ရောက်လိုက်တော့ ပြောတယ်။ ထူးထူးဆန်းဆန်းပါလားလို့ အောက်မေ့လိုက်မိတယ်။ ဦးကျော်ကြီးဆိုတာက ဖားအံက 'ဦးကျော်မင်းစိန်'ရဲ့ လက်သုံးတောင်ဝှေးလို့ ပြောရတဲ့သူတစ်ယောက်ပါ။ ငါ့မိသားစုကတော့ သူ့ကို ဦးကျော်ကြီးလို့ပဲ ခေါ်ကြတယ်။

ဒါနဲ့ ဘာတွေများပါလိမ့်မလဲဆိုပြီး ဖွင့်ကြည့်လိုက်တော့ 'မြမေတ္တာ မျက်စိအထူးကုဆေးခန်း၊ မြတောင် စာသင်တိုက်'ဆိုတာကို ထူးထူးဆန်းဆန်း တွေ့လိုက်ရတော့တာပါပဲ။ မင်းတို့ပဲ စဉ်းစားကြည့်လေ၊ 'မျက်စိအထူးကုဆေးခန်း၊ နောက်ပြီး 'မြတောင်စာသင်တိုက်'တဲ့။ ဘာဆိုင်လို့လဲဟ...ပေါ့။

ဒါနဲ့ပဲ ဆက်ကြည့်လိုက်တော့ မျက်စိဝေဒနာရှင်တွေကို ကုပေးနေတာဗျား၊ ကုတာက သာမန်စမ်းသပ်ပြီး မျက်စဉ်းခပ်ပေးနေတာမျိုးလောက် မဟုတ်ဘူး။ မျက်စိတွေကို ခွဲစိတ်ကုသပေးနေတာ။ ခွဲစိတ်ကုသပေးနေပုံက တကယ့်ကို ဆေးရုံကြီးတွေမှာလို ပစ္စည်းကိရိယာမျိုးစုံနဲ့ ခွဲစိတ်ကုသနေတာမျိုး၊ ငါလည်း တစ်ခါမှ ဒီလို 'အော်ပရေးရှင်း'မျိုးကို မမြင်ဖူးပါဘူး။ လူနာတွေကလည်း အရွယ်အမျိုးမျိုး၊ လူတန်းစားအမျိုးမျိုး၊ ဘုန်းကြီးရော သီလရှင်ပါ စုံနေတာပါပဲ။ ဦးဆောင်နေတဲ့သူတွေက ဆရာဝန်ကြီး 'စဂျေလွင်'နဲ့ ဇနီး ဆရာမ 'ခွဲ မို့မို့အေး'ဆိုပဲ။ နာမည်တွေကလည်း ဆန်းလှချည်လားပေါ့။ နှစ်ယောက်စလုံးက အသက်သိပ်ကြီးသေးတာ မဟုတ်ဘူး။ ၄၀ ကျော်တစ်ဝိုက်လောက်ဖြစ်မှာပေါ့။

သူနာပြုတွေကလည်း မနည်းဘူး။ ဆယ်ယောက်လောက်တော့ ရှိလိမ့်မယ်။ ခပ်ရွယ်ရွယ် ရဟန်းတော်တွေ၊ ရှင်သာမဏေတွေလည်း အင်ကျင်မီးစက်တွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်ကြတွယ်ကြလို့။ ထမင်းဟင်းတွေကို ချက်ပြုတ်နေကြတာလည်းပါရဲ့။ အားလုံးရဲ့ သွင်ပြင်တွေက မြူးကြွနေတယ်လို့





ပြောရမှာပါ။ အမှန်ပြောရရင် ရှားရှားပါးပါး မှတ်တမ်းတင် မြင်ကွင်းတွေလို့ ဆိုရမှာပါ။

ရောဝတီတိုင်း၊ ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်က 'မြမေတ္တာ ဆေးကုခန်း'ရဲ့ လုပ်ဆောင်ချက်တွေကို မှတ်တမ်းတင်ထားတဲ့ ဗွီဒီယိုကား ဖြစ်နေတာကို တွေ့ရပါတော့တယ်။ ဒါနဲ့ပဲ အကြောင်းစုံကို သိချင်တာကြောင့် အဲ့ဒီ မောင်ကျော်ကြီးနဲ့တွေ့တော့ "ဟေ့...မောင်ကျော်ကြီးရေ၊ ငါ အဲဒီ စဂျေလွင်နဲ့ တွေ့ချင်တယ်ကွာ။ မင်း...စီစဉ်ပေးနိုင်မလား"လို့ မေးမိတယ်။ သူက "သေချာဖြစ်တာပေါ့ဆရာ၊ သူက ဆရာ့စာဖတ်ပရိသတ်ပဲ။ သူကကို ဆရာနဲ့ တွေ့ချင်နေမှာပါ၊ နေတာကလည်း အလုံထဲမှာဆိုတော့ ဘာဝေးတာမှတ်လို့"လို့ ပြောတယ်။ "ဒါဖြင့် ခေါ်ခဲ့စမ်းကွာ"လို့ ပြောလိုက်ပြီးတဲ့နောက် သူ့ကို အပြည့်အစုံ မေးကြည့်မိပါတယ်။

မျက်စိအထူးကု ဆရာဝန်ကြီးတစ်ယောက်ဖြစ်တဲ့ 'စဂျေလွင်'က ဆေးကျောင်းတက်နေခဲ့စဉ်ကာလက အတော်လေးချို့ချို့တဲ့တဲ့ ပညာသင်ခဲ့ရပေရှာတာကကား။ ဆေးပညာဘက်ဆိုင်ရာ စာအုပ်တွေဆိုတာကလည်း အလွန်ဈေးကြီးတာကိုး။ ဒီတော့ ဘယ်မှာ ကိုယ်တိုင်ဝယ်နိုင်ပါ့မလဲ။ နောင်တော့ ကျောင်းတော်လို့ဆိုရမယ့် စီနီယာကျောင်းသားကြီးတွေရဲ့ စာအုပ်တွေနဲ့ ပြီးရတာပေါ့။ အဲဒီအပြင် ပန်းတနော်ဒေသဘက်မှာရှိတဲ့ လူကြီးသူမတွေကလည်း ဝိုင်းဝန်း ထောက်ရှောက်ကြတယ်ပေါ့လေ။ နောက်ပိုင်းမှာ စာမေးပွဲတွေ ဘာတွေအောင်လို့ ကိုယ်တိုင် ဆရာဝန်ဖြစ်လာတဲ့အခါမှာ ဒီကျေးဇူးတရားတွေကို မမေ့ဘူးပေါ့။ ဒါကြောင့် အခွင့်သာတဲ့အခါတိုင်းမှာ ကျေးဇူးရှင်တွေကို မမေ့မလျော့ကန်တော့ ရှာပါတယ်။ သူပြောပြတာလေးက စိတ်ဝင်စားစရာလည်းကောင်း၊ သနားစရာလည်းကောင်း၊ ကြည်နူးစရာလည်း ကောင်းလှပါတယ်။ နားထောင်ကြည့်စမ်းပါ–

"ဆရာရယ်...ကျွန်တော်လေ သူတို့တစ်တွေ အားလုံးအားလုံးရဲ့ ကျေးဇူးကို ဘယ်မှာ မေ့နိုင်ပါ့မလဲ။ ဒါကြောင့် အခွင့်ကြုံတဲ့အခါတိုင်းမှာ သူတို့ကို မိဘရင်းတွေလို သဘောထားပြီးတော့ကို ကန်တော့ပါတယ်။ ဒါပေမယ့် ဆရာရေ ရယ်စရာတော့ အကောင်းသားပဲ။ ဆိုပါတော့ဆရာရယ်...ကျွန်တော် ကန်တော့တာက မုန့်လေးတစ်ပုံး၊ လုံချည်လေးတစ်ထည် ရှိတော့မှာပေါ့ ဆရာရဲ့။ အဲဒါမျိုးတွေက သူတို့မှာ အလျှံအပယ်ရှိနေတာမျိုးတွေမဟုတ်လား။ ဒီတော့ ကျွန်တော် ကန်တော့တာက သူတို့အဖို့ ထန်းလျက်တစ်ခဲလောက်ပဲ ဖြစ်မနေပေဘူးလား။ ကောင်းပါပြီ၊ ကျွန်တော်က တတ်နိုင်လို့ မုန့်ပုံးတွေက တစ်ရာလောက်၊ လုံချည်



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း နှစ်ရာလောက် ကန်တော့လိုက်ပါပြီတဲ့။ ဒါတွေနဲ့ သူတို့က ဘာလုပ်ရမှာလဲ။ ဒီတော့ ကျွန်တော် ကန်တော့နေတာဟာ ဘာမှ ခရီးမရောက်ဘူးလို့ ခံစားမိလာတယ်။ အဲဒီမှာတင် ငါ့ကို ဒီဆေးပညာကိုတတ်အောင် စောင်မပေးခဲ့တဲ့သူတွေဟာ အခုဆို အိုမင်းမစွမ်းဖြစ်လာကြပြီ။ သူတို့အတွက် အကောင်းဆုံးလက်ဆောင်ဟာ ကျန်းမာခြင်းပဲ။ သူတို့လည်း ကျန်းမာခြင်းက လွဲလို့ ဘာမှ မက်မောမှာမဟုတ်တော့ဘူး။ ဒါကြောင့် ကျေးဇူးရှင်တွေကို ပညာနဲ့ကန်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါဖြင့် ငါ့ကျေးဇူးရှင်တွေကိုပဲလား၊ တခြားသော လူနာတွေကိုကော ငါ မစောင့်ရှောက်သင့်ပေဘူးလား။ စောင့်ရှောက်ပေးလိုက်ရင် ငါကိုယ်တိုင် ကုသိုလ်ရရုံမက ငါ့ကျေးဇူးရှင်တွေကော ကုသိုလ်မရပေဘူးလား။ သူတို့ကိုယ်တိုင်ကလည်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ မပြုကြပေဘူးလားဆိုတာမျိုးတွေကို တွေးလိုက်မိတယ်။ အဲဒီလိုနဲ့ ဒီ 'မြမေတ္တာ မျက်စိအထူးကုဆေးခန်း' ကို တည်ထောင်ဖြစ်သည်အထိ ရောက်လာတာပါပဲ ဆရာ။

ဆက်ပါဦးမယ်။



## စကျွေရာဇာ (၂)

ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်က မျက်စိအထူးကု ဆရာဝန်ကြီး 'စဂျေလွင်'ရဲ့ 'မြမေတ္တာ မျက်စိအထူးကုဆေးခန်း'အကြောင်းကို ဆက်လိုက်ရပါဦးမယ်။ သူနဲ့စကားပြောရတာက ပျော်စရာလည်းကောင်း၊ စိတ်ဝင်စားစရာလည်းကောင်းတာမို့ ငါတို့စကားချီချလေးကို နားထောင်စေချင်ပါတယ်။

သင်း။ ။ "နေစမ်းပါဦး၊ မင့်နာမည်က 'စဂျေလွင်'ဆိုတာက..."

လွင်။ ။ "ဒီလိုပါဆရာ၊ ကျွန်တော်တို့ ကရင်တွေမှာ 'စော'တို့ 'စ'တို့၊ 'မန်း'တို့ဆိုတာ ရှိပါတယ်။ 'စော'ဆိုတာကတော့ စကောကရင်တွေပေါ့ ဆရာ။ 'စ'တို့ 'မန်း'တို့ ဆိုတာကတော့ ကျွန်တော်တို့ ပိုးကရင်တွေပါ"

သင်း။ ။"နေပါဦးကွ၊ မင့်ဇနီးနာမည်ကလည်း ခပ်ဆန်းဆန်း၊ဘာတဲ့..."

လွင်။ ။ "စွဲ့မိုးမိုးအေးပါ ဆရာ၊ သူက ခန္တီးရှမ်းပါဆရာ"

ဒီနေရာကျတော့ ငါလည်း မနေနိုင်တော့ဘူး။ ရယ်မိတော့တာပဲ။ သူရော နားထောင်နေသူတွေပါ ရယ်ကြတယ်။

သင်း။ ။ "နေစမ်းပါဦးကွ၊ ပန်းတနော်က စဂျေလွင်နဲ့ ခန္တီးရှမ်းမ မိုးမိုးအေးနဲ့ ရွှေဖူးစာဥက္ကာလုံ ကံဆုံကြပုံက..."

လွင်။ ။ "ဒီလိုပါဆရာ၊ ကျွန်တော် အလုပ်သင်ဆရာဝန်အဖြစ် ဆေးရုံကြီးမှာ အလုပ်ဆင်းချိန်မှာ သူကလည်း သူနာပြုသင်တန်း တက်နေချိန်ပါ။ အဲဒီမှာ ကျွန်တော်တို့ တွေ့ကြတာပါ"

သင်း။ ။ "မင်းတို့အိမ်ထောင်ကျတော့..."

လွင်။ ။ "ဒီလိုပါဆရာ...ကျွန်တော် ၈၆ မှာ ဆရာဝန်ဖြစ်ပါတယ်။ ၉၂ ကျတော့မှ အိမ်ထောင်ကျပါတယ်။ ဖြစ်ပုံက ဒီလိုပါဆရာ။ ကျွန်တော် ဆရာဝန်ဖြစ်ပြီးတဲ့နောက် ပန်းတနော်မှာ ကျွန်တော် ဆေးခန်းဖွင့်နေပါသေးတယ်။ အဲဒီလို ဆေးခန်းဖွင့်နေစဉ်မှာပဲ ဆရာဝန်ခန့်စာ ရခဲ့ပါတယ်။ ပုသိမ်မှာ လုပ်ရပါတယ်။ ပုသိမ်ကနေပြီး ကျွန်တော့်ဇာတိ ပန်းတနော်ကို ပြန်ရောက်ပါတယ်။ ပန်းတနော်မှာ နှစ်နှစ်ခွဲလောက်နေပြီးတော့ ကျွန်တော် မချမ်းဘောကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဒီတော့ မိသားစုနဲ့ တကွဲတပြား ဖြစ်နေပြီပေါ့ဆရာ။ ဒါနဲ့ ကျွန်တော် လည်း ဘွဲ့လွန်အထူးကုစာမေးပွဲကို ဝင်ဖြေလိုက်တယ်။ အဲဒီမှာ မျက်စိအထူးကု ဘွဲ့လွန်သင်တန်းကို တက်ခွင့်ရပါတယ်။ ဒီတော့မှ ကျောင်းတက်ရင်း ရန်ကုန်ကို ပြန်ရောက်လာတော့တာပါပဲ။ ဘွဲ့လွန်ရပြီးတဲ့ နောက်မှာတော့ဖြင့် ရန်ကုန် မျက်စိ၊ နား၊ နှာခေါင်းဆေးရုံကြီးမှာ ခုအထိပဲဆိုပါတော့ဆရာ။ ပန်းတနော်က ကျွန်တော့်ဇာတိပါ။ ပန်းတနော်ဆိုပေမယ့် ကျွန်တော့်ဇာတိရွာလေးက 'ပြလင်း' ဆိုတဲ့ ရွာကလေးပါ။

သင်း။ ။ "နေဦးကွ၊ မင်းနဲ့ မြတောင်ကျောင်းတိုက်နဲ့က..."

လွင်။ ။ "ဩော်...ဒီလိုပါဆရာ၊ ကျွန်တော် ပန်းတနော်မှာ တာဝ[illegible] ကျလိုက်စဉ်ကတည်းက စောစောပိုင်းက ကျွန်တော်ပြောခဲ့သလို 'ငါဟာ ငါ[illegible] တတ်တဲ့ပညာနဲ့ အလုပ်အကျွေးပြုမယ်'ဆိုတာမျိုး ဖြစ်လာခဲ့လေတော့ မြတော[illegible] တိုက်က သံဃာတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ခဲ့ပါတယ်ဆရာ။ ကျွန်တော့်[illegible] မိဘတွေကလည်း မြတောင်တိုက်မှာ ဆွမ်းကပ်၊ အလှူလုပ်ဆိုတာလို ဆရာဒကာ[illegible] တွေ ဖြစ်နေတာကိုးဆရာရဲ့။ တိုတိုပြောရရင်တော့ မိဘကစပြီး ကိုးကွယ်ခဲ့တ[illegible] ကျောင်းဆိုပါတော့။ တစ်နေ့မှာတော့ ဆရာတော်ကြီးက သူ့ကျောင်းမှာ နေထိ[illegible] မကောင်းတဲ့ ရဟန်းတော်တွေ သီတင်းသုံးဖို့ရည်ရွယ်ပြီး ဒကာ ဒကာမများက[illegible] လှူထားတဲ့ ဂိလာနဆောင်ရှိတယ်။ မင်း မျက်စိလူနာတွေကို ကုသိလ်ဖြ[illegible] အဲဒီမှာ ကုချင်ကုပေါ့လို့ ခွင့်ပြုတော်မူရှာတယ်။ ပြောမယ့်သာ ပြောလိုက်ရတာ[illegible] ကျွန်တော် ကိုယ်တိုင်လည်း ဘယ်ကစလို့ ဘာလုပ်ရမှန်းကို မသိသေးဘူးပေ[illegible] ဆရာရယ်။ အဲဒီအချိန်မှာ တိုက်ဆိုင်လာတာက ကျွန်တော်တို့ ဒီအဖွဲ့မှ[illegible] ဦးဆောင်ဦးရွက် အဖွဲ့ဝင်အဖြစ် လုပ်ပေးနေတဲ့ 'မန်းထွန်းရှိန်'ကလည်း သူ့ဇ[illegible] မျက်စိမှာ ရေတိမ်ဖြစ်နေလို့ ရန်ကုန်မှာ ဟိုဆေးခန်းပြလိုက်၊ ဒီဆေးခန်းပြလိုက် တလည်လည် ဖြစ်နေတယ်။ မျက်စိက မသက်သာတဲ့ပြင် ပိုပိုဆိုးလာတယ်[illegible] နောက်တော့ ကျွန်တော် မျက်စိအထူးကု ဖြစ်နေတယ်ဆိုတာ ကြားတော့[illegible] ကျွန်တော့်ဆီ ရောက်လာတယ်။ အဲဒီမှာတင် ကျွန်တော်က 'ဟာ...ရေတိမ်က[illegible] ဒီလိုဆွဲနေလို့ မရဘူး'ဆိုပြီး ကျွန်တော့်ဆရာကြီး ပါမောက္ခဦးသန်းအောင်[illegible] ခေါ်သွားရတယ်။ ဆရာကြီးကလည်း ချက်ချင်းပါပဲ။ ခွဲစိတ်ကုသပေးပါတယ်[illegible] ဒါပေမယ့်ဆရာရေ၊ ဒီအချိန်မှာ နောက်ကျလွန်းတော့ မျက်စိတစ်ဖက်ကတော့ပြ[illegible] ကန်းသလောက် ဖြစ်နေတော့ မရတော့ဘူး။ ဒီတော့ မန်းထွန်းရှိန်ကလည်[illegible] သူ့ဇနီးနဲ့ပက်သက်ပြီး ဒုက္ခကြုံခဲ့ရတာမို့ သူ့အိမ်မှာကိုပဲ ဆေးခန်း ဖွင့်ချင်ဖွင့်ပါ[illegible]





ပြောပါတယ်။ ကျွန်တော်က မန်းထွန်းရှိန်ကို 'မဟုတ်သေးဘူး၊ ဘယ်သူမဆိုဝင်ဖို့ ပန်မလေးတဲ့နေရာ ဖြစ်သင့်တယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း ကုသိုလ် ယူချင်တယ်၊ နောက်ပြီး မြတောင်ဆရာတော်ကြီး ကိုယ်တိုင်ကလည်း အချိန်မရွေး လာခဲ့လို့ မိန့်တော်မူထားဖူးတယ်'လို့ ပြောပြတယ်။ သူကလည်း ဆရာရေ့ ချက်ချင်းပဲ ဆရာတော်ကို သွားပြီး လျှောက်ထားတယ်။ ဒီလိုနဲ့ ဒီဆေးခန်း ဖြစ်လာရတာပါပဲဆရာ"

သင်း။ ။ "နေပါဦးကွ၊ ငါ မေးလိုက်ရဦးမယ်။ မင့် ခွဲစိတ်ခန်းက ကကယ့်ကို 'ပတ်ကားခွဲစိတ်ခန်း'ကြီးလိုကို ဖြစ်နေပါလား။ ဗွီဒီယိုထဲ ကြည့် ရဟာကို ပြောရတာလေကွာ"

လွင်။ ။ "ဟုတ်တယ်ဆရာ၊ ဖြစ်လာတာက ဒီလိုဆရာရေ။ ပန်းတနော် မှာ ကျွန်တော်ကြည့်ရတာက တစ်နေ့ကို လူနာခြောက်ဆယ်လောက် ရှိတယ်။ ဟချို့လူနာတွေက ခွဲစိတ်ကုမှ လုပ်ကို လုပ်ရမှာကွ။ မလုပ်နိုင်ရင် သွားပြီပေါ့ ဆရာရယ်။ ဒါပေမယ့် ခက်နေတာက လူနာအများစုဟာ ရန်ကုန်သွားပြီး ခွဲစိတ်ကုသမှု ခံယူဖို့ဆိုတာ ဖြစ်ကိုမဖြစ်နိုင်တော့တာ။ သူတို့ရဲ့ စီးပွားရေး အခြေအနေ စသည်အားဖြင့်ပေါ့ဆရာ။ ဒါနဲ့ပဲ ငါဟာ ဒီလောက်လုပ်နေရုံလေး နဲ့တော့ ဘာမှအကျိုးဖြစ်ထွန်းမှာ မဟုတ်ဘူး။ ခွဲစိတ်ခန်းတစ်ခုတော့ဖြင့် ဖြစ် အောင်လုပ်ဦးမှပဲလို့ ဆုံးဖြတ်လိုက်တယ်"

ဆက်ပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

## စက္ခုရာဇာ (၃)

ပန်းတနော်မြို့ 'မြဂေါင် စာသင်တိုက်'က 'မြမေတ္တာ မျက်စိအထူးကုဆေးခန်း' နဲ့ မျက်စိအထူးကုဆရာဝန်ကြီး 'စရေလွင်'အကြောင်းကို ဆက်လိုက်ပါရစေဦး။ တခြားကြောင့် မဟုတ်ပါဘူး။ မင်းတို့လူငယ်တွေဟာ လောကကို စောင့်ရှောက်တတ်သော ယောကျ်ားကောင်း မိန်းမမြတ်တွေ ဖြစ်လာကြစေချင်လို့ပါပဲ။

ငါက စရေလွင်ကို မေးကြည့်မိတယ်။

သင်း။ ။ "နေဦးကွ စရေလွင်ရ။ မင့်ခွဲစိတ်ခန်းက တကယ့်ကို ပတ်ကားပဲ။ ဘယ်လိုလုပ်..."

လွင်။ ။ "ဒီလိုဆရာ...အဲဒီဂီလာနခေါင်က ဆောက်နေရင်းတန်းလန်း နှစ်ထပ်ဆောင်။ ပြတင်းပေါက်တွေကအစ ဟင်းလင်းပဲ ရှိနေသေးတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်ကို ထောက်ပံ့ကူညီခဲ့ကြတဲ့သူတွေနဲ့ မိဘကို အပူကပ်ရပြန်တာပေါ့ ဆရာ။ ကျွန်တော့်အဖေက ပထမတော့ သဘောမတူလှဘူး။ မတူတာက စေတနာမရှိလို့ မဟုတ်ဘူး၊ မနိုင်ဝန်ကို ထမ်းမိပြီး တိုးလိုးတန်းလန်း ဖြစ်နေမှာစိုးလို့ပါပဲ။ ဒါနဲ့ နောက်တော့ လုပ်ဖြစ်သွားပါတယ်။ ပစ္စည်းတွေကိုသာ ဝယ်လိုက်ရတာ ဆရာရေ။ ဆောက်တာ လုပ်တာကတော့ သံဃာတော်တွေပါပဲ။ ပြောရင် မယုံလောက်စရာပါပဲ။ အဲဒီ မြဂေါင်တိုက်က သံဃာတွေကဆရာရေ... လက်သမားလည်း လုပ်တတ်တယ်၊ ပန်းရန်လည်း လုပ်တတ်တယ်။ မီးဆင်တာရော၊ ရေပိုက်သွယ်တာရော၊ အားလုံးဟာ သံဃာတော်တွေက ဝိုင်းပြီး လုပ်ပေးသွားတာ"

သင်း။ ။ "အေးကွ၊ ဗီဒီယိုထဲမှာ တွေ့လိုက်ရတယ်။ မင်းတို့ အော်ပရေးရှင်း လုပ်ခါနီးမှာ မီးစက်တွေဘာတွေကို ကိုင်တွယ်နေကြတာက ရဟန်းတော်တွေပဲကွ။ ငါတောင် 'တယ်လည်းမြိုင်ပါ့လား' တွေးမိသေးတယ်။ နေဦးကွ...ဟို မင်းတို့ခွဲစိတ်ခန်းအတွက် အလှူငွေ မ,တည်ပေးလိုက်တဲ့ ဇနီးမောင်နှံက..."

လွင်။ ။ "အဲဒါက ကျွန်တော့် အဖေနဲ့ အမေပါပဲဆရာ။ ဒီလိုဆရာ





ပြောလိုက်ရဦးမယ်။ ကျွန်တော့်အဖေနဲ့ အမေတို့က ပထမက ဗိုလ်ချုပ်ဈေးရှေ့က လေဟာပြင်ဈေးမှာ ဆိုင်ထွက်ပါတယ်။ သိပ်အပြေလည်ကြီးတော့ မဟုတ်လှပါဘူး။ နောက်တော့ မင်္ဂလာဈေးကို ရောက်သွားတယ်။ အဲဒီနောက် မင်္ဂလာဈေးကို ပလာဇာကြီးဆောက်ပြီးတော့ ဆိုင်ခန်း မဲနှိုက်ကြတဲ့အခါမှာ အောက်ထပ် နှစ်ခန်းတွဲရတယ်။ သူတို့ကလည်း အသက်ကြီးလာတော့ ဆိုင်ကို ဖိဖိစီးစီး မလုပ်နိုင်ကြတော့လို့ ဆိုင်ခန်းကို ရောင်းလိုက်တာမှာ သိန်းသုံးဆယ်လောက် ရလိုက်ပါတယ်။ ဒီတော့ သူတို့လည်း ချောင်ချောင်လည်လည် စားနိုင်သောက်နိုင်၊ လှူနိုင်တန်းနိုင်ဆိုတာလို ဖြစ်လာပါတယ်။ ဒါနဲ့ ကျွန်တော်က ဒီဆေးခန်းအတွက် အဖေတစ်သိန်း၊ အမေတစ်သိန်း မ,တည်ပေးပါလို့ ပြောရတာပေါ့"

သင်း။ ။ "ဟ...ရေလွင်ရ မင့်ဟာက ကျောင်းသားတုန်းကလည်း ထောက်ပံ့ရ၊ အထူးဆရာဝန်ကြီးဖြစ်လာပြန်တော့လည်း အလှူခံနဲ့၊ မိဘနဲ့ လူကြီးတွေမှာ မင့်ရန်က လွတ်ပဲ မလွတ်နိုင်တော့ပါလားကွ"

ငါက ဒီလိုပြောလိုက်တော့ စရေလွင်ရော ဘေးက လူတွေပါ တအုံးအုံး ရယ်မိကြတယ်။

သင်း။ ။ "မင့်မိဘတွေ နာမည်က..."

လွင်။ ။ "မန်းသိန်းဟန်နဲ့ ဒေါ်ကြည်ကြည်ပါဆရာ။ ကျွန်တော့်အဖေက ကရင်ပါ။ အမေကတော့ မြန်မာပါ"

သင်း။ ။ "ဗီဒီယိုထဲမှာ ဆရာဝန်ကြီးတွေရော၊ သူနာပြုတွေကလည်း မနည်းဘူး။ မင့်ဇနီးကလည်း သူနာပြုပဲနော်"

လွင်။ ။ "ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့ကို ကူညီနေတဲ့ သူနာပြုပေါင်း ၂၄ ယောက်ရှိပါတယ်။ ဆရာဝန်ကြီးကတော့ ဦးကိုကိုတင်ပါ။ သူက မေ့ဆေးပညာသမားဝင်ပါ။ ဒါပေမယ့် ဒီလို စေတနာ့ဝန်ထမ်းလုပ်ငန်းတွေမှာ မလွှတ်ကို သဒ္ဓါတရားကြီးတဲ့ ဆရာဝန်ကြီးပါ"

သင်း။ ။ "မေးပါရစေဦး၊ မင်းတို့ခွဲစိတ်ကုသမှု နှစ်ရာကျော်မှာ မအောင်မြင်တာကော ရှိသေးသလား"

လွင်။ ။ "တစ်ခု နှစ်ခုလောက်ပဲ ရှိပါတယ်ဆရာ။ ဒါတွေကလည်း ခွဲစိတ်ကုသမှု မအောင်မြင်ဘူးလို့ ပြောလို့ မရလောက်ဘူး ထင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က မျက်လုံးထဲက တိမ်ကိုဖယ်ရှားပေးလိုက်နိုင်ပေမယ့် မျက်လုံးရဲ့နောက်ဘက်က Retina လို့ခေါ်တဲ့ အမြင်အာရုံခံအကြောတွေ ပျက်စီးနေတော့ မမြင်နိုင်တော့ဘူးပေါ့ဆရာ။ ပြဒါးကွာနေတဲ့မှန်လို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ တိမ်မရှိတော့လို့ အလင်းဝင်လာနိုင်ပေမယ့် ပုံရိပ်မထင်တော့ဘူးပေါ့”

သင်း။ ။ “မေးလိုက်ရဦးမယ်။ ငါ့သူငယ်ချင်း မျက်စိအထူးကု ဆရာဝန် ကြီးတစ်ယောက်က ပြောဖူးတယ်။ ခွဲစိတ်တဲ့ ဓားတို့လို၊ ဇာဂနာတို့လို ပစ္စည်း တွေကို ကျိုက်ကျိုက်ဆူနေတဲ့ ရေထဲမှာ အနည်းဆုံး ၃၅ မိနစ်ပြုတ်မှ သန့်တယ် လို့ ပြောတယ်။ ခုခေတ်မှာတော့ တစ်ခါသုံးပစ္စည်းတွေလည်း ပေါ်လာ တော့...”

လွင်။ ။ “အဲဒါကိုပြောမယ်ဆရာ။ ကျွန်တော်တို့ ခွဲစိတ်ကုသကြတာမှာ အစစချွေတာကြရတာမှန်သော်လည်း အဲဒီလို ပစ္စည်းပစ္စယတွေမှာတော့ ရက်ရက် ရောရောကို သုံးကြရတယ်။ မသုံးလို့ဖြစ်မလားဆရာ။ ခွဲစိတ်မှုအောင်မြင်ဖို့ဟာ သူက အရေးအကြီးဆုံး မဟုတ်လား။ နောက်ပြီးဆရာရေ...ရန်ကုန်က သူနာပြု ဆရာမ ၂၄ ယောက်ဆိုတာက အားလပ်ခွင့်ရတဲ့သူတွေက အလှည့်ကျလာကြ ရတာကိုး။ သူတို့က ရောက်တာနဲ့တစ်ပြိုင်နက် ခွဲစရာရှိတာကို ကောက်ခွဲ ပြီးတာနဲ့ ပြန်ကြရရှာတာ။ ရန်ကုန်မှာ မျက်စိခွဲခန်း အလုပ်တာဝန်က ရှိကြ သေးတာကိုး ဆရာရဲ့။ ဒီတော့ စနေနေ့ခွဲတော့မယ်ဆိုရင် ကျွန်တော်က သောကြာ နေ့ ညနေမှာအရောက် ပြန်လာရတာ။ ခွဲစိတ်ခန်း သန့်ရှင်းရေး၊ ပိုးသတ်ဆေး ဖျန်းဆိုတာတွေကို သိမ်းကျုံးလုပ်ရတော့တာ။ ကျွန်တော်တို့မှာ ကံကောင်းတာက ဒီမှာ ကျွန်ုပ်တော့်ကို ဝိုင်းကူနေတဲ့ ဒေသခံလူတွေကလည်း ရှိနေသေးတယ်။ အပြာဝတ် အငြိမ်းစားဆရာမကြီး တစ်ယောက်လည်း ရှိတယ်။ နောက်ပြီး သားဖွားဆရာမလေး တစ်ယောက်၊ နောက်ပြီး အရန်သားဖွားဆရာမလေး နှစ်ယောက်လည်း ရှိသေးတယ်။ သူတို့ကလည်း ဆယ်တန်းတော့ အောင်ထား ကြပြီးသားဆိုတော့ သင်ပေးလိုက်ရင် လာဘ်မြင်တယ်ပေါ့ဆရာ။ သူတို့ကလည်း တကယ့်ကို စိတ်အားထက်ထက်သန်သန် ကူညီကြတာ။ ကျွန်တော်က လုပ်ငန်း တွေအတွက် သူတို့ကို သေချာသင်ပေးထားတာ။ သူတို့ရှိနေလို့လည်း အောင်မြင် တာပေါ့ဆရာ။ သူတို့မကူညီရင် ကျွန်တော်ဘယ်လိုမှ လုပ်ရှားနိုင်မယ် မဟုတ် ပါဘူး။ တကယ့်ကို ကျေးဇူးတင်စရာကောင်းတဲ့ စေတနာရှင်တွေပေါ့ဆရာ။ ခုနကဲပြောသလို သောကြာနေ့ ရောက်လာပါပြီ ဆိုကတည်းက ခွဲစိတ်ခန်း သန့်ရှင်းရေးတွေ ဘာတွေလုပ်၊ ကိရိယာတွေကို ပြုတ်ဟယ် ပေါင်းဟယ် ပြင်လိုက်ဆင်လိုက်ရတာဟာ ညသန်းခေါင်ကျော်မှ နားရတော့တာချည်းပါပဲ။ ဒီလိုဆရာ၊ တခြားအကြောင်းကြောင့် မအောင်မြင်ရင် ရှိပေစေ။ ကုသိုလ်ဖြစ် ဆေးခန်းဆိုသော်လည်း ကျွန်တော်တို့ဘက်က ချွတ်ယွင်းမှုကြောင့်တော့ မျက်





မပျက်စေရဘူးဆိုတဲ့ ခံယူချက်ကို အပြည့်ထားကြပါတယ်ဆရာ။ လက်အိတ် ဆိုရင် တစ်ခါသုံးပဲ။ အဲဒီလိုပဲ တချို့ပစ္စည်းတွေကို တစ်ခါသုံးပဲ။ အဲဒါမျိုးကျတော့ ကျွန်တော်တို့ ဘယ်တော့မှ မချွေတာတော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com

## စက္ခုရာဇာ (၄)

ပန်းတနော်မြို့ မြတောင်ကျောင်းတိုက်က 'မြမေတ္တာကုသိုလ်ဖြစ် မျက်စိအထူးကုဆေးခန်း'နဲ့ မျက်စိအထူးကုဆရာဝန် 'စဂျေလွင်'တို့အကြောင်းကို ဆက်လိုက်ပါရစေဦး။

"စဂျေလွင်ရေ...မေးစမ်းပါရစေဦး။ မင်းတို့ခွဲစိတ်ခန်းက တကယ့်ကိုပတ်ကားလို့ ပြောနိုင်လောက်အောင်ပါပဲ။ ခွဲစိတ်ခန်းသုံး မှန်ဘီလူးကြီးတွေဘာတွေကိုတော့ ဘယ်လိုရသလဲ"

"အဲဒါတွေကိုရပုံကတော့ ဒီလိုဆရာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က အဲဒီမှန်ဘီလူးကို ပြန်ရောင်းဖို့ လုပ်နေတာ။ ဒါနဲ့ ကျွန်တော်က ခဏနေပါဦးလို့ ပြောပြီး ကျွန်တော်တို့က ဝယ်ယူလိုက်တာ။ ကျွန်တော်တို့ဆိုလိုတာက ကျွန်တော်နဲ့ ဇနီးပါပဲ။ မဝယ်လို့မဖြစ်ဘူးဆရာ။ မျက်စိခွဲတာက သိပ်ပြီး အနုစိတ်တာဆိုတော့ ဒီအတိုင်း သာမန်မျက်စိနဲ့ကြည့်ပြီး ခွဲလို့မဖြစ်ဘူး။ မှန်ဘီလူးမရှိလို့မဖြစ်ဘူး။ ဒါကြောင့် ကျွန်တော့်ဇနီးသည်နဲ့ တိုင်ပင်ပြီး ဝယ်လိုက်ရတာ"

"ဘယ်လောက် ပေးလိုက်ရသလဲ"

"နှစ်သိန်းခွဲ ပေးလိုက်ရပါတယ်ဆရာ။ သိပ်အကောင်းစားကြီးတော့ မဟုတ်ပါဘူးဆရာ။ သို့သော်လည်း သုံးလို့တော့ဖြစ်တယ်ပေါ့။ အဲဒီ ကျွန်တော်ရဲ့ မှန်ဘီလူးကို မြမေတ္တာကော်မတီက ဂေါပကလူကြီးတွေက သူတို့အဖွဲ့က ပြန်ပြီးဝယ်ပါမယ်လို့ ပြောကြပါတယ်။ ကျွန်တော်က ဒါကို ပြန်မဝယ်ကြပါနဲ့၊ နောက်ထပ်ပြီး ခဏစောင့်ပြီး ငွေစုလိုက်ကြပါဦး။ ငါးသိန်းလောက်ရမှ အကောင်းစားဝယ်လိုက်ကြတာပေါ့လို့ ပြောထားရတယ်"

"နေပါဦး၊ လူနာတွေကတော့ ငွေကြေး စသည်အားဖြင့် ပြန်ပြီး မလှူခဲ့ကြဘူးလား"

"ကျွန်တော့် အတွေ့အကြုံအရပြောရရင် များများစားစား ထည့်နိုင်တာ မရှိကြပါဘူးဆရာ။ ဆင်းရဲကြတဲ့သူတွေသာ များပါတယ်။ ဒီတော့ ငွေကြေးတတ်နိုင်တဲ့ စေတနာရှင်တွေရဲ့ အင်အားကို မှီခိုနေရတယ်လို့ပဲ ပြောရမှာပါ"





"နေဦးကွ...ဗီဒီယိုထဲမှာ တွေ့ရတာက ထမင်းတွေ ဟင်းတွေကို တပျော်ပါးကြီး ချက်ကြပြုတ်ကြ လုပ်နေတာကိုလည်း တွေ့ရတယ်။ ရန်ကုန်ကဆရာဝန်ကြီးတွေနဲ့ သူနာပြုဆရာမတွေက ကျွေးဖို့ထင်တယ်၊ ဟုတ်လား"

"အဲဒါလည်း ဟုတ်ပါတယ်။ ဒီလိုဆရာ...မျက်စိလူနာတွေကို ခွဲစိတ်ပြီးရင် တစ်ပတ်လောက်က ဆေးထည့်၊ ပတ်တီးစည်း စသည်အားဖြင့် လုပ်ပေးနေရသေးတာဆိုတော့ ဒီမှာ တစ်ပတ်ဆယ်ရက်ဆိုသလို နေရသေးတာကိုး။ သူတို့ကို ဆရာတော်က ကျွေးပါတယ်။ လူနာစောင့်ကိုတော့ မကျွေးနိုင်ဘူးပေါ့။ တစ်ခါတစ်ရံကျပြန်တော့လည်း ချက်ကျွေးရတာပေါ့"

"ဒီမယ် စဂျေလွင်...မကြာသေးမီက ငါတပည့် ဆရာဝန်လေးတစ်ယောက်ကို တွေ့တယ်။ သူက ရန်ကုန်မှာရှိတဲ့ ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုမှာ အလုပ်လုပ်နေတာကို ငါက သိနေတယ်။ အဲဒီနေ့က မေးကြည့်လိုက်တော့ သူအဲဒီမှာ မလုပ်တော့ဘူးတဲ့။ ဘာကြောင့်လဲဆိုတာကို မေးကြည့်လိုက်တော့ သိပ်ပြီး စိတ်ဆင်းရဲလို့တဲ့။ ဘာကြောင့်လဲ မေးကြည့်လိုက်တော့ ပြဒါးတိုင်တက်တာတောင်မှ ကြေးတင်တယ်ဆိုကိုး။ ဆရာဝန်ကြီးက တစ်ခေါက်လှည့်ပြီး ဝင်ကြည့်သွားလိုက်ရင်လည်း အဲဒါကိုတောင် ကိုးရာ၊ တစ်ထောင် ကြေးကောင်လိုက်တာပဲတဲ့။ အဲဒါတွေထက်ဆိုးတာက ဘုန်းတော်ကြီးတစ်ပါး ဆေးရုံရောက်တယ်။ ဒကာ၊ ဒကာမတွေက ငွေနဲ့ လိုက်လာရရှာတာပေါ့။ ငါ့ကောင်လေးက အဲဒီ ဘုန်းတော်ကြီးကို ဆေးကုရတာပါ။ အမှန်က ဆေးရုံကဆင်းမယ်ဆိုရင်ရပြီ။ အပြင်ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှာ အာဂန္တုဖြစ်တည်းပြီး တစ်နေ့တစ်ကြိမ် ဆေးလာပြီး ထိုးရုံလောက်ပဲ လိုအပ်တော့တာပါ။ ဆေးရုံမှာ နေရတယ်ဆိုတော့ မင်းသိတဲ့အတိုင်း စရိတ်ကနည်းနည်းနောနောမှ မဟုတ်ဘဲ။ ဒီတော့ ငါ့ကောင်လေးက ဆေးရုံက ဆင်းနိုင်ပြီလို့ မှတ်ချက်ပေးလိုက်တယ်။ အဲဒါကို အုပ်ချုပ်ရေးကိုင်တဲ့သူတွေက သဘောမတူကြဘူး၊ ဆေးရုံမှာ ဆက်နေသင့်ကြောင်း မှတ်ချက်အရေးခိုင်းတယ်။ သူလည်း ရေးပေးလိုက်ရတယ် ထင်ပါရဲ့။ ဒါပေမယ့် အလုပ်က ထွက်ပစ်လိုက်တယ်။ အခုတော့ တခြားဆေးခန်းတစ်ခုမှာ ထိုင်နေတယ်လို့ ပြောတယ်။ သူပြောသွားတာတစ်ခုက 'ဆရာရယ်...ဒီပညာကိုရအောင် ကျွန်တော် ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာကို ဆရာအသိဆုံးပါ။ နောက်ပြီး ကျွန်တော်ဟာ သူတော်ကောင်းသူမြတ်လောင်းကြီး မဟုတ်ဘူးဆိုတာကိုလည်း ဆရာသိပါတယ်။ သို့သော်ငြားလည်း ဆရာရယ် ခံယူချက်ကလေးတော့ ရှိပါသေးတယ်။ ဒီတော့ သူတို့ ငွေကြေးရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် ကျွန်တော့် 'သမားသီလ'ကိုတော့ဖြင့် မချိုးဖောက်နိုင်တော့ဘူး။ ဆရာဦးသုခရဲ့ ရုပ်ရှင်ထဲက 'တစ်ပါးသီလ'တော့ မဟုတ်ဘူး၊ 'သမားသီလ'ပေါ့ ဆရာရယ်'လို့ ပြောသွားတယ်။ ငါလေ ငါ့တပည့်ကို အတော်လေးကို ကြည်ညို သွားမိတယ်။ ဒီတော့ ဂျေလွှင်ရေ...ငါလေ မင်းကိုရော၊ မင့်ဇနီးကိုရော ဟို... ငါ တစ်ခါမှ မတွေ့ဖူးတဲ့ သူနာပြုဆရာမလေးတွေကိုရော၊ ဆရာဝန်ကြီးတွေ ကိုရော၊ ဆေးခန်းကို ပိုင်းဆောက်ပေးခဲ့တဲ့ ကိုရင် ဦးပဥ္စင်းတွေကိုရော အားလုံးကို ငါတကယ်ကြည်ညိုမိပါတယ်ကွာ။ မင်းတို့က ဒီလောက်တောင် ကြည်ညိုမိပါ တယ်ကွာ။ မင်းတို့က ဒီလောက်တောင်လုပ်နေကြတာ ငါကလည်း ပါသင့်တာ ပေါ့ကွ။ ခဏနေဦးကွာ"

အဲဒီလို ပြောပြီး ငါလည်း ငွေကျပ် ၅၀၀၀ ကိုလှူတော့ စဂျေလွှင်က ခပ်အမ်းအမ်း ဖြစ်နေတယ်။ သူက အလှူခံလာတာမှ မဟုတ်ပါပဲကလား။ ဒီတော့ ယူရအခက်၊ မယူရအခက် ဖြစ်နေတော့တာပေါ့။ ဒါနဲ့ပဲ ငါက...

"ဟ...ကောင်ရ၊ ငါက မင်းကိုပေးနေတာ မဟုတ်ဘူး။ မင်းတို့ကောင်းမှု ကြီးကို အောင်သင်းက အချောင်ဝေစုယူနေတာဟ...ကောင်ကြီးရ။ မင်းက ငါ့ကိုတောင် အမျှလေး ဘာလေး ပေးပြီး ဝေစုခွဲမပေးချင်တော့ဘူးလား"လို့ ပြောလိုက်ရတယ်။ ဒီတော့မှ သူက "အဲဒီလိုမဟုတ်ပါဘူးဆရာ"လို့ပြောပြီး ဖြောင့်ဖြောင့်တန်းတန်း ယူသွားပါတော့တယ်။ အဲဒါပါပဲ။ မင်းတို့ သိကြပါတယ်။ ငါဟာ မချမ်းသာပါဘူး။ ဒါပေမယ့် သူတို့တစ်တွေကို ကြည်ညိုလွန်းလို့ကိုပဲ လှူလိုက်တာပါ။ မင်းတို့ကိုလည်း အမျှဝေလိုက်ပါတယ်။ သာခုခေါ်နိုင်ကြပါစေ။



# ပျော်ရွှင်မှု

မနေ့က ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေလိုက်တာ တော်တော်ကို ညဉ့်နက် သွားတယ်။ စာရေးတာ ဘာညာလို အလုပ်လုပ်နေတာ မဟုတ်ပါဘူး၊ ကွန်ပျူတာ နဲ့ ဟိုဟာလုပ် ဒီဟာလုပ်ဆိုတာမျိုးလို လျှောက်ပြီး ဆော့နေတာပဲ ဆိုကြပါစို့။ ကိုယ်က စနစ်တကျ ကွန်ပျူတာသင်တန်းတွေ ဘာတွေလည်း တက်ဖူးတာမှ မဟုတ်ဘဲ။ ကွန်ပျူတာစာအုပ်ကလေးတွေကို ဖတ်လိုက်၊ ကွန်ပျူတာက ပြန် သင်ပေးတဲ့ စကားကိုဖတ်လိုက်နဲ့ လုပ်နေရတာမဟုတ်လား။ ဒါနဲ့ အတော်လေး ဟိုဖွင့်၊ ဒီဖွင့်၊ ဟိုနှိုက်ဒီနှိုက်ဆိုတာမျိုး လုပ်လိုက်တော့ ကိုယ်လုပ်ချင်တာလေး တွေကို အောင်အောင်မြင်မြင် လုပ်နိုင်သွားတယ်။ ငါ့မှာလေ ပျော်သွားလိုက်တာ၊ အဲဒါလေးကိုပဲ ဖျက်လိုက် ပြန်လုပ်လိုက် လေးငါးခါလောက် လုပ်နေမိတယ်။ ပျော်နေတာရော၊ မှတ်မိသွားအောင်ရောပေါ့။

ဒီလိုနဲ့ အိပ်ရာဝင်လိုက်တော့ တော်တော်နဲ့ အိပ်မပျော်ဘူး။ အိပ်ချိန် လွန်သွားတာလည်း ပါမှာပေါ့လေ။ ခုနက ကွန်ပျူတာတွေ့ရှိချက်ကလေးအတွက် ပျော်နေတာလည်း ပါနေထင်ပါရဲ့။ အဲဒီတော့မှ 'ပျော်ရွှင်မှု'ဆိုတာ ဘာလဲ ဆိုတာကို ဆက်ပြီး စဉ်းစားမိပြန်တယ်။ ခုနကတွေ့ရှိချက်ကိုရအောင် ကွန်ပျူတာ မှာ နှစ်နာရီနီးပါးလောက် ထိုင်ခဲ့ရတယ်။ နောက်မှ အဲဒီပျော်ရွှင်မှုကို ခပ် ငယ်ငယ်ကလည်း သိသိသာသာကြီး ခံစားခဲ့ဖူးတယ် ဆိုတာကိုပြန်ပြီး သတိရ မိလာတယ်။ သေသေချာချာ သတိရမိတာကတော့ သင်္ချာတွက်တဲ့ ကိစ္စပါပဲ။ အထူးသဖြင့် ဂျီသြမေတြီ စဉ်းစားရတာတွေကို ပြန်ပြီး သတိရမိပါတယ်။ ဂျီသြမေတြီပုစ္ဆာတွေစဉ်းစားရတာ ဘယ်လို စိတ်ဝင်စားမိမှန်း မသိဘူး။ တချို့ ပုစ္ဆာတွေဆိုရင် စိတ်ထဲမှာ မချင့်မရဲနေအောင် လှည့်ထားတာ မဟုတ်လား။ အဲဒါတွေရဲ့ စိန်ခေါ်မှုကို ဘယ်လို ခံပြင်းနေမိမှန်းမသိဘူး။ မရမချင်းကို စဉ်းစား နေလိုက်တာ နောက်တစ်နေ့ အိပ်ရာထနောက်ကျမှာစိုးလို့ အိပ်ရာထဲဝင်လိုက် ရတာတောင် အဲဒီ ဂျီသြမေတြီပုံကြီးက မျက်စိထဲက ထွက်မသွားဘူး။ ထင်း ထင်းကြီး မြင်နေတယ်။ စိတ်ကူးထဲမှာတင် လှမ်းကြည့်နေရင်း 'ဒီနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ချက်ကလေး ထည့်လိုက်ရင်ကော’ ဆိုတာမျိုးကို စဉ်းစားလိုက်မိပြီး ဖြစ်နိုင်ခြေရှိတယ်လို့ ဆုံးဖြတ်လိုက်မိရင် အိပ်ရာထဲက ငေါက်ခနဲ ထထိုင်ပြီး တွက်မိတာပဲ။ အဲဒီလိုတွက်လို့ အဖြေထွက်လာလိုက်တဲ့အခါမှာ ဘယ်လိုပျော်မှန်းမသိဘူး။

တစ်ခါတလေ အဲဒီလိုတွက်မရတဲ့ပုစ္ဆာကို ခေတ္တ လက်လျှော့ပြီး လမ်းလျှောက်ထွက်လာလိုက်ရင်း ပုစ္ဆာကို မရပ်မနား စဉ်းစားလာရာက သော့ချက်ကို လက်ခနဲတွေးလိုက်မိရင် လမ်းဘေးကို ခဏဆင်းတဲ့ပြီး မြေကြီးပေါ်မှာ တုတ်နဲ့ ခြစ်ပြီး တွက်ကြည့်မိခဲ့တတ်ပါတယ်။ အဖြေထွက်လာလိုက်ရင် သိပ်ကို ပျော်တာပဲ။ လမ်းလျှောက်ရတာကိုတောင် ပေါ့ပါးလွင့်မျောနေသလို ထင်မိအောင်ပါပဲ။

ငါဟာ အသက်ကြီးပါပြီ။ မင်းတို့ ‘ဘဘကြီး’ ပေါ့။ ဒါပေမယ့် အထက်က ပြောခဲ့သလို ကွန်ပျူတာရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ပြီး နှစ်နာရီလောက် တိုင်ပွဲဝင်လိုက်တာ အောင်မြင်သွားလိုက်တော့ ငယ်ငယ်တုန်းက ပျော်သလိုပဲ ပြန်ပြီးပျော်သွားပြန်သွားပဲ။

ပြောလိုက်ရဦးမယ်၊ အဲဒီလို ကွန်ပျူတာပြဿနာ ပြင်းထန်နေချိန်မှာ (တိုက်ပွဲအောင်မြင်ဖို့ လမ်းစတွေ့သလိုလို ဖြစ်နေချိန်မှာ) အိမ်ရှေ့ခန်းဘက်က ငါ့မြေးမလေးက “ဘိုးဘိုး တရုတ်ကားလာနေပြီ”တဲ့။ ငါကလည်း အသက်ကသာ ဘိုးဘိုးအရွယ်ရောက်နေတယ်။ တရုတ်သိုင်းကားကို ကြိုက်သေးသဗျား။ ဒါပေမယ့် ထွက်မကြည့်နိုင်ဘူး။ ကိုယ့်တိုက်ပွဲနဲ့ကိုယ် ထွေးလုံးရစ်ပတ်ဖြစ်နေတာကိုး။ အဲဒီညက တရုတ်သိုင်းကား လွတ်ကိုသွားပါလေရော။ ဒါပေမယ့် အကျေနပ်ကြီး ကျေနပ်ပြီး ပျော်နေတော့တာပဲ။

ဒီတော့မှ စဉ်းစားလာမိတာက ပျော်ရွှင်မှုဆိုတာဟာ ‘အောင်မြင်မှုရဲ့ ရလဒ်’ပဲလို့ အောက်မေ့လာမိပါတော့တယ်။ အောင်မြင်မှုဆိုတာကကောလို့ ဆက်ပြီး စဉ်းစားလိုက်ပြန်တော့ အောင်မြင်မှုဆိုတာဟာ အခက်အခဲ အတားအဆီးတွေကို တိုက်ခိုက်ရုန်းကန်မှုပါလားလို့ ဆက်ပြီး စဉ်းစားမိလာပြန်ပါတယ်။ ဟုတ်တယ်လေ တိုက်ခိုက်ရုန်းကန်မှုမရှိဘဲ အောင်ပွဲတို့ အောင်မြင်မှုတို့ ဆိုတာ ဘယ်မှာရှိလာနိုင်ပါ့မလဲ။

အဲဒီလို တိုက်ခိုက်ရုန်းကန်ပြီး အောင်မြင်လာလိုက်ရင် ပျော်တာပါပဲ။ ဒီတော့ ပျော်ရွှင်မှုဆိုတာဟာ အောင်မြင်မှုနဲ့ တွဲပြီးပါလာတဲ့ အရာပါလားလို့ စဉ်းစားမိလိုက်ပြန်တော့တယ်။





မင်းတို့ စဉ်းစားကြည့်လေ၊ ပျော်ချင်တယ်ဆိုပြီး ပျော်ရွှင်မှုသက်သက်ကို လိုက်ရှာလို့ ရနိုင်သလား။ မင်းလိုချင်တဲ့ မုန့်ဖိုး၊ မင်းလိုချင်တဲ့ပစ္စည်းကို မိဘက ဖြည့်ဆည်းပေးလိုက်ပြီ ဆိုပါတော့။ မင်း ဝမ်းမသာဘူးလား။ မပျော်ဘူးလား။ ဝမ်းသာမှာပဲပေါ့၊ ပျော်မှာပဲပေါ့။ ဒါပေမယ့် မင်းကိုယ်တိုင် ကြိုးစားပမ်းစား ဖြေလိုက်လို့ စာမေးပွဲမှာ ဂုဏ်ထူးတွေ တစ်ထမ်းကြီးနဲ့ အောင်လာတဲ့အခါမှာ ပျော်နည်းမျိုးနဲ့ တူနိုင်ပါ့မလား။

ဒီနေရာမှာ ငါတို့ ပြန်ပြီးစဉ်းစားကြရတော့မယ်။ တရုတ်သိုင်းကားလို ရုပ်ရှင်ကားကောင်းကောင်းကို ကြည့်ရတဲ့အခါမှာ မပျော်ဘူးလား၊ မိဘက ကိုယ်လိုချင်တဲ့ ပစ္စည်းကိုဝယ်ပေးတဲ့အခါမှာ မပျော်ဘူးလား၊ ကိုယ်စာမေးပွဲ အောင်တဲ့အခါမှာ မပျော်ဘူးလား၊ သူတကာတွေတွက်လို့ မရနိုင်တဲ့ ပုစ္ဆာကို တွက်လို့ရလိုက်တဲ့အခါမှာ မပျော်ဘူးလား။ ဆက်ပြီး စဉ်းစားကြည့်စမ်းပါဦး။



www.burmeseclassic.com

www.burmeseclassic.com

## ပျော်ရွှင်မှု (၂)

ပြီးခဲ့တဲ့အပတ်က ကွန်ပျူတာမှာ ကိုယ်လုပ်ချင်တာလေးကို အောင်အောင်မြင်မြင် လုပ်နိုင်လို့ ပျော်သွားခဲ့မိတဲ့အကြောင်းကလေးကို ရေးလိုက်မိပါတယ်။ နောက်ပြီး ငယ်စဉ်ကလည်း ခဲရာခဲဆစ် သင်္ချာပုစ္ဆာကလေးတွေကို ဦးနှောက်ခါးတောင်း ကျိုက်ပြီး စဉ်းစားဖြေရှင်းခဲ့လို့ ပျော်ခဲ့မိတာလေးတွေကို သတိရမိကြောင်း ရေးခဲ့ပါတယ်။ ကောက်ချက်ဆွဲလိုက်တာကတော့ ပျော်ရွှင်မှုဆိုတာဟာ အောင်မြင်မှုရဲ့ရလဒ်ပဲလို့ ပြောခဲ့ပါတယ်။ အောင်မြင်မှုဆိုတာဟာလည်း အခက်အခဲကို ရုန်းကန်လှုပ်ရှားမှုမပါဘဲ မဖြစ်နိုင်ကြောင်းကို ပြောခဲ့ပါတယ်။ အတိုချုပ်ပြောရရင် အောင်မြင်မှုဟာ ပန်းပွင့်ဖြစ်မယ်ဆိုရင် အဲဒီပန်းရဲ့မွှေးရနံ့ဟာ ပျော်ရွှင်မှုပဲလို့ ဆိုရမှာပါပဲ။ ပန်းမရှိဘဲနဲ့ မွှေးရနံ့ကို မရနိုင်ဘူးပေါ့။ အဲဒီလိုပဲ လှုပ်ရှားရုန်းကန်မှုမရှိဘဲ အောင်မြင်မှု မရှိနိုင်ပါဘူး။ တိုက်ပွဲမရှိ အောင်ပွဲမရှိ၊ အောင်ပွဲမရှိ ပျော်ရွှင်မှုမရှိ လို့ဆိုရတော့မှာပေါ့။

ကြားထဲမှာ စကားဖြတ်ပြီး ပြောလိုက်ရဦးမယ်။ ဒီနေ့ခေတ်ကျောင်းသားတွေဟာ (ငါတွေ့ရသလောက်) သင်္ချာလို ဘာသာရပ်တွေမှာတောင် ကိုယ်ပိုင်ဉာဏ်အားကိုးပြီး နင်လားငါလား မစဉ်းစားချင်ကြတော့ဘူး။ ဆရာကိုသာ အားကိုးလိုက်ကြပြီး ဆရာပြောတာကို မှတ်ထားလိုက်တဲ့ အလုပ်ကိုပဲ လုပ်နေကြတော့တာပဲ။ စဉ်းစားဉာဏ်ကို မသုံးကြတော့ဘဲ မှတ်ဉာဏ်ကိုသာ အားကိုးနေကြတာကိုး။ ဒီတော့ တို့များငယ်ငယ်ကလို သင်္ချာပျော်ရွှင်မှုကို ရမှ ရကြပါသေးရဲ့လားလို့ တွေးနေမိတယ်။ မင်းတို့ကို တစ်ခုပြောချင်တာက ဆရာကို အားကိုးတဲ့စိတ်ကို တတ်နိုင်သမျှ လျှော့ချပစ်ကြစမ်းပါ။ ကိုယ့်ဘာသာ အစွမ်းကုန်စဉ်းစားလို့ မရနိုင်တော့မှ ဆရာကို မေးမယ်ဆိုတဲ့စိတ်မျိုး ထားကြစေချင်တယ်။ ငါဟာ (ကြွားတယ်လို့မထင်ပါနှင့်) တချို့သင်္ချာပုစ္ဆာတွေကို တွက်လို့မရတော့ ခံပြင်းလွန်းလို့ ဆရာကိုမမေးဘဲ နှစ်ရက်သုံးရက်တောင် ဆက်ပြီး စဉ်းစားခဲ့ဖူးပါတယ်။ အဲဒီလို ကိုယ့်အားကိုယ်ကိုးပြီး စဉ်းစားလို့ အဖြေရလိုက်တော့မှ အောင်မြင်မှုရော ပျော်ရွှင်မှုကိုပါရပြီး သင်္ချာအရသာ တွေ့လာတာ၊





အဲဒီလို ကြိုးပမ်းအောင်မြင်မှုကို ခပ်ငယ်ငယ်ကလေးဘဝကတည်းက အလေ့အကျင့် လုပ်ထားရင်၊ ကိုယ်ပိုင်ဦးနှောက်သုံးတဲ့ အလေ့ရသွားရင် ဘဝမှာ ပိုပြီး အောင်မြင်မှုကို ရနိုင်တာပေါ့။

ဦးနှောက်ကို အစွမ်းကုန်သုံးရတယ်။ မသုံးရင် တုံးသွားတော့တာပဲ။ လူတစ်ယောက်ကို အလင်းရောင်တစ်ကွက်မှမရှိတဲ့ အမှောင်ခန်းထဲမှာ သုံးလလောက်ပိတ်ထားလိုက်ရင် အဲဒီလူဟာ လုံးဝကြောင်တောင်ကန်းသွားတယ်ဆိုတာ မင်းတို့လည်း ကြားဖူးမှာပေါ့။ မျက်စိရဲ့အလုပ်က မြင်ရတာမဟုတ်လား၊ မြင်ခွင့်မရတာကြာလာတော့ မြင်တဲ့စွမ်းရည် ပျောက်သွားတာပါပဲ။ အဲဒီလိုပဲ ဦးနှောက်ကို (စဉ်းစားဉာဏ်ကို) အသုံးမချရင် အသုံးမကျတဲ့ ဦးနှောက်ဖြစ်သွားပြန်တာပါပဲ။ လူများစုဟာ ဦးနှောက်သုံးဖို့အတွက် အလွန်ကို ဝန်လေးတတ်ကြတယ်။ အဲဒါ ငါပြောတာ မဟုတ်ပါဘူး။ ကမ္ဘာကျော် ဒဿနဆရာကြီး 'ဘာထရန်ရပ်ဆဲလ်'က ပြောခဲ့တာပါ။ သူပြောတဲ့အတိုင်းဆိုရင်တော့ (Most People would rather die than think. And in fact they do so.)မြန်မာလို ရှင်းနေအောင်ပြောလိုက်ရရင်တော့ လူတွေဟာ စဉ်းစားရမှာကို သေရမှာထက် ကြောက်ကြတယ်။ ဒါကြောင့် သူတို့ဟာ မစဉ်းစားဘဲ သေသွားကြတာတဲ့။ ပြောလိုက်တာ မရက်စက်ပေဘူးလား။ အဲဒါ သူတို့ အင်္ဂလန်တိုင်းပြည်က ပညာတတ်တွေကို ပြောလိုက်တာ။ မင်းတို့ ငါတို့ကိုဆိုရင် ဒီအဘိုးကြီး ဘယ်လောက်များ ပြောပစ်လိုက်မလဲ မသိဘူး။

ကိုင်း–ထားလိုက်ပါတော့၊ ငါကလည်း 'ပျော်ရွှင်မှု'အကြောင်းကို ရေးနေရင်း ဘယ်လိုသဝေထိုးသွားလိုက်တယ် မသိပါဘူး။ ဒီတော့ 'ပျော်ရွှင်မှု' ကို ပြန်ပြီး ကောက်လိုက်ကြဦးစို့။

အထက်မှာ ပျော်ရွှင်မှုဆိုတာဟာ အောင်မြင်မှုပန်းပွင့်ရဲ့ မွှေးရနံ့ဖြစ်တယ်ဆိုတာကိုပြောခဲ့ပြီးပါပြီ။ ပျော်ရွှင်မှု သန့်သန့်ကလေးကို ရှာလို့မရနိုင်ဘူး ဆိုတာကိုလည်း ပြောခဲ့ပါပြီ။

ကောင်းပြီ–ငါတို့ဆက်ပြီး စဉ်းစားကြရအောင်။ 'ပျော်ရွှင်မှု'ရဲ့ ဆန့်ကျင်ဘက်ဟာ 'စိတ်ညစ်မှု'လို့ ဆိုရပါလိမ့်မယ်။ ဘယ်အခါမှာ စိတ်ညစ်သလဲ။ မအောင်မြင်တဲ့အခါ (ထင်တိုင်းမပေါက်တဲ့အခါ)ပေါ့။ ဘဝမှာ မအောင်မြင်လို့ ကိုယ့်အသက်ကိုယ်ခြွေ သွားတာတွေတောင် ရှိတယ်မဟုတ်လား။

စဉ်းစားမိတာ တစ်ခုရှိသေးတယ်။ ရုပ်ရှင်ကားကောင်းကောင်းတစ်ခုကို ကြည့်ရတာကော မပျော်ဘူးလား၊ ပျော်တာပါပဲ။ ငယ်ငယ်ရွယ်ရွယ် လူမျို



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ဘုရားပွဲတွေကိုသွားရတာ၊ ကောင်မလေးတွေကို လိုက်ပြီး ပိုးပန်းရတာကော မပျော်ဘူးလား၊ ပျော်တာပါပဲ။ ဘောလုံးပွဲကောင်းကောင်းကိုသွားကြည့်ပြီး ကွင်းထဲမှာ အော်ရဟစ်ရ အားပေးရတာကိုကော မပျော်ဘူးလား။ ပျော်တာပါပဲ။

ဒီလိုပျော်တာအမျိုးမျိုးကို နှိုင်းယှဉ်စဉ်းစားကြည့်မိတယ်။ ရုပ်ရှင်ကားကောင်းကောင်းကြည့်ရတာကို ငယ်ငယ်ကတော့ ပျော်ခဲ့တာအမှန်ပဲ။ ဒါပေမယ့် ခုတော့ဖြင့် ငယ်ငယ်ကလောက် မပျော်တော့ဘူး၊ စုံရေမက်ရေမရှိတော့ဘူး။ ရုပ်သံကလာနေတာကိုတောင် တယ်ပြီးစိတ်ပါလက်ပါ မရှိတော့ဘူး။ အပျင်းပြေလောက်သာ ခဏတဖြုတ်ကြည့်လိုက်မိတာများပါတယ်။ အဲဒီလိုပဲပေါ့ ပျော်ပွဲစားတွေဘာတွေ သွားချင်တာမျိုးတွေ ဘာတွေလည်း မရှိတော့ဘူးပေါ့။

ဒါပေမယ့် တစ်ခုရှိနေတာက အားပြိုင်မှုကို ခုထက်ထိ နှစ်သက်နေသေးတယ်ဆိုတဲ့ အချက်ပါပဲ။ ဆိုလိုတာက ပြိုင်ဆိုင်တိုက်ခိုက် ရုန်းကန်ပြီး အောင်ပွဲခံချင်နေဆဲဖြစ်တာတော့ အမှန်ပဲ။ ငယ်ငယ်က ပြိုင်ပွဲမျိုးတော့ မဟုတ်တော့ဘူးပေါ့။ ငယ်ငယ်က ကလေးဘဝ ဘောလုံးကန်မယ်၊ ကြက်တောင်ရိုက်မယ်၊ တင်းနစ်ရိုက်မယ်၊ နောက်တော့ ဂေါက်သီးဖြစ်ချင် ဖြစ်လာမယ်ပေါ့။ အဲဒီလိုပြိုင်ဆိုင်ပြီး အောင်မြင်ရင်ပျော်တာပဲပေါ့။ ဒီထက် အသက်ကြီးလာတော့ ရိပ်သာမှာ ဝိပဿနာတရားအားထုတ်ပြီး တဏှာကိလေသာဆိုတဲ့ အဝိဇ္ဇာတရားတွေကို ပြိုင်ဆိုင်အနိုင်ယူ အောင်ပွဲခံချင်တာမျိုး ဖြစ်ချင်လည်း ဖြစ်လာတော့မှာပေါ့။

ပြောချင်တဲ့အချက်က အားပြိုင်ရုန်းကန်တိုက်ခိုက်မှု အမျိုးအစားတွေသာ ပြောင်းချင်ပြောင်းသွားမယ် ရုန်းကန်တိုက်ခိုက်မှုတွေကိုတော့ဖြင့် ထာဝရလုပ်နေရတာပဲ။ အောင်မြင်ရင် ပျော်ရွှင်မှုကို ရနိုင်စမြဲပဲလို့ ပြောချင်တာပါ။ မအောင်မြင်လို အရေးနိမ့်ပြန်တော့လည်း စိတ်ညစ်သွားရပြန်တာပေါ့။ အရေးနိမ့်လို့စိတ်ညစ်ပြီး လက်လျှော့သွားတဲ့ လူမျိုးတွေရှိသလို လက်မလျှော့ဘဲ နောက်ထပ်ကြိုးပမ်းအောင်မြင်လို့ ပျော်ရွှင်မှုကို ရသွားတဲ့ လူတွေလည်း ရှိပြန်ပေတာပေါ့။ ဘာပဲပြောပြော ပျော်ရွှင်မှုဆိုတာ အောင်မြင်မှုပန်းမာလာရဲ့ မွှေးရနံ့ပဲဆိုတာရယ်၊ ရုန်းကန်တိုက်ခိုက်မှုမရှိဘဲ အောင်မြင်မှုဆိုတာ မရှိနိုင်ဘူးဆိုတာရယ်ကိုတော့ဖြင့် မင်းတို့ လူငယ်တွေ မမေ့သင့်ဘူးလို့ ထင်မိပါတယ်။

ဒါဖြင့်ရင် မိဘက နာရီ စက်ဘီး ဆိုင်ကယ် စသည်အားဖြင့် ကိုယ်လိုချင်တဲ့ပစ္စည်းတွေကို ဝယ်ပေးလိုက်ရင်ကော မပျော်ကြဘူးလား။ အဲဒါကိုကော





ပျော်ရွှင်မှုလို့ မခေါ်နိုင်ဘူးလားလို့ မေးစရာ ရှိလာပြန်ပါတယ်။

ဟုတ်တယ်၊ ငါလည်း အဲဒါကို စဉ်းစားနေမိသေးတယ်။ ငါကလည်း မင်းတို့ကို ပြန်မေးချင်သေးတယ်။ အဲဒါက "အောင်မြင်"တာလား၊ "ဝမ်းသာ" တာလား ဆိုတဲ့ မေးခွန်းပါပဲ။ ဒီလိုမေးလိုက်တော့ မင်းတို့လည်း ပတ်ချာလည်သွားလိမ့်မယ်ထင်မိတယ်။ ဒီလို ပြဿနာမျိုးတွေဆိုတာက ထွေးလုံးရစ်ပတ်တွဲနေကြတာဖြစ်လေတော့ ခွဲခွဲခြားခြား ပြောဖို့တော့ အတော်လေးကိုခက်တာ အမှန်ပဲပေါ့။ မင်းတို့ကိုယ်တိုင်စဉ်းစားပြီး အချင်းချင်းလည်း ဆွေးနွေးကြည့်ကြစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဗဟုသုတ

သမိုင်းဗဟုသုတ ဆည်းပူးအပ်ကြောင်းကို အရင်ကလည်း နည်းနည်းပါးပါး ရေးခဲ့ဖူးပါတယ်။ ဆယ်တန်းကိုးတန်း ကျောင်းသားလေးတွေနဲ့ နေ့စဉ်လိုလို ထိတွေ့နေရတော့ သူတို့ဟာ လန့်လောက်အောင် သမိုင်းဗဟုသုတ ခေါင်းပါး နေတာကို တွေ့တွေ့နေရတယ်။ သမိုင်းဘာသာရပ်ကို သင်ခဲ့ရတာတော့ မှန်တယ်။ ဒါပေမယ့် စာမေးပွဲအတွက် တစ်ပွဲတိုးလောက်သာ မှတ်ထားတာဖြစ် နေတာကို တွေ့ရတယ်။ ဆိုကြပါစို့ 'မင်းတုန်းမင်းကြီး၏ လုပ်ဆောင်ချက်များ' ကို ကျက်မှတ်ထားတယ်။ မေးလိုက်ရင် ဖြေနိုင်တယ်။ ဒါပေမယ့် မင်းတုန်း မင်းကြီးရဲ့ အဖေဟာ ဘယ်သူလဲလို့ မေးလိုက်ရင် မသိတော့ဘူး။ အဲဒီလို မင်းတုန်းမင်းကြီးဟာ ထီးနန်းကို ဘယ်လိုရခဲ့သလဲလို့ မေးလိုက်ရင်လည်း မသိတော့ဘူး။

ဒီတော့ သူတို့သမိုင်းကို သိပုံဟာ ဟိုတစ်ကွက် ဒီတစ်ကွက် ဖြတ်ပြီး သိနေကြတာသာ ဖြစ်နေတယ်။ တစ်ကွက်နဲ့တစ်ကွက် ကျိုးကြောင်းဆက်စပ် နေပုံကို လုံးဝမသိကြတော့ဘူး။ သမိုင်းဆိုတာဟာ အတိတ်က ဖြစ်ရပ်တွေကို မှတ်တမ်းတင်ထားတော့ မှန်တယ်။ ဒါပေမယ့် ဖြစ်ရပ်မှတ်တမ်း သက်သက်ဆို ရင် ဘယ်မှာ တန်ဖိုးရှိနိုင်ပါ့မလဲ။ ဖြစ်ရပ်တွေရဲ့ ကျိုးကြောင်းဆက်စပ်နေပုံကို ပါတင်ပြထားတာ။ အဲဒီလို ကျိုးကြောင်းဆက်စပ် သုံးသပ်ပြတာတွေကိုပါ သိနေမှသာ သမိုင်းလေ့လာကျိုးနပ်တော့မှာပေါ့။

ဝိဇ္ဇာကိုယူသည်ဖြစ်စေ၊ သိပ္ပံကိုယူသည်ဖြစ်စေ လူတိုင်းဟာ ကိုယ့်တိုင်း ကိုယ့်ပြည်ရဲ့သမိုင်းကိုတော့ ထိုက်သင့်သလောက် သိနေသင့်တယ်။ ဘာကြောင့် လဲဆိုတော့ ကိုယ်တိုင်က နိုင်ငံရေးကို ဝါသနာမပါစေဦးတော့ နိုင်ငံရေးဟာ ကိုယ်နဲ့ ပတ်သက်လာနေတတ်တာဟာ သဘာဝပါပဲ။ ဒါကြောင့် ကိုယ့်သမိုင်းကို သိနေသင့်တယ်။ ဒီတော့ သမိုင်းကို အချိန်တိုတိုအတွင်းမှာ လေ့လာနည်းကို ပြောလိုက်ချင်ပါတယ်။

ဦးကုလားရဲ့ မဟာရာဇဝင်ကြီးတို့၊ မှန်နန်းရာဇဝင်တော်ကြီးတို့ဆိုတာ





တွေကို သွားမကိုင်ပါလေနဲ့။ မင်းတို့ စိတ်ညစ်သွားလိမ့်မယ်။ ဒေါက်တာ သန်းထွန်းတို့လို ဆရာကြီးတွေ ရေးထားတဲ့ သမိုင်းတွေကိုလည်း အသာခေါက် ထားလိုက်ဦး။ သွားမကိုင်လေနဲ့။ သူတို့ရေးတာတွေက မင်းတို့လိုလူတွေအတွက် ရေးတာ မဟုတ်ဘူး။ သူတို့လို သုတေသီ အချင်းချင်း ဖတ်ဖို့ ရေးနေတာ။ သူတို့လို သုတေသီတွေကို မင်းတို့လူငယ်တွေအတွက် သမိုင်းတစ်စောင်လောက် ပြုစုပေးစမ်းပါဆိုရင် စေ့စေ့စပ်စပ် သုတေသနလုပ်နေတာနဲ့ တစ်သက်လုံးပြီးမှာ မဟုတ်တော့ဘူး။

ဒီတော့ အကောင်းဆုံး ဦးဘသန်းရဲ့ ကျောင်းသုံးမြန်မာရာဇဝင် စပြီး ကိုင်သင့်ပါတယ်။ ပထမဆုံးတစ်ခေါက် အကြမ်းသာ ဖတ်သွားလိုက်ပါ။ ဦးဘသန်းရဲ့ မှတ်စုတွေ မှတ်ချက်တွေကို ကျော်လွှားသွားချင်သွားလိုက်ဦး။ ဝတ္ထုတစ်ပုဒ်ရဲ့ ဇာတ်ကြောင်းကိုသိရုံဖတ်နည်းမျိုးပေါ့။

နောက်တစ်ခေါက် ထပ်ဖတ်ပါ။ ဒီတစ်ခါမှာတော့ဖြင့် ပုဂံခေတ်ကို ဖတ်လိုက်ပြီးဆိုရင် အဲဒီခေတ်အကြောင်း သေချာနားလည်လာအောင် ဖတ်လိုက် ပါ။ သုံးလေးခေါက်လောက် ဖတ်ပါ။ ဦးဘသန်းရဲ့ မှတ်ချက်တွေ၊ မှတ်စုတွေ ကိုပါ သေချာဖတ်ပါ။ ပုဂံခေတ်ကို အတော်လေးနားလည်လာပြီ ဆိုတဲ့အခါ ကျတော့မှ ပင်းယခေတ်ကို ဆက်ဖတ်ပါ။ သမိုင်းဆရာက ဆက်စပ်ပြထားတဲ့ အကျိုးအကြောင်း ကွင်းဆက်တွေကိုလည်း သုံးသပ်ကြည့်ပါ။

အဲဒီလို ခေတ်တွေပိုင်းပြီး သေချာဖတ်သွားလိုက်မယ်ဆိုရင် တစ်လ မကြာမီ မင်းဟာ မြန်မာသမိုင်းကို တီးမိခေါက်မိ ပြောနိုင်ဆိုနိုင် ဖြစ်လာပါ လိမ့်မယ်။ သမိုင်းဆိုတာမျိုးက နိုင်ငံရေးဖြစ်ရပ်တွေကိုသာ မှတ်တမ်းတင်ထား မဟုတ်ဘဲ လူတွေရဲ့အကြောင်း၊ လူတို့လုပ်ရပ်တွေအကြောင်းကိုပါ မှတ်တမ်း တင်ထားတာဖြစ်လေတော့ စီးပွားရေးအကြောင်းတွေ၊ ကိုးကွယ်မှုတွေ၊ စာပေနဲ့ ယဉ်ကျေးမှုအကြောင်းတွေကိုပါ သိလာရလိမ့်မယ်။

တကယ်သိချင်စိတ်နဲ့ ဖတ်ကြည့်လိုက်ရင် ဘာမှမကြာပါဘူး။ တစ်လ လောက်အတွင်းဆိုတာက လွန်ရောကျွံရော ပြောလိုက်တာပါ။ ငါ့စိတ်ထင် ဆယ်ရက်လောက်ဆိုရင် ပြီးသွားနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ မင်းတို့လူငယ် တွေ ကြိုးစားပြီး ဖတ်ကြည့်စေချင်တယ်။ လူရေလည်ကြစေချင်လို့ တိုက်တွန်း ရတာပါ။ ငါကိုယ်တိုင်က နိုင်ငံရေးကို ဝင်မလုပ်ပေမယ့် နိုင်ငံရေးကို မျက်ခြည် မပြတ်ဘူး။ ငါ့မျက်စိအောက်မှာ တွေ့ခဲ့မြင်ခဲ့ရသမျှမှာ လူငယ်တွေဟာ နိုင်ငံရေး ဆရာကြီးတွေရဲ့ အသုံးချခံခဲ့ရပုံတွေကို မမေ့နိုင်ဘူး။ ကောင်းတဲ့ဘက်မှာ အသုံး



www.burmeseclassic.com

www.burmeseclassic.com



ချခံရတာဆိုရင်တော့ တစ်မျိုးပေါ့။ သူတို့အာဏာရရှိရေး၊ သူတို့အာဏာတည်မြဲရေးအတွက် အသုံးချခံရတာ ဖြစ်နေရင်တော့ ဘယ်မှာ ကောင်းတော့မလဲ။ ဒါကြောင့် ကိုယ်က နိုင်ငံရေးကိုမလုပ်ရင်တောင်မှ နိုင်ငံရေးက ကိုယ်နဲ့ပတ်သက်နေတတ်တယ်လို့ အထက်မှာ ပြောခဲ့ရတာပါ။

ဦးဘသန်းရဲ့ ကျောင်းသုံးမြန်မာရာဇဝင် စာအုပ်ကို စာအုပ်အဟောင်းတန်းမှာ ရှာရင်ရနိုင်ပါလိမ့်မယ်။ နယ်က လူငယ်တွေအဖို့တော့ သမိုင်းတို့ဘာတို့ကို ဝါသနာပါတဲ့ လူကြီးတွေဆီမှာ မေးမြန်းကြည့်ရင် ဖတ်ရနိုင်ပါတယ်။ သိပ်မရှားလှပါဘူး။

အဲဒီစာအုပ်ကိုဖတ်ပြီးလို့ အခြေခံအတော်လေး ရသွားပြီးရင် တခြားသမိုင်းစာအုပ်တွေကို ဆက်ဖတ်လို့ သင့်လျော်ပါပြီ။ သမိုင်းဆိုတာ လူ့အကြောင်းတွေလည်း တစ်ပြုံကြီးပါနေတာမို့ လူ့သဘော လူ့သဘာဝတွေကိုလည်း တွေ့ရပါလိမ့်မယ်။ ကောက်ကျစ်တဲ့သူတွေ၊ ရိုးဖြောင့်တဲ့သူတွေ၊ သည်းခံတဲ့သူတွေ၊ မာန်တက်တဲ့သူတွေ စသည်အားဖြင့် စိတ်ဝင်စားစရာတွေ တွေ့ပါလိမ့်မယ်။ ရှင်ဘုရင်တွေ၊ မိဖုရားတွေ၊ မှူးမတ်စစ်သူကြီးတွေ စသည်အားဖြင့် သူတို့အကြောင်းတွေကိုလည်း သိချင်တယ်ဆိုရင်ဖြင့် ဦးကုလားရဲ့ မဟာရာဇဝင်တော်ကြီးတို့၊ မှန်နန်းရာဇဝင်တော်ကြီးတို့ကို ဆက်ပြီး ဖတ်ပါတော့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ စာမေးပွဲအတွက်မဟုတ်ဘဲ သုတသက်သက်အတွက် ဖတ်ထားလိုက်စေချင်ပါတယ်။ စာမေးပွဲအောင်ထားပြီးစ လူငယ်တွေက ကိုယ့်ဘာသာကိုယ် သမိုင်းဘာသာရပ် သိကျွမ်းနေတယ်လို့ ထင်မနေနဲ့။ မင်းတို့သိနေကြတာက စောစောက ပြောခဲ့သလို ဟိုနားတစ်ကွက် ဒီနားတစ်ကွက်ဖြစ်နေကြတာ။ အလိုအပ်ဆုံးဖြစ်တဲ့ အကျိုးတရား အကြောင်းတရားတွေနဲ့ဆက်စပ်သိနေတာမျိုးမဟုတ်ဘူး။ ဒါကြောင့် အသစ်ထပ်ပြီး ဆည်းပူးကြစမ်းပါလို့ တိုက်တွန်းလိုက်ရပါတယ်။



# သမိုင်းဗဟုသုတ (၂)

သမိုင်းဗဟုသုတကို ဆက်ရေးလိုက်ပါရစေဦး။ အရင်တစ်ပတ်က မြန်မာ့သမိုင်းကြောင်းကို ပြောခဲ့ပါတယ်။ ဒီတစ်ပတ်တော့ဖြင့် ကမ္ဘာ့သမိုင်းအကြောင်းကို ပြောလိုက်ချင်ပါသေးတယ်။ ကမ္ဘာ့သမိုင်းအကြောင်းကို ပြောလိုက်တိုင်း 'လောကီထုပ္ပတ် လူတို့ဇာတ်'ကို ပြန်ဆိုပြုစုခဲ့တဲ့ သမိုင်းကျမ်းပြုဆရာကြီး 'ဦးစံထွား' ကို သတိရမိတယ်။ အရင်ကတော့ စာပေဗိမာန်က ထုတ်ဝေခဲ့တယ်။ သုံးတွဲခွဲပြီးထုတ်ခဲ့ရတယ်။ ဆရာကြီးက စာအရေးအသားကလည်း တယ်ကောင်းဟာကိုး။ ခုတော့ အဲဒီစာအုပ်တွေကို စာအုပ်ဟောင်းတန်းမှာတောင် တယ်ပြီးမတွေ့မိဘူး။ နယ်က လူငယ်တွေအဖို့တော့ဖြင့် သမိုင်းဘာသာသင်ကြားတဲ့ဆရာတွေဆီမှာ ငှားပြီးဖတ်ရင် ရလောက်ရမယ်ထင်ပါတယ်။

အဲဒီ 'လောကီထုပ္ပတ် လူတို့ဇာတ်'ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်ကြစေချင်ပါတယ်။ တကယ့်ကို ဖတ်လို့ကောင်းတာကြောင့် ညွှန်းလိုက်ရတာပါ။ ဖတ်လို့ကောင်းတာတင် မဟုတ်သေးပါဘူး ကမ္ဘာ့သမိုင်းဗဟုသုတကိုလည်း အတော်ကြီးကို ရလာပါလိမ့်မယ်။ နိုင်ငံရေးဆိုင်ရာ ဗဟုသုတမျှသာ မဟုတ်ပါဘူး 'လောကီထုပ္ပတ် လူတို့ဇာတ်' ဆိုတဲ့အတိုင်း လူတွေရဲ့သဘာဝအကြောင်းကိုလည်း တီးမိခေါက်မိ ရှိလာနိုင်ပါတယ်။

တချို့သောသမိုင်းဝင် ပုဂ္ဂိုလ်တွေရဲ့အကြောင်းတွေကို ဖတ်ရတာဆိုရင် သမိုင်းဖတ်ရတာနဲ့ မတူတော့ဘဲ ဝတ္ထုဖတ်နေရသလိုလို ဖတ်လို့ကောင်းပါပေတယ်။ ကာသေ့ဂျ်စစ်ဘုရင် ဟန်နီဘော်လ်၊ အလက်ဇန္ဒား သဃရိုတ်၊ ဂျူးလိယတ်ဆီဇာတို့အကြောင်းတွေဆိုရင် ငါ့မှာ ခုထက်ထိတောင်စွဲနေတယ်။ ဒါကြောင့် 'လောကီထုပ္ပတ် လူတို့ဇာတ်' စာအုပ်တွေကို ရနိုင်ရင် ဖတ်ဖြစ်အောင် ဖတ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ စာမေးပွဲဖြေဖို့ ဖတ်တာမှမဟုတ်ဘဲ၊ ကိုယ့်ဘာသာကိုယ် ဖတ်ချင်လို့ဖတ်တာဖြစ်လေတော့ အရသာတွေ့မှာ သေချာပါတယ်လို့ ပြောလိုက်ပါတယ်။

တကယ်လို့ အဲဒီစာအုပ်ကို မရနိုင်ဘူးဆိုရင် ဆရာကြီးဦးကြည်ရေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့သမိုင်းလည်း ရှိပါသေးတယ်။ တကယ်လို့ ကမ္ဘာ့သမိုင်းစာအုပ်တွေကို မရရင် ဆရာကြီးဦးကြည်ရေးတဲ့ ဗြိတိသျှရာဇဝင်ကိုပဲဖြစ်စေ ဖတ်ကြည့်စေချင်ပါတယ်။ ဘာကြောင့် ဗြိတိသျှရာဇဝင်ကို အဖတ်ခိုင်းရသလဲဆိုတော့ သမိုင်းတစ်လျှောက်မှာ ဗြိတိသျှတွေဟာ နယ်အချဲ့ခဲ့ဆုံး မဟုတ်လား။ ဒီတော့ သူနဲ့ စစ်မဖြစ်ဖူးတဲ့ တိုင်းပြည်က ခပ်ရှားရှားပါပဲ။ ဒါကြောင့် ဗြိတိသျှရာဇဝင်ကို ဖတ်လိုက်ရင် အမေရိကန်သမိုင်းကိုလည်း မသိမဖြစ် သိလာရတော့တာပဲ။ အိန္ဒိယသမိုင်းကိုလည်း သိလာရတော့တာပဲ။ ပြင်သစ်ရာဇဝင်ကိုလည်း သိလာရပြန်တာပဲ။ မြန်မာ့သမိုင်းမှာလည်း သူက နယ်ချဲ့အဖြစ်နဲ့ ပါလာပြန်သေးတာကိုတော့ ပြောနေဖို့ မလိုတော့ဘူးပေါ့။

သမိုင်းဆိုတာဟာ ရှင်ဘုရင်တွေအကြောင်း၊ စစ်ဗိုလ်ချုပ်ကြီးတွေအကြောင်းသာမက စီးပွားရေး၊ လူမှုရေး၊ သိပ္ပံပညာ၊ စာပေယဉ်ကျေးမှု စသည်အားဖြင့် မျိုးစုံအောင်ပါနေလေတော့ အတော်လေးဖတ်လိုက် ဆည်းပူးလိုက်မိရင် ဗဟုသုတတွေဟာ လူကြားထဲမှာ စကားရဲရဲကြီး ပြောဝံ့အောင်၊ ပြောနိုင်အောင် ဖြစ်လာတာကို တွေ့ရပါလိမ့်မယ်။

သမိုင်းတွေကို အဖတ်ခိုင်းနေတာက အဲဒီလို လူကြီးသူကြားထဲမှာ စကားပြောနိုင်လောက်ရုံသာ မဟုတ်ဘူးဆိုတာကိုတော့ နားလည်ကြမှာပါ။ အထူးသဖြင့် ကမ္ဘာ့သမိုင်းကို အဖတ်ခိုင်းနေတာက ကမ္ဘာ့သမိုင်းကို သိနေမှ ကိုယ့်လူမျိုး သမိုင်းကို ပိုပြီးနားလည်နိုင်တာပေါ့။ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံရဲ့ အားသာချက်တွေ၊ အားနည်းချက်တွေကိုလည်း သေသေချာချာ သိလာနိုင်တာပေါ့။ မြန်မာ့သမိုင်းကို ဖတ်ကြည့်လိုက်မယ်ဆိုရင် ငါတို့ မြန်မာဘုရင်တွေဟာ အနော်ရထာတို့၊ ဘုရင့်နောင်တို့ခေတ်က အကြောင်းမဟုတ်သော်လည်း အလောင်းဘုရားလက်ထက်ကစလို့ ကုန်းဘောင်ခေတ်မှာ ကမ္ဘာ့အခြေအနေကို မသိတာကြောင့်၊ ကိုယ်နဲ့ ဆက်ဆံရတဲ့ နိုင်ငံတွေအကြောင်း ကောင်းကောင်းမသိတာကြောင့် အခက်အခဲတွေ ကြုံခဲ့ရတာကို သိလာနိုင်ပြန်တာပါပဲ။ ဒါကြောင့် မင်းတို့ဟာ သာမန်လူငယ်တစ်ယောက်အနေနဲ့ဖြစ်စေ၊ နိုင်ငံတော်ရဲ့ သားကောင်းတစ်ယောက်အနေနဲ့ ဖြစ်စေ မြန်မာ့သမိုင်းကိုရော ကမ္ဘာ့သမိုင်းကိုပါ ထိုက်သင့်သလောက်တော့ သိနေသင့်ပါတယ်။

မင်းတို့ ကြုံနေရတဲ့ အန္တရာယ်တစ်ခုကို ပြောလိုက်ပါဦးမယ်။ မင်းတို့က သမိုင်းဘာသာရပ်ကိုလည်း ဆယ်တန်းမှာ သင်လိုက်ရသေးတော့ သမိုင်းကို သိနေတယ်လို့ ထင်နေတယ်။ အဲဒါကိုက အန္တရာယ်ကြီးပါပဲ။ တကယ်မသိဘဲ သိနေတယ်လို့ ထင်နေတာဟာ မကောင်းပါဘူး။ မင်းတို့မှာ ဖြစ်နေတာက စာမေးပွဲအောင်ဖို့သာလျှင် အဓိကဖြစ်နေတယ်။ ဒီတော့ စာမေးပွဲမှာ မေးလောက်ပါလောက်တာတွေကိုသာ အရေးတယူ လေ့လာကြတော့တာ။ ပြီးခဲ့တဲ့နှစ်က မေးထားတာတွေဆိုရင် ပြန်မကြည့်တော့ဘူး။ သိပ္ပံလို၊ သင်္ချာလို ဘာသာရပ်မျိုးတွေမှာက ရှေ့ကအပိုင်းကို မကျေညက်ခဲ့ရင် နောက်ကအပိုင်းကို နားလည်လို့ မရနိုင်ဘူး။ ဒီတော့ အစဉ်အတိုင်းကို သင်ယူကြရတယ်။ သမိုင်းမှာတော့ဖြင့် ဒီလိုမဟုတ်ဘဲ အလောင်းဘုရားအကြောင်းကို ကောင်းကောင်းမသိပေမယ့် ပုဂံမင်းအကြောင်းကို ကွက်ပြီး ကျက်ရင်မှတ်ရင်လည်း ရတဲ့သဘော၊ စာမေးပွဲမှာ ဖြေနိုင်တဲ့သဘော ဖြစ်နေတယ်။ ဒီတော့ စာမေးပွဲမှာ မေးလောက်တာတွေကိုပဲ ကွက်ပြီး ကျက်ကြ မှတ်ကြတာ။ ကျူရှင်တွေကရော၊ အနီးကပ်မှတ်စုတွေကလိုပဲကရော ဒီလိုပဲလုပ်ကြတာ။ စာမေးပွဲအောင်ဖို့ကသာ ပဓာနဖြစ်နေတော့တာကိုး။ မင်းတို့ကို အပြစ်တင်နေတာမဟုတ်ပါဘူး။ ကျူရှင်တွေကို အပြစ်တင်နေတာလည်း မဟုတ်ပါဘူး။ စာမေးပွဲအတွက်ဆိုတော့ ဒီလိုပဲ လုပ်ကြရမှာပေါ့။ ဒါပေမယ့် ခက်သွားတာက မင်းတို့ သမိုင်းကိုသိနေပုံက ဟိုနားတစ်ကွက် ဒီနားတစ်ကွက်နဲ့ ရုပ်ရှင်နမူနာကားကို သိနေပုံမျိုးဖြစ်နေတော့တာပေါ့။

အခု မင်းတို့ကိုပြောနေတာ စာမေးပွဲအတွက်ဆိုတဲ့ အကျင့်ကြီးကို ဖျောက်ပြီး ဘဝအတွက်ဆိုတဲ့စိတ်နဲ့ ပညာရပ်တစ်ခုကို တကယ်တတ်အောင် သိအောင် လုပ်တတ်တဲ့အကျင့်ကို ပြန်ပြီးထူထောင်စေချင်လို့ ပြောနေရတာပါ။ ဒီတော့ သမိုင်းဗဟုသုတကို တကယ်ရသွားရုံသာမကဘူး၊ သပ်သပ်ရပ်ရပ် မလုပ်လာတတ်တဲ့ အကျင့်ကိုပါ ရသွားတာပေါ့။ အဲဒီ အလေ့အကျင့်ကမှ မင်းဘဝမှာ တကယ်အကျိုးပြုမှာ ဖြစ်ပါတယ်။ ကြိုးစားကြည့်ကြစမ်းပါ။







www.burmeseclassic.com

www.burmeseclassic.com

# တရားနဲ့ စကား

တစ်ခါတုန်းက လူတစ်ယောက်ဟာ မိန်းမနဲ့ ရန်ဖြစ်လို့ ထန်းရည်တွေသောက်ပြီး မူးမူးရူးရူးနဲ့ သွားမိသွားရာ လျှောက်သွားရင်း သချိုင်းကုန်းမှာ အိပ်ပျော်သွားသတဲ့။ လူတွေသေရင်လည်း မြေမြှုပ် သင်္ဂြိုဟ်တာတွေ လုပ်မနေကြဘဲ သချိုင်းမှာ ဒီအတိုင်းပဲ ပစ်ထားလိုက်ကြဆိုကိုး။ အဲဒီလူသေလောင်းတွေကို ဘီလူးနှစ်ကောင်က ညအခါမှာ လာပြီးစားနေကျဆိုပဲ။ အဲဒီညမှာလည်း သန်းခေါင်လောက်ကျတော့ ခါတိုင်းလိုပဲ ဘီလူးနှစ်ကောင်က လူသေအလောင်းကို စားဖို့ လာကြတာပေါ့လေ။

အဲဒီလိုလာရင်း ဘီလူးတစ်ကောင်က "သန်းခေါင်အချိန်ဆိုတော့ သိပ်ချမ်းတာပဲကွာ"လို့ ပြောလိုက်သတဲ့။ ဒီတော့ ကျန်တစ်ကောင်က "လင်းအားကြီးအချိန်ကမှ ပိုချမ်းတယ်ကွ"လို့ ပြန်ပြောလိုက်တယ်။ ဒါနဲ့ တစ်ကောင်က သန်းခေါင်က ပိုချမ်းတယ်၊ တစ်ကောင်က လင်းအားကြီး ပိုချမ်းတယ်နဲ့ ငြင်းပြီးလာလိုက်ကြတာ၊ သချိုင်းကုန်းရောက်တော့လည်း မပြီးသေးဘူး။ ဆက်ပြီး ငြင်းနေကြပြန်တယ်။ အဲဒီအချိန်မှာ ထန်းရေမူးနေတဲ့လူက အမူးပြေစ ပြုလာတော့ အင်းခနဲမြည်ပြီး လွန့်လိုက်ပါလေရော့။ ဒီတော့မှ ဘီလူးတစ်ကောင်က "ဟ...ဒီလူမသေသေးဘူး၊ ဒီတော့ မင်းနဲ့ငါ ဘယ်သူမှန်သလဲဆိုတာ သူ့ကို အဆုံးအဖြတ်ခိုင်းမယ်"လို့ အဆိုပြုလိုက်တော့ ကျန်တဲ့ဘီလူးကလည်း သဘောတူတယ်။ ဒါနဲ့ အမူးသမားကို နှိုးလိုက်ကြတယ်။ ဟိုလူက နိုးလာလိုက်တော့ လန့်ပြီး မူးတာတွေဘာတွေ ပျောက်ကုန်တာပေါ့။ ဒီတော့မှ ဘီလူးနှစ်ကောင်က မကြောက်နဲ့လို့ ပြောပြီး သူတို့ပြဿနာကို တင်ပြပြီး ဘယ်သူက မှန်သလဲ ဆိုတာကို အဆုံးဖြတ်ခိုင်းတယ်။

ဒီတော့ ဟိုလူက "သန်းခေါင်နဲ့ လင်းအားကြီးဟာ ဘယ်သင်းက ပိုမချမ်းဘူး၊ ဒါကြောင့် မင်းတို့နှစ်ကောင်လုံး မှားတယ်"လို့ ပြောလိုက်တယ်။ ဘီလူးနှစ်ကောင်လည်း အရမ်းဒေါသ ဖြစ်သွားကြတယ်။ ဒီတော့မှ ဟိုလူက "နေဦး...နေဦး၊ ငါထပ်ပြီး စဉ်းစားလိုက်ဦးမယ်၊ အဲ...အဲ...ဟုတ်ပြီ။ သန်းခေါင်





နဲ့လင်းအားကြီးဟာ ချမ်းတာချင်းအတူတူပဲ။ ဒါကြောင့် မင်းတို့ နှစ်ကောင်လုံး မှန်တယ်"လို့ ဆုံးဖြတ်လိုက်တယ်။ ဒီတော့ ဘီလူးနှစ်ကောင်လည်း သိပ်ပြီး ကျေနပ်သွားကြတယ်။

ပုံပြင်ပဲခေါ်ခေါ်၊ ဒဏ္ဍာရီပဲခေါ်ခေါ်၊ ယုံတမ်းပဲခေါ်ခေါ်၊ ဘာပဲခေါ်ခေါ် ပေါ့။ ဒီအထဲမှာ သတိပြုသင့်တာလေးက **"တရားမပြောင်းဘူး၊ စကားပြောင်းတယ်"** ဆိုတဲ့ အချက်ကလေးပါပဲ။ ဒီတော့ စကားသုံးဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ထင်ရှားမနေပေဘူးလား။ မှန်ကန်တဲ့စကားကို ပြောလိုက်တာ ဖြစ်ပေမယ့် တစ်ဖက်သား နားခံသာအောင် ပြောတတ်ဖို့ အလွန်အရေးကြီးပါတယ်။

ဒါကို ဘာကြောင့် မင်းတို့ကိုပြောနေသလဲဆိုရင် ငါ့ကိုယ်တိုင်မှာ အဲဒီလို အရည်အချင်းမျိုး နည်းပါးနေတဲ့အတွက်ကြောင့် ပြောရတာ ဖြစ်ပါတယ်။ ငါက ကလိမ်ကကျစ်လုပ်တာတွေ ဘာတွေကို သိပ်အမြင်ကတ်တယ်။ ကတုန်းကတိုက် လုပ်တာတွေကိုလည်း သိပ်မုန်းတယ်။ အဲဒီလို အလားတူ ပြဿနာလေးတွေ တွေ့လိုက်ရရင် ထသတ်ခါမှ သတ်ရော့ ပြောကိုပစ်လိုက်ချင်တယ်။ တစ်ခါတစ်ရံ လူကြားသူကြားထဲမှာတောင် ပြောချင်ပြောပစ်လိုက်တာ။ ပြောလိုက်ပြန်တော့ လည်း စကားလုံးတွေက ပြင်းပြင်းထန်ထန်ဖြစ်ချင်ဖြစ်သွားတတ်တယ်။ ဒီတော့ အပြောခံလိုက်ရတဲ့သူက တစ်သက်လုံး မေ့မရနိုင်လောက်အောင်ကို မုန်းသွား ကြတာပဲ။ အမှန်ကို ပြောလိုက်တာပဲလို့တော့ ပြောလို့ရတာပေါ့။ ဒါပေမယ့် ကိုယ်က နားခံသာအောင် ပြောချင်ရင်လည်း ပြောတတ်ပါရက်သားနဲ့ တမင်ကို ပြင်းပြင်းထန်ထန် ပြောပစ်လိုက်တာတွေဟာ ဘာကြောင့်လဲလို့ ငါ့ကိုယ်ငါ မေးမြန်းစစ်ဆေးကြည့်မိပါတယ်။ အခြေခံအချက်က မာနနဲ့ ဒေါသပါပဲ။ မာန ဆိုတာမှာ ကောင်းသောမာနလည်း ရှိတာပေါ့။ "ငါဟာ တော်ချင်တော်သွား ပါစေ၊ မတရားတဲ့နည်းနဲ့တော့ဖြင့် တစ်သက်လုံး ထမင်းရှာမစားဘူး" ဆိုတာမျိုး မာနဟာ ကောင်းသောမာနပေါ့။ တစ်နည်းအားဖြင့် သီလအဓိဋ္ဌာန်လို့ ဆိုနိုင်မှာ ပေါ့။ ဒါပေမယ့် လူမှုဆက်ဆံရေးမှာ ဒီလိုမာနမျိုးရှိနေတာ ဘယ်မှာ ကောင်းပါ့ မလဲ။ အဲဒီထဲမှာ ဒေါသပါ ဝင်လာလိုက်တော့ ပိုလို့ဆိုးတော့တာပေါ့။

ငါ့ဘဝမှာ အဲဒီလို အဖြစ်မျိုးတွေကြောင့် အခွင့်အရေး ဆုံးရှုံးခဲ့ရတာတွေ၊ ကိုယ်လမ်းပိတ်ခဲ့တာတွေ အတော်များများ ကြုံခဲ့ရပါတယ်။ 'လူလိမ္မာတို့မည်သည် ... တစ်ပါးသူတို့၏အမှားမှ သင်ခန်းစာယူကြ၏။ လူမိုက်တို့မည်သည် မိမိကိုယ်တိုင်မှားမှ သင်ခန်းစာကိုရ၏။ ပို၍မိုက်မဲသောသူတို့ကား ကိုယ်တိုင်မှား



www.burmeseclassic.com

www.burmeseclassic.com



ပါလျက်နှင့်ပင် သင်ခန်းစာ မယူတတ်ကြကုန်’ ဆိုတဲ့စကားလိုပဲ မင်းတို့တစ်တွေ သင်ခန်းစာယူကြဖို့ ပြောလိုက်ရတာပါ။

တချို့လူတွေကျတော့ ပင်ကိုအားဖြင့်ကိုပဲ ဒေါသမာန နည်းပါးကြတယ်။ သန္ဓေစိတ်ကိုက ကောင်းလာတဲ့သူတွေပေါ့။ မင်းတို့ဟာ ငါ့မြေးအရွယ်လောက်ပဲ ဖြစ်ချင်ဖြစ်နေမှာပေါ့။ ဒါပေမယ့် ဒါမျိုးတွေမှာ ငါ့ထက်စိတ်နေ မြင့်ချင်မြင့်နေမှာပေါ့။ အဲဒီလိုဖြစ်နေရင် မင်းတို့အတွက် မုဒိတာဖြစ်လိုက်ပါတယ်။ ငါ့လို ဖြစ်တတ်နေရင် အဲဒီစိတ်ဟာ မကောင်းဘူးလို့ သိကြပါ။ ငယ်ငယ်ကတည်းက ပြင်နိုင်အောင် ကြိုးစားပါလို့ တိုက်တွန်းလိုက်ချင်ပါတယ်။ မပြင်နိုင်ရင် မင်းတို့ လူမှုရေးဘဝမှာ လွယ်တာတွေက ခက်သွားနိုင်တယ်။ ခက်တာတွေက ကိုယ်ကျိုး နည်းသွားနိုင်တယ်။

ငါ့လို စိတ်နေမျိုး မင်းတို့မှာရှိနေရင် အဲဒီချို့ယွင်းချက်ကြောင့် မင့်ဘဝ မှာ ဘယ်လိုအခက်အခဲတွေ ကြုံခဲ့ရသလဲ။ နောင်တဖြစ်ခဲ့ရတာတွေ ဘယ် လောက်များခဲ့သလဲဆိုတာ အထပ်ထပ်အပြန်ပြန် ဝေဖန်သတိရသင့်ပါတယ်။ အမှားကို ခဏခဏ သတိရနိုင်လေ ကောင်းလေဖြစ်ပါတယ်။



# ကံ့လှူလက်လှည့်

မကြာသေးမီက ‘ကံ့ကူလက်လှည့်’ ဆိုတဲ့ စာအုပ်ကလေးကို ထုတ်လိုက်ပါ တယ်။ အတော်လေး လူကြိုက်များတယ်လို့ ဆိုရမယ်ထင်ပါတယ်။ အဲဒီထဲမှာ ပါတဲ့ ‘စာသင်ခြင်းနှင့် စိတ်သင်ခြင်း’ ဆိုတဲ့ ဆောင်းပါးတွေကိုလည်း အလွန် နှစ်သက်ကြကြောင်း ပြောကြပါတယ်။ ဒါပေမယ့် အံ့အားသင့်သွားရတာက ‘ကံ့ကူလက်လှည့်ဆိုတာ ဘာလဲဆရာ”ဆိုတဲ့ မေးခွန်းပါပဲ။ တစ်ယောက်တလေက မေးတာမဟုတ်ဘူး။ ဆယ်ယောက်ထက် မနည်းတော့ဘူး။ လူငယ်ပိုင်းကသာ မကဘူး လူလတ်ပိုင်းထဲကတောင်ပါတယ်။ ဒါကြောင့် ‘ကံ့ကူလက်လှည့်’ အကြောင်းကို ဂျာနယ်တစ်စောင်မှာ ရေးလိုက်ပါသေးတယ်။ သို့သော်လည်း အဲဒီဆောင်းပါးကို လူသိနည်းသွားတာကြောင့် ခုထက်ထိတွေ့တဲ့ လူငယ်တွေက ကံ့ကူလက်လှည့်ကို မေးနေကြတုန်းပါပဲ။ ဒါကြောင့် ‘ဈေးကွက်’မှာ ထပ်ရေး လိုက်ရပါဦးမယ်။

မင်းတို့ ကျောက်သင်ပုန်းကိုတော့ သိကြမှာပါ။ တို့များငယ်ငယ်ကတော့ ဗုဒ္ဓတန်းထိအောင် ကျောက်သင်ပုန်းကို ကိုင်ခဲ့ကြရတယ်။ သစ်သားသင်ပုန်း ကိုတော့ မကိုင်ကြတော့ပါဘူး။ တချို့ဘုန်းကြီးကျောင်းတွေမှာသာ ကိုင်တာကို တွေ့မိလိုက်ရပါတယ်။ ရေးလည်း ရေးကြည့်ခဲ့ဖူးပါတယ်။ ရှေးခေတ် မြန်မာမင်း များလက်ထက်ကတော့ သစ်သားသင်ပုန်းကိုပဲ ကိုင်ကြရတယ်။

သစ်သားသင်ပုန်းဆိုတာက အလျား သုံးပေလောက်၊ အနံ တစ်ပေ လောက်၊ ထု တစ်လက်မနီးပါးရှိတဲ့ သစ်သားပျဉ်ပြားကြီးပါပဲ။ ကျွန်းတို့၊ ချည်းကတိုးတို့လို သစ်မာသားကို မလုပ်ကြပါဘူး၊ နည်းနည်းလေးပွတဲ့၊ ပေါ့တဲ့ အသားကိုလုပ်ကြရတယ်။ နှစ်ဖက်မျက်နှာပြင်ကို သေချာချောထားပြီး ထမင်း ချည်နဲ့ မီးသွေးပွပွကိုသွေးပြီး သစ်သားပြင်မျက်နှာကို မည်းနေအောင်သုတ် လိုက်ရပါတယ်။ ပြီးတော့ နေလှမ်းထားလိုက်တယ်။ ခြောက်သွားရင် ရေးဖို့ အသင့်ဖြစ်သွားပြီပေါ့။ ရေးတော့ ကံ့ကူဆံနဲ့ ရေးရပါတယ်။

ကံ့ကူဆံဆိုတာက တွင်းထွက် ကျောက်နုတစ်မျိုးပါပဲ။ အလွန်ကို နုပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ လက်သည်းနဲ့ ခြစ်လိုက်ရင်တောင် အရာထင်ပါတယ်။ လက်သည်းလောက်တောင် မမာဘူးပေါ့။ အဲဒီ ကံ့ကူဆံတိုနေရင် ဝါးတံကလေးစွပ်ပြီး ရေးရတယ်။ သင်ပုန်းမည်းမည်းပေါ်မှာ ပုလဲရောင်ဖွေ့ဖွေ့သန်းနေတဲ့ အဖြူရောင်အရေးထင်ပါတယ်။

ကလေးကို စပြီးစာသင်တော့ ကံ့ကူတံကိုင်နည်းကို ပထမသင်ပေးတယ်။ နောက်မှ ဝလုံးစတဲ့စာတွေကို ရေးတဲ့အခါမှာ ဆရာက တပည့်ငယ်ကလေးရဲ့ လက်ကို အပေါ်က အုပ်ကိုင်ပြီး ဆွဲငင်နည်းကို လက်ထပ်သင်ပေးရတယ်။ အဲဒီလို ကံ့ကူဆံကိုကိုင်၊ လက်ကိုပါ လှည့်ပုံဆွဲနည်း သင်ပေးတာကြောင့် "ကံ့ကူလက်လှည့်ဆရာ"လို့ ခေါ်ကြတာပါ။ အမိပ္ပာယ်ကတော့ "လက်ဦးငယ်ဆရာ"ပေါ့။

အဲဒီသင်ပုန်းမှာ စာတွေပြည့်သွားပြန်တော့ မီးသွေးထမင်းရည်နဲ့ ထပ်ပြီးသုတ်လိုက်ရင် ရေးဖို့ အသင့်ဖြစ်သွားပြန်တာပါပဲ။ အဲဒီလို မူလရေးထားပြီးပါးသားတွေကို ပြန်ဖျောက်ပစ်လိုက်တာကို 'သင်ပုန်းချေ'တယ်လို့ ခေါ်တယ်။ ပြီးခဲ့တာတွေကို ဖျောက်ပစ်လိုက်ပြီး အသစ်ပြန်စတယ်ပေါ့။

တစ်လက်စတည်း ပြောလိုက်ရဦးမယ်။ ရှေးက မြန်မာမှာ စာအုပ်မရှိသေးဘူး။ ပေစာနဲ့ ပုရပိုက်ပဲရှိတယ်။ ပုရပိုက်က ရှေးခေတ်စာအုပ်ပါပဲ။ လုပ်ပုံကရှမ်းပြည်ဘက်ကလာတဲ့ လက်လုပ်မိုင်းကိုင်စက္ကူကိုတော့ မင်းတို့ သိကြပါလိမ့်မယ်။ အဲဒီမိုင်းကိုင်စက္ကူက အထူးအပါးတယ်မညီချင်ဘူး။ ဒါပေမယ့် စက္ကူကိုရေဆွတ်ပြီးတဲ့နေရာကို ထပ်ကပ်၊ လက်နဲ့အသာပုတ်ပေးလိုက်ရင် တစ်သားတည်းကပ်သွားတာပဲ။ အဲဒီလိုနည်းနဲ့ ကတ်ပြားခပ်ထူထူ အနေရောက်အောင် မိုင်းကိုင်စက္ကူတွေကို ထပ်ကပ်ယူရတယ်။ ထမင်းရည်ကျဲကျဲကိုလည်း သုံးကြတယ်။ အနံကို တစ်တောင်လောက်၊ အလျားကိုတော့ ငါးတောင် ဆယ်တောင် စသည်ဖြင့် ကိုယ်လိုအပ်သလောက် လုပ်ယူတာပေါ့။ ပြီးမှ ဘေးစွန်းအနားတွေကို ညီနေအောင် ဖြတ်ပစ်လိုက်တယ်။ နောက်ပြီး အဲဒီစက္ကူပြင်ကြီးကို သင်ပုန်းမှာလုပ်သလိုပဲ မီးသွေးထမင်းရည် လိမ်းကျံလိုက်တော့ ကံ့ကူဆံနဲ့ရေးဖို့ အသင့်ဖြစ်သွားပြန်တာပါပဲ။ ပြီးမှ အဲဒီစက္ကူကတ်ပြားရှည်ကြီးကို တစ်ထွာသာသာအခေါက်ထပ်ဖြစ်သွားအောင် ယပ်တောင်ခေါက်သလို အပြန်အလှန် ခေါက်ယူတယ်။ စာအုပ်သဘော ဖြစ်သွားတာပေါ့။

ရှေးက ရွှေစစ်ရွှေကောင်းတွေကို လက်နှစ်လုံး သုံးလုံးလောက် အပြားခတ်ထားပြီး ခုနက ပုရပိုက်ခေါက်သလို အပြန်အလှန် ခေါက်ထားလေ့ရှိတယ်။





အဲဒီ ရွှေအခေါက်ကိုလည်း 'ပုရပိုက်ခေါက်ရွှေ'လို့ပဲ ခေါ်ကြတယ်။ ရွှေစစ်ရွှေကောင်း ပျော့ပျောင်းနေတာပဲပေါ့။ ခုမင်းတို့ခေတ်မှာတော့ 'အခေါက်'လို့ပဲ အလွယ်ခေါ်နေကြပြီ။

မင်ရောင် ဆေးရောင်ကို စုတ်နဲ့ရေးဖို့ ရည်ရွယ်ရင်တော့ ပုရပိုက်ကို အမည်းရောင်မသုတ်တော့ဘဲ အဖြူအတိုင်း ထားလိုက်တာပေါ့။ ပုရပိုက်ဖြူလို့ပဲ ခေါ်ပါတယ်။

ရှေးက ပုရပိုက်ကိုပဲ သုံးကြရတယ်။ ခရစ်ယာန်ဘုန်းတော်ကြီး ဆရာယုဒသန်က သာသနာပြုတော့မှ စက္ကူပုံနှိပ်စာပေ ပါလာတာ။ ဒီတော့ မြန်မာတွေက ခရစ်ယာန်ကျမ်းစာကို 'စာဖြူ'လို့ ခေါ်ကြတယ်။ သူတို့က ရေနစ်တဲ့နှစ်ခြင်းသာသနာ၊ နောက်ပိုင်းမှာ ရိုမင်ကက်သလစ်လို့ခေါ်တဲ့ ဗရင်ဂျီဘာသာခရစ်ယာန်ကိုတော့ နှစ်ခြင်းခရစ်ယာန်နဲ့ ကွဲပြားအောင် 'စာနီခရစ်ယာန်'လို့ တချို့ဒေသတွေမှာ ခေါ်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်မသိတာကို သိဖို့

နီတိလေးတစ်ခုကို ပြန်ပြီး ရေးလိုက်ရပါဦးမယ်။ ပြန်ပြီးရေးလိုက်ရဦးမယ်လို့ ပြောလိုက်ရတာက ဘယ်ထဲမှာ ရေးခဲ့ဖူးတယ်ဆိုတာကို မမှတ်မိတော့ပေမယ့် ရေးခဲ့ဖူးတယ်ဆိုတာကိုတော့ သတိရနေသေးတာကြောင့် ဖြစ်ပါတယ်။ နီတိလေးက–

အကြင်သူသည် မသိ။ မိမိ မသိကြောင်းကိုလည်း မသိ။ ထိုသူကား သူမိုက်တည်း၊ ရှောင်ပါလေ။

အကြင်သူသည် မသိ။ မိမိ မသိကြောင်းကိုကား သိ၏။ ထိုသူကား လူရိုးတည်း၊ စောင့်ရှောက်ပါလေ။

အကြင်သူသည် သိ၏။ မိမိ သိကြောင်းကိုကား မသိ။ ထိုသူကား အိပ်ပျော်နေသူတည်း၊ နှိုးလိုက်ပါလေ။

အကြင်သူသည် သိ၏။ မိမိသိကြောင်းကိုလည်း သိ၏။ ထိုသူကား ပညာရှိတည်း၊ ဆည်းကပ်ပါလေ။

ဒီနီတိလေးကို ကလေးသာသာဘဝက ဖတ်ခဲ့ဖူးတာပါ။ နောက်တော့ အင်္ဂလိပ်လိုလည်း တွေ့လိုက်ရပါတယ်။ တရုတ်စကားပုံလို့လည်း ဆိုပါတယ်။ ကိုယ်တိုင်ကြုံခဲ့ရတာလေးတစ်ခုကို ပြောပြချင်ပါတယ်။ ဆယ်တန်းစာမေးပွဲ သင်္ချာဖြေစဉ်ကပါ။ အခု ပြန်တွေးလိုက်မိတိုင်း ရယ်လည်းရယ်ချင်၊ ကိုယ့်ကို ကိုယ်လည်း ဒေါသလည်း ဖြစ်မိပါတယ်။ မင်းတို့လည်း ဒါကိုပြောလိုက်ရင် အံ့သြသွားကြလိမ့်မယ်ထင်တယ်။ 'သီအိုရမ်နံပါတ်'ကိုတော့ မမှတ်မိတော့ဘူး ပေ့ကွယ်။ "တြိဂံတစ်ခုရဲ့ အနားနှစ်ဖက် ထက်ဝက်ကို ဆက်သွယ်တဲ့မျဉ်းဟာ ကျန်အနားရဲ့ ထက်ဝက်ဖြစ်တယ်"ဆိုတဲ့ သီအိုရမ်ပါပဲ။ တကယ်ဆိုတော့ ရှစ်တန်း လောက်မှာ သင်ရတာပါ။ ငါက အလွတ်ဖြေတာဆိုတော့ ရှစ်တန်းတွေ ဘာတွေ ကို မနေခဲ့ရပါဘူး။ လွယ်လည်း လွယ်လွယ်ကလေးပါ။ စာမေးပွဲမှာ ပါလာပါ လေရော။ လွယ်မှန်းသိနေတော့ အဲဒါကို ကောက်ကိုင်လိုက်မိတာ ပတ်ချာလည်





သွားပါလေရော။ ဘယ်လိုမှကို ရှင်းလို့ မရတော့ဘူး။ နောက်ဆုံးမှာ မဖြစ်ချေ မဟုတ်ဘူးဆိုပြီး တခြားပုစ္ဆာတွေကို ပြောင်းတွက်လိုက်ရတော့တယ်။ သက်သက်မဲ့ မိနစ်နှစ်ဆယ်လောက် အချိန်ပုပ်သွားတာပေါ့။

ဆရာဇော်ဂျီရေးတဲ့ 'ဝိဓုရဒုက္ခ' ကဗျာထဲက **'သိပြီ ချက်ချင်း သိမရှင်း'** ဆိုတာမျိုးတွေဟာ ငါတို့တစ်တွေကို အလွန်ဒုက္ခပေးတယ်။ ကိုယ်မသိတာကို သိအောင် လုပ်ဖို့ဆိုတာဟာ ခက်ပါတယ်။ ဒါပေမယ့် ကိုယ်မသိတာကို သိတယ်လို့ ထင်နေရင် တကယ်သိအောင် ဘယ်မှာ အားထုတ်ပါတော့မလဲ။ ဒါကြောင့် 'ကိုယ်မသိတာကို မသိမှန်းသိနေဖို့'က ပိုပြီး အရေးကြီးတယ်လို့ ထင်နေမိတယ်။

'ဆရာတိုက်စိုး' အကျင့်တစ်ခုကို ပြောလိုက်ရဦးမယ်။ စကားစမြည်ပြော နေရင်းက အကြောင်းအရာတစ်ခုခုကို သိချင်လို့ သူ့ကို ကောက်မေးလိုက်လို့ သူမသိရင် "အဲဒါ ကျုပ်မသိဘူး"လို့ တုံးတိကြီးကို ပြောချလိုက်တာ။ နည်းနည်း ပါးပါးလေးတောင် စဉ်းစားလိုက်ဟန်မပြဘူး။ ပထမတော့ ပွင့်လင်းရိုးသား တယ်လို့လောက်သာ အကဲဖြတ်ခဲ့မိတယ်။ နောက်မှ သူဟာ သူမသိတဲ့ကိစ္စကို မသိကြောင်း ပြတ်ပြတ်သားသား သိထားတယ်ဆိုတာကို ရိပ်မိလာတယ်။

ဟက္ကသိုလ်ကျောင်းသားဘဝ ဆရာဘဝတစ်လျှောက်မှာ သူတို့မသိတာ ကို သိတယ်လို့ ထင်နေတဲ့လူတွေ မကြာခဏ တွေ့ခဲ့ရဖူးတယ်။ သိပ္ပံဘက်မှာ ဆိုရင်တော့ မသိမှန်းသိဖို့ လွယ်တယ်၊ ဝိဇ္ဇာဘက်မှာကျတော့ သိပ်မလွယ်လှဘူး။ မသုံးသဖြင့် စာပေလို၊ ကဗျာလို အကြောင်းအရာမျိုးတွေကျတော့ ပိုလို့ ခက် တယ်။

ဒါတွေကတော့ဖြင့် ထားလိုက်ပါတော့။ မင်းတို့တစ်တွေ စာမေးပွဲအတွက် ကဗျာတွေ၊ စာပေတွေကို တွက်ဟယ်ကျက်ဟယ် လုပ်နေကြရတယ်။ မင်းကိုယ် တိုင် တကယ်ကို သဘောပေါက်ပြီး နားလည်တာလား။ ကြေကြေညက်ညက် တကယ်ကို သိနေတာလား။ သိတယ်လို့ ထင်နေတာလား။ အဲဒါကို ပြတ်ပြတ် သားသား သိချင်ရင် အခြားလူတစ်ယောက်ကို သေချာပြန်ပြီး သင်ပေးကြည့် လိုက်ပါ။ အဲဒီကျတော့မှ မင်းတကယ် သိမသိ ထင်ထင်ရှားရှား ပေါ်လာလိမ့် မယ်။ ငါကတော့ ကျောင်းဆရာ တစ်ယောက်ဖြစ်နေလို့ ကိုယ့်တပည့်တွေကို သင်ပေးရမယ့် အကြောင်းအရာကို တကယ်သိအောင် အားထုတ်ရတယ်။ သိအောင် လုပ်ထားရုံတင်မကဘူး၊ ဘယ်လိုသင်ပြရမလဲ ဆိုတာကိုလည်း စဉ်းစား လိုက်ရသေးတယ်။ နောက်ပြီး စာပေဟောပြောပွဲတွေကိုလည်း သွားကိုက်ရပြန်



www.burmeseclassic.com

www.burmeseclassic.com



သေးတော့ ယေဘုယျပရိသတ် ရှင်းခနဲနားလည်အောင် ဘယ်လိုတင်ပြမလဲ ဆိုတာကိုလည်း စဉ်းစားရသေးတာပဲ။ အဲဒီလိုကြံဆလိုက်တော့မှ ကိုယ်တကယ် မသိတာတွေကို တွေ့လာရတတ်ပါတယ်။ မင်းတို့အတွက် အရေးကြီးတာက ငယ်ငယ်ကတည်းက 'ကိုယ်မသိဘူးဆိုတာကို သိဖို့' လေ့ကျင့်ခန်းယူပါလို့ တိုက်တွန်းနေတာပါ။ အဲဒီအကျင့်ဟာ ကြီးလာတော့ အလွန်ကို တန်ဖိုးရှိတာကို တွေ့လာကြပါလိမ့်မယ်။

ငါသတိထားမိတာလေးတွေကို ပြောလိုက်ချင်ပါတယ်။ တံခါးဖွင့်စီးပွား ရေးကို ရုတ်တရက် ဖွင့်ပေးလိုက်တော့ အကွက်ကောင်းလေးတစ်ခုကို လက်ဦး လိုက်မိတာနဲ့ ကောက်ကာငင်ကာ ကြီးပွားသွားလိုက်တာနဲ့ စီးပွားရေးလုပ်ငန်းကို ကျွမ်းကျင်လှပြီ အထင်ရောက်သွားကြတဲ့လူတွေကိုလည်း တွေ့ဖူးတယ်။ နောက် ပိုင်းကျတော့မှ သူတို့ဟာ မအူမလည်တွေပါလားဆိုတာ ကိုယ့်ဘာသာ သိလာ ကြတယ်။ အဲဒီလိုပဲ ခပ်ငယ်ငယ် ကာလသားဘဝက မိန်းမတွေအကြောင်း အလွန်သိတယ်လို့ ထင်ပြီး သူတို့ကိုယ်သူတို့ သျှူတ္တရကျမ်းဆရာကြီးလောက် အထင်ရောက်ပြီး ဖလလုံးထွားတတ်သူတွေကိုလည်း တွေ့ဖူးတယ်။ ကိုယ်က လည်း ကလေးသာသာ ဘာနားလည်တာမှတ်လို့။ နောင်တော့မှ ပေချာချာ လူတွေပဲလို့ တွေးမိပြီး သနားစရာလူတွေလို့ အောက်မေ့လာမိပါတယ်။

ဒီလိုပါပဲ။ ဘယ်နေရာ ဘယ်လောကမှာမဆို သိစရာတွေက စုဝေး နေတာပါပဲ။ မင်းတို့ဘယ်နေရာကို ရောက်သည်ဖြစ်စေ၊ ဘယ်လောကမှာ ကျင် လည်ရသည်ဖြစ်စေ ကိုယ်မသိတဲ့ အကြောင်းခြင်းရာတွေကို မသိဘူးလို့ ရှင်းရှင်း လင်းလင်း ကိုယ့်ဘာသာ ပြတ်ပြတ်သားသား အသိပေးထားဖို့ လိုပါတယ်။ အဲဒီလို အသိပေးထားပြီးမှ သက်ဆိုင်ရာ အကြောင်းခြင်းရာကို သိလာအောင် အားထုတ်ယူရမှာပါ။

ဆရာဘဝအတွေ့အကြုံမှာ တချို့ကလေးတွေဟာ ဘာကြောင့် ဘယ်လို ဆိုတဲ့ အကျိုးအကြောင်းကို ခြေခြေမြစ်မြစ် မေးတတ်ကြတယ်။ နောက်ပြီး သူတို့မေးတာတွေက တကယ်ကို သိထိုက်တဲ့၊ အဓိပ္ပာယ်ရှိတဲ့ မေးခွန်းတွေဖြစ်နေ တတ်တယ်။ ဒီကလေးတွေဟာ ထူးချွန်သွားတာက များပါတယ်။ အဲဒါဟာ ဘာလဲဆိုရင် သူတို့သေချာ မသိတာကို မသိဘူးလို့ သေချာသိနေကြတာကြောင့် ပဲ။ ကဲ–မသိတာကို သိဖို့ဆိုတာ အရေးမကြီးပေဘူးလား။



# တစ်ကိုယ်တော်

ဒီဟာစ်ပတ်တော့ဖြင့် လူငယ်အချို့နဲ့သာ ဆိုင်တာမှန်သော်လည်း နည်းနည်း အရေးကြီးတယ်လို့ ထင်တာလေးကို ရေးလိုက်ရပါဦးမယ်။

ငါ့ဘဝတစ်လျှောက်လုံးက ကျောင်းဆရာဘဝ ဖြစ်နေလေတော့ တပည့် အမျိုးမျိုး၊ လူငယ်အမျိုးမျိုးနဲ့ ဆုံရတာ အဆန်းမဟုတ်တော့ဘူးပေါ့။ ချမ်းသာတဲ့ သူလည်းပါရဲ့၊ ချို့တဲ့သူလည်းပါရဲ့၊ မိဘက အလိုလိုက်လွန်းလို့ ပျက်စီးနေသူ လည်းပါရဲ့၊ လိမ္မာရေးခြားရှိသူလည်းပါရဲ့၊ ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်းလေးတွေ ကိုလည်း တွေ့ရရဲ့ ဆိုပါတော့ကွယ်။

နောက်ပြီး သူတို့နောက်ခံ မိဘတွေကိုယ်တိုင်ရဲ့ ဘဝတွေစရိုက်တွေ ကလည်း အမျိုးမျိုးပေကိုး။ တကယ်ဆိုတော့ သူတို့မိဘ ပတ်ဝန်းကျင်နောက်ခံ တွေဟာ ကိုယ်နဲ့တော့ ဘာမှမဆိုင်ပေဘူး။ ကိုယ့်တာဝန်က သူတို့ သားသမီး ကလေးကို စာသင်ပေးလိုက်ဖို့သာ တာဝန်ရှိတာပါ။ ဒါပေမယ့် သူတို့ရဲ့ဘဝ တွေက သားသမီးအပေါ်မှာ အရိပ်ထိုးလာတဲ့အခါမှာတော့ ကိုယ်က ဒီအတိုင်း ကြည့်မနေနိုင်ပြန်တော့ဘူး။ ဒီတော့ ဝင်ပြီး ပါရပြန်တော့တာပဲ။ ဝင်ပြီးပါရတယ် ဆိုလို့ မိဘတွေနဲ့ စကားပြောတယ်လို့ မထင်ပါနဲ့။ ကလေးနဲ့ပဲ ပြောတာပါ။

သားသမီးဆိုတာ မိဘကို မှီခိုနေရတာ မဟုတ်လား၊ မိဘကသာ သား သမီးကို အရိပ်တကြည့်ကြည့်နေတာ မဟုတ်ဘူး၊ သားသမီးကလည်း မိဘကို အရိပ်တကြည့်နေကြတာပဲ။ ဖခင်ဖြစ်သူက မူးယစ်သောက်စားပြီး ပျက်စီးနေရင် သားသမီးကလည်း ရှက်တာပဲ။ ဖခင်ဖြစ်သူကို ရိုက်နှက်ဆုံးမနိုင်ခွင့် မရှိပေမယ့် စိတ်ထဲမှာတော့ ဘယ်ကောင်းမလဲ။ ဒီတော့ သူ့ပတ်ဝန်းကျင် အပေါင်းအသင်း အလယ်မှာ ညှိုးငယ်စိတ်ကလေး ဝင်မှန်းမသိ ဝင်လာတတ်တယ်။ ဒီလိုကလေး မျိုးတွေကိုလည်း တွေ့ရတတ်ပါတယ်။ အမျိုးမျိုး ဆိုပါတော့ကွယ်။

အခု ဒီဆောင်းပါးမှာ ပြောချင်တဲ့ ကလေးတစ်ယောက်ရဲ့ မိဘတွေက တော့ ပေတေတေဆိုတာမျိုး စရိုက်ပျက်တွေ မဟုတ်ပါဘူး။ အိမ်ထောင်ပျက် သွားကြတာပါ။ အိမ်ထောင်ပျက်ဆိုတာကြောင့် တစ်အိုးတစ်အိမ်စီ ထူထောင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတာလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ တစ်စီးပွားစီကွဲသွားကြတာပါ။ မိဘနှစ်ယောက်လုံးက ပညာတတ်ပြီး လုပ်ရည်ကိုင်ရည်ကလည်း ကောင်းကြလေတော့ သူတို့လုပ်ငန်းနဲ့သူတို့ ချမ်းသာကြွယ်ဝကြတယ်လို့ ပြောနိုင်ပါတယ်။ ဖခင်နဲ့မိခင်တို့ရဲ့ မာနတံခွန်ချင်း ခုတ်ကြတာပဲ ဖြစ်မယ်ထင်ပါရဲ့။ သမီးလေးက တစ်ယောက်တည်းရယ်။ သမီးလေးက ရုပ်ရည်အားဖြင့် ချောလှပါချေရဲ့လို့ မပြောနိုင်တောင်မှ မျက်နှာအလွန်ကြည်ပါတယ်။ ကျက်သရေရှိတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် သတိထားကြည့်မယ်ဆိုရင် ညှိုးရိပ်ကလေးသန်းနေတာကို တွေ့ရနိုင်ပါတယ်။

ဒီသမီးလေးတစ်ယောက်တည်းကို အဖေအမေကလည်း တကယ့်ကို ချစ်ကြတာပါ။ အဖေအမေသာမဟုတ်ဘူး၊ အဘိုးအဘွားတွေကလည်း ချစ်ကြတာပဲ။ သမီးလေး ဘာလိုချင်သလဲ၊ ချက်ချင်းရတယ်။ သမီးလေး မျက်နှာမငယ်စေရဘူး။ သမီးလေးကလည်း လိမ္မာရေးခြားရှိတယ်၊ သိမ်မွေ့တယ်၊ တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ သူက အဖေ့အိမ်မှာလည်း နေတယ်၊ အမေ့အိမ်မှာလည်း နေတယ်။ အမေဘက်ကအဘွား၊ အဖေဘက်က အဘိုးကလည်း တော်တော်လေးကို သူ့ကို ချစ်ကြပုံရပါတယ်။ သူ့ကို ကြည့်ရတာက အဖေကိုလည်းချစ်၊ အမေကိုလည်းချစ်၊ နှစ်ယောက်စလုံးကိုလည်း သနားတာမျိုး ဖြစ်နေလေသလား မပြောတတ်တော့ပါဘူး။ မတော်မတ မကြောင့်မကြဆိုတာမျိုး နေနိုင်ပေမယ့် တခြားကလေးတွေလို စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပါးပါး ကြောင့်ကြမဲ့မနေနိုင်ဘူးပေါ့။ စာသင်တဲ့အခါမှာ ရယ်စရာ မောစရာ ပါလာလို့ တခြားသူတွေက ဟက်ဟက်ပက်ပက် ရယ်လိုက်ကြရင်တောင်မှ သူ ရယ်ပုံက ခပ်ယဲ့ယဲ့လေး ဆိုတာမျိုးပါပဲ။ ဉာဏ်လေးကလည်း သွက်ပါဘိသနဲ့။ စာလေးပေလေးကိုလည်း ဝါသနာပါတယ်။ ငါ့စာအုပ်တွေ ဆောင်းပါးတွေကိုတောင် သူက တစ်ခါတလေ ပြောပြတတ်ပါသေးတယ်။

ပထမတော့ သူ့အကြောင်းကို မသိပါဘူး၊ နောက်တော့ သူ့သူငယ်ချင်းမလေးတွေက တစ်စွန်းတစ်စဆိုသလို ပြောလာမှ သိရတော့တာပါ။ သိလာတော့ ငါက စိတ်မကောင်းဘူး။ ဒါနဲ့ပဲ တစ်နေ့မှာတော့ သူ့အိမ်က ကားလာပြီး မကြိုနိုင်တာကြောင့် ဆိုက်ကားနဲ့ ပြန်မယ်ဆိုတာနဲ့ "ဆရာလည်း အဲဒီဘက်ကို သွားရမှာပါ၊ ဆိုက်ကားစီးမနေပါနဲ့တော့။ တို့နှစ်ယောက် ခြေကျင်လျှောက်ကြတာပေါ့။ သိပ်ဝေးတာမှမဟုတ်ဘဲ"လို့ပြောပြီး ဆရာတပည့်နှစ်ယောက် ခြေကျင်လျှောက်လာခဲ့ကြတယ်။ လမ်းလျှောက်လာရင်း သူ့မိဘတွေရဲ့ အခြေအနေ





သူ့အဖြစ်ကို ဆရာက ထိုက်သင့်သလောက် သိနေကြောင်း စကားစပြီး ပြောလာခဲ့ပါတယ်။ ဒါနဲ့ လူရှင်းတဲ့ အအေးဆိုင်ကလေးတစ်ခုကို တွေ့တော့ "သမီးရယ်၊ အအေးတစ်ခွက်စီလောက် သောက်ပြီး ခဏလောက် စကားပြောကြရအောင်လား"လို့ ပြောလိုက်တော့ သူကလည်း ငါပြောတာကို နားထောင်ချင်ပုံရပါတယ်။

ထိုင်သားကျသွားလို့ အအေးခွက်ကလေးတွေကို ကိုင်မိကြတော့ ငါက စပြောပါတယ်။

"သမီး...သမီးရဲ့ အဖေနဲ့အမေကို သမီးက ပေးစားတာလား"လို့ စပြီး မေးလိုက်တော့ သူက ယဲ့ယဲ့လေးပြုံးတဲ့ပြီး "ဆရာကလည်း..."လို့ ပြန်ပြောပါတယ်။

"ဆရာမေးလိုက်တာက ပေါက်တတ်ကရ မေးခွန်းဖြစ်နေပေမယ့် မေးသင့်တာကြောင့် မေးလိုက်တာပါ သမီးရဲ့။ သူတို့ချင်း ချစ်ကြခင်ကြလို့ ပေါင်းခဲ့ကြတာပါ။ နောက်ပိုင်းမှာလည်း သူတို့ချင်း မပေါင်းနိုင်ကြလို့ လမ်းခွဲကြတာပါပဲ။ သူတို့ဘာသာသူတို့ ပေါင်းကြ၊ လမ်းခွဲကြ လုပ်တာပါ။ သမီးမှာ ဘာတာဝန်မှ မရှိပါဘူး။ သမီးက ပေးစားထားတာဆိုရင်တော့လည်း သမီးမှာ တာဝန်ရှိသင့်သလောက်တော့ ရှိမှာပေါ့။ နောက်ပြီး သမီးက ဒီအဖေနဲ့ ဒီအမေရဲ့ ဝမ်းထဲကို ဝင်စားလေမှပဲဆိုပြီး သမီးက ရွေးချယ်ခဲ့တာလား။ သူ့ဘာသာ ကံစီမံရာ ဖြစ်လာခဲ့တာပဲ မဟုတ်လား။ အခုကျတော့မှ တခြားမိဘရဲ့ သမီး ဖြစ်ချင်လို့ ရနိုင်သေးသလား။ ဒီမိဒီဘရဲ့ သမီးအဖြစ်ကိုပဲ လက်ခံထားရတာပဲ မဟုတ်လား။ လောကကြီးမှာ ကိုယ် ဘာမှ မတတ်နိုင်တဲ့၊ ကိုယ်က ပြုပြင်ပြောင်းလဲခြင်း မလုပ်နိုင်တဲ့ ပြဿနာတွေက အများကြီး သမီးရဲ့။ အဲဒါမျိုးတွေ ကြုံလာတဲ့အခါမှာ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး နေတတ်အောင် စိတ်ကို လေ့ကျင့်ရတယ် သမီးရဲ့။

"ဒီမှာသမီး...လူတွေဟာ အများနဲ့ နေကြရတယ်။ ဒါပေမယ့် တစ်ယောက်တည်းနော်။ ဆရာတို့ သမီးတို့ဟာ လူအများနဲ့ ရောပြီးနေကြတာပါပဲ။ ဒါပေမယ့် တစ်ယောက်တည်းပါပဲ။ သမီးနေမကောင်းဖြစ်ရင် သမီးပဲ ခံစားရတာပါ။ ဒီလိုပဲ သေသွားတော့လည်း တစ်ယောက်တည်းပါပဲ။ အမြွှာပူးမွေးလာရင်တောင်မှ တစ်ယောက်စီပါပဲ။ ဒီတော့ လူ့လောကကြီးထဲမှာနေရင် အများနဲ့ရောပြီး နေတတ်အောင်လည်း ကြိုးစားရတယ်။ တစ်ယောက်တည်း မဟုတ်အောင်လည်း ကြိုးစားရတယ် သမီးရဲ့။ ကိုယ်မတတ်နိုင်တဲ့ သူများ



www.burmeseclassic.com

www.burmeseclassic.com



အပူကို ကိုယ့်အပူ မလုပ်မိအောင် သတိထားပြီးနေနိုင်ဖို့ သမီးကြိုးစားရလိမ့်မယ်။ ဒါဟာ သမီးရဲ့ ဘဝတစ်လျှောက်လုံးမှာ သတိထားရမယ့် သင်ခန်းစာလို့ သဘောပေါက်ရလိမ့်မယ်။ ဆရာက ဒဿနိကဗေဒကို ယူခဲ့ဖူးပါသေးတယ်။ ဖတ်မိလိုက်ဖူးတဲ့ ဥပမာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ ပင်လယ်ထဲမှာ သင်္ဘောနစ်နေတာကို အဝေးကလှမ်းမြင်ပြီး ကမ်းပေါ်မှာ တောင်ပြေး မြောက်ပြေး လုပ်နေတဲ့ ပူလောင်ခက်နေတဲ့ လူတစ်ယောက်လိုပဲတဲ့။ ဒီလိုဆိုလိုက်တာကြောင့် မေတ္တာကရုဏာကင်းရမယ့်လို့ ဆိုလိုတာမဟုတ်ကြောင်း သမီး နားလည်နိုင်ပါတယ်။

သူ့ကိုပြောခဲ့တာတွေ အတော်လေးများပါတယ်။ ဒါကြောင့် ဆက်ပါရစေဦး။



## တစ်ကိုယ်တော် (၂)

လူတွေဟာ အများနဲ့နေကြရသော်လည်း နောက်ဆုံးမှာ သေချာစဉ်းစား ကြည့်လိုက်ပြန်တော့ တစ်ယောက်တည်းသာပဲ ဆိုတဲ့အကြောင်းကို တပည့်မလေးကို ပြောပြခဲ့ပါတယ်။ သူ့ကိုပြောပြခဲ့တာတွေ ဆက်လိုက်ပါရစေဦး။

"သမီးရဲ့ ဖေဖေနဲ့ မေမေက ကွာရှင်းထားကြပြီ။ ဒါဟာ သမီးက ပြုပြင်ဖန်တီးလို့ရတဲ့ ပြဿနာမဟုတ်ပေဘူး။ မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေး ပြဿနာအရိပ်ထိုးလို့ ညိုးငယ်ရတာဟာ သမီးတစ်ယောက်သာ မဟုတ်ဘူး။ ကမ္ဘာလုံးမှာ ရှိနေတယ်။ အခုမှရှိတာလည်း မဟုတ်ဘူး၊ ရှေးရှေးကတည်းက ရှိနေခဲ့တာပါ။ ရှိပုံရှိနည်းမှာလည်း ပုံစံအမျိုးမျိုးပါပဲ။ အဖေသေသွားတာ၊ အမေသေသွားတာ၊ မိဘနှစ်ပါးလုံးသေသွားတာ၊ ခိုကိုးရာမဲ့ ဖြစ်သွားတာ စသည်အားဖြင့် ဒုက္ခရောက်ကြတဲ့ကလေးတွေ အများကြီးပါပဲ။ သူတို့တစ်တွေနဲ့ စာလိုက်တော့ သမီးမှာ အဖေနဲ့ အမေအိမ်ထောင်ကွဲသွားလိုက်တာကလွဲလို့ ဘယ်ဒုက္ခ ရောက်ရတာမျိုးမရှိပါဘူး။ အဖေကရော အမေကရော လိုလေသေးမရှိ စောင့်ရှောက်ကြသားကပဲ။ သူတို့ချင်း မပေါင်းသင်းနိုင်ကြတော့လို့ အိမ်ထောင်ပျက်သွားပေမယ့် မိဘဝတ္တရားတစ်စက်မှ မပျက်ကြတာကို တွေးကြည့်လိုက်မယ်ဆိုရင် သမီးဘဝက ကျေနပ်စရာလေးလို့တောင်ဆိုနိုင်ပါတယ်။ တချို့မှာဆိုရင် မိစုံဖစုံရှိနေပါလျက် မိဘဝတ္တရားပျက်ကြတာကြောင့် သားသမီးတွေမှာ ကစဉ့်ကလျား ဖြစ်ကြရတာတွေကို ဆရာတွေ့ခဲ့ဖူးလှပါပြီ။

"ဒါတွေကိုပြောနေတာဟာ သမီးတို့ မိသားစုအရေးမှာ ဝင်ရောက်စွက်ဖက်တာမဟုတ်ဘူးဆိုတာကို သမီးသိပါတယ်။ ဘာကြောင့် ပြောနေရသလဲဆိုတော့ ဆရာတစ်ယောက်ဟာ သက်ဆိုင်ရာ ဘာသာရပ်ကို သင်ပေးရုံမကဘူး၊ ဖြစ်နိုင်ရင် ဘဝတစ်လျှောက်မှာ အထောက်အပံ့ဖြစ်နိုင်တဲ့ အတွေးအခေါ် နေနည်းထိုင်နည်းကိုပါ သင်ပေးနိုင်ရင် ပိုလို့ကောင်းတာပေါ့။ ဆရာက သမီးတို့ကို သင်ပေးရတာက မြန်မာစာပါပဲ။ မြန်မာစာကို အောင်မြင်အောင် သင်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရင် ဆရာ့တာဝန်ကျေတယ်လို့ ပြောနိုင်ပါတယ်။ အခု ဆရာပြောနေတာတွေက သမီးဘဝအတွက် ပြောနေတာပါ။

“အရေးအကြီးဆုံးကတော့ ကိုယ်က ပြုပြင်ဖန်တီးလို့ မရနိုင်တော့ဘူး ဆိုရင် အဲဒါကို အသာတကြည် လက်ခံနိုင်ဖို့ပဲ။ ဒါဟာ နေ့စဉ်ကိစ္စဆိုတာကို သမီး သဘောပေါက်စေချင်တယ်။ ဆိုကြပါဦးစို့သမီးရယ်...ဘတ်စ်ကားစောင့်နေတယ်။ ဘတ်စ်ကားတွေ တဝေါဝေါရောက်နေပေမယ့် ကိုယ်စောင့်နေတဲ့ကားက တစ်စီးမှ မလာဘူး။ စောင့်နေရတာ စိတ်တိုလာတတ်တယ်။ တိုရုံမကဘူး စိတ်ထဲက ဆဲချင်ဆဲမိနေမိတာ သမီးရဲ့။ ကျောင်းသားလူငယ်လေးတွေဆိုရင် ပါးစပ်ကကို ထုတ်ပြီးဆဲနေတော့တာ။ ကိုင်း...အဲဒီလို စိတ်တိုပြီး ဆဲနေတော့ ကော ကားကရောက် လာသလား။ သူလာချင်လာမှာပါ။

“ကိုယ်စောင့်နေတဲ့ ဘတ်စ်ကား ရောက်လာလိုက်တော့ ကားပေါ်ကို အပြေးအလွှားတက်လိုက်တယ်။ ကားက မထွက်သေးဘူး။ စပယ်ယာက ကားအောက်ဆင်းတဲ့ပြီး အေးအေးဆေးဆေး လူခေါ်နေတယ်။ ‘မြေနီကုန်း၊ လှည်းတန်း၊ သမိုင်း၊ အင်းစိန်’ဆိုတာမျိုး အော်ပြီး လူခေါ်နေတယ်။ ကိုယ်က သွားချင်လှပြီ။ ပါးစပ်က ထွက်မလာပေမယ့် စပယ်ယာကို စိတ်ထဲက ဆဲနေပြီ။ ဆဲနေတော့ကော ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး။ သူတို့ ထွက်ချင်မှထွက်တာပဲ။ ဒီတော့ ကိုယ့်မှာသာ သက်သက် စိတ်ပင်ပန်းနေရတာ မဟုတ်လား။

“ဆရာဖေယျရဲ့ စာတမ်းလေးတစ်ခုကို ဆရာ သိပ်သဘောကျတာပဲ။ ပင်လယ်ထဲမှာ သင်္ဘောပျက်လို့ အသက်ဆုံးရတဲ့ လူဦးရေထက် ချောင်းငယ် မြောင်းငယ်ထဲမှာ ရေနစ်သေတဲ့လူဦးရေက ပိုများတယ်တဲ့။ ဆင်နင်းလို့ ကျား ကိုက်လို့ သေရတဲ့လူဦးရေထက် လက်သန်းလောက်ရှိတဲ့ မြွေပွေးကိုက်လို့သေ ရတဲ့ လူဦးရေက ပိုများတယ်တဲ့။ ဘဝမှာလည်း လူတွေမှာ အဖေသေလို့ အမေသေလို့ ပူပန်ရတယ်ဆိုတဲ့ ကြီးမားတဲ့ပူပန်မှုမျိုးက တစ်သက်တာမှာ အလွန်ဆုံးကြုံရလှရင် နှစ်ခါသုံးခါပါတဲ့။ လူတွေကို နေ့စဉ်ဒုက္ခပေးနေတာက အသေးအဖွဲ ပူပန်မှုတွေ ဖြစ်ပါတယ်တဲ့။

“ဆရာကတော့ အသေးအဖွဲ ပူပန်မှုကလေးတွေက ကိုယ့်ကို မနှိပ်စက် နိုင်အောင် အတော်လေးကို သတိထားတယ်။ စိတ်ကို လေ့ကျင့်တယ်။ သဘော ကတော့ သမီးရယ်၊ ထိထိုးလိုက်တယ် ဆိုပါတော့၊ ပေါက်မှပေါက်ပါမလား ဆိုတာမျိုး စိတ်ပူမနေမိအောင်ပေါ့။ ကိုယ်ကစိတ်ပူနေလို့လည်း ပေါက်လာတာမှ မဟုတ်ဘဲ။ ကိုယ်က ပြုပြင်ဖန်တီးလို့ရတာ မဟုတ်ရင် အသေးအဖွဲလို့ သဘော ထားလိုက်ရင် အကောင်းဆုံးပဲ သမီးရဲ့။





“အခုလည်း သမီး ဖေဖေ မေမေတို့ရဲ့ အိမ်ထောင်ရေးကို သမီးက ဘာမှ မတတ်နိုင်တော့ဘူး။ အဲဒါကို သမီးက ပူပန်ပြီး စိတ်ညှိုးငယ်နေရင် ဆရာတို့တစ်တွေ ဘတ်စ်ကားစပယ်ယာကို စိတ်ထဲက ကြိမ်ဆဲနေတာနဲ့ ဘာမှ မထူးဘူး သမီးရဲ့။ အသေးအဖွဲစာရင်းမှာ သွင်းနိုင်အောင် စိတ်ကို လေ့ကျင့် ပေးပါတော့ သမီးရယ်။

“ကိုယ်က ပြောင်းလဲဖန်တီးလို့ မရနိုင်တာကို အရှိအတိုင်း၊ အဖြစ်အတိုင်း လက်ခံနိုင်ဖို့ စိတ်ကို လေ့ကျင့်ရတာကို ပေါ့ပေါ့ဆဆ သဘောမထားစေချင် ပါဘူး သမီး။ ဗုဒ္ဓဘာသာဝင်တွေ တရားရှုမှတ်တာတွေ၊ ဝိပဿနာရှုမှတ်ကြ တာတွေဟာ အရှိကိုအရှိအတိုင်း၊ အဖြစ်ကိုအဖြစ်အတိုင်း လက်ခံနိုင်အောင် လေ့ကျင့်နေတာ ဖြစ်မနေပေဘူးလား။ စဉ်းစားကြည့်လေ...တစ်ကိုယ်လုံးမှာ ရုပ်နာမ်တရားတွေဟာ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်တဲ့တရားတွေကို ရှုမှတ်နေရတာ မဟုတ်လား။ ထားလိုက်ပါတော့ သမီးရယ်။ ဒါတွေထိအောင် လျှောက်ပြော နေရင် သမီး နားထွေးသွားပါလိမ့်မယ်။

“ဆရာပြောချင်တာတွေကို ပြန်ပြီးချုပ်လိုက်ရရင် လူတွေဟာ အများနဲ့ နေရတာမှန်သော်လည်း တစ်ယောက်တည်းပဲဆိုတာကို သတိထားပါ သမီး။ ဒါကြောင့် အများနဲ့နေတတ်အောင်လည်း ကျင့်ရတယ်။ သူများအပူကို ကိုယ့် အပူပလုပ်မိဖို့ တစ်ယောက်တည်းနေတတ်အောင်လည်း စိတ်ကို လေ့ကျင့်ရပါ တယ်။ ကိုယ်မတတ်နိုင်တော့တဲ့၊ ကိုယ်က ပြုပြင်ပြောင်းလဲခြင်းငှာ မတတ် နိုင်တဲ့ ပြဿနာတွေကို အရှိအတိုင်း အဖြစ်အတိုင်း လက်ခံနိုင်အောင်လည်း စိတ်ကို ကြိုးစားလေ့ကျင့်ရပါတယ် သမီး။ ဒီနေ့ သမီးကို ဆရာပြောလိုက်တဲ့ စကားတွေဟာ သမီးတစ်သက်တာအတွက်လို့သာ မှတ်ပေတော့”

ဒီတပည့်မကျောင်းသူလေးကို ပြောပြလိုက်တဲ့ စကားတွေဟာ တခြား လူငယ်လေးတွေအတွက်လည်း အသုံးဝင်လိမ့်မယ်လို့ ယူဆမိတာကြောင့် ပြန်ပြီး ရေးလိုက်ရတာပါ။ နှစ်ပတ်ဆက်ပြီး ရေးလိုက်တာမို့ ဆောင်းပါးနှစ်ပုဒ်လုံးကို ဖတ်ပြီး ချုံ့ထွင်ဆင်ခြင် ကြည့်ကြစေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပညာ (၄)

'ပညာ(၂)'မှာ တိရစ္ဆာန်တွေကော ကျိုးအကြောင်းဆက်စပ်နိုင်တဲ့ အသိဉာဏ် ရှိသလားဆိုတာကို စဉ်းစားကြည့်ကြဖို့ စကားသွယ်ထားခဲ့တာ သတိရကြလိမ့်ဦးမယ် ထင်မိပါတယ်။ သူတို့မှာလည်း ထိုက်သင့်သလောက်တော့ ရှိနေတာပဲလို့ အောက်မေ့မိပါတယ်။ အဲဒီမှာလည်း အဆင့်မြင့် အဆင့်နိမ့်အားဖြင့် တိရစ္ဆာန် တွေမှာလည်း ကွဲပြားနေလိမ့်မယ် ထင်မိပါသေးတယ်။ တစ်ခုပြောချင်တာက ငါဟာ အဲဒီလိုနက်နဲတဲ့ ပညာရပ်တွေကို ကျွမ်းကျင်သူမဟုတ်ပါဘူး။ ဒါပေမယ့် ကယောင်ကတမ်းလို့ပဲဆိုဆို ငါစဉ်းစားမိတာလေးတွေကို ပြောလိုက်ရပါဦးမယ် ဆိုကြပါစို့။ ငါတို့မှာ စွဲကပ်တတ်တဲ့ ပွေးတို့၊ ဝဲတို့လို ရောဂါမျိုးဆိုပါတော့ ရောဂါပိုးတွေကြောင့် ဖြစ်ရတယ်ဆိုတာ အားလုံးသိနေကြတာပါပဲ။ ဒါမြင့် အဲဒီရောဂါပိုးတွေမှာ စိတ်ရှိသလား၊ ခံစားမှုရှိသလား၊ ဝဲပျောက်ဆေးတွေ တွေ့တဲ့အခါမှာ သူတို့အဖို့ နာကျင်မှု စတဲ့ ဝေဒနာတွေကို ခံစားရသလား ဆိုတာတွေကို (မင်းတို့တော့ဖြင့် မသိဘူး) ငါဖြင့် ခဏခဏ တွေးနေမိဖူးပါ တယ်။ ဒီလိုပဲ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်မှသာ မြင်နိုင်တဲ့ ပိုးမွှားလေးတွေဟာ လှုပ်ရှားရှင်သန်နေတာပဲ။ သူတို့ဟာ သက်ဆိုင်ရာ ပိုးသတ်ဆေးနဲ့ တွေ့လိုက်ရ သေသွားတာပဲ။ မသေမီမှာ ဘယ်လောက် ခံစားလိုက်ရသလဲ ဆိုတာမျိုး နားမလည်ဘဲ မကြာခဏ တွေးမိတတ်တယ်။

သူတို့ အသက်ရှင်နေခြင်းဟာ သစ်ပင်နွယ်ပင်တွေလို၊ ပေါင်မုန့်မှာ တက်လာတတ်တဲ့ မှိုတို့ ဘာတို့လို အသက်ရှင်နေခြင်းထင်ပါရဲ့လို့ အောက်မေ့ နေမိပါတယ်။ ဒါလည်း ငါ့ထင်မြင်မှန်းဆချက်ကိုသာ ပြောလိုက်ရတာကိုး။ တကယ်ဟုတ်တယ် မဟုတ်ဘူး ကံသေကံမ ဘယ်မှာပြောနိုင်ပါ့မလဲ။ သတ္တဝါ သစ်ပင်ကြားမှာ ခြားထားတဲ့စည်းကလည်း အလွန်ပဲ သေးငယ်ကျဉ်းမြောင်းတယ် ထင်ပါရဲ့။ ဒါပေမယ့် အဲဒီလို အဆင့်နိမ့်တဲ့ သတ္တဝါလေးတွေမှာတော့ဖြင့် ခံစားမှုတော့ မုချရှိလိမ့်မယ်လို့ ထင်မိတယ်။ သို့သော် ကျိုးကြောင်းဆက်စပ် စဉ်းစားနိုင်ခြင်းတော့ဖြင့် မည်မည်ရရ မရှိနိုင်ဘူးလို့ အောက်မေ့မိပါတယ်။





ဒါတွေကိုပြောနေတာက ငါတို့က တိရစ္ဆာန်လို့ခေါ်နေကြတဲ့ သတ္တဝါတွေ အကြောင်းကို ပြောချင်လို့ စကားပလ္လင်ခံနေရတာပါ။ အလွယ်ဆုံး အနီးစပ်ဆုံး ကို ပြောရမယ်ဆိုရင် ခွေးတွေကို ကြည့်စေချင်ပါတယ်။ ခွေးတွေဟာ အသိဉာဏ် အတော်မြင့်တယ်လို့ ပြောနိုင်တယ်။ ဒါကြောင့် သူတို့ကို လေ့ကျင့်သင်ကြား ပေးလို့ရနိုင်တယ်။ သူတို့ဟာ ကြောင်းကျိုးကို အတော်ကြီး ဆက်စပ်နားလည် နိုင်တယ်။ အိမ်မှာမွေးထားတဲ့ လူနဲ့နီးစပ်တဲ့ ခွေးတွေဆိုရင် ပိုပြီး ကြောင်းကျိုး ဆက်စပ် နားလည်နိုင်ကြတယ်။ စစ်ခွေးလေ့ကျင့်ရေးက လေ့ကျင့်သင်ကြား ထားတဲ့ ခွေးတွေဆိုရင် ပိုပြီးတော့တောင် သိနားလည်နိုင်ကြသေးတယ်။

ဒီလိုပဲ ဆင်တွေဟာလည်း နားလည်နိုင်ကြတာပဲ။ ဆင်ဆိုလိုက်မှ ဆင်ဦးစီးတစ်ယောက် ပြောဖူးတာလေးကို သတိရလာမိလို့ ပြောလိုက်ရဦးမယ်။ သူ့ဆင်က ညဘက်လွှတ်လိုက်တဲ့အခါမှာ မလှမ်းမကမ်းမှာရှိတဲ့ ကြံခင်းကို သွားပြီး ကြံချိုးစားလို့ ကြံခင်းရှင်ကတိုင်တာပေါ့။ ဒါနဲ့ မဖြစ်ချေဘူးဆိုပြီး အဲဒီဆင်ကို ခေါင်လောင်းကလေးတစ်လုံး လည်ပင်းမှာ ဆွဲပေးထားလိုက်တယ်။ ကြံခင်းဘက်ကို သူရောက်သွားလိုက်ရင် ကြံခင်းရှင်က သိနိုင်အောင်ပေါ့လေ။ ဆင်ကလည်း သိတာပဲ။ သိတော့ မောင်းလွှတ်တာပေါ့။ ဒါပေမယ့် သုံးလေးငါးရက် ရှိတော့ ခေါင်းလောင်းသံလည်း မကြားဘဲနဲ့ ကြံချိုးစားထားတွေကို တွေ့လာ ရပြန်တယ်။ ဆင်ဦးစီးကလည်း နားမလည်နိုင်အောင် ဖြစ်နေတယ်။ ခေါင်း လောင်းလည်း ရှိနေရက်ပဲ။ မြည်လည်း မြည်နေရက်ပဲကိုး။ နောက်တော့မှ ဆင်ဦးစီးက မသင်္ကာလို့ ခေါင်းလောင်းကို သေချာစစ်ဆေးကြည့်လိုက်တော့ ရွှံ့စရွှံ့နတွေကို တွေ့လိုက်ရတော့တယ်။ အဲဒီတော့မှ ဒီကောင်ကြီးဟာ ညဘက် ရောက်ရင် ခေါင်းလောင်းကို ရွှံ့ဆို့ပြီး ကြံခိုးစား၊ ပြီးရင် ရွှံ့တွေကို နှာမောင်းနဲ့ ဖျက်ပြီး ဆေးပစ်နဲ့ လုပ်နေကြောင်း သိလာရတယ်။ လည်ပင်းမှာ ဆွဲထား တာဆိုတော့ ရေမှုတ်ပြီးဆေးတာမှာ စင်တယ် မစင်ဘူး မမြင်နိုင်လို့ ရွှံ့အစအန ကျန်နေပေတာကိုး။

ဒါကိုကြည့်လိုက်မယ်ဆိုရင် အဆင့်မြင့် တိရစ္ဆာန်တွေဟာလည်း အကြောင်းအကျိုးကို ဆက်စပ်တွေးတောပြီး အသုံးချနိုင်ကြောင်း သိသာလှပါ တယ်။ အဲဒါမျိုးလေးတွေကို ကိုယ်တိုင်လည်း မကြာခဏ ကြုံတွေ့ရဖူးပါတယ်။ စာထဲမှာလည်း ဖတ်ရဖူးပါတယ်။ မကြာသေးမီက ကြုံလိုက်ရတဲ့ ကြောင်သူခိုး တစ်ကောင်အကြောင်းကို ပြောပြပါဦးမယ်။ ငါးကြော်ပန်းကန်ကို စားပွဲပေါ်မှာ တင်ပြီး အုပ်ဆောင်းနဲ့အုပ်ထားတယ်။ ကြောင်မလှန်နိုင်အောင်ပေါ့။ အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်သလဲဆိုတော့ အုပ်ဆောင်းကို ဒီအတိုင်းတွန်းသွားတယ်။ အောက်က ငါးကြော်ပန်းကန်လည်း အုပ်ဆောင်းနဲ့အတူ ရွေ့ပြီးပါသွားတာပေါ့။ စားပွဲအစွန်း ရောက်တော့ ငါးကြော်ပန်းကန်က အောက်ကျသွားတာပေါ့။ ဒီတော့မှ ငါးကြော်ကို ချီသွားတယ်။ ပန်းကန်ကျသံကြားလိုက်လို့ ပြေးကြည့်လိုက်တော့ ငါးကြော်တစ်ကောင် ပါသွားပါလေရော။

'ရီးဒါးစ်ဒိုင်ဂျက်'ထဲမှာ တစ်ခါက ဖတ်မိလိုက်တာလေးကို သတိရနေမိပြန်ပါတယ်။ ဆောင်းရာသီရောက်လို့ ရေတွေက ခဲစပြုလာပြီ။ ဒါပေမယ့် အပေါ်လွှာလေးပဲ ခဲနေတာပါ။ အောက်မှာတော့ ရေကမခဲသေးဘူး။ အဲဒီမှာ 'ရော်ဘင်ငှက်' ကလေးတစ်ကောင်က ရေခဲပြင်တစ်နေရမှာ ဝပ်ချလိုက်တယ်။ ခဏပဲ၊ သိပ်မကြာလိုက်ဘူး။ ထပြီး ပြန်သွားတယ်။ နောက်တစ်ကောင်က အဲဒီနေရာမှာပဲ ထပ်ပြီးဝပ်လိုက်တယ်။ ခဏပဲ၊ နောက်တစ်ကောင်က ရောက်လာပြီး ရှေးနည်းတူလုပ်တယ်။ နောက်ဆုံးကျတော့မှ ရေခဲလွှာကို နှုတ်သီးနဲ့ ပေါက်ခွဲလိုက်ပြီး ရေသောက်ကြတော့တာကိုး။ ရေခဲပြင်လွှာလေးကို ရင်ငွေ့ အပူပေးပြီး ပါးလွှာသွားအောင် လုပ်ကြတာပေါ့။ ပါးသွားတော့မှ နှုတ်သီးနဲ့ ဖောက်ခွဲပြီး ရေသောက်ကြတာပါ။ ဒါဆိုရင် ဒီငှက်ကလေးတွေဟာ အကြောင်းနဲ့အကျိုးကို ဆက်စပ်သိနိုင်ကြောင်း ထင်ရှားနေပါတယ်။

ပြောချင်တာက အတန်အသင့် အဆင့်မြင့်တဲ့ တိရစ္ဆာန်တွေမှာ ဗီဇအသိစိတ်(instinct)သာမက အကြောင်းအကျိုး ဆက်စပ်သိတဲ့စိတ်(ပညာ)ပါရှိနေကြောင်း သိသာပါတယ်။ သို့ဖြစ်ပါလျက် တိရစ္ဆာန်တွေဟာ ဘာကြောင့် လူလိုတိုးတက်ပြောင်းလဲမှု ဖြစ်မလာရသလဲ။ ပညာသင်ကြားမှု မရှိလို့ပါပဲလို့ ဆိုချင်မိပါတယ်။ ဒါဖြင့်ရင် ပညာသင်တယ်ဆိုတာ ဘာလဲ။ ဆက်ပြီး စဉ်းစားကြရပါတော့မယ်။ ကဲ...ပညာသင်တယ်ဆိုတာ ဘာလဲ။ စဉ်းစားကြည့်လိုက်ကြစမ်းပါဦး။ အနက်ဖွင့်ကြည့်စမ်းပါဦး။

ငါပြောခဲ့တာတွေကိုလည်း သင့်၏ မသင့်၏ ဆင်ခြင်ကြည့်ကြပါ။



# အရှေ့နှင့် အနောက်

မကြာသေးမီက 'သိပ္ပံမောင်ဝ၏ပေးစာများ'ဆိုတဲ့စာအုပ် ထွက်လာပါတယ်။ ဒီစာတွေဟာ ၁၉၃၃ ဩဂုတ်လောက်ကစပြီး ၁၉၄၁ ဒီဇင်ဘာလထုတ်အထိ 'ဂန္ထလောကမဂ္ဂဇင်း'ထဲမှာ ပါခဲ့တဲ့စာတွေ ဖြစ်ပါတယ်။ စာပေလိုက်စားသူ အနည်းငယ်လောက်ကတော့ 'ဂန္ထလောက' မဂ္ဂဇင်းဟောင်းတွေထဲမှာ ဖတ်ဖူးကြမှာပေါ့။ ဒါပေမယ့် လူငယ်အများစုအဖို့မှာတော့ လုံးဝမတွေ့ဖူးသေးတဲ့ စာတွေဖြစ်နေမှာ သေချာပါတယ်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်က ဒီမဂ္ဂဇင်းတွေကို 'မိုက်ခရိုဖလင်'နဲ့ မှတ်တမ်းတင်ထားပါတယ်။ အဲဒါကို ပင်ပင်ပန်းပန်းကူးပြီး 'ပဿဒ္ဒီစာပေ'က ထုတ်လိုက်လို့ စာအုပ်ဖြစ်လာတာပါ။

'သောင်းပြောင်းထွေလာ ပေးစာအမှတ်(၅)'ကို ဖတ်လိုက်တော့ စိတ်ဝင်စားလိုက်မိတာလေးတစ်ခုကို တွေ့လိုက်လို့ ဒီဆောင်းပါးကို ရေးလိုက်တာပါ။ စာက ဂန္ထလောက မဂ္ဂဇင်းအယ်ဒီတာဆီကို ရေးလိုက်တဲ့စာပါ။ အဲဒီအချိန်မှာ အယ်ဒီတာလုပ်နေတဲ့သူကို သိပ္ပံမောင်ဝက 'ကိုအုံးဖေ'လို့ နာမည်ခေါ်ပြီး ရေးတယ်။ ကိုအုံးဖေဆိုတာက ဒီကနေ့ 'တက်တိုး'လို့ ငါတို့သိနေကြတဲ့ ဆရာကြီးပါပဲ။ ပေးစာရဲ့ရက်စွဲက ၁၃၀၁ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ပြည်ရွှေဘိုက ရေးလိုက်တဲ့စာ၊ ၁၉၃၉၊ စက်တင်ဘာလထုတ်မဂ္ဂဇင်းမှာ ပါလာတယ်။

၁၉၃၉ ခုဆိုတော့ ဒီအချိန့်မှာ စစ်ရိပ်စစ်ငွေ့တွေက အတော်ကြီး ပြင်းထန်နေပြီ။ ဒါကြောင့် သိပ္ပံမောင်ဝက ဒီလိုစစ်ကြီးတွေဖြစ်တာဟာ စိတ်ပျက်စရာကောင်းကြောင်း ဒီလိုစစ်ဖြစ်ရတာတွေဟာ စီးပွားရေး စားကျက်နယ်လုကြတဲ့ စစ်ဖြစ်ရကြောင်း စသည်အားဖြင့် ရေးပြီးတဲ့နောက် ဆက်ရေးဟာက–

*တလောက ပြည်ထဲရေးဝန်ကြီးချုပ် ဦးဘဘေနဲ့တွေ့ပြီး ထွေရာလေးပါး စကားပြောကြရာမှာ "အနောက်တိုင်းသားတွေရဲ့ ယဉ်ကျေးခြင်းဆိုတာ လိုချင်စရာတွေကို တိုးပွားအောင် လုပ်တာပဲ။ အရှေ့တိုင်းသူ တိုင်းသားတွေရဲ့ ယဉ်ကျေးခြင်းဆိုတာကတော့ လိုချင်စရာတွေကို နည်းနိုင်သမျှနည်းအောင် လုပ်တာပဲ"လို့*



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို မှတ်လိုက်ရတယ်။ ဗုဒ္ဓဘာသာ တရားတော်အတိုင်းဆိုရင်လည်း လိုချင်တာတွေကို နည်းနိုင်သမျှနည်းအောင် လုပ်ရတာပဲ။ သည်တော့မှ စိတ်ချမ်းသာမှာ။ နို့မဟုတ်ဘဲ လိုချင်စရာတွေကို များသည်ထက်များအောင် လုပ်လေ စိတ်ထဲမှာ လိုချင်တဲ့ဆန္ဒဟာ ကြီးမားလာလေ လိုချင်တဲ့ဆန္ဒ ကြီးမားလာလေ စိတ်ညစ်ရလေပဲ။

ကျွန်တော်တို့ မြန်မာပြည်မှာလည်း အနောက်နိုင်ငံတွေ ဆက်သွယ်လာကြပြီမို့ လိုချင်စရာတွေဟာ တစ်နေ့တခြား တိုးပွားနေတော့တယ်။ အနောက်နိုင်ငံလောက်တော့ မများသေးဘူးပေါ့။ နို့ပေမယ့် တစ်နေ့ကျရင်တော့ များလာမှာအမှန်။ လိုချင်တာတွေများလာလေ အဲဒါတွေကိုရအောင် ငွေများများရှာရလေပဲ။ ငွေများများရှာရလေ စိတ်ဆင်းရဲလေပဲ။

ဝန်ကြီးချုပ် ဆိုတာက ခုခေတ်အခေါ်နဲ့ဆိုရင် ဝန်ကြီးပါပဲ။ အခုဝန်ကြီးချုပ်လို့ ခေါ်တဲ့အဆင့်ကို အဲဒီခေတ်က 'နန်းရင်းဝန်'လို့ ခေါ်ကြပါတယ်။ ဦးဘဘောဆိုတာကတော့ မင်းတို့ 'ဖေပုရှိန်'အဖြစ်နဲ့သိကြတဲ့ ဦးဘဘောပါပဲ။ နောက်ပိုင်းမှာတော့ 'ဘကြီးဘဖေ'လို့လည်း ခေါ်ကြပါတယ်။

အခုရေးချင်တာက ဘကြီးဘဘောနဲ့ သိပ္ပံမောင်ဝရဲ့ အတွေးအမြင်ကို မင်းတို့ ဘယ်လိုသဘောရသလဲ။ ငါတော့ဖြင့် သဘောတူမိတယ်။ ဒါဖြင့်ရင် မီးရထား၊ မော်တော်ကား၊ လျှပ်စစ်စွမ်းအားဆိုတာမျိုးတွေ၊ လူတွေကို သက်သာလွယ်ကူစေတဲ့ အိမ်သုံးပစ္စည်း၊ လူသုံးပစ္စည်း အမျိုးမျိုးတွေကို တီထွင်တာ၊ လိုချင်တပ်မက်တာတွေကိုကော ဒုက္ခရှာတယ်လို့ ဆိုရမှာလားဆိုတဲ့ မေးခွန်းကပေါ်လာပြန်တော့တယ်။ မှန်တယ်...ငါတို့တစ်တွေဟာ လှည်းခေတ်ကို ပြန်မသွားနိုင်တော့ဘူး။ ရေနံဆီမီးခွက်နဲ့ မနေနိုင်တော့ဘူး။ မီးရထား မော်တော်ကားနဲ့ပဲ သွားရလိမ့်မယ်။ လျှပ်စစ်မီးကိုပဲ အားကိုးကြရတော့မယ်။ ဒါပေမယ့် ငါတို့ဟာ အဲဒီလောက်နဲ့ပဲ ကျေနပ်နိုင်ပါရဲ့လား။ နာရီပုံဆန်းကလေးပေါ်လာလို့ အသစ်ဝယ်လိုက်ချင်တာတွေ၊ လုံချည်အင်္ကျီပုံဆန်းကလေးပေါ်လာလို့ ဝယ်လိုက်ချင်တာတွေ၊ ယုတ်စွအဆုံး ထမင်းချိုင့်ပုံသစ်ကလေးနဲ့ ကျောင်းသွားချင်တာတွေကိုလည်း စဉ်းစားကြရတော့မယ်။

အဲဒီမှာ တီထွင်သူတွေကို သေချာသတိထားကြည့်လိုက်ရင် မီးရထား၊ မော်တော်ကား၊ လျှပ်စစ်ဓာတ်၊ ရေဒီယို ဆိုတာမျိုးတွေကို ထွင်ခဲ့တဲ့သူတွေဟာ တကယ့်ကို လူ့လောကကောင်းကျိုးကို ရှာကြံခဲ့တဲ့သူတွေပါပဲ။ ဒီလိုပဲ ပိုးချည်လို၊ နိုင်လွန်ချည်လို အဝတ်အထည်ထွင်ခဲ့တဲ့ လူတွေဟာလည်း လူ့လောက





ကောင်းကျိုးကို ရှာဖွေခဲ့တဲ့သူတွေပါပဲ။ ဒါပေမယ့် အဲဒီပစ္စည်းတွေကို အနှစ်သာရအားဖြင့် ဘာမှမထူးခြားဘဲ အသွင်ပိုပြီးလှအောင်၊ ဆန်းအောင်၊ လူတွေတပ်မက် မျက်စိကျအောင် လုပ်တဲ့သူတွေကတော့ စီးပွားရှာတာသက်သက်ပဲလို့ ယင်မိပါတယ်။ ရုပ်သံမှာ ကြော်ငြာနေတဲ့ ပစ္စည်းတွေကို သတိထားကြည့်လိုက်ရင် အလွန်သိသာပါတယ်။

အရေးကြီးတာကတော့ လူသုံးပစ္စည်းတွေရဲ့ အနှစ်သာရကို ကြည့်ဖို့ပဲပဲလို့ ထင်မိပါတယ်။ ဆိုကြပါစို့။ နာရီဟာ အချိန်ကိုသိဖို့ ပဓာနပဲမဟုတ်လား။ အချိန်မှန်ဖို့သာ အရေးကြီးပါတယ်။ ဘောလ်ပင်ဟာ စာရေးဖို့ ပဓာနပဲမဟုတ်လား။ ရေးကောင်းဖို့ပဲလိုပါတယ်။ အဲဒီလိုလေး သတိထားလိုက်ရင်ကိုပဲ မင်းတို့ ငါတို့မှာ လူပင်ပန်း စိတ်ပင်ပန်း အတော်လေး သက်သာသွားမယ် ထင်မိပါတယ်။ ဆက်ပြီး စဉ်းစားကြဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ခေတ်ဆန်ခြင်း၊ ခေတ်မီခြင်း

နတလော 'ခေတ်ဆန်တယ်'ဆိုတဲ့စကားနဲ့ 'ခေတ်မီတယ်'ဆိုတဲ့စကား နှစ်လုံးကို စဉ်းစားနေမိတယ်။ မကွဲဘူးလို့လည်း ထင်ရတယ်။ သုံးတဲ့နေရာကိုလိုက်ပြီး ကွဲပြားတယ်လို့လည်း အောက်မေ့နေမိတယ်။

'ခေတ်ဆန်တယ်' ဆိုတဲ့စကားကို အပေါ်ယံ ပေါ့ပေါ့တန်တန်တွေမှာ အသုံးများကြပြီး 'ခေတ်မီတယ်'ဆိုတဲ့ စကားကိုတော့ ပိုပြီး လေးနက်တဲ့၊ ကြီးကျယ်တဲ့နေရာတွေမှာ အသုံးများကြတယ်လို့ ထင်မိပါတယ်။ အထူးသဖြင့် သတိထားမိတာက 'ခေတ်မီတဲ့နိုင်ငံတော်' 'ခေတ်မီတဲ့တိုင်းပြည်' 'ခေတ်မီတဲ့အတွေးအမြင်' စသည်အားဖြင့် သုံးစွဲကြတယ်။ ခေတ်ဆန်တဲ့ နိုင်ငံတော်၊ ခေတ်ဆန်တဲ့တိုင်းပြည်၊ ခေတ်ဆန်တဲ့ အတွေးအမြင်ဆိုတာမျိုး သုံးလေ့မရှိကြဘူး။

လူတစ်ယောက်ကို 'ခေတ်ဆန်တဲ့လူ'လို့ ပြောတာနဲ့ 'ခေတ်မီတဲ့လူ'လို့ ပြောလိုက်တာ အဓိပ္ပာယ်လေးကို ခြားနားသွားတယ်လို့ ထင်မိတယ်။ ဒီလိုပဲ မိန်းကလေးတစ်ယောက်ကို 'သိပ်ခေတ်ဆန်တဲ့ မိန်းကလေး'လို့ ပြောလိုက်တာနဲ့ 'သိပ်ခေတ်မီတဲ့ မိန်းကလေး'လို့ ပြောလိုက်တာဟာလည်း အဓိပ္ပာယ်လေးကို ကွာတယ်လို့ မထင်မိကြဘူးလား။ ဒါတွေကို ပြောနေတာက ဝေါဟာရအသုံးအနှုန်းကို သတိထားကြဖို့ ပြောနေတာမဟုတ်ဘူး ဆိုတာလောက်ကိုတော့ မင်းတို့ မှန်းနိုင်လောက်ပါတယ်။

ငါက ကျောင်းဆရာတစ်ယောက်ဖြစ်လေတော့ တပည့်တပန်းကလည်း အလွန်ကို များပါတယ်။ ဒီကြားထဲမှာ ငါရေးတဲ့ စာတွေကိုဖတ်၊ ဟောပြောတာတွေကိုနားထောင်ပြီး ဆရာရင်း မိဘရင်းလောက် သဘောထားကြသူတွေပါ ပေါင်းလိုက်တော့ တပည့်တပန်း ပိုလို့တောင် များလာပါသေးတယ်။ သွားလေရာ လာလေရာမှာ သူတို့က ရင်းရင်းနှီးနှီး လာပြီးနှုတ်ဆက်ကြတယ်။ နှုတ်ဆက်ကြလို့ စကားစမြည်ပြောပြီး မေးကြည့်လိုက်ရင် သင်တန်းတစ်ခုခုကို တက်နေကြတာက များပါတယ်။





ဒီဆောင်းပါးကို ရေးလိုက်တာက မနေ့တစ်နေ့က အတွေ့အကြုံကလေးတစ်ခုကို ပြောပြချင်လို့ပါ။

လူငယ်လေးတစ်ယောက်က အိမ်ကိုလာပြီး ဖိတ်စာလေးတစ်ခုကို ပေးသွားတယ်။ ငါက အပြင်ထွက်နေချိန်မို့ လူချင်းတော့ မတွေ့လိုက်ရပါဘူး။ ဖိတ်စာက သူတို့ လူငယ်သင်တန်းသားလေးတွေ စုပြီးလုပ်ကြတဲ့ ရေဆေးပန်းချီပြပွဲလေးကို လာပြီးကြည့်ဖို့ ဖိတ်တာပါပဲ။ ပြည်လမ်းမကြီးပေါ်က တစ်နေရာမှာ လုပ်တာပါ။ ကိုယ့်အိမ်နဲ့လည်း မဝေးလှတာကြောင့် တကူးတကပဲ သွားလိုက်ပါတယ်။

သွားလိုက်တော့ ပြင်သစ်သံရုံးကဖွင့်ထားတဲ့ ပြင်သစ်ဘာသာသင်တန်းကျောင်း စာကြည့်တိုက်ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ သူတို့အားလုံးဟာ ဆယ်ကျော်သက်ကလေးတွေပါပဲ။ ဆယ်ကျော်သက်ဆိုလိုက်ရသော်လည်း တချို့ကတော့ နှစ်ဆယ်တစ်ဝိုက်လောက် ရှိနေလောက်ကြပြီလို့လည်း ထင်လိုက်မိပါတယ်။ မိန်းကလေးတွေရော ယောကျ်ားလေးတွေပါ ဝမ်းမြောက်ဝမ်းသာကြိုကြိုရာတယ်။ မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ ပန်းချီဆရာကြီး ဦးလွန်းကြွယ်ပါပဲ။ ငါဖြင့် အတော်လေးကို အံ့သြသွားမိတယ်။ ဦးလွန်းကြွယ်ဆိုတာ တကယ့်ထိတ်ထိတ်ကြဲ ဆရာကြီးတစ်ပါးမဟုတ်ပါလား။ သူ့ကားတွေဆိုရင် သိန်းနဲ့ချီပြီး စကားပြောနေကြရတာ။ အရွယ်အားဖြင့် ကြီးရင့်လှပြီဖြစ်သော်လည်း သွက်လက်ထက်မြက်နေဆဲပါပဲ။ အိုဇာတာကောင်းလှတဲ့ဆရာကြီးပေါ့။ ဆရာကြီးက မျိုးဆက်သစ်တွေကို လာပြီးအားပေးတာဖြစ်ပေမှာပေါ့။ တကယ့်ကို ကြည်နူးစရာကောင်းလှတဲ့ မြင်ကွင်းပါပဲ။

ပန်းချီကားတွေကိုလည်း သေချာကြည့်ခဲ့ပါတယ်။ အားလုံးလိုလိုကို ပြင်သစ်စာတွေနဲ့ ရေးထားလေတော့ စာတွေကိုဖြင့် မဖတ်နိုင်ဘူး။ သူတို့ကို မေးကြည့်ရတာပေါ့။ စာတွေကို မဖတ်နိုင်တာကြောင့် ပိုလို့ဝမ်းသာနေမိခဲ့ပါသေးတယ်။ ရုတ်တရက်တော့ဖြင့် ငါပြောလိုက်တဲ့စကားဟာ အကြောင်းကြောင်းဖြစ်လောက်စရာရှိပါတယ်။ ကြည့်စမ်း...သူတို့ဟာ ပြင်သစ်စာတွေ စကားတွေကို ပြောနိုင်ဖတ်နိုင်နေကြပြီ။ ငါတို့ငယ်ဘဝနဲ့ ယှဉ်ကြည့်လိုက်တော့ ဘာဆိုဘာမှ မဆိုင်ကြတော့ဘူး။ သူတို့အားလုံးဟာ ငါတို့ထက်သာတဲ့လူငယ်တွေဖြစ်လာကြပြီလို့ မပြောနိုင်ပေဘူးလား။

မြန်မာလေးတွေသာမကဘူး။ ရုပ်ဝေးခေါင်ဖျားက ကချင်၊ ရှမ်းစတဲ့ ကိုင်းရှင်းသူလေးတွေကိုလည်း တွေ့ရတယ်။ သူတို့ကလည်း ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ရာ ပန်းချီကားလေးတွေကိုလိုက်ပြီး ပြကြပါသေးတယ်။ မြူးထူးတက်ကြွနေတဲ့ သူတို့သွင်ပြင်ကို ကြည့်လိုက်ရတာက သူတို့လက်ရာ ပန်းချီကားလေးတွေထက်တောင်မှ လက်ရာမြောက်နေသေးတယ်လို့သာ ပြောလိုက်ချင်ပါတော့တယ်။

သူတို့လေ့လာသင်ယူနေတဲ့ ပြင်သစ်ဘာသာ သင်တန်းအကြောင်းကို မေးကြည့်လိုက်တော့ တချို့ကဆိုရင် တတိယနှစ်လောက်ကိုတောင် ရောက်နေကြပြီ။ အတော်ကြီးကို ဖတ်နိုင်ပြောနိုင်ကြပြီပေါ့။ စာကြည့်တိုက်ထဲကို ခဏရောက်သွားလိုက်ပါသေးတယ်။ စာအုပ်တွေဆိုတာကလည်း ဝင်းဝင်းတောက်ရအောင် ကြည့်လို့ကောင်းတာပဲ။ ဒါပေမယ့် ကိုယ်က တစ်လုံးမသိလေတော့ ဤသို့ ကြည့်လိုက်မိပါ၏။ ဤသို့ မြင်လိုက်ပါ၏။ သို့သော် တစ်လုံးမှမသိလို့ ပြောရတော့မှာပါ။

သူတို့ပြပွဲက ထွက်လာလိုက်တော့ မြေနီကုန်းမှာရှိတဲ့ ကုန်တိုက်ကြီးတစ်ခုကို ရောက်သွားလိုက်ရပါသေးတယ်။ စားဆောလေးတစ်ဘူး ဝယ်ချင်တာကြောင့် ရောက်သွားလိုက်တာပါ။ ရောက်တုန်းရောက်ခိုက် လှည့်ပတ်ပြီး ကြည့်လိုက်တော့ ခေတ်ဆန်လှတဲ့ အဝတ်အထည်တွေနဲ့ ဖိနပ်တွေနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ လူငယ်ပရိသတ်ကို တွေ့လိုက်ရပြန်ပါတယ်။ ဒါနဲ့ အမှတ်မထင်ဆိုသလို ဖိနပ်တွေရဲ့ဈေးနှုန်းကို လှမ်းကြည့်လိုက်တော့ အမယ်လေးလေး ကြောက်ခမန်းလန့်ခမန်းပါကလား။ ငါဖြင့် အညာကျေးလက်က လူတွေပြောနည်းမျိုး 'သောက်ကျိုးနည်း နွားတစ်ကောင်ဖိုးပါလားဟ'လို့သာ အော်လိုက်ချင်တော့တာပါပဲ။ သူတို့တစ်တွေ ဝတ်ဆင်ထားတာ ကြည့်လိုက်ပြန်တော့လည်း မင်းတို့စကားနဲ့ ပြောလိုက်ရရင်တော့ 'ဟော့ရှော့'တွေပေါ့လေ။ အထူးသဖြင့် သူတို့စီးထားကြတဲ့ ဖိနပ်တွေကလည်း ကြီးပါမြင့်ပါပေ့။ ဈေးတွေကလည်း ကြီးပါမြင့်ပါပေ့။ သူတို့သွင်ပြင်မှုလဟန်ကလည်း မြူးပါတင့်ပါပေ့။

ငါလည်း အိမ်ကို လမ်းလျှောက်ပြန်လာရင်း 'ခေတ်ဆန်တယ်' ဆိုတဲ့ စကားနဲ့ 'ခေတ်မီတယ်'ဆိုတဲ့ စကားနှစ်လုံးကို ဝိုတိုဝါးတားစဉ်းစားပြီး သရုပ်ခွဲလာခဲ့မိပါတယ်။ မင်းတို့လည်း ဆက်ပြီး သရုပ်ခွဲကြည့်ကြစေချင်တာကြောင့် ဒီဆောင်းပါးကို ရေးလိုက်ရတာပါပဲ။



## မြင်တတ်ခြင်း၊ ပြင်တတ်ခြင်း

ယူ့ဘဝမှာ အခက်အခဲမျိုးစုံကို ကြုံကြရတတ်တာကို အထူးပြောနေစရာမလိုတော့ပါဘူး။ အဲဒီ အခက်အခဲတွေ အားလုံးထဲမှာ ကိုယ့်အပြစ် ကိုယ့်ချို့ယွင်းချက်ကို ပြက်ပြက်ထင်ထင် ပြန်ပြီး မြင်တတ်ဖို့ဟာဖြင့် အတော်လေးကို ကြီးမားတဲ့ အခက်အခဲလို့ ထင်မိပါတယ်။

ကိုယ့်ရည်မှန်းချက်တစ်ခုကို အောင်မြင်ဖို့ လုပ်ဆောင်တဲ့အခါမှာ အရေးနိမ့်သွားလိုက်ရင် အရေးနိမ့်ရတဲ့ အကြောင်းရင်းတွေကို ရှာကြရတော့မှာဖြင့် အမှန်ပေပဲပေါ့။ ကြိုတင်မြင်ခြင်းဉာဏ်မဖြစ်နိုင်တဲ့ ကံကြမ္မာလို ကိစ္စမျိုးမဟုတ်ခဲ့ရင် ပထမဆုံး သေသေချာချာ သုံးသပ်ကြည့်သင့်တာက ကိုယ်ကဘယ်နေရာမှာ ကွက်ကိန်းမှားသွားသလဲဆိုတဲ့ အချက်ပဲ ဖြစ်သင့်တယ်။ ဆိုကြပါစို့...ကိုယ်က လုပ်ငန်းရှင်တစ်ယောက်ဖြစ်တယ်၊ ကိုယ့်လက်အောက်ငယ်သားတွေကို လုပ်ငန်းကစ်ခု ခိုင်းလိုက်ရာမှာ သူတို့ရဲ့ ချွတ်ချော်တိမ်းပါးမှုကြောင့် ဆုံးရှုံးနစ်နာမှုဖြစ်ရတယ်ဆိုပါတော့။ သူတို့ ညံ့ဖျင်းမှုကြောင့် ဆုံးရှုံးရတာ အမှန်ပါပဲ။ သို့ပေမယ့် ကိုယ့်ဘက်ကကော ဘယ်လောက်ထိအောင် ညံ့ဖျင်းပျက်ကွက်ခဲ့သလဲ၊ ဒီလုပ်ငန်းရဲ့ လည်ပတ်လှုပ်ရှားနေမှုကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့မိပါရဲ့လား၊ ကိုယ်က လွှဲအပ်ထားခဲ့တဲ့သူဟာ ဒီဝန်ကို ထမ်းနိုင်၏ မထမ်းနိုင်၏ သေချာတွက်မိခဲ့ပါသလား စသည်အားဖြင့် ကိုယ့်ကို ကိုယ် ပြန်လည်စစ်ဆေးသင့်တယ် မဟုတ်ပါလား။ တကယ်အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတွေဟာ အဲဒီလို ပြန်လည်သုံးသပ်လေ့ ရှိကြတယ်။ မှားခဲ့တာတွေကို ပြက်ပြက်ထင်ထင် သိအောင် အားထုတ်တယ်။ နောက်ထပ်ပြီး ဒီအမှားမျိုးမဖြစ်အောင် သတိပြုကြတယ်။

ဒီလိုလုပ်တာဟာ စီးပွားရေးလုပ်ငန်းရှင်ကြီးများသာမဟုတ်ဘူး နိုင်ငံရေးကိစ္စ၊ စစ်ရေးဆိုင်ရာကိစ္စ စသည်အားဖြင့် လုပ်ငန်းကြီးတွေမှာလည်း ပြန်လည်သုံးသပ်ပြီး အောင်မြင်ခြင်းရဲ့အကြောင်းရင်း၊ ရှုံးနိမ့်ခြင်းရဲ့ အကြောင်းရင်းတွေကို ပြန်လည်သုံးသပ်ရတာပါပဲ။ နိုင်ငံရေးသိပ္ပံ ဆိုတာတွေ၊ ဘောဂဗေဒသမိုင်းဆိုတာတွေ၊ စစ်ရေးသိပ္ပံဆိုတာတွေကို သေချာဖတ်ကြည့်လိုက်မယ်ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပါပဲ။ History Of Great Battles (စစ်ပွဲကြီးများ-သမိုင်း)ဆိုတာမျိုးတွေကို ဖတ်ကြည့်ခဲ့ဖူးပါတယ်။ ဘာကြောင့် အောင်မြင်ရတယ်၊ ဘာကြောင့် ရှုံးနိမ့်ရတယ် ဆိုတာတွေကို ဝေဖန်သုံးသပ်ထားတာတွေပါပဲ။

ဒါတွေက လုပ်ငန်းရှင်ကြီးတွေ၊ နိုင်ငံခေါင်းဆောင်ကြီးတွေ၊ စစ်ရေးခေါင်းဆောင်ကြီးတွေရဲ့ သုံးသပ်မှုကို ပြောပြလိုက်တာပါ။ မင်းတို့ငါတို့လိုသာမန်လူတွေမှာလည်း ဒီနည်းဟာ အလွန်အသုံးဝင်တယ်လို့ ပြောချင်ပါတယ်။ ဆိုကြပါစို့ကွယ်...မကြာမီသေးမီက ကျောင်းတွင်းစာမေးပွဲ အောင်စာရင်းတွေထွက်သွားခဲ့တယ်။ မင်းက အောင်ခဲ့တယ်ဆိုပါတော့၊ ဂုဏ်ထူးပါသလား၊ မှန်းထားသလောက်အဆင့်ကို ရောက်ခဲ့သလား လာမယ့်နှစ် တန်းခွဲတွေ ခွဲချလိုက်တာမှ တန်းခွဲနိမ့်သွားသလား၊ မြင့်သွားသလား။ တက်သွားသလား၊ ကျသွားသလား စသည်အားဖြင့် ပြန်ပြီး စဉ်းစားကြည့်စေချင်တယ်။ စဉ်းစားကြည့်ရုံသာမဟုတ်ဘူး၊ အဲဒီ တက်ခြင်း ကျခြင်းရဲ့ အကြောင်းရင်းတွေကိုပါ ပြက်ပြက်ထင်ထင်သိအောင် သုံးသပ်ကြည့်သင့်ပါတယ်။ ဘယ်သူ့ကြောင့် ဘာကြောင့်ဆိုတာမျိုး တစ်ခုခုကို လွှဲချပြီး အကြောင်းရင်းရှာတာမျိုး လုပ်မနေဘဲ ကိုယ့်ကိုကိုယ်သာ ပဓာနထားပြီး သုံးသပ်ကြည့်တာမျိုး လုပ်စေချင်ပါတယ်။ ကိုယ့်ပျော့ကွက် ညံ့ကွက်ကို တွေ့ရင်လည်း ဒီနေရာမှာ 'ငါညံ့တယ်'လို့ ကိုယ့်ကိုကိုယ် ဝံ့ဝံ့စားစားကြီး စွပ်စွဲပစ်လိုက်စေချင်ပါတယ်။ လာမယ့်နှစ်မှာ ဒီအမှားမျိုး ထပ်ပြီး မဖြစ်စေရဘူးလို့လည်း သန္နိဋ္ဌာန် ချလိုက်စေချင်ပါတယ်။ သန္နိဋ္ဌာန်ကို နေ့စဉ်သကိရ နေအောင်လည်း မိမိကိုယ်မိမိ သတိပေးနေသင့်ပါတယ်။

ရုတ်တရက်ကြည့်လိုက်ရင်တော့ လာမယ့်နှစ်မှာ စာမေးပွဲကောင်းကောင်းကြီး အောင်မြင်ဖို့ အကြံပေးနေတယ်လို့ ထင်စရာအကြောင်းရှိပါတယ်။ ဒီလောက်ကလေးသာဆိုရင် ဘာကြောင့် ဒီဆောင်းပါးကို လက်အညောင်းခံပြီး ရေးနေမှာလဲ။ မင်းတို့တစ်တွေ ငယ်ငယ်ကတည်းက အောင်မြင်ရေးအလေ့အကျင့် ရသွားကြစေချင်တာကြောင့်ပါ။

ချို့ယွင်းချက်ကို မြင်တာက ပထမ၊ ပြင်တာက ဒုတိယ။ မမြင်ဘဲနဲ့ ပြင်တဲ့ အဆင့်ထိအောင် ဘယ်ရောက်နိုင်ပါမလဲ။ အကြောင်းရင်းဖြစ်တဲ့ ကိုယ့်ချို့ယွင်းချက်ကို မမြင်တတ်တဲ့သူဟာ ကိုယ့်ချို့ယွင်းချက်ကို ပြင်ဖို့မကြိုးစားတော့ဘဲ အရေးအကြောင်း ဆိုလိုက်ရင် သူတစ်ပါးကို လွှဲချလာတတ်တယ်။ သို့မဟုတ် တစ်ပါးသော အကြောင်းတရားတွေကို ထုတ်ဖော် ဆင်ခြင်ပေးလာတတ်တယ်။ အဲဒီလိုအားဖြင့် အမှန်တရားကို ကျော်ခိုင်းထွက်ပြေးတဲ့အဆင့်ကို





ရောက်သွားတော့တာပဲ။ ထွက်ပြေးတဲ့သူဟာ ဘယ်တော့မှ အောင်ပွဲမခံနိုင်တော့ဘူး။ တစ်သက်လုံး ပြေးလို့သာနေပေရော့။

ပြေးရုံသာပြေးနေတာဆိုရင် တော်သေးတာပေါ့။ နောက်တော့ သူက လောကကြီးကိုရော ပတ်ဝန်းကျင်ကိုပါ မုန်းလာတတ်တယ်။ လောကကြီးကို မုန်းလာတဲ့ သူ့ရဲ့ဘဝဟာ ဘယ်မှာ ပျော်စရာကောင်းပါတော့မလဲ။ သူက လောကကြီးကို မုန်းနေတာကြောင့် လောကကြီးကတော့ ဘာမှဖြစ်မသွားနိုင်ပါဘူး။ နေထွက်မြဲ လထွက်မြဲ၊ ပန်းတွေလည်း မွှေးမြဲ၊ စမ်းရေလည်း အေးမြဲပဲ ဖြစ်နေမှာပါ။ မအေးနိုင်တာက သူ့ဘဝ သူ့တစ်ယောက်တည်းပါ။ မေတ္တာတရား ခြောက်ခန်းသွားတဲ့ လူတစ်ယောက်အဖို့ ဘယ်လိုလုပ်ပြီး ပျော်ရွှင်ချမ်းမြေ့နိုင်ပါတော့မလဲ။

မြန်မာစကားပုံတွေရှိပါတယ်။ 'ရက်ကန်းမတတ်တော့ နှပ်ငြိုး'၊ 'အကမတတ်တော့ ဖျာအပြစ်တင်' ဆိုတဲ့ စကားပုံတွေဟာ ကိုယ့်ချို့ယွင်းချက်ကို မမြင်တတ်၊ မပြင်တတ်တဲ့သူတွေအကြောင်း၊ ကိုယ့်အပြစ်ကို သူတစ်ပါးလွှဲချတတ်တဲ့သူတွေအကြောင်း ပြောနေတာမဟုတ်လား။ ရက်ကန်းမတတ်ရင် တတ်အောင်သင်လို့ ဖြစ်တာပါပဲ။ အကမတတ်ရင်လည်း တတ်အောင် သင်လိုက်ရင် တတ်သွားမှာပဲပေါ့။ တတ်အောင် မကြိုးစားရင်တော့ ဘယ်တော့မှ တတ်မှာမဟုတ်ဘူးပေါ့။

ကဲ-ဒီဆောင်းပါးကို သေချာဖတ်ကြည့်လိုက်မယ်ဆိုရင် မင်းတို့ စာမေးပွဲလေးအကြောင်းကိုသာ ပြောတာမဟုတ်ဘဲ ဘဝတစ်ခုလုံးအကြောင်းကိုပြောတာဖြစ်မနေပေဘူးလား။ အောင်မြင်တဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်ဖို့၊ ပျော်ရွှင်တဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်ဖို့ တကယ့်ကို လိုအပ်တဲ့ အုတ်မြစ်ကြီးတစ်ချပ် ဖြစ်မနေပေဘူးလား။ မိမိချို့ယွင်းချက်ကို မမြင်ချင်တဲ့စိတ်ဟာ လူတိုင်းမှာ လိုလို ရှိနေတတ်တယ်လို့ ထင်မိတာပဲ။ ဒါပေမယ့် အောင်မြင်ကြီးပွားတဲ့သူတွေဟာ မိမိ ချို့ယွင်းချက်ကို ကြိုးစားပြီး မြင်တတ် ပြင်တတ်တဲ့သူတွေဆိုတာကတော့ ယုံမှားစရာမရှိဘူးလို့ ပြောချင်ပါတယ်။

မင်းတို့လည်း ဘဝအုတ်မြစ်ကို ခိုင်အောင်ချနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်အမှားကို

လွန်ခဲ့တဲ့ တစ်ပတ်လောက်က တပည့်ဟောင်းမိန်းကလေးတစ်ယောက်ကို တွေ့ပါတယ်။ မိန်းကလေးလို့သာ ပြောလိုက်ရတာပါ။ တကယ်ဆိုတော့ သူကလည်း အစိုးရဌာနကြီးတစ်ခုမှာ အရာရှိမကြီးတောင် ဖြစ်နေပါပြီ။ ကျောင်းသူဘဝ သူတို့ဖခင်ကြီးရှိနေစဉ်ကကိုပဲ သူတို့မိသားစုတစ်ခုလုံးနဲ့ ရင်းနှီးခဲ့ပါတယ်။ သူက ခုထက်တိုင် အိမ်ထောင်မရှိသေးပါဘူး။ အပျိုကြီးပေါ့လေ။ စားသောက်ဆိုင်လေးတစ်ခုမှာထိုင်ပြီး စားကြသောက်ကြရင်း ရှေးဟောင်းနှောင်းဖြစ်တွေကိုလည်း ပြောဖြစ်ကြတာပေါ့လေ။

သူက သူ့ညီမအကြောင်းကို မျက်ရည်တစမ်းစမ်းနဲ့ ပြောပြပါတယ်။ သူ့ညီမကလည်း အစိုးရဝန်ထမ်း အပျိုကြီးတစ်ယောက်ပါပဲ။ နှစ်ယောက်စလုံး ရုပ်ရည်ကမဆိုးလှပါဘူး။ သို့သော်လည်း အစ်မဖြစ်သူက ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်တတ်သလောက် ညီမဖြစ်သူက ပြူးတူးပြဲတဲ အဆင်မျိုးတွေကို သိပ်ကြိုက်တယ်။ အစ်မဖြစ်သူက ချစ်သူရှိခဲ့ဖူးပါတယ်။ ဘွဲ့ရ၊ အလုပ်ရလို့ရှိရင် လက်ထပ်ကြဖို့ပါပဲ၊ ဒါပေမယ့် ရတ်တရက်ဆိုသလို ဖခင်ကြီးက ကွယ်လွန်သွားလိုက်တော့ ညီမကလည်း ကျောင်းမပြီးသေးဘူး။ ဒါနဲ့ သူကပဲ မိသားစုတာဝန်ကို ဆက်ခံလိုက်ရတာကြောင့် အပျိုကြီးဖြစ်သွားရတာ။ ဒါတွေကို ငါက အားလုံးသိနေခဲ့တာကလား။ ဒါကြောင့်လည်း သူကငါ့ကို ရင်ဖွင့်တာပေါ့လေ။

သူပြောတာတွေရဲ့အချုပ်ကို ပြောလိုက်ရရင်တော့ ညီမက အိမ်မှုကိစ္စကိုတောင် မည်မည်ရရ ဝင်မကူချင်ဘူး။ နည်းနည်းပါးပါးလောက်ကူလိုက်ရရင်လည်း စူကာဆောင့်ကာ ဟိုဟာကို အပြစ်တင်လိုက်၊ ဒီဟာကို အပြစ်ဆိုလိုက် ဖြစ်နေတော့ အစ်မဖြစ်သူကလည်း နားငြီးတာနဲ့ လုပ်စရာရှိတာကို သူ့ဘာသာသူပဲ ကုန်းလုပ်လိုက်တော့တယ်ပေါ့ကွယ်။ ကုန်ကုန်ပြောလိုက်ရရင် မိခင်အိုကြီး နာဖျားမကျန်းရှိလို့ ဆေးခန်းလိုက်ပို့တာလောက်ကိုတောင် တာဝန်မယူချင်ဘူး။ အဲဒါကြောင့် သူ့ကိုသွားပြီး အပြစ်မပြောလိုက်လေနဲ့ ဆင်ခြေဆင်လက်တွေပေးပြီး ပြန်ရန်တွေ့လိုက်တာ မအေကြီးကပဲ အစ်မဖြစ်သူကို မပြောပါနဲ့တော့လို့





တောင်းပန်ယူရလောက်အောင် ဖြစ်လေ့ရှိတော့တာကိုး။

ငါကတော့ အဲဒီလိုလူမျိုးတွေကို မကြာခဏ ကြုံခဲ့ဖူးတယ်။ ဆိုပါတော့ ခြောက်ယောက်လောက်ထက်မနည်း ကြုံခဲ့ဖူးပါတယ်။ သူတို့ဟာ ဉာဏ်ရည်ကောင်းကြတာများတယ်။ စာပေဗဟုသုတကိုလည်း ဆည်းပူးတတ်ကြတယ်။ သူတို့က အကျိုးအကြောင်း ဆင်ခြေဆင်လက်ဆိုတာမျိုးတွေကို တကယ့်ကို ပြောတတ်ကြတာချည်းပါပဲ။ ဘာတွေပဲဖြစ်သွားသွား သူတို့ ဘာအမှားတွေကိုပဲ လုပ်မိသည်ဖြစ်စေ သူတို့ကြောင့် မဟုတ်ဘူး၊ ဟိုလူဒီလူတွေ ဘယ်လိုတွေ ဘာတွေလုပ်လိုက်ပြောလိုက်တာကြောင့် သူတို့က အဲဒီလိုလုပ်လိုက်မိကြတာ ဖြစ်တယ်ဆိုတဲ့အဆင့်ကို ရောက်သွားကြတာချည်းပါပဲ။ ဒီတော့ ကျန်တဲ့သူတွေက ဖက်ပြီးမငြင်းချင်တော့တာနဲ့ ပြိုင်လာလျှင် အရှုံးပေး အေးအေးပဲ နေလိုက်ကြတော့တယ်။ သူကလည်း ဒါကိုပဲ လိုချင်တာပါ။ သို့သော်လည်း သူတို့ဟာ မိသားစုအတွင်းမှာသာ ဒါမျိုးကိုလုပ်လေ့ ရှိတယ်၊ သို့မဟုတ် သူတို့ကို ချစ်ခင်တွယ်တာမိတဲ့သူတွေအပေါ်မှာသာ အနိုင်ကျင့်ပြီးလုပ်လေ့ရှိတယ်။ ဘာကြောင့်လဲဆိုတော့ တကယ့်ကို ကြမ်းကြမ်းတမ်းတမ်း မဟုတ်မခံ မိန်းမမျိုးတွေနဲ့ တွေ့လိုက်လို့ ပါးချဖောသဲနှာချမယ် ဆိုဟာမျိုး လုပ်လိုက်ရင် ကုပ်ဆင်းသွားကြတာကိုချည်း တွေ့ခဲ့ရပါတယ်။

အမှန်တော့ သူတို့တစ်တွေဟာ အတ္တကြီးလွန်းတာပါပဲ။ သူတို့ဟာ အထက်မှာ ပြောခဲ့သလို ဉာဏ်ရည်ကောင်းကြတယ်။ အထွေထွေဗဟုသုတကိုလည်း ဆည်းပူးတတ်ကြတယ်။ ဒါပေမယ့် ဒီအရည်အချင်းတွေအားလုံးကို တစ်ဖက်သားကို အနိုင်ယူဖို့နေရာမှာသာ သုံးသလို ဖြစ်နေတတ်ကြတယ်။ သူတို့ကိုယ်သူတို့ ကာကွယ်ရာမှာ ဆင်ခြေဆင်လက်ပေးဖို့လောက်မှာသာ သုံးနေတတ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကိုယ်သူတို့ အပြစ်ရှိနေတယ်ဆိုတာ သိနေကြတာကြောင့်ပါပဲ။ အခုပြောနေတဲ့ ညီမဖြစ်သူဟာ သူ့ဘက်က တာဝန်မကျေတာ၊ ချို့ယွင်းနေတာကို မသိတာမဟုတ်ဘူး၊ သိနေတယ်။ ဒီတော့ သူ့ကိုယ်သူ ကာကွယ်ဖို့အတွက် ဆင်ခြေဆင်လက် အကြောင်းပြချက်တွေကို ဉာဏ်နီဉာဏ်နက် အမျိုးမျိုး ထုတ်ပြီးရှာတော့တာပဲ။ အကြောင်းပေါ်လာလိုက်လို့ ပြောကြဆိုကြရင် မျက်စိမှိတ်ပြီး ဆင်ခြေကန်တော့တာပဲ။ လိုအပ်တယ်ထင်ရင် အမျက်ဒေါသကိုပါ သုံးလာတတ်တယ်။ ဒီနည်းနဲ့ တခြားသူတွေက စိတ်ညစ်ပြီး လက်လျှော့အရှုံးပေးသွားအောင် လုပ်လေ့ရှိတတ်ပါတယ်။ ဒါပေမယ့် သူတို့ဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝကို ဘယ်တော့မှ မရကြရှာပါဘူး။ ဘာကြောင့်လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူတို့ဟာ ပတ်ဝန်းကျင်ရဲ့ မေတ္တာမထားနိုင်ကြဘဲကိုး။ မေတ္တာဆိုတာ 'အလျှားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်'ဆိုတဲ့ စကားလေးလိုပဲ။ အသွားမရှိတော့ အပြန်လည်း မရှိတော့ဘူးပေါ့။

သူတို့ညီအစ်မနှစ်ယောက်အကြောင်းနဲ့ ပတ်သက်လို့ မင်းတို့ကိုပြောလိုက်ချင်တာက မင်းကိုယ်တိုင်ကော မင်းရဲ့တာဝန်ကို ဘယ်လောက်ထမ်းနိုင်သလဲ။ ယုတ်စွအဆုံး မင်းရဲ့အမိ သို့မဟုတ် အဖက တာဝန်မဲ့တဲ့သူ ဖြစ်စေဦးတော့ မင်းကကော တာဝန်ယူတတ်သူတစ်ဦး ဖြစ်ပါရဲ့လား။ ကိုယ့်တာဝန်ကိုလုံအောင် ထမ်းဆောင်တတ်သူတစ်ယောက် ဖြစ်ပါရဲ့လား။ ပြန်ပြီးသုံးသပ်ကြည့်စေချင်တယ်။ တာဝန်မဲ့သူတစ်ယောက် ဖြစ်နေပါလျက် ကိုယ့်အပြစ်ကို ဖုံးကွယ်ဖို့ ဆင်ခြင်ဆင်လက်အမျိုးမျိုး ရှာဖွေနေတတ်သူဖြစ်ပါသလား ဆိုတာကိုလည်း သုံးသပ်ကြည့်စေချင်ပါတယ်။ တကယ်လို့ အဲဒါမျိုးဖြစ်နေရင် မင်းဟာ အောင်မြင်ချမ်းမြေ့တဲ့ဘဝကို ဘယ်တော့မှ တည်ဆောက်နိုင်မယ်မဟုတ်ဘူးလို့ စိတ်ချလက်ချ ယူမှတ်လိုက်ပါတော့။

ကိုယ့်အပြစ် ကိုယ့်ချို့ယွင်းချက်ကို လျှော့တွက်ချင်တဲ့လူဟာ ဘယ်လုပ်ငန်းမှာမှ မအောင်မြင်နိုင်ဘူး။ ကိုယ့်အပြစ်ကို ပြက်ပြက်ထင်ထင် မမြင်တတ်ရင် ပြင်ဆင်ချင်တဲ့စိတ်လည်း မပေါ်နိုင်တော့ဘူးပေါ့။ အပြစ်ကိုမပြင်ရင် အကောင်း မဖြစ်နိုင်ဘူး။ အထူးသဖြင့် မိသားစုအတွင်းမှာ ကျရောက်လာတဲ့ တာဝန်တွေကို လုံအောင်ထမ်းနိုင်ပါရဲ့လား။ မထမ်းနိုင်ပါပဲလျက် ထမ်းဆောင်နေတယ်လို့ မင်းကိုယ်မင်း လှည့်ဖြားဟန်ဆောင်နေသလား။ ဟန်ဆောင်နေရုံမကဘဲ တစ်ပါးသူတွေကိုပါ ဆင်ခြေဆင်လက်အမျိုးမျိုးနဲ့ အနိုင်ယူပြီး ကိုယ့်အပြစ်ကိုဖုံးကွယ်ဖို့ ကြိုးစားနေမိတတ်သလား။ အဲဒီလိုဖြစ်နေပြီဆိုရင်တော့ မင်းဟာ စိတ်ဆင်းရဲရတဲ့ဘဝကြီးကို တစ်သက်တာ ဖက်တွယ်လို့သွားရတော့မယ်ဆိုတာ သေချာပေါက် ဖြစ်နေပါပြီ။ ဒါတွေအားလုံးရဲ့ ရေသောက်မြစ်ကတော့ သတ္တိပါပဲ။

သတ္တိရှိတဲ့ လူငယ်လေးတစ်ယောက် ဖြစ်စေချင်ပါတယ်။



## ဖတ်ပြီး ဝင်စားကြည့်စမ်းပါ

'ဖေမြင့်'ရဲ့ 'မဟာကရုဏာရှင်များ'ဆိုတဲ့စာအုပ်ကို မင်းတို့ဖတ်ပြီးလောက်ပြီလို့ ယင်ပါတယ်။

ပြောလိုက်ရဦးမယ်။ ငါ့အဖို့မှာ စာဖတ်တဲ့အခါ ကိုယ်ဘာသာ ဖတ်ချင်လို့ ဖတ်တဲ့အခါလည်း ရှိတယ်။ မင်းတို့အတွက် ဖတ်ချင်လို့ ဖတ်တဲ့အခါလည်း ရှိတယ်။ မင်းတို့အတွက် ဖတ်ရတဲ့အခါလည်း ရှိတယ်။ 'မဟာကရုဏာရှင်များ' ထဲမှာ 'ဂျော့ချ်ဝါရှင်တန်ကာဗာ'အစ 'မာသာထရီဇာ'အဆုံး မဟာကရုဏာရှင် ၂၈ ဦးအကြောင်းကို ရေးထားပါတယ်။ သူတို့အကြောင်းကို တစ်စွန်းတစ်စ ဖြစ်စေ၊ ဖေမြင့် ရေးထားသမျှ အားလုံးအလိုလိုဖြစ်စေ ငါဖတ်ခဲ့ဖူးပြီး ဖြစ်ပါတယ်။ ဟင်နရီဒူးနန့်ဆိုရင် ငါတို့ ပထမနှစ်မှာ သင်ခဲ့ရပြီး စာမေးပွဲတောင် ဖြေလာခဲ့ရသေးတာပါ။ ဒါပေမယ့် ဖေမြင့် စာအုပ်ထွက်လာလိုက်တော့လည်း ဖတ်လိုက်မိသေးတာပါပဲ။ ဒါပေမယ့် မနေ့ကတော့ နေမကောင်းလို့ အိမ်မှာ အနားယူနေရင်း တောင်တွေး မြောက်တွေးနဲ့ အဲဒီထဲမှာပါတဲ့ ကရုဏာရှင်တွေရဲ့အကြောင်းကို စဉ်းစားကြည့်ညှိနေမိတယ်။ အဲဒီလိုတွေးနေရင်း 'ငါ့ကလေးတွေကို ဒီအကြောင်းပြောဦးမှ ထင်ပါရဲ့'လို့ အတွေးပေါက်လာမိတယ်။ ဒါနဲ့ ဖေမြင့်ရဲ့စာအုပ်ကို ထုတ်ပြီး ပြန်ဖတ်ကြည့်လိုက်မိတယ်။

ဒီပုဂ္ဂိုလ်တွေဟာ တကယ့် အလောင်းအလျာတွေပဲ ထင်ပါရဲ့လို့ အောက်မေ့လိုက်မိတယ်။ နောက်ပြီး ငါတို့ရဲ့ မြတ်စွာဘုရားသခင်သာ သက်တော်ထင်ရှားရှိခဲ့ရင်လည်း မုချအနုမောဒနာ ပြုတော်မူမှာပဲလို့ အောက်မေ့လိုက်မိသေးတယ်။ သူတို့အားလုံးဟာ ခရစ်ယာန်ဘာသာဝင်တွေပါပဲ။ ဒါပေမယ့် ငါတို့ ဘုရားရှင်ဟောကြားလမ်းညွှန်တော်မူခဲ့တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မာစိုရ်တရားလေးပါးနဲ့အညီ၊ နောက်ပြီး မင်းတို့ ရေသည်ပြဇာတ်မှာ အလောင်းတော် ဥဒယ မင်းသားကျူးရင့်တဲ့ **"ပါရမီသုံးဆယ်၊ ကျင့်ထုံးနှယ်ဟု၊ သုံးသွယ်စရိယာ၊ စွန့်ခြင်းငါးရပ်၊ ဖောမိသတ်တို့၊ မြတ်သဘောကို"**ဆိုတာထဲက 'စာဂငါးတန် စွန့်ခြင်းငါးရပ်'ဆိုတာကိုလည်း မင်းတို့ မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာပေါ့။ သူတို့ဟာ တကယ့်ကို ကိုယ်ကျိုးစွန့်သွားကြတဲ့သူတွေပဲ။ ဘဝ ဟာစ်ခုလုံးကို လောကအတွက် ထောပနာပစ်လိုက်တဲ့သူတွေပဲ။

မြတ်စွာဘုရားသခင်က မိန့်ကြားတော်မူတာလေးကို ပြောလိုက်ရဦးမယ်။ **"အကြင်သူသည် ငါဘုရား၏ သင်္ကန်းစွန်းကိုကိုင်၍ လိုက်နေစေကာမူ ငါဘုရား၏ တရားတော်ကို မလိုက်နာဘိမူကား ထိုသူသည် ငါဘုရားနှင့် ယူဇနာခြားနေ၏။ အကြင်သူသည် ငါဘုရားနှင့် ယူဇနာခြားနေသော်လည်း ငါဘုရား၏ တရားတော်ကိုကား လိုက်နာကျင့်သုံး၏၊ ထိုသူသည် ငါဘုရား၏ သင်္ကန်းစွန်းကို ကိုင်၍လိုက်နေသည်သာတည်း"** တဲ့။ ကိုယ့်ဘုရားမို့ ကိုယ်မွန်းတယ်ဆိုရင်လည်း ခံရတော့မှာပဲ။ ငါလေ ဘုရားကို ဘယ်လို အံ့သြကြည်ညိုမိမှန်းမသိဘူး။ တကယ့်ကို တရားတော်ကိုသာ ဦးစားပေးတော်မူတယ်။ သူ့တစ်ကိုယ်ရေကို ဘယ်တော့မှ ထည့်မတွက်ဘူး။ ကျောသားရင်သား ဘယ်တော့မှမခြားဘူး။ ဒါကြောင့် ဘုရားရှင်သာ သက်တော်ထင်ရှားရှိတော်မူခဲ့ရင် ဒီမဟာကရုဏာရှင်တွေကို မုချ အနုမောဒနာ ပြုတော်မူမှာပဲလို့ ပြောခဲ့တာပါ။

မင်းတို့ အဲဒီစာအုပ်ကို ဖတ်ပြီးရင်လည်း ထပ်ပြီး ဖတ်ကြည့်စမ်းပါ။ ဝတ္ထုဖတ်သလို၊ သတင်းစာဖတ်သလို၊ သုတစာပေဖတ်သလို မဖတ်ပါနဲ့။ **'ဝင်စားပြီး'**ဖတ်ကြည့်စေချင်ပါတယ်။ သူတို့လုပ်ရပ်တွေအကြောင်းကို ဖတ်နေရင်း သူတို့နေရာမှာ ဝင်စားပြီး ငါဆိုရင် သူ့လို လုပ်နိုင်မလား ဆိုတာမျိုး ကိုယ့်ကိုကိုယ်မေးပြီး သူတို့ရဲ့စွန့်လွှတ်မှု၊ ရက်ရောမှုတွေကို ထဲထဲဝင်ဝင် ခံစားကြည့်ကြစေချင်ပါတယ်။ သူတို့တော့ **"မငြွေမယှက်၊ ရက်ရက်ရောရော၊ မက်မောမတွန့်၊ ပေးစွန့်လွှတ်၍၊ ဆွတ်ဆွတ်ကြည်ဖြူ၊ လှူကြသွက်သွက်၊ ထက်ထက်သန်သန်"** ဆိုတဲ့ တကယ့် ပါရမီရှင်တွေပဲလို့ ငါဖြင့် အောက်မေ့ခံစားမိပါတယ်။

"ဒါဖြင့် ဆရာကော သူတို့လို လုပ်နိုင်ပါသလား"လို့ မေးလိုက်စရာရှိပါတယ်။ မလုပ်နိုင်ပါဘူး။ ငါ ဝန်ခံပါတယ်။ ဒါပေမယ့် သူတို့အကြောင်းကို 'ဖတ်ကြည့်ဝင်စား'မိလိုက်တော့ ကိုယ့်ဘဝချမ်းသာဖို့လေးလောက်ကိုသာ လုပ်နေမိတဲ့ ကိုယ့်ဘဝအတွက် **'ရှက်အားငယ်'**မိတာ အမှန်ပါပဲ။ ဒါတောင်မှ ငါဟာ "ငါမရထိုက်တာ ဘယ်တော့မှ မယူဘူး" လို့ စာထဲမှာလည်း ရေးခဲ့ဖူးတယ်၊ စင်ပေါ်မှာလည်း ပြောခဲ့ဖူးသူပါ။ ခုထက်ထိလည်း အဲဒီ သီလကို ငါလုံပါတယ်။ အဲဒီလောက် လိပ်ပြာလုံတဲ့ သူကိုတောင် ချောက်ချားပြီး ရှက်အားငယ်သွားလောက်စေတဲ့ ကရုဏာရှင်တွေပါ။

ငါဟာ မင်းတို့မျိုးဆက်သစ်တွေကို တကယ်ချစ်တာပါ။ နောက်ပြီး





တကယ် သနားတာပါ။ နောက်ပြီး တကယ့်ကို အားကိုးတကြီးမျှော်လင့်တာပါ။ ဒါကြောင့် အဲဒီစာအုပ်ကို **"ဖတ်ပြီး ဝင်စားကြည့်"**ကြစမ်းပါလို့ အလေးအနက် တိုက်တွန်းနေရတာပါ။ မင်းတို့တစ်တွေ အပြင်းအရိုင်း လူလားမြောက်လာချိန်မှာ ငါတို့ချစ်တဲ့ တိုင်းပြည်ကြီး၊ ငါတို့ချစ်တဲ့ နိုင်ငံတော်ကြီး လှသထက် လှလာစေ ချင်တယ်။ မင်းတို့မလှရင် တိုင်းပြည်မလှနိုင်ဘူး။ မင်းတို့မလှရင် လူမျိုးမလှနိုင်ဘူး။ တိုင်းပြည်တို့၊ လူမျိုးတို့၊ နိုင်ငံတော်တို့ဆိုတာတွေဟာ စကားလုံးသာ ကွဲနေတာ လူတွေကို ပြောနေတာ။ မင်းတို့အသုံးမကျရင်၊ မင်းတို့က **'အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား မျိုးဆက်သစ်များ'**ဖြစ်နေရင် မင်းတို့ ငါတို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသွားပါလေရော။

ဒါကြောင့် 'မဟာကရုဏာရှင်များ'စာအုပ်ကို နောက်တစ်ကြိမ် ဖတ်ကြည့်စမ်းပါ။

"ဖတ်ပြီး" "ဝင်စား" ကြည့်စမ်းပါလို့ တိုက်တွန်းလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဖတ်ပြီး ဝင်စားကြည့်စမ်းပါ (၂)

'ဖေမြင့်'ရဲ့ 'မဟာကရုဏာရှင်များ' စာအုပ်ပါ ကရုဏာရှင်များအကြောင်းနဲ့ ပတ်သက်ပြီး ပြောချင်တာတွေ လိုင်းထနေလို့ ဆက်လိုက်ရပြန်ပါတယ်။

ပထမဆုံးပြောလိုက်ချင်တာက မာသာထရီဆာ အကြောင်းပါပဲ။ ကမ္ဘာမှာ သိမ့်သိမ့်တုန်အောင်ကျော်ကြားပြီး 'ကရုဏာသမိုင်း'မှာ မော်ကွန်းတင်ရမယ့် မြတ်မိခင်ကြီးအကြောင်းကိုတော့ မပြောတော့ပါဘူး။ အားလုံးလည်း သိနေကြတာပါပဲ။ အခုပြောချင်တာက သူ့ကိုကြည်ညိုလွန်းလို့၊ သူ့လုပ်ရပ်တွေကို ရှိသေလွန်းလို့ သီလရှင်အဖြစ် ဝင်ရောက်လာကြတဲ့ ကလေးမလေးတွေအကြောင်းကို ပြောချင်တာပါ။

သူ့လိုပဲ သီလရှင်အဖြစ်နဲ့ ကရုဏာလုပ်ငန်းတွေမှာ ဝင်ရောက်အမှုထမ်းပါရစေဆိုတိုင်း ချက်ချင်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်လိမ့်မယ် မထင်နဲ့။ ပထမ–သာမန်မိန်းကလေးတစ်ယောက်အဖြစ် ရက်သတ္တပတ်အတော်များများ လုပ်အားပေးအဖြစ်သာ လုပ်ခွင့်ပြုတယ်။ ပြီးမှ သီလရှင်ကျောင်းမှာ နှစ်ပတ်နေခွင့်ပေးတယ်။ အဲဒီအတောအတွင်းမှာ ပင်ပင်ပန်းပန်းကို လုပ်ကြရတာ။ စာမေးပွဲတွေပေါ့။ အဲဒီနောက် မိဘပတ်ဝန်းကျင် အသိုင်းအဝိုင်းကိုပြန်သွားပြီး နှစ်ပတ်နေနိုင်းတယ်။ အဲဒီလို လောကီပတ်ဝန်းကျင်မှာ ပြန်နေလို့ကို မပျော်မွေ့နိုင်တော့ပါဘူးဆိုမှ သီလရှင်အဖြစ် လက်ခံတယ်။ ဆိုလိုတာက ဒုလ္လဘလုပ်လို့ မရဘူးပေါ့။ နောင်အခါ မိန်းကလေးငယ်ခများမှာ တစ်သက်တာ စိတ်ဆင်းရဲနေမှာစိုးလို့ပေါ့။ အဲဒီ သီလရှင်လေးတွေရဲ့ လုပ်ငန်းအချိန်ဇယားကိုကြည့်ရအောင်–

၁။ မနက် ၄း၄၀ အိပ်ရာထ၊ ၅ နာရီမှာ ဝတ်ပြုဆုတောင်း၊ ၆ နာရီမှာ စုပေါင်းစည်းဝေး ဘုရားရှိခိုး။

၂။ နံနက်စာကို နှစ်သုတ်ခွဲစား၊ တစ်သုတ်က စားနေစဉ် ကျန်တစ်သုတ်က အဝတ်တွေလျှော်။ ပြီးလျှင် အဝတ်လျှော်တဲ့သူတွေက နံနက်စာစား။ စားပြီးသူများက အဝတ်လျှော်။





၃။ ၇း၅၀ မှာ အားလုံးဝတ်ပြုစုဝေး ဆုတောင်း။ ပြီးလျှင် တာဝန်ကျရာ အလုပ်စခန်းသို့သွား။

၄။ ၁၂း၁၅ မှာအလုပ်ခွင်မှပြန်။ နေ့လယ်စာစား။ နာရီဝက်ခန့်နားနေ။ ပြီးလျှင် အလုပ်ခွင်ပြန်သွား။

၅။ ၆း၃၀ တွင် ကုသိုလ်ရှင်များပါ ပါဝင်သော ဆုတောင်းဝတ်ပြုပွဲ။

၆။ ၇း၃၀ တွင် ညစာစား။ နာရီဝက်ခန့် အပန်းဖြေချိန်။

၇။ ၉း၀၀ တွင် ဘုရားဝတ်ပြု။

၈။ ၁၀း၀၀ တွင် အိပ်ရာဝင်။

သူတို့တာဝန်ကျတာတွေကို ကြည့်လိုက်ကြပါဦး။ စာသင်ပေးရမည့်သူ၊ သင်တန်းတက်ရမည့်သူ၊ မိဘမဲ့ ကလေးဂေဟာတွင် တာဝန်ကျသူ၊ အနာကြီးရောဂါသည်စခန်းတာဝန်၊ သေအံ့ဆဲဆဲ လူနာဆောင်တာဝန်ကျသူ၊ ဆေးပေးအဖွဲ့နှင့် လိုက်ပါရမည့်သူ ဆိုတာမျိုးတွေပါပဲ။

ကိုင်း–ကြက်သီးထစရာ မကောင်းပေဘူးလား။ တစ်နေ့လုံး မနားမနေ ဖယ်စက်သလိုလုပ်နေရတာမဟုတ်လား။ ခေါင်းလောင်းထိုးသံကို လိုက်ပြီး လှုပ်ရှားနေရတာ။ သူများက အစေခိုင်းလို့ လုပ်တာမျိုးမဟုတ်ဘူး။ သူတို့ဘဝကို သူတို့ဘာသာ သဒ္ဓါကြည်ဖြူ စွန့်လွှတ်လှူဒါန်းလိုက်ကြတာ။ သူတို့ရဲ့ အနာဂတ်ဆိုတာ ကိုယ်ပိုင်ဘဝအနေနဲ့ ဘာဆိုဘာမှကို မရှိတော့ဘူး။ သူတစ်ပါးအတွက်ချည်းပဲ။ တကယ့်ကို ပါရမီထူးတဲ့သူတွေပဲလို့ ငါတော့ ယုံကြည်တယ်။

ကောင်းပြီ။ ငါတို့စဉ်းစားကြည့်လိုက်ကြရအောင်။ ငါတော့ မြတ်စွာဘုရားလောင်းတော်ဟာ သူတစ်ပါးအတွက် ဘယ်လောက် စွန့်လွှတ်တော်မူခဲ့တယ်ဆိုတာ ငါတို့အားလုံး သိနေကြတာပါပဲ။ ငယ်ငယ်ကတည်းက ကြားခဲ့ရ၊ ဖတ်ခဲ့ရတာတွေဟာ နည်းပါရော့မလား။ ကြားရဖန်များတော့ ငါတို့ဟာ 'မှားထုံ'လာတယ်။ ကိုယ်နဲ့မဆိုင်သလိုလို ဘာလိုလို မသိချင်ယောင်ဆောင်နေတယ်။ အခု ဒီမိန်းကလေးတွေ လုပ်နေကြတာကို ကြည့်လိုက်ရင် ဒီလိုလူသားမတွေ့ရှိတယ်ဆိုတာ ဘာမှ ယုံမှားနေစရာမလိုတော့ဘူး။

ကဲ–ထားလိုက်ကြပါတော့။ ငါတို့နဲ့ တန်ရာတန်ရာကိုပဲ ပြောလိုက်ကြရအောင်ပါ။

မင်းတို့က သူများအတွက် လုပ်နေရတာမဟုတ်ဘူး၊ အနာကြီးရောဂါသည်တွေကို ကိုင်တွယ်ယုယနေရတာ မဟုတ်ဘူး၊ အေအိုင်ဒီအက်စ်ရောဂါသည်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကူညီနေရတာမဟုတ်ဘူး၊ သေခါနီးလူနာတွေကို သက်သောင့်သက်သာ ဖြစ်အောင် တတ်နိုင်သမျှ လုပ်ပေးနေရတာ မဟုတ်ဘူး။

မင့်ဘဝတိုးတက်မှုအတွက် (ဘယ်သူ့အတွက်မှ မဟုတ်ဘူး မင့်ဘဝ အတွက်)၊ မင့်အနာဂတ်အတွက် ဆယ်တန်းစာမေးပွဲအတွက် စာကျက်ရတာ ကိုတောင် ပင်ပန်းလွန်းလို့၊ ဇက်ကြောတွေ တက်လွန်းလို့ မအေဖြစ်သူက ဇက်ကြောဆွဲ ပေးနေရသေးတယ်။ မနက်စော အိပ်ရာကထအောင် နှိုးဆော် ရသေးတယ်ဆိုတော့...

ထားပါတော့ကွယ် ဆက်ပြောရရင်လည်း မကောင်းတော့ပါဘူး။ မင်းတို့ က ငါ့ကို ပြန်မေးဦးတော့မှာကိုး။ ဆရာကော ဘယ်လောက်များ...ဘာညာ... ဘာညာပေါ့။

မမေးနဲ့ မောင်ရင်တို့။ ငါ့အဖို့မှာက အနာဂတ်ဆိုတာ များများ ရှိလှ တော့တာ မဟုတ်ဘူး။ ခုတောင်မှ ဝမ်းထဲက ရစ်သလိုလို၊ ခေါင်းထဲက ရီသလိုလို ဆိုတာမျိုးလေးတွေ ဖြစ်ဖြစ်လာနေဟာ။ ငါ့သူငယ်ချင်းကြီး မြသန်းတင့် နောက်ကို ဘယ်တော့လိုက်ရမလဲ ဆိုတာကို တွက်နေရပြီ။ ငါပြောနေတာက မင်းတို့ အတွက်ချည်းပါပဲ။ ဒီတော့ မေမြင့်ကို ကျေးဇူးတင်ပါ။ 'မဟာကရုဏာရှင် များ'ကို ဖတ်ဖြစ်အောင် ဖတ်ပါ။ 'ဝင်စားကြည့်ပါ'လို့ ပြောလိုက်ချင်ပါတယ်။

မိန်းကလေးတွေကိုလည်း ပြောလိုက်ချင်သေးတယ်။ မအေကိုနှိပ်ပြီး ဇက်ကြောအဲဆွဲခိုင်းတာ ညည်းတို့က ပိုလို့တောင် ဆိုးသေးတယ်။ မအေတွေ ခများကတော့ ပျော်နေရှာကြတာပါပဲ။ ချစ်တာကိုး။ ကိုယ်တွေ့တွေကို ရေးနေ တယ်ဆိုတာ မင်းတို့အားလုံး သိကြပါတယ်။ ကိုယ့်အဖြစ်ကိုယ့်ဘဝကို ပြက်ပြက် ထင်ထင် နားလည်ကြပါ။ ကိုယ့်ကိုကိုယ် ထက်ထက်မြက်မြက်ဖြစ်အောင် ရက်ရက်စက်စက် ခိုင်းလိုက်ကြစမ်းပါ။



## ဖတ်ပြီး ဝင်စားကြည့်စမ်းပါ (၃)

၁၈၅၉ခု ဇွန်လ ၂၄ရက်နေ့မှာ ဩစတြီးယားဘုရင် ဂျို့ဆက်နဲ့ ပြင်သစ်ဘုရင် နပိုလီယံတို့ဟာ လွမ်ဘာဒီဆိုတဲ့ မြို့လေးမှာ တိုက်ပွဲကြီးဖြစ်ကြတယ်။ အဲဒီ တိုက်ပွဲကြောင့် ဟင်နရီဒူးနန့်ဆိုတဲ့ စီးပွားရေးသမားလေးဟာ ဘဝကိုပျက် ပြားပါတော့တယ်။ 'ဟင်နရီဒူးနန့်'ဆိုတဲ့နာမည်ဟာ ငါတို့အဖို့ မဆန်းတော့ ပါဘူး။ နားရည်ဝပြီး ဖြစ်နေကြပါပြီ။ မြန်မာပြည်က ကြက်ခြေနီသူရဲကောင်း 'ဗိုလ်အောင်လှိုင်မြင့်'တောင် ဒီဘွဲ့ကို ခံခဲ့ရသေးတာမဟုတ်လား။

မေပြင်ရဲ့ 'မဟာကရုဏာရှင်များ'ဆိုတဲ့ စာအုပ်အကြောင်းကို ဆက်ပြီး ရေးလိုက်ပါရစေဦး။ အဲဒီအထဲမှာ 'ဟင်နရီဒူးနန့်'အကြောင်းလည်း ပါပါသေး တယ်။ သူတို့ရဲ့အဖြစ်အပျက်တွေ အကြောင်းအရာတွေလောက်သာ ဆိုရင် တော့ဖြင့် ဒီဆောင်းပါးကို ရေးနေစရာမလိုဘူး ဆိုတာကို မင်းတို့လည်း သိကြ မှာပါပဲ။ အဲဒါကိုအခြေခံပြီး ပြောချင်နေတာလေးတွေရှိနေလို့သာ ရေးလိုက် ရတာပါ။

အဲဒီတိုက်ပွဲကြီးပြီးတော့ တိုက်ပွဲစစ်မြေပြင်ရှိရာကို ဟင်နရီဒူးနန့်က ရောက်သွားတယ်။ သူက တတိယနပိုလီယန်ဆီမှာ စီးပွားရေးလုပ်ငန်းတစ်ခု အတွက် အခွင့်အရေးတစ်ခု လျှောက်ထားဖို့သွားတာပါ။ စစ်ရေး၊ နိုင်ငံရေးတွေနဲ့ ဘာမှ မပတ်သက်ပါဘူး။ တိုက်ပွဲပြီးတော့ ဒဏ်ရာရတဲ့သူ လေးသောင်းလောက် ဟာ ဒီအတိုင်း တုံးလုံးပက်လက် ကျန်နေရစ်ခဲ့တာ။ လေးသောင်းဆိုတဲ့ အရေ အတွက်ဟာ နည်းရော့သလား။ မြို့ငယ်လေးတစ်ခုရဲ့ လူဦးရေလောက်ရှိနေတာ။ စိတ်ကူးနဲ့ မှန်းကြည့်လိုက်စမ်းပါ။ အဲဒီ ဒဏ်ရာရနေတဲ့သူတွေကို ဘယ်သူကမှ လှည့်ကြည့်ဖော်မရဘူး။ လူမျိုးပေါင်းစုံပဲ။ မကြာသေးမီက အသေအကျေ တိုက်ခဲ့ ကြတဲ့ ရန်သူတွေဖြစ်ကြသော်လည်း ဒီအချိန်မှာတော့ တစ်ဦးကိုတစ်ဦး ကြည့်ပြီး သေရမယ့်အချိန်ကို စောင့်နေကြရပြီ။ ဒဏ်ရာကိုယ်စီနဲ့ အသက်ရှင်လျက်ငရဲကို ရောက်နေချိန်လို့ပဲ ပြောလိုက်ပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့တော့ မသိဘူး၊ ငါဖြင့်လေ လူလေးသောင်းလောက် ဒဏ်ရာကိုယ်စီနဲ့ တုံးလုံးပက်လက်ဖြစ်နေတဲ့ပုံကို စိတ်ကူးနဲ့ လှမ်းပြီး မြင်ယောင်ကြည့်လိုက်မိတာတောင် ဆက်ပြီး မတွေးဝံ့လောက်အောင် ထိတ်လန့်ခြင်းဖြစ်မိပါတယ်။ အော်နေတဲ့သူနဲ့၊ ညည်းနေတဲ့သူနဲ့၊ အသက်ငင်နေတဲ့သူနဲ့၊ ရေ–ရေလို့တောင်းနေတဲ့သူနဲ့၊ ယင်တွေခြင်တွေကလည်း တသောသောနဲ့၊ သွေးနံ့ညှီနံ့တထောင်ထောင်းနဲ့ . . .

ဒီလူတွေကို မြင်လိုက်တော့ ဟင်နရီဒူးနန့်ဟာ သူ့လာရင်းကိစ္စကြီးကိုလုံးဝမေ့သွားတော့တယ်။ သူကိုယ်တိုင် ပြုစုရုံမကဘူး ရွာနီးချုပ်စပ်ကလူတွေကိုပါ စည်းရုံးပြီး ကြင်နာစွာစောင့်ရှောက်ကြတယ်။ နောက်ပြီး ဒီလိုပစ်ထားတာမျိုး မဖြစ်သင့်ဘူးဆိုပြီး သူကိုယ်တိုင်တွေ့လိုက်ရတဲ့ ဒီဖြစ်ရပ်ကြီးကို စာအုပ်တစ်အုပ်ရေးတယ်။ ဟိုပြေးဒီလွှားလုပ်ပြီး မေတ္တာရပ်ခံတယ်၊ နှိုးဆော်တယ်။ ဒီလိုနဲ့ပဲ ကမ္ဘာ့ကြက်ခြေနီအသင်းကြီးဆိုတာ ပေါ်လာခဲ့တာပဲ။ ဟင်နရီဒူးနန့် ဘဝပျက်သွားလိုက်ပုံကတော့ သနားစရာ ကြေကွဲစရာကောင်းလွန်းလို့ မင်းတို့ကိုယ်တိုင်သာ ဖတ်ကြည့်ပါတော့လို့ ပြောပါရစေ။

ဒီမှာ ငါအထပ်ထပ် တွေးနေမိတာလေးကို ပြောလိုက်ချင်ပါတယ်။

ကဲ–ဒီစစ်ကြီးကိုဦးဆောင်ပြီး တိုက်ခဲ့တဲ့လူတွေဖြစ်တဲ့ နပိုလီယန်တို့၊ ဂျိုးဆက်တို့ ဆိုတဲ့လူတွေက လှည့်လို့တောင် ကြည့်ဖော်မရတော့ဘူးလား။ ဒီလောက်ထိအောင် လူစိတ်ကင်းမဲ့ရသလားဆိုတာမျိုးတွေကို တွေးနေမိတယ်။ ဟင်နရီဒူးနန့်က ဘာဆိုင်လို့လဲ။ ဒီလူတွေ စစ်တိုက်ခဲ့တာ၊ အသေခံခဲ့တာ သူ့အတွက်မှ မဟုတ်ပါပဲကလား။ ဟို ဧကရာဇ်ဆိုတဲ့ လူတွေအတွက် မဟုတ်ပါပဲကလား။ အဲဒီ ဧကရာဇ်ဆိုတဲ့လူတွေနဲ့ ဟင်နရီဒူးနန့်ကို ချိန်ထိုးကြည့်လိုက်တော့ ဘယ်သူမြင့်မြတ်သလဲ၊ ဘယ်သူက ကြီးမြင့်သလဲ။ ဟင်နရီဒူးနန့်ရဲ့ ခြေဖျားတောင် မကိုင်ထိုက်လောက်အောင် ကွာခြားတယ်လို့သာ ထင်နေမိတော့တာပဲ။

အဲဒီကနေပြီး Alexandra The Great (အယ်လက်ဇန်ဒါ မဟာဧကရာဇ်) ဆိုတာကြီးကိုလှမ်းပြီး စဉ်းစားမိလိုက်ပြန်တယ်။ 'ဂရိတ်'တဲ့။ ဘယ်နေရာမှာ 'ဂရိတ်'တာလဲ။ အတိုင်းတိုင်းအပြည်ပြည်ကို စစ်တိုက်သတ်ဖြတ်ပြီး အောင်နိုင်တာကိုပဲ Great လို့ ပြောနေတာလား ဆိုတာမျိုးတွေကို တွေးနေမိတယ်။

နောက်ပြီး Great People, Great Men ဆိုတာတွေကို ပြောလိုက်ရင် နပိုလီယန်တို့၊ ဂျူးလီယပ်ဆီဇာတို့၊ ကူဗလေခန်တို့ စသည် စသည်အားဖြင့်





ကိုသာ အမွှမ်းတင်ပြီး ပြောကြတော့တာပဲ။ ငါတို့ကိုယ်တိုင်ကလည်း အဲဒီလိုလူမျိုးတွေကိုသာ အထင်ကြီးတစ်ခွဲသားနဲ့ မော့ကြည့်နေချင်ကြတယ်။ စဉ်းစားကြည့်လေ နပိုလီယန်နဲ့ ဟင်နရီဒူးနန့်ဆိုရင် ဘယ်သူ့ကို ငါတို့ အရင်သိလာခဲ့ကြသလဲ။ နပိုလီယန်ကိုသာ အရင်သိခဲ့ကြတာပဲ မဟုတ်လား။

တကယ်ဆိုတော့ ဟင်နရီဒူးနန့်သဂရိတ်၊ မာသာထရီဆာသဂရိတ်၊ ဖလောရင့်စ်နိုက်တင်ဂေးလ်သဂရိတ်၊ အဲလ်ဘတ်ရှိုက်ဇာသဂရိတ်ဆိုတာမျိုးသာ ဖြစ်သင့်တယ်မဟုတ်လား။ သူတို့ကျတော့ Great ဆိုတာကို တပ်ပေးဖော်မရကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

## စာကလေးတစ်စောင်

စာကလေးတစ်စောင်ရောက်နေတာ အတော်လေးကို ကြာသွားပါပြီ။ သြဂုတ်လထဲက ရောက်လာတာပါ။ ဒါပေမယ့် 'သုဘရာဇာ' 'စက္ခုရာဇာ'တွေ ဝင်နေလိုက်တာနဲ့ ဒီစာလေးအကြောင်းကို ရေးချင်လှပေမယ့် မရေးဖြစ်နိုင်ခဲ့ပါဘူး။ အလွန်ကိုစိတ်ဝင်စားစရာ ကြည်နူးစရာ လွမ်းမောစရာကောင်းတဲ့ စာကလေးတစ်စောင်ဖြစ်ပါတယ်။ ရေးလိုက်တဲ့သူက 'နန္ဒာမင်းလွင်'ပါ။ သူကိုယ်တိုင်ကလည်း 'ဈေးကွက်'ဂျာနယ်မှာ ရံဖန်ရံခါ ဆောင်းပါးတွေ ရေးနေသူဖြစ်ပါတယ်။ ဒါပေမယ့် သူကိုယ်တိုင် တွေ့မြင်ခံစားလိုက်ရတဲ့ ဒီအဖြစ်ကလေးကိုတော့ မင်းတို့လူငယ်တွေ သူ့လို ခံစားမိစေချင်တာကြောင့် ငါက သူ့ကိုယ်စား ရေးပေးစေချင်လို့ ပေးလိုက်တဲ့ စာကလေးပါပဲ။ ကဲ… သူ့စာလေးကို ဖတ်ကြည့်ကြရအောင်–

*ရိုသေလေးစားရပါတဲ့ ဆရာကြီး ဦးအောင်သင်း ခင်ဗျား…*

*ဆရာ အပတ်စဉ်ရေးသားနေတဲ့ 'မျိုးဆက်သစ်တိုးတက်ရစ်ဖို့'ဆိုတဲ့ ကဏ္ဍက လူငယ်ပညာပေး ဆောင်းပါးတွေကို အမြဲတမ်း စွဲစွဲမြဲမြဲ ဖတ်ရှုနေတာဖြစ်လို့ ယခု ကျွန်တော် မရေးစွမ်းနိုင်သေးတဲ့ အတွေးအမြင်လေးတစ်ခုကို ဆရာက ရေးတတ်ပြောတတ်သူမို့ ဒီအကြောင်းအရာလေးနဲ့ ပတ်သက်ပြီး လူငယ်တွေအတွက် အသိပညာ အတွေးအမြင်လေး တစ်ခုကို ပေးစွမ်းနိုင်မယ်လို့ ယုံကြည်မိလို့ပါ။*

*ဒီလိုပါဆရာ… မှတ်မှတ်ရရ ၂၄-၇-၂၀၀၀ ရက်နေ့က ဈာပနတစ်ခုကို လိုက်ပို့ဖြစ်ခဲ့တယ်ဆရာ။ ဒီဈာပနက စစ်ကိုင်းမြို့က အသက် ၆၅ နှစ်ရှိတဲ့ တွင်ခုံနဲ့ သံဂဟေအလုပ်ရုံ ပိုင်ရှင်တစ်ဦးရဲ့ ဈာပနပါ။ အဲဒီပုဂ္ဂိုလ်ကြီးနဲ့ ကျွန်တော်ဟာ အသက်အရွယ်ချင်းကွာပေမယ့် မကြာခဏဆိုသလို တွေ့ရာလေးပါး စကားစမြည် ပြောဆိုဆွေးနွေးဖြစ်ကြတာမို့ ရင်းနှီးကြတယ်ပေါ့ဆရာ။*

*ဒီပုဂ္ဂိုလ်ကြီးရဲ့ ဈာပနနောက်ဆုံးခရီးဟာ စစ်ကိုင်းမြို့ရဲ့ အထင်ကရနာမည်ကျော် အရာရှိ၊ အရာခံ၊ ဆရာဝန်ကြီးတွေ၊ လူကုံထံကြီးတွေရဲ့ ဈာပနလို*





*…ကားတယ်ဆရာ။ ဒီလို သူ့ရဲ့ဈာပနခရီး စည်းကားသိုက်မြိုက်တာဟာ မှုကြေးချမ်းသာလို့၊ အထင်ကရပုဂ္ဂိုလ်ကြီးဖြစ်လို့ မဟုတ်ဘူးဆရာ၊ သူ့မှာ မှုကြေးဥစ္စာဆိုလို့ သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နေနိုင်လောက်ရုံသာ ရှိတာပါ။*

*တကယ်တော့ သူ့ဈာပနစည်ကားတာဟာ 'သူ့ပညာ'ကြောင့်လို့ထင်တယ်ဆရာ။ ကျွန်တော်နဲ့ စတင် ရင်းနှီးစဉ်ကစလို့ သူ့အလုပ်ရုံမှာ ၁ ကျပ်စား၊ ၂ ကျပ်စားကအစ ပညာအရည်အချင်း(လုပ်ရင်ကိုင်ရည်)ကိုလိုက်ပြီး ပညာလည်းယင်၊ လုပ်ခလည်းရတဲ့ တပည့်လက်သားတွေ တော်တော်များများ ရှိခဲ့ပါတယ်။ သူ့လက်တွေ့ အလုပ်ရုံသင်တန်းကြီးကတော့ ဆူဆူဆဲဆဲ အော်အော်ငေါက်ငေါက်နဲ့ပေါ့ဆရာ။ သူ့ရဲ့ပညာနဲ့ တစိုက်စိုက်မတ်မတ်လုပ်ကိုင်ရင်း တပည့်တပန်းတွေမွေးထုတ်ပေးလာခဲ့တာလည်း အများအပြားပေါ့။ စစ်ကိုင်းမြို့မှာကလည်း တွင်ခုံ၊ သံဂဟေ၊ ကားဘော်ဒီလုပ်ငန်းတွေဟာ များပြားတော့ တော်တော်ပျံ့နှံ့နေတာပေါ့ဆရာ။*

*ဟော… သူလည်း ကွယ်လွန်ရော သူ့ဈာပနခရီးဟာ တပည့်တပန်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ အသိမိတ်ဆွေ ခင်မင်ရင်းနှီးသူတွေနဲ့ စည်ကားလိုက်တာ။ အဲဒီအချိန်မှာ သူ့တပည့်တပန်းတွေဟာ ဆရာကြီး ဆူငေါက်ဆဲဆိုခဲ့တာတွေကို …ကီရကြတော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မီးသင်္ဂြိုဟ်မယ်လည်းပုပ်ရော ဦးချကန်တော့နေတဲ့ပရိသတ်ဟာ (ဘုန်းကြီးပျံတစ်ခုလို) အလွန်များပြားနေတာ တွေ့လိုက်ရလို့ပါပဲဆရာ။*

*ဈာပနကို လိုက်ပို့ကြတာဆိုတော့ အခြားသူတွေအနေနဲ့ အသုဘရှုရုံသက်သက်ပဲ ဖြစ်ချင်ဖြစ်နေကြမှာ။ ကျွန်တော့်အတွက်တော့ အသုဘကိုကျော်ပြီး သုဘကို မြင်မိတယ်။ သွားလေသူ အဲဒီဆရာကြီးရဲ့ ပညာဂုဏ်ကို မြင်မိတယ်။*

*ဒီဈာပန စည်ကားသိုက်မြိုက်တာဟာ ခနဥစ္စာ၊ ဂုဏ်ပကာသန ကျော်ကြားမှုကြောင့် မဟုတ်ကြောင်းကို သဘောပေါက်သွားမိတယ်ဆရာ။ ဘယ်အတတ်ပညာရပ်မဆို ပညာရဲ့ဂုဏ်ကျေးဇူးဟာ ကြီးမြတ်လေခြင်းလို့ ဆင်ခြင်မိတယ် ဆရာ။ ကျွန်တော့် အမြင်ကလေးက ဒါပါပဲဆရာ။ ဆရာ့အနေနဲ့ ကျွန်တော့်အမြင်ကလေးကို အခြေခံပြီး လူငယ်တွေအတွက် အတွေးအမြင်တစ်ခုကို ရေးသားပေးစွမ်းနိုင်တဲ့ ဆရာလို ပုဂ္ဂိုလ်မျိုးက ပြောပြတော့ ဖတ်ရှုသူလူငယ်တွေ ပိုပြီး အာရုံစိုက်မှတ်သားမိနိုင်ပါတယ် ဆရာ။*



www.burmeseclassic.com

www.burmeseclassic.com



*ဆရာ အသက်ရှည်စွာ စာပေတာဝန်ကို ထမ်းဆောင်နိုင်ပါစေ။*

ဒီစာလေးကို ဖတ်လိုက်ရတော့ ပီတိအမျိုးမျိုး ဖြစ်လိုက်မိပါတယ်။ ဆရာကြီးရဲ့ ဘဝရှင်သန်နေထိုင်သွားပုံကိုလည်း လေးစားပီတိ ဖြစ်ရပါတယ်။ ကျေးဇူးကို သိတတ်ကြတဲ့ တပည့်တပန်းတွေကိုလည်း 'တော်ကြပါပေတယ်' လို့တွေးပြီး ပီတိဖြစ်ရပါတယ်။ ဒီအကြောင်းလေးကို လူငယ်တွေကို ဝေငှ ပြောပြချင်တဲ့ နန္ဒာမင်းလွင်ရဲ့ လူငယ်ချစ်စေတနာအတွက်လည်း ပီတိဖြစ်ရပါတယ်။ နန္ဒာမင်းလွင် ပြောပြသလို 'ပညာဂုဏ်'ဆိုတာလည်း မှန်ပါတယ်။ အဲဒီပညာနဲ့ တတ်နိုင်သမျှ မိမိပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်အောင် လုပ်ပေးနိုင်ခဲ့တဲ့ အဆဲအဆိုနောက်က 'မေတ္တာဂုဏ်'ကိုလည်း သတိရသင့်တယ်လို့ ဖြည့်စွက်ပေးလိုက်ချင်ပါသေးတယ်။



# ကိုယ့်ကိုကိုယ်သနားခြင်း

ဒီတစ်ပတ်မှာတော့ဖြင့် မင်းတို့ မထင်မှတ်တဲ့ အကြောင်းအရာတစ်ခုကို ရေးလိုက်ချင်ပါတယ်။ ငါဟာ စာပေဝေဖန်ရေး ဆောင်းပါးတွေကို အတော်များများ ရေးခဲ့ဖူးတာ မင်းတို့ သိကြလိမ့်မယ်ထင်ပါတယ်။ ခုတော့ဖြင့် အဲဒီလို ဝေဖန်ရေးတွေ ဘာတွေကို မရေးတာ အတော်ကြီးကို ကြာနေခဲ့ပါပြီ။ ဒါပေမယ့် ဒီတစ်ခါတော့ဖြင့် ရေးလိုက်ရပါဦးမယ်။

မင်းတို့ 'မြဝတီ'ရုပ်သံက လွှင့်နေတဲ့ တရုတ်ဇာတ်လမ်းတွဲကားတွေကို ကြည့်မိကြလိမ့်မယ် ထင်ပါတယ်။ ငါလည်း ကြည့်မိပါတယ်။ သို့သော်လည်း မင်းတို့လောက်တော့ မှန်မှန်မကြည့်နိုင်ပေဘူးပေါ့။ ပြတ်တောင်းပြတ်တောင်း ပေါ့။ အဲဒီမှာ 'ချစ်စိတ်ကူးပုလဲသွယ်'ဇာတ်လမ်းမှာထင်ထင်တယ်၊ ဇာတ်လိုက်မင်းသမီး ဘဲလေးကချေသည်မလေးက ခြေတစ်ဖက်ပြတ်သွားလို့ ဒုက္ခတဖြစ်ပွားတဲ့ ဇာတ်လမ်းဟာပေါ့။

မင်းတို့တော့ဖြင့် မပြောတတ်ဘူး၊ ငါဖြင့် တဖြည်းဖြည်း အတော်ကို စိတ်ပျက်လာမိတယ်။ ဒါရိုက်တာ သို့မဟုတ် ဇာတ်ညွှန်းဆရာက ဇာတ်နာအောင် လုပ်တာ (ပရိသတ်ရဲ့ မျက်ရည်ချူဖို့ အကွက်ဆင်တာ) များလွန်းကုန်ပြီလို့ ထင်နေမိတယ်။ ဒီကလေးမဟာ အလွန်လှချင်သော၊ လှတယ်လို့ပြောရင် ဝမ်းမြောက်သာဝမ်းသာ ရှိတတ်သော မိန်းကလေးတစ်ယောက်ဖြစ်ခဲ့တာမို့ ဒီလို အဖြစ်မျိုးကို ရောက်သွားတဲ့အခါမှာ ပကတိအဖြစ်မှန်ကို ရုတ်တရက် လက်မခံနိုင်ဘူးဆိုတာကို နားလည်နိုင်ပါတယ်။ ဒါပေမယ့် သင့်တော်လောက်ရုံပဲ ကြေကွဲရမှာပေါ့။ နောက်ပြီး ဒီကလေးမရဲ့စရိုက်ကို ကြည့်လိုက်မယ်ဆိုရင် ဘဲလေးကချေသည်အဖြစ် ဆုတွေဘာတွေ ရသည်ထိအောင် ပင်ပန်းကြီးစွာ ကြိုးစားခဲ့တာကိုလည်း ရှေ့ပိုင်းမှာ ပြထားခဲ့ပြီးပြီ။ အခု အဲဒီစွဲတွေ သတ္တိတွေက တစ်ငွေ့မှ မကျန်တော့ဘူးလား။ ဘဝမှန်ကို ရင်ဆိုင်နိုင်လောက်အောင် ပြန်ပြီး လောက်နဲ့ မထိန်းနိုင်တော့ဘူးလား။

ဒါရိုက်တာရဲ့ လုပ်ကွက်လွန်သွားတာတစ်ခုကို ပြောလိုက်ဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ကခြား ဘယ်သူမှမရှိတဲ့အခိုက် မှတ်ပုံတင်စာလာလို့ ထွက်ယူတဲ့အခန်းပေါ့။ ရှင်ရှင်ကြည့်နေကျလူဆိုရင် ဒီကောင်မလေး လဲတော့မယ်ဆိုတာကို သိနေပြီ။ ကြိုးဆွဲတဲ့လက်ကို လှမ်းမြင်နေရတာကိုး။ ထင်တဲ့အတိုင်းပါပဲဗျား၊ လှေကားထစ်မှာ ချိုင်းထောက်ချော်ထောက်ပြီး ကျွမ်းပြန်တော့တာပဲ။ ချိုင်းထောက်ကလည်း အဝေးကြီးထိအောင် လွင့်သွားလိုက်ရသေးတာပေါ့။ အဲဒီမှာမှ ဒါရိုက်တာကမင်းသမီးကို တရွတ်ဆွဲ(တွားတက်) အတက်ခိုင်းတော့တာပဲ။ မင်းသမီးခမျာမှာ လုပ်ရှာတယ်။ ငါစိတ်ထဲမှာ ကြည့်နေရင်းက သနားတဲ့စိတ်က ပျောက်သွားပြီ၊ "လက်နှစ်ဖက်နဲ့ ထောက်ထိုင်ပြီး ခြေတစ်ပေါင်ကျိုးလျှောက်လို့ မဖြစ်နိုင်ဘူးလားဟ ဒါရိုက်တာရဲ့၊ ကြည့်လည်း လုပ်ပါဦး"လို့ ပြောနေမိတယ်။

ထားပါတော့။ ငါကဆက်ပြီး စဉ်းစားနေမိတာက ငါတို့ မြန်မာအမျိုးသမီးတွေမှာ ဒီလိုဖြစ်သွားရင် ပကတိအခြေအနေကို လက်မခံနိုင်လောက်အောင်ဖြစ်သွားတတ်သလားဆိုတာမျိုးပေါ့။ ဝမ်းပန်းတနည်း ကြေကွဲမိမှာတော့ အမှန်ပဲ။ ဒါပေမယ့် ဒီလောက်ထိအောင်တော့ ကိုယ့်ကိုကိုယ် သနားညှာတာနေလိမ့်မယ် မထင်ဘူး။ ဖြစ်သလိုလုပ်ပြီး လက်နှစ်ဖက်ကိုထောက်ပြီး ဖင်ရွှေ့ဖင်ရွှေ့ သွားလိမ့်မယ်ထင်တာပဲ။ အချိန်နည်းနည်းလေး ကြာလာလိုက်ရင် ရယ်ကာမောကာ ပြန်ဖြစ်လာမယ် ထင်မိတာပဲ။ ငါ့အတွေ့အကြုံအရဆိုရင် အဲဒီလို ဖြစ်လာကြတာပါပဲ။ သို့သော် ဘဲလေး ကချေသည်တွေတော့ မဟုတ်ဘူးပေါ့လေ။

ငါတို့ မြန်မာလူမျိုးတွေက အဲဒီလို ခံနိုင်ရည်မှာ ပိုပြီးကောင်းသလားတောင် ထင်နေမိတယ်။ ဒီလိုလူတွေအကြောင်းကို အခြေခံပြီး 'လိမ်ဖယ်ဖယ်တီးတဲ့ မောင်ရယ်'ဆိုတဲ့ ရသစာတမ်းလေးတစ်ပုဒ်တောင် ပေဖူးလွှာမှာ ရေးခဲ့ဖူးပါသေးတယ်။ အဲဒါတင်မကပါဘူး။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကကိုပဲ 'ရွှေပြည်တန်'ထဲမှာ 'လူထူးလူဆန်းတွေ'ဆိုပြီး အဲဒီလို လူမျိုးတွေအကြောင်းကို ရေးလိုက်ဖူးပါသေးတယ်။

ထားလိုက်ပါတော့လေ... မင်းတို့ကို ပြောချင်တာက ဘယ်သူမဆို လောကဓံတရားကို မလွဲသာမရှောင်သာ တစ်နေ့မဟုတ်တစ်နေ့ ကြုံရမှာပဲ။ မပော်တဆ နိမ့်ကျတဲ့အလှည့်ကိုများ ကြုံလာခဲ့ရင် ပြုံးပြုံးလေး ရင်ဆိုင်နိုင်ဖို့ဆိုတာ အပြောလွယ်သလောက် အလုပ်ခက်လှပါတယ်။ ဒါပေမယ့် ငါမှာမှ ဒီလိုလာပြီး ကြုံရလေခြင်းဆိုတဲ့ အတွေးမျိုးနဲ့ ကိုယ့်ကိုကိုယ် သိပ်မသနားကြနဲ့။ ကိုယ့်ဘဝအတွက် အကြာကြီး စုတ်သတ်မနေကြနဲ့။ လောကဓံအဆိုးတွေကို ကြုံရတာ ငါတစ်ယောက်တည်း မဟုတ်ဘူး၊ ဘုရားတောင် ကြုံခဲ့





ရတယ်ဆိုတာကို ထည့်တွက်ရမှာပေါ့။ ဘုရားကို ထားလိုက်ပါတော့လေ။ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်မျက်စိအောက်မှာကိုပဲ ကိုယ့်ဆွေထဲမျိုးထဲ၊ အပေါင်းအသင်းထဲမှာကို လောကဓံအဆိုးတွေကို ကြုံကြရတာ မတွေ့မိဘူးလား။ သူတို့ဘယ်လိုရင်ဆိုင်ကြသလဲ။ သူတို့ ရင်ဆိုင်ကြပုံကို သတိထားပြီး ကြည့်ပေါ့။ ဘယ်သူရင်ဆိုင်တာဟာ ကောင်းမြတ်သလဲ၊ ဘယ်သူဟာ ပျော့ညံ့သလဲ၊ ဘယ်လိုလူမျိုးဟာ ချီးကျူးလေးစားအပ်သလဲဆိုတာကို မင်းတို့ကိုယ်တိုင် အကဲဖြတ်နိုင်ပါတယ်။

အချုပ်ကိုပြောလိုက်ရရင်တော့ ဘယ်လို လောကဓံကိုပဲ ကြုံသည်ဖြစ်စေ ကိုယ့်ကိုကိုယ် ဖြစ်ရလေခြင်းလို့ သိပ်ပြီး မသနားလိုက်ပါနဲ့။ သိပ်ပြီး သနားလှန့်နေရင် ခုနက ဟိုဘဲလေးကချေသည်မလေးကို ပရိသတ်က စိတ်ပျက်သွားသလို မင်းတို့ကိုလည်း ပတ်ဝန်းကျင်က စိတ်ပျက်သွားလိမ့်မယ်။ အဲဒါပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## လေ့လာမှတ်သားမှု

'မျိုးဆက်သစ်တိုးတက်ရစ်ဖို့' ကဏ္ဍမှာ စာမေးပွဲအတွက် ဆိုတာမျိုးတွေက လုံးဝမရေးဘူးလို့ ဆုံးဖြတ်ထားခဲ့တာပါပဲ။ ဒီကဏ္ဍဟာ ကျူရှင်တို့ ခန်းမှန်းတို့ မဟုတ်ပါပဲကလား။ ဒါကြောင့် မရေးချင်တာပါ။ ဒါပေမယ့် ၁၀ တန်းစာမေး ပွဲက နီးလာလေတော့ ကျောင်းသားကျောင်းသူတွေဆီက ခန့်မှန်းမေးခွန်းတို့ စာကျက်ပုံစာကျက်နည်း သင်ပေးစမ်းပါတို့ဆိုတဲ့ စာတွေဟာ ပလူပျံနေအောင် ရောက်လာနေတော့တာပဲ။

ခက်နေတာက ငါတို့ကျောင်းသားကျောင်းသူကလေးတွေ အများစုဟာ မှတ်ဉာဏ်ကို သိပ်ပြီးအားကိုးကြတာပဲ။ စဉ်းစားဉာဏ်ကို အားကိုးရကောင်းမှန်း ကို မသိတော့ဘူးလို့ ဆိုလိုက်ချင်ဟော့တာပဲ။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ဖြင့် လေ့လာမှတ်သားပုံကို ရေးလိုက်ချင်ပါတယ်။ ကျောင်းသားကလေးတွေ မေးလွန်း တာကြောင့် ရေးလိုက်တာဖြစ်သော်လည်း မင်းတို့လူငယ်တွေအားလုံးအတွက် အကျိုးဖြစ်ထွန်းနိုင်တယ်လို့ ယူဆပါတယ်။

ပထမဆုံးပြောချင်တာက **စာရေးသူရဲ့ ပဓာနအာဘော်ကို ရအောင်ဖမ်း တတ်သလားဆိုတဲ့** မေးခွန်းပါပဲ။ ၁၀ တန်းကိုတောင်ရောက်နေမှတော့ဖြင့် ဖတ်တတ်မှာပေါ့လို့ ထင်စရာရှိပါတယ်။ မထင်ပါလေနဲ့ မောင်ရင်တို့၊ ငါက အကြိမ်ကြိမ် စမ်းသပ်ပြီးပါပြီ။ ကကယ့်အာဘော်ကို ခိုင်ခိုင်မာမာကိုင်မိတဲ့ ကျောင်းသားဟာ ဆယ်ယောက်မှာ တစ်ယောက်မရှိဘူးလို့ ပြောနိုင်ပါတယ်။ သူတို့ပြောလိုက်ရင် 'အာဘော်'ကို 'ဒက်ထိ'မရောက်ဘဲ အာဘော်နားမှာ ရစ်သီ ရစ်သီလုပ်နေတတ်ကြတာသာ များနေတာကို တွေ့ရတတ်ပါတယ်။

ဒီကိစ္စကို ပေါ့ပေါ့သေးသေး သဘောမထားသင့်ဘူး။ စာရေးတတ်သူ တစ်ယောက်က ရေးထားတဲ့ စာတစ်ပုဒ်ကို ဖတ်လိုက်ရင် ရေးသူရဲ့ '**ပဓာန** အာဘော်' **(ပဓာနအဆိုပြုချက်ကြီး)**ကို ပြက်ပြက်ထင်ထင် မြင်နိုင်စွမ်းရှိနေရမှာ ပေါ့။ အဲဒီလိုမှမမြင်နိုင်ရင် လူတစ်ယောက်က စကားပြောတဲ့အခါမှာ (သို့မဟုတ်





ဟောပြောသူတစ်ယောက်က ဟောပြောတဲ့အခါမှာ သူ့စကား၊ သူ့မိန့်ခွန်းတစ်ခု လုံးရဲ့ ပဓာနအာဘော်ကြီးကို ဘယ်မှာ ဆုပ်ဆုပ်ကိုင်ကိုင် ဖမ်းနိုင်ပါတော့မလဲ။ အဲလို ဆိုလိုရင်းကို ဒက်ခနဲ မြင်အောင်မကြည့်တတ်တဲ့သူမျိုးဟာ ဘယ်တော့မှ ခေါင်းထောက်လိုလုပ်ငန်းမျိုး၊ စာပေဝေဖန်ရေးလိုလုပ်ငန်းမျိုး၊ သုတေသန လုပ်ငန်းမျိုးမှာ သွားမလုပ်လေနဲ့။ ကိုယ်ကျိုးနည်း အရှက်ကွဲရတော့မယ်သာ မှတ်မေ့လိုက်ပါလေတော့။ ကဲ-ဘယ်လောက်အရေးကြီးတဲ့ အလေ့အကျင့် 'ယာရိုန်နင်'လည်းဆိုတာ စဉ်းစားသာကြည့်ပါလေတော့။

မင်းတို့ သတင်းစာရှင်းလင်းပွဲတွေကို ယုတ်စွအဆုံး ရုပ်မြင်သံကြားမှာ တော့ တွေ့ဖူးကြပါလိမ့်မယ်။ သူတို့က မေးခွန်းတွေ ပြန်မေးကြတာကိုလည်း တွေ့ဖူးကြပါလိမ့်မယ်။ အဲဒါကို ပေါ့သေးသေး သွားပြီးမထင်လိုက်ပါလေနဲ့။ သက်ဆိုင်ရာတာဝန်ရှိသူက ပြောလိုက်တဲ့စကားမှာ အရေးအကြီးဆုံးအချက်ကို ထက်မြက်မြင်တတ်မှ အရေးကြီးတဲ့အချက်ကို မေးတတ်မြန်းတတ်တာ။ ဒါကြောင့် စာတစ်ပုဒ်ကို ဖတ်လိုက်ရင် 'ပဓာနအာဘော်'ကြီးကို ရှာတတ်ကြရဲ့လားလို့ သူတို့ကို စမ်းသပ်စစ်ဆေး လေ့ကျင့်ပေးရတာ။

ကောင်းပြီ။ ငါစမ်းသပ်စစ်ဆေး တွေ့ရှိတာတွေကို ပြောလိုက်ရဦးမယ်။

မင်းတို့ သင်ကြားလေ့လာနေရတဲ့ 'ဒသမတန်း စကားပြောလက်ရွေးစင်' ထဲမှာ အမျိုးသားပညာဝန် ဦးဖိုးကျားရေးတဲ့ 'အမျိုးသားနေ့'ဆိုတဲ့ ဆောင်းပါး ဟာ ပြဋ္ဌာန်းချက်ထဲမှာပါတယ်။ ငါက ကျောင်းသားတွေကို "အဲဒီဆောင်းပါးကို သေချာဖတ်ခဲ့၊ သူရဲ့ ပဓာနအာဘော်၊ အရေးအကြီးဆုံး စကားကိုရှာခဲ့"လို့ မှာလိုက်တယ်။ သူတို့လည်း ကြိုးစားပမ်းစား သေချာဖတ်ကြပါတယ်။ (မဖတ် ခဲ့တဲ့သူလည်း ရှိသေးတာပေါ့လေ)

"ဖတ်ခဲ့ရဲ့လား" "ဖတ်ခဲ့ပါတယ်" "ဦးဖိုးကျား ဘာပြောချင်သလဲ" "ကျောင်းသားများ သပိတ်မှောက် ထွက်လာတဲ့နေ့ကို မှတ်တမ်းတင်တာ ဖြစ် ပါတယ်"

ဒီသဘောမျိုးလောက်ကိုသာ ပြောတတ်ကြတယ်။ တကယ်သေချာဖတ် ကြည့်လိုက်မယ်ဆိုရင် သူတို့အဖြေဟာ ရစ်သီရစ်သီလောက်သာ ဖြစ်နေတာကို တွေ့ရမှာအမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ သေချာဖတ်ကြည့်လိုက်မယ်ဆိုရင် ဆရာကြီးဦးဖိုးကျား ပြောချင်တာက 'နဝမမြောက် ကွန်ဖရင့်ကြီးက တက္ကသိုလ် ကျောင်းသားများ သပိတ်မှောက်ထွက်လာခဲ့တဲ့နေ့ကို တစ်မျိုးသားလုံး လေးစား အပ်တဲ့နေ့ကြီးအဖြစ် သတ်မှတ်လိုက်တာဟာ အလွန်လျော်ကန့် သင့်မြတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်'ဆိုတာသာလျှင် ပဓာနအာဘော်ကြီး ဖြစ်နေတယ်ဆိုတာကို တွေ့ရနိုင်ပါတယ်။

ဒီစာအုပ်ကို မင်းတို့ကိုယ်တိုင်လည်း ဖတ်ခဲ့ဖူးတယ်။ သင်ယူခဲ့ဖူးတယ်။ အဲဒီစာအုပ်ကို အလွယ်တကူလည်း ရှာလို့ရနိုင်ပါတယ်။ အပျင်းပြေရှာပြီး ဖတ်ကြည့်စမ်းပါ။ ငါပြောတာ ဟုတ်မဟုတ်ကလည်း သေချာစူးစမ်းကြည့်ပါ။

အဲဒီလိုပဲ 'နေသူရိန်'အမည်နဲ့ ဆရာကြီး 'မဟာဆွေ'ရေးခဲ့တဲ့ 'အိမ်ရှေ့ကိုယ်တော်ကြီး'ဆိုတဲ့ ဆောင်းပါးကို သေချာဖတ်ပြီး အာဘော်ကိုရှာကြစမ်းလို့ ခိုင်းကြည့်ပါတယ်။ သူတို့က 'အိမ်ရှေ့ကိုယ်တော် ကနောင်မင်းသားကြီးသာ ရှိနေခဲ့ရင် မြန်မာပြည် ကျွန်မဖြစ်နိုင်ဘူး'လို့ ပြောကြတယ်။ ဒီစာကို ကိုလိုနီခေတ်က ရေးခဲ့တာပါ။ သေချာဖတ်ကြည့်လိုက်မယ်ဆိုရင် 'စစ်သည်လက်နက်အင်အားမရှိသောနိုင်ငံသည် သူ့ကျွန်မဖြစ်သေးသော် တစ်နေ့ဖြစ်အံ့၊ သူ့ကျွန်ဖြစ်နေသော် မလွတ်လပ်နိုင်' ဆိုတဲ့အချက်ကို ထောက်ပြထားတာပါ။ နိုင်ငံတစ်ခုရဲ့လွတ်လပ်ရေးအတွက် စစ်သည်အင်အား အရေးကြီးပုံကို ထောက်ပြထားတာပါ။ ဒီတော့ သူတို့ရဲ့အဖြေဟာ ပဓာနအာဘော်နားမှာ ရစ်သီရစ်သီလောက်ပဲ ရောက်နေတယ်လို့ မဆိုင်နိုင်ပေဘူးလား။

ဒီလိုပဲ ဆရာကြီး'ပီမိုးနင်း'ရဲ့ 'အားလပ်သောအချိန်ကလေးများ'ဆိုတာကို သေချာဖတ်ကြည့်ခိုင်းပြီး ပဓာနအာဘော်ကို အရှာခိုင်း ကြည့်ပါတယ်။ သူတို့က 'အချိန်ဟာ သိပ်တန်ဖိုးရှိလို့ တန်ဖိုးထားပြီး အသုံးချသင့်တယ်'လို့ ပြောကြပါတယ်။ မှန်သင့်သလောက်တော့ မှန်တယ်။ ဒါပေမယ့် ဆရာကြီးရဲ့ ပဓာနအာဘော်က 'အချိန်ဟာ တန်ဖိုးရှိလွန်းလို့ အားလပ်တဲ့ အချိန်ကလေးများကိုတောင် တန်ဖိုးရှိရှိ အသုံးချသင့်တယ်'လို့ ပြောထားတာဖြစ်တယ်။

ဒီတော့ သူတို့ဟာ စာတစ်ပုဒ်ကို ဖတ်လိုက်ပြီးရင် စာရေးသူရဲ့ **'ပဓာနအဆိုပြုချက်ကြီး'**ကို ဆုပ်ဆုပ်ကိုင်ကိုင် ရှာဖွေတဲ့နေရာမှာ အားနည်းနေတာ အလေ့အကျင့် ခေါင်းပါးနေတာ ထင်ရှားမလာပေဘူးလား။ မှတ်ဉာဏ်ကိုသာ အသုံးပြုနေကြပြီး စဉ်းစားဉာဏ်အသုံးပြုတဲ့ အလေ့အကျင့် နည်းပါးနေတာ သိသာမနေပေဘူးလား။ ဆက်ပါဦးမယ်။



## လေ့လာမှတ်သားမှု (၂)

အရင်တစ်ပတ်က စာတစ်ပုဒ်ကို ဖတ်လိုက်ရင် ပဓာနအာဘော်ကို မိအောင်ဖမ်းနိုင်ဖို့ အရေးကြီးတယ်ဆိုတာကို ပြောခဲ့ပါတယ်။ ဒီကနေ့ ကျောင်းသားများစုဟာ ပဓာနအာဘော်ကို မိမိရရ မဖမ်းနိုင်ဘဲ အဲဒီနားဆီမှာ ရစ်သီရစ်သီလောက်သာ ကပ်နိုင်ကြတယ်ဆိုတဲ့ အကြောင်းကိုလည်း ပြောခဲ့ပါတယ်။ သူတစ်ပါး ပြောတာရေးတာရဲ့ ပဓာနဆိုလိုချက်ကို ဒက်ခနဲနေအောင် မြင်တတ် ဖမ်းတတ်ဖို့ အလွန်ကို အရေးကြီးပါတယ်။ အဲဒါကို ဖမ်းမိလိုက်တော့မှ နောက်တစ်ဆင့် တက်ရပါတယ်။ တက်ပုံက သူ့အဆိုပြုချက်ကြီး မှန်ကန်ကြောင်း **ဘယ်လိုအကျိုးအကြောင်းပြသလဲ** ဆိုတာကို ရှာရပါတယ်။

ဆရာကြီးဦးဖိုးကျားရဲ့ 'အမျိုးသားနေ့'အကြောင်း တင်ပြပုံကိုပဲ သုံးသပ်ပြလိုက်ပါဦးမယ်။ သူရေးပုံက–

"ကျောင်းသားများ သပိတ်မှောက်ထွက်လာကြသည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အောင်ပွဲနေ့အဖြစ် ရွေးချယ်ရန် အစည်းအဝေးကြီးက ဆုံးဖြတ်လိုက်ကြသည်။ ထိုနေ့ကိုရွေးမိသည်မှာ အလွန် အကွက်ကျသည်။ အမျိုးသားအောင်ပွဲနေ့ ဟူသော အမည်ကို ခံထိုက်၏။ အကြောင်းတို့ကို အောက်တွင် အကျဉ်းချုပ်၍ ပြလိုက်ပါ၏"

အထက်က ကောက်နုတ်ချက်ကို သေချာဖတ်ကြည့်လိုက်ရင် အာဘော် (အဆိုပြုချက်)နဲ့ အကြောင်းပြချက်တွေကို ဆက်ထားတာ ရှင်းခနဲနေအောင် မြင်သာပါလိမ့်မယ်။ ဆရာကြီးကဆက်ပြီး ဒီလိုကျောင်းသားတွေ သပိတ်မှောက်ပြီး ထွက်လာတဲ့အတွက်ကြောင့် မြန်မာလူမျိုးတွေ ဇာတ်တိမာန်နိုးကြားလာတယ်။ ကိုယ့်အားကိုယ်ကိုးမယ်ဆိုတဲ့စိတ်တွေ ပေါ်လာတယ်။ နိုင်ငံရေးနိုးကြားမှု တစ်ဟုန်ထိုးတက်သွားတယ်။ အမျိုးသားကျောင်းတွေ ပေါ်လာတယ် စသည်အားဖြင့် အကျိုးကျေးဇူးတွေကို ခြောက်ပိုင်းခွဲပြီး ဖော်ပြလိုက်ပါတယ်။

ပြီးမှ ဒီအကျိုးကျေးဇူးတွေကို အချောင်ရတာ မဟုတ်ဘူး။ အနာခံလို့



www.burmeseclassic.com

www.burmeseclassic.com



အသာစံရတာဖြစ်တယ်။ ဘယ်သူတွေ အနာခံခဲ့သလဲ။ ကျောင်းသားတွေ အနာခံခဲ့ရတယ်။ ဘယ်လို အနာခံခဲ့သလဲ။ ကျောင်းသားကြီးတွေက မိမိတို့ဘဝ ရည်မှန်းချက်ကြီးတွေကို စွန့်လွှတ်လိုက်ရတယ်။ ကျောင်းသားငယ်တွေက အဆင်းရဲ အပင်ပန်းခံလိုက်ကြရတယ်။

အဲဒီလို **အကျိုးအကြောင်း**ကို ပြလိုက်တယ်။

အကျိုးအကြောင်းနဲ့တင် မလုံလောက်သေးပါဘူး။ **အထောက်အထားလည်း** ပြရပါသေးတယ်။

အထောက်အထားက–

ကျောင်းသားကြီးတစ်ယောက်ဆိုရင် စာမေးပွဲအောင်ဖို့ အသေအလဲကြိုးစားခဲ့တယ်။ အောင်ဖို့လည်း သေချာတယ်။ အောင်လိုက်ရင် မြို့အုပ်ရာထူးကိုရပြီး အရေးပိုင်တစ်ယောက်သမီးနဲ့ လက်ထပ်ရမယ်။ ဒီကြားထဲမှာ ကျောင်းသားသပိတ်အရေးက ပေါ်လာလိုက်တော့ သူ့ခမျာမှာ ချုံးပွဲချပြီး ငိုရှာတယ်။ အဲဒီလို အနစ်နာခံခဲ့ကြရတယ်။

ဒါကြောင့် အဲဒီနေ့ကို တစ်မျိုးသားလုံးက ရှိသေလေးစားအပ်တဲ့ နေ့ထူးနေ့မြတ်ကြီးအဖြစ် ရွေးချယ်လိုက်ခြင်းဟာ အလွန်ဆီလျော် အကွက်ကျပါတယ်။ ရှိသေအပ်တဲ့နေ့ကြီး ဖြစ်ပါတယ်။

ဦးဖိုးကျားရဲ့ဆောင်းပါး လိုရင်းကိုချုပ်လိုက်ရင် အဲဒါပါပဲ။

ဒါကြောင့် ဒီလိုစာမျိုးကို ဖတ်တဲ့အခါမှာ–

၁။ စာရေးသူရဲ့ ပဓာနအဆိုပြုချက် (အာဘော်)ကို ရှာသင့်ပါတယ်။

၂။ သူ့ရဲ့အဆိုပြုချက်မှန်ကန်ကြောင်း အကြောင်းပြချက်ကို ရှာရပါမယ်။

၃။ သူ့အကြောင်းပြချက်ခိုင်လုံကြောင်း အထောက်အထားပြချက်တွေကို ရှာရပါမယ်။

အဲဒီလို သေချာဖတ်သွားလိုက်ရင် စာတွေကို အလွတ်ကျက်နေဖို့ မလိုပါဘူး။ နည်းနည်းပါးပါးဖတ်လိုက် မှတ်လိုက်ရုံနဲ့ စာမေးပွဲကို ကောင်းကောင်း ဖြေနိုင်ပါတယ်။ အခု စာဖတ်သူကိုယ်တိုင်က ဆယ်တန်းဖြေမယ့် ကျောင်းသားတစ်ယောက်ဖြစ်နေလို့ ဦးဖိုးကျားရဲ့ဆောင်းပါးကို ဖတ်ခဲ့ပြီးဖြစ်နေမယ်ဆိုရင် ငါပြောလိုက်တာ ဟုတ်မဟုတ် ချက်ချင်းသဘောပေါက်သွားပါလိမ့်မယ်။ အလွတ်ကျက်နေစရာ လုံးဝမလိုပါဘူး။

မူလတန်းလို အတန်းငယ်ငယ်မှာ တချို့ ဆရာဆရာမတွေက သူတို့ပေးထားတဲ့အတိုင်း သည်/၏မလွဲရေးနိုင်မှ အမှတ်ပြည့်ကို ပေးချင်တတ်ကြတာ





ဟုတ်လား။ ဒီတော့ ကလေးတွေက အမှတ်ကောင်းကောင်းလိုချင်တာရယ်၊ ...ကတွေကလည်း ကိုယ့်သားသမီး စာမေးပွဲမှာ အဆင့်ကောင်းကောင်းနဲ့ ဆုတွေ ...ကာတွေ ရစေချင်တာရယ်ဆိုတော့ အလွတ်ကျက်တာကို အားပေးတတ်ကြတယ်။ နောက်တော့ ကလေးတွေက မှတ်ဉာဏ်အားကိုးတာ အကျင့်ပါသွားလိုက်တာ စဉ်းစားဉာဏ်ကို သုံးရကောင်းမှန်းကို မသိတော့သလို ဖြစ်သွားတော့တာပေါ့။

ဒီနည်းအတိုင်းပဲ မဟာဆွေရဲ့ 'အိမ်ရှေ့ကိုယ်တော်ကြီး'ကို သုံးသပ်လိုက်မယ်ဆိုရင်–

ပဓာနအာဘော်က– စစ်သည်လက်နက်အင်အားမရှိလျှင် လွတ်လပ်ရေးမရနိုင်၊

အကြောင်းပြချက်က– မြန်မာတို့ လက်နက်အင်အားမရှိ၍ သူ့ကျွန်ဖြစ်ခဲ့ရ၊ အိမ်ရှေ့ကိုယ်တော် ကနောင်မင်းသားကြီးသာ ရှိနေခဲ့လျှင် သူ့ကျွန်ဖြစ်ချင်မှ ဖြစ်မည်။

သာဓက(အထောက်အထား)–အိမ်ရှေ့ကိုယ်တော်ကြီး အောင်ပင်လယ်ကန်၌ ရေမြုပ်ဖုံးစမ်းခြင်း၊ (ထို့ကြောင့် မြန်မာတို့ လွတ်လပ်ရေးလိုချင်ရင် လက်ရုံးရည်ရှိအောင်လုပ်ကြရမည်)

ကျောင်းသားလူငယ်တွေဟာ ဒီလိုနည်းမျိုး စာကို ဖတ်တတ်အောင် မှတ်တတ်အောင် ကြိုးစားကြသင့်ပါတယ်။ ဒီလို ဖတ်နည်းကိုတတ်သွားမှ ဟက္ကသိုလ်အဆင့်မျိုးရောက်လာတဲ့အခါမှာ အောင်မြင်ပေါက်မြောက်နိုင်ပါတယ်။

ဒါဟာလည်း သုတစာပေဆောင်းပါးမျိုး ဖတ်နည်းမှတ်နည်းကိုသာ ပြောပြရတာပါ။ 'မိတဆိုးရှင်ပြု'တို့လို၊ 'မိခင်သောက'တို့လို ရသစာပေတွေကို ဖတ်နည်း မှတ်နည်းကျပြန်တော့ တစ်မျိုးဖြစ်သွားပြန်တာပေါ့။

ရတ်တရက်ကြည့်လိုက်တော့ 'အောင်သင်း'က ကလေးတွေကို စာမေးပွဲဖြေဖို့ စာကျက်နည်းကို သင်နေတယ်လို့ ထင်စရာအကြောင်း ရှိပါတယ်။ ဒါပေမယ့် သေချာဖတ်ပြီး စဉ်းစားကြည့်လိုက်မယ်ဆိုရင်...



www.burmeseclassic.com

www.burmeseclassic.com

## လေ့လာမှတ်သားမှု (၃)

စာမေးပွဲအတွက် ကျောင်းစာ လေ့လာမှတ်သားမှုကို ရေးခဲ့တာ သုံးပတ်တောင် ရှိသွားပါပြီ။ အမှန်ပြောရရင် ရေးရတာ အလွန်ကို ငြီးငွေ့ပါတယ်။ သို့သော်လည်း ကျောင်းသားတွေက စာနဲ့လည်းရော၊ လူကိုယ်တိုင်လည်း မေးတတ်ကြတာ တစ်ကြောင်း၊ နောက်ပြီး ဘာကိုမဆို အလွတ်ကျက်ပစ်လိုက်ဖို့ကိုသာ စိတ်စော နေတတ်ကြတဲ့ ဥာဉ်ဆိုးကြီး ပျက်သွားစေချင်တာလည်း တစ်ကြောင်းမို့သာ ရေးလိုက်ရတာပါ။ အရင်တစ်ပတ်က ဆရာကြီးဦးဖိုးကျားရဲ့ 'အမျိုးသားနေ့'နဲ့ ဆရာကြီးမဟာဆွေရဲ့ 'အိမ်ရှေ့ကိုယ်တော်ကြီး'ကို ဖတ်မှတ်ပုံတွေ တင်ပြခဲ့ပါ တယ်။ အဲဒါတွေက သိကြတဲ့အတိုင်း 'သုတစာပေ'တွေ ဖြစ်ပါတယ်။ ဒီတစ်ပတ် တော့ဖြင့် 'ရသစာပေ'တွေကို ဖတ်ပုံမှတ်နည်း တင်ပြလိုက်ပါဦးမယ်။

'ရစာစာပေ'ဆိုတော့ 'ချစ်၊ ရွှင်၊ သနား' စတဲ့ ရသပေးမှုတွေကို သတိ ထားပြီး ဖတ်ကြရတော့မှာပေါ့။ စာကို ဖတ်သွားလိုက်ပြီး ဘယ်နေရာမှာ ဘယ်သူ ဟာ သနားစရာကောင်းသလဲ၊ ဘယ်နေရာမှ ဘယ်သူ့ကို ရယ်မောချင်သလဲ ဆိုတာမျိုးတွေကို ပြန်ပြီးစဉ်းစားလိုက်ပေါ့။ ပြီးမှ ဘာကြောင့် သနားမိသလဲ၊ ဘာကြောင့် ရယ်ချင်သလဲဆိုတာကို ပြန်ပြီး စဉ်းစားလိုက်ရပါတယ်။ ဆရာကြီး ဦးဖိုးကျားရဲ့ 'မိတဆိုးရှင်ပြု' ဆိုကြပါစို့။ ဘယ်လို ရသတွေကို ခံစားရသလဲ။ ရသတွေက တစ်မျိုးတည်း မဟုတ်တော့ဘူး။ သနားစရာရော၊ ရယ်စရာရော၊ ကြည်နူးစရာရော စုံနေတာပဲမဟုတ်လား။ ဒါပေမယ့် လွှမ်းမိုးဦးဆောင်နေတာက ကရုဏာရသ ဖြစ်နေတာကို တွေ့ရလိမ့်မယ်။ သနားစရာကောင်းတာပေါ့။ ဘယ်သူ့ကို ဘယ်နေရာမှာ သနားမိသလဲ၊ ဘာကြောင့် သနားမိတာလဲ။ မိတဆိုး အလှူရှင် ကိုထွန်းကျော်ကို သနားမိတယ်၊ ဘယ်အခါတွေမှာ သနားမိသလဲ။ နတ်ဒိုးတီးလိုက်ချိန်၊ အမွှေဝေချိန်၊ ကြွေးတင်တဲ့အကြောင်း ပြောပြချိန်တွေမှာ သနားမိတယ် ဆိုတာတွေကို သတိရလာမှာပေါ့။ ရယ်စရာတွေကတော့ သူကြီးညို မြတ်သာဒွန်း အကြောင်းတွေ၊ မြို့သူတွေရဲ့ နာမည်ဆန်းဆန်းပြားပြား အကြောင်း တွေကိုလည်း တွေ့မှာပေါ့။ ဒါတွေကို မမှတ်မိစရာအကြောင်း မရှိပါဘူး။





တကယ်လို့ မေးခွန်းက 'မည်သည့်ရသများကို ခံစားရသနည်း'လို့ မေး လိုက်ရင် ဘယ်နေရာတွေမှာ သနားကြင်နာမိပါသည်၊ ထို့ကြောင့် ကရုဏာ ရသကို ခံစားရပါသည်။ ဘယ်နေရာတွေမှာဖြင့် ရယ်မောလိုက်ရသောကြောင့် ဟာသရသကို ခံစားရပါသည် စသည်ဖြင့် ဖြေဆိုသွားလိုက်ရုံပါပဲ။

နောက်တစ်ခုပြချင်တာက မင်းဘူးဦးသြဘာသရဲ့ 'မိခင်သောက'ကို လေ့လာမယ်ဆိုပါတော့၊ ကရုဏာရသက ဦးဆောင်နေတယ်ဆိုတာ ပြောစရာ မလိုတော့ပါဘူး။ ဒါပေမယ့် စာရေးသူက သနားကြင်နာလာအောင် ဘယ်လို ရေးဖွဲ့ထားသလဲ။ သေချာပြန်ပြီး ဖတ်ကြည့်ပါ။ ဥပမာအလင်္ကာတွေကို သုံးထား တာ တွေ့ရပါလိမ့်မယ်။ အမိကိုမြင်လိုက်တဲ့ နွားသားငယ်၊ သမင်သားငယ်၊ ဆိတ်သားငယ်တို့ကို ပမာတင်စားလိုက်တယ်။ နောက်တစ်ဆင့် တက်လိုက်တော့ အဲဒီ သားငယ်လေးတွေရဲ့ သနားကြည်နာဖွယ်ရာ အမူအရာကိုပါ မြင်ယောင် လာအောင် ရေးဖွဲ့တယ်။ ဆိုကြပါစို့ 'နွားရွက်နစ်ဖက်ကိုချို၍ လည်ကိုဆန့်လျက် မော်သိသို့ ရေးရှုပြေးလေဖြင့်' ဆိုတာမျိုးလေးတွေပေါ့။ နောက်ပြီး မဒ္ဒီဒေဝီက ဝေဿန္တရာပင်ကြီးကို လျှောက်ထားတဲ့အခါမှာ 'စပါးကြီးမြွေကိုက်၍ ပင်ပန်း သောသူကို ပုတ်ခတ်ဘိသကဲ့သို့လည်းကောင်း၊ ထန်းပင်ထက်မှကျသောသူကို…' ဆိုတာမျိုးတွေကို သေချာမှတ်ထားလိုက်ရင် ကောင်းကောင်းဖြေလို့ ရနိုင်တာ ပါပဲ။

အားလုံးကို ချုပ်ပြီးပြောလိုက်ရရင်တော့ မင်းတို့ရသစာပေကို ဖတ်လိုက် ရင် ရသကိုသာ သတိထားပြီး ဖတ်ပါ။ ဘယ်နေရာမှာ ဘယ်ရသ ခံစားရသလဲ ဆိုတာကို ကိုယ့်ဘာသာ ပြန်ပြီးဆန်းစစ်ပါ။ နောက်ပြီး ဘာကြောင့် အဲဒီလို သနားမိသလဲ၊ မုန်းမိသလဲ၊ ကြည်နူးမိသလဲ ဆိုတာတွေကို ဆန်းစစ်ကြည့်သင့် ပါတယ်။ ဒီထက် တစ်ဆင့်တက်လိုက်ရင်တော့ စာရေးသူက ဘယ်လို ရေးဖွဲ့ ထားသလဲ၊ ဘယ်စကားလုံးကို သုံးလိုက်သလဲ၊ ဘယ်လိုရေးလိုက်တာကြောင့် ဘယ်ရသ ပေါ်လာသလဲ ဆိုတာတွေကိုပါ မှတ်သားလိုက်ရင် မေးသမျှကို ဖြေနိုင်သွားတာပါပဲ။

'စီးချင်းတိုက်ပွဲ'တို့၊ 'ဦးပေါင်းကျားနှင့် မြင်းကျားရှင်'တို့ဆိုတာမျိုး တွေကျတော့ ရသစာပေအဖြစ်နဲ့ မေးနိုင်သလို သုတစာပေအဖြစ်နဲ့လည်း မေး နိုင်ပြန်ပါတယ်။ သို့သော်လည်း များသောအားဖြင့်တော့ သုတသဘောမျိုးကိုသာ မေးလေ့ရှိပါတယ်။ အဖြစ်အပျက်ကို သေချာမှတ်ထားလိုက်ရင် ဖြေနိုင်သွားတာ ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'သော်နုတ္တရမှဆိုးနှင့် ဆဒ္ဒန်ဆင်မင်း' လိုစာမျိုးကတော့ လက်ာနဲ့ ရေးထားတာမို့ ကောင်းကောင်းဖြေနိုင်ချင်ပါတယ်ဆိုရင် တချို့စာပိုဒ်တွေကို အလွတ်ကျက်မှတ်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ဆဒ္ဒန်ဆင်းမင်းရဲ့ အမှာစကားတွေနဲ့ စူဠသုဘဒ္ဒါမိဖုရား ရင်ကွဲနာကျတဲ့ အခန်းမျိုးတွေကို ကျက်မှတ်ထားရတော့မှာပေါ့။

နောက်တစ်ခု သတိထားသင့်တာလေးကို ပြောလိုက်ချင်ပါသေးတယ်။ ဆရာကြီးပီမိုးနင်းရေးတဲ့ 'အားလပ်သော အချိန်ကလေးများ'ဆိုတာဟာ သုတစာပေမျိုးမှာ စာရင်းဝင်နေတယ်လို့ ဆိုရလိမ့်မယ်။ ဒါပေမယ့် သေချာသတိထားပြီး ဖတ်ကြည့်လိုက်မယ်ဆိုရင် စာဖတ်သူကို အားတက်သွားအောင်၊ ကြိုးစားချင်လာအောင် တိုက်တွန်းအားပေးနေတဲ့ လေသံတွေ ပါနေတာကြောင့် ဝီရရသကို ပေးနိုင်တယ်လို့ မဆိုသင့်ပေဘူးလား။

ဒီလိုပဲ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးရဲ့ 'ပညာသင်ခါမရှက်ရာ' ဆိုတဲ့ဆောင်းပါးကို ကြည့်လိုက်မယ်ဆိုရင် သုတစာပေဖြစ်နေတာတော့ အမှန်ပါပဲ။ ဒါပေမယ့် ပညာသင်ကြားနေတဲ့ လူငယ်တွေအတွက် အားတက်လာစေတာကြောင့် ရဲရင့်ဝံ့စားစေတဲ့ ဝီရရသကို ပေးနိုင်တယ်လို့ ဆိုနိုင်ပြန်တာပဲ မဟုတ်လား။

**သတိထားသင့်တာက မေးခွန်းရဲ့တောင်းဆိုချက်ကို မျက်ခြည်မပြတ်ဖို့ ပါပဲ။** ဆိုကြပါစို့…

'မိခင်သောက'ကို ဖတ်ရသောကြောင့် "မည်သို့ ခံစားရသနည်း"ဆိုတဲ့ မေးခွန်းနဲ့ "မိခင်သောကကို ပေါ်လွင်အောင် မည်သို့ရေးဖွဲ့ထားသနည်း"ဆိုတာမျိုးပေါ့။ အကြောင်းအရာအားဖြင့်တော့ ဘာမှသိပ်မထူးလှပါဘူး။ ဒါတွေကိုပဲ ပြန်ပြီးရေးရတာပါပဲ။ သို့ပေမယ့် 'ဖောင်းပေး'ရာမှာ ကွာသွားတယ်လို့ ပြောရမှာပေါ့။ အထူးသဖြင့် နိဂုံးချုပ်ရာမှာ သတိထားရတော့မှာပေါ့။ 'ဤသို့ ရေးဖွဲ့ထားသောကြောင့် ကရုဏာရသကို ခံစားရပါသည်'ဆိုတာနဲ့ 'ကရုဏာရသကို ခံစားရအောင် ဤသို့ ရေးဖွဲ့ထားပါသည်'ဆိုတာဟာ လုံးဝမတူကြောင်း သတိထားမိသင့်ပါတယ်။ ကျောင်းသားတချို့ဟာ အဲဒီခြားနားချက်ကို သတိမထားမိတတ်ကြဘူး။ သင်္ချာလိုဘာသာရပ်မှာတော့ဖြင့် '၅ နာရီသွားရသော် မိုင်မည်မျှဝေးသနည်း'ဆိုတာနဲ့ '၁၅ မိုင်ဝေးသော် အချိန်မည်မျှသွားရမည်နည်း'ဆိုတာကို ထင်းခနဲ မြင်သာတယ်။ မြန်မာစာလို၊ သမိုင်းလို ဝိဇ္ဇာဘာသာရပ်တွေမှာလည်း မေးခွန်း 'ဖောင်းပေးပုံ' ကွာခြားနိုင်တယ်ဆိုတာကို သတိပြုသင့်ကြပါတယ်။



# အတို့အထောင်

'မျိုးဆက်သစ်တိုးတက်ရစ်ဖို့'ဆိုတာတွေကို အားသွန်ခွန်စိုက် ကြိုးစားပမ်းစား ရေးနေရင်းကပဲ စိတ်ပျက်စရာကောင်းတဲ့ မျိုးဆက်သစ်တွေ အကြောင်းကို ရေးလိုက်ရဦးမယ်။

ငါ့တပည့်တစ်ယောက်ရဲ့သားလေးက နိုင်ငံခြားမှာ သွားပြီး အလုပ်လုပ်နေပါတယ်။ သူ့ကုသိုလ်လို့ပဲ ပြောရမလားမသိဘူး၊ အတော်လေးကို အဆင်ပြေတယ်ဆိုပါတော့။ ဒီကလေးက ဆယ်တန်းတောင် မအောင်ရှာပါဘူး။ ဒီတော့ အလုပ်ကြမ်းအုပ်စုမှာပဲ ပါနိုင်တယ်ဆိုပါတော့။ သို့သော်လည်း သူက ကံအားလျော်စွာ ညဘက်မှာလုပ်ရတဲ့အလုပ်မျိုး ဖြစ်နေတယ်။ ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ ကားတွေအဝင်အထွက်၊ ကုန်တွေဘာတွေချရင် အဝင်အထွက် စာရင်းကို မှတ်ထားရတာမျိုးလောက်ပါပဲ။ ဒါတွေကလည်း သိပ်ပြီး များများစားစား မရှိလေတော့ အတော်ကြီးကို သက်သာတယ်လို့ ဆိုရတော့မှာပေါ့လေ။

ဒီကြားထဲမှာ နောက်တစ်ဆင့်ကံကောင်းတာက သူနဲ့တွဲပြီး ညတာဝန်ကျတဲ့ နိုင်ငံခြားသားအဘိုးကြီးတစ်ယောက်က သူ့ကိုချစ်တယ်။ သူကလည်း ကိုယ့်ထက်အသက်ကြီးတဲ့ ဖခင်အရွယ်ဆိုတော့ လေးလေးစားစား ဆက်ဆံပြီး လုပ်စရာကိုင်စရာရှိရင် ဖင်ပေါ့ပေါ့ သွက်သွက်လုပ်ပေးတယ်။ **ဒီတော့ ဟို** အဘိုးကြီးက သူ့ကိုအိပ်ချင်အိပ်ပေါ့။ သူက စောင့်ပေးတယ်။ ကားတွေ ဘာတွေ ဝင်လာမှ သူ့ကိုနိုးပြီး အလုပ်ခိုင်းတယ်ပေါ့။ အဲဒါတွေကိုတော့ သူက ရေးမှတ်ပေးတယ်။ အဘိုးကြီးကလည်း ကျေနပ်တယ်။ စာကလည်း သိပ်ပြီး မတတ်ရှာလေတော့ ဒီကောင်လေးနဲ့ တွဲပြီးတာဝန်ကျတာကို ကျေနပ်တယ်ဆိုပါတော့။ ဒီလိုနဲ့ ကောင်လေးက ညမှာ ကောင်းကောင်းအိပ်ရလေတော့ နေ့ပိုင်းမှာ နောက်အလုပ်တစ်ခုကိုရှာပြီး လုပ်တယ်။ ဒီတော့ ဝင်ငွေနှစ်ဖက်ရနေတာပေါ့။ သူ့မိသားစုကလည်း ဝမ်းသာနေတာပေါ့။

မကြာလိုက်ပါဘူး၊ နှစ်လသုံးလလောက်ရှိတော့ ဘယ်အကောင်က သွားပြီး ကုမ္ပဏီကို အတို့အထောင် လုပ်လိုက်လေတယ်မသိဘူး။ နောက်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး တာဝန်ချလိုက်တယ်။ နေ့ဘက်မှာ နောက်အလုပ်တစ်ခုကိုလုပ်တာ ခွင့်မပြုနိုင်ဘူးလို့ ပြောတာပေါ့။ အဲဒါဟာ ကိုယ့်မြန်မာအချင်းချင်းက လုပ်လိုက်တာပဲဆိုတာကို သိနေတယ်။ ကိုင်း...မျိုးဆက်သစ်တို့ရေ ဘယ်လိုလုပ်ကြမတုံး။

ဒါမျိုးတွေကို ခဏခဏ ကြားကြားနေရတယ်။ မြန်မာလူငယ်တစ်ယောက် အလုပ်အကိုင်လေးတစ်ခုရနဲ့ အဆင်ပြေတော့မလိုလိုဖြစ်နေရင် အဲဒီကလေးမှာ အခက်အခဲကြုံရအောင် အတို့အထောင် လုပ်ချင်တတ်ကြတယ်။ အဲဒါမျိုးကို ခဏခဏကြားနေရတယ်။ ဒါဟာ တိုင်းပြည်တစ်ခုထဲက ကြားရတာမျိုးမဟုတ်ဘူး။ အရှေ့နိုင်ငံတွေရော၊ အနောက်နိုင်ငံတွေမှာပါ ကြားနေရတာ။ "မြန်မာလူမျိုးတွေမှာ ဒီလိုအကျင့်မျိုး တော်တော်များများ ရှိကြတယ်"ဆိုတဲ့ နိုင်ငံခြားသားတွေက မှတ်ချက်ချတာကို ငါကိုယ်တိုင်ကြားခဲ့ရတာ သုံးလေးခါ လောက်ရှိနေပြီ။ ငါကလည်း ဘာမှပြန်ပြီး ချေပနိုင်ခြင်းမရှိတော့ ဒီအတိုင်း ခေါင်းငုံ့ခံခဲ့ရတာချည်းပါပဲ။ ရှက်တာရော စိတ်ပျက်တာပါဖြစ်ပြီး မွန်ထူသွားအောင် ခံစားခဲ့ရမယ်ဆိုတာကိုတော့ မင်းတို့မှန်းနိုင်လောက်ပါတယ်။

ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာကိုလည်း ခဏခဏ စဉ်းစားကြည့်နေမိတယ်။ နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့ လူငယ်တိုင်းကတော့ ဒါမျိုးကို လုပ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် အားအားယားယား ဒါကိုပဲ အလုပ်ကြီးတစ်ခုလို လုပ်ချင်နေတဲ့သူ တစ်ယောက်နှစ်ယောက်လောက် ရှိနေရင်ကိုပဲ လူမျိုးနာမည်ပျက်ဖို့အတွက် လုံလောက်နေပြီလို့ ဆိုရမယ်ထင်တာပဲ။ ဒီလိုလုပ်ချင်နေတဲ့သူတွေက ဘာကြောင့်လဲ။ သူ့ကိုယ်တိုင်က ဘဝအဆင်မပြေနေတာကြောင့် သူတစ်ပါး ကောင်းစား အောင်မြင်မှာကို ဝန်တိုတတ်တဲ့ စိတ်ရောဂါမျိုးလို ဖြစ်သွားသလား။ သို့မဟုတ် သက်သက်ကို မုန်းတီးနေလို့လား၊ ဒါမှမဟုတ် ရန်ငြိုးရန်စပဲရှိလို့လား။

မရှုဆိတ်တာ သက်သက်ကြောင့် လုပ်တာဆိုရင်တော့ဖြင့် အဲဒီ အတို့အထောင်သမားဟာ ဘဝတစ်သက်တာ စိတ်ချမ်းမြေ့ပျော်ရွှင်သူတစ်ယောက် ဘယ်တော့မှ ဖြစ်လာနိုင်မှာမဟုတ်ဘူးဆိုတာကို သေချာပေါက်ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ *The happiest is he who can make others happy.* *(သူတစ်ပါးကိုပျော်အောင် လုပ်နိုင်သူသည် အပျော်ဆုံးသူပေတည်း)* ဆိုတဲ့ စကားလေးကို သွားပြီး သတိရမိတာကြောင့်ပါပဲ။ အဲဒါကို ပြောင်းပြန်လှန်လိုက်ရင် *The unhappiest is he who makes others unhappy.* လို့ ဆိုရမယ် မဟုတ်လား။





ဒီစကားစုကလေး ငါဖြင့် သိပ်ကိုသဘောကျတာပဲ။ သဘာဝကျလွန်းလို့ကို သဘောကျနေတာပါ။ လက်တွေ့ဘဝကို ကြည့်လိုက်မယ်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ မင်းကိုယ်တိုင် ကြုံခဲ့ရတဲ့ဖြစ်ရပ်ကလေးတွေကို ပြန်ပြီး စဉ်းစားကြည့်လိုက်ရင် သတိရမှာပါ။ မင်းကြောင့် မိသားစုတစ်စုလုံး ပျော်ကြရွှင်ကြဖြစ်နေရင် အပျော်ဆုံးက မင်းပဲမဟုတ်လား။ ပြန်ပြီး တွေးကြည့်လိုက်တိုင်း ပီတိဖြစ်ရတယ်မဟုတ်လား။ ဒီလိုပဲ မင်းကြောင့် မိသားစုတစ်ခုလုံး စိတ်ညစ်ရ၊ ငိုကြယိုကြရရင် စိတ်အညစ်ဆုံးက မင်းကိုယ်တိုင်ပဲ ဖြစ်မနေပေဘူးလား။

ဒါကြောင့် တစ်ဖက်သားကို ကြံဖန်ပြီး ချောက်ကျအောင် လုပ်ချင်တဲ့သူတွေ၊ အဲဒီလုပ်ရတာကို နှစ်သက်တတ်တဲ့သူတွေဟာ ပျော်ရွှင်တဲ့ဘဝကို ဘယ်တော့မှ မရောက်နိုင်တော့ဘူး။ နောက်ပြီး ဘဝအောင်မြင်မှုကိုလည်း ဘယ်တော့မှ မရနိုင်ဘူး။ အဲဒီလို စိတ်ဓာတ်မစင်ကြယ်တဲ့သူကို အပေါင်းအသင်းဟွေက ပေါင်းနေရင်းသိလာကြတာချည်းပါပဲ။ လူချစ်လူခင်များတဲ့သူ၊ အပေါင်းအသင်းတွေက လေးစားသူ ဘယ်တော့မှမဖြစ်နိုင်ပါဘူး။ မြင့်မားတဲ့စိတ်ဓာတ်မရှိသူဟာ မြင့်မားတဲ့ဘဝကို ဘယ်လိုလုပ်ပြီး မျှော်မှန်းလို့ရနိုင်ပါ့မလဲ။ စိတ်နေစိတ်ထား မမြင့်မားတဲ့သူဟာ မြင့်မားတဲ့ဘဝကို ဘယ်တော့မှ မရောက်နိုင်ဘူးလို့ ငါကတော့ ခိုင်ခိုင်မာမာကြီးကို ယုံတယ်။ အဲဒီလူဟာ မြင့်မားလာရင်လည်း ခဏတစ်ဖြုတ်လောက်ပဲ ထိန်းထားနိုင်ပြီး မကြာခင်မှာ မရှုမလှ လျှောဆင်းသွားတာကို ငါကိုယ်တိုင် မြင်ခဲ့ရဖူးလှပါပြီ။ ငါ့စိတ်ထဲကပဲ ထင်နေလို့များလားတော့ မသိပါဘူး။ အဲဒီလိုလူတွေရဲ့ အဆင်းသွင်ပြင်ကိုက တစ်နေ့တခြား ကျက်သရေမဲ့လာတတ်တယ် ထင်မိတာပဲ။

'ဈေးကွက်ဂျာနယ်'က နိုင်ငံခြားကိုလည်း ပို့ရတယ်ဆိုတာကို သိနေပေမယ့် ဖြစ်နိုင်ရင် ဒီဆောင်းပါးထဲကို မိတ္တူဆွဲပြီး နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့ မင်းတို့သူငယ်ချင်းတွေဆီကို ပို့ပေးစေချင်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ အဲဒီလို 'တို့ငထောင်' ရှိမရှိ သတိထားနိုင်ကြရအောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# သူတို့နဲ့ ငါတို့

"The cleverest of all, in my opinion, is the man who calls himself fool at least once a month." (တကယ်အတော်ဆုံး ဆိုသောလူသည် မိမိကိုယ်မိမိ 'ငတုံး'ဟု အနည်းဆုံး တစ်လတစ်ကြိမ် ခေါ်နေသူများဖြစ်ကြသည်ဟု ကျွန်တော်ထင်မိသည်)

အဲဒီစကားလေးကတော့ ရုရှားဝတ္ထုရေးဆရာကြီး 'ဒေါ်ထော့ယက်ဗ်စကီ' ပြောခဲ့တဲ့ စကားလေးပါပဲ။

ဒီစကားလေးကို ဆင့်ပွားစဉ်းစားကြည့်လိုက်မယ်ဆိုရင် လူတော်တွေဟာ သူ့ကိုယ်သူ အားမလိုအားမရ မကြာခဏ ဖြစ်တတ်လေ့ရှိတယ်လို့ ဆိုရာရောက်ပါတယ်။ ဒါကြောင့်လည်း အထပ်ထပ်ကြိုးစား၊ အထပ်ထပ် လေ့ကျင့်လေ့ရှိတတ်ကြတာပဲပေါ့။

အရင်ကလည်း ရေးခဲ့ဖူးတာလေးတစ်ခုကို ထပ်ပြီးရေးလိုက်ချင်ပါသေးတယ်။

ဆိုင်းဆရာ ရွှေစာကြီးစိန်ဗေဒါဟာ မနက်လင်းလိုက်လို့ အိပ်ရာကနိုးတာနဲ့ တစ်ပြိုင်နက် အိပ်ရာဘေးမှာထားတဲ့ စောင်းကောက်ကိုလှမ်းပြီး လက်နဲ့တို့ကစားလိုက်တာပဲ။ အဲဒီကနေပြီး စိတ်ကူးပေါက်လာလိုက်ရင် ထပြီး လက်ရစ်သံကို စမ်းနေတော့တာပဲ။ တပည့်တွေက မျက်နှာသစ်ရေနဲ့ ပဝါနဲ့ စောင့်နေကြပြီ။ သူက သူ့လက်ကိုသူ မကျေနပ်မချင်း တီးနေတတ်ပြီး ကျေနပ်တော့မှ မျက်နှာသစ်သတဲ့။ ဒီတော့ တပည့်တွေက "ဆရာရယ် ဒီလောက်တောင် ကျင့်မနေပါနဲ့တော့။ ဆရာ့ကို ပြိုင်နိုင်တဲ့သူလည်း တစ်ယောက်မှမရှိပါဘူး" လို့ပြောကြတော့ စိန်ဗေဒါက "ငါ့ကိုယ်ငါ ပြိုင်ရတာပေါ့ကွယ်၊ မနေ့က စိန်ဗေဒါကို ဒီနေ့ စိန်ဗေဒါက ကျော်နိုင်အောင် ကျင့်ရတာပေါ့"လို့ ပြန်ပြောသတဲ့။

ဆရာကြီး ဒေါ်ထော့ယက်ဗ်စကီရဲ့ စကားလေးက တိုတိုလေးနဲ့ နက်ရှိုင်းလွန်းလို့ ဖြန့်တွေးလိုက်ရင် ကျယ်ဝန်းလှချည့်လို့တောင် အောက်မေ့လိုက်မိပါတယ်။ လူတော်တွေဟာ သူတို့ကိုယ်သူတို့ မပြတ်သုံးသပ်နေတတ်လေ့ရှိကြ





တယ်။ သူတို့ကိုယ်သူတို့ ဝေဖန်နေလေ့ရှိတယ်။ သူတို့ကိုယ်သူတို့ အထင်ကြီးမနေတတ်ဘူး ဆိုတဲ့ အဓိပ္ပာယ်တွေပါ ထွက်နေတယ်လို့ မအောက်မေ့ကြဘူးလား။ ပညာရှိများပြောလိုက်ပြီဆိုရင် စကားလေး သုံးလေးလုံးလောက်နဲ့ကိုပဲ နားထောင်လိုက်ရတဲ့သူမှာ 'တွေးပေရော့'ဆိုတာမျိုး ဖြစ်သွားတော့တာပဲ။

ကဲ–ထားလိုက်ပါတော့။ မေးချင်တာက မင်းတို့ကော မင်းတို့ကိုယ်မင်းတို့ အဲဒီလိုမျိုး မောင်းမဲဖူးသလား။ အင်္ဂလိပ်လိုမှာဆိုရင် ဒီလိုရေးလိုက်တာဟာ 'ဆဲတယ်'ဆိုတဲ့ သဘောမျိုးထိအောင်ရောက်တယ်။ မင်းတို့တော့ မသိဘူး၊ ငါတော့ဖြင့် ငါ့ကိုယ်ငါ မကြာခဏ ပြစ်တင်မောင်းမဲမိဖူးတာ တစ်ခုရှိတယ်။ အဲဒါကတော့ အကြောင်းကိစ္စမရှိရင် အိပ်ရာထပျင်းတဲ့ ပြဿနာပါပဲ။ ကိုယ့်အသုံးမကျပုံကို ဒီလိုပြန်ရေးလိုက်ရတာ အလွန်လည်း ရှက်စရာကောင်းပါတယ်။ နောက်ပြီး စာဖတ်တာကအစ ကိုယ်ကာယတယ်ပြီး သက်သောင့်သက်သာ နေချင်တာကလား။ ဒါတွေဟာ တကယ်ဆိုတော့ လူပျင်းတွေရဲ့ လက္ခဏာပဲမဟုတ်လား။

နပိုလီယံက ကုလားထိုင်ကို နောက်ပြန်ခွထိုင်လေ့ ရှိတတ်သတဲ့။ နောက်ကိုမှီနေရင် အပျင်းငွေ့ဝင်လာတတ်တာကြောင့် ပြောင်းပြန်ထိုင်တာဆိုပဲ။ အဲဒီအကြောင်းကို ကြားလိုက်ရတော့ ငါ့မှာလေ ကိုယ့်ငယ်ထိပ်ကိုယ် ဖနောင့်နဲ့ ဆယ်ချက်လောက် ပေါက်ပစ်လိုက်ချင်မိတယ်။

ပိဋကတ်သုံးပုံဆိုတဲ့ ကျမ်းစာအုပ်တွေကို အထပ်လိုက်ပုံထားမယ်ဆိုရင် ငါတို့ တစ်ရပ်လောက်များ ရှိလေမလားမသိဘူး။ အဲဒါတွေကို နှုတ်ငုံဆောင်ကြတဲ့ 'တိပိဋကဓရ'ဆိုတဲ့ ဆရာတော်တွေကို ငါဖြင့် အံ့ဩလို့ မဆုံးဘူး။ တော်ရုံတန်ရုံဇွဲမှ မဟုတ်ပါပဲကလား။ အဲဒီဆရာတော်တွေဆီသွားပြီး အင်တာဗျူးလုပ်ဖို့ စိတ်ကူးထားပါတယ်။ တခြားဘာသာရေး ပြဿနာတွေ၊ စာပေပြဿနာတွေကို ပဓာနထားပြီး မေးချင်တာက မဟုတ်ပါဘူး။ ဒီကိစ္စကြီးလုပ်မယ်လို့ ဘယ်လိုဆုံးဖြတ်ချက် ချမိခဲ့သလဲ၊ ကျက်မှတ်နေရင်း ဆုတ်နစ်တဲ့စိတ်မျိုး ဖြစ်ခဲ့သေးသလား၊ ဘယ်လိုကျော်လွှားခဲ့သလဲ ဆိုတာမျိုးတွေပေါ့။ အထူးသဖြင့်ကတော့ မင်းတို့ ငါတို့မှာ ယောကျ်ားကောင်း မပီသတာတွေ များနေလို့ ယောကျ်ားကောင်း အာဇာနည်တွေရဲ့ ရဲသွေးရဲမာန်ကို ကြည့်ပြီး ကိုယ်ကိုကိုယ် ရှက်စိတ်ကလေးဝင်လာအောင် တစ်ပတ်တစ်ကြိမ်လောက် ကိုယ့်ကိုကိုယ် 'ငတုံး' လို့ ခေါ်နေမိအောင်ပေါ့ကွာ။

ငါ့သူငယ်ချင်းကြီး မြသန်းတင့်ရဲ့ ဝီရိယကလည်း လန့်လောက်သဗျား။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကို လမ်းလျှောက်က ပြန်လာတာနဲ့ တစ်ပြိုင်နက် လက်နှိပ်စက်မှာ ထိုင်တဲ့ပြီး တဖျောက်ဖျောက်ရိုက်တော့တာပဲ။ တစ်နေ့ကို အနည်းဆုံး စာဆယ်မျက်နှာတော့ ပြီးအောင် ရိုက်ပစ်လိုက်တာပဲ။ သူပြောဖူးတာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ စစ်အတွင်း တောရွာတွေကို ပြေးပုန်းနေကြရတော့ ရဲထွန်းလင်းရဲ့ 'အရေးတော်ပုံတပ်သား' ဝတ္ထုပထမပိုင်းဖတ်ပြီး ဒုတိယပိုင်းကို ဖတ်ချင်လွန်းလို့ ၂၆ မိုင်ဝေးတဲ့ ရွာကိုသွားပြီး တစ်ညအိပ်ဖတ်ပြီး ပြန်လာခဲ့သတဲ့။ ငါမှာလေ သူပြောလိုက်တော့ ရယ်လည်း ရယ်မိတယ်။ ဒါကြောင့်လည်း မြသန်းတင့် ဖြစ်လာတာပဲလို့လည်း အောက်မေ့လိုက်မိသေးတယ်။ ကဲ-သူတို့အကြောင်းကိုတော့ ပြောပြီးပြီ။ မင်းတို့ငါတို့...



# ပညာ

**'ပညာဆိုတာဘာလဲ ဆရာ'**လို့ တပည့်ကျောင်းသားငယ်လေးတစ်ယောက်က မေးလိုက်တာကြောင့် ဒီဆောင်းပါးကို ရေးဖြစ်တာပါပဲ။ ကျောင်းသားငယ်တွေဟာ ဒါမျိုးကို အလွန်မေးခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ မေးနေစရာမလိုဟော့အောင် လူတိုင်းသိနေကြတဲ့ စကားလုံးဖြစ်နေတာကြောင့်ပါပဲ။

ဒါပေမယ့် ဒီစာကို ဆက်မဖတ်ဘဲ ခဏလောက်ရပ်ပြီး 'ပညာဆိုတာဘာလဲ'လို့ စဉ်းစားကြည့်လိုက်စေချင်ပါသေးတယ်။ စိန်ခေါ်လိုက်တဲ့ သဘောပေါ့။ ငါက မင်းကို စိန်ခေါ်တာမဟုတ်ပါဘူး။ မင်းကိုယ်မင်း စိန်ခေါ်ကြည့်လိုက်စေချင်တာကြောင့် ပြောတာပါ။ 'ပညာဆိုတာဘာလဲ?' 'ပညာဆိုတာဘာလဲ?' ဖြေကြည့်လိုက်စမ်းပါ။

သိနေတယ်နော်။ ပြောဖို့ သေချာစဉ်းစားကြည့်လိုက်တော့မှ ပြောဖို့အလွန်ခက်နေကြောင်းကို တွေ့လာရပါလိမ့်မယ်။

မသိဘူးလားဆိုတော့လည်း သိတယ်။ သိသလားဆိုတော့ မသိဘူး။

**If you don't ask me, I know. If you ask me, I don't know.**

ဆိုဟာမျိုးပေါ့။ မမေးရင် သိနေတယ်။ မေးလိုက်ရင် မသိတော့ဘူး။ မသိတာလည်း မဟုတ်ပြန်ဘူး။ ယောင်ချာချာ ဖြစ်သွားပါလေရော။ တကယ်ဆိုတော့ အဲဒီလို အခြေခံကျတဲ့စကားတွေရဲ့ ဆိုလိုရင်းကို စဉ်းစားကြရတာဟာ အလွန်ကိုခက်ခဲပါတယ်။ အထူးသဖြင့် အဲဒီစကားလုံးကို ရှင်းလင်းပြောပြဖို့ (အနက်ဖွင့်ဖို့) သိပ်ကိုခက်ပါတယ်။ အဲဒီ မေးခွန်းမေးတဲ့ ကလေးနဲ့ 'ပညာ'အကြောင်း ဆွေးနွေးပြောဆိုခဲ့မိတာတွေကို ခဏလောက်ထားပြီး အခြေခံကျကျ စဉ်းစားရတာ ဘယ်လောက်ခက်တယ်ဆိုတာကို ပြောလိုက်ရပါဦးမယ်။

ဆိုကြပါစို့...'ရေ'ကို ငါတို့အားလုံး သိနေကြတာပဲ။ ဒါပေမယ့် 'ရေ' ဆိုတာဘာလဲ ပြောစမ်းပါလို့ မေးလာရင် ပြောဖို့ ရှင်းပြဖို့ သိပ်ခက်တာကို တွေ့ကြရပါလိမ့်မယ်။ လက်ညှိုးထိုးပြလိုက်ရင်တော့ ဘာခက်တာမှတ်လို့၊ ကလေးက အစပြုတတ်မှာပေါ့။ အနက်ဖွင့်ဖို့ခက်တာကို ပြောပြတာပါ။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာအဘိဓာန်'မှာ ဘယ်လိုဖွင့်သလဲ ရှာကြည့်လိုက်မိတယ်။ **'ချောင်းမြောင်း အင်းအိုင်များတွင် တွေ့ရသောအရည်'** လို့ ဖွင့်ထားတာကို တွေ့ရပါတယ်။

အဲဒါနဲ့ အင်္ဂလိပ်အဘိဓာန်မှာကော ဘယ်လိုဖွင့်သလဲဆိုတာကို သိချင်လို့ နီးရာ အဘိဓာန်တစ်ခုကိုဆွဲပြီး ရှာကြည့်လိုက်ပြန်ပါတယ်။

a colourless, transparent liquid compound of hydrogen and oxygen, having no taste or smell, which turns to steam when boiled and to ice when frozen.

(အရောင်အဆင်း အနံ့အရသာကင်း၍ အပူပေးလျှင် အငွေ့ဖြစ်လျက်၊ အေးလွန်းလျှင်ခဲသွားသော ဟိုက်ထရိုဂျင်ဓာတ်နှင့် အောက်ဆီဂျင်ဓာတ် ပေါင်းစပ်ထားသော အရည်ကြည်)ပေါ့။

အဲဒီလိုပဲ အဝါရောင်တို့ အနီရောင်တို့ ဆိုတာတွေကို မင်းတို့ ငါတို့ သိကြသားပဲ။ ဒါပေမယ့် အနီရောင်ဆိုတာ ဘာလဲပြောစမ်းပါဆိုရင် 'သွေးအရောင်မျိုးပေါ့'လို့သာ ပြောတတ်ကြတာပေါ့။ သွေးတို့ဘာတို့လို ပြင်ပပစ္စည်းမပါဘဲ ပြောစမ်းပါဆိုရင် ပြောလို့မရနိုင်လောက်အောင်ကို ခက်နေတာကို တွေ့ကြပါလိမ့်မယ်။ အဲဒီကျတော့မှ အဘိဓာန်ပြုစုကြတဲ့ ပညာရှင်တွေရဲ့ ကြိုးပမ်းမှု၊ ဦးနှောက် ခါးတောင်းကျိုက်မှုကို အလွန်လေးစားမိလာပါတယ်။ မင်းတို့တော့ ဖြင့်မသိဘူး၊ ငါကတော့ တစ်ခါတစ်ရံ ပျင်းပျင်းရှိရင် အဘိဓာန်တွေမှာ အဲဒီလို အခြေခံကျတဲ့ စကားလုံးတွေကို ဘယ်လိုအနက်ဖွင့်သလဲဆိုတာ သိချင်တာနဲ့ မကြာခဏ ရှာရှာကြည့်မိပါတယ်။ အလွန်ကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ အရှေ့–အနောက်–တောင်–မြောက် ဆိုတာမျိုးတွေပေါ့။ အဲဒါတွေကို ရှာကြည့်တော့ ဘယ်လို အကျိုးကျေးဇူးရသလဲလို့ မေးစရာရှိပါတယ်။ ခြေခြေမြစ်မြစ် စဉ်းစားပုံ စဉ်းစားနည်းကို ရတယ်လို့ ပြောလိုက်ချင်ပါတယ်။ မယုံရင် မင်းတို့ ကိုယ်တိုင် အဲဒီလို လူတိုင်းသိနေတဲ့ အခြေခံစကားလုံးကလေး သုံးလေးလုံးလောက်ကို စိတ်ထဲက အနက်ဖွင့်ကြည့်ပါ။ မင်းရဲ့အနက်ဖွင့်ချက်နဲ့ ပညာရှင်ကြီးတွေ အဘိဓာန်မှာ ဘယ်လို ဖွင့်သလဲဆိုတာကို ပြန်ပြီး ယှဉ်ကြည့်ပေါ့။ (ဒီဆောင်းပါးနဲ့ မသက်ဆိုင်လှဘူးလို့ ထင်ရသော်လည်း အလွန်ကို သက်ဆိုင်နေတဲ့ အကျိုးကျေးဇူးတစ်ခုကို ပြောပြလိုက်ချင်ပါတယ်။ ငါဟာ စာပေဝေဖန်ရေးဆောင်းပါးတွေ၊ စာပေပြဿနာ ဆောင်းပါးတွေကို ရေးပြီဆိုရင် အရေးကြီးတဲ့ ဝေါဟာရတစ်ခုကို သုံးတဲ့အခါမှာ စိတ်ထဲမှာ ကျေနပ်လောက်အောင် အနက်ဖွင့်နိုင်မှသုံးပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က အမှားကြီးတွေကို မကျူးလွန်ခဲ့ဘူး။





အခုလည်း ဒီဆောင်းပါးကို ရေးတော့မယ်ကြံတော့ 'ပညာ'ဆိုတာကို အဘိဓာန်တွေမှာ ဘယ်လို အနက်ဖွင့်သလဲဆိုတာ သိချင်လို့ ရှာကြည့်ပါသေးတယ်။ မြန်မာအဘိဓာန်မှာ **'၁–ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်၊ ၂–အတတ်'** လို့ ဖွင့်ထားတာကို တွေ့ရပါတယ်။

ဆရာကြီး ဦးဟုတ်စိန်ရဲ့ ပါဠိအဘိဓာန်မှာတော့–

**'ပညာ–အသိအမြင်ရှိသည်။ ပညာ–အပြားအားဖြင့်သိခြင်း'**လို့ ဖွင့်ဆိုထားပါတယ်။

ဆရာကြီးဒဂုန်ဦးထွန်းမြင့်ရဲ့ 'ပါဠိသက် ဝေါဟာရအဘိဓာန်'မှာ ရှာကြည့်လိုက်တော့–

**'အသိဉာဏ်၊ အပြားအားဖြင့် သိတတ်သောဉာဏ်၊ ဆည်းပူးယူရသော အသိဉာဏ်၊ ယင်းအသိဉာဏ်ကို ရရာရကြောင်း ရှာဖွေဆည်းပူးအပ်သောအတတ်'**

ဒါနဲ့ အင်္ဂလိပ် အဘိဓာန်တွေမှာ ရှာကြည့်မိပြန်ပါတယ်။ ဒီနေရာမှာ သတိထားလိုက်မိတာက ငါတို့ မြန်မာစကား'ပညာ'ဆိုတာဟာ အင်္ဂလိပ်လိုမှာ (education) ဆိုတဲ့စကားနဲ့ မဆီလျော်လှဘူး။ (wisdom) ဆိုတာနဲ့ ပိုပြီး ဆီလျော်တယ်လို့ တွေးမိပါတယ်။ ဒါကြောင့် (wisdom)ကိုပဲ ရှာကြည့်လိုက်ပါတယ်။

The Oxford Encyclopedic English Dictionary Smz Gifhq-dkwmu experience and knowledge together with the power of applying them critically or pratically. 'အတွေ့အကြုံ အသိရှိလျက် ဆင်ခြင်ပိုင်းခြားတတ်ခြင်း၊ လုပ်ဆောင်တတ်ခြင်း'ပေါ့။

အဲဒါတွေကတော့ အဘိဓာန်များမှာ ပညာရှင်များက ဖွင့်ဆိုထားကြတဲ့ အနက်အဓိပ္ပာယ်တွေပါပဲ။

ကျောင်းသားကလေးနဲ့ ဆွေးနွေးခဲ့မိတာလေးတွေကို နောက်တစ်ပတ်မှာ ဆက်ပြီးရေးပါ့မယ်။ မင်းတို့ကိုယ်တိုင်ကလည်း 'ပညာဆိုတာဘာလဲ'ဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ တတ်နိုင်သမျှ စဉ်းစားထားကြည့်စေချင်ပါတယ်။ နောက်တစ်ပတ် ရေးလိုက်တာကို ဖတ်ပြီးတော့လည်း ဆက်ပြီး စဉ်းစားကြပြန်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ပညာ (၂)

အရင်တစ်ပတ်က 'ပညာ'ဆိုတဲ့ ဝေါဟာရနဲ့ပတ်သက်လို့ ပညာရှင်ကြီးတွေ အနက်ဖွင့်ကြပုံ အမျိုးမျိုးကို မြန်မာ၊ ပါဠိ၊ အင်္ဂလိပ် အဘိဓာန်တွေက ထုတ်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ဖြင့် ဒီမေးခွန်းကိုမေးတဲ့ ကျောင်းသားလေးကို ရှင်းပြခဲ့တာတွေကို အကျဉ်းချုပ်ပြီး တင်ပြလိုက်ပါတယ်။

ဒီစဉ်းစားပုံကို ပထမဆုံးပွင့်သွားစေခဲ့တာကတော့ မင်းတို့ ဒသမတန်း စကားပြေကောက်နုတ်ချက်ထဲက သိဃ်သူ့သမီးကျောက်စာထဲက ဆုတောင်းကလေးပါပဲ။ (ဒီအကြောင်းကို အရင်ကလည်း ရေးခဲ့ဖူးပါသေးတယ်) အဲဒီ ဆုတောင်းမှာ မင်းတို့ သတိထားမိကြပါလိမ့်မယ်။ "ငါလည်း ပညာမရှိသော၊ မိုက်သော မဖြစ်မူ၍၊ ပညာရှိသော၊ **အကြောင်းကိုသိသော**"ဆိုတဲ့ စကားလေးပါပဲ။ အမှန်ပြောရရင် ဒီကျောက်စာကို ဝိဇ္ဇာတန်း ကျောင်းသားကြီးအဖြစ်နဲ့လည်း သင်ယူခဲ့ဖူးပါတယ်။ ဆရာတစ်ယောက်အဖြစ်နဲ့လည်း ပို့ချပေးခဲ့ဖူးပါတယ်။ သို့ပေမယ့် အခု ဆယ်တန်းကျောင်းသားလေးတွေကို သင်ပေးနေတော့မှ သေသေချာချာ သတိထားပြီး စဉ်းစားကြည့်မိတော့တာပါ။

ဒီတော့ သိဃ်သူ့သမီးဆိုလိုရင်းကို စဉ်းစားကြည့်လိုက်ရင်–

ပညာမရှိသော=မိုက်သော

ပညာရှိသော=အကြောင်းကိုသိသောလို့ တွေးနိုင်ပါတယ်။

'မိုက်'တယ်ဆိုတာ မှောင်တာပဲပေါ့။ အလင်းကိုမရတာပေါ့။ မမြင်နိုင်တာပေါ့။

'အကြောင်းကိုသိသော'ဆိုတာကို အမှတ်မထင်ပါပဲ။ ထူးခြားတဲ့ စကားသုံးပေပဲ ဆိုတာမျိုးလောက်အဖြစ်သာ သတိပြုခဲ့မိပါတယ်။ မြတ်စွာဘုရားဟောတဲ့ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' (အကြင်တရားဟူသမျှကား အကြောင်းအားဖြင့် ဖြစ်သည်ချည်းတည်း)၊ ဘယ်အရာမှာမဆို ဖြစ်လာစေတဲ့ အကြောင်းရင်းရှိတယ်ဆိုတာကိုလည်း သိခဲ့မှတ်ခဲ့ဖူးတာပါပဲ။ ဒါပေမယ့် ပညာနဲ့စပ်ပြီး မတွေးခဲ့မိဘူး။ သိဃ်သူ့သမီး ကျောက်စာကို သတိထားမိလိုက်တော့မှ ပညာ





ဆိုတာ အကြောင်းကို သိခြင်းပါလားလို့ တရစပ်တွေးတော့ ဆင်ခြင်မိလာပါတယ်။

ဒီနေရာမှာ ဒသနသဘောတွေ ဝင်လာတော့မှာမို့ နည်းနည်းလေး အားထုတ်ပြီး စဉ်းစားစေချင်ပါတယ်။

ဘယ်နေရာမှာမဆို အကြောင်းအကျိုး ဆက်စပ်မှုရှိနေတာ အမှန်ပါပဲ။ ဒါပေမယ့် အကြောင်းနဲ့အကျိုးဟာ 'တန်းလန်းကြီး' စပ်နေတာမျိုးမဟုတ်ဘူး။ ဆိုပါစို့...သံပုံးကို တုတ်နဲ့ခေါက်လိုက်တယ်။ ဒေါင်ခနဲ မြည်သွားတယ်။ ဆက်ပြီး ခေါက်တယ်၊ ဆက်မြည်တယ်၊ မခေါက်ဘဲ ရပ်ထားလိုက်တယ်။ မမြည်တော့ဘူး။ ဒါကြောင့် တုတ်နဲ့ခေါက်ခြင်းသည် 'အကြောင်း'၊ သံပုံးမြည်ခြင်းသည် 'အကျိုး'လို့ သိသာနိုင်တာပေါ့။ ဒါမျိုးမှာ 'အကြောင်း'နဲ့ 'အကျိုး'ဟာ တန်းလန်းကြီး ဆက်ထားသလို ဖြစ်နေပေမယ့် သူတို့ဟာ သီးခြားစီဖြစ်နေတဲ့ ဖြစ်ရပ်နှစ်ခုသာလျှင် ဖြစ်တယ်။ ဆိုလိုတာက 'ခေါက်တာ'နဲ့ 'မြည်တာ'ဟာ သီးခြားဖြစ်ရပ်တွေပဲ။ အဲဒါကို ငါတို့က ခေါက်ရင်မြည်တယ်၊ မခေါက်ရင် မမြည်ဘူး။ ဒါကြောင့် ခေါက်တာသည်အကြောင်း၊ မြည်တာသည်အကျိုးလို့ အကြောင်းအကျိုး စပ်ယူလိုက်တာ။

ကောင်းပြီ။ နေရာတိုင်းမှာ ဒီလို လွယ်လွယ်ကူကူရှာလို့ ရသလား။ ရမယ်သာဆိုရင် 'ကင်ဆာ'ရောဂါရဲ့ အကြောင်းရင်းကို ဒီလောက်ကြီး အပင်ပန်းခံပြီး သုတေသနလုပ်နေစရာ ဘယ်မှာလိုပါတော့မလဲ။ ငှက်ဖျားရောဂါဟာ ဖက်စွတ်ရေသောက်လို့ ဖြစ်တယ်၊ စမ်းရေသောက်လို့ ဖြစ်တယ်၊ နတ်ကိုင်လို့ ဖြစ်တယ် စတဲ့ လွဲမှားမှုမျိုးတွေ ဘယ်မှာ ပေါ်လာခဲ့ပါ့မလဲ။ နောက်ဆုံးမှ ငှက်ဖျားရောဂါပိုးသယ်ဆောင်တဲ့ ခြင်ကိုက်လို့ ဖြစ်ရတယ်ဆိုတာကို သိလာကြရတယ်မဟုတ်လား။

မင်းတို့ ငါတို့ ပညာသင်ယူနေတယ်ဆိုတာကို သေချာစဉ်းစားကြည့်လိုက်ရင် (အထူးသဖြင့် သိပ္ပံဘာသာရပ်တွေမှာ) အကြောင်းတရားတွေကို ရှာနေတာချည်းပဲမဟုတ်လား။ နေဟာ ထွက်စမှာ ဘာကြောင့် နီနီကြီးဖြစ်နေသလဲ၊ ဘာကြောင့် နေလုံးကြီးက ပိုပြီးကြီးနေသလဲ၊ မိုးရွာတာ ဘာကြောင့်လဲ၊ မိုးနတ်သားက ပေးတာလား၊ လျှပ်လက်တာ ဘာကြောင့်လဲ၊ မိုးကြိုးပစ်တာ ဘာကြောင့်လဲ၊ ဒီမေးခွန်းတွေအားလုံးဟာ အကြောင်းရင်းကို ရှာနေတာတွေ မဟုတ်ပေဘူးလား။ သိပ္ပံဆိုတာ ဒီမေးခွန်းတွေကိုဖြေဖို့ ကြိုးစားနေတာ မဟုတ်ပေဘူးလား။ ရူပဗေဒ၊ ဓာတုဗေဒဆိုတဲ့ ဘာသာရပ်တွေနဲ့ သင်ခန်းစာပြဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေကို သေချာကြည့်လိုက်ရင် 'အကြောင်း'ကိုသိအောင်၊ ရှာတတ်အောင် သင်ပေးနေတာပဲမဟုတ်လား။ စာမေးပွဲ မေးခွန်းတွေကို ကြည့်လိုက်ရင်လည်း အကြောင်းတရားကို ပေးထားပြီး အကျိုးတရားကို အရှာခိုင်းတာ၊ အကျိုးတရားကိုပေးထားပြီး အကြောင်းတရားကို အရှာခိုင်းတာတွေပဲမဟုတ်လား။

သိပ္ပံဘာသာရပ်တွေကို သာဓက တင်လိုက်ရတာက ထင်ရှားမြင်သာတာကြောင့် ပြောလိုက်ရတာပါ။ ဝိဇ္ဇာပညာရပ်တွေမှာလည်း ဒီလိုပါပဲ။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပေါ်စေခဲ့သော အနီးအကြောင်းရင်း၊ အဝေးအကြောင်းရင်းများကို သုံးသပ်တင်ပြပါ။ ပြင်သစ်တော်လှန်ရေးကြီး အဘယ်ကြောင့် ပေါ်ပေါက်ခဲ့ရသနည်း ဆိုတာမျိုးတွေဟာ 'အကြောင်း'ကို ရှာစေတဲ့ မေးခွန်းတွေပဲ မဟုတ်လား။

တကယ့်ကို ဝိဇ္ဇာဘာသာရပ် သက်သက်ပါလို့ ပြောနိုင်တဲ့ ရသစာပေလို ဘာသာရပ်မှာတောင် "မင်းတုန်းမင်းလက်ထက်တွင် ဦးပုညသည် ဝိဇယ ပြဇာတ်ကို မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးခဲ့သည်ဟု သင်ယူဆသနည်း၊ ကျိုးကြောင်းနိုင်လုံစွာ တင်ပြပါ"ဆိုတာမျိုးတွေကို မေးတာပါပဲ။

ဒီတော့ 'ပညာ'ဆိုတာ အကြောင်းကိုသိခြင်းဖြစ်တယ်လို့ ယူဆလိုက်ချင်ပါတယ်။

ဒါဖြင့် တိရစ္ဆာန်တွေကော 'အကြောင်း'ကို မသိဘူးလားဆိုတဲ့မေးခွန်း ပေါ်လာပြန်ပါတယ်။

မင်းတို့လည်း ဆက်ပြီး စဉ်းစားကြပါဦး။



## ပညာ (၃)

'ပညာ'ဆိုတာ 'အကြောင်းကို သိခြင်း' ဆိုတဲ့သဘောကို ပြောခဲ့ပြီးပါပြီ။ နောက်ပြီး 'အကြောင်းတရား'နဲ့ 'အကျိုးတရား'ဟာ ဆက်စပ်နေတာမှန်သော်လည်း ထင်ရှားမြင်သာ ဖြစ်နေအောင် တန်းလန်းကြီး ဖြစ်နေတာမဟုတ်ဘူး။ သံပုံးကို တုတ်နဲ့ခေါက်လိုက်တဲ့အခါမှာ ဒေါင်ခနဲမြည်သံ ထွက်လာတာမျိုးလို အခါခပ်သိမ်း ထင်ရှားသိသာတာမျိုး မဟုတ်ဘူးဆိုတာကိုလည်း ပြောခဲ့ပါပြီ။ ဒါပေမယ့် ဘယ်အရာမဆို အကြောင်းတရားကင်းပြီး မတည်နိုင်ဘူးဆိုတာကိုတော့ ငါတို့အားလုံး လက်ခံထားကြရပါပြီ။

ဒါဖြင့် 'အကြောင်းတရားကိုသိတော့ ဘာအကျိုးရှိသလဲ'လို့ မေးစရာဖြစ်လာပြန်ပါတယ်။

သေချာစဉ်းစားရမယ့် မေးခွန်းပါပဲ။ 'အကြောင်းတရားကို သိတော့ အကျိုးတရားဖြစ်လာအောင် ဖန်တီးနိုင်စွမ်းရှိတာပေါ့'လို့ ပြန်ဖြေရမှာပါပဲ။ ကမ္ဘာဦးလူတွေဟာ မီးကိုကြောက်ကြတယ်။ နောက်တော့ အားကိုးကြတယ်။ မီးကို လိုချင်ကြတယ်။ ဒီလိုနဲ့ လေပြင်းတွေ ဘာတွေကြောင့် သစ်ကိုင်းချင်း ပြင်းပြင်းထန်ထန်ပွတ်မိပြီး မီးထွက်လာတာကို မတော်တဆ တွေ့မိလိုက်တယ်။ မီးထွက်လာခြင်းရဲ့ အကြောင်းတရားကို တွေ့သွားလိုက်ကြပြီ။ ဒီတော့ သစ်ကိုင်းခြောက်ချင်း ပြင်းပြင်းထန်ထန် ပွတ်ကြည့်လိုက်တာပေါ့။ မီးထွက်လာတာပေါ့။ ဆိုလိုတာက လူက အကြောင်းတရားကို ဖန်တီးလိုက်တယ်။ ဘာကြောင့်လဲ ဆိုတော့ 'အကျိုးတရားကို ခံစားချင်လို့'ပေါ့။ ဟောဒီနေရာမှာ အများသူငါ နေ့စဉ်သုံးနေတဲ့ စကားတစ်ခွန်းပေါ်လာပြီ။ "မင်းလုပ်နေတာ ဘာအကျိုးရှိလို့လဲ"ဆိုတဲ့ စကားမျိုးပေါ့။ တစ်ခုခုကို လုပ်တယ်ဆိုတာ အကြောင်းတရားကို ဖန်တီးနေတာ။ ဘာကြောင့်ဖန်တီးသလဲ။ အကျိုးတရားတစ်ခုခုကို ရချင်လို့ပေါ့။ ဒီတော့ စူးစမ်းတယ်၊ လေ့လာတယ်၊ သုတေသနပြုတယ် ဆိုတာတွေဟာ အကြောင်းတရားတွေကို ရှာနေတာပဲလို့ ပြောလိုက်ချင်ပါတယ်။

ဒီမျိုးစေ့ကို ဒီနေရာမှာ စိုက်တော့ ပေါက်တယ်။ ဟိုနေရာမှာ စိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မပေါက်ဘူး။ ဘာကြောင့်လဲ။ အဲဒီဘာကြောင့်လဲဆိုတဲ့ မေးခွန်းဟာ အကြောင်းကိုရှာတာပဲ မဟုတ်လား။ အဲဒီမှာ ခြားနားချက်ကို သွားတွေ့မယ်။ ဒီနေရာမှာ ရေအစိုဓာတ်ရှိတယ်၊ ဟိုနေရာမှာ ရေအစိုဓာတ်မရှိဘူး။ ဒါဖြင့် ရေအစိုဓာတ်ဟာ အကြောင်းပဲ။ ဒီတော့ ဟိုနေရာကို ရေအစိုဓာတ်ပေးပြီး စိုက်ကြည့်တယ်။ ပေါက်တယ်။ ဟုတ်ပြီ။ အကြောင်းကိုတွေ့ပြီ။ ဒါနဲ့ မပေါက်သေးဘူးဆိုရင် ရေအစိုဓာတ်ဟာ အကြောင်းရင်းမဟုတ်သေးဘူး။ တခြားအကြောင်းတစ်ခုခု ရှိနိုင်သေးတယ်။ ဆက်ပြီးရှာပေတော့။ အဲဒါဟာ သုတေသနလုပ်တာပဲ မဟုတ်လား။ ဒီလိုရှာဖွေလို့ အကြောင်းတရား သို့မဟုတ် အကြောင်းတရားတွေကို တွေ့လိုက်တော့ အကျိုးတရားကို ဖန်တီးခံစားနိုင်တာပေါ့။

လူတွေဟာ **ကိုယ်လိုချင်တာကိုရအောင်** လုပ်ကြသလို **ကိုယ်မလိုချင်တာတွေကိုလည်း မရအောင်** လုပ်ကြရသေးတာကိုး။ ပင်လယ်ရေငန် မဝင်မီက စပါးပင်တွေ သန်နေပါလျက် ရေငန်ဝင်လိုက်တော့မှ စပါးပင်တွေ သေကုန်တယ်။ ဒီတော့ ရေငန်ဝင်ခြင်းဟာ အကြောင်း၊ စပါးပင်တွေ သေကုန်ခြင်းဟာ အကျိုး။ ဒီတော့ အကြောင်းတရားကို တားဆီးပစ်လိုက်တယ်။ ရေငန်မဝင်အောင် လုပ်လိုက်တယ်။ အကြောင်းတရားကို တားဆီးလိုက်တော့ အကျိုးတရား ဖြစ်မလာတော့ဘူး။ သွေးလွန်တုပ်ကွေးမဖြစ်အောင် ခြင်အန္တရာယ်ကာကွယ်တာဟာ အကျိုးတရားကို မလိုချင်လို့ အကြောင်းတရားကို တားဆီးလိုက်တာပဲပေါ့။

ဒီလို သာမန်ကိစ္စတွေမှာ မြင်သာထင်သာသော်လည်း 'ကင်ဆာရောဂါ' ဖြစ်ရတဲ့ အကြောင်းရင်းအမှန်ကို ခုထက်တိုင် ပိုင်ပိုင်နိုင်နိုင် မသိကြရသေးဘူး။ ပညာရှင်တွေဟာ အကြောင်းတရားကို ပင်ပင်ပန်းပန်း ရှာနေကြဆဲပါပဲ။ တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် အကြောင်းတရားကို တားဆီးကြတော့မှာပဲ။ လူသားတွေကို ခြိမ်းခြောက်နေတဲ့ ဒီရောဂါလည်း ဝပ်ဆင်းသွားမှာပါပဲ။ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကျောက်ရောဂါဆိုတဲ့ ကပ်ရောဂါကြီးတွေကို လူသားတွေက ဒီလိုပဲ အကြောင်းတရားကိုသတ်ပြီး အကျိုးတရားကို ရှောင်နိုင်ခဲ့ကြတယ်။

ဒါမျိုးတွေထက် အဆမတန် ခက်ခဲနက်နဲပြီး သိမ်မွေ့တဲ့ အကြောင်းတရား ရှာဖွေမှုတွေလည်း ရှိနေသေးတာပဲ။ မင်းတို့ငါတို့ သိနေကြတဲ့ ဖြစ်ရပ်ကိုပဲ တင်ပြလိုက်ရပါဦးမယ်။ သိဒ္ဓတ္ထမင်းသားဟာ တောထွက်သွားတယ်။ ဘာကြောင့်လဲ...အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာတွေကို ကြောက်လို့။ ဒါတွေ ဘာကြောင့်ဖြစ်လာရသလဲဆိုတာကို ရှာချင်ဖွေချင်လို့။ တစ်နည်းအားဖြင့်ဆိုရင်





ဒါတွေရဲ့ 'အကြောင်းတရား'တွေကို ရှာချင်လို့ပဲပေါ့။

နောက်ဆုံးမှာတော့ တွေ့သွားတယ်။ တွေ့တော့ ဘာပြောသလဲ "သံသရာတွင် ငါ၏ခန္ဓာကို တရစပ်ဆောက်လုပ်ခဲ့သော တဏှာယောက်ျားလက်သမား၊ သင့်ကိုငါတွေ့ပြီ။ ငါ့အတွက် ခန္ဓာအသစ်ကို သင်ဆောက်ခွင့်မရှိတော့ပြီ"လို့ ဥဒါန်းကျူးတော်မူခဲ့တယ်။ ဒီဥဒါန်းစကားကို သေချာစဉ်းစားကြည့်လိုက်မယ်ဆိုရင် သံသရာ ဘဝအစဉ်သည် အကျိုးတရား၊ တဏှာသည် အကြောင်းတရား ဖြစ်မနေပေဘူးလား။ အဲဒီ တဏှာကို တားမြစ်လိုက်နိုင်ပြီလို့ ဥဒါန်းကျူးလိုက်ခြင်းပဲ မဟုတ်လား။ အကြောင်းနဲ့အကျိုးကို ပိုင်ပိုင်နိုင်နိုင် သိသွားလို့ အကျိုးတရားကို မလိုချင်တော့ကာကြောင့် အကြောင်းကို တားမြစ်လိုက်ခြင်းပဲပေါ့။

ဒီတော့ ပညာဆိုတာ 'အကြောင်းကိုသိခြင်း၊ နောက်တစ်ဆင့် အကြောင်းကို ဖန်တီးနိုင်ခြင်း၊ တားမြစ်နိုင်ခြင်းလို့ မဆိုသင့်ပေဘူးလား။ ငါ့အဆို သင့်မသင့် မင်းတို့လည်း စဉ်းစားကြည့်ကြပါ။ ဆက်ချင်သေးတယ်။

**အောင်သင်း**



www.burmeseclassic.com